# ဆရာဖြစ်အဘိသိက်မင်္ဂလာသချင်း

# ထုတ်ဝေသူအမှာ

အလင်္ကာကျော်စွာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ အတွင်းနေတပည့်ကြီး ဆရာဣန္ဒာဝဇီရ၏ ဆရာဖြစ်ဘိသိက်မင်္ဂလာကျမ်းများမှာ ရှေးက-ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ ဟု သုံးတွဲခွဲ၍ ထုတ်ဝေခဲ့ရာ များစွာပင် နှစ်ချိုက် အသုံးများကြသဖြင့် တွင်ကျယ်စွာ ရောင်းခဲ့ရပေသည်။

နှစ်အတန်ကြာ ယခုအခါ၌ သုံးတွဲစလုံးပင် ရှာဖွေဝယ်ယူမရသဖြင့်၊ ဆရာဣန္ဒာဝဇီရထံ၌ရှိ မူသုံးမူကိုယူ၍ တပေါင်းတည်း ပြုကာ သုံးအုပ်တွဲအဖြစ် ပေါင်း၍အကြိမ် ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိရပါသည်။

လောကီမင်္ဂလာများအနက် အရေးကြီးသော အောင်ပွဲတပ် မင်္ဂလာ၊ ရှင်ပြုနားထွင်းမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာများကို ယဉ်ကျေးမှု ဥပဒေသနှင့် ကိုက်ညီပြည့်စုံစေရန် ဤဘိသိက်မင်္ဂလာ သုံးအုပ်တွဲကို လက်စွဲပြု၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ထုတ်ဝေသူများ

# ပထမအကြိမ်ပုံနှိပ်ခြင်း


စာမူကိုးတင်ခွင့်ပြုချက်အမှတ် (၅၀၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၁၂၇၁)

အုပ်ရေ — ၂၅၀၀

ပန်းချီဒီဇိုင်း — ထိပ်တင်စော

ဘလောက် — တိုင်းချစ်

မျက်နှာဖုံးရိုက် — ချင်းတွင်းတိုက်

စာအုပ်ချုပ် — ကိုတင်အေး
— အမှတ်-၂၀၆၊
— ၃၁-လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ — ဒေါ်ခင်ခင် မြ ၀၄၃၀၊
— ပညာအလင်းပြ စာပေ၊
— ဗိုလ် ချုပ် လမ်း နှင့်
— ရန်ကုန် ပြည်လမ်းဒေါင့်
— နတ်တလင်းမြို့။

ပုံနှိပ်သူ — မောင်သိန်းတန်၊ မြ
— ၀၀၁၉၊ သီဟရတနာပုံ
— နှိပ်တိုက်၊ ၁၄၄-အနော်
— ရထာလမ်း၊ ရန်ကုန်မြို့။

ကြီးကြပ်မှူးမံသူ-ရာမဦးအုန်းမောင်
[illegible]
၁၉၇၈၊ စက်တင်ဘာလ

ကျေးဇူးရှင်
သခင်ကိုယ်တော်မှိုင်းကြီး၏ နိဿယည်းခံတပည့်ရင်း
ဆရာဣန္ဒာဝဇီရဗုဒ္ဓမည်
သာယာဝတီ သခင်အောင်ချိန် ရေးသားအပ်သော

# ဆရာဖြစ်သင့်

# ဘိသိက်မင်္ဂလာ

# ကျမ်း

ပ–ဒု တ သုံးအုပ်တွဲ

ပဌမတွဲ–ထိမ်းမြားမင်္ဂလာ ချီးမြှင့်နည်း
ဒုတိယတွဲ–ကင်ပွန်းတင်မင်္ဂလာ ချီးမြှင့်နည်း
တတိယတွဲ–ရှင်ပြုနားထွင်းမင်္ဂလာ ချီးမြှင့်နည်း


1978

၁၃၀–ဗိုလ်ချုပ်အောင်ဆန်းလမ်း ရန်ကုန်မြို့။

# ကျေး ဇူး ရှင်
# သ ခင် ကိုယ် တော် မှိုင်း ကြီး ၏
# ဥယျောဇဉ်–မိန့်ခွန်း

ဆရာစာရေးလိုက်ပေသည်၊ဇာန္ဒာဝဇီရဘွဲ့ခံကာပည့်သခင်အောင်ချိန်-အကြောင်းမှာ။ ။တပည့်ရေးသားသည့် ''ဆဌသင်္ဂါယနာတင် အလက်ာသမိုင်းကျမ်း'' နှင့် **''ဆရာဖြစ်သင်ဘိသိက်မင်္ဂလာကျမ်း''** ကို ဆရာကိုယ်တိုင် ဘတ်ရှုခဲ့ရာ လွန်စွာနှစ်သက်အားရ ဝမ်းမြောက်ခြင်းဖြစ်ရလျက် များစွာပင် သာဓုအနုမောဒနာ ခေါ်မိကြောင်း။

ဗုဒ္ဓဘာသာ မြန်မာပြည်၏ ထုံးတမ်း ထီးနန်းစဉ်လာ မင်္ဂလာတို့တွင် ကောလာဟလ ၄ါးပါး၊ မင်္ဂလာ ၃၈-ပါး၊ မင်္ဂလာ ၈-ပါး၊ လောကီမင်္ဂလာ ၁၂-ပါး၊ ၂အဘိသိက် ၁၂-ပါး၊ ကောတုဟာလ မင်္ဂလာ ၁၀-ပါး၊ ထိမ်းမြားခြင်း ၁၀-ပါး တို့ကို အခြေခံမူထား၍ ဆရာသင်ပြလိုက်သည့် ပညာရပ်များမျှမက ကောင်းနိုးရာရာ မှတ်သားဘွယ် အခက်အခဲတို့ကို ပြည့်စုံလုံလောက်စွာ ရေးသားပါရှိသည်ကို ဘတ်ရှုရပေသည်၊ ပဌမတွဲ-ထိမ်းမြားမင်္ဂလာ ချီးမြှင့်နည်း၊ ဒုတိယတွဲ-ကင်ပွန်းတပ်မင်္ဂလာ ချီးမြှင့်နည်း၊ တတိယတွဲ-သားရှင်ပြု သမီးနားထွင်းမင်္ဂလာ ချီးမြှင့်နည်းပေါင်း၍ သုံးအုပ်သုံးကျမ်း ပြုစုရေးသားထားပေသည်ဖြစ်ရာ ဆရာ၏ဂိုဏ်းခွင် ဘိသိက်ဆရာတဆူ ဟူဟူစလောက် အထက်တန်းသို့ရောက်လိုကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် ဆရာ၏တပည့် ''ဇာန္ဒာဝဇီရ'' စီရင်ပြုစုသော ဤဆရာဖြစ်သင် ဘိသိက်မင်္ဂလာသုံးကျမ်းကို ကြိုးပမ်းတကုတ် အားထုတ်၍ သင်ယူကြရန် ဆရာက ဥယျောဇဉ်စကားဖြင့် အထူးတိုက်တွန်းလိုက်ကြောင်း။



၂၀-၃-၅၇

# နိဒါန်း

ဂရာဝါသ သမ္မာဓနှင့် ကိစ္စများမြောင် လူတို့ဘောင်ဝယ် အိမ်ထောင်ညွတ်ကွင်း မွေးမြေစုံဆင်း၍၊ ဝဋ္ဋ်နှင့်မကင်းနိုင်ကြသည့် ပုထုဇဉ်အပေါင်းတို့သည် ဤလူ့ပြည့်လောကကြီးနှင့် မကင်းနိုင်ကြရကား ယခု လူတို့ သိအပ် တတ်အပ် လိုက်နာအပ်ကုန်သော ပြုအပ်ပဏ္ဏ်ခွင့် ယှဉ်သင့်ရှောင်သင့်သည့် ဒွိဟသွယ်သွယ် အခက်အခက်တို့နှင့်တကွ ဂယဒဝိနယ တည်းဟူသော (၃၈)ဖြာ မင်္ဂလာတရားတော်နှင့်အညီ၊ လောကမင်္ဂလာ အဖြာဖြာတို့တွင်၊ (၁) ထိမ်းမြားမင်္ဂလာ (၂) ကင်ပွန်းတပ်မင်္ဂလာ (၃) ရှင်ပြုနားသ မင်္ဂလာဟူသော မင်္ဂလာပွဲကြီးများတွင် ဆရာတဆူပြုလုပ်နိုင်ကြစေရန်—

စေတနာထား၍ သင်ကြားရေးသားခဲ့ပေရာ၊ အတတ်လည်းသင် ပဲ့ပြင်ဆုမ္မ သိပ္ပမချန် နေးရန်ဆီးတား သင့်ရာအဘို့ ဆရာတို့ မချို့ဝတ်ငါးဖြာ ဟူသည်နှင့်အညီ အတည်တည်သော အတတ်ပညာတို့သည် ဆရာနှင့် ထပ်တူတတ်မြောက်ကြပါစေသတည်းဟူသော ကောင်းမြတ်သော မနောပဏိတိ စိတ်အကြံဖြင့် အမိဋ္ဌာန်ပြုပြီးခါ၊ ဤမည်သော ဆရာဖြစ်သင့် ဘိသိက်မင်္ဂလာကျမ်းကြီး သုံးကျမ်းကို ငြိမ်းထီးတဆူ ကမ္ဘာတလျှောက်တွင် ဆရာမြောက်အောင် သင်ကြားရေးသားလိုက်ပါသည်။

# နိဒါန်း

ဤကျမ်းကြီး အဓိကအရေးဆုံးသော အခဏ်းကြီးမှာ (၁) ဆရာဖြစ်သူ့င်ညွှန်ကြားချက်သင်တန်းပြုအခဏ်း၊ (၂) ဆရာဖြစ်သင့် အခြေခံပညာခဏ်း (၃) ဗိသုကာဆရာနှင့် ဗဟုရိယာဆရာ တို့လိုက်နာရန် စည်းကမ်းများအခဏ်း (၄) ကောလာဟလငါး ပါးအကြောင်း (၅) ၃၈-ဖြာမင်္ဂလာ၁ တရားတော်အညွှန်း(၆) အလောင်းတော် မဟာရက္ခိတ ရှင်ရဟသ ဟောကြားတော်မူသော မင်္ဂလာရှစ်ဖြာ အကျဉ်းနှင့်အကျယ်(၇)လောကီမင်္ဂလာ ၁၂ပါး အကြောင်း အကျယ်(၈)ဗိသုကာ ၁၂-ပါးအကြောင်း အကျယ် (၉)ကောတုဟလမင်္ဂလာ ၁၁-ပါးအကြောင်း အကျယ် (၁၀) ထိမ်းမြားမင်္ဂလာ အခမ်းအနား ၁၀-ပါးအကြောင်း အကျယ် (၁၁) ကင်ပွန်းတပ်မင်္ဂလာ အခမ်းအနား ၈-ပါး အကြောင်း အကျယ် (၁၂) ရှင်ပြုနားတွင်းမင်္ဂလာ ၆-ပါး အကြောင်း အကျယ် (၁၃) မင်္ဂလာအခမ်းအနားပွဲအတွင်း ဗိသိုက်ဆရာတို့ ရွတ်ဆိုချီးမြှင့်ရန် ဉာဏ်အကျယ် (၁၄) သြဘာစာရွေးနည်း ဘတ်နည်းသင်္ခဏ်းစာ စသည်ဖြင့် ဤနိဒါန်းတွင် အခဏ်းကြီးများ ကိုသာ ဆုတ်ဖော်ပြဆိုခဲ့ရေ၊ အသေးစိတ်ကိုးကားလျက် ကျမ်း၏ ဟာရိတတွင် အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်ကြပြီးဖြစ်ရာ ပညာ ကို လိုလားအမျိုးသားတို့သည် ကြိုးစားသင်ယူကြ၍ ပညာရှိ တယောက် တည်ခေါ်လောက်ခြင်းသို့ရောက်ကြစေကုန်သတည်း။

ဆရာဣန္ဒာဝဇီရ

(သခင်အောင်ချိန်)

# မာတိကာ

## ပဌမတွဲ

(ထိမ်းမြား မင်္ဂလာ ချီးမြှင့်နည်း)

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ထုတ်ဝေသူအမှာ | |
| ၂။ | နိဒါန်း | |
| ၃။ | သခင်ကိုယ်တော်မှိုင်းကြီး၏ဥယျောဇဉ် | |
| ၄။ | ကျမ်းဆရာ၏ ကျမ်းဦးပဏာမ | ၃ |
| ၅။ | ရှေးဆရာမြတ်တို့၏ ညွှန်ကြားချက်သင်တန်း | ၆ |
| ၆။ | သံချိုနှင့် ရွတ်ဖတ်ခြင်းအကြောင်း | ၉ |
| ၇။ | စကားခြောက်ခွန်းအကြောင်း | ၁၀ |
| ၈။ | ဂိုဏ်းသုံးဂိုဏ်း အကြောင်း | ၁၂ |
| ၉။ | ဒဿ ၁၀-ပါးလင်္ကာ | ၁၃ |
| ၁၀။ | အပြစ်ရှစ်ပါးလင်္ကာ | ၁၄ |
| ၁၁။ | ဘိသိက်ဆရာဟူသော ဝေါဟာရအကြောင်း | ၁၉ |
| ၁၂။ | ဆရာလေးမျိုးအကြောင်း | ၂၀ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | ဇောလာဟာလ ငါးပါးအကြောင်း | ၂၇ |
| ၁၄။ | ၃၈-ဖြာ မင်္ဂလာတရားတော် အကျဉ်း | ၂၉ |
| ၁၅။ | မင်္ဂလာရှစ်ပါး အကျဉ်း | ၃၁ |
| ၁၆။ | မင်္ဂလာရှစ်ပါး အဓိပ္ပါယ်မှာ | ၃၃ |
| ၁၇။ | လောကီမင်္ဂလာ ၁၂-ပါးအကြောင်း | ၃၅ |
| ၁၈။ | ထို ၁၂-ပါး အဓိပ္ပါယ်မှာ | ၃၇ |
| ၁၉။ | ဗေဒင်ကျမ်း၏ အစိတ်အပိုင်း ၆-ပါး | ၃၉ |
| ၂၀။ | ထို ၆-ပါးအဓိပ္ပါယ်မှာ | ၄၀ |
| ၂၁။ | ဘိသိက် ၁၂-ပါးအကြောင်း | ၄၃ |
| ၂၂။ | ထို ၁၂-ပါးအဓိပ္ပါယ်မှာ | ၄၅ |
| ၂၃။ | ငှကာတူဟာလ မင်္ဂလာ ဆယ်ပါးအကြောင်း | ၄၇ |
| ၂၄။ | ထို ၁၀-ပါး အဓိပ္ပါယ်မှာ | ၄၈ |
| ၂၅။ | ထိမ်းမြားခြင်း ဆယ်ပါး အကြောင်း | ၄၉ |
| ၂၆။ | ထို ဆယ်ပါး အဓိပ္ပါယ်မှာ | ၄၉ |
| ၂၇။ | ဘိသိက်ဆရာနှင့် တူရိယာဆရာတို့ စည်းကမ်းများ | ၅၂ |
| ၂၈။ | မင်္ဂလာအခမ်း ၇-မျိုးခွဲခြား၍ စီစဉ်နည်း | ၅၃ |
| ၂၉။ | ဦးပြုံးချို မဟာဂီတမှ ထိမ်းမြားမင်္ဂလာဆိုင်ရာ ထုတ်နုတ်ချက် | ၅၇ |
| ၃၀။ | 'ချစ်သမျှကို' သစ္စာတိုင်ပတ်ပျိုး | ၅၇ |
| ၃၁။ | 'နှစ်ကိုယ်သစ္စာ' သစ္စာတိုင်ပတ်ပျိုး | ၅၈ |
| ၃၂။ | တောမြိုင်ခြေလမ်းသို့ဝိုက်သော သစ္စာတိုင် ယိုးဒယား | ၅၈ |

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃။ | 'ဘုံဆောင်မြင့်' ဘုန်းတော်ဖွဲ့ကြိုး | ၆၀ |
| ၃၄။ | 'မှန်ဆောင်သဠာ' ဘုန်းတော်ဖွဲ့ကြိုး | ၆၀ |
| ၃၅။ | မင်္ဂလာဩဘာ ယိုးဒယား | ၆၁ |
| ၃၆။ | မင်္ဂလာအခမ်းအနားပွဲအတွင်း ခင်းကျင်းစီစဉ်ရန် အမှာ | ၆၃ |
| ၃၇။ | မင်္ဂလာအခမ်းအနားဖွင့် | ၆၆ |
| ၃၈။ | ဘိသိက်ဆရာ၏ ရှေးဦးညွှန်ခံစကား | ၆၆ |
| ၃၉။ | အခါကြီးရက်ပိုင်းနှင့် မွန်းတည့်ဘဝါးရွေးနည်း | ၆၉ |
| ၄၀။ | မင်္ဂလာအခမ်းအနား ပဏာမကန်တော့ခြင်း | ၇၂ |
| ၄၁။ | သတို့သား သတို့သမီး ပွဲထုတ်ရန် | ၇၈ |
| ၄၂။ | သတို့သား သတို့သမီး ဘုရားကန်တော့ရန် | ၇၉ |
| ၄၃။ | သက္ကဋဘာသာ ဘုရားပင့် | ၈၀ |
| ၄၄။ | သတို့သား သတို့သမီး အနန္တငါးပါးကန်တော့ခြင်း | ၈၂ |
| ၄၅။ | ဘိသိက်ဆရာ၏ ဆုပေး | ၈၆ |
| ၄၆။ | မင်္ဂလာ လက်ထပ် ထိမ်းမြားခြင်း | ၈၉ |
| ၄၇။ | မင်္ဂလာလက်ထပ်ထိမ်းမြားခြင်း ဆယ်ပါးမှာ | ၉၂ |
| ၄၈။ | စိန္တာမဏိမန္တာဝန်တော် | ၉၆ |
| ၄၉။ | ဒေဝပူဇနီယအခန်း | ၉၉ |
| ၅၀။ | ဓနဉ္စယသဌေးကြီး၏ဩဝါဒဆယ်ပါး | ၁၁၁ |
| ၅၁။ | ထိုဆယ်ပါး၏အဓိပ္ပါယ်မှာ | ၁၁၂ |
| ၅၂။ | မယားအပြား ၇ ပါး | ၁၁၇ |
| ၅၃။ | ပစ္စည်းလက်ဖွဲ့ခန်း | ၁၂၂ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၄။ | လက်ထပ်မင်္ဂလာပွဲသိမ်းဆုပေး | ၁၂၅ |
| ၅၅။ | သိင်္ဂါလောဝါဒသုတ်မှ ဂိဟိဝိနယတရားများ | ၁၃၁ |
| ၅၆။ | စိန္တာမဏိမန္တရားကြီး | ၁၃၇ |
| ၅၇။ | ဩဘာစာရေးနည်း-ဖတ်နည်း | ၁၅၀ |
| ၅၈။ | တဝိလေးမျိုးအကြောင်း | ၁၅၂ |
| ၅၉။ | ကေပိုဒ်ရတုနှင့် ပိုဒ်စုံရတု | ၁၅၄ |
| ၆၀။ | နည်းယူရန်ထိမ်းမြားမင်္ဂလာဩဘာစာတမ်း | ၁၅၉ |
| ၆၁။ | ပဌမတွဲနိဂုံး | ၁၆၃ |


# ဒုတိယတွဲ

## (ကင်ပွန်းတပ်မင်္ဂလာချီးမြှင့်နည်း)


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၂။ | မျှမ်းဆရာ၏ကျမ်းဦးပဏာမ | ၁၆၉ |
| ၆၃။ | ဘိသိက်ဆရာနှင့်တူရိယာဆရာတို့စည်းကမ်းများ | ၁၇၂ |
| ၆၄။ | ဒိုးဒုတ်ဦးဘချိုရေယမုန်ဆောင်းပါး | ၁၇၅ |
| ၆၅။ | လှိုင်ထိုပ်ခေါင်တင်၏သားချော့လွှဲချင်းများ | ၁၇၆ |
| ၆၆။ | ပြင်စည်မင်းသားကြီး၏ ပိမ္ဗာသားချော့လွှဲချင်း | ၁၈၇ |
| ၆၇။ | မြဝတီမင်းကြီးဦးစ၏အိမ်နောင်ယဉ်တော်လွှဲချင်း | ၁၈၈ |
| ၆၈။ | လောကီမင်္ဂလာ ၁၂-ပါးအကြောင်း | ၁၈၉ |
| ၆၉။ | ကင်ပွန်းတပ်မင်္ဂလာပွဲအခန်းအနားပြင်ဆင်နည်း | ၁၉၆ |
| ၇၀။ | ဘိသိက်ဆရာ၏ပဏ္ဏာမ | ၁၉၇ |
| ၇၁။ | ဘုရားပင့်ခဏ်း | ၁၉၉ |

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၂။ | သက္ကဋ္ဌဘာသာဘုရားပင့် | ၂၀၀ |
| ၇၃။ | ကင်ပွန်းတပ်မင်္ဂလာပရိကံစကား | ၂၀၃ |
| ၇၄။ | ကဋ္ဌဝါဟနဝတ္ထု | ၂၀၆ |
| ၇၅။ | အနန္တငါးပါးကန်တော့ခန်း | ၂၁၀ |
| ၇၆။ | ဘိသိက်ဆရာ၏ဆုပေး | ၂၁၄ |
| ၇၇။ | ဂန္ဓဝါသမင်္ဂလာပြုနည်း | ၂၁၅ |
| ၇၈။ | ကင်ပွန်းတပ်မင်္ဂလာရှစ်ပါးချီမြှင့်နည်း | ၂၁၈ |
| ၇၉။ | ကင်ပွန်းတပ်မင်္ဂလာတွင် ဆရာတို့ရွတ်ဖတ်ရန် မန္တာန်များ | ၂၃၂ |
| ၈၀။ | ဒေဝပူဇနိယအခန်း | ၂၃၇ |
| ၈၁။ | ဩဘာစာချင်းပုတ်ကြားရန်အခန်း | ၂၄၇ |
| ၈၂။ | ဆင်ဖြူရှင်မယ်ချင်း | ၂၄၈ |
| ၈၃။ | မင်းရဲဒိဗ္ဗချင်း | ၂၄၈ |
| ၈၄။ | ပုခက်တင်မင်္ဂလာပြုလုပ်တား | ၂၄၉ |
| ၈၅။ | ကင်ပွန်းတပ်မင်္ဂလာပွဲသိမ်းဆုပေး | ၂၅၀ |
| ၈၆။ | ကင်ပွန်းတပ်မင်္ဂလာပွဲအလှူရေစက်ချ | ၂၅၃ |
| ၈၇။ | ဘိသိက်ဆရာဗဟုသုတခန်း | ၂၅၉ |
| ၈၈။ | ကလေးအမည်မှည့်နည်း | ၂၆၀ |
| ၈၉။ | ကလေးအမည်ဆန်းစစ်နည်း | ၂၆၅ |
| ၉၀။ | ဂိုဏ်းနက္ခတ်ရွေးနည်းဇယား | ၂၆၉ |
| ၉၁။ | ချင်းရေးနည်းသင်ခန်းစာ | ၂၇၂ |
| ၉၂။ | နမူနာပြစိန္တကျော်သူ ဦးဩချင်း ၁၀-ပုဒ် | ၂၇၅ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၃။ | မင်္ဂလာရှစ်ပါးအကျယ် | ၂၀၂ |
| ၉၄။ | စိန္တာမဏိ ဝန္ဒနာဂါထာ | ၂၉၂ |
| ၉၅။ | ပထဝီဇယ မန္တာန်တော်ကြီး | ၃၀၂ |
| ၉၆။ | ပထဝီဝဏ္ဏဂါထာတော်ကြီး | ၃၀၈ |
| ၉၇။ | တြိုသီဟဂါတော်ကြီး | ၃၁၀ |
| ၉၈။ | အမြိတ္တာစုတ်ရက်မြတ်ရွေးနည်း | ၃၁၁ |
| ၉၉။ | မထိမ်းမြားရာသော ၆ လ | ၃၁၃ |
| ၁၀၀။ | ထိမ်းမြားရာသော ၆ လ " | ၃၁၃ |
| ၁၀၁။ | ဒုတိယတွဲနိဂုံး | ၃၂၀ |


# တတိယတွဲ

## (ရှင်ပြုနားထွင်းမင်္ဂလာ ချီးမြှင့်နည်း)


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၂။ | ကျမ်းဆရာ၏ ကျမ်းဦးပဏာမ | ၃၂၅ |
| ၁၀၃။ | ဘိသိက်ဆရာနှင့်တူရိယာဆရာတို့စည်းကမ်းများ | ၃၂၇ |
| ၁၀၄။ | စွယ်တော်ရောင်ခြည်ဖွဲ့ | ၃၃၁ |
| ၁၀၅။ | ရွှေပလ္လင်အောင်ကြိုးဆက် | ၃၃၂ |
| ၁၀၆။ | ဥကွောဂ်းဆေး မင်္ဂလာဖွဲ့ | ၃၃၂ |
| ၁၀၇။ | နားထွင်းမင်္ဂလာဖွဲ့ | ၃၃၃ |
| ၁၀၈။ | ဆံထုံးတော် မင်္ဂလာဖွဲ့ | ၃၃၃ |
| ၁၀၉။ | 'ထောင်ရောင်နေ' အဲလိုက် သီချင်းခံကြီး | ၃၃၄ |
| ၁၁၀။ | 'ပပဝင်းဝင်း' ပဏ်မျိုး | ၃၃၅ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၁။ | 'ပြည်ကပ္ပိမှာ' ယိုးဒယား | ၃၃၆ |
| ၁၁၂။ | 'ယသော်ဒရာ' ယိုးဒယား | ၃၃၇ |
| ၁၁၃။ | ရှင်ပြုနားထွင်းမင်္ဂလာ တီးမှုတ်ရန်တုန်းဖွဲ့များ | ၃၃၈ |
| ၁၁၄။ | ဆရာဖြစ်သင့် အခြေခံပညာ | ၃၄၁ |
| ၁၁၅။ | ဘိုးသိုက် ၁၂-ပါး အကြောင်း | ၃၄၁ |
| ၁၁၆။ | ထို ၁၂-ပါး အဓိပ္ပါယ်မှာ | ၃၄၃ |
| ၁၁၇။ | ပလ္လင်တော်ရှစ်ခန်းအကြောင်း | ၃၄၅ |
| ၁၁၈။ | ပလ္လင်တော်ရှစ်ခန်း အဓိပ္ပါယ် | ၃၄၆ |
| ၁၁၉။ | ထီးဖြူတော် ရှစ်ဖင်းဖွဲ့ | ၃၄၇ |
| ၁၂၀။ | ရှင်ပြုနားထွင်း မင်္ဂလာ ၆-ပါး အကြောင်း | ၃၄၉ |
| ၁၂၁။ | ထို ၆-ပါးမှာ | ၃၅၀ |
| ၁၂၂။ | ရှင်ပြုနားထွင်းမင်္ဂလာ အခမ်းအနားပြင်ဆင်နည်း | ၃၅၁ |
| ၁၂၃။ | ဘိုးသိုက်ဆရာ၏ပဏာမ-အခမ်းအနားဖွင့် | ၃၅၄ |
| ၁၂၄။ | ဘုရားပင့်ခဏ်း | ၃၅၅ |
| ၁၂၅။ | သက္ကဋဘာသာ ဘုရားပင့် | ၃၅၆ |
| ၁၂၆။ | ရှင်ပြု-နားထွင်းမင်္ဂလာ ပရိကံစကား | ၃၅၈ |
| ၁၂၇။ | ရှင်လောင်း၌ရရှိခံစားရသော အကျိုးဖာရား | ၃၆၁ |
| ၁၂၈။ | နားထွင်းသတို့သမီး၌ရသော အကျိုးတရား | ၃၆၂ |
| ၁၂၉။ | အနန္တငါးပါး ကန်တော့ခဏ်း | ၃၆၇ |
| ၁၃၀။ | ဘိုးသိုက်ဆရာ၏ ဆုပေး | ၃၇၀ |
| ၁၃၁။ | ရှင်ပြု နားထွင်း မင်္ဂလာ ၆-ပါး ချီးမြှင့်နည်း | ၃၇၂ |
| ၁၃၂။ | ပဥ္စသုံးမျိုး | ၃၈၄ |

# မာတိကာ


| ဦးစရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၃။ | သီရိဓမ္မာ သောကမင်းကြီး၏ ရှင်ပြုမင်္ဂလာ အစီအရင် | ၃၇၅ |
| ၁၃၄။ | အဘိသိက်သွန်းရန်မန္တာန် | ၃၉၂ |
| ၁၃၅။ | ဒေဝပူဇနီယအခဏ်း | ၃၉၈ |
| ၁၃၆။ | သိကြားမင်းနှင့် စတုလောကပါလနတ်မင်းကြီး လေးပါး ဘိတ်ကြားရန် | ၄၀၄ |
| ၁၃၇။ | ကမ္ဘာစောင့်နတ်မင်းကြီး ၇-ပါးအား ပူဇော်ပသခြင်း | ၄၁၁ |
| ၁၃၈။ | အလှူတော်မင်္ဂလာ ရတု-ဩဘာစာ ဖတ်ကြားရန်အခဏ်း | ၄၁၇ |
| ၁၃၉။ | မင်္ဂလာအခမ်းအနား ပွဲသိမ်းဆုပေး | ၄၂၂ |
| ၁၄၀။ | အလှူတော်မင်္ဂလာ ဩဘာစာရေးနည်း | ၄၂၆ |
| ၁၄၁။ | အလောင်းတော်ဆယ်ပါး၊ ရင့်မှာတကျိပ်ပြခဏ်း | ၄၅၀ |
| ၁၄၂။ | မှတ်ကြီးတရာရှစ်လုံး ဆုံးမစာသံပေါက် | ၄၅၃ |
| ၁၄၃။ | ဥပ္ပါတသန္တိကျမ်း အန္တရာယ်ကင်းဂါထာ | ၄၅၈ |
| ၁၄၄။ | ဝသန္တတိလက ဂါထာတော်ကြီး | ၄၆၆ |
| ၁၄၅။ | အဋ္ဌာရသ ဆုတောင်းဂါထာ | ၄၆၉ |
| ၁၄၆။ | ရှင်သီဝလိ စီရင်ကိုးကွယ်နည်း | ၄၇၃ |
| ၁၄၇။ | ရှင်ဥပဂုတ် စီရင်ကိုးကွယ်နည်း | ၄၇၇ |
| ၁၄၈။ | တတိယတွဲ ကျမ်းပြီးနိဂုံး | ၄၈၀ |

## ဆရာဖြစ်သင်

# ဘိသိက်မင်္ဂလာကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

စိရံ တိဋ္ဌတု သဒ္ဓမ္မော။ ။သဒ္ဓမ္မော၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာတိုးပွား သူတော်ကောင်း တရားတည်း ဟူသော ဤ "ဆရာဖြစ်သင် ဘိသိက်မင်္ဂလာကျမ်းမဟာ" သည်၊ စိရံ-သာသနာ ငါးထောင် မြင့်ရှည်အောင်လျှင်၊ တိဋ္ဌတု-တည်ပါစေသတည်း၊ ဝါ- တည်စေခလို။

### ကျမ်းဆရာ၏ ပဏာမ

သတ္တာ ဟိတာ ဝဟံ ဗုဒ္ဓံ၊ ဓမ္မဉ္စာပိ ဂဏုတ္တမံ။
ဝန္ဒိတွာဟံ ပဝက္ခာမိ၊ မင်္ဂလာဟိတံ သမုစ္စယံ။

### ပထျာဝတ္တဂါထာ

အနက်။ သတ္တဟိတာဝဟံ- လူနတ်ဗြဟ္မာ သတ္တဝါတို့၏ နှစ်ဖြာအကျိုး ပွားတိုးလောက်အောင် ရွက်ဆောင်တော်မူလေ့ရှိ ထသော၊ ဗုဒ္ဓံ-မြတ်စွာဘုရားကိုလည်းကောင်း၊ ဥတ္တမံ-မြတ်စွာ ထသော၊ ဓမ္မဉ္စာပိ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ္တိ တည်းဟူသော ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း၊ ဂဏဉ္စ-မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ် သော ရှစ်ယောက်သော ပရမတ္ထ သံဃာတော်အပေါင်းကိုလည်း ကောင်း၊ အဟံ-သတ္တိ၊ မုချ၊ ဒဗ္ဗ၊ ဥပစာ၊ နှစ်ဖြာနာမ်ရပ် အကျွန်ုပ်

သည်၊ [illegible]ပိ-ရှေး မြတ်နိုး လက်စုံမို၍ ရှိခိုးပါ၏။ [illegible]-ရှိခိုးပြီး၍၊ သမ္ဗုဒ္ဓယံ သမ္ဗုဒ္ဓယနေ္တာ-အထူထူ [illegible] ထုတ်ယူစုဆောင်း [illegible]ရှိ ပြုပြင် စီရင်အပ်ယခေ[illegible] ဟိတံ- [illegible]ယိမ်းမြားခြင်း နှင့် ကောင်းပွန်းတပ်အပြာဖြာ [illegible] မင်္ဂလာတို့ကို တွေ့ကမရှုံဉာဏ်ရည်ကွန့်၍ အရွန့်မှတ်ဖွယ် နာ[illegible] ချိုမြ ပီတိကြွလျက် နှစ်သက်အားရ မဟာပွဲလအကျိုး ပွားတိုး လောက်စွာ ၍"**ဆရာဖြစ်သင် ဘိသိက်မင်္ဂလာ ကျမ်းမဟာ**" ကို ပဝက္ခာမိ-နောင်လာ နောက်သား မျိုးလေးပါးတို့ တိုးပွားဂုဏ် ရောင် ဉာဏ်ရည်ပြောင်အောင် ဂုတ်သောင်မြွက်ကြား ရေး သား စီရင်ပေတော့အံ့သတည်း။

## ပဏာမနှင့် ပဋိညာဉ်

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ၊
နမော မာတာပိတဿ၊ နမော အာစရိယဿ၊
ဂီတကာရက ဇနာနံ ပါမောက္ခဿ၊
ဆရာလွန်း တိဝှယဿ ဂီတာစရိယဿ
ကဗျာဗန္ဓအလင်္ကာရဿ တံတံကဗျာနယဒီပကဿ၊
နတွာ ရတနတ္တယံ အဋ္ဌတိံသ မင်္ဂလာနိ စ
မဇ္ဈမင်္ဂလာနိ ဗုဒ္ဓဒေသိတာနိ ဥဒ္ဒိရိတွာ
နာနာသတ္တဒေဝါ ဒွါဒသ မင်္ဂလာနိ စ
အဘိသေကမင်္ဂလာနိ ဒသကောတူဟလ
မင်္ဂလာနိစ ဒသဝိဝါဟာနိ ပဝက္ခာမဟံ။ ။

## အနက်မြန်မာပြန်

ဗုဒ္ဓဿ-သစ္စာလေးဆင့် ဖွားဖွားစင့်လျက် ပွင့်တော်မူပြီး မြတ်စွာဘုရားအား၊ နမော-ခစတနာစေတနာစား မဇနောမြူး လျက် ကြည်နူးသဒ္ဓါရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊ ဓမ္မဿ-ဒေသနာပေါင်း ရှစ်သောင်းလေးထောင် အရောင်များပြား မြတ်တရားအား၊ နမော-စေတနာစေတနာစူး မနောမြူးလျက် ကြည်နူးသဒ္ဓါရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊ သံဃဿ-များစွာထောင်သောင်း သံဃာတော်အပေါင်းအား၊ နမော-ခစတနာစေတနာစူး မနောမြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား မာတာပိတဿ-မြင့်နိုမိုရ်ရတော်င်ဦး မကြူးသည့် ကျေးဇူးအရှင်မိခင်ဘခင်တို့အား၊ နမော-ခစတနာစေတနာစူး မနောမြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊ အာစရိယဿ-သာယာဝတီ ရာဇာပြည်ဟု ဇာနည်ရွှေဘုန်း မြို့ဇီးကုန်း၏ နေနှုန်းသမ္ဘာ ရွှေပြုပွါတွင် ရာဇာမင်းခေါင် ငမ္ဘည်းခေါင်တို့ ရန်ထောင်ဗျူဟာ "စစ်ဆင်"ရာကို ဂါမသမုတ် နာမံထုတ်၍ ဃာပုဏ်မျှညီ လင်္ဂီပေသလ သိက္ခာကာမ နိဝါတစုစွဲ ပရိယတ္တိဝိသာရဒ ပါမောက္ခပုဂ္ဂိုလ် မင်္ဂိုလ်ရှာဆွတ် အာစွတ်မုံသောက် ဉာဏ်ဂုဏ်မောက်သော စွယ်ရောက်ညီညာ "အရှင်နန္ဒမာလာ" မဟာထေရ်ဆရာတော်မြတ်ကြီး၏ ထံပါးရွှေမှောက် ခိုမှီးရောက်က အာဒိစ၍သို့ချသို့တင် သို့ငင်သို့ရစ် ပြေပြစ်အက္ခရာ အဆိုရာကို သိသာစေချင် ဖတ်ရွတ်လျှင်လည်း သို့မြင် သို့ဖတ်၊ သို့မှတ်သို့ဆို၊ သို့ကိုသို့ရေး၊ သံလေးသံဖြတ် သံလွတ်သံငေါ်၊ နံပျော်သာယာ နားတန်ဆာကို သိသာအားရ သင်ပြီးမှလျှင် ဇာတ်တော်

တွင်လည်း အလျင်ရေး၍ ပေတမိအစ နေ့ကောက်မှဆုံးစွ ပေ ရှုရာ ဇာတ်အဘယ်ဖြာတွင် အဓိပ္ပါယ်ငင်၍ သွန်သင်ပြီးက တပ်ကြီးမှုပျင် ...သ ၏ ကျမ်းရှစ်ဖြာကို ရင်းချာမူလ လင်္ကာစသည် ...လာ ဒီပမ္မာမူ ဥဏ္ဏှိုဟ၍ နည်းမူ့ခပျက် ဆော့တက်လျက် ရုပ်ငှက် သောခါ တပြားကို သိုသာပုဒ်ဖြတ် တည်ပြီးလတ်မှ သိုမှတ် သို နှင်း သို့ကြွင်းသို့စေ သိုချေ သိုကပ် ပိဋကတ်ဟု ကျမ်းမြတ် သုံး ပုံ အလုံးစုံကို ရောက်တုံသော်လည်း နည်း၏စိတ်ထင် ဆုံး မမြင်ကို သွန်သင်မှတ်နှာ မြတ်ဆရာ၏ တတ်ပါစေချင် ပြည့်နှင်းသင် သည် “အရှင်နန္ဒမာလာ” ဆရာထေ့မြတ် သမုန်တ်အားရင်း။

ဝါ-ကြည်ဆွဲသဒ္ဒါ ညီမျှဟာဖြင့် ပြုပရတနာလည်း ဖြစ် ထသော၊ ဂိဘာဂါရကာ ဇနာနံ မဂ်ဖွဲ့ မောင်ဖွဲ့အရာ ဆတျာနှင့် ကဗျာဝရေတိ ဆဝိသူ့ဖွန် ပွတ်ချုံ တိုက်ဘာက်၊ ပါမြောက္ကသာ အကြီး ဒမ္မူ ဥ မိ နာယက ဖြစ်တော်မူပေသော၊ ဂိဘာစရိယသာ- ဂိဘာအရာ ကဗျာနည်းတို့၌ ဆရာကြီးတယ်ူဖြစ်ကော်မူပေထသော၊ ကဗျာမြွှအလင်္ကာရသာ- ရတုကဗျာလင်္ကာချောင်း တေးသီချင်း မှ ရဒေမကျွန် အဲအဖွဲ့စု တဲ့မှုများတို ဖုံသားပြည့်သဖြင့် နှား၏ တန်းဘာ ဖြစ်ပေထသော၊ တံတံ ကဗျာနယ ဒိပကသာ-ဘိုထို ကဗျာ ဘာယ်ဟာဓလပ် ရေ ဝပ်ပုံနည်း နိုသျည်းကို သိပ်သည်း သော့ချာ သင်ကြား ပြသ၍ ပေးသနားတော် မူပေထသော- ဆရာလျှင်း တိဝှယာသာ-ဗာစိမာကား ရေးထုံးရေးမှု အစုစု၌ တခု မကျန် လေ့ဟန်ပွန်းတီး တတ်မြောက်ပြီး၍ မည်သီးကျော်လှိုင်း ကိုယ်တော်မှိုင်းဟု လူတိုင်းတူမှတ် အနုတ္တသည်ဘ ဝေါဟာခေါ ညွန်း ဆရာလျှင်းကြီးအား၊ ၆မ-“ဣန္ဒာဝဇိရ” နာမတွဲခံ အနွှေ

ဝါသိက်၊ ပဋ္ဌဦးနှိမ် တပည့်တော် သံခင် အောင်ချိန်သည်၊ သိရ
သာ- ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမော- ကာယဝစီ
မနောချို၍ သုံးလီဝေသနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ညို
ဝပ်ဝင်း ရှိခိုးခြင်းသည်၊ အတ္တု-စင်စစ်မသွေ ဖြစ်ပါစေသတည်း။

အဟံ-အကျွန်ုပ်သည်၊ ရတနတ္တယံ-ရတနာသုံးပါးတို့၏
အပေါင်းကို၊ နတွာ-ရှိခိုးပြီး၍၊ ဗုဒ္ဓဒေသိတာနိ-မြတ်စွာဘုရား
ဟောကြားညွှန်ပြ ဆုံးမတော်မူအပ်ကုန်သော၊ အဋ္ဌတိံသမင်္ဂလာ
နိစ-၃၈-ဖြာသော လောကုတ္တရာ မင်္ဂလာတရားတော် တို့ကိုရင်း၊
အဋ္ဌမင်္ဂလာနိစ- အလောင်းတော် မဟာရက္ခိတ ရသေ့မြတ်
ဟောကြားတော်မူသော ရှစ်ပါးသော မင်္ဂလာ တရားတော်တို့ကို
ရင်း၊ နာနာသတ္တဟော- အထူးထူးသော ကျမ်းဂန်တို့မှ၊ ဥဒ္ဓရိ
တွာ-ထုတ်နုတ်၍၊ ဒွါဒသမင်္ဂလာနိစ-၁၂-ပါးသော လောကီ
မင်္ဂလာတို့ကိုရင်း၊ ဒွါဒသအဘိသေကမင်္ဂလာနိစ-၁၂-ပါးသော
အဘိသိက်မင်္ဂလာ တို့ကိုရင်း၊ ဒသကာတုဟလမင်္ဂလာနိစ-
ဆယ်ပါးသော ကောတူဟလ မင်္ဂလာတို့ကိုရင်း၊ ဒသပဝါဟာနိ-
ဆယ်ပါးသော ထိမ်းမြားခြင်း မင်္ဂလာတို့ကိုရင်း၊ ပဝတ္တာမိ-ဆရာ
ပြသ နည်းအရဖြင့် သေချာကျနစွာ ဟောပြရေးသား ပေးတော့အံ့
သတည်း။

ဤဂါထာပါဌ်တို့ဖြင့် အနုရာယ်တို့ကို ကွယ်ပျောက်ပျက်
စီးစေခြင်း ကောင်းကျိုးတရားတို့နှင့် ပြည့်စုံစေခြင်းငှါ ဘုရား
ရဟန္တာအရှင်မြတ်တို့မှ အဆက်မပြတ် အာစရိယ ပရံပရ သိသော
နည်းသိ ဖြစ်တော်မူကုန်သော ဆရာစဉ်အဆက်တို့၏ ညွှန်ဆို
သက်သုံး ထုံးတမ်းကိုအမှီပြုပြီးသကာလ ဗေဒမဂ္ဂဂန္ထာရမှ၊

ဝတ္ထုပုပ္ပံကမ္မဂန္ထာရမ္မ၊ အာသီသပုဗ္ဗကာဂန္ထာရမ္မ၊ ၎င်းသုံးမျိုးတို့တွင် ရတနတ္တယပဏာမ, ပုဗ္ဗကာဂန္ထာရမ္မကို ရှေးဦးစွာပြဆိုရခြင်း ဖြစ်ပါကြောင်း။

မိမိတို့ဥာဏ်၌ ပိုင်အောင် လေ့လာပါ

---

ဆရာတဆူ ပြုလိုသူကို ကျင့်သုံးလိုက်နာရန် ဆရာဖြစ်သင့်ပြခြင်း ညွှန်ကြားချက်သင်တန်း

ရှေးဆရာမြတ်တို့၏ နည်းဥပဒေသတို့ကို လိုက်နာ အပ်သည့်အဇကြောင်း၊

ဗာဟိရက လောကီကျမ်းဂန်တို့သည် သမုဒ္ဒရာကဲ့သို့ ကျယ်ဝန်း၏၊ သမုဒ္ဒရာ၌ ဘေးအန္တရာယ်များဘိသကဲ့သို့ လောကီကျမ်းဂန် များမှာလည်း သံသရာ၌ နစ်မွန်းကြောင်းဖြစ်သော မိစ္ဆာဝါဒတို့နှင့် ရောပြွမ်း ဆက်ဆံ၏။

သမုဒ္ဒရာသို့ သွားသော သင်္ဘော သူကြီးသည် လမ်းမမှား ရအောင် နက္ခတ်ဘာရာ ကွန်ပါ အိမ်မြှောင် စသော ကရိယာတို့ဖြင့် သွားရဘိသကဲ့သို့ ဗေဒင်, ယတြာ စသော လောကီအတတ်, သံသရာမှ ထွက်မြောက်ကြောင်းဖြစ်ရသော လောကုတ္တရာအတတ်, ပညာများကို အားထုတ်လိုက်စားသော သူတို့သည် သာသနာ တော်ထွန်းလင်းဆဲအခါ ဖြစ်သောကြောင့် သာသနာတော်ဝင် ကျမ်းဂန်များကို နက္ခတ်တာရာ ကွန်ပါ အိမ်မြှောင် သဖွယ်ပြု၍ ဗာဟိရကဝါဒများကို မသက်မဆောင်းမိရလေအောင် ကောင်းမြတ်

သော "သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ" စိတ်အကြံဖြင့် သင်ကြားလေ့ကျက် ဆောင်ရွက်ကြရန် ဥဒယျောဇဉ်စကားဖြင့် တိုက်တွန်းခြင်း ပြုပါကြောင်း။

မြတ်စွာဘုရား ဟောကြားတော်မူသော မဂဓဘာသာ၊ သက္ကတဘာသာ ဂါထာဗန္ဓတို့သည် ဘေးဥပဒ် အန္တရာယ်ကင်း ပျောက်စေခြင်း ကောင်းကျိုး တရားတို့နှင့် ပြည့်စုံစေခြင်းငှါ ဟောကြားတော်မူအပ်သော တရားတော်မြတ် ဖြစ်ရကား ပုဒ် ပါဌ် အက္ခရာ သဒ္ဒါ ဗျာကရဏ်း ကရိဏ်း ပယတ် သမာသ် သန္ဓိ ဂဏ္ဍ အလင်္ကာ ကြိယာသမ္ဗန် ကံဂုဏ် ကတ္တား ပဌျာဒွါန် အသံ မပျက်စေရန်ရင်း သိထိလ ဓနိတ ဒီဃရဿ ဂရု လဟု တို့ကိုရင်း ဘုရားရဟန္တာ အရှင်မြတ်တို့မှ အဆက်မပြတ် အာစရိယ ပရံပရ သိသာနည်းသိသာ ဆရာအစဉ်အဆက်တို့၏ဖွယ်ရာလက်ခံ၍ ထုံးတမ်းကို အမှီပြုပြီးသကာလ လိုက်နာဆောင်ရွက်ကြရပါကြောင်း။

ဆရာမပြနည်းမရ ဟူသကဲ့သို့ ရှေးဆရာမြတ်တို့၏ ဥပဒေသကိုပယ်၍ "ဆရာကောင်းထံ နည်းမခံ ဂုဏ်မာန်တင်ဆေးကြွား" ဟူဘိသကဲ့သို့ ပညာရှိတို့၏ "နယပ္ပဒေသ-နယဂ္ဂါဟ" နည်းကောင်း လမ်းမှန်ကို မရကြကုန်သော သူအချို့သည် "အာစရိယဝါဒ၊ ကေစိဝါဒ၊ အပရေဝါဒ၊ အတ္တနောမတိဝါဒ" ဟူ၍ လေးပါးရှိသည့်အနက် မှန်ကန်သော အာစရိယဝါဒကို မရဘဲ ဗိမိတ္တိကိတ်ထင်ရာ မပြုမလုပ်အပ်ကြောင်းကို ရှင်မဟာ သီလဝံသ ဆိုးဆုံးတော်မူခဲ့သည်မှာ လည်း "ငါ၏စိတ်တွင် ထင်ကမလွဲ လိုပ်ခဲဘင်လစ် ဟုတ်၏ကော စိတ်မသန်နှင့် မှန်သည်ဘစေ မရှိချေ၊ အကြင်ဆရာ ပညာရှိအား ကိုယ်တိုင်သွား၍ စကားလည်အောင် သာသာပြော၍ နှိုနှော လေ၊ ကျိုးကြောင်းစကား နည်းနာမျိုးကို သွား၍ဆွေးနွေး

ပညာရှိကို 'သိအောင်မေး' ဟူ၍ ဆုံးမတော်မူခဲ့ပါသည်၊ ထို့ကြောင့် "သင်ကြားကျွန် နည်းပြဆရာ ပညာမင်း မင်းတို့တန်က ညည်းခံတော်ပည့် ပေါ်သွပ်၏" ဆိုသကဲ့သို့ ဆရာများလျှင် တပည့်ခံသော သူတို့မှာ ပြင်မရအောင် မှားကတတ်ပါသည်။

သို့ဖြစ်၍ "ဆရာကောင်းတို့အင်္ဂါသည်သဒ္ဒါခြင်းကျမ်းဂန် အိလှ မှုဒုဥပစာ သောချာအဓိပ္ပါယ် လေးဆယ်နယ သို့ချသို့တင် သိုင်ငင် သို့ရှုတ် အရစ်အပင့် မံဆင့်အသတ် အမှတ်သညာ လာသည်ပါဠိ သိသည့်အနက် အထွက်သမ္ဘန် မှန်ကန်သဘော ချောမောအစုံ အင်ပြည့်စုံမှ ဆရာကောင်းတို့ အင်္ဂါနှင့် ပြည့်စုံပါသည်။"

စည့်ပါဆရာတော်ဘုရားကြီး၏ အနုသာသန အဆုံးအမ စကားမှာလည်း 'ပညိန္ဒြေ အခြေကြီးမှာ စာဆိုနိုင်စွမ်း ကျမ်းတတ်ညာဏ်ရှိ ရှေးရှေးကဝိတို့အဆက်ကို ခံပြီးလျှင် ပြည့်မျက်မှန်ပြု လုပ်သိုကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် သုံးမိန့်တို့၌ ရှိအပ်သော အင်္ဂါလေးပါးအနက် ကျမ်းဂန်နှံ့စပ်တတ်မြောက်ရခြင်းဟူသော အင်္ဂါဘာပါး ပါရှိလေလေသောကြောင့် ယင်းသည့် အင်္ဂါနှင့် ညီညွှာကိုယ်ပုံ ပြည့်စုံစေခြင်းငှါ မိမိတို့ မျိုးပိုးဘာသာ လေ့လာသင်ကြားအပ်ကုန်သော ကျမ်းဂန်စာပေတို့ကို ရှာဖွေထောက်လှမ်း စုံစမ်းမှတ်သား သင်ကြားလေ့လာ ကြရမည်၊ ခစားဆည်းကပ် မေးမြန်းအပ်ကုန်သော ပညာရှိတို့ထံသို့လည်း ကိုးနွ ရှိသေစွာ သွားလာဆည်းကပ် ပူဇော်ပယ်ခွင့် ယှဉ်သင့်ရှောင်ဖွယ် အသုံးအနှုန်း သွယ် အခြေအကြောင်းတို့ကိုစုံစမ် မေးမြန်းကြရမည်၊ ယင်းသို့မေးမြန်းသဖြင့်လည်း သွဲ့ခြမ်းစိတ်ပြ၍ ဟောပြောလိုက်သော ပညာရှိတို့၏ စကားကိုလည်း ထိပ်မှားတွင် သံမှိုနှက်သကဲ့သို့ အသက်ထက်ဆုံး

အမြဲနှလုံး ပြုဘော်ကြပြီးကာ အခါမှစ၍ အခွင့်ရတိုင်း လေ့လာဆည်းပူးသည်ရှိသော် အသိအလိမ္မာ ပညာသုတ အရအမိ တိုးပွါးဘိ၍ ပညာရှိတယောက် ဘင်ခေါ်လောက်အောင် ဖြစ်မြောက်နိုင်ပါသည်။

## သချိုနှင့် ရွတ်ပတ်ခြင်းအကြောင်း

ရင်းပြင် မဂဓဘာသာ သက္ကဋ္ဌဘာသာ ဂါထာငနွတ်တို့ကိုပြောဆိုရေးသားရွတ်ဖတ်ကြသော အရာဌာနမှာလည်း ပုဒ် ပါဒ် အက္ခရာ သဒ္ဒါ ဗျာကရုဏ်း ကရိုဏ်း ယတိ သမယ် သန္ဓိ ဂဏ္ဍီအလင်္ကာ ကြိယာ သမ္ဗန္ဓ ကံ စုစ် ကဏ္ဍသား ပတျာ ဌာန် အသံ မပျက်အောင် အမှန်ထွက်ဖို့ အာရုံအရေးကြီးလေသည်၊ ပတျာ ဌာန် အမှန်မထွက်ဘဲ အသံပျက်သွားကလျှင် ပါဠိပျက်လေသည်၊ ပါဠိပျက်လျှင် သဒ္ဒါပျက်သည်, သဒ္ဒါပျက်လျှင် အနက်ပျက်သည်, အနက်ပျက်လျှင် အဓိပ္ပါယ်ပျက်သည်, အဓိပ္ပါယ်ပျက်လျှင် အယူပျက်သည်, အယူပျက်လျှင် အကျင့်ပျက်သည်, အကျင့်ပျက်လျှင် အပါယ်လားတတ်သည်၊ အပါယ်မလားစေခင် မှာလည်း ဆယ်ပါးသေဒ္ဒကာ ရန်မာန်ငါးပါး အပြစ်ရှစ်ပါးတို့ သင့်တတ်ကျဆောက်တတ်ကြောင်းကိုလည်း ကျမ်းဂန်အရပ်ရပ်တို့နှင့်တကွ ဆရာအစဉ်အဆက်တို့ ဆိုဆုံးမတော်မူခဲ့ကြလေသည်။

သံရှည် သံတို သံချို သံဆန်းနဲ့ ရွတ်ဆိုကြခြင်း အရာမှာ ပါဠိပျက်ပုံကိုပြရလျှင် ဥပမာ "ဒါနတော ဘောဂဝ" ဆိုသော ပါဠိကို မြည်တွန်ရာရေးဟောကြ ရာ "ဒါနတော" ဖြင်းသည်၊ ဘောဂဝါ-စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသူ၊ ဟောတိ-ဖြစ်၏" ဆိုသောပါဠိကို သံချိုရွတ်ချင်း တမျိုးဖြစ်သွားသည်

ကိုပြပေအံ့၊ "ဒါနတောဘော....ဂဝါ" "ဘော"တခြား"ဂဝါ" ဘခြား ဖြစ်သွားလေသည်၊ ဘောဂ သဒ္ဒါ-စည်းစိမ်ချမ်းသာကို ဟောသည်၊ ဘောနှင့်ဂဝါ-တခြားစီ ကွဲသွားသည့်အတွက် ပါဠိ ပျက်လေသည်၊ ပျက်သော ပါဠိအတိုင်း အ နက် သ မ္ဗန် လျှင် 'ဘော-အိုအချင်းတို့၊ ဒါနတော-အလှူပေးခြင်းကြောင့်၊ ဂဝါ-နွားဖြစ်၏"ဟု ပျက်သောအနက် ထွက်လာလေသည်။

တနည်းမှာလည်း- "ဆေးစာပေး တေးဖြစ်သည်" ဆိုသည့်စကားပုံတခုရှိသည်၊ ဆေးစာမှာ "လေးညှင်း, ထန်း မြစ်,ယမ်း,ကတိုး, ရှိန်းခိုး,ပျားရည်, မြင်းသို့,အလိုကျူ, ဆင်ချေး မှို့, လွန်ဘွဲ့ရှိစား,ချိုး" ဆိုတဲ့ လူဝဆေးနည်းမှာ ၎င်းဆေးစား မိလျှင် လွန်ကြိုးနှင့် တုပ်ထားသော်လည်း အဝတိုးလာ၍ လွန်ကြိုး တောင် ပြတ်ရတယ်ဆိုတဲ့ အညွှန်းနှင့်တကွ ရေးထားတဲ့ ဆေးစာ ကို ရှပ်သေးမင်းသား မောင်ကျနက လွမ်းချင်းမှတ်ပြီး ဆိုလိုက် ပုံက ဘယ်လိုလဲဆိုတော့-

"လေးညှင်းရယ်ထန် မြစ်ရုံယံကတိုး ရှိန်ခိုးရယ် ပြာရည် မြင်သို့အလိုကျူဆင်ခြေမိုးတယ် လွမ်းဘွဲ့စာချိုး"ဆိုသလိုအဲသည် ဥပမာအတိုင်း ဆိုလိုရင်းကတခြား-အဓိပ္ပါယ်ကတခြား ကောင်း ကျိုးကို ရည်ရွယ်သော်လည်း မကောင်းကျိုး ရောက်ရုံတွင်မက ဆရာလုပ်ခသာသူတို့အပေါ်မှာလည်း ကာယိန္ဒြေသိက္ခာ သမာဓိ ဂုဏ် အလုံးစုံပျက်စီးပြီး လူပေါ်ကြီး ဖြစ်သွားတတ်လေသည်။

## စကားခြောက်ခွန်းအကြောင်း

အကြိုက်အကျိုးထိုနှစ်မျိုးတွင် အကျိုးကိုသာရှက်ဆောင် ရာသည်ဟု ရှေးပညာရှိတို့ ဆုံးမတော်မူသည့်အတိုင်း မင်္ဂလာ

အခမ်းအနားများတွင် ကာယကံရှင် မင်္ဂလာခံ သတို့သား၊ သတို့သမီးတို့၏ အကျိုးငှါသာလျှင် ပြုလုပ်သော မင်္ဂလာအခမ်းအနား ဖြစ်သောကြောင့် ကာယကံရှင်တို့၏ အကျိုးကိုသာလျှင် ကြည့်ရမည်၊ ပရိသတ်အကြိုက်ကိုလိုက်ရန်မဟုတ်၊ ပရိသတ်က မည်သို့ပင် မကြိုက်စေကာမူ ကာယကံရှင်တို့၌ အကျိုးရှိလျှင် သုံးပေးရမည်၊ ပရိသတ်ကြိုက်သော်လည်း ကာယကံရင်တို့၌ အကျိုးမရှိလျှင်မသုံးရ၊ ပယ်ရမည်။

"စကားခြောက်ခွန်း ၄ ထွန်း လေးခွန်းကိုပယ် နှစ်ခွန်းတယ်"ဟူသည်နှင့်အညီ-

၁။ ဟုတ်လည်းမဟုတ် သူသည်းမနှာလို အကျိုးလည်း မရှိ-ပယ်

၂။ မဟုတ်ကားဟုတ်၍ သူလည်းမနှာလို အကျိုးလည်း မရှိ-ပယ်

၃။ ဟုတ်လည်းမဟုတ် သူကားနှာလို၏ အကျိုးကား မရှိ-ပယ်

၄။ ဟုတ်လည်းဟုတ်၏ သူလည်းနှာလို၏ အကျိုးကား မရှိ-ပယ်

၅။ ဟုတ်လည်းဟုတ်၏ သူကားမနှာလို အကျိုးကား ရှိ၏-ယူ

၆။ ဟုတ်လည်းဟုတ်၏ သူလည်းနှာလို၏ အကျိုးလည်း ရှိ၏-ယူ

"အများကိုပယ် မှန်လျှင်လိုက်နာ အရာရာ မြန်စွာကြီးပွါးကြောင်း" တနည်း "ကျိုးရှိဟုတ်ရာ နှာမနှာ ဆိုရာစကားမှတ်"

ဟူသည်နှင့်အညီ ကာယကံရှင်တို့၌ အကျိုးရှိသည်မှန်လျှင် ပရိသတ်က မည်သို့ပင် မကြိုက်စေကာမူ မကြောက်မရွံ့ မတွန့်မဆုတ် ဖြောင့်တိုင်းမှန်ရာ ဆောင်ရွက်ရမည်။

အချို့သူများက ဘိသိက်ဆရာ သိချင်းဆိုပြီး က, လျှင် ကြိုက်ချင်ကြိုက်မည်၊ ဒါကြောင့် အကြိုက် မလိုက်နှင့် အကျိုးကိုသာကြည့်၊ ကမ္ဗဝါစာကို ကမ္ဗဝါလို ရွတ် ပရိတ်ကို ပရိတ်လိုရွတ် ဘိသိက်ကို ဘိသိက်လိုရွတ်ပါ။

## ဂိုဏ်း သုံး ဂိုဏ်း

မြန်မာပြည်တွင် ၁-သခင်ကိုယ်တော်မှိုင်းဂိုဏ်း ၂-ပုဏ္ဏားဂိုဏ်း ၃-သံချိဂိုဏ်း ဟူ၍ သုံးဂိုဏ်းရှိခဲ့လေသည်၊ သခင်ကိုယ်တော်မှိုင်းဂိုဏ်းမှာ အခြားသောဂိုဏ်းတို့ထက် စာသားနှင့်အစီအစဉ်မှာ ပို၍ကောင်းလေသည်၊ ပုဏ္ဏားဂိုဏ်းတွင် အစီအစဉ်မှာ သင့်သော်လည်း စာသားမှာ ညံ့လေသည်၊ သံချိဂိုဏ်းမှာမူ လူကြိုက်များအောင် အကြံသာ ဉာဏ်ယစ်ထုတ်၍ ကြံစည်ခြင်းမျှသာ ဖြစ်သောကြောင့် ပညာရှိများ မနှစ်သက်၊ အသိ အမှတ်မပြု၊ ထို့ကြောင့် "ကမ္ဗဝါစာကိုယပ်လှဲသံရွတ်လျှင် ဒေါ်ရူး" "ဘိသိက်ဖောကို သံချိရွတ်လျှင် လူပေါ" ဟုဆိုသည်။

ပုဏ္ဏားတော်တို့ ဘိသိက်မြှောက်ရာတွင် ကမ္ဘာအစဉ်အဆက် သံချိနှင့်ရွတ်ရိုးဟုံးစံမရှိ၊ ပုဏ္ဏားတို့အတုကိုယူ၍ မြန်မာတို့က ဘိသိက်ဆရာ ပြုလုပ်ကြရာမှ လူကြိုက်များအောင် သံချိကို ထွင်ခြင်း ဖြစ်လေသည်၊ ဘုရင်ဧကရာဇ် မင်းမြတ်တို့နှင့် ဆိုင်ရာ ဘိသိက်တော် အခမ်းအနားများတွင် ပုဏ္ဏားတော်တို့၏အရာသာ ဖြစ်လေသည်၊ မြန်မာဆရာတို့နှင့် မအပ်ချေ။

ထို့ကြောင့် ဤစာအုပ်မှ နည်းနာနိသျကို မယူသော ပုဂ္ဂိုလ်အပေါင်းတို့သည် အခြေအမြစ်မရှိသော သံချိုဂိုဏ်း၏ အလေ့အထတို့ကို အလျင်းရှောင်ကြဉ်ကြရန် လိုးဝတားမြစ်ပါကြောင်း၊ အက္ခရာ ဌာန်ကရိုဏ်းကျနပြတ်သားစွာ သံလုံးသံထယ် ခန့်ခန့်ညားညား ထားပြီးလျှင် (သိထိလ-ဓနိတ-ဒီဃ-ရဿ-ဂရု-လဟု တို့နှင့်အညီ) အခန့်သွား ရွတ်ဖတ်ကြရန် အထူးတိုက်တွန်းပါကြောင်း။

## ဆေးဆရာဆေးမှားလျှင် လူနာခံရခြင်း ဥပမာ

"ဆေးဆရာ မလိမ္မာလျှင် လူမမာခံရဘိသကဲ့သို့" မင်္ဂလာဆရာ မလိမ္မာသော် မင်္ဂလာခံ သတို့သား, သတို့သမီးတို့၌ "ဒဏ် ၁၀ ပါး အပြစ်ရှစ်ပါး" တို့ သင့်တတ်ကျရောက်ဘတ်ကြောင်းကို ကျမ်းဂန်အရပ်ရပ်တို့၌ အဟောလာရှိသည့်အတိုင်းရှောင်ကြဉ်နိုင်ကြရန် လင်္ကာဖြင့် ပြပေအံ့။

## ဒဏ် ၁၀-ပါး လင်္ကာ

နိပ္ပရာဓ ဒေါသမှုထင် အပြစ်ဝင်မူ အကြင်သူအား ပြစ်မှားလေ့ပြု ဒဏ်ပေးမှုကြောင့် ယခုလက်ငင်း ခဏခြင်းလျှင် ပြင်းပြရောဂါ ဥစ္စာကုန်ငြား ပျက်ပြားခြေလက် ရေပျက်နူနာ စိတ်မှာရူးသွပ် မင်းဘေးကပ်လျက် ရိုးစွပ်သူခိုး ဆွေမျိုး ပုန်းတီး ပစ္စည်းသုံးဆောင် မီးလောင်အိမ်ယာ ဒဏ်ဆယ်ဖြာ သေကာငရဲကျရောက်မြဲ။

## အပြစ်ရှစ်ပါးလက္ခဏာ

၈။ ဧ သြဒီညစ် အပြစ်ရှစ်ပါး တဖန်ကြားပိမ့် မှတ်သားလူ ဗိုလ် ဇမြမျိုးပျက်စီး လောင်မီးမိုးကြိုး လက်နက်မိုးနှင့် မှင်း ဆိုးဘေးဒဏ် သင့်ပြန်တချက် နှိပ်စက်ရောဂါ ဝေဒနာဆန်း မျက် စိဏာန်းနှင့် နားကန်းဆွံ့အ အင်္ဂဒေါသာ မဟာအပြစ် ကိုယ်ဝယ် ဖြစ်၏ စင်စစ်ရှေးရှု ဆေးကုဆရာ မလိမ္မာမူ လူနာခံမြဲ အမှန်စွဲ လေ့ မလွဲပမာ ထိုတူသာလျှင် မင်္ဂလာဆရာ မလိမ္မာသော် မင်္ဂလာခံ အမှန်ပျက်စီး ပြစ်ကြီးရှစ်ပါး သင့်လာငြားမူ သိကြား သော်မှ ကုမရသည် ဘဝလူညွန့် တုံး၏တည်း ဟူသည်နှင့်အညီ ဒဏ် ဆယ်ပါး အပြစ်ရှစ်ပါးတို့ သင့်တတ် ကျရောက်တတ် လေ သည်။

၉။ ဆေးဆရာဆေးမှားတိုက်လျှင် လူမမာ ခံရသည့်အလား မှုားသည့်ဆေးကို တိုက်သည့်ဆရာကိုယ်တိုင်ဖြေမှ ပြေဘိသကဲ့သို့ မင်္ဂလာဆရာမလိမ္မာလျှင် မင်္ဂလာခံသတို့သား သတို့သမီးတို့၌ ဒဏ် ဆယ်ပါး အပြစ်ရှစ်ပါး ဘေး ၂၅ ပါးတို့ သင့်တတ် ထိခိုက်တတ် ပါသဖြင့် ထိုဘေး ထိုအပြစ်တို့ မထိခိုက်စေရန်အတွက်-ဘိသိက် ဆရာပြုလုပ်သူတို့မှာ လုံးဝတာဝန်ရှိလေသည်။

၁၀။ တာဝန်ရှိသည့်အတိုင်း မိမိလက်ခံ ဆောင်ရွက်ပေးရမည့် မင်္ဂလာအခမ်းအနားကြီးတခုလုံး၏ အစအဆုံး တာဝန်များကို စံနစ်တကျစီရင်လျက် ကန်တော့ပွဲ ပြင်ဆင်ခြင်း ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြုခြင်း တီးမှုတ်ခြင်းတို့မှအစ မမှားမယွင်းရန် ဂရုပြုရ ပေမည်။

## ဆရာမြတ်တို့ထံ ဆည်းကပ်အပ်ခြင်း အကြောင်း

ထို့ကြောင့် အသင်အကြား မှတ်သားပညာ နည်းနာမရ အပ္ပဿုတ ဒုပ္ပည လူအပေါင်းတို့၏ ချီးသောင်းပြောပ ဩဇာဟင်း လင်း ခံတွင်းမဆန့် အံ့ဩတင်းကြမ်း ၊အခြီးမွှမ်းကို ခံရပါသော် လည်း တစ်တပုံ လုံလုံသောက်လောက် ဂုဏ်ရောက်သည်မဟုတ်ပါ သောကြောင့် ကိုဇေဟိပါဒဿုဿုသာစသည်နှင့်အညီ ကျမ်းဂန် တတ်သိ ပညာရှိတို့၏ခြေတော်ရင်းဝယ် ဝပ်စင်းခယ ကျနကျိုးနွံ စွာ သင်ကြားတတ်မြောက်သော သူတို့သည်သာလျှင် အကျိုးအ ကြောင်းကို ကောင်းမွန်မှန်ကန်စွာ ဝေဖန်ခွဲခြမ်း၍ သိရှိနိုင်ရကား ဆရာမပြု နည်းမရသောသူတို့သည် ခပ်သိမ်းသော အရာဌာနတို့၌ ဟုတ်တိုင်းမှန်ရာ ကောင်းစွာ မသိနိုင်ပါဌသာကြောင့် ပါဠိဘာ သာ မြန်မာဘာသာ ကဗျာလင်္ကာ ဂါထာဗန္ဓ စုဏ္ဏိယဗန္ဓ စသည် များကို ပြောဆိုရေးသား ရွတ်ဖတ်ကြပါသော်ငြားလည်း ပညာ ရှိ သုခမိန်တို့ နှစ်သက်ဖွယ်ရာမရှိ စင်စစ် ရယ်ဖွယ်ရာသာတည်းဟု ဘာထစ်ချ မှတ်သားနာယူ အမြဲနှလုံး ပြုတော်မူကြရမည်။

ရှင်းပြင် သုဗောဓ လင်္ကာရကျမ်း၌လည်း ဝိနာ ဂရုပဒေ သံ တံ၊ ဗာလော လင်္ကာရမိစ္ဆတိ။ သမ္ဘာဝုဏောနုဝိညူဟိ၊ ဟာသဘာ ဝံ ဇထံနုသောဟူ၍လာလေသည်၊ ယောဗာလော-သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့၌ မလိမ္မာသော အကြင်သူသည်၊ ဂရုပဒေသံ- ဆရာမြတ်တို့၏နည်းဥပဒေသကို၊ ဝိနာ-ကြည်၍၊ တံ-* ထိုပဇ္ဇ ဂဇ္ဇ

* ဂါထာကို ပဇ္ဇဗန္ဓ, စုဏ္ဏိယကို ဂဇ္ဇဗန္ဓ, ထိုနှစ်ပါးရောနှော သည်ကို ဝိမိဿကဗန္ဓဟုခေါ်သည်။

ဝိမိဿကဇ္ဇန္တိကို၊ အလက်ဖ္တုံ-သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်ခြင်းငှာ၊ ဋ္ဌစ္ဆတိ-အလိုရှိ၏၊ သောဗာဇ်လော-ထို သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့၌ မလိမ္မာသောသူသည်၊ ကထံ-အသို့လျှင်၊ ဝိညူဟိ-ပညာရှိတို့သည်၊ ဟာသဘာဝံ-ရယ်ဖွယ်ရာ သောအဖြစ်သို့၊ နသမ္ဘာပုဏောန-မရောက်ဘဲရှိပါတုံအံ့နည်း၊ သမ္ဘာ ပုဏောဝေ-ပညာရှိတို့ ရယ်ဖွယ်ရာသောအဖြစ်သို့ စင်စစ်ရောက်ရ တော့သည်သာလျှင်တည်း ဟူ၍လာသည်။

ထို့ကြောင့် စတုဓမ္မသာရ ကိုးခန်းပျို့၌"သကျရှုပုံ ကြုံကြုံ သိမ့်မျှ တောင့်တရာရာ တတ်ကောဇ်းစွာသား ဝိဇ္ဇာသိပ္ပ ဟူသမျှ ကို တတ်အောင်မသင် ပျော်ပါးလွင့်မူ အကြင်သူအား စကားခြေ ဟာင် သဘင်မပြွ ခံတွင်းမွဲသို့ ချုံတွဲပညာ ညိုးမျက်နှာနှင့် ရှုံးရှာ လန့်ထိတ် ဓာသံဆိတ်၏၊ တိတ်တိတ်နေ ဆိုပါချေလည်း မပြေ မပြစ် ဒါထစ်ထစ်လျှင် ကျစ်လစ်မရှိ အညိညိတည့်၊ ဟုတ်လိနိုးနိုး ဆွင်ကန်းတိုးသို့ အကျိုးအကြောင်း ကောင်းကောင်းမမှန် သမ္ဘန် ပါငြိလေ့ရှက် မျှနောက်မည့် အစီအလျှင် အစဉ်မသင့် တဖြင့် တပါး ရယ်ဖွယ်များကဲ့ ဘိုးသွားမိဘ သူကြီးမ၍ မလျှမည်း မစိုးမရိမ် နတ်စည်းစိမ်သို့ ရွှေအိမ်ဘုံမြင့် ခုနစ်ဆင့်ဝယ် နေလင့် ကစား ပြာသာဒ်ဖျားဝယ် နားသည်ကိုးမျှ ပမာကျလိမ့်၊ အင်္ဂပစ္စင် သွင်ပြင်ရုပ်ဝါ ပြည့်စုံပါလည်း ပညာရည်ချင်း ဂုဏ်နံ့ကင်းမူ အဆင်းလှဆန်း လူ့ဒပါက်ပန်းဟု သွမ်းမှန်းသိထွေ ကဲ့ရဲ့လေအံ့၊ လုပ်ခြေလုပ်လက် စဉ်ဆက်နည်းမှီး အကျင့်သီးသော် ချည်းနှိုး ဥစ္စာ လိုခါမရ ကြောင့်ကြစိုးရိမ် ဖန်ကြိမ်များစွာ အိုသောခါ လည်း မဟာဒုက္ခ ပွင်းဆုံးကျသည် နောင်တနှလုံး မငြိမ်းတည်း" ဟူ၍ စပ်ဆိုတော်မူပေသည်။

ထို့ကြောင့် ရှေးပညာရှိတို့သည် "သင်ကြားကျနနည်းပြ ဆရာ ပညာမင်း မကုံတန်က နည်းခံတပည့် ပေါ့သွပ်၏ရှင့် မတည့် မတ်စေကာ ရှေ့နွားကောက်က နွားနောက်ပါကျန် လမ်းမမှန်တည့် မှုဝန်စိုးပိုင် ချုပ်ကိုင်ကြီးမား မတည်ကြားက ခေါင်းသွား မြီးပါ ပဲ့ခွါဦးမျော ငှက်ပျောပင်စိုက် နောက်လိုက်ယယ်သား ချွတ်ယွင်းမှားသည် တရားကျင့်ရေး မယဉ်ကျေး" ဟူ၍ ဆိုးမခဲ့လေသည်။

ထို့ကြောင့် ပညာရှိ သူတော်ကောင်းတို့အား သုတစိန္တာဘာဝနာဉာဏ်ထူး ကွန့်မြူးတိုးပွား ဂုဏ်မြောက်မြား၍ သူတပါးတို့ ခစားစည်းကပ်ရာ ဓမ္မဒေသက လမ်းပြခရီးညွှန့် ဖြစ်နိုင်သည်ကို ရည်၍–

ကိုးခန်းပျို့တွင် "အတင်အခြေ အဖြေအမေး အနှေးအလျင် အရှင်အထက် အနက်အနဲ အခွဲအခြမ်း အစမ်းအစုံ အာဂုံဥမ္မာ အရာရာဖြင့် ပညာရှိတွန် သူဆိုဟန်ကို မကျန်မှတ်သား စေ့စေ့ကြားမှု လေးပါးကဝိ ပဏ္ဍိတစစ် အနှစ်ပြည့်စွာ ဆရာကောင်းထံ ကျိုးနွံဆည်းကပ် အပ်မအစ်ကို ကြပ်ကြပ်သိမှ ပုစ္ဆာပြု၍ ဗဟုသစ္စ သုတစိန္တာ ဘာဝနာဖြင့် သုံးဖြာ ဂုဏ်ထူးတတ်ဦး ရှေးခါ ဝါသနာကြောင့် ဖြစ်ပါသော်ငြား ဂုဏ်မြောက်မြားဟူ တရားလမ်းကြီး ခရီးသိတတ် ရှေ့ညွှန်မှတ်သည် မပြတ်ငုပါင်းယှဉ်တွဲသတည်း" ဟူ၍ ရှင်မဟာရဋ္ဌသာရအကျော် စပ်ဆိုတော်မူလေသည်။

## ဆရာကိုအန်စတုထိုက်ခြင်းအကြောင်း

ရင်းပြင် ဆရာကို ပုန်ကန်လျှင် အွှာခေါင်ကို လှံစူးတတ်သည့်အကြောင်းကိုလည်း ပုဏ္ဏောဝါဒဆုံးမစာတွင် ဤသို့ ရေးသားလျက်ရှိ၏။

“ရှေးသရောအခါ၊ မြစ်မှာတလျှောက် ကတွတ်ပေါက်၌ မြောက်၍ကစား ဥဗျိုင်းအားကို ယောကျ်ားတယောက် မြင်လေမြောက်လျှင် တုမြင်တတ်ရ ဖြစ်လေစွဟု စ၍လည်းသင် မိုးကောင်းကင်သို့ မြောက်တင်လိုက်သား သွားချွန်များကို မြေအားမကျခံတွင်းဟ၍ လျှာမျှမထိ ကိုက်နိုင်ဘိမှ အံ့၍ခဲစသည့် လှံမှ လှံသေးထက်စွာသွေး၍ ဖွေးဖွေးလက်သား ဂျသန်လျှက်ခေါ်းကို ကိုက်ဝါးတို့နိုင် ပြိုင်သူမရှိ ထတ်ခေါင်ထိလျှင် ရွာသို့ဝင်၏ များဖြင့် လာဘ်သပ် အထပ်ထပ်နှင့် ဒရပ်ချပ်သို့ တစ်မြောက်ဆို၍ မင်းကြီးရင်ပြင် ပွဲသဘင်သို့ ဝင်၍ပြလျှင် မင်းကြီးမြင်သော် ရှင်ရှင်ပပအား ပါး၍ ဆုချကြေးငွေ အထွေထွေနှင့် နေ့ရှည်ရက်ကြာ ရှိပြီးစွာလျှင် လုလင်ဘယ်မှာ ဘယ်ဆရာတွင် သင်ပါသနည်း ဖြည်းဖြည်း သံမြ မေးလေကလျှင် ‘ကျွန်ုပ်တွင်၌ သွန်သင်ဆရာ မရှိပါ’ဟု မှကြာလှက်စုံ လျှောက်ပြီးတုံမှ ကမြဲကသော် လှံမ ခံတွင်းအာကို ခွင်း၍ စင်းစင်း သေလေတုံသတည်း”ဟူသည်ကိုလည်း သတိပြုရမည်။

ပညာရှိတို့ အင်္ဂါနှင့် ညီညာကိုလုံ ပြည့်စုံစေခြင်းငှာ မိမိတို့ မျိုးရိုးဘာသာ လေ့လာသင်ကြားအပ်ကုန်သော ကျမ်းဂန်စာပေတို့ကို ရှာဖွေဘောက်လှမ်း စုံစမ်းမှတ်သား သင်ကြားလေ့လာကြရမည်၊ ခစားဆည်းကပ် မေးမြန်းအပ်ကုန်သော ပညာရှိတို့ထံ

သို့လည်း ကျိုးနွံရှိသေစွာ သွားလာဆည်းကပ် ပြုအပ်ပယ်ခွင့် ယှဉ်သင့် ရှောင်ဖွယ် အသွယ်သွယ် အခန်းခန်းတို့ကို စုံစမ်းမေးမြန်းကြရမည်၊ ယင်းသို့မေးမြန်းသဖြင့်လည်း ခွဲခြမ်းစိတ်ဖြာ၍ ဟောပြောလိုက်သော ပညာရှိတို့၏ စကားကိုလည်း အသည်းတွင် တံဆိပ်ခပ်ဘိသကဲ့သို့ မပြတ်နှလုံးပြုတော်မူကြပြီးလျှင် အခါမလင့် အခွင့်ရတိုင်းလေ့လာဆည်းပူးသည်ရှိသော် အသိအလိမ္မာ ပညာသုတ အရအမိ တိုးပွားဘိ၍ ပညာရှိတယောက်တစ်ခေါ်လောက် အောင် ဖြစ်မြောက်နိုင်လေသည်။

## ဘိသိက်ဆရာဟူသော ဝေါဟာရအကြောင်း

ယခုအခါဘိသိက်ဆရာဟူ၍ခေါ်ဝေါ်ကြသည်မှာသုခမိန်တို့၏လုပ်ငန်းစဉ်ဘလျှောက်အားဖြင့် သုခမိန်တယောက်သည် တရားခုံတွင် တရားစီရင်၏၊ထိုအခါ တရားသူကြီးတည်း။အကြင်အခါ၌ တရားဟော၏၊ ထိုအခါ ဓမ္မကထိကတည်း။ အကြင်အခါ၌ ရတုရကန် အဲအန်အိုင်ချင်းစောင်းချင်းကဗျာစာပေကိုရေး၏၊ထိုအခါ စာဆိုတော်တည်း။အကြင်အခါ၌ဗေဒင်ဟော၏၊ ထိုအခါဗေဒင်ဆရာတည်း။ အကြင်အခါ၌ မင်္ဂလာအခမ်းအနားပွဲ သုံးရပ်တွင် ဆရာပြုလုပ်၏၊ ထိုအခါ ဘိသိက်ဆရာတည်း။ထို့ကြောင့် "ဘိသိက်ဆရာ"ဟူသော ဝေါဟာရမှာ "သုခမိန်" အပေါ်၌ တည်လေသည်၊ စင်စစ်ကား သုခမိန်ပင်တည်း။

ထို့ကြောင့် ပုဏ္ဏားပညာရှိတို့ "ပရောဟိတ်", မြန်မာပညာရှိကို"သုခမိန်"ဟူ၍ ခေါ်ပေသည်။

"ပုရောဟိတ်" ဟူသည်မှာ ပုရဟိတသဒ္ဒါထောက်၍ ပုရ-ပြည်၊ ဟိတ-အကျိုး၊ ပုရဟိတ-ပြည်၏အကျိုး သည်ပိုးရွက်

မဆောင်သို့ ပုရောဟိတ်ဟုဆိုလိုသည်၊ ပြယုဂ်ကား "ပုရဟိတံ ခာရယတီတိ ပုရဟိတော" ပုရဟိတံ- ပြည်၏ အကျိုးကို၊ ခာရယတီတိ ဆောင်တတ်၏၊ ဣတိတသ္မာ- ထိုသို့ပြည်၏ အကျိုးသည်ပိုးရွက်ဆောင်တတ်သော သတ္တိကြောင့်၊ ပုရဟိတော- ပုရဟိတမည်၏။

"သုခမိန်"ဟူသည်မှာ သုခမိန သဒ္ဒါထောက်၍ သုခ-ချမ်းသာစေကြောင်း၊ မိန-ကောင်းစွာနိုင်းချိန်နိုင်သော ပညာရှိ၊ သုခမိန-ချမ်းသာစေကြောင်း ကောင်းမြတ်သော ထုံးတီးနည်းနာ အဖြာဖြာတို့ဖြင့် နှိုင်းချိန်နိုင်သော ပညာရှိသုခမိန်ဟု ဆိုလိုသည်၊ ပြယုဂ်ကား-"ယောနရော သုခံ မိနာယတီတိ သုခမိနော"ယောနရော- အကြင်သူသည်၊ သုခံ-ချမ်းသာခြင်းအမှုကို၊ မိနာယတိ-နှိုင်းချိန်ဂာတ်၏၊ ဣတိတသ္မာ-ထိုသို့နှိုင်းချိန်တတ်သော သတ္တိကြောင့်၊ သုခမိနော-သုခမိနမည်၏ ဝါ-သုခမိန်မည်၏။ သဒ္ဒါ အလိုကား-သုခံ-ချမ်းသာခြင်း, မိနာ-စူးစမ်းနှိုင်းချိန်ခြင်း အနက်ဟော။

မှတ်ချက်— ဦးအုန်းရွှေ၏ သတ်ပုံ "အဘိဓာန် မိတ်သင်စုံ ကျမ်းကြီး၌ "သုခမိန်"မှာ မွန်ဘာသာ "သုိက်ခမာ"မှ လာသည် ဆိုသည် "နူးညံ့သိမ်မွေ့သောသူ"ဟူလို နှစ်သက်ရာယူလေ။

ဆရာလေးမျိုးအကြောင်း

မင်္ဂလာအခမ်းအနားနှင့် ပတ်သက်၍ ဆရာလေးမျိုးရှိလေသည်၊ ထိုဆရာလေးမျိုးမှာ ဆုပေးဆရာ, မင်္ဂလာဆရာ, ဘိသိက်ဆရာ, သုခမိန်ဟူ၍ လေးမျိုးဖြစ်လေသည်၊ ၁-မင်္ဂလာအကြောင်း

နှင့် ဘိသိက်အကြောင်းတို့ကို နားမလည်မူ ထိုဆရာသည် ဆုပေး ဆရာမည်၏၊ ၂-မင်္ဂလာ အကြောင်းသာ နားလည်၍ ဘိသိက် အကြောင်း နားမလည်မူ ထိုဆရာသည် မင်္ဂလာဆရာမည်၏၊ ၃- မင်္ဂလာ အကြောင်းနှင့်တကွ ဘိသိက် သွန်းလောင်းခြင်း၏ အကြောင်းခြင်းရာ အဖြာဖြာတို့ကို ကောင်းစွာ ကျွမ်းကျင် တတ်မြောက်သောသူသည် ဘိသိက်ဆရာမည်၏၊ ၄-လောကီ လောကုတ္တရာ ကျမ်းဂန်နှင့်တကွ နက္ခတ်ဗေဒင် ရာဇဝင်မဟာဝင် ရာဇသတ် ဓမ္မသတ်တို့ကို ကောင်းစွာ တတ်မြောက်ကျွမ်းကျင်သူ ဆရာတဆူ ပါရဂူတို့သည် သုခမိန်မည်၏။

မင်္ဂလာအကြောင်းဟူသည်မှာ မြတ်စွာဘုရားဟောကြား တော်မူသော မင်္ဂလာ ၃၈-ပါး၊ အလောင်းတော် မဟာရက္ခိတ ရသေ့မြတ် ဟောကြားတော်မူသော မင်္ဂလာရှစ်ပါး၊ လောကီ မင်္ဂလာ ၁၂-ပါး၊ ကောတူဟလ မင်္ဂလာ ၈၀-ပါး၊ ထိမ်းမြားခြင်း ၁၀-ပါးတို့ကို နားလည် တတ်မြောက် ကျွမ်းကျင်ရမည်ဟု ဆိုလိုသည်။

ဘိသိက်အကြောင်းဟူသည်မှာ အထက်ပါ မင်္ဂလာတို့နှင့် တကွ ဘိသိက် ၁၂-ပါး၊ ပလ္လင်ရှစ်ခန်းတို့ကို ကောင်းစွာနားလည် ကျွမ်းကျင်ရမည်ဆိုလိုသည်။

ထို့ကြောင့် ဘိသိက်ဆရာဟူသည်မှာ သာမန် ပုဂ္ဂိုလ်တို့၌ ရအပ်သော ဂုဏ်ပုဒ်မဟုတ်၊ ကာယဥပဓိသန္တာန်၌ စရိယ အင်္ဂါ အရည်အခြင်း အဇ္ဈတ္တသန္တာန်၌ ဗဟုသုတ ပညာအရည်အခြင်း ဟူ၍ အရည်အခြင်းနှစ်မျိုးရှိရာတွင် ကာယဥပဓိသန္တာန်၌ စရိယ အင်္ဂါအရည်အခြင်းကို ပြပေအံ့—

၁၃၄၀၅

မိတ္တာအာဇီဝက, ဒုပ္ပညာ, ဇစ္စင္ဆေမူဂ, တြိဝုတ္ထ, ခုဒ္ဒါဝယ, ဇစ္စအင်္ဂပန, ရတ္တိဘာဝ ဟူ၍ ၇-ပါး၊

၁၊ မိတ္တာအာဇီဝက- အသက် မွေးဝမ်း မကျောင်း မကောင်းသောသူ၊

၂၊ ဒုပ္ပညာ- ကိုယ်ရွတ်သော စာ ကိုယ်ပြောသော စကား ကိုယ်တိုင်မသိ ပညာမရှိသောသူ ဝါ- ကိုယ့်စာ ကိုယ်မသိ ကိုယ့်စကား ကိုယ်နားမလည်သော သူကို ဆိုလိုသည်၊

၃၊ ဇစ္စင္ဆေမူဂ- အံကန္ဒာရာပါဠိမပီ မသ ဆွံ့အ, လူစွာ လူရာမဝင် မပြီပြင်နသောသူ၊

၄၊ တြိဝုတ္ထ- ရတ္တိဝုတ္ထ- လေ်လီခြင်း ကြူးသောသူ၊ သုရာဝုတ္ထ- ယစ်ထုတ်ကြူးသောသူ၊ အက္ခဝုတ္ထ- ယောင်းကစားကြူးသောသူ၊

၅၊ ခုဒ္ဒါဝယ- လွန်စွာအရွယ်ငယ်သောသူ ဝါ-မင်္ဂလာခံ ကာယာကံရှင်တို့ထက် အသက်အရွယ်ကြီး ရမည် ဆိုလိုသည်၊

၆၊ ဇစ္စအင်္ဂပန- အမိဝမ်းတွင်းက ခြေလက်အင်္ဂါချို့ယွင်းသောသူ၊

၇၊ ရတ္တိဘာဝ- မှ, သဘာဝ ဓာတ်သက်ဝင့်သောသူ၊

ဥပမာ-ပုဏ္ဏားမျိုးတွင် ပုရောဟိတ်ဆရာ၏ သို့းပင်ဖြစ်လင့်ကစား ဘခင်၏ အတတ်ပညာကိုအကြွင်းမဲ့ တတ်ရောကာမှ ပုရောဟိတ်အရာ မခံထိုက်။

မြန်မာမျိုးတွင် သူခမိန်၏သမီးယောင်ဖြစ်လင့်ကစား ဘခင်၏ အတတ်ပညာကို အကြွင်းမဲ့ တတ်စေကာမူ သူခမိန်အရာ မခံထိုက်။

ဤ ၇-ပါးသော်ရှင်း, တပါးပါးသော်ရှင်း ညှိတွယ်မူ ဘိသိက်ဆရာ မခံမြောက်ထိုက်ချေ။

## အဇ္ဈတ္တသန္တာန်၌ ဗဟုသုတ ပညာအရည်အခြင်း ဟူသော်ကား

သူခမိန်တို့ အင်္ဂါသည် မိဿာအာဇီဝက, ဒုပ္ပညဿ, ဇစ္စဒွေမူဂ, တြိမုတ္တ, ခုဒ္ဒါဝယ, ဇစ္စအင်္ဂပန, ဣတ္ထိဘာဝ ဒေါသ အပြစ် အညစ်အကြေး စင်အောင်ဆေး၍ လေးမည်ကဝိ စုံညီပြည့် ရာ အင်္ဂါခုနစ် ကျေးဇူးရှစ်နှင့် ရန်စစ်အောင်နေ လေးထွေအကျင့် လေးဆင့်သင်္ဂြိုဟ် ယွင်းယိုမှုရှိ ဂတိလေးသွယ် မှတ်ဖွယ်နည်းနာ ရာဇာယမ နေလပဥ္စန် သုန္ဒရီ ဖေဝိသိကြား ရှစ်ပါးဤသို့ မင်းတို့မှတ်ဖွယ် ပုံသွယ်ဘသီး သူကြီးကျင့်မှု ဂုဏ်ခြောက်စုနှင့် ဆယ်ခုဓမ္မ ဗလငါးတန် စွမ်းအန်သုံးရပ် နဝရတ်ကိုးပါး ရှေးဘုရားတို့ ဟောကြားထင်စွာ မင်္ဂလာ-၃၈ ဘုရားမဖြစ်မီ အခါ မဟာရက္ခိတ အဋ္ဌမင်္ဂလာ ဟောဘူးစွာ၏၊ လူဆိုဝေါဟာ မင်္ဂလာ ၁၂-ပါး ဘိသိက်အပြား အလားထို့တူ ကောတူဟလ မင်္ဂလာတဆယ် မနုကျယ်ဓမ္မသတ်၏ လက်ထပ်ခြင်း ဆယ်ပါး ပညာရှိ ရသေ့များဖြစ်ကြသည့် ဣသိမန္ဒြိ, ဣသိချပန, ဣသိ အမြသိခ်, ဣသိသိခ်, ဣသိပေတာလ, ဣသိဆာရိကပ္ပ, ဣသိ ကာလီဒါဆ, ဣသိမဟိရ, အမည်ရှိသည့် သီရိကြမ္မာ တိတျာမင်း လက်ထက် ပေါ်ထွက်ကြဘိ သီလအဘိညာဉ် ချာန်ယာဉ်တန်ခိုး မြေလျှိုးမိုးပျံ ဒိဗ္ဗညာဏ်နှင့် ကျမ်းဂန်ဗာဟီ အညီပြုကြ ဇောတိ

တတ္တ ရာဇမတ္တံ ပူရံဝိဘာသျ နဋ္ဌရသ မဂဓအောဘိဓာန် ကာမဏ္ဍ ကိုနီတိ ဆံနကျ မက္ကန္တဝူရ် ဂြဟံသန္တိ နီတိစန္ဒြိကာ များစွာလာရှိ အာဒိကပ္ပ ဝေလေး၀ဗေဒင် ပြုစီရင်၍ ဂြိုဟ်နှင်ဂြိုဟ်နေ နတ်နှင့်နဂါး ပြဿဒါး မမှားအောင်ရှာဖွေ၍ မသေ့ဇာိန္ဒယုတ် စဉ်စန်းနက္ခတ် ထိုနှစ်ရပ် ရက်ကြွတ်ကိုနုတ်ပြီးလျှင် ကိန်းထုတ်ရှာဖွေ နာရီမိနစ် ပါဒ်ဗီဇနာ ပြန်ခရာပွေ၍ မသေ့အသံာ လိတ္တာဝိဃဋီ ဓိတိမင်္ဂလာ ဒသခါမလို အပိုမရှိ နားလည်ဥဿုံ ပြွမ်းတီးစုံမှ သုခမိန်အရာ ခံထိုက်ချေသည်။

ပုရောဟိတ်တို့ အင်္ဂါသည် ရာဇမတ္တံ ကျမ်းဂန် အလာ ယတြာယာယီ ဓိတိနက္ခတ် စန်းပြဟ်လွန်းပြတ် လင်္ဂတတ်စီးနင်း တြင်းနဝင်း တိုင်ဆင်းတိုင်ဦး တိုင်ကူးတိုင်တက် ဂြိုဟ်သက်ဂြိုဟ်သုံး ဘာက်ဆုံးသက်ရောက် အမြောက်အနုတ် အကုတ်အစား ကြွင်းငြား သေသ လာဘ်ရလာဘ်တင် ရက်ငင်ရက်နုတ် ဥပုသ်ပဝါရဏာ သင်္ချာကိန်းပြို အတိုအံရှည် ဩဿန္တီပညာ များစွာတတ်သိ ပညာ ဂိ... ကာဝိပုဏ္ဏား အများသမိုက် ဆန်းဆကရိုက်ကို မြိုက်မြိုက် ...စက်လားရဟာတ် ပတ်ပတ်သင်သွင် နှုတ်သံလွင်နှင့် ပြီပြင် ဖြိုးဖြိုးဖြန်းလျက် ကျင့်ခဏ်းထွေပြား အပါးပါးလျှင့် ကျယ်ဝန်း ဆန်းအလင်္ကာ နားဝင်စွာ၍ ဂါထာဖွဲ့စွမ်း ...လာက် မင်းပွဲမှောက်တွင် တပေါက်ပဏ္ဍိတ် ပုရောဟိတ် ...က်ဆရာ မြောက်ထိုက်စွာသား ဒိသာပါမုက် မည်ထုတ် ...ခွင် ကြိုးပမ်းဆောင်လျက် တတ်ခေါင်လိမ္မာ ရှေးအခါ ...မြောက်လှ ဇာနက္ကာသို ဂြဟာသန္တိ ကျမ်းနှင့်ညှိ၍ ဗလိ ဂြိုဟ်ခေါ်ဂြိုဟ်နှင် ...ဗေဒင်ကိန်းခန်း မန္တာန်ဖြန်းလျက် ...းစက္က မဏ္ဍလဟု တရာရှစ်ကွင်း အင်းလည်းစီရင်

ဆင်သားပိတာ တံခွန်တလျှောက် ဖြူနီဆောက်၍ ယပ်ဖျောက် ရန်ဇဘား ဆေးပေဥကျောင်း ဘိသိက်လောင်းလျက်၊ သူ့ကောင်း သူမြတ် လွတ်စေအနာ ဥပဒ်ခွါလော့ ပြည်ရွာတိုင်းကား ကြီးပွားစိမ့်ငှာ လေးမျက်နှာမှ မလာရန်စစ် မဖြစ်စေမူ ဏည်ထွင် ပြု၍ စုသည့်မီးခဲ ကျီးရဲရဲ၌ မြှောက်ကြဲ ဖြောက်ဖြောက် ပေါက်ပေါက်စသည် ပန်းငါးမည်နှင့် ဆောက်တည်မပျက် ခုနစ် ရက်တွင် ခန့်တွက်ပိုင်းခြား မန္တယားတည့် ဖန်များစုရွတ် ပျားထောပတ်နှင့် မီးနတ်ကော်ရော် ယဇ်ပူဇော်၍ ရန်ပေါ် ရန်ချင်း ပျောက်စေလျှင်းမှ လူမင်းဆရာ ရာဇာ တံ ဆိပ် ခေါင်ပဏ္ဍိတ်ဟု ပုရောဟိတ်အရာ ခံထိုက်ချေသည်။

ဧင်းပြင် ဇာဖြာ အနုသာသန ဆုံးမစာမှာ-

လှေပဲ့စီးသူတို့ အင်္ဂါသည် ရေသာရေပြင်း စီးခင်း သောင်မြိတ် လေရိပ်မိုးသက် နှရွတ်က်ရေကျ တွေးဆနက်တွှိမ် ကွေ့လိမ်တည်တည် သိနားလည်မှ တက်မ့စွဲကိုင်ရာသည်။

မာလိန်မှူးတို့ အင်္ဂါသည် ရေကြောင်းနှံ့စပ် လမ်းဖြတ် လမ်းကူး ကျွန်းဦးကျောက်ပုံ သဲခုံသောင်ငူ ရေဖူး ရေနီ တလီ ရေညို ထိုထိုရေစိမ်း ခပ်သိမ်းဖွေနည် သိနားလည်မှ ကြီးလှဝေမြိုင် သုံးပင်တိုင်ကြော ထိုသင်္ဘောမှာ မနောမွေ့သိမ်ဉာဏ်ဖြင့်ချိန်၍ မာလိန်မှူးအရာ ခန့်ထိုက်ချေသည်။

စစ်မြေဖြင်အရပ်မှာ စိုးကွပ်သော အင်္ဂါသည် ကောင်းတို ကင်းရှည် အတည်အရပ် အကပ်အခွါ ဗျူဟာစက္က သေနင်္ဂနှင့် ပဒုမဗျူဟာ တပ်မှာမြေကတုတ် တည်လုပ်ပြင်ငြား စိုက်ထား ဆူးငြောင့် အစောင့်အနေ အဝေအဝန် အကြံအတွေး အရေး

အရာ အဖြာဖြာကို ပညာသတိ ရှိသည်စိတ်စွဲ နှလုံးပြဲလျက် ကွပ်ကဲစီရင်နိုင်မှ စစ်ဘုရင်အရာ တင်မြှောက်ထိုက်ချေသည်။

။ သ်မားတို့အင်္ဂါသည် ဒွါဒရာသီ ဂဝန္တြီ ဓာတုဝိဘာဂ ဓာတုရသ ဓာတုဒီပနီ တလီသရုပ် ပဥ္စဘုတ်ဗိန္ဒော သဘောချိန်မှီ ရာသီဥတု မြှော်ဆပြုလျက် ဓာတုရုပ်ပိုင်း သွေးပိုင်းလေပိုင်း ဆုပ်ဆိုင်းထွေထွေ သည်းခြေပိုင်း သလိပ်ပိုင်းနှင့် နှစ်ပိုင်းလပိုင်း ရက်ပိုင်းဒသာ ထောက်တွေးစာ၍ အနာ့လက္ခဏာ ငါးဖြာနိမိတ် သွေးတိတ်လေဖြတ် သန္နိပါတ်နင်း ရောဂါမ်းဆိုဘိ တြိဒေါသ စ၍ ယေလာ အဖြာဖြာကို ပညာသတိ စွဲကပ်မိငြား နှလုံးထားမှ သမားတို့အင်္ဂါနှင့် ပြည့်စုံလေသည်။

ထိုနည်းတူ ဘိသိက်ဆရာတို့မှာလည်း ဘိသိက်ဆရာဖြစ် အင်္ဂါနှင့် ပြည့်စုံရမည်ကို သတိပြုရာသည်။

## ဆရာဖြစ်သင် အခြေခံပညာအခက်း

**ဆရာဖြစ်ဆူပြုလုပ်လိုသူတို့ သိအပ်တတ်အပ် မှတ်အပ်သော ဘိသိက်ဆရာ၏ အခြေခံပညာကို အကျယ်ပြစေအံ့ အလွယ်နှင့်တတ်မြောက်ကြစေကုန်သတည်း**

ဤကမ္ဘာ လောကဓာတ်ကြီးတစ်ခုလုံး၌ အထူးဆုံး အမြတ်ဆုံးဖြစ်တော်မူသော ဘုရားစစ် ဘုရားမှန် တရားစစ် တရားမှန် သံဃာစစ် သံဃာမှန် သုံးတန်သော ရတနာအဆင့်အဖူး တို့အား ညွတ်နူးရိုကျိုး ရှိခိုးပြီး၍ လောကီ လောကုတ္တရာ ပညာကိုပေးတတ်သော ကျေးဇူးတော်ရှင် ဆရာအရှင်, သခင်ကိုယ်တော်မှိုင်း ကြီးနှင့်တကွ ဟာဒယဓာတ် မပြတ်ကြည်နူးလျက် ရှိကြပေသော

အမိအဘ နှစ်ဦးတို့အားလည်း အထူးမှာနှလျော့ ကန်တော့ရှိခိုးပြီးခါ နှစ်ဖြာသော လောကီ လောကုတ္တရာ မင်္ဂလာနှင့်တကွ ကောလာဟလငါးပါး မင်္ဂလာ ၃၈-ပါး၊ မင်္ဂလာရှစ်ပါး၊ လော့ကီမင်္ဂလာ ၁၂ပါး၊ အဘိသိက် ၁၂ပါး၊ ကောဝုဟလ မင်္ဂလာ ၁၀ပါး၊ ထိမ်းမြားခြင်း ၁၀ ပါးတို့ကို ဆိုင်ရာဆိုင်ရာ ခွဲခြမ်းစိတ်ဖြာ၍ အစိတ်စိတ် ပြခြင်းတည်းဟူသော "အဝယဝတ္ထုအဓိပ္ပာယ်"အပေါင်းပြခြင်း တည်းဟူသော "ပိဏ္ဍတ္ထအဓိပ္ပာယ်" တို့နှင့်တကွ သိလွယ်မှတ်လွယ်ကြစေရန် သိုက်မြိုက်ဆန်းကျယ်စွာ ပိုင်းခြားဝေဖန်၍ပြမည်ဟု ရှေးဖျားမဆွ အဦးအစ၌ ရတနတ္တယ ပဏာမတွင် ပဋိညာဉ်ပေးခဲ့သည် အားလျော်စွာ နောက်၌ပြဆိုလတံ့သော အဋ္ဌကထာအလျား များကိုလည်း မှတ်သားနာယူ တော်မူကြရန် ဥယျောဇ္ဇော် စ ကား ဖြင့် တိုက် တွန်း ခြင်း ပြုပါကြောင်း။

## ကောလဟလငါးပါး

လောကကို စောင့်ရှောက်လျက်ရှိကြကုန်သော လောကပါလ လောကဗြူဟာ နတ်မင်းကြီးတို့သည် လူတို့ကို ပူးကပ်လျက် ကြွေးကြော်သော "ကောလာဟလငါးပါး" ဟူ၍တို့ဘုရားဟော ကြားတော်မူသောကြောင့် သိရသောတရားမှာ "စက္ကဝတ္တိကောလာဟလ, ကပ္ပကောလာဟလ, ဗုဒ္ဓကောလာဟလ, မင်္ဂလာကောလာဟလ, မောနေယျ ကောလာဟလ" ဟူ၍ ငါးပါးဖြစ်ပါကြောင်း။

၁။ ဤလူ့ပြည်လောက၌ နောင်နှစ်ပေါင်းတရာကျော်လျှင် လေးကျွန်းလုံးကို အစိုးရတော်မူသော စကြာဝတေးမင်းကြီးဖြစ်

ထွန်းပေါ်ပေါက်လိမ့်မည်ဟု ကြေးကြော်ခြင်းသည် စက္ကဝတ္တိ ကောလာဟလ မည်ပါသည်။

၂။ ဤကမ္ဘာလောက ကြီးသည် နှောင်နှစ်ပေါင်း တသိန်း ကြာလျှင် ကမ္ဘာမီးလောင်၍ပျက်စီးလိမ့်မည်ဟု ကြေးကြော်ခြင်း သည် ကပ္ပကောလာဟလ မည်ပါသည်။

၃။ ဤလူ့ပြည်လောကဌ် နှောင်အနှစ် ရှစ်သောင်းကြာ လျှင် လောကသုံးပါးတွင် ဒုတိယမရှိ တဆူတည်း ဖြစ်တော်မူသော သုံးလူ့ထွဋ်ထား သဗ္ဗညုမြတ်စွာဘုရား ထင်ရှားစင်စစ် ပွင့်ထွန်း ပေါ်ပေါက်တော်မူလိမ့်မည်ဟု ကြေးကြော်ခြင်းသည် ဗုဒ္ဓကော လာဟလ မည်ပါသည်။

၄။ ဤလူ့ပြည်လောကဌ် နှောင် ၁၂-နှစ် ကြာလျှင် လော က၏အကျိုးငှာ မင်္ဂလာတရား ဖြစ်၍ထွန်းပေါ်ပေါက်လိမ့်မည်ဟု ကြေးကြော်ခြင်းသည် မင်္ဂလာကောလာဟလမည်ပါသည်။

၅။ ဤလူ့ပြည်လောကဌ်နှောင် ၇-နှစ်ကြာလျှင်မောနေယျ အကျင့်မြတ်ကို ကျင့်နိုင်မည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ပေါ် ပေါက်လိမ့်မည်ဟု ကြေးကြော်ခြင်းသည် မောနေယျကောလာ ဟလ မည်ပါသည်။

ဤသည်ကိုရည်၍ ရှေးပညာရှိတို့သည် "စကြာမှာ တရာ, ကမ္ဘာမှာ သိန်းထား, ဘုရားမှာ သောင်းရှစ်,၁၂-နှစ်မှာ မင်္ဂလာ, မောနေယျမှာ ၇-နှစ်ပေါ်မြဲဖြစ်၏၊ ခွန်းလှစ်ကြဘာ ကောလာ ဟလ ကြေးကြော်ရသား ,ဘုရားလူ့ဘ ဟောညွှန်ပြသည် ကမ္ဘာ့ ထုံးတမ်း စဉ်လာတည်း ဟူ၍ ရှေးပညာရှိ ပုဂ္ဂိုလ်ကျော်တို့ စပ် ဆိုတော်မူသည်နှင့်အညီ—

## ၃၈-ဖြာ မင်္ဂလာတရားတော် အကျဉ်း

ကျွမ်းမည်သော ယခုအခါ၌ ပြုရှာကြတဲ့ မင်္ဂလာ ခါသမယ ပွဲကြီးသဘင်ကို ဂုဲချီးဆင်ယင်သော်နေ့ ဖြစ်ရကား ၁၂-နှစ်မျှ ခဲယဉ်းစွာရှာဖွေပါသော်လည်းဘဂဝါပရမေအရှင်ဘုရားမှတပါး မင်္ဂလာတရားကို မည်သူမှ မသိနိုင်ရာ့ဟု သတိပိုင်စွာ မဟောသက္က သည် ဇေတဝနေထက် ကြွကာ၏ မဟာသရဖူ ပရမေဘဂဝါသို့ ဗာဟုဒေဝါ မနုဿာစ မင်္ဂလာကို ထုတ်ခါ ပြစေချင်ပါသည်ဟူ သောအကြောင်းကြောင့် ကုမုဒ်ကြာမှ ဒေသနသုတ် ဓမ္မာသင် ကစပြီး—

"ဒေဝပုတ္တော ဒသသှဟာယ စက္ကဝါဠေသု ဒေပတာ မင်္ဂလပဉှ သောတုကာမတားယ" အစရှိသော ဂါထာလှာသည် နှင့်ညီစွာ မည်သညာမထင်ရှားသော်ဒေဝဘာ နတ်သားသည်များ ပြားချင့်ပေါင်းတသောင်းသောစကြာဝဠာတို့မှမင်္ဂလာဒေသနာ ကိုနာပါရခြင်းငှာ သိမ်မွေ့စွာမွေ့သားမြီးဖျားချထားလောက် သော အရပ်ဝယ် တဆယ်ကစ ရှစ်ကျိပ်ကျအောင် သိမ်မွေ့လှ သော သဏ္ဍာန်ကို ဖန်ဆင်းလျက် လေးပြင်သောအရှပ်မှ သဗ္ဗဒေဝ မာရ ဗြဟ္မဏောသိရိယာစ တေဇသာစ ကေဝလမကျန် မာရ် အရပ်ရပ် နတ်ဗြဟ္မာအပေါင်း ထောင်သောင်းကုဋေ မရေတွက် သာ ကြီးစွာသောအံ့သရေ ဖြိုးဝေသော တန်ခိုးဖြင့် တိုးဝှေ့ခစား ကြသောအခါ တရားဟောတော်မူရာတွင် မပါကြသူလူအပေါင်း တို့၏ တောင့်တခြင်း အာသာကို ပယ်တ်မှန်စွာသိပါလျက် ရော ယှက်သော ဆန္ဒကြောင့် သဘာဂပြုပြီးမှ ခယတောင်းပန်လေရာ

မင်္ဂလာအဋ္ဌတိံသကို သရူပလက္ခဏာနှင့်တကွ မိန့်ပြဟောကြားတော်မူပါသည်။

"ကုဒါနိ တေသူဝမင်္ဂလေသု ဥဏ္ဏာပါဠိဝတ္တာ အပာအာဒိတော ပဘူတိယောဇနာ" အဋ္ဌကထာပါဠိ လာရှိသည်အရ ပဋ္ဌက္ခတမလွန် နှစ်တန်သောဘဝမှာချမ်းသာဖလဝရပါစေခြင်း အကျိုးငှာ ပညာရှိသူကို မှီဝဲ, ပညာမဲ့သူ လူမိုက်ကိုကြဉ်ဖဲ၍ ဂုဏ်လွန်ကဲသူကို ပူဇော်, သင့်လျော်သော အရပ်ကို ချဉ်းကပ်၍ အရင်းမူလပုညထိုထိုဖြင့် မိမိကိုယ်ကို ဖြောင့်သားစေလျက် အကြားအမြင်ဘာင်အပ်ပြီးသောအတတ် သင့်မြတ်သော ဝိနယအလာ သာယာလေစကားကိုဆို၍လူ၏အဖြစ်ကိုမရှုန်နိုင်သေးသာမျှ ကာလာပတ်လုံး မိဘနှစ်ပါးသားမယားတို့အား တရားနှင့်လျော်စွာဂရုဂါရဝ သင်္ဂဟဖြစ်မစေလျက် အပြစ်မဖက် ဖြောင့်ရှက် သန့်ရှင်းသောအလုပ်ခီတင်း စပ်လျဉ်းသောမျိုးဆွေတို့အား သင်္ဂြိုဟ်ခြင်းကို ဖြစ်စေ၍ အပြစ်ကင်းသော ဥပုသ်သီတင်းကို ကျင့်သုံးလျက် အလုံးစုံသော ဒုစရိုက်တို့ကို ကြဉ်စေ၍ သေအရက်ကို မမက်စေဘင့်စည်းကြီးစွာသော သတိဖြင့် ဂုဏ်ဘူးရှိသော သူတို့ကို ရိုသေနိမ့်ချတောင်တမရှိဘဲ ရောင့်ရဲဖြူစင် သူ၏ကျေးဇူး ခြိုးကျူးတတ်စွာသင့်တင့်သောကာလဝါ၌ တရားတော်ကို နာခံ၍ သည်းခံချိုသာနာလွယ် ရှင်လန် ရဟန်းတော်တို့ကိုကြည်ညိုဖူးမြင် ဒွေဋ္ဌကအရာ၌စင်ကြယ်အောင် မေးမြန်းလျက် ခြောက်ခန်းသော ကုသိုလ်ကိုငြိမ်စေသော အစွမ်းဖြင့် ရဟန်းကိစ္စ ဗြဟ္မစရိယအမူစဘုသာစ္စကို သမုဒရှုပြီ မှ ပဏ္ဏိတအမှန် နိဗ္ဗာန်တိုင်ရောက် မျက်မှောက် ပြုနိုင်သောအခါ မဟာသိဒ္ဓိရုက်ကို လေတာစုတိုးတွေ့လည်း မရွေ့မခံ မတုန်လှုပ်သကဲ့သို့ ယုတ်မာသော လောကဓံကြောင့် ဖောက်ပြန်ခြင်း

မရှိ တဏှာဒိဋ္ဌိကိုရသဖြင့် အမတသုခံ ပြည်မနိဗ္ဗာန် စံယူခြင်းသို့ မယှဉ်းထုတ်ချောက် ရောက်လေသည်သာဟု မင်္ဂလာဓမ္မတို့၏ပုဗ္ဗ ပရသမ္ဗန္ဓ နှင့်တကွ သင်္ခေပဟောကြားတော်မူလေသည်၊ ထိုအခါ အားလုံးသော နတ်ပြဟ္မာ အပေါင်းတို့သည် သင်္ချာဂဏန်း ချင့်မှန်းဖွယ် မရှိ ဓမ္မာဘိသမယသို့ ရောက်ကြရပါသည်။

## မင်္ဂလာရှစ်ပါး အကျဉ်း

ရင်းပြင် ဒသနိပါတ် မဟာမင်္ဂလဇာတ်တွင် မင်္ဂလာ ပြဿနာ ရှုပ်ထွေးလာသည်ကို အကြောင်းပြု၍ ရှင်သာရိပုတ္တရာ အလောင်းဖြစ်သော တပည့်ရသေ့သည် ခပ်သိမ်းသောသူတို့၏ ကြီးပွားမြင့်မြတ်ကြောင်း ဖြစ်သော စင်ကြယ်သည်၏ အဖြစ်သို့ ရောက်စေတတ်သော အမြင့်ကောင်းသောမင်္ဂလာဖြင့် အဘယ်ကဲ့သို့ စောင့်ရှောက်အပ်ပါသနည်းဟု ဆရာဖြစ်သော အလောင်းတော် မဟာရက္ခိတရသေ့ထံ တောင်းပန်အပ်သည်ဖြစ်၍ ဟောကြား တော်မူသော ရှစ်ပါးသော မင်္ဂလာတရားတော်မြတ်သည်ကား-

အပြစ်မရှိ စင်ကြယ်ကုန်၏၊ ဘုရား အစရှိသော သူတော် ကောင်းတို့ခြီးမွမ်းကုန်၏၊ မင်္ဂစခန်း ဖိုလ်စခန်းနီး၏၊ နိဗ္ဗာန်တိုင် အောင် မြင့်မြတ်သော ချမ်းသာကို ဖြစ်စေတတ်၏၊ ဤလောကဥ် ပညာရှိသော လူနတ်အပေါင်းတို့သည် ထိုရှစ်ပါးသော မင်္ဂလာ တရားတော်ကို လိုက်နာကြိုးကုတ် အားထုတ်ကျင့်ကြံ ကုန်ရာ၏ဟု ဆိုးမတော်မူသော ထိုရှစ်ပါးသော မင်္ဂလာတရားတော်မြတ်သည် ကား-

သဗ္ဗဘူတာနိ မေတ္တာယ, နိစ္စံ အပစိတာနိ
ဟောန္တိ၊ နိဝါတဝုတ္တိ ခန္တိ ဒုရုတ္တာနံ အပ္ပဋိ

ကုလဝါဒီ, သဟာယမိတ္တေ နာဝဇာနာတိ,
မိတ္တေသု ဓနေန သံဝိဘာဂီ, ဘရိယာ
သဇာတာ သီလဝတီ ပတိဗ္ဗတာ, ရာဇာ
သောစေယျ ဇန္တုသောဝနံ, အနုဗ္ဗ ပယန္တ
စိတ္တော ဒဒါကို, သီလဝန္တော အရိယာ
ဓမ္မေန ပဋိလဘတိ၊ သောတ္တာနံ တဒါဟု။

## ယောဇနာ

၁။ သဗ္ဗဘူတာနိ-ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့ကို၊ မေတ္တာယ-မေတ္တာဖြင့်၊ အပစိတာနိ-အရိုအသေပြုအပ် မြတ်နိုးအပ်ကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

၂။ နိဝါတဝုတ္တိ-မိမိကိုယ်ကို နှိမ်ချ၍၊ ဒုရုတ္တာနံ-သူတပါးတို့က မကောင်းသဖြင့် ဆိုအပ်သော စကားတို့ကို၊ ခန္တိ-အမျက်မထွက်ဘဲ သည်းခံခြင်းနှင့်တကွ၊ အပ္ပဋိကုလဝါဒီ-လျော်သော စကားကိုသာ ဆိုလေ့ရှိသည်၊ ဟောတိ-ဖြစ်၏။

၃။ သဟာယမိတ္တေ-မိမိ၏ အဆွေခင်ပွန်းတို့ကို၊ နာဝဇာနာတိ-မထိမဲ့မြင် မပြုခြင်းသည်၊ ဟောတိ-ဖြစ်၏။

၄။ မိတ္တေသု-အဆွေခင်ပွန်းကောင်းတို့၌၊ ဓနေန-မိမိဥစ္စာဖြင့်၊ သံဝိဘာဂီ-အထိုက်အလျောက် ခွဲဝေပေးလေ့ရှိသည်၊ ဟောတိ-ဖြစ်၏။

၅။ သဇာတာ-သားသမီးရတနာ ဖွားမြင်ခြင်းရှိသော၊ သီလဝတီ-သီလနှင့် ပြည့်စုံသော၊ ပတိဗ္ဗတာ-လင်ကို ရိုသေသော

အလေ့ရှိသော၊ ဘရိယာ-မယားကို ရရှိခြင်းသည်၊ ဟောတိ-ဖြစ်၏။

၆။ ရာဇာသောစေယျ- အရည်အချင်းကို သိတတ်သော မင်းထံ၌၊ ဇန္တသောဝနံ-ခစားရခြင်းသည်၊ ဟောတိ-ဖြစ်၏။

၇။ အန္နဥ္စ- အစားအသောက် ပန်းနံ့သာ စသည်တို့ကို၊ ပသန္နစိတ္တော- ကြည်ညိုသောစိတ်ဖြင့်၊ ဒဒါတိ- ပေးလှူခြင်း ရှိသည်၊ ဟောတိ-ဖြစ်၏။

၈။ အရိယာဓမ္မေန- အရိယာဓမ္မနှင့် ပြည့်စုံသော၊ သီလဝန္တော-သီလဝန္တပုဂ္ဂိုလ်တို့သည်၊ ပဋိလဘတိ-မင်္ဂဖိုလ်ကိုရရှိခြင်း သည်၊ ဟောတိ-ဖြစ်၏။

တံမင်္ဂလံ- ထိုရှစ်ပါးသော မင်္ဂလာတရားတော်သည်၊ ဧ(- စင်စစ်၊ သောတ္ထာနံ- အပြစ်မရှိ စင်ကြယ်သော မင်္ဂလာဟူ၍၊ ပဏ္ဍိတာ-ပညာရှိတို့သည်၊ ဒွ◌ါဟု-ဆိုကုန်၏။

## ထိုမင်္ဂလာရှစ်ပါး အဓိပ္ပါယ်မှာ

၁။ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အား အငြိုးမပြတ် မေ◌ာ◌ထား၍ အရိုအသေပြုခြင်း၊

၂။ မိမိကိုယ်ကို နှိမ်ချ၍ သူတပါးတို့က မကောင်းသဖြင့် ပြောဆိုသော စကားတို့ကို အမျက်မထွက်ဘဲ ကောင်းသောစကား ကိုသာ ဆိုလေ့ရှိခြင်း၊

၃။ မိမိ၏အဆွေခင်ပွန်းတို့အား မထိမဲ့မြင် မပြုခြင်း၊

၄။ အဆွေခင်ပွန်း ကောင်းတို့၏ အကျိုးကို မဖျက်ဘဲ၊ မိမိ ဥစ္စာဖြင့် အဆွေခင်ပွန်းတို့အား အထိုက်အလျောက် ခွဲဝေပေး လေ့ရှိခြင်း၊

၅။ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ နေလေ့ရှိသော လင်ကို ရှိသော်၍ သီလနှင့်ပြည့်စုံသော သားသမီးရတနာ ဖွားမြင်ခြင်း ရှိသော မယားကို ရရှိခြင်း၊

၆။ အရည်အချင်းကို သိတတ်သော မင်းထံ၌ ခစားရခြင်း၊

၇။ အစားအသောက် ပန်းနံ့သာ စသည်တို့ကို စေတနာကြင်နှင့်ပေးလှူရခြင်း၊

၈။ အရိယာဓမ္မနှင့် ပြည့်စုံသော သီလဝန္တ ပုဂ္ဂိုလ်တို့သည် သီလ သမာဓိ ပညာဖြင့် အားထုတ်၍ မင်္ဂဖိုလ်ကို ရရှိခြင်း၊

ဤသည်လျှင် အလောင်းတော် မဟာရက္ခိတ ရသေ့မြတ် ဟောကြားတော်မူသော မင်္ဂလာ ရှစ်ပါးတည်း။

"အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စသေဝနာ" စသော ၃၈-ဖြာသော မင်္ဂလာတရားတော်သည် ဤမင်္ဂလာ ရှစ်ပါး၌ အကျုံးဝင်၏၊ ဝေနေယျဇ္ဈာသယ, ဒေသနာဝိလာသ အားဖြင့် အကျဉ်း၊ သမာသ ၈-ပါး အကျယ်ဗျာသ ၃၈-ပါးဟူ၍ ဟောတော်မူသည်။

ထို့ကြောင့် ဤသို့ထင်ရှား ဟောသွန်ကြားသည် ရှစ်ပါး မင်္ဂလာခြိမ့်မွမ်းရာသား ချမ်းသာစစ်စစ် ရကြောင်းဖြစ်၏၊ ခုခေတ် သမယ မှတ်ယူကြသည့် ဒိဋ္ဌ သုတ မုတ္တာ စသည် မည်ရည်ထင်ရှား ပညတ်များတွင် တရားနှိုင်းရှု စိစစ်ပုံသော် တခုခုမျှ သာရမမြင် အနှစ်ညည်းစင်၏၊ ဤမင်္ဂလာပေါင်းရှစ်ဖြာကို ပညာသိမ်းကျုံး စွဲယူသုံး၍ နှလုံးမူကြ စေကုန်သတည်း။

ဤမင်္ဂလာရှစ်ပါးအကျယ်ကို ဒုတိယတွဲတွင် ထည့်သွင်းဖော်ပြပါအံ့။

## လောကီမင်္ဂလာ ၁၂-ပါး အကြောင်း

ကမ္ဘာဦးလူ ကပ်ဦးသူတို့ အတည်ပြုလုပ် သမုတ်လမ်းမှန် ကျမ်းဂန်အဆီ ဗာဟီသိဒ္ဓါ အလင်္ကာဆန်း ဂဏန်းဗေဒင် ဆင်ကြန် မြင်းကြန် မြေကြန်ကစ များပြားလှသော လောကီကျမ်းကြီး ကျမ်းငယ် အသွယ်သွယ်အဝဝ နေလနက္ခတ် မိုးနတ်ဗြဟ္မာအဖြာ ဖြာသော လောကီသုတ မည်နာမတို့သည် ကမ္ဘာအရှည် အခွန့် တည်ကြ ရလေသည်၊ ထို့ကြောင့် "ကမ္ဘာဦးလူ ကပ်ဦးသူတို့ အဖွဲ့အမည်း အနည်းနည်းဖြင့် သိမ်းဆည်းမှတ်သား သညာများ ကို ဘုရားပါလျက် ထုံးမဖျက်ဘဲ မိန့်မြွက်ခေါ်ရ လောကသမုတိ ထုံးစံရှိကို မသိ့သိအောင် ဉာဏ်မြင်ဆောင်ရမည်" ဟု ဆိုရိုးရှိသည့် အတိုင်း—

ရှေးကမ္ဘာဦးသူတို့ သမုတ်ခဲ့သော အဖွဲ့-အမည်း ပစ္စည်း သုံးဆောင် တောတောင်သမုဒ္ဒရာ တိနင်္ဂနွေ တနင်းလာ ရာသီဥတု ရတုခြောက်ဖြာ မာသဆဲ့နှစ် ရက်နှစ်ဆယ်ပြား လူ့စကားကို ဘုရား သော်မှ မပယ်ချဘဲ လိုက်လျော၍ သုံးနှုန်းရဘိသကဲ့သို့ ကမ္ဘာဦး သူတို့သမုတ်၍ ပညတ်ချက်ထုတ်ခဲ့သော လောကီမင်္ဂလာ ၁၂-ပါး အဘိသိက် ၁၂-ပါး ကောတူဟလမင်္ဂလာ ၁၀-ပါး ထိမ်းမြားခြင်း ၁၀-ပါးတို့ကို နောင်လာနောက်သား တပည့်များတို့သည် အစဉ် အဆက် မပျက်အောင် မှတ်သားကြ၍ ဆရာတဆူ တံခွန်ထူနိုင် ကြစေရန် ဤအခန်း၌ ထည့်သွင်းဖော်ပြပေအံ့။

မင်္ဂလဒီပနီ လုဒ္ဒကတ်ကြံ၍ မင်္ဂပါး လုနာတိ ဆိဒ္ဓတိတိမင်္ဂလံ၊ ယံကမ္မံ-အကြင်အမှုသည်၊မင်္ဂပါပံ-မကောင်းမှုအကုသိုလ် ထိုထို ဘေးဒဏ်ရန်မာန်အပေါင်း မကောင်းမှုဟူသမျှ အနိဋ္ဌတို့ကို၊လုနာ

တိဆိန္ဒတိ-ဟယ်လှီးရိတ်ဖြတ်ပျောက်စေတတ်၏၊ ဣတိတသ္မာ-ထိုသို့ မကောင်းမှု အကုသိုလ် ထိုထိုဘေးဒဏ် ရန်အနိဋ္ဌ ဟူသမျှ တို့ကို ပယ်ချရိတ်ဖြတ်တတ်သော သတ္တိကြောင့်၊ တံကမ္မံ-ထိုအမှု သည်၊ မင်္ဂလံ-မင်္ဂလာမည်၏၊ အလုံးစုံသော မကောင်းမှု ဟူသမျှ အနိဋ္ဌတို့ကို အကုန်ပယ်ဖြတ်တတ်သောကြောင့် မင်္ဂလာလို့ ခေါ် ပါကြောင်း။

ဂုင်းပြင်တနည်း ဝိဂ္ဂဟ်မှာ- မင်္ဂသိရီ လဘိတုံ အလတိ အရဟတီတိ မင်္ဂလံ၊ မင်္ဂသိရီ-အလုံးစုံသော မင်္ဂလာ ကြက်သ ရေကို၊ လဘိတုံ-ရခြင်းငှာ၊ အလတိ-အရဟတိ-ထိုက်၏၊ ဣတိ တသ္မာ-ထိုသို့အလုံးစုံသော မင်္ဂလာကြက်သရေကို ရထိုက်သော သတ္တိကြောင့်၊ မင်္ဂလံ-မင်္ဂလာမည်၏ ဟူ၍ မြတ်စွာဘုရား ပါဠိ တော်အား လျှောက်ပတ်စွာ "ကိတ်ဝိဂ္ဂဟ်၊ တဒ္ဓိတ်ဝိဂ္ဂဟ်၊ သမာသ် ဝိဂ္ဂဟ်" ဟူ၍ ဝိဂ္ဂဟ်သုံးရပ်ရှိသည်တွင် ဤနေရာ၌ သမာသ်ဝိဂ္ဂဟ် ပြုလုပ်ပါကြောင်း။

အလုံးစုံသောမင်္ဂလာကြက်သရေကို ရထိုက်သောကြောင့် မင်္ဂလာဟူ၍ ခေါ်ဆိုရပါသည်၊ အဘယ်ကဲ့သို့သော မင်္ဂလာကြက် သရေတို့ကို ရထိုက်ပါသနည်းဟူမူ-

ဤနေရာ၌ လောကီမင်္ဂလာ ၁၂-ပါး၊ အဘိသိက်၁၂-ပါး ကောတူဟလမင်္ဂလာ ၁၀-ပါး ထိမ်းမြားခြင်း ၁၀-ပါး တို့ကို အကျယ်အားဖြင့်ဆရာပြခဲ့ပါမည်၊ ပါသမျှ စာဟာမ်းအသွားတို့နှင့် တကွ "အခမ်းအနားကို မင်္ဂလာ၊ ခြီးမြှင့်သည်ကို ဘိသိက်" အတိတ် နိမိတ် အမှန် သိကြရအောင် ပဏ္ဍိတအနွယ် ဝင်လိုသူတို့သည် တကယ်ပင် မှတ်သား၍ ၁၂-ပါးသော မင်္ဂလာ၊ အခမ်းအနား

တို့တွင် ထင်ရှားစွာ ခေါင်းပဏ္ဏတ်ဟု ဘိသိက်ဆရာ မြောက်ကြ ပါစေသောဝ်-

## လောကီမင်္ဂလာ ၁၂-ပါး ဟူသော်ကား

ဂဗ္ဘဝါသ မင်္ဂလာ, ဝိဇာတ မင်္ဂလာ, သိရောဒကမင်္ဂလာ, ကေသစ္ဆေဒန မင်္ဂလာ, အာဟာရပရိဘောဂ မင်္ဂလာ, စူဠာကရဏ မင်္ဂလာ, ကဏ္ဏဝိဇ္ဈန မင်္ဂလာ, သာသနပဗ္ဗဇ္ဇ မင်္ဂလာ, အာဝါဟ ဝိဝါဟ မင်္ဂလာ ဟူ၍ ၁၂-ပါး ဖြစ်ပါကြောင်း။

## ထို၁၂-ပါး အာစိပ္ပာယ်မှာ

၁။ ပဋိသန္ဓေ တည်နေ ကိန်း အောင်းသည်မှ မီးရှူးသန့်စင် မဖွားမြင်မီအတွင်း ပဋိသန္ဓေသား၏ ကြီးပွားရာကြီးပွားကြောင်း ကို ရည်စူး၍ အကြိမ်ကြိမ် အဖန်ဖန်ပြုလုပ်အပ်သော မင်္ဂလာသည် "ဂဗ္ဘဝါသ မင်္ဂလာ" မည်ပါသည်။

၂။ မီးရှူးသန့်စင် ဖွားမြင်သောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် "ဝိဇာတ မင်္ဂလာ" မည်ပါသည်။

၃။ ဖွားမြောက်ပြီး၍ နေ့ရက်မကြာမီအတွင်း တံရေဝ် ကင်ပွန်းတို့ဖြင့် ခေါင်း ဆေးလျှော်၍ ကင်ပွန်းတပ်ခြင်းသည် "သိရောဒက မင်္ဂလာ" မည်ပါသည်။

၄။ ဝမ်းတွင်းဆံကို ပဌမရိတ်၍ ဖွယ်သောအခါ၌ ပြုလုပ်အပ် သော မင်္ဂလာသည်၎င်း, ရှင်သာမဏေပြုရာတွင် ရိတ်ချသောအခါ၌ ပြုလုပ်အပ်သော မင်္ဂလာသည်၎င်း "ကေသစ္ဆေဒန မင်္ဂလာ" မည်ပါသည်။

၅။ ယောဉ်ဆင်ကာ စဉ်အလာဖြင့် ရှင်စွာမပျက် ပုံခက်တင်သောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် "ဒေါဠွာကရဏ မင်္ဂလာ" မည်ပါသည်။

၆။ အနန္တ သညာ ခေါ်စရာဖြင့် လျော်စွာအညီ အမည်မှည့်အံ့သောငှာ ပြုလုပ်အပ်သော မင်္ဂလာသည် "နာမကရဏ မင်္ဂလာ"မည်ပါသည်။

၇။ ပုဆိုးထမိ အင်္ကျီတဘက် ဘယက်တန်ဆာ ဒွါဒယာတို့ကို စစ္စာမချွတ် ဝတ်ဆင်သောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် "ဒုဿဂ္ဂဟဏ မင်္ဂလာ" မည်ပါသည်။

၈။ အသက်တရာ တောင့်ကာမရှိ အလိုပြည့်၍ ပကတိမယွင်း ဒဲဆင်းဆန်းထူး ထမင်းဦး ခွန့်သောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် "အာဟာရပရိဘောဂ မင်္ဂလာ" မည်ပါသည်။

၉။ မင်းနှင့် ဆင်းရဲသား မှတ်ပိုင်းခြားလျက် ဆင်းရဲသားနှောင် မင့်းဥသျှောင်ဟု ရှက်ဆောင်ရှင်ပြုံး ဆံပင်ထုံးသောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် "စူဠာကရဏ မင်္ဂလာ" မည်ပါသည်။

၁၀။ သိမ်းရတနာလှသူဇာကို မဟလ္လတာတန်ဆာ ဆင်မြန်းကာဖြင့် မှုင်လန်းစွာ ထိန်လျှပ်၍ စိန်အပ်ထသူသွင်း ပတ္တမြားအဆင်းကလေးကို နားထွင်းသောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် "ကဏ္ဏဝိဇ္ဈန မင်္ဂလာ" မည်ပါသည်။

၁၁။ ဗုဒ္ဓဘာသာ အောင်လံတခွန်ထူဖို့ ရှောင့်လျှိုတလှုလှုဘဝမပြတ်ရအောင် အရဟတ္တဇ ကြာသကန်းနှင့် အဝါရေဆင်မြန်းကာ သာသနာအသွင်ရှုလိုမို့ ရှင်ပြုသောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် "သာမဏေရပဗ္ဗဇ္ဇ မင်္ဂလာ" မည်ပါသည်။

၁၂။ ရောင်နှောက်ဆံထုံး ပါမြဲထုံး, ရောင်သွားရာ ခံထုံးပါ, ဥဒါန်းလာ စာအရှိမကွာသိဘို့ တမျိုးကြားတော့ သတိုးသားရှိရာ သတို့သမီးဆောင်ယူ၍ အိမ်ထောင်ထူကာ ရှေးထုံးမမှတ်အရကို အာဝါဟ မင်္ဂလာလို့ခေါ်ဆိုရပါသည်။ ရှေးထုံးစံ အာဝါဟကို ပါဝါပြကာ တော်လှန်ပြီး မတော်ညာဏ် တည်းဟူသော တမျိုးတနည်းနှင့် သတို့သမီးရှိရာ သတိုးသားဆောင်ယူ၍အိမ်ထောင်ထူကာ ရှေးထုံးမဖက်ဘဲ ဓလေ့အသုံးဖျက်ကာ ပြုရှာကြဒါကိုတော့ "ဝိဝါဟမင်္ဂလာ"လို့ ခေါ်ဆိုရပါသည်။

ဗေဒင်ကျမ်း၏ အစိတ်အပိုင်း ၆-ပါး

ဤကဲ့သို့ လောကီမင်္ဂလာ ၁၂-ပါး လာရှိရာတွင် ဝေဒင် ကျမ်းတို့နှင့် ညှိနှိုင်းလိုက်ပါလျှင် ဗေဒင်ကျမ်း၏ အစိတ်အပိုင်း သည် ၆-ပါး အပြားရှိ၏၊ ထို ၆-ပါးကား-

ကပ္ပေါ ဗျာကရဏံ ဇောတိ
သတ္ထံ သိက္ခာ နိရုတ္တိ စ
ဆန္ဒောဝိစိတိ စေတာနိ
ဝေဒင်္ဂါနိ ဝဒန္တိ ဆ

(မာဂဓ အဘိဓာန်)

အနက်— ကပ္ပေါစ ကပ္ပကျမ်းရင်း, ဗျာကရဏံ-ဗျာကရဏ်း ကျမ်းရင်း, ဇောတိသတ္ထံစ-ဟူးရားကျမ်းရင်း, သိက္ခာစ- သိက္ခာ ကျမ်းရင်း, နိရုတ္တိစ-နိရုတ္တိကျမ်းရင်း, ဆန္ဒောဝိစိတိစ-ဆန်းကျမ်း

ရင်း, တောနိဆ-ဤခြောက်ပါး တို့ကို၊ ဝေဒင်္ဂါနိ- ဗေဒင်ကျမ်းတို့ဟူ၍၊ ဝဒန္တိ-ဆိုကုန်၏။

## ထိုခြောက်ပါးအဓိပ္ပါယ်

၁။ ကပ္ပကျမ်းသည် ယစ်ပူဇော်ခြင်းကို ဆိုသောကျမ်းတည်း၊

၂။ ဗျာကရဏ်းကျမ်းသည် ဓာတ်ပစ္စည်း စသည်ဖြင့် သဒ္ဒါအထူးကို ထင်စေသော ကျမ်းတည်း၊

၃။ ဇောတိသတ္ထ မည်သော ဟူးရားကျမ်းသည် ကောင်းကျိုး မကောင်းကျိုးတို့ကို တွက်ပြတတ်သော ကျမ်းတည်း၊

၄။ သိက္ခာကျမ်းသည် အ - အာ - ဣ - ဤ အစရှိသော အက္ခရာတို့၏ ဌာနကရိုဏ်း ပယတ်တို့ကို ပြဆိုသော ကျမ်းတည်း၊

၅။ နိရုတ္တိကျမ်းသည် ဝဏ္ဏာဂမ ဝဏ္ဏဝိပရိယာယ စသော ဗျည်းဝဏ္ဏတို့၏ သဒ္ဒဝိနိစ္ဆယကို ဆိုသော ကျမ်းတည်း၊

၆။ ဆန္ဒောဝိစိတိ ကျမ်းသည် ဂါယတ္တိအနုဋ္ဌုဘ စသော ဆန်းကိုဆိုသော ကျမ်းတည်း။

ဤသို့အားဖြင့် ခြောက်ပါး အပြားရှိ၏၊ ထိုကြောင့် လောကီမင်္ဂလာတို့ကို ညှိနှိုင်းတိုက်ဆိုင်၍ ကြည့်ရာတွင် ဇောတိသတ္ထ ကျမ်း, ရာဇမတ္တန်ကျမ်း, ဝိဘာသျှပူရာဏ်ကျမ်း, မုက္ကန္တပူရာဏ်ကျမ်း, ကာမန္ဒကီကျမ်း, နဋ္ဌရသကျမ်း, မာဇဓအောဘိဓာန်ကျမ်း, စာဏကျနီတိကျမ်း, ဗြိဟတ်ကျမ်း, နီတိစန္ဒြိကာကျမ်း အစရှိသော အထူးထူးသော ကျမ်းဂန်တို့၌ လောကီမင်္ဂလာ ၁၂-ပါးကိုပြကြရာ

ဘထပ်တည်းမလာ, တမျိုးတဖုံစီရှိရကား သဘောတူရာပေါင်း၍ မျိုးကွဲကို အသီးထုတ်လိုက်သောအခါ ထို၁၂-ပါးအပြင် မျိုးကွဲ မင်္ဂလာ ၅-ပါးပို၍ ထွက်လာပါကြောင်း။

ထိုငါးပါးမှာ— ဂေဟာကရဏမင်္ဂလာ, တမ္ဗူလပတ္တ မင်္ဂလာ, ဘူမျာကရဏမင်္ဂလာ, မုတ္တာသိရာမင်္ဂလာ, မကုဋဗန္ဓန မင်္ဂလာဟူ၍ ငါးပါးဖြစ်ကြောင်း။

## ထိုငါးပါးအဓိပ္ပါယ်မှာ

၁။ ဂေဟာကရဏ မင်္ဂလာ-အိမ်သစ်တက် မင်္ဂလာပြုခြင်း

၂။ တမ္ဗူလပတ္တ မင်္ဂလာ-ကွမ်းဦးခံ့ခြင်း၊

၃။ ဘူမျာကရဏ မင်္ဂလာ-မြေပြင်ခြေတင်ခြင်း၊

၄။ မုတ္တာသိရာ မင်္ဂလာ-ဆံပင်ဖြေဖြန့်ခြင်း၊

၅။ မကုဋဗန္ဓန မင်္ဂလာ-မကိုဋ်ဆောင်းခြင်း၊

ဟူ၍ ငါးပါးဖြစ်လေသည်၊ ထိုငါးပါးမှာလည်း မသုံးဆိုက်သော မင်္ဂလာဟူ၍မပါ၊ အခါအခွင့် အားလျော်စွာ ထည့်သွင်း၍ သုံးဆိုက်သည်ချည်း ဖြစ်သောကြောင့် ပညာလိုလား အမျိုးသား တို့သည် ခွဲခြားဝေဘန်၍ သုံးနိုင်ကြစေကုန်သတည်း။

ရှင်းပြင် လောက၌ လောကီမင်္ဂလာ ၁၂-ပါးပင် ရှိလင့်ကစား ၎ပါးစီသမုတ်၍ ပြုလုပ်ကျင်းပသော အလေ့မရှိ ကြသဖြင့် ယခုအခါ ပြုလုပ်လေ့ရှိကြသော မင်္ဂလာမှာ-

၁- လက်ထပ် မင်္ဂလာ ၂- ကင်ပွန်းတပ် မင်္ဂလာ ၃- နားထွင်းမင်္ဂလာ ဟူ၍ မင်္ဂလာသုံးရပ်ကိုသာ အဓိကထား၍ ပြုလုပ်လေ့ရှိကြရာ ဆရာပြုလုပ်သော သူတို့သည် ထိုမင်္ဂလာ

ပွဲကြီးသုံးရပ်တွင် ၎င်းတို့ဆိုင်ရာ မင်္ဂလာပွဲများနှင့် လျော်ညီစွာ အထက်ပါ မင်္ဂလာ ၁၂-ပါးနှင့် မင်္ဂလာငါးပါးတို့ကို ဆိုင်ရာ ဆိုင်ရာ ရွေးနုတ် ထည့်သွင်းချီးမြှင့် သွားနိုင်ကြရမည်။

ဥပမာ

၁။ လက်ထပ်မင်္ဂလာပွဲတွင် အာဝါဟ, ဝိဝါဟ မင်္ဂလာပြု။

၂။ ကင်ပွန်းတပ်မင်္ဂလာပွဲတွင် ထည့်သွင်းနိုင်သော မင်္ဂလာ ရှစ်ပါးကို တပါတည်းပါအောင် ချီးမြှင့်နိုင်ကြရမည်၊ ထိုရှစ်ပါးမှာ "ဝိဇာတမင်္ဂလာ, သိရောဒကမင်္ဂလာ, ကေသစ္ဆေဒနမင်္ဂလာ, ဒေါ်ဠကရဏမင်္ဂလာ, နာမကရဏမင်္ဂလာ, ဒုဿဂ္ဂဟဏမင်္ဂလာ, အာဟာရပရိဘောဂမင်္ဂလာ, ဘူမျာကရဏမင်္ဂလာ" ဟူ၍ ရှစ်ပါးတည်း၊ (အဓိပ္ပါယ်ကို အထက်က ပြဆိုခဲ့ပြီ၊ အကျယ်ကို ၎င်းနှင့်ဆိုင်ရာ ဒုတိယတွဲတွင် ကြည့်။)

၃။ နားထွင်းမင်္ဂလာတွင် များသောအားဖြင့် သားရှင်ပြု သို့မဟုတ် နားထွင်းမင်္ဂလာကို ဒွန်တွဲ၍ပြုလုပ်လေ့ရှိကြရာ ထိုမင်္ဂလာပွဲတွင် ထည့်သွင်းနိုင်သောမင်္ဂလာ ၆-ပါးကို တပါတည်းပါအောင် ချီးမြှင့်နိုင်ကြရမည်၊ ထို၆-ပါးမှာ "မုတ္တာသိရာမင်္ဂလာ, စူဠာကရဏမင်္ဂလာ, မကုဋဗန္ဓနမင်္ဂလာ, ကဏ္ဏဝိဇ္ဈနမင်္ဂလာ, ကေသစ္ဆေဒနမင်္ဂလာ, သမဏေရပဗ္ဗဇ္ဇမင်္ဂလာ" ဟူ၍ ၆-ပါးတည်း၊ (အဓိပ္ပါယ်ကို အထက်က ပြဆိုခဲ့ပြီ၊ အကျယ်ကို ၎င်းနှင့်ဆိုင်ရာ တတိယတွဲတွင်ကြည့်။)

ကျွန်ုပ်တို့ အထက်ကပြခဲ့သော မင်္ဂလာပွဲကြီး သုံးရပ်တွင် လက်ထပ် မင်္ဂလာနှင့် ကင်ပွန်းတပ် မင်္ဂလာတို့သည် နံနက်အချိန်

တွင်သာ များသောအားဖြင့် ပြုလုပ်ကြရာ စကားပရိကံနှင့် အခြေခံ ပညာတို့ကို အပြည့်အစုံ ရှတ်ဖတ်ရန် အချိန်မရချေ၊ သင့်လျော်ရုံ ကောက်နုတ်ချက်လောက်ကိုသာ ပြု၍ ဆောင်ရွက် ရမည်၊ မရှည်လွန်းစေရ။

သားရှင်ပြု, သမီးနားထွင်းမင်္ဂလာမှာ အလှူတော်မင်္ဂလာပွဲ ကြီးဖြစ်၍ "နေ့လယ် ၁၂-နာရီမှ ညနေ ၄-နာရီ" ပရိတ် တရား တော်နာချိန်အထိ ညှော်ခံရမည်ဖြစ်၍ အချိန်လစ်ဟင်းခြင်း မရှိရ အောင် အချိန်ပြည့်ရွက်ဆောင်နိုင်ရန်"ပရိကံစကားချီးနှင့်အခြေခံ ပညာ"တို့ကို မိမိတို့ဉာဏ်၌ပိုင်အောင် နှုတ်တက် ဆောင်ကြကုန်။

## အဘိသိက် ၁၂-ပါး အကြောင်း

မဂဓဘာသာဖြစ်သော အဘိသေက သဒ္ဒါသည် မြန်မာ ဘာသာအားဖြင့် သွန်းလောင်းခြင်း အနက်ကို ဟောသည်ဖြစ် သောကြောင့် ထိုအဘိသေက သဒ္ဒါကို အဘိသိက်ဟူ၍ ခေါ်သည် မှာ "စေတသိကသဒ္ဒါကို- စေတသိက်" "ကရဝိကသဒ္ဒါကို ကရ ဝိက်" "သိင်္ဂနိက္ခ သဒ္ဒါကို-သိင်္ဂနိက်" "ပစ္စနိက သဒ္ဒါကို- ပစ္စ နိက်" "ဇမ္ဗုဒီပသဒ္ဒါကို-ဇမ္ဗူဒိပ်" "သံခေပ သဒ္ဒါကို- သံခိပ်" စသည်ဖြင့် သဒ္ဒါရင်းတွင် သံယုတ် အက္ခရာ အသတ်တင်လျက် ခေါ်ဝေါ်ဘိသကဲ့သို့-"အဘိသေကသဒ္ဒါကို အဘိသိက်" ဟူ၍ ခေါ်ဝေါ်လေသည်။

## ရုပ်တွက်ပုံ

အဘိသေကသဒ္ဒါကို "အဘိ+သေက"ဟူ၍ ပုဒ်ဖြတ်အဘိ ဟူသောပုဒ် အတိဟူသောပုဒ် ဝိ ဟူသောပုဒ်တို့သည် အလွန်

အကြူး အထူးသဖြင့်မွန်မြတ်၏ ဟူသော အနက်ကိုဟော၏၊သေက ဟူသောပုဒ်၌—

သိဉ္စသဒ္ဒါသည် သိဉ္စနေ့သွန်းလောင်းခြင်း၌၊ဝတ္တတိ—ဖြစ် ၏ဟု ဓာတ်နက်ကြား၊ ဏျပစ္စည်းသက်, ဏ-အနုဗန်ကိုချေ, သ-အစိတ်, ဣကိုဝုဒ္ဓိပြု,ကပ်-အနကာယုဏျနှံသုတ်ဖြင့် ဏျပစ္စည်း ကို အကပြု, ဓာ တွန်ချေကပ်၍ သေက ပြီး၏။

ဝိဂ္ဂဟ်ပြု အဘိဝိသေသေန သိဉ္စတိ အနေနာတိ အဘိ ဒ္ဓိကော၊ အဘိဝိသေသေန- အလွန်အကြူး အထူးသဖြင့် မွန် မြတ်သော၊ အနေန ဝစနေန-ဤသို့သော စကားဖြင့်၊ ဝါ-နှုတ် မင်္ဂလာစကားဖြင့်၊ သိဉ္စတိ-သွန်းလောင်း၏၊ (တနည်း) သိရော ဒကမင်္ဂလာဒ္ဓိစ-ဦးထိပ်၌ ရေစင်ဖြန်း၍သည်း၊ သိဉ္စတိ- သွန်း လောင်း၏၊ ဣတိတသ္မာ- ထိုသို့အထူးသဖြင့် ဦးထိပ်၌ ရေစင်ဖြန်း ၍ သွန်းလောင်းကြောင်း ဖြစ်သော သတ္တိကြောင့်၊ အဘိသိကော- အဘိသိက်မည်၏။

တနည်းဝိဂ္ဂဟ်မှာ အဘိဝိသေသေန သိဉ္စယတီတိ အဘိ သေကော၊ ယံကမ္မံ- အကြင်အမှုသည်၊ အဘိဝိသေသေန-အထူး အားဖြင့်၊ သိဉ္စယတိ- သွန်းလောင်းအပ်၏၊ ဣတိတသ္မာ-ထိုသို့ ဆုတောင်း အောင်စေကြောင်းဖြင့် သွန်းလောင်းအပ်သောသတ္တိ ကြောင့်၊ တံကမ္မံ-ထိုအမှုသည်၊ အဘိသေကော- အဘိသိက် မည်၏။

အောင်ပါစေကြောင်း ဆုမွန်တောင်း၍ ပန်းသပြေ ရေ တကောင်းနှင့် သွန်းလောင်းခြင်း နိမိတ်မင်္ဂလာသည် အဘိသိက် မည်ပါကြောင်း။

ထိုအဘိသိက် ၁၂-ပါးကား—ဝိဝါဟဘိသိက်, မင်္ဂလာဘိသိက်, ဥပရာဇာဘိသိက်, မဟေသီဘိသိက်, ခတ္တိယာဘိသိက်, ဝါ-ရာဇာဘိသိက်, ဒွါရာဘိသိက်, သိရိပဝေသနဘိသိက်, သိရိယာဘိသိက်, မုဒ္ဓါဘိသိက်, ဇေယျာဘိသိက် ဝါ- ဝိဇယာဘိသိက်, သကလာဘိသိက်, မဟာဘိသိက် ဝါ-အာယုဿာဘိသိက်ဟူ၍ ၁၂-ပါးဖြစ်ပါကြောင်း။

## ထို၁၂-ပါးအစိပ္ပာယ်မှာ

၁။ ထိမ်းမြားခြင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော "ဝိဝါဟ ဘိသိက်"

၂။ ဆင်မြင်းရတနာ ဘဏ္ဍာဂါရိက ဥစ္စာရွှေငွေ စသည်တို့ကို သိမ်းမြန်းသော မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော "မင်္ဂလာဘိသိက်"

၃။ အိမ်ရှေ့နန်းလျာ မဟာဥပရာဇ်အဖြစ် ဆောင်နှင်းခြင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော "ဥပရာဇာဘိသိက်"

၄။ မဂ္ဂမဟေသီ ဒေဝီမိဖုရားကြီးအဖြစ် ဆောင်နှင်းခြင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော "မဟေသီဘိသိက်"

၅။ ရေမြေသဉ္စနိုင်းမင်းမြှောက်ခြင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော "ခတ္တိယာ ဘိသိက် ဝါ-ရာဇာဘိသိက်"

၆။ ရွှေဘုံရွှေနန်း သိမ်းမြန်း စိုးစံတော်မူခြင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော "ဒွါရာဘိသိက်"

၇။ ရွှေဘုံရွှေနန်း သိမ်း မြန်း စိုးစံ တော် မူပြီး နောက် ထီး ဆောင်း မင်္ဂလာ မ ဟာ ဦ ကင် သ ဖွင့် တော် မူ ခြင်း,

ဘုန်းကြက်သရေသစ်သွန်းခြင်း မင်္ဂလာအစီအရင်၌ သွန်းခံအပ်သော "သိရိပဝေသန ဘိသိက်"

၈။ ဘုန်းကြက်သရေ တိုးတက်ပွားများစေခြင်း အကျိုးငှာ ပြုလုပ်ခြင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော "သိရိယာ ဘိသိက်"

၉။ ရွှေတောင် ရွှေနန်း သိမ်းမြန်း စိုးစံတော် မူပြီး နောက် သာသနာတော်ရေး တိုင်းရေးပြည်မှုတို့ကို ရှင်းလင်းသုတ်သင်၍ လေးနှစ်မြောက်၌ မင်းကျင့်တရားအပေါင်းတို့ကို တိမ်းယိမ်း ဒွတ်ယွင်းခြင်း မရှိစေရ မြဲမြံစွာ ကျင့်သုံးဆောက်တည်မည် ရည်ရွယ်တော်မူရင်းအတိုင်း မျိုးရိုးအစဉ်ဖြစ်သော (က) မင်းသမီး (ခ) ပြာဟ္မဏပုဏ္ဏား (ဂ) သူဌေးကြီး, ထိုသုံးဦးတို့ ရွှေခြယ် ငွေခြယ် ရတနာမျိုးခြယ် လက်ရာရှင့် ခုရုသင်း သုံးလုံး တို့ဖြင့် မင်းဧကရာဇ်၏ ဦးထိပ်တော်ထက်၌စိုက်၍ သွန်းလောင်းခြင်း မင်္ဂလာအစီအရင်၌ သွန်းခံအပ်သော "မုဒ္ဓါဘိသိက်"

၁၀။ ရန်စစ်ကိုအောင်မြင်စေခြင်းငှာ ချီးမြှောက်ခြင်းမင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော "ဇေယျာဘိသိက် ဝါ-ဝိဇယာ ဘိသိက်"

၁၁။ တိုင်းနေ ပြည်သူ ရှင်လူရဟန်းတို့ ချမ်းသာစီးပွား များပြားစေမည် ရည်ရွယ်တော်မူခြင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော "သကလာဘိသိက်"

၁၂။ အကျိုးစီးပွားတော် များမြတ် ပြည့်စုံ စေခြင်းငှာ ချီးမြှောက်ခြင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော "မဟာ ဘိသိက်" (တနည်း) မင်းဧကရာဇ်တို့ ဘုန်းတော်ကြီးကြောင်း

သက်တော်ရှည်ကြောင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော "အာယုဿဘိသိက်" ဟူ၍ ဘိသိက်အပြား ၁၂-ပါး ဖြစ်ပါကြောင်း။

ထိုဘိသိက် ၁၂-ပါးတွင် "ဗြာဟ္မဏ,ခတ္တိယ,ဝေဿ,သုဒ္ဒ" ဟု ဆိုအပ်သော "ပုဏ္ဏား, မင်း, ကုန်သည်, ဆင်းရဲသား" အမျိုးလေးပါးတို့ သွန်းခံထိုက်သော ဘိသိက်မှာ "ဝိဝါဟ ဘိသိက်နှင့် မင်္ဂလာဘိသိက်" နှစ်ပါးကို ရရှိပါကြောင်း။

အိမ်ရှေ့မင်းမှာ "ဥပရာဇာ ဘိသိက်"ကိုရပါသည်၊ အဂ္ဂမဟေသီ မိဘုရားခေါင်ကြီးမှာ "မဟေသီဘိသိက်"ကို ရပါသည်၊ ထိုဘိသိက်လေးပါးမှကြွင်းသော ကျန်ဘိသိက်ရှစ်ပါးမှာ ဘုရင်ကေရာဇ်မင်းမြတ်တပါးတည်းသာလျှင် သွန်းခံထိုက်သောကြောင့် သဗ္ဗန်-ပုဒ်အားဖြင့် "ရာဇာဘိသိက်" ဟူ၍ ခေါ်ဆိုသမုတ်ရပါကြောင်း။

ထိုဘိသိက် ၁၂-ပါးအပြင် ပလ္လင်ရှစ်ခန်း ထီးဖြူတော်ရှစ်စင်းတို့ကို ၎င်းနှင့်ဆိုင်ရာ တတိယပိုင်းတွင် ပြပါမည်။

## ကောတူဟလ မင်္ဂလာဆယ်ပါး အကြောင်း

ကောတူဟလ မင်္ဂလာဟူသည်မှာ အုတ်အုတ်ကျက်ကျက် တခဲနက်သော ကောင်းခြီးပေးသံကို ကောတူဟလ မင်္ဂလာဟု ခေါ်ဆိုပါကြောင်း၊ ၎င်းကောတူဟလ မင်္ဂလာ ဆယ်ပါးရှိကြောင်းကို ရှေးပညာရှိပုဂ္ဂိုလ်ကျော်တို့ စပ်ဆိုတော်မူသည်မှာ-

"ကောတူဟလ ဝေါဟာရပါ မင်္ဂလာတဆယ် နိဒါန်းသွယ် ပိမ့်အလွယ်မှတ်သား မျိုးလေးပါးတို့ မိန့်ကြားခွင့်သိ အမည်ရှိ၏ သိရိဇေယျ ဝရသိဒ္ဓိ ထုတိဩဘာ ထောမနာနှင့် ပတ္ထနာသီသ

သုခစသော စည်တော်များတွင် ထင်ရှားတည်ရှိ မိပွါယ်သိလော-
သိရိကျက်သရေ တက်သစ်နေသို့ ဇေယျအောင်မြင် ထွန်းတင်ဝရ
မြင့်မြတ်လှ၏ တကွသိဒ္ဓိ ဆောင်ကပြီးစီး နေဝင်မငြိုးတည့်တောင်
ကြီးထုတ် ဝမ်းမြောက်ဘိဟု ပကတိသြဘာ ကြွေးကြော်ငြာ၏
ထောမနာစကား ခြိုးကြူးငြား၍ အများပတ္ထနာ ဆုတောင်းရာ
သော မဟာသိတ မြေကိုယ်စိတ် ယိုဖိတ်သုခ ချမ်းသာကြ၏
လောကအရာ ကောင်းစွာနိမိတ် ဘိသိက်မင်္ဂလာ တပါးမှာလျှင်
ဆယ်ဖြာမကွဲ ပါစမြဲတည့် မလွဲညာဏ်ရှိ ကဝိဘိညာဉ် မှတ်တမ်း
ထွင်သည် မင်္ဂလာဆယ်ပါး လွန်ထင်ရှား"-ဟူ၍ မိန့်ဆိုတော်မူကြ
လေသည်။

## ထိုဆယ်ပါး အဓိပ္ပါယ်မှာ

၁။ သိရိမင်္ဂလာ- ဘုန်းကျက်သရေနှင့် ပြည့်စုံခြင်း၊ ၂။
ဇေယျမင်္ဂလာ-အောင်မြင်ခြင်း၊ ၃။ ဝရမင်္ဂလာ-မြင့်မြတ်ခြင်း၊
၄။ သိဒ္ဓိမင်္ဂလာ-ပြီးစီးခြင်း၊ ၅။ သုတိမင်္ဂလာ- ဝမ်းမြောက်
ခြင်း၊ ၆။ သြဘာမင်္ဂလာ- ခြိုးကြူး ကြွေးကြော်ခြင်း၊ ၇။
ထောမနာမင်္ဂလာ-ခြီးမွမ်းခြင်း၊ ၈။ ပတ္ထနာမင်္ဂလာ- ဆုတောင်း
ခြင်း၊ ၉။သိတမင်္ဂလာ-မြေခြင်း၊ ၁၀။ သုခမင်္ဂလာ-ချမ်းသာ
ခြင်းဟူ၍ ဆယ်ပါးဖြစ်ပါကြောင်း။

လောကီလောကုတ္တရာ မင်္ဂလာနှင့်စာကွ အဘိသိက်မင်္ဂလာ
တပါးတပါးတွင် ထိုကောတူဟလ မင်္ဂလာဆယ်ပါးပြီးကြောင်းကို
ရှေးပညာရှိ ပုဂ္ဂိုလ်ကျော်တို့ မိန့်ဆိုတော်မူလေသည်၊ ထိုကြောင့်
"ဘိသိက်မင်္ဂလာ တပါးမှာလျှင် ဆယ်ဖြာမကွဲ ပါစမြဲတည့်" ဟု
စပ်ဆိုတော်မူသည်ကို ထောက်လေ။

## ထိမ်းမြားခြင်းဆယ်ပါးအံ့ကြောင်း

ကမ္ဘာဦးလူ ကပ်ဦးသူတို့ အတည်ပြုလုပ် သမုတ်ခဲ့သော ထိမ်းမြားခြင်းဆယ်ပါးဟူ၍ ရှိလေသည်၊ ထို့ကြောင့် ရှေးပညာရှိတို့ စပ်ဆိုတော်မူသည်မှာ–

ကမ္ဘာဦးလူ ကပ်ဦးသူတို့ အဖွဲ့အမည်း အနည်းနည်းဖြင့် သိမ်းဆည်းမှတ်သား သညာများကို ဘုရားပါလျက် ထုံးမဖျက်ဘဲ မိန့်မြွက်ခေါ်ရလောကသမုတိ ထုံးစံရှိကို မသိ သိအောင် ညဏ်မြင်ဆောင်ရမည်-ဆိုသည်နှင့်အညီ ရှေးကမ္ဘာဦးသူတို့ သမုတ်ခဲ့သော အဖွဲ့အမည်း အနည်းနည်းတို့ကို ဘုရားသော်မှ မပယ်ချဘဲ လိုက်လျောသုံးနှုန်း ရဘိသကဲ့သို့ ယခုအခါ ကမ္ဘာဦးသူတို့ သမုတ်ခဲ့သော ထိမ်းမြားခြင်းဆယ်ပါးကို နောင်လာနောက်သားတို့ အစဉ်မပျက် မှတ်သားကြစေရန် ဤကျမ်း၌ ထည့်သွင်းဖော်ပြပေအံ့။

ထိမ်းမြားခြင်းဆယ်ပါး ဟူသည်ကား– ပုဆိုးတန်းတင် ထိမ်းမြားခြင်း၊ လက်ဆုံစား၍ ထိမ်းမြားခြင်း၊ လက်စုပ်လဲ၍ ထိမ်းမြားခြင်း၊ အဝတ်လဲ၍ ထိမ်းမြားခြင်း၊ လက်ကုပ်၍ ထိမ်းမြားခြင်း၊ ဒါလီဖွဲ့၍ ထိမ်းမြားခြင်း၊ စုလျားပတ်၍ ထိမ်းမြားခြင်း၊ ပန်းကုံးစွပ်၍ ထိမ်းမြားခြင်း၊ ရေခွက်၌လက်ချ၍ ထိမ်းမြားခြင်း၊ ဦးထိပ်၌ ရေစက်သွန်းချ၍ ထိမ်းမြားခြင်းဟူ၍ ဆယ်ပါးဖြစ်ပါကြောင်း။

### ထိုဆယ်ပါးအဓိပ္ပါယ်မှာ

၁။ ပုဆိုးတန်းတင် ထိမ်းမြားခြင်းမှာ သတို့သား သတို့သမီး နှစ်ဦးတို့သည် ပရိသတ်အလယ်သို့ ကန်တော့မထွက်ဘဲ မိမိတို့ဘာသာ လွတ်လပ်စွာ နေပြီးလျှင် သတို့သမီး၏ အခန်းတွင်းရှိ

ကြိုးတန်း ကြိမ်တန်းတို့တွင် သတို့သား၏ ပုဆိုးအစရှိသည်တို့ကို တင်၍ ထိမ်းမြားခြင်း။

၂။ လက်ဆုံစား၍ ထိမ်းမြားခြင်းမှာ ထမင်း သို့မဟုတ် ကောက်ညှင်း မုံ့ပဲလဘက်တို့ကို သတို့သား သတို့သမီးနှစ်ဦးတို့ လက်ဆုံစားစေ၍ ထိမ်းမြားခြင်း။

၃။ လက်စွပ်လဲ၍ ထိမ်းမြားခြင်းမှာ သတို့သား၏ လက်စွပ်ကို သတို့သမီးသို့, သတို့သမီး၏ လက်စွပ်ကို သတို့သားသို့ အချင်းချင်း လဲလှယ်ဝတ်စေ၍ ထိမ်းမြားခြင်း။

၄။ အဝတ်လဲ၍ ထိမ်းမြားခြင်းမှာ သတို့သားသည် သတို့သမီးအိမ်သို့ အရောက်တွင် သတို့သမီး၏ ဆွေမျိုးတစုက ရေချိုးပေး၍ အဝတ်ပုဆိုးအသစ်တို့ကို ထုတ်ပေးလဲလှယ်ဝတ်စေ၍ ထိမ်းမြားခြင်း။

၅။ လက်ထပ်၍ ထိမ်းမြားခြင်းမှာ သတို့သမီး၏ လက်ျာလက်ဖဝါးကို ဖြန့်ခံထားစေ၍ သတို့သား၏ လက်ျာလက်ဖဝါးကို အပေါ်က တင်စေပြီးလျှင် ထိမ်းမြားခြင်း၏ အဓိပ္ပါယ်မှာ ရွှေနှစ်ပြားကို တပြားတည်း ဂဟေစပ် ဘိသကဲ့သို့ နှစ်ကိုယ်တွင် တကိုယ်တည်း ဖြစ်စေသတည်း, နှစ်စိတ်တွင် တစိတ်တည်း ဖြစ်စေသတည်းဟူသော အထိမ်းအမှတ်ဖြင့် ထိမ်းမြားခြင်း။

(အချို့စာမူများ၌ သတို့သား၏ လက်ျာလက်ဖဝါးကို ဖြန့်ခံထားစေ၍ သတို့သမီး၏ လက်ျာလက်ကို ထည့်ပြီးလျှင် ထိမ်းမြားရသည်ဟု အဆိုရှိလေသည်၊ ဤနည်း၏ သာဓကကို ထောက်ရှုသော် ဘုရားအလောင်းဝေဿန္တရာဘဝတွင်သိကြားမင်းပုဏ္ဏားက မဟာမဒီကို အလှူခံရာ ပုဏ္ဏား၏ ဖြန့်ခံထားသော လက်ျာလက်

ဒဝါးထဲသို့ မယ်မဒီ၏ လက်ျာလက်ဆိုကိုင်၍ ထည့်လှူလိုက်ခြင်း ဖြစ်၍ 'အလှူခံပုဂ္ဂိုလ်သို့ အလှူပေးပုဂ္ဂိုလ်က ပေးလှူခြင်း အဓိပ္ပါယ်မျှသာ သက်ရောက်လေသည်၊ လက်ထပ်ခြင်း မမည်။

၆။ ဒါလီဖွဲ့၍ ထိမ်းမြားခြင်းမှာ ကွင်းလိုက် လေးထောင့်ခန့် ရှိသော ရွှေကြိုးတကုံးကို သတို့သားသတို့သမီးနှစ်ဦးတို့၏လည်ဝယ် ကွင်းလိုက်စွပ်၍ ထိမ်းမြားခြင်း။

၇။ စုလျားပတ်၍ ထိမ်းမြားခြင်းမှာ သတို့သမီး ကိုယ်ဝယ် လွှမ်းခြုံထားသော ဖြန့်လိုက်လျှင်အနံနှစ်တောင် အလျားခြောက် တောင်ခန့်ရှိသော ပုဝါ သို့မဟုတ် တဘက်ကို စုလျား တဘက် ဟူ၍ ခေါ်လေသည်၊ ထိုစုလျားတဘက်ဖြင့် သတို့သားသတို့သမီး နှစ်ဦးတို့ကို ရစ်ပတ်ရုံဖွဲ့၍ ထိမ်းမြားခြင်း။

၈။ ပန်းကုံးစွပ်၍ ထိမ်းမြားခြင်းမှာ သတို့သားအား ပန်းကုံး တခု သတို့သမီးအား ပန်းကုံးတခု ပေး၍ဦးစွာ သတို့သမီးက သတို့သားအား ပန်းကုံးစွပ်၍ တဖန် သတို့သားက သတို့သမီးသို့ ပန်းကုံးစွပ်ပြီးလျှင် ထိမ်းမြားခြင်း။

။ ရေခွက်၌လက်ချ၍ ထိမ်းမြားခြင်းမှာ ရွှေ ငွေ ဖန်စသော ရေခွက်တခုခုထဲသို့ သတို့သား သတို့သမီးနှစ်ဦးတို့၏ လက်ျာလက် များကို ချထားစေ၍ ထိမ်းမြားခြင်း။

၁၀။ ဦးထိပ်၌ ရေစင်သွန်း၍ ထိမ်းမြားခြင်းမှာ လက်ျာရစ် ခရုသင်း သို့မဟုတ် ရွှေ ငွေ ဖန် စသော ရေခွက်ထဲသို့ နဝရတ် ကိုးပါးနှင့် နံ့သာမျိုး ငါးပါးရည်ကို ထည့်၍ သပြေသွန်းကို စိုက်ပြီးလျှင် သတို့သား သတို့သမီးနှစ်ဦးတို့၏ဦးထိပ်၌ သွန်းလောင်း၍ ထိမ်းမြားခြင်းဟူ၍ ဆယ်ပါးဖြစ်ပါကြောင်း။

ဤသည်လျှင် ဘိသိက်ဆရာဖြစ်သူတို့ သိအပ် တတ်အပ် မှတ်အပ်သော ဝါ-မသိလျှင် ဆရာမလုပ်ထိုက်သော ဆရာဖြစ်သင့် အခြေခံပညာရပ်များပင်တည်း။

## ဘိသိက်ဆရာနှင့် တူရိယာဆရာတို့ လိုက်နာရန်စည်းကမ်းများ

လောက၌ များသောအားဖြင့် မင်္ဂလာပြုကုန်သော သူတို့သည် ၁- ထိမ်းမြားမင်္ဂလာပွဲ, ၂- ကင်ပွန်းတပ်မင်္ဂလာပွဲ, ၃- သားရှင်ပြုပွဲ သမီးနားထွင်းမင်္ဂလာပွဲဟူ၍ မိမိတို့၏ရင်၌ဖြစ်သော သားသမီးများ အကျိုးငှာ မင်္ဂလာပွဲကြီး သုံးရပ်ကို တူရိယာဝိုင်းတော်သားများနှင့် ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ကျင်းပလေ့ရှိကြရာ ထိုသားငယ် သမီးငယ်တို့၌ မင်္ဂလာကို အထူးဖြစ်စေခြင်းအကျိုးငှာ မင်္ဂလာပြုတတ်သော ဆရာတို့ကို ပင့်ခေါ်ပြီးလျှင် ပညာရှိအမှတ်ဖြင့် ဉာဏ်ပူဇော်ခ အမြောက်အမြားပေး၍ မင်္ဂလာကိုပြုစေကြရာ၌ အဇ္ဇတဂ္ဂေ-ဤနေ့ကို အစပြု၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အလိုမရှိအပ်သော အနိဋ္ဌ ဘေးဒဏ် ရန်မာန်အပေါင်း မကောင်းသောရန်အမွှယ် အန္တရာယ် ဟူသမျှတို့ သည် မြူမခ ဘေးမသန်းဘဲ အေးချမ်းစွာအတိ ချမ်းသာခြင်းရှိစေရန် ရည်ရွယ်ချက် ကြီးစွာထား၍ ပြုလုပ်ခြင်းဖြစ်ရကား ဆရာပြုလုပ်သော သူတို့သည် ပြောဆိုရွတ်ဖတ်သော စကားအရာ အသုံးအနှုန်းတို့၌ မင်္ဂလာမရှိသောစကား အသုံးအနှုန်း မပါစေရ၊ သိထိလ, ခနိတ, ဒိဃ, ရဿ, ဂရု, လဟုတို့ကို အရွတ်အဖတ် အဖြတ်အတောက် မမှားရအောင် လိမ္မာကျင်လည်စွာ ကျင့်သုံး နိုင်ကြရမည်၊ "ဆရာမရှိ ဉာဏ်မပြည့်က ဟုတ်လိမ့်ဖိုးနိုး ဆင်ကန်းတိုးသို့ အကျိုး

အကြောင်း ကောင်းကောင်းမမှန် သမ္မန်ပါဌ်လျှောက် ရှေ့နောက်မညီ အစီအရင် အစဉ်မသင့် တဖျင့်တပါးရယ်ဖွယ်များခဲ့”ဟူသို့ အမှားမှား အယွင်းယွင်း ဖျင်းဖျင်းအအ ပေါ့ဆဆ ဖြစ်ခဲ့ပါမူ မင်္ဂလာခံ ကာယကံရှင်တို့၏ အကျိုးကို ဆောင်ရာမမည်၊ အကျိုးယုတ်အောင် ဖျက်ဆီးသည်သာ မည်သောကြောင့် မင်္ဂလာဆရာတို့ ကောင်းစွာသတိ ရှိကြကုန်။

## ၇-ခဏ်းခွဲခြား၍ စီစဉ်နည်းကို ပြပေအံ့

ဥပမာ-မင်္ဂလာပွဲတပွဲ၏ အခမ်းအနားတခုတွင် ဆရာပြုလုပ်သောသူတို့ ဆောင်ရွက်ရမည့် အစီအစဉ်မှာ—

ပဌမ-ပဏာမအခ... း၊ ဒုတိယ-ဘုရားပင့်ခဏ်း၊ တတိယ-အနန္တငါးပါး ကန်တော့ခဏ်း၊ စတုတ္ထ-မင်္ဂလာပြုခဏ်း၊ ပဉ္စမ-ဒေဝပူဇနီယ အခဏ်း၊ ဆဋ္ဌမ-ဆုံးမခဏ်း သို့မဟုတ် ဩဝါဒခဏ်း၊ သတ္တမ-မင်္ဂလာပွဲသိမ်း နိဂုံးချုပ်-

ဟူ၍ ခုနစ်ခဏ်း ပိုင်းခြားထားရာ တူရိယာဝိုင်းပါခဲ့သော် ဘခဏ်းတခဏ်းအပြီးတွင် တူရိယာဝိုင်းကို တကြိမ်တကြိမ် အလှည့်ပေးရမည်၊ တူရိယ ... သော် ဆိုင်းဆင့်ကိုချန်လှပ်ခဲ့ရမည်။

ထိုသို့ အလှည့်ပေးရာ၌ အရေးအကြီးဆုံး အချက်မှာ တူရိယာဆရာများနှင့် ညှိနှိုင်း၍ မိမိခိုင်းမည့် သီချင်းများကို မာတိကာ ပြုလုပ်၍ ပေးထားရလေသည်၊ သို့မဟုတ်ပါလျှင် တူရိယာဆရာများ မရသည့်သီချင်းကို ခိုင်းမိပါက ပညာသည် အချင်းချင်း ချိုးနှိမ်ဘိသကဲ့သို့ဖြစ်၍ မသင့်လျော်ချေ၊ သိသိက်

အခမ်းအနား မစမီ ဧည့်ခံအဖြစ် မင်္ဂလာရှိသော ကာလပေါ် သီချင်းတီးလုံးဆန်းများကို တီးမှုတ်နိုင်ကြသည်၊ အခမ်းအနား စသည်နှင့် တပြိုင်နက် အစီအစဉ်အတွင်းတွင် ဆိုင်ရာဆိုင်ရာ အခါတော်တို့နှင့် လျော်ညီစွာ မင်္ဂလာရှိသော "သီချင်းကြီး, သီချင်းခံ, ယိုးဒယား, ပတ်ပျိုး,ကြိုး,ဖွဲ့"တို့ကို တီးမှုတ်နိုင်ပါက ထူးကဲ မွန်မြတ်၍ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံလေသည်။

သီချင်းကြီး သီချင်းခံ ဆိုတိုင်းလည်း မင်္ဂလာရှိသည် မဟုတ်၊ ဥပမာ မယ်ဖွဲ့ မောင်ဖွဲ့ လင်ပျောက် မယားပျောက် အလွမ်းဖွဲ့ အဆွေးဖွဲ့ အဓိပ္ပါယ်သဘော ပါဝင်သက်ရောက်သော သီချင်းများကို ခိုင်းသူလည်း မခိုင်းအပ်, တီးသူလည်း မတီးအပ်၊ အကယ်၍ ခိုင်းသူက ခိုင်း၍ တီးသူက တီးအံ့၊ မင်္ဂလာရှင်တို့ကို ကျိန်ဆဲဘိသိက်သို့ ဖြစ်၍ သိသူကတားမြစ်ရာ၏၊ ခိုင်းသူမှားလျှင် တီးသူကတားမြစ်ရာ၏။ တီးသူကမှားလျှင် ခိုင်းသူက တားမြစ်ရာ၏၊ ပရိသတ်ကသိလျှင် ပရိသတ်က တားမြစ်ရာ၏၊ မတားမြစ်သော် နှစ်ဦးစလုံး အပြစ်ရှိ၏၊ မင်္ဂလာရှင်တို့ကို ကျိန်ဆဲဘိသိက်သို့ ဖြစ်၍ ဒဏ်ဆယ်ပါး အပြစ်ငှစ်ပါးဘေး၂၅ပါးတို့ သင့်တတ်ကျရောက်တတ်၏၊ ကိုယ့်အမှား ကိုယ်ဖြေမှ, ပြေပျောက်ရာသည်၊ သို့မဟုတ်က မြဲစွာနှောင်ဖွဲ့ ဘိသက်သို့ဖြစ်သည်ဟု လောကဟိတ စသေဒကျမ်းတို့၌ ဆိုသည်။

မင်္ဂလာရှိသော သီချင်းဟူသည်မှာ ဘုရင်ကောရာဇ်မင်း များသို့ ဘုန်းတော်ကြီးကြောင်း သက်တော် ရှည်ကြောင်း

ဘုန်းတော် သမ္ဘာတော်တို့ကို ချီးကြူး၍ ဆိုအပ်သော ထီးဖွဲ့ နန်းဖွဲ့ မြို့ဖွဲ့ ဘုန်းတော်ဖွဲ့များကို ဆိုသည်။

မင်္ဂလာ မရှိသော သီချင်းဟူသည်မှာ—လင်ပျောက်မယား ပျောက် အပူဖွဲ့ အဆွေးဖွဲ့ အလွမ်းဖွဲ့ ငိုချင်းစသော သီချင်းများ ကို ဆိုသည်။

ဘိသိက်ဆရာ ပြုလုပ်သော သူတို့သည် မဟာဂီတဖက်၌ ကျွမ်း ကျင်လျှင်ပို၍ မင်္ဂလာပြည့်စုံလေသည်၊ ကျွန်ုပ်သည် မဟာဂီတ ဖက်တွင် အတော်အတန် လိုက်စားခဲ့ဘူးသဖြင့် အဆိုအတီးတွင် ကျွမ်းကျင်ခဲ့သည့်အလျောက် မင်္ဂလာပွဲများတွင် တူရိယာဆရာ တို့နှင့် ညှိနှိုင်းကာ ဆိုမိခိုင်းမည့် သီချင်းများကို အခါကာလနှင့်တွဲဖက် ၍ မာတိကာပြုလုပ်ပေးရလေသည်။

ဥပမာ

၁။ ပဏာမခန်း--ရွှေဘုန်းရွှေဘုန်းဝင်း, မှန်ညောင်သဥကြိုး သို့မဟုတ် သဘင်ငယ်ကြေညာ ဘုန်းတော်ဖွဲ့, တော်ကြီးယင်ရာဖွဲ့ ထို [illegible] ါး ဘုန်းဖွဲ့တခု။

၂။ ဘုရားပင့်ခန်း "ထူးမခြားနား ရောင့်ခြည်တွေ့ဖွဲ့" သို့မဟုတ် "မာရဝိဇယပင် [illegible], စိန္တေကိုးသွယ်ဂုဏ်ပက်ပျိုး, ရွှေ ပလ္လင်အောင်ကြိုး" ရတနာသုံးပါးနှင့် စပ်ဆိုင်ရာသီချင်းတခုခု။

၃။ အနန္တငါးပါး ကန်တော့ခန်း- "ဇေယျာအောင်ချာ ကြိုး" "ရွှေဘုန်းရွှေဘုန်းပပဝင်း" "ဘုန်းဖွဲ့ကြိုး" "ကျွန်း ကျွန်း ပိုင်သကြိုး" သို့မဟုတ် "ဘိုးဆောင်မြင့်ကြိုး"၊ မောင်နှံစုံတို့သည် မင်္ဂလာဖောင်ပံ့ဖြင့် နိဗ္ဗာန်သောင်ယံသို့ တူမကွာ ကူးထွက်နိုင်စေ

ကြောင်း ဆုတောင်းခြင်းအဓိပ္ပါယ်နှင့် ကိုက်ညီစေရမည်၊ အချိန်ကြာမည့်ထင်လျှင် တူရိယာအလှည့် မပေးနှင့်၊ ရှေ့အခဏ်းဆက်။

၄။ မင်္ဂလာပြုခဏ်း-ထိမ်းမြားမင်္ဂလာဖြစ်ခဲ့လျှင် "ချစ်သမျှကို ပတ်ပျိုး" နှစ်ကိုယ်သစ္စာပတ်ပျိုး" "သုံးလူပေါ် ယိုးဒယား" "ထောင်ရောင်နေကသာ" သီချင်းခံကြီး၊ ၎င်းပြင် စပ်ဆိုင်ရာ သီချင်းတခုခု။

၅။ ဒေဝပူဇနီယအခဏ်း-စားတော်တိုက် နှတ်ဒိုးမှာ ဆိုင်းကဲ ဇာတ်ထဲများတွင်သုံးသော အသုံးဖြစ်၍ မင်္ဂလာပြုသော အခမ်းအနားများတွင်သေးနှုတ်လေသည်၊ ခန့်ညားသော "မဟာဂီဘာ နှတ်ပင့်ကြိုး" များကို တီးရမည်၊ ဥပမာ "ပုံနှုန်းဝတီ သာ" နှတ်ပင့်ကြိုး "ရွှေနန်းအောင်မြေ" ဂုင်းကြိုး "မာလာဂန္ဓာမွှေးမွှေးသင်းသင်း" ဒေဝဒူဘနှတ်ကြိုး "ဇမ္ဗူသိင်္ဂါပိုးပြက်"နှတ်ပင့်ကြိုး၊ ၎င်းပြင် နှတ်နှင့်ဆိုင်ရာ သီချင်းတခုခု။

၆။ ဆုံးမခဏ်း- "စိန်ကြောင်နီလာပတ်ပျိုး" "မဏိကဥ္စနာပတ်ပျိုး"၊ ၎င်းအခဏ်းမှာ များသောအားဖြင့် အချိန် မရှိ၍ ချန်လှပ်ခဲ့ရသည်သာ များလေသည်၊ ၎င်းအစား သြဘာစာရေးသွားပြီး "သြဘာစာ" ဖတ်ပါ။

၇။ နိဂုံးချုပ်-"ဇေယျာအောင်စည်ပတ်ပျိုး" "ရွှေတေဇာတိုင်းကြော့" ပတ်ပျိုး၊ ၎င်းပြင် သက်ဆိုင်ရာ သီချင်းများ အများအပြားရှိသည်၊ သင့်လျော်ရာ ထုတ်နုတ်၍ သုံးကြကုန်။

တူရိယာဆရာများမှတ်ရန်- ဘိသိက်ဆရာက အလှည့်ပေးလိုက်သော သီချင်းများကို တပုဒ်လုံးဆုံးအောင် မတီးရ၊ သပြေခံနှင့် သီချင်းနှစ်ပုဒ်လောက်သာ တီးပါ။

အထက်ပါ ညွှန်ပြလိုက်သော သီချင်းများမှာ ဦးပြုံးချို၏ "မဟာဂီတပေါင်းချုပ်ကျမ်း"မှ ဖြစ်ပါကြောင်း၊ ဘိသိက်ဆရာနှင့် တူရိယာဆရာတို့သည် ၎င်း "မဟာဂီတပေါင်းချုပ်ကျမ်း"ကို တအုပ်စီလက်ကိုင်ထားသင့်လေသည်၊ သို့မှသာလျှင် သူတပါးတို့ ရေပက်၍ မဝင်နိုင်အောင် ခိုင်လုံစိတ်ချရမည်။

## ဦးပြုံးချို၏ မဟာဂီတပေါင်းချုပ်ကျမ်းမှ ထုတ်နုတ်ချက်

ဤကျမ်းကို သင်ယူလိုက်စား ကျက်မှတ်ကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် လက်ဆိုင်မင်္ဂလာ အခမ်းအနားတို့တွင် အလွယ်တကူ သင်ယူမှတ်သားနိုင်ကြစေရန် ဦးပြုံးချို၏ "မဟာဂီတပေါင်းချုပ်ကျမ်း"မှ ထိမ်းမြားမင်္ဂလာနှင့်ဆိုင်ရာ သစ္စာတိုင်ပတ်ပျိုး၊ ယိုးဒယားတို့ကို ထုတ်နုတ်၍ အောက်တွင် ထည့်သွင်းဖော်ပြလိုက်ပါအံ့။

### သစ္စာတိုင်ပတ်ပျိုး

(ပဉ္စမနိဒါန်)-စာမျက်နှာ-၁၀၀

ချစ်သမျှကို မြင့်မိုရ်ရွှေတောင်လုံးသာပလေး × လေးဆူဒီပါ-သီတာရေမြေ ဆုံး ၃တော့လေး× အိုဘယ်မမုန်း ပေါ်ဘော့နိုင်× ကပ်လုံး ဆုံးတိုင်တိုင်× ရှည်ညာပိုင် အုံးလျှိုင်သဇ္ဇာကြော့မှာ လှလေး× ကြိုးမည့်နောင်ခါ- ကမ္ဘာမြေယံ ရွှေ့စေတော့လေ× မှန်သရွှေ့ကိုလ- ဖန်စေ့ငယ်ရေရေ- ကိုးဂုဏ်ရှင့် ဂူတော်မေ့× တူမသွေ-ပါစေမယ်နှင့်သား× လှစ်ကျူးမြွက်ကြား-ဝှက်မထား×

မြတ်ရှင်ပုင်တန်ခိုးအာ:× 'မခြား သိစေကြောင်း၊ ပန်ထွာဟည့်ခ, ဝပ်ညောင်း× တူပြိုင်-ဂူလိုဏ်-စကား သစ္စာတိုင်၊ သံသာလေ ဘမ်းတိုင်-တူပြိုင်လေ ကူးမယ်-ဆုထူးငယ် ပန်ရွယ်သွန်း× ချစ်လို ငယ်မကုန် ဝသုန်ဤမြေ၊ သိ,ကြားစေ သက်သေညွှန်း× ပျံ့မွှန်း မွေးလှိုင်ကြူ လေတည့်မှု၊ သုံးလူ့ထွဋ်မှန်ကူ× မတူလေပြိုင် ၎ှုန်းကင်း× ခြောက်ဖြာစုံ-ရောင်မျိုးငယ်လင်း။ ။

သဖြန်- ချစ်ချင်းငယ်ပြိုင်၊ မြစ်မင်းပိုင် အဏ္ဏဝါက၊ ပြန်မသာကဲ× ယွှင်းစေဝသုန်၊ ငွေဝန်းသော်တာယုန်သို့၊ ကမ္ဘာ ကုန်ကျယ်သံရွှေ့ငယ်ကို၊ ဘယ်မေ့လိမ့်လဲ။ ။

## နံ့သာနီတောင်သို့ယိုက်သော သစ္စာတိုင်ပဏ်ပျိုး

စာမျက်နှာ (၁၂၁)

နှစ်ကိုယ်သစ္စာ၊ အံဆိုမေတ္တာ၊ မြဲအောင်သာ× ကေသာ လေမြတ်ဖျား- တင်ဦးထား× 'နှမ်ပါးကျိန်သစ္စာ၊ စုလျားတဲ့ ရစ်ခွေကာ× သေချာလေမှန်ကြောင်းလျား× တူနှစ်ကိုယ်ချစ်ရေး တော်ဘား× ရာရွှေလေနှစ်ပြား၊ စုလျားဘဲ့ဂဟော- ဆော်မြဲပ မှန်ပုံသေ× ခင်တမေ သည်တသက်တွင်ဖြင့်၊ မြတ်ဆံကေစိန္တေ စက်မှာမှု၊ ကျမ်းရွက်စို့- လှမ်းဆက်လို့၊ နန်းဆက်ညွန့်လျှော် ဆံကေ× မသွေတမ်း- ရွှေကျမ်းကို မောင်က မောင်က ရွက်ပါ့ မယ်တဲ့၊ မောင့်သက်လယ်×မမှန်းတမ်း-ဆုံးခန်းဟိုင်ရွယ် တိုင်ရွယ် တဘုန်းမှန်း- သုံးစန်းရွှေလယ် ရွှေလယ်၊ နောင်သွေဖယ်ဘု၊ ဆွေမယ်လျ-လှနတ်ကယ်။ ။

# တောမြိုင်ခြေလမ်းသို့လိုက်သော

# သစ္စာတိုင် ယိုးဒယား

စာချက်နှာ (၁၀၉)

သုံးလူဖော်လေးပါး မြတ်ညီအောင်လေး× ပွင့်မည်ဆန်း-တယ်လေး နန်းကံ့ကော်× တကြံရှယ် ဖန်တယ် ကုသိုလ်နှော်× သွေချော်နောင်ခါ၊ ရှောင်လိမ့်လား× ပေ့မယ်ယယ်သာ၊ ထွေရာ ထင်တော့အား× ထူးပေ [illegible] ဂျမြေမျိုစေသား× သက်သော် ငယ်လေ ထွေ [illegible] နှကြာ [illegible] သစ္စာ မြဲလိမ့်မှန်သချာ× ကြံတယ်ဖန်ရှယ် [illegible] ဖူးပြင်မ [illegible] နတ်ရှင် ရွှေမင်္ဂ [illegible] သား× ပိုမယ် ငယ်လေ ယိုရိုးလား× ချိုင [illegible] တယ် [illegible] လ [illegible] တော့ပျား× [illegible] ချစ်ရေး မတူထင်× ရာဇူတွင်ထိုး၊ စင်းချိန်မှန်ရာ တိုးလိမ့်ရွှေကိုယ်၊ ဘုန်းမို ယုံစေဘွယ်× စိတ်တူမှန်းလှုံကြံရှယ်၊ မောင်ကြီးဘက်ငယ် [illegible] မှန်လိမ့်မယ် [illegible] မြဲမြဲ [illegible] ကြင်ပါမည်၊ ဗိုလ်ထောင်တင် ကြူး [illegible] မှန်သည်၊ မြတ်မျိုးဇာနည် မောင်ကြီး ဘာမထိ× ကြည်ကြည်ငယ်လေး [illegible] သို့ [illegible] ဂိုး-သစ္စာတိုင် [illegible] သခိုင်လှ့်ထိုး× သုံးရွှေကြော့ပို [illegible] ဘာသာ ညီလာစုံ ဘုန်းပြိုင်× အုံးမြိုင် သဉ်လယ် မော [illegible] မယ်စုံပ [illegible] လွမ်းကြင်ရွှေငှက်လို၊ ကြည်ညိုပုံမို မေတ္တာသွန်း၊ ဆ [illegible] ဖျန်းရေစင်သည် [illegible] ၊ ညွန်းလိမ့်ပြဟ္မာ၊ မှန်စွာ တူတူ အောင်ပ [illegible] ညွန့်လူ၊ သက်မူရာကျော် အောက်ကာပျော်ပျော် စံဆောင်ဘုံပေါ်၊ တော်စုံခြယ်လှယ် နှင်းမယ်ဘိသိက်ပန်း။

## ဘုန်းဖွဲ့ဖောင်လားကြိုး

စာမျက်နှာ (၂၈)။

ဘုံဆောင်မြင့်စိန်ကြောင် ဖလ်ရှိန်လေ ညီးလို့လင်းလင်း× ကြွားကြွားမိုးဖျား သိခေါင်လေ ဟိမ်မှောင်လေ ဝေးရှင်းရှင်း× စိုးစကြာငယ်လေ ကိုးမျက်မြှာငယ် လောကလောင်းမင်း× ဘုန်းတေဇာငယ်လေ နှန်းနေဖြာတယ်လေး ထွန်းပ ဝင်းဝင်း× ဧရနန်းဗိမာန်လေ ထူးလှကောင်းခြင်း× ရွှမ်းရွှမ်းလန်းလို့ လျှပ်ပန်းလျှပ်ပန်း၊ ထွေးကြသောင်းတွင်း× သီတာရွှေဘွဲ့ ခင်းငယ်နှင့် ရွှေတဲ့ညီလာ× ယဉ်မဲ့ရာ ကြာရံကာ သော်တာ သွားသို့လေး× ပြာခြေမှောင် ခွာစသွေ့ရှောင် ရွှေဖောင်လား ကွန့်လေး× ယဉ်ရောကြွယ်ရံကာ၊ သော်တာသွားသို့လေး× ပြာခြေမှောင်× ခွာသွေ့ရှောင်× ရွှေဖောင်လားကွန့် မျှားလှေ့ရံ လေတည့် မျှားလှေ့ရံ။

## ဦးကင်းမြင့် ညီလာခံကြိုး

စာမျက်နှာ (၃၈)

မှန်ညောင်ဘဥ္ဇာ ညီလာပတ်ဝန်းမြှိုင်× ခညောင်းသဘင် ဦးကင်မြင့်ရဝေဆိုင်× ကြိုင်ကြိုင်လေသင်းလှိုင်၊ မွှေးပျံ့ထုံ× ပန်းခုံတော်ရင်းဆီက နှင်းနှင့်ဖသော်က၊ မြတ်စွိုက္ခာ ညွတ်ခါပွင့်ဖူး ရလေး× ညွတ်ခါချပ်လွှာ ဝေဉ်ညှာသင်းပျံ့- ပန်းမင်းသက မဉ္ဇူညှာစုံစွာ ဖူးရလေး။

## ၎င်းအလိုက် ဘုန်းဖွဲ့ကြိုး

စာမျက်နှာ (၃၈)

ဘုန်းတော်တေဇာ ဝေဖြာထွန်းပထိန် × မင်းမင်းတရာ ဆယ်ကြာညွတ်ဦးနှိမ်× ရှိတေဇာဖြိုးလို့ဖြာ× ထက်နန်းအာကာ မိုးရယ်က- သွန်းဖြိုးငယ်စေရော၊ သမ္ဘာ့ထူးလှလေး × နန်းဦး ဘွဲ့ချော သာယာထူးလှ၊ လွန်ကြူးဝေမျှ ဝတိန်ပမာ ပျော်ရာမန်း ဘုံသာ။ ။

## မင်္ဂလာသြဘာ ယိုးဒယား

စာမျက် ၂၀၅)

အောင်- ဇေယတ• သဗ္ဗမင်္ဂ • အောင်ဇေယတု၊ အောင်ဇေယတု၊ အောင်ဇေယတု၊ သဗ္ဗမင်္ဂလံ။ ။

ဇေ-ယတု- သဗ္ဗမင်္ဂလံ- အောင်အတိတ်ကျော်ညံ့- အော ဟိတ်ပေါ်လာပြန်- ပုဗ္ဗနိမိတ်သုခါဝဟံ၊ နှုတ်ကဘိသိက် ဆုပတ္တနာအမှန်- တက်နေတိုးသလို- ကြက်သရေဖြိုးလို့၊ တန်ခိုး ဂုဏ်ရောင်လျှံ စန်းပုဏ္ဏမီ လင်းသလို၊ ဂုဏ်သိမ်သတင်းက- ဇမ္ဗူ တွင်းကြေညာမှန်- စိတ်မှာကြံသမျှပင်၊ ဣဋ္ဌာရမ္မဏ, ဘောဂ သမ္ပန္န-၂။ မြတ်ကြောင်း မြော်ကြောင်း မဟာဇေယံ၊နတ်ပေါင်း နတ်ပေါင်း • မာရပမံ-၂။ မကြာ စံရန်-ရတနာချေရံ-ရာဇာ့ဌေ အမြန် ပေါစရာ•သြဘာသံ၊ မဟန္တသိရိဂဏံ လာ့တိ ဂဏ္ဍာတိတိ မင်္ဂလံ။

အို-ရွှေပဒေသာ- ငွေပဒေသာ- ဝေပေဆာဆာ မြေမှာ ပေါက်ပြေး-အမြောက်အမြား ပြည့်လျှံ ဇောတိကပမာသတ္တာန် ပေါ်သည့်ခေန လာဘ်၊ ဇဋိလ မေဏ္ဍက သူဌေးတို့လို အတိတ်ဘဝ ယခင်ကပေးတဲ့ ကုသိုလ်ကံ၊ ရတနာ့ခုနစ်ဝမှာ ကာကေဘဏ္ဍာ တို့လို၊ လိုသမျှဥစ္စာတို၊ ပေးမကုန်လှူမခန်းအောင်၊ ဇမ္ဗူတဝှန်းမှာ လူစွမ်းထက်ကြပြန်၊ ဝေဖြိုးဝေဖြိုးအနန္တ-မြေမိုးမြေမိုးဘဝင်လျှံ၊ ဒါနကုသလံ သီလကုသလံ" ဘာဝနာထုံသည်၊ အမတာဘုံရည် စိတ်သန်၊ မံသိရိ လာတိ ဂဏှာတိတိ မင်္ဂလံ။

ကျက်သရေ ကမ္ဘာတခါသောင်းက ပေါင်းစည်းပြန်၊ ထက်ပြပေမှ ပတ္တနာ့ခေလာင်းလို့ ကောင်းမြိုင်ညံ ၂။ ဤတလောက ပေါ် မနောမယဒေါ်- စကြာရတနာ ပတ္တမြားလို ပြည့်ငြားလို သမျှအကြံ၊ ၂၊ ယာပြုကြတဲ့ မင်္ဂလာမှာလေ၊ လျင်စွာပတ္တနာ့ အကျိုး ရတနာမိုး သွန်းဖြိုးရွာရန်- အဟုတ်အတိတ် နားဝင် သာရန် နှုတ်ဘိသိက်မင်္ဂလာအသံ- လေးဖြာသဒ္ဒေး ပမာမယှဉ်း အောင်၊ စေရာဒခင်းဖြင့် ဂအောင်ခြင်းသုသုခံ၊ အိုင်ကုဏ္ဍလာ နန်းမှာ၊ ပဒုမ္မာပန်းသို့ ပွင့်လန်းသံသည်သို့သဏ္ဍာန်၊ ဝေရော်မနော လင်းသည်၊ သော်တာမင်းရယ် သန့်ရှင်းကြည်သို့ဟန်၊ စိတ္တာ သုခံသုခံ-ကာယသုခံသုခံ-သိဒ္ဓါဘဝန္တု၊ ညွှန်ဆုသမ္ဗေ ဝုစ္စိတံ။

အောင်သီချင်းနှင့် အောင်ခြင်းဇေယံ၊ နှလုံးလိုရာ အိုမကြာပြည့်ကြောင်းမှန်၊ မင်္ဂလာစောင်းသီချင်း၊ ကောင်းခြင်း ဇေယာအသံ၊ ကောင်းတွင်ကြေညာရန်၊ သဘောစိတ်ရှိသမျှဖြင့်၊ မနောမယိဒ္ဓိ ပြည့်စုံပါစေအမြန်။

## မင်္ဂလာအခမ်းအနားပွဲတွင် ဘိသိက်ဆရာတို့ ရွတ်ဆိုချီးမြှင့်ရန် အစီအစဉ်နှင့် စာကိုယ်

အမှာ— ဘိသိက်ဆရာ ပြုလုပ်သော သူတို့သည် မင်္ဂလာအခမ်းအနား ပွဲအတွင်း ပရိသတ်အလယ်တွင် မတ်တတ်ရပ်လျက် ရှေးဦးစွာ ညွှန်ခံစကားပြောရမည်၊ အခမ်းအနား စလျှင်စခြင်း မင်္ဂလာခံ သတို့သား, သတို့သမီး ပရိသတ်အလယ်သို့ မထုတ်ရ၊ အကယ်၍ ပွဲလယ်သို့ထုတ်ထားပါက ညောင်းညာခြင်း, မူးဝေခြင်းစသော ပင်ပန်းဖွယ်ဖြစ်ခဲ့စသည်၊ ဆရာမှာလည်း အလိုက်မသိရာကျချေသည်၊ သတို့သား, သတို့သမီး တို့ကို မထုတ်မီ အချိန်ကိုကြည့်၍ "ပရိကံစကားနှင့် အခြေခံပညာတို့ကို" ထိုက်သလောက်ပြောပါ၊ မရှည်စေရ၊ အခမ်းအနား အစီအစဉ်တွင် ကန်တော့ခန်းရောက်မှ သတို့သား,သတို့သမီးတို့ကို ပရိသတ်အလယ်သို့ ထုတ်ပါလေ၊သတို့သားကို လက်ျာဖက်၌နေစေ၍ သတို့သမီးကို လက်ဝဲဖက်၌ နေစေရမည်။

မင်္ဂလာပွဲအခမ်းအကျင်း ပြင်ဆင်ရန်မှာ ကိုယ်ပိုင်တိုက် ကိုယ်ပိုင်အိမ်တို့တွင်ရင်း၊ မဏ္ဍပ်ကနားထိုး၍ရင်း ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ကျင်းပသော မင်္ဂလာပွဲကြီးများမှာ ကန်တော့ပွဲ ၅-ပွဲပြင်ရမည်၊ ရင်းကား ဘုရားပွဲ-၁၊ သတို့သားမိဘပွဲ-၁၊ သတို့သမီးမိဘပွဲ-၁၊ အထက်နတ်ပွဲ-၁၊ အောက်နတ်ပွဲ-၁၊ ပေါင်း ၅-ပွဲတည်း။ ငွေလင်ပန်းကြီး နှစ်လုံးရှိရမည်၊ တလုံးတွင် ရေသုံးပုံ နှစ်ပုံထည့်၍ သပြေပန်း အခြားပန်းများ အပြည့်ဖြည့်ရမည်၊ ကျန်တလုံးတွင် ရတနာခုနစ်ပါးနှင့် ဆန်ပန်းပေါက်ပေါက်များအပြည့်

ထည့်ထားရမည်၊ အခမ်းအနားမှာ အလယ်အလတ်တန်းဖြစ်ခဲ့လျှင် ကန်တော့ပွဲ ၅-ပွဲ မတတ်နိုင်ပါက ၃-ပွဲ ပြင်စေရမည်၊ ထိုထက်ငယ်လျှင် ၂-ပွဲပြင်ပါ။

ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီးဖြစ်ခဲ့ပါမူ အချိန်မှာ များစွာရရှိသည်ဖြစ်၍ ဇေဆေးဆေး ညှော်ခံနိုင်သည် ဖြစ်သောကြောင့် မင်္ဂလာအခမ်းအနားပွဲအတွင်း ''ဘိသိက်ဆရာတို့ ရွတ်ဆိုချီးမြှင့်ရန်'' အခဏ်းတွင်ပါရှိသော အမှာစကားအတိုင်း ကြည့်ရှုလိုက်နာပြီးလျှင် အပြည့်အစုံရွတ်ဆို ချီးမြှင့်နိုင်ပါသည်၊ နောက်ဆုံးတွင် ဩဘာစာ ရေးသားဖတ်ကြားပါ။

မြို့တော်ခန်းမ စသည်တို့တွင် ကျင်းပသော မင်္ဂလာအခမ်းအနားဖြစ်ခဲ့ပါမူ အများဆုံးအချိန် တနာရီမျှသာ ရသည်ဖြစ်သောကြောင့် ထိမ်းမြားခဏ်းကစ၍ ရွတ်ဆိုချီးမြှင့်ပါ၊နောက်ဆုံး ဩဘာစာ ဖတ်ကြားရမည်။

ဟိုတယ်စသည်တို့တွင်ကျင်းပသော မင်္ဂလာ အခမ်းအနားများမှာ အများဆုံးအချိန် ၁၅-မိနစ်၊နာရီဝက်မျှသာ ရသည်ဖြစ်သောကြောင့် ထိမ်းမြားခဏ်းနှင့်ဩဘာစာကိုသာ ဖတ်ကြားပါ။

အထူးသိမှတ်ရန်မှာ - ဘိသိက်ဆရာတို့ ရွတ်ဆို ချီးမြှင့်ရန် အခဏ်းတွင် ပါရှိသော စာသားများကို နှုတ်တက်အရဆောင်၍ ရွတ်ဆိုချီးမြှင့်နိုင်ပါကပိုမို၍တင့်တယ်ပါသည်၊သို့ရာတွင်နှုတ်တက်

အရမဆောင်နိုင်ပါက ဤစာအုပ်ကိုကိုင်၍ ဖတ်ကြားရုံးမြင့်နိုင်ပါသည်၊ ဖတ်ကြားချီးမြှင့်ကြပါကုန်။

ဘိသိက်ဆရာတို့ ဝတ်ဆင်ရမည့် အဝတ်တန်းဆာမှာ – ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီးဖြစ်ခဲ့လျှင် ၁။ ပုဆိုးရှည်၊ ၂။ ထိုင်မသိမ်းအင်္ကျီအရှည်၊ ၃။ ပုဏ္ဏားတော်မကိုဋ်ကိုဆင်မြန်းနိုင်ပါက ပိုမို၍ ကျက်သရေရှိလေသည်၊ သို့ရာတွင် ပုဏ္ဏားမကိုဋ်မရှိပါက မြန်မာခေါင်းပေါင်းကို ဆင်မြန်းပါ၊ ၄။ ပုဝါအဖြူကို လက်ကန်တော့သိုင်း၍တင်ပါ။

အလယ်အလတ်တန်း ဖြစ်သော မင်္ဂလာ ပွဲများတွင် ဝတ်ဆင်ရန်မှာ— ၁။ ပုဆိုးရှည်၊ ၂။ ရင်ဖုံးအင်္ကျီ၊ ၃။ မြန်မာခေါင်းပေါင်း၊ ၄။ ပုဝါဖြူလက်ကန်တော့စာင်။

သာမန်မင်္ဂလာပွဲများတွင် ဝတ်ဆင်ရန်မှာ— ၁။ ပိုးလုံချည်၊ ၂။ ရင်ဖုံးအင်္ကျီ၊ ၃။ မြန်မာခေါင်းပေါင်းဟူ၍ ဆိုခဲ့သော အသ. အပြင်များဖြစ်သည်။

မှတ်သားရန်မှာ—မင်္ဂလာဟူသော မင်္ဂလာဦး အခမ်းအနားဖြစ်၍ ဘိသိက်ဆရာနှင့် သတို့သား သတို့သမီးတို့ ဝတ်ဆင်သည့် အဝတ်တန်းဆာများတွင် ရှောင်အပ်သော အရောင်များမှာ အနက်ရောင်, အညိုရောင်, အပြာရောင်များကို လုံးဝရှောင်ကြဉ်ပါ၊ ပုဏ္ဏားဆရာတို့ဘိသိက်တွင် ဩဘာစာမပါ၊ မြန်မာဆရာတို့၏ ဘိသိက်တွင် ဩဘာစာ ပါရမည်။

## ဤအခဏ်းမှစ၍ မင်္ဂလာအခမ်းအနားပွဲ အတွင်း ဆောင်ရွက်ရန် အစီအစဉ်ကို ပြပေအံ့

### မင်္ဂလာအခမ်းအနားဖွင့်

၁။ ပဏာမခဏ်း-အဆုံးကန်တော့ထွက်
၂။ ဘုရားပင့်ခဏ်း
၃။ အနန္တငါးပါး ကန်တော့ခဏ်း
၄။ ထိမ်းမြားလက်ထပ်ခဏ်း
၅။ ဒေဝပူဇနီယအခဏ်း
၆။ ဆုံးမခဏ်း သို့မဟုတ် ဩဘာစာဖတ်
၇။ နိဂုံးချုပ် ဆုပေး

၇-ခဏ်း ၇-ကဏ္ဍ ပိုင်းခြားထားပါကြောင်း။

---

### ရှေးဦးစွာ ဗိသိက်ဆရာက ညွှန်ခံစကား ပြောကြားရန်

ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော၊ ဧဝ မေဝ ဇယော ဟောတု။ ။ အောင်ဆုဗိသိက် အောင်ဟိတ် မင်္ဂလာ အောင်မြေချာ၌ ငါးဖြာမာန်ဟုန် ရှုန်းသူပုန်ကို အကုန် အစင် အောင်မြင်ဘော်မူသော၊ သယမ္ဘူမုနိ မာရဇိ ထွဋ်ထား မြတ်ဘုရား၏ ကြီးမားမြင့်မြတ်တော်မူသော မဟာဗိသောက ဗောဓိမူလ ပဌမ အောင်ပန်း ခိုင်ညွန့်လန်းကို ဆင်မြန်းကြည်ဖြူ

ကြိုင်ရနံ့ ယူလျက် ဇမ္ဗူဒိပ နိမိတ္တဟု တိတ်ပြဝေါဟာရ ထောမ နာလျက် ဟောပြရခြင်း ဖြစ်ပါကြောင်း။

ဒီအောင်မင်္ဂလာ အောင်အခါဟု ဇေယျာနတ်သက် ဒိန္န ရက်၌ စုက်သင်္ဂလာဘ အမြိတ္တနှင့် ဝရသိဒ္ဓိ အညီညီ၍ တိထိ အစွန်း အထွန်းငါးအင် စန်းယှဉ်နက္ခတ် ပါဒ်နဝင်းပြိုင် မဏ္ဍိုင် ဗဟို မြင်းမိုရ်တည်ထွန်း လေးကျွန်းနက္ခတ် သင့်ရာမှတ်လျက် လာဘ်နတ်စန်းနေ ထွေထွေဂြိုဟ် လဂ်မှစန်းခွင် နိုင်းယှဉ်ညွှန့်လန်း ကိန်းခန်းပေါင်းစု သိမ်းရုံး၍ ရှုလိုက်သော် သုနက္ခတ္တံ သုမင်္ဂလံ သုပဘာသံ သုမုဟုတ္တံ အခါနှုကောင်းဖြစ်ပါသည်။

ကမ္ဘာဦးသူ လူတို့သဘာဝ အာဝါဟ, ဝိဝါဟ စသည် သဘော ထိမ်းမြားသောအရာ မဟာသမ္မတ ရာဇာမနု ရသေ့ပြု သည့် သမ္မုတိဓမ္မသတ်ကျမ်း၌လည်း သင်းသီးဆယ့်နှစ်ဇ အင္ဂက ဝါမက စသည်မှုနို ရသေ့ပြုသည့်ကျမ်းဝေဒလ်တို့၌လည်း ၁၂- တန်သော မင်္ဂလာ၊ သိင်္ဂါလ သတို့သားအား ဘုရားဟောလာ ရှိသော ဘမိတို့ဝတ်ငါးဖြာ မင်္ဂလာတရုံးဦး အထူး ဟောကြား အပ်သော ပုတ္တာဒါရဿ မင်္ဂလာအဖြာဖြာတို့သည် ကမ္ဘာ့ထုံးတမ်း မှိုးငြမ်း ဓမ္မသတ် ကျမ်းမြတ်ဗေဒင် ဘုရားရှင်ဟောပြ သုတ္တန္တ တို့နှင့်ညီစွာ သက်ပင်သော တရားတော်မြတ် ဖြစ်သောကြောင့် သားသမီးတို့အား ပွားစီးမင်္ဂလာ တည်စိမ့်ငှာလျှင် ချိန်ခါသင့်တင့် ရွေးချယ်လင့်၍ ချီးမြှင့်ထိမ်းမြားရခြင်းသည် ဘမိတို့ဝတ္တရား အတိုင်းပင် ဖြစ်ပါကြောင်း။

ယင်းသို့ဖော်ပြ ကမ္ဘာ့အစဉ် ဗေဒင်ပိဋကတ် ကျမ်းမြတ် တို့လာ ဘမိတို့ဝတ်ငါးဖြာဖြင့် အခါကိုချင့်ထောက်၍ သားသမီး တို့အား ပွားစီးချိန်လောက် အရွယ်ရောက်၍ ချီးမြှောက်ထိမ်းမြား

ရမည့် ဂတ္တရားအတိုင်း သိုင်းဝိုင်းပြုပြင် ဤသဘင်ကိုမင်္ဂလာ အောင်ဆု ရည်ညွှန်းပြုလျက် ဇေယတုမြွက်ဆင် စီရင်ကျင်းပ ရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် နှစ်ကောင်း လကောင်း နေ့ကောင်း ရက်မြတ် တို့ကို ဗေဒင်တတ်သိ ပညာရှိတို့ထံ စုံစမ်းမေးမြန်းလျက် တွက်ချက် သိုက်မြိုက် ဟောပြောလိုက်သော ဤနေ့ ဤရက်သည်ကား ကောင်းမွန် မြင့်မြတ်သော နေ့ကောင်း ရက်မြတ်ကြီးဖြစ်ပါ ကြောင်း၊ ဆရာ၏အဖို့မှာ မင်္ဂလာထိုရက် နေ့တွက်အကြောင်း အချိန်ကောင်း နာရီကောင်းတို့ကို ကောင်းမကောင်း ရွေးချယ်၍ အောပယ်ရန် တာဝန်ရှိသည့်အလျောက် ရှုကောက်၍ ရွေးလိုက် ကြအုံးစို့ ရှဲဗျား။

အချိန်ရွေးနည်း– "အောင်သာနေမွန်းတည့် ၄ ဆင် သုံးချက် တီး ရွေပြည်တက်တုံးခါ နန္ဒာနေထွက်ဝင်" လို့ဆိုပါသည်။

၎င်းပြင် "တနင်္ဂနွေ သောကြာ မွန်းတည့်ခါ ဘယာဘေး မျိုးအောင်၊ တနင်းလာနှင့်အင်္ဂါတသီး သုံးချက်တီး ရန်မီ ကင်း လွတ်ရှောင်၊ ကြာသပတေး တထူး ဗုဒ္ဓဟူးရက် နေလျှံတက် မပျက် ဤလူ့ဘောင်၊ နေထွက်နေဝင် စနေပင်ဆောလျှင်ရန်မျိုး အောင်" ဟူသည်နှင့်အညီ–

ဥပမာ–ယနေ့သည် အင်္ဂါနေ့ဖြစ်သောကြောင့် သုံးချက်တီး အချိန်သည် မင်္ဂလာအခါရရှာသာ အချိန်ကောင်း ဖြစ်ပါသည်၊ ထို့ကြောင့် တရက်နေ့လုံးအတွက် အခါကြီးရှစ်ပိုင်း ပိုင်းပြီးလျှင် နံနက် လေးပိုင်း ညနေ လေးပိုင်း ပိုင်းရပါသည်။

## အခါကြီးရှစ်ပိုင်း ပိုင်းနည်း

ပိုင်းပုံ ပိုင်းနည်းမှာဆိုလျှင် "သူရဇ္ဇ, သောကြ, ဗုဒ္ဓ, စန္ဒရော, သောရီ, ဂုရု, ဘောမ, သူရဇ္ဇ" ဟူ၍ ရှစ်ပိုင်း ဖြစ်ပါသည်၊ ဂဏန်းနှင့်ချပြရလျှင် "၁-၆-၄-၂-၇-၅-၃-၁" ဟူ၍ ဖြစ်ပါသည်၊ နေထွက် ၆-နာရီမှ နေဝင် ၆-နာရီအတွင်း ရှစ်ပိုင်း ပိုင်းရပါသည်။

နေထွက် ၆-နာရီမှ မွန်းတည့် ၁၂-နာရီ လေးပိုင်း, မွန်းတည့် ၁၂-နာရီမှ နေဝင် ၆-နာရီ လေးပိုင်း၊ တပိုင်း တပိုင်းလျှင် စက်နာရီ တနာရီခွဲနှင့် ညီမျှသောကြောင့် တပိုင်းကို တချက်တီးဟု ခေါ်လေသည်၊ ထိုကြောင့် နံနက် "တချက်တီး, နှစ်ချက်တီး, သုံးချက်တီး, လေးချက်တီး" "ညနေ တချက်တီး, နှစ်ချက်တီး, သုံးချက်တီး, လေးချက်တီး" ဟူ၍ ပိုင်းခြားခေါ်ဆို ရလေသည်။

(ငါးချက်တီး ခြောက်ချက်တီးဟူ၍ မရှိ)

"နံနက်တချက်တီး သူရဇ္ဇအချိန်, နှစ်ချက်တီး သောကြ အချိန်, သုံးချက်တီး ဗုဒ္ဓအချိန်, လေးချက်တီး စန္ဒရောအချိန်" "ညနေ တချက်တီး သောရီအချိန်, နှစ်ချက်တီး ဂုရုအချိန်, သုံးချက်တီး ဘောမအချိန်, လေးချက်တီး သူရဇ္ဇအချိန်" ဟူ၍ ဖြစ်ပါကြောင်း။

ဥပမာ— ယနေ့ အင်္ဂါနေ့ ဖြစ်သောကြောင့် "င. ဆင် သုံးချက်တီး" ဖြစ်သည်၊ ၎င်းပြင် "တနင်းလာနှင့် အင်္ဂါတသီး သုံးချက်တီး ရန်မီးကင်းလွတ်ရှောင်" ဆိုသည်နှင့်အညီ- ယနေ့ နံနက်သည် သုံးချက်တီး အချိန်ဖြစ်သော စက်-၉နာရီမှ ၁၀

နံ့ရှိခဲ့ဖူးသော အချိန်သည် ဗုဒ္ဓအချိန် ဖြစ်သောကြောင့် ဘေးရန် အန္တရာယ်အပေါင်းမှ ကင်းလွတ်အောင်မြင်နိုင်သည်ဟု အဟော လာရှိသောကြောင့် ကောင်းမြတ်သော အချိန်ကောင်း အခါ ကောင်း ဖြစ်ပါကြောင်း၊ (သုံးချက်တီး ဟူသည်မှာ နံနက်ကျင်းပ လျှင် နံနက်သုံးချက်တီးကိုယူ၊ညနေကျင်းပလျှင် ညနေ သုံးချက် တီးကိုယူ၊ ဤနည်းကိုမှီ၍ ကျန်သော အချိန်များကိုလည်းသိလေ)

## ဘဝါးရွေးနည်း

ရှင်းပြင် ဦးပုည၏ အခါဂပး ကျမ်းမှာလည်း အချိန် ကောင်း မကောင်းကို ဘဝါးနှင့် ရွေးနည်းမှာ—

ရဝိ ဒသ ဂရုဋ္ဌေ နာဂေ ါဇေယျော၊
စန္ဒရံ ပဉ္စ ဗျဂ္ဃ ဧဒိ၊ ဘောမိ အဋ္ဌ
သီဟော ဂဇော၊ ဗုဒ္ဓ စတု စူဋ္ဌနိယော
မဟောသဓော၊ ဂုရု တိယော ဗိဋ္ဌာရော
ဥန္ဒုရော၊ ယော်ကြ၊ ဒွါဒသေ သုနခေါ
မေဏ္ဍော၊သုညံ နဝေ သပ္ပေါ မဏ္ဍူကော
ဇေယျော ဘဝိဿတိ။

အနက်။ ။ရဝိ- တနင်္ဂနွေနေ့၌၊ ဒသ- ဆယ်ဘဝါး ရှိမူ ကား၊ ဂရုဋ္ဌေ- ဂဠုန်ကို၊ နာဂေါ- နဂါးသည်၊ ဇေယျော- အောင်သောအခါတည်း။စန္ဒရံ-တနင်္လာနေ့၌၊ ပဉ္စ-ငါးဘဝါး ရှိမူကား၊ ဗျဂ္ဃ-ကျားကို၊ ဧဒိ-သားသမင်သည်၊ ဇေယျော- အောင်သောအခါတည်း။ ဘောမိ-အင်္ဂါနေ့၌၊ အဋ္ဌ-ရှစ်ဘဝါး ရှိမူကား၊ သီဟော- ခြင်္သေ့ကို၊ ဂဇော- ဆင်ပြောင်သည်၊ ဇေယျော- အောင်သောအခါတည်း။ ဗုဒ္ဓ-ဗုဒ္ဓဟူးနေ့၌၊ စတု-

လေးဘ၈ါးရှိမူကား၊စူဠ္ဌနီယော- စူဠ္ဌနီပြဟ္မဒတ်မင်းကို၊ မဟော သဓော-မဟော်သဓာသည်၊ ဇေယျော-အောင်သောအခါတည်း။ ဂုရု-ကြာသပတေးနေ့၌၊ တိယော-သုံးဘ၀ါးရှိမူကား၊ ဗ်ဋ္ဌာရော- ကြောင်ကို၊ဥန္ဒူရော-ကြွက်သည်၊ ဇေယျော- အောင်သော်အခါ တည်း။ သောကြ—သောကြာနေ့၌၊ ဒွါဒသေ၊ ၁၂-ဘ၀ါး ရှိမူကား၊ သုနခေါ—ခွေးကို၊ မဇ္ဇာရော—ဆိတ်သည်၊ဇေယျော— အောင်သောအခါတည်း။ သုည—စနေနေ့၌၊ နဝေ—ကိုးဘ၀ါး ရှိမူကား၊ သပ္ပေါ—မြွေကို၊ မဏ္ဍူကော—ဖားသည်၊ ဇေယျော— အောင်သောအခါသည်၊ ဘ၀ိဿတိ—ဖြစ်ရလတံ့သတည်း။

"အချိန်ကောင်းစွ အခါရှမူ သီဟာဗျဂ္ဃာ ကေသရာကို ရေမှာပျော်မှူး ဖ်ားနိုင်ဘူး၏" ဟူ၍ဆိုလေသည်၊ ၎င်းပြင် "မဇ္ဈ န္တိကော—မွန်းတည့်ချိန်၌ ကာတေ—ပြုစီရင်အပ်သည်၊ သတိ— ရှိသော်၊ သဗ္ဗကိစ္စာနိ— ခပ်သိမ်းကုန်သော အမူကိစ္စတို့သည်၊ ဇယန္တိ—အောင်နိုင်ကုန်၏" ဟူ၍ ကျမ်းဂန်အရပ်ရပ်၌ ဆိုပါ သောကြောင့် ယနေ့သည်ကား ဆိုလျှင် အင်္ဂါနေ့ ဖြစ်ခြင်း ကြောင့် "ဘောမိ အဋ္ဌ သီဟော ဂဇော၊ ဘောမိ—အင်္ဂါနေ့၌၊ အဋ္ဌ— ရှစ်ဘ၀ါးရှိမူကား၊ သီဟော— ခြင်္သေ့ကို၊ ဂဇော— ဆင်ပြောင်သည်၊ ဇေယျော—အောင်သောအခါတည်း" ဆိုသည် နှင့်အညီ နံနက်ရှစ်ဘ၀ါး ဟိတိအချိန်သည် သုနက္ခတ္တံ သုမင်္ဂလံ သုပဘာသံ သုမုဟုတ္တ— ကောင်းသောနက္ခတ် ကောင်းသော မင်္ဂလာ တို့နှင့် ကြုံကြိုက်သည်ဖြစ်ပါ၍ ကောင်းမြတ်သော ယခု အချိန်အခါ၌ ဤမဟာသဘာယ"ပွဲကြီးသဘင်ကို ဂုံချီးဆင်ယင် ပါသတည်း။

(တီးဒိုင်းမပါလျှင် ဤတွင်ဖြတ်၊ တီးဝိုင်းပါလျှင်ရှေ့ဆက်)

ဆိုင်းဆင့်—အောင်ဖေါင်မြေ အမရာဘမယာ-ပဒဝထုံးကလဲ မယွင်းကဲပါဘူး, ဆောင်ဆောင်ရဝေ ဓမ္မရာဇာ နေတန္တန်း လင်းတဲ့အောင် မှောင်မှောင်ရွှေ မြရတနာ အသရေမဆုံးတဲ့ သီချင်းရယ်နှင့် ကဲ-ဆရာ့ဆရာများရယ် ထောင်ရောင်နေကသာ ရွှေဘုန်းဝင်းတော်မူဗျာ။

ပဏာမခဏ်း

ဘိသိက်ဆရာတို့ မင်္ဂလာ အခမ်းအနားပွဲအတွင်း ဆောင့်ရှက်ရန်

(ဘိသိက်ဆရာ၏—ပဏာမ)

နမော ဗုဒ္ဓဿ—နမော ဓမ္မဿ—နမော သံဃဿ
နမော မာတာပိတာဿ—နမော ဂန္ထကာရဿ
အာစရိယဿ သခင်ကိုယ်တော်မှိုင်း တိနာမကဿ

အနက်။ ။ ဗုဒ္ဓဿ— သစ္စာလေးဆင့် ငွားငွားစွင့်လျှက် ပွင့်တော်မူပြား မြတ်ဘုရားအား၊ နမော၊ စေတနာဇောစူး မနောမြူးလျက် ကြည်နူးသဒ္ဒါ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊ ဓမ္မဿ— ဒေသနာပေါင်း ရှစ်သောင်းလေးထောင် အရောင် များပြား မြတ်တရားအား၊ နမော—စေတနာဇောစူး မနောမြူး လျက် ကြည်နူးသဒ္ဒါ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊သံဃဿ— များစွာထောင်သောင်း သံဃာတော် အပေါင်းတို့အား၊နမော— စေတနာဇောစူး မနောမြူးလျက် ကြည်နူးသဒ္ဒါ ရှိခိုးကန်တော့

ပါ၏ အရှင်ဘုရား၊ မာတာပိတဿ-မြဲပ်မိုရ်တောင်ဦး မကကျုံး သည့် ကျေးဇူးအရှင် မိခင်ဘခင်တို့အား၊နမော-စေတနာဇောစုံ မနောမြုံးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊ ဂန္ထကာရဿ-ဒီပနီကျမ်း အခက်ခက်ကို ကြိုးပမ်းသမှု ရှင်လန်း စွာ ပြုတော်မူပေသသော၊ ဝါ-ဋီကာဂဏ္ဌိ အမည်ရှိသည့် ပြည်၏ ကျက်သရေ အထွေထွအခက်ခက် အစောင်စောင်သော ကျမ်း တို့ကို ကြိုးပမ်းသမှု ရှင်လန်းစွာပြုတော်မူထသော၊ သခင်ကိုယ် တော်မှိုင်းတိနာမကဿ-ကမ္ဘာ့မဏ္ဍိုင်ကြီးပမာ ကမ္ဘာ့ကျွန်းကြီး ပမာ ကမ္ဘာ့အလင်းရောင်ကြီးပမာ ကမ္ဘာ့ကျက်သရေကြီးပမာ ကမ္ဘာ့တက်နေကြီးတဖြာ အရာမက များပြားလှစွာသော ဂုဏ် တော် ကျေးဇူးတော်တို့ကြောင့် ယုံကြည်အားထားရာ တဆူ ဖြစ်ကြီးဖြစ်တော်မူပေသည့်၊အာစရိယဿ-ကျွန်တော်တို့ရဲ့ကျေးဇူး တော်ရှင် ဆရာအရှင် သခင်ကိုယ်တော်မှိုင်းကြီးအား၊ အဟံ- ဣန္ဒာဝဇိရ နာမဘွဲ့ခံ အန္တေဝါသိက ပဥ္စင်းနိမ့် တပည့်တော် သခင်အောင်ချိန်သည်၊ နမော-ကာယဝစီ မနောချီ၍ သုံးလီ စေတနာ သုံးဖြာသဒ္ဓါရ ပဏာမဖြင့် ကြည်ဆသဒ္ဓါ ရှိခိုးကန်တော့ ပါ၏ဆရာသခင် အရှင်သူမြတ်ဘုရား။

(အမှာ-အဟံ-ဖူသော့အပိုဒ်တွင် မိမိတို့၏ အမည်များကို ထည့်သွင်း၍ ရွတ်ကြလေ)

ဝိဂ္ဂိုဟ်-မင်္ဂပါပ် လုနာတိ ဆိန္ဒတီတိမင်္ဂလံ၊ မင်္ဂပါပ်- ကမ္ဘာလောကဓာခွင်ဝယ် မစင်ကြယ်သော အနိဋ္ဌာရုံ ဟူသမျှ တို့ကို၊ လုနာတိ ဆိန္ဒတိ-အလုံးစုံ ပြတ်ကန်းအောင် ဖြတ်ရှင်း နုတ်ပယ်၍ ပစ်တတ်၏၊ ဣတိတသ္မာ-ထိုသို့ အနိဋ္ဌာရုံအလုံးစုံ

တို့ကို အကုန်ပယ်ပစ်တတ်သော သဘောကြောင့်၊ မင်္ဂလံ-နိမိတ္တ သညာဖြင့် မင်္ဂလာ ဟူ၍ ခေါ်ဆို သမုတ်အပ်သည် ဖြစ်ပါ ကြောင်း။

ဤသို့သောဝိဂ္ဂဟ ဖွင့်ဆိုမိန့်ကြားအပ်သည်နှင့်အညီ ဤ လောကဌာနီဝယ် ဣဋ္ဌဆန့်ကျင်၍ ခင်မင်နှစ်သက် စုံမက်မြတ်နိုး အားကိုးဖွယ်ရာ တွယ်တာမရှိ အနိဋ္ဌတသဘော မကောင်းသော အာရုံ အလုံးစုံတို့မှ ကင်းဝေး၍ ညစ်ကြေးမတွယ် ကောင်းကင် လယ်တွင် စင်ကြယ်သောပုဏ္ဏမိန် လပြည့်ဝန်းယုန်အိမ်ကဲ့သို့ ဂုဏ် သိရ်ကျက်သရေ အထွေထွေတို့သည် မိုးစွေသည့်အလား တိုးပွား စေနိုင်သောနိမိတ် အောင်မြင်စေနိုင်သော ဂုဏ်ဟိတ်ကြောင့် ဝိသိဋ္ဌသညာဖြင့် မင်္ဂလာဟူ၍ ခေါ်ဆိုသမုတ်အပ်သည် ဖြစ်ပါ ကြောင်း။

"မင်္ဂလိ တေဟိတိ မင်္ဂလာနိ၊ ဣဒ္ဓိ ဝုဍ္ဎိ ပါပုဏန္တိတိ အတ္ထော" သဘောကျန ဖွင့်ထုတ်ပြသော သုတ္တနိပါတ် အဋ္ဌကထာ ကျမ်းဂန်မြတ်လာသည့်အရ ချမ်းသာသုခ ဟူသမျှတို့ လုံးဝဥဿုံ ပြည့်စုံစဉ်လစ ကြီးပွားကြောင်း အရာတို့ကို 'မင်္ဂလာ' ခေါ်ဝေါ် အပ်သည်နှင့် အညီ ဤကမ္ဘာလောကခေတ်တွင် လူနတ်များစွာ ပြဟ္မာမကြွင်း ခပင်ဝှန်းဆူ သုံးဘုံသူတို့ ရေးယူအားထား ပြည့်စုံ ကြီးပွားကြောင်း တရားတို့ကို လိုလားပြီးခါ အဘယ်သို့သော အရာသည် မင်္ဂလာအစစ် ပြည့်စုံကြီးပွားကြောင်း ဖြစ်သနည်းဟု ခြေမြစ်တွေးဆ ကြံစည်ကြသော်လည်း ဝါဒမကူ အယူအဖုံဖုံ ငြင်းခုံထူးထွေ အနေခြမမိ အဘည်မကျ မသိရှိနိုင်ကြသဖြင့် တိ လောကသရဖူ အတုလ မှန်ကူသည် သယမ္ဘူထွင့်ထား ဘုရားဖြစ်

တော်မမူမီ သုံးလီစရိယ ပဥ္စမဟာ ပရိစ္စာနှင့် ပါရမီဆယ်ဆင့် မြင့်ထက်မြင့်အောင် ဖြည့်ကျင့်ဆည်းပူးတော်မူစဉ်အခါ မဟာရက္ခိတ ရဟန်းမြတ်ဖြစ်သည့်ဘဝတွင် တလောကလုံး၏အကျိုး ဖွံ့ဖြိုးစိမ့်ငှာ ရှစ်ပါးသော မင်္ဂလာတို့ကို ထင်စွာပိုင်းခြား၍ ဟောကြားတော်မူ ရသည့်ပြင် ချစ်ရှင်မြတ်စွာ ဘုရားဖြစ်တော်မူပြီးသော အခါ၌ သည်း သန်ချာတွက်ဖွဲ့ ၃၈-ပါးမင်္ဂလာ တရားတော်တို့ကို ဟော ကြားတော်မူသည်ဖြစ်ပါကြောင်း။

ဤသို့အားဖြင့် ရှစ်ပါးတသွယ် သုံးဆယ်နှင့်ရှစ် ဖွင့်လှစ် တတန် သာမုက္ကံဟု ဓမ္မက္ခန်ပါဠိ ဟောကြားချက် ရှိသည့်ပြင် ဇောတိသတ္တ စသည်ထင်စွာ လောကီကျမ်းတို့ အလိုမှာလည်း မင်္ဂလာ ၁၂-ရပ် ပြဆိုအပ်သည့် ဆက်စပ်နွယ်လာ ကပ်ဦးစွာတွင် မဟာသမ္မတ အရှင်းစလျက် စံဆင်းသက် ကနက်စိုက်ထူ ပစ္စုပ္ပန် ကြွင်းထိးနန်းစဉ်လာ နွယ်မဟာတို့သည် မင်္ဂလာသဘင်အမျိုးမျိုး ခံ့ထွင်၍ ဆင်ယင်ကျင်းပ ဆောင်ရွက်တော်မူလေ့ ရှိခဲ့ကြပါ ကြောင်း။

ကမ္ဘာနွယ်မျိုး ရှေးရိုးစဉ်လာ မင်္ဂလာတို့ကို ပညာရှင် အပေါင်းတို့ ကောင်းစွာသမုတ်၍ ပြုလုပ်ကျင်းပကာ လူ့ရွာဒေသ အတွင်း ထွန်းလင်းတိုးတက်စေကြောင်း နိမိတ်ဖြင့် ရှေးအတိတ် ကာလကပင် ဇာတ်၍ပြုလုပ်ခဲ့ကြရာ နရိန္ဒာသခင် ပြည့်ရှင်မင်း တို့မှာလည်း မင်းတို့အလျောက်၊ သားတော်သမီးတော် ဆွေတော် မျိုးတော်မှစ၍ သာကီနွယ်စဉ် မဟာဝင်အပေါင်းတို့မှာလည်း ထီးရိုးနန်းစဉ်ရှိသည့် အလျောက်၊ မှူးကြီးမတ်လျာ သေနာပတိ

မဟာသေဋ္ဌိ ဂဟပတိမှစ၍ မျှားဘိသောင်းသောင်း တိုင်းနိုင်ငံသူ အပေါင်းတို့သည်လည်း ကောင်းမွန်မြင့်မြတ်စွာ မင်္ဂလာကို အရာဌာနအလျောက် ချီးမြှောက်ဆန်းပြား ခမ်းအနားတို့ဖြင့် ထင်ရှားစွာ ပြုလုပ်ကျင်းပစမြဲပင် ဖြစ်ပါကြောင်း။

ကမ္ဘာအစ ဗြဟ္မရာဇာ မဟာသမ္မတမင်းမှစ၍ လူချား အကျိုး ပွားစည်းတို့၏ အမျိုးလေးပါး ယင်းကပြားသည် မခြား ဣစ္ဆိတ လုံးကိစ္စကို လိုကပြီးစီး ရှေးတည်းစဉ်လာ ရာဇာမင်းက စ၍စီမံ အိမ်ထောင်ဟန်ကို စေဆန်ကြည့်ရှု အကြောင်းပြု၍ ကောင်းမှုမင်္ဂလာ ဤအခါတွင် ဣဋ္ဌာဖလ စံသလေးသွယ် ဆင်းရှယ်ပြည့်စုံ ကောင်းကျိုးဆုံ၍ မျိုးဂုဏ်တင့်တယ် ဆင်းနိကယ်ဖြင့် မှတ်ဖွယ်ဓမ္မ အံထွေထွေလျှင် ဣန္ဒြေသိက္ခာရှင် အကျင့်သီလ ကောင်း ဃုံပေါင်းနိယံ ဆုံးမခံ ပေတတ်သော ကောင်းမွန်မြင့်မြတ်စွာ သတို့သားနှင့် သတို့သမီး ရတနာတို့ကို လောဓမ္မ နှစ်ဌာနသယ် ဘာဝအလျောက် လူ့အရောက်ဖြင့် ရှုကောက် ရွေးချယ် အကြောင်းဆွယ်၍ နှစ်သွယ်မိဘ ညီညွတ်ခြင်း ကိစ္စကြောင့် အောင်လင္ဂ အစဉ်မကွာမြဲတဲ့အောင် မင်္ဂလာသဘင်ပွဲကြီး ဆင်နွှဲ ကျင်းပရခြင်း ဖြစ်ပါကြောင်း။

ဤမင်္ဂလာပွဲကြီး ဝှဲချီးဆင်ယင့်သော ရက်အခါသည်ကား အမြိတ္တစုက်ရသော အခါမြက်ဖြစ်ရကား "ကပ္ပါဒိန္နံ ဣစ္ဆံ ပူရ ကော သူရိယော၀" ဟူ၍လာသောကြောင့် 'ကမ္ဘာဦးသူတို့၏ အလိုဆန္ဒကို နေမင်းသည် ပြည့်စုံစေသကဲ့သို့ ပြည့်စုံလတံ့ ဟူ၍ ဝေဒန္တဂူကျော် ဆရာမော်တို့ မိန့်ဆိုတော်မူခဲ့ကြပါကြောင်း၊ ၎င်း

ပြင့်"နန္ဒာဝတီထီ, ဘဒ္ဒရာဝတီထီ, ဇေယျာဝတီထီ, ရိတ္တာဝတီထီ, ပုဏ္ဏာဝတီထီ" ဟု ဆိုအပ်သော တိထိငါးပါးတွင်လည်း ဇေယျာဝတီထီ ပြည့်ညီသော ရက်မြတ်ဖြစ်ရကား "လေးကျွန်းသေဌ်နင်း မင်းစက္ကဝတ် လူတို့နတ်သည် အမြတ်ဓမ္မ ပေးဝေ၍ ဒီပလေး ထွေ ဦးညွတ်ခေသို့ ဇေယျသဘင် ယင်ကြီးယင်က ဆင်တိုင်း မလွဲ အောင်စမြဲသည် လွန်ကဲတိထီ ရက်မြတ်တည်း"ဟူ၍ ရှေးရှေး ဝိဒူပါမောက် ဟူသော ဝေဒန္တဂူကျော် ဆရာမော်တို့ မိန့်ဆိုတော်မူခဲ့ကြပါကြောင်း။

ယင်းသို့စဉ်လာ အဖြာဖြာသော ကျမ်းလာရှေးဟောင်း အခါကောင်း အခါမြတ်တို့နှင့် ကြုံကိုက်၍နေသည် ဖြစ်ရကား ရတနာသုံးပါး ဦးထိပ်ထားကာ ကြလာခတော်မူကြပေကုန်သော ဂုဏ်သရေရှိ လူကြီးလူကောင်း မင်းပရိသတ် အပေါင်းတို့သည် ထူးခြားမလင့် အချိန်သင့်ပြီ ဖြစ်ပါသောကြောင့် ဤမင်္ဂလာ သဘင်ပွဲကြီး ဆင်နွှဲကျင်းပရန် အခွင့်အခါ နာရီတော် ကျပါပြီ ခင်ဗျား။

(အမှာ-ဆရာက ဆတို့သားနေ့နှင့် သတို့သမီးနေ့ကို မေးမြန်းပြီးလျှင် "အောင်ပ,ကုလား,ဆွေသား, တော်ရင်း,မိတ်ဖက်ချင်း, နံချင်းသင့်အောင်တဲ့"ဟူသည်နှင့်အညီ ဆရာက မိတ်နံသင့်အောင် ဝဲ့ပေးရမည်၊ ဤတွင်မှ သတို့သား သတို့သမီးတို့ကို ပရိသတ် အလယ်သို့ထုပ်လေ၊ တူရိယာဝိုင်းမပါလျှင် တခါတည်းထွက်စေ၊ တူရိယာဝိုင်းပါလျှင် ဆိုင်းဆင့်ဆက်)

## သတို့သား-သတို့သမီးတို့ကို ပရိသတ်အလယ်သို့ ထုတ်ရန် ဆိုင်းဆင့် အခန့်သွား

လောကီဓမ္မတာ စဉ်အလာဖြင့် မင်္ဂလာ အမျိုးမျိုး ရှိရာတွင် မုနိဥသျှောင် ဘုန်းခေါင်ထွဋ်ထား အတုလ ရှင်တော်မြတ်ဘုရား၏ ဟောကြားမိန့်မှာ သိင်္ဂါလသုတ္တန်ဒေသနာဝယ် မာတာပိတာ မိနှင့်ဘတို့သည် လောကီထုံးတမ်း စည်းကမ်းစဉ်လာ ဓမ္မတာရှိသည့်အလျောက် အရွယ်သို့ရောက်ကြပြီးသော သားသမီးရတနာသက်လျာ ရင်သွေးတို့အပေါ်ဝယ် သင့်လျော်ရာ ရွေးချယ်၍ အမျိုးအနွယ် တင့်တယ်ကြီးပွားရေး မြှော်တွေးထောက်ထားပြီး သကာလ ထိမ်းမြားမင်္ဂလာ ဆင်ယင်၍ပေးရသည်ဟု ဆိုအပ်သောအတိုင်း—

နေနွယ်နန်းညွန့် လိန်ရှုတွန့်သခိုဲ မြူးကွန့်တူစုံ စုလျားရုံ၍ သွင်ပုံနေလ ရွှေနှင့်မြကဲ့သို့ ပရိသတ်ဗိုလ်ပုံအလယ်တွင် တူစုံနှစ်သွယ် မေတ္တာနှင်းရန်ဖို့ ဝါစ်သဟာခပင်း အပေါင်းစုံညီသည့်အခါတွင် ဒေါ်းယုန်စန္ဒီအထက်နန်က ကြွသကဲ့သို့ ထွက်မြန်းကြကာ ကန်တော့ပန်းအဆက်တွင် ကျွန်တော့စခန်းမပျက် တူညီဖြာလို့မို့ တူရိယာသံစုံညာ၍ မြန်ဘုံရတနာတခွင်မှာ ထုံးလျော်နဲ့သာပ အသုံးနှော်ခွဲ၍ တန်ခိုးသတင်းမှောက်တဲ့အောင် ကဲ.... ဆရာ့ ဆရာများရယ်....ဘုန်းတော်ဖွဲ့ ကြူးသီချင်း ကောက်တော်မူဗျား—

(တူရိယာဆရာများက ငွေဘုန်းရွှေဘုန်းကြိုး၊ မှန်ညောင်သဉ္ဇာကြိုး သို့မဟုတ် သတင်းငယ်ကြေညာဘုန်းတော်ဖွဲ့ တော်ကြီးယင်ရာဖွဲ့ ငှင်းပြင် မိမိတို့ရသော ဘုန်းဖွဲ့တခုခုကို တီးရမည်။)

## ဘုရားပင့်ခန်း

### သတို့သားနှင့် သတို့သမီးတို့ကို ပရိသတ်အလယ်သို့ ထုတ်ပြီးနောက် ဘိသိက်ဆရာက ရွတ်ဖတ်ရန်

ဗုဒ္ဓဿ ပူဇံ မဟာတေဇဝန္တော
ဓမ္မဿ ပူဇံ မဟာပညဝန္တော
သံဃဿ ပူဇံ မဟာဘောဂဝန္တော
ရတနဿ ပူဇာယိဒံ ဖလံ။

အနက်။ ။ဘိက္ခဝေ -ရဟန်းတို့၊ ဗုဒ္ဓဿ-မြတ်စွာဘုရားအား ပူဇံ-ပူဇော်ခြင်းသည်၊ မဟာတေဇဝန္တော-ကြီးမြတ်သောတန်ခိုးနှင့်ပြည့်စုံသည်၊ ဟောတိ-ဖြစ်၏၊ ဓမ္မဿ-တရားတော်မြတ်အား၊ ပူဇံ- ပူဇော်ခြင်းသည်၊ မဟာပညဝန္တော- ကြီးမြတ်သောပညာနှင့်ပြည့်စုံသည်၊ ဟောတိ-ဖြစ်၏၊သံဃဿ-သံဃာတော်မြတ်အား၊ ပူဇံ- ပူဇော်ခြင်းသည်၊ မဟာဘောဂဝန္တော- ကြီးမြတ်သော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသည်၊ ဟောတိ-ဖြစ်၏၊ ဣဒံ-ဤသို့ တန်ခိုးကြီးခြင်း ပညာကြီးခြင်း စည်းစိမ်ချမ်းသာ ကြီးခြင်းတို့သည်၊ ရတနဿ-ရတနာသုံးပါးအား၊ ပူဇာယ-ပူဇော်ခြင်း၏၊ ဖလံ-အကျိုးပင်တည်းဟူ၍ ရတနာသုံးပါးအား မည်သည့်အခါမျှ မမေ့အပ်ကြောင်း ဝိသာခါကိုအကြောင်းပြုပြီးသကာလ မြတ်စွာဘုရား ဟောကြားတော်မူသည်ကို ထောက်၍ ဗုဒ္ဓဘာသာဝင် အမျိုးသား အမျိုးသမီးများဖြစ်ကြသည် အားလျော်စွာ ရတနာသုံးပါးအား မမေ့အပ်သည်ဖြစ်ပါ၍ ဤမင်္ဂလာ အခမ်းအနားမှာ

ရှေးဦးစွာ မြတ်ဘုရားသခင့် ကိုယ်တော်မြတ်ကြီးကို ပင့်လိုက်ကြ အံ့းစို့ ရှဲဗျား။

(သတို့သား သတို့သမီးတို့က ဘုရားပင့်၍ ပြီးသည်တိုင်မအောင် လက်အုပ်ချီ၍နေစေ)

သက္ကဋဘာသာ - ဘုရားပင့်

ဆိဝိရိန္ဒြို ဇြိဝိလောကေန္ဒြို မဟာဆ
မုဒြညာဏိကို- ဇြိဝိလောကျပရမာနန္ဒိတို
ဆပ္ပဗာဟူတဟိတေဆကို ဇြိဝိလောကိစ္စရ
မကုဋ္ဌို ဒေရော်ဆဒြိဂါဒဂြဲလုကို မာရ
ဂျိနိုတ္တ မဂန္ဓာ ဆိဝိရဆမိ ပြတိန် သျှ
ဠတု။

အနက်— ဆိဝိရိန္ဒြို-လောကုတ်လောကီ နှစ်လီသိမ်းခြုံ လုံးစုံ ပြည့်လျှောင်း ဂုဏ်ကျက်သရေအပေါင်းတို့ကို ကောင်းစွာမပြတ် ပိုက်ပွေ့ဆောင်ထားတော်မူပေတတ်ထသော၊ ဇြိဝိလောကေန္ဒြို- လူတို့အထွဋ် နတ်တို့ထိပ်ချာ ဗြဟ္မာအမျိုးမျိုးတို့၏ စိုးရာဘုရင် အရှင်သခင်လည်း ဖြစ်တော်မူပေထသော၊ မဟာဆမုဒြညာဏိကို- မဟာသမုဒ္ဒရာ ပမာနိုင်းဆွယ် နက်ကျယ်သိမြင် ဉာဏ်သဗ္ဗဉ်၏ အရှင်သခင်လည်း ဖြစ်တော်မူပေထသော၊ ဇြိဝိလောကျပရမာနန္ဒိ တို- လူနတ်ဗြဟ္မာ သတ္တဝါခပင်းတို့၏ လွှန်လှန်မင်းမင်းကြီး နှစ်သက်မွယ်ကို တကယ်ရွက်ဆောင်တော်မူပေထသော၊ ဆဗ္ဗဗ ဘူတဟိတေဆကို-သရာသုရဂရုဍနှင့် မနုဇ ဘုဇဂ ါ စသော ဆင့်ပွား သတ္တဝါအများတို့၏ တိုးပွားမိုင်ဖြိုး ကြီးမားရင့်သန် ကျိုးနှစ်တန်

ကို ဝေဖန်ပိုင်းဖြတ် ရှာမှီးတော် မူဇပ္ပတတ်ထသော၊ ကြိလော
ကိစ္စရမကုဋ္ဋိ—လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာအမျိုးမျိုးတို့၏
စိုးရထိပ်ဆောင်း ဥကြောင်းညွတ်ခိုက် မကိုဋ္ဌသရဖူလည်း ဖြစ်တော်
မူပေထသော၊ ဒေရော်ဆဒြိဆဒဂြာလုကို—ဆုံးစမထင် မိုးကောင်း
ကင်နှင့် နှိုင်းယှဉ်ထောက်စာ လွန်စွာကျယ်ပွား သနားခြင်း
ကရုဏာလည်း ရှိတော်မူပေထသော၊ မာရဂျိနို- ဒေဝပုတ္တ
ကိလေသက စသည်များဖြင့် မာငါးအင်ကို အောင်မြင်တော်
မူပေတတ်သော မြတ်စွာဘုရား၊ တံ့—ငါးမာရ်ပယ်နှင့် ချစ်ရှင်
မြတ်ဖျား ဘုရားကိုယ်တော့်မြတ်ကြီးသည်၊ အတြ—ဤမင်္ဂလာ
သဘင်ဆင်ယင်ကျင်းပရာဖြစ်သော ဤအရပ်ဌာနသို့၊ အာဂန္တွာ—
သဘေးချစ်တူညီ စိတ်တော်ရည်လျက် လင်းကြည်ထွန်းပြောင်
ကိုယ်တော်ရောင်ဖြင့် ရွှေဇောင်ကြီးအလားကဲ့သို့ မားမားကြီး
ကြွလာတော်မူပြီး၍၊ အဆာမာကံ— ရှင်တော်စောထွဋ် သုံးလူ
နတ်ကို မပြတ်ကိုးစား တပည့်တော် တပည့်တော်မတို့အား၊
ဆီးဆမိကြ—ကိုယ်ခန္ဓာတွင် အမြဲဖော်ပင်ဟု မှတ်ထင်ရည်စူး
ရသည့် ဦးထိပ်အပြင်၌ရှင်း၊ ဂျိဝှာဂျေကြ— ညစ်ကြေးမတင်
ဖြူစင်ပြတ်သားလှစွာသော လျှာဖျားအပြင်၌ရှင်း၊ ပြတိန်သျှင္ဃတု-
ဝင့်သမုဒ်စက် ဇလုပ်ဇက်မှ မထွက်နိုင်အောင် ဖွဲ့နှောင်ပြင်းထန်
သံသယာဇဉ်ကို ဉာဏ်အရဟတ္တမဂ် စိန်သံလျက်ဖြင့် ခုတ်ထွက်
စေခွာ ရည်သန်ပါ၍ ကောင်းစွာကြွံကြွံ ခန့်ခန့်သာကြည်
တည်နေကိန်းဝပ်တော်မူပါ၊ နေဘာနန်းကဲ့သို့ အသရေတော်သော့
မဆုံးနိုင်ပေသည့် ရွှေဘုန်းတော်ခံ၍ အရှင် ကိုယ်တော်မြတ်ကြီး
ဘုရား။

(သတို့သား-သတို့သမီးတို့က ဦးသုံးကြိမ်ချ၍ နေမြဲနေစေ)

တူရိယာဝိုင်းပါလျှင် ဆိုင်းဆင့်ဆက်၊ "အမြတ်အဓိက ထားပေသည့် ဇိနဘုရား ပတ္တမြား ရွှေပလ္လင်ဝယ် သေနင် ငါးမာရ်ကို တပါးမကျန် အပျောက်ပယ်၍မို့ ခြောက်သွယ်သော ရောင်ဆိုင်ကို တပိုင်နက်အထွန်းတွင် လွှမ်းလောက်သည့် ဝိုဂ်းတော်သားက တိုင်းပေါ်တလွှား ကမ္ဘာ့မှောင် မသိရအောင် မြရောင်ခြည် အခေါတ်တို့ဖြင့် အဆွေးဇာတ် ခုခါသိမ်းပါပေါ့ ငြိမ်းသည့်နှစ်ဦး ပတ္တမြားကိုကို အမှူးထားကာ နောင်အရှည် တင့်တဲ့အောင် ကဲ ဆရာ့ ဆရာများရယ် 'ထူးမခြားနားသီချင်း' နဲ့ ရောင်ခြည်တော်ပင့်ဗျား။"

တူရိယာဆရာများက ဘုန်းမခြားနား၊ မာရဝိဇယ၊ စိန္တေ ကိုးသွယ်ဂုဏ် သို့မဟုတ် ရွှေပလ္လင်အောင်ကြိုး စသော မိမိတို့ ရမိသည့် ရတနာသုံးပါးနှင့် စပ်ဆိုင်ရာသီချင်းတခုကို တီးရမည်။

## အနန္တငါးပါး ကန်တော့ခဏ်း

"တြိရတနာ စန္တေယျာနှင့် မျှားစွာဂုဏ်အင် ကျေးဇူးရှင် ဟုပေါ်ထင်ပေစွ မိဘဆရာ တဖြာထိုမှ ဂုဏ်ဝယနှစ်ဝဝုဒ္ဓိ ကြီးဘိ သူအား ညွှတ်တွားကြည်စွာ စေတနာဖြင့် ပူဇာရဟာ ပူဇော်ကြမှု ထိုသည့်သူအာ. လိုလားတောင်းဆု ဇာာယုဝဏ္ဏ သုခဗလ ပြည့်စုံရသည် ဗုဒ္ဓရှင်တော် မိန့်ခွန်းဘည်း" ဟူသည်နှင့်အညီ

ရတနာသုံးပါး မိဘဆရာသမား၊ အသက်ဖြင့်ကြီးသော သူ၊ ဂုဏ်ပညာ သိက္ခာအားဖြင့် မြင့်မြတ်သောသူတို့၏ ဝေယျာ ဝစ္စ တည်းဟူသော အမှုကြီးငယ်ကို ဆောင်ရွက်ခဲ့သော အကျိုး ပဇာယန တည်းဟူသော အရှိအသေ အလေးအမြတ် ပြုရခသော

အကျိုးတို့သည်ကား ဆိုလျှင် ပစ္စုပ္ပန် သံသရာ ဘဝနှစ်ပါးတို့၌ ထူးမြတ်သော အကျိုးတို့ကိုရရှိကြောင်း ကျမ်းဂန်အရပ်ရပ်တို့၌ လာရှိသည်ကို ပညာအဆင်ခြင် အမြော်အမြင်နှင့် ပြည့်စုံကုန်သော သားသမီး တပည့်သားမြေးတို့သည် နှလုံး၌ဆင်ခြင်၍ပြုအပ်ကုန်သည်ဖြစ်ပါသောကြောင့် ရတနာသုံးပါးအားရင်း, အမိအဘတို့အားရင်း, ဆရာသမားတို့အားရင်း, အသက်အရွယ်အားဖြင့် ကြီးသောသူ, ဂုဏ်ပညာသိက္ခာအားဖြင့် ကြီးသောသူတို့အား အရိုအသေ ပြုခြင်း, ရှိခိုးခြင်း, လက်အုပ် ချီခြင်း အစရှိသော ကောင်းမှုကုသိုလ်ကံတို့၏ အကျိုးတရားတို့ကိုသုတ်ပါထေယျပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူသည်မှာ—

အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

အနက်။ ။အဘိဝါဒန သီလိဿ- ရတနာသုံးပါးအား ရှိသေစွာ ရှိခိုးသော အလေ့အထရှိသော၊ နိစ္စံ-အမြဲလျှင်၊ ဝုဍ္ဎာပစာယိနော-သီလ စသော ကျေးဇူးဖြင့် ကြီးသောသူကို ရိုသေသော အလေ့ရှိကသော၊ ပုဂ္ဂလဿ-ပုဂ္ဂိုလ်အား၊ အာယု-အသက်သည်ရင်း၊ ဝဏ္ဏော- အဆင်းသည်ရင်း၊ သုခံ-ချမ်းသာသည်ရင်း၊ ဗလံ-ခွန်အားသည်ရင်း၊ စတ္တာရော-လေးပါးကုန်သော၊ ဓမ္မာ- အကျိုးတရားတို့သည်၊ ဝဍ္ဎန္တိ-ပွားကုန်၏ဟူ၍ ဟောတော်မူပါသည်။

## ဓမ္မပဒ အဋ္ဌကထာ၌လည်း

ယေ ဝုဍ္ဎ မပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေ ဓမ္မေ စ ပါသံသာ၊ သံပရာယေ စ သုဂ္ဂတိံ။

အနက်။ ။ဘိက္ခဝေ-ရဟန်းတို့၊ ဓမ္မဿ-အမိအဘ ဆရာသမားတို့အား ရိုသေမြတ်နိုးခြင်း၌၊ ကောဝိဒါ- လိမ္မာကုန်သော၊ ယေနရာ-အကြင်သူတို့သည်၊ ဝုဍ္ဎံ-သူကြီးမိဘတို့အား၊ အပစာယန္တိ-အရိုအသေ အလေးအမြတ်ပြုကုန်၏၊ တေနရာ- ထိုသူတို့သည်၊ ဒိဋ္ဌေဓမ္မေစ-ပစ္စုပ္ပန် မျက်မှောက်သောကိုယ်၏ အဖြစ်၌လည်း၊ ပါသံသာ-သူခပ်သိမ်းတို့ ချီးမွမ်းကုန်၏၊ သံပရာယေစ-တမလွန်ဘဝ၌လည်း၊သုဂတိံ-ကောင်းသော သုဂတိချမ်းသာသို့၊ ဇာယန္တိ-လားရကုန်၏ ဟူ၍ ဟောတော်မူပါသည်။

## ရင်းပြင်လည်း ဓမ္မပဒအဋ္ဌကထာ၌

“ဗြဟ္မာတိ မာတာပိတ်ရော ပုဗ္ဗာစရိယာ
တိ ဝုစ္စရေ အာဟုနေယျာစ ပုတ္တိတ
ရာနံ ပဇာယ အနုကမ္ပိတာ တသ္မာဟိ
နမဿေယျ သဂါရဝေနပဏ္ဍိတောအန္နေ
နပါ၊ါနေနဝါ ဝတ္ထေနဝါ သယနေန
ဝါ ဥစ္စာဒနေန နှာပနေန ဝါ ပါဒါနံ ဓော
ဝနေန စ တာယပါရိစရိယာယ မာတာ
ပိတူသု ပဏ္ဍိတော-ဣဓေဝနံ ပသံသန္တိ-
နပစ္စသဂ္ဂေပ ့မာ ဒတိ” ဟူ၍ လာပါသည်။

**အနက်။** ။ဘိက္ခဝေ-ရဟန်းတို့၊ မာတာပိတရော-အမိအဘ တို့သည်ကား၊ ဗြဟ္မာတိ- ဗြဟ္မာနတ်ဟူ၍၊ ဝုစ္စရေ- ဆိုအပ်၏၊ ပုဗ္ဗာစရိယာတိ- ရှေးဦးဆရာဟူ၍လည်း၊ ဝုစ္စရေ- ဆိုအပ်၏၊ ပဇာယ- သားသမီးတို့သည်ကား၊ အနုကမ္ပကာ- သနားစေးကမ်း အပ်သည်ဖြစ်၍၊ ပုတ္တာဓိတရာနံ-သားသမီးတို့၏၊ အာဟုနေယျာစ- အလှူကိုလည်း ခံထိုက်သည်၊ ဟောတိ-ဖြစ်၏၊ တသ္မာဟိ တသ္မာ ဧဝ-ထိုကြောင့်သာလျှင်၊ နေ-တို့ အမိအဘ တို့ကို၊ ပဏ္ဍိတော- ပညာရှိသော သားသမီးတို့သည်၊ နမဿေယျ- ရှိခိုးခြင်း ပူဇော် ခြင်းကို ပြုကုန်ရာ၏၊ မာတာပိတူသု-အမိအဘတို့၌၊ သဂါရဝေန- ရှိသေ မြတ်နိုးခြင်းနှင့်တကွ၊ - အန္နေနဝါ- ထမင်းဖြင့်၎င်း၊ ပါနေနဝါ-အအေးဖျော်ယမကာဖြင့်၎င်း၊ ဝတ္ထေနဝါ-အဝတ်ပုဆိုး တို့ဖြင့်၎င်း၊ သယနေနဝါ-အိပ်ရာနေရာဖြင့်၎င်း၊ ဥစ္စာတနေနဝါ- ပန်းနံ့သာစသည်တို့ဖြင့်၎င်း၊ နှာပနေနဝါ- ရေချိုးရေပေးသဖြင့် ၎င်း၊ ပါဒါနံ-ခြေတို့ကို၊ ဓောပနေနစ- ဆေးကြောပေးသဖြင့် ၎င်း၊ မာတာပိတူသု- အမိအဘတို့၌ တာယ ပါရိစရိယာယ- ထိုသို့လုပ်ကျွေးသော သားသမီးကိုသည်သာလျှင်၊ ပဏ္ဍိတော- ပညာရှိသည်မည်၏ ...-ထိုပညာရှိသော သားသမီးတို့ကို၊ ဣဓေဝ- ဤပစ္စုပ္ပန် ဘဝ၌လည်း၊ ပသံသန္တိ-သူခပ်သိမ်းတို့ ချီးမွမ်းကုန်၏၊ နပစ္စ- တမလွန်ဘဝ၌လည်း၊ အဂ္ဂ-နတ်ပြည်၌၊ ပမောဒတိ- မွေ့လျော်ရာ၏—

ဟူ၍ သားသမီးတို့သည် အမိအဘတို့၌ အရိုအသေ အလေး အမြတ်ပြု၍ လုပ်ကျွေးထိုက်ကြောင်း ပုဇာစပုဇနေယာနံ ပုဒ်ကို သောက်သဖြင့်လည်း ပူဇော်ထိုက်သော သူကိုကို ပူဇော်ထိုက် ကြောင်းကိုလည်း ၃၈-ဖြာ ... တရာ ... ကွင် မြတ်စွာ

ဘုရား ဟောကြားတော်မူသည်ကို ထောက်၍ ရတနာသုံးပါး အမိအဘ ဆရာသမားတို့အား ရိုသေစွာ ရှိခိုးခြင်း ပူဇော်ခြင်း လက်အုပ်ချီခြင်း စသောကောင်းမှုကုသိုလ်ကံတို့ကို ပြုကြရမည်။

ဒါကြောင့် သတို့သားနှင့် သတို့သမီးတို့က အနန္တငါးပါးကို စိတ်ထဲက ရည်စူးပြီးသကာလ ဦးသုံးကြိမ်ချပြီး ရှိခိုးကန်တော့လိုက်ကြ— (သတို့သား သတို့သမီးတို့က ဦးသုံးကြိမ်ချ၍ ရှိခိုးကန်တော့စေ)

## ဘိသိက်ဆရာ၏ဆုပေး

မနုဿိကာ စ ယာ သမ္ပတ္တိ၊
ဒေဝလောကေ စ ယာ ရတိ။
ယာ စ နိဗ္ဗာနသမ္ပတ္တိ၊
သဗ္ဗမေတေန လဗ္ဘတိ။

**အနက်**— မနုဿိကာစ- လူ့ပြည်၌ဖြစ်သော၊ ယာသမ္ပတ္တိစ- အကြင်စည်းစိမ်ချမ်းသာသည်ရှင်း၊ အတ္ထိ-ရှိ၏၊ ဒေဝလောကေ- နတ်ပြည်၌ဖြစ်သော၊ ယာရတိစ အကြင်နှစ်လို ပျော်ဖွယ်ရာသော စည်းစိမ် ချမ်းသာသည်ရှင်း၊ အတ္ထိ-ရှိ၏၊ ယာစနိဗ္ဗာန သမ္ပတ္တိ- အကြင်နိဗ္ဗာန်တည်းဟူသော စည်းစိမ် ချမ်းသာသည်ရှင်း၊ အတ္ထိ- ရှိ၏၊ သဗ္ဗံ-အလုံးစုံသော စည်းစိမ် ချမ်းသာတို့ကို၊ ဧတေန- ဤဘုရား, တရား, သံဃာ, ရတနာသုံးပါး, မိဘဆရာသမားတို့အား ရှိခိုးပူဇော် ဖူးမြော်မာန်ချလျှော့ ကန်တော့ရသော ပဏာမကုသလစေတနာကြောင့်၊ လဗ္ဘတိ-ရအပ်ပေ၏ ဟူ၍ ဟောတော်မူသည်နှင့်အညီ,

ဗုဒ္ဓဘာသာ သာသနာတော်ဝင် အမျိုးသား အမျိုးသမီးတို့သည် သူတော်ဥစ္စာ ၇-ဖြာတွင် "သဒ္ဓါ-သီလ-သုတ-စာဂ-ပညာ-ဟိရီ-ဩတ္တပ္ပ" တည်းဟူသော တရားအပေါင်းတို့ကို အလေးဂရု မပြတ်ပြု၍ အားထုတ်ဆည်းပူး ကုသိုလ်ထူးကို စူးစူးစိုက်စိုက် မိရိုက်ဘရာ အတ္တာပရ- နှစ်ဌာနကို သေလှ ရှင်လှ ဘုံဘဝ၌ ကျင်လည်ရကျိုး နပ်မည်ကိုးလျက် လေးရပ်ပုဂ္ဂိုလ် ထိုဆို အနက် ပြိုးပြိုးပြက်သည့် ဇောတိဇောတိပရာယနော-လင်းမှလာ ရောက် လင်းသို့ဖောက်ထွင်း လေးဘုံကင်း၍ ခြောက်ဘုံနှစ်ဆယ် ထက်သို့ ဝယ်ကို တိုတိုဘဝ လမ်းဆုံးကျအောင် မဂ်ခရီးဖောင်ကြီး အသင့်စီး၍ ခရီးမဖင့် မြင့်ထက်မြှင့်ရာ ပဒေသာမျိုး ပဒ္ဒုန်မိုးသို့ ပြိုးပြိုးပြက်ပြက် လျှပ်စက်အသွင် ကြည်လင်မြေပြီး တဆယ့်တသီး မီးပူငြိမ်းရာ ပြည်သာနိဗ္ဗာန်အာရုံထုတ်ချောက် ပေါက်ရောက်ကြ စေရန် ရည်သန်ရိုးရင်း နှလုံးသွင်းအသင့် ရှိလင့်ကုန်သည် ဖြစ်၍,

"ပူဇာစ ပူဇနေယျာနံ" ကျမ်းဂန်ပါဠိ လာရှိပြည့်နှံး မိန့်ခွန်းမြွက်ဖော် တရားတော်ကို မိုးပေါ်ပြဟ္မာ ဒေဝါနမိန် ပူရိန္ဒဒတ္တ နာမကျော်ဟိုး သုဒဿိုအား ဘုန်းမီးလျှံလင်း တရားမင်းသည် ကောင်းခြင်းမင်္ဂလာ ဖြစ်စိမ့်ဌာဟု ရတနာရောင်လျှံ ဇေတဝန်၌ ကောင်းမွန်လှစွာ ဒေသနာသဝနတိုက်တွန်း၍ ပြသော်ကြောင့် ပူဇေတဗ္ဗဖြစ်သော ရတနာသုံးပါး မိဘဆရာ သမားတို့အား စိတ်ထားကြည်စွာ သဒ္ဓါကိုရှေးရှု၍ ဆယ်ချောသော လက်စုံဖြင့် သဒ္ဓါရှိ ပန်းခိုင်ကို စွဲကိုင်ကာ ပူဇော်သော အာနုဘော် အကျိုးဆက်ကြောင့် ဘေးမျိုးကင်းစင် ကောင်းကျိုးနှင့်စပ်ယှဉ်၍ လွှင်တလဟာ ပြင်ကျယ်စွာက အညာရပ်ဝေး မြိုက်နိဗ္ဗာန်သို့ လမ်းမှန်မချွတ် ကတို့သည်ကြီး ပိုလုနီးတွင် ရွှေထားပစ္စူ ရှစ်စင်းထူ၍

ရိပ်ဖြူမိုးကာ ဖောင်မဂ္ဂင်နာဝါတွင် ပါလိုသော အာသီသဖြင့် တောင့်တသော မောင်နှံစုံတို့သည် လွယ်တကူဖိုလ်မင်္ဂကို တပြိုင်နက်ရတော်မူကြပါစေဗျား။ (တူရိယာဝိုင်း မပါလျှင် ဤတွင်ဖြတ်၊ တူရိယာဝိုင်း ပါလျှင် ရှေ့ဆက်)

ဆိုင်းဆင့်—ဖောင်မဂ္ဂင်နာဝါတွင် ပါလိုသော အာသီသဖြင့် တောင့်တသော မောင်နှံစုံတို့သည် လွယ်တကူ ဖိုလ်မင်္ဂကို တပြိုင်နက် ရတော်မူကြ၍မို့ မြနှစ်ဖော်တူတကွ ငှအမတ သောင်ခေမာသို့ ဖောင်ရှေ့နာဝါ ကတို့ကြီးမှယ်နှင့် သတို့သမီး မောင်နှံစုံတို့ ဖောင်အကြုံတက်ခါစီးရအောင် ထက်အခါ အချက်သာယာသည့် နည်းရယ်နှင့် စည်းအမှန် ဗုံထောင်ဖွင့်ပြီး ဂုဏ်ခရာင်နှင့် တသိရ်ဆောင်ကာ စံအိမ်ဘမယာအတွင်းဘီက ယုန်တန်ဆောင်တင့်၍ အရှိန်ပြောင်စွာ ဖလ်ရဝိ' တခါချဉ်းပါပေါ့ ကဲ ဆရာ့ဆရာများ ရယ် ဘုံဆောင်မြင့် ဝိန်ကြောင် ဖလ်ရှိန်ကသာ ညီးလို့လင်း.... ဗျား။

(တူရိယာ ဆရာများက ဘုံဆောင်မြင့်ကြိုး, ဇေယျာအောင်ချာကြိုး, ရွှေဘုန်းရွှေဘုန်းပပဝင်း ဘုန်းဖွဲ့ကြိုး, ကျွန်းကျွန်းပိုင်သူကြိုး၊ ငှင်းပြင် သက်ဆိုင်ရာသီချင်းများကို တီးနိုင်အောင် လေ့လာကြရမည်၊ ဘုံဆောင်မြင့်ကြိုးမှာ ဖောင်လားကြိုးဖြစ်၍ (ဥပမာ) သက်ခဝမောင်နှံစုံတို့သည် မဂ္ဂင်ဖောင်ပျံဖြင့် နိဗ္ဗာန်သောင်ယံသို့ တူမကွာကူးထွက်နိုင်စေကြောင်းကိုဆုတောင်းခြင်း အဓိပ္ပါယ်နှင့် ကိုက်ညီစေရမည်)။

(အချိန်ရှည်မည်ထင်လျှင် ဆုပေးခဏ်းကို ဖြုပ်ခဲ့ပါ)

## ထိမ်းမြားခြင်း

### အဘိဓမ္မာနိယံကျမ်း-ဝိထိမုတ်ပိုင်း၌

မာတုရက္ခိတာ ပိတုရက္ခိတာ မာတာ
ပိတုရက္ခိတာ ဘာတုရက္ခိတာ ဘဂိနီ
ရက္ခိတာ ဉာတိရက္ခိတာ ဂေါတ္တရက္ခိ
တာ ဓမ္မရက္ခိတာ သာရက္ခိတာ သပရိ
ဒဏ္ဍာ ဓနက္ကီတာ ဆန္ဒဝါသိနီ ဘောဂဝါ
သိနီ ပဋဝါသိနီ ဩဒါပတ္တိကဝါသိနီ ဩ
ဘဋစုမ္ဗဋာ ဒါသီစဘရိယာ ကမ္မကာရီ
စဘရိယာ ဓဇာဟဋာ မုဟုတ္တိကာ

ဟူ၍ အုပ်ထိန်းခြင်း နှစ်ဆယ်နှင့် မကင်းသော အဂမနီယ မိန်းမနှစ်ကျိပ်ရှိလေသည်။

### ထိုနှစ်ကျိပ်တွင်

မာတုရက္ခိတာ- အမိစောင့်သောမိန်းမ၊ ပိတုရက္ခိတာ- အဘစောင့်သော မိန်းမ၊ မာတာပိတုရက္ခိတာ-မိဘနှစ်ပါးစောင့်သောမိန်းမ၊ ဘာတုရက္ခိတာ-မောင်ကြီး မောင်ငယ်စောင့်သော မိန်းမ၊ ဘဂိနီရက္ခိတာ-ညီမ အစ်မစောင့်သောမိန်းမ၊ ဉာတိရက္ခိတာ-အဆွေအမျိုးစောင့်သောမိန်းမ၊ ဂေါတ္တရက္ခိတာ-အနွယ်တူစောင့်သောမိန်းမ၊ ဓမ္မရက္ခိတာ- သီတင်းသုံးဘော်စောင့်သော မိန်းမ၊ သာရက္ခိတာ- အစောင့်အရှောက်ရှိသောမိန်းမ၊ သပရိဒဏ္ဍာ-မင်းဒဏ်ထားသောမိန်းမ၊ ဓနက္ကီတာ-ဥစ္စာပေး၍ ဝယ်ယူ

သောမိန်းမ၊ ဆန္ဒဝါသိနီ-အလိုတူ၍ ပေါင်းဖော်သောမိန်းမ၊ ဘောဂဝါသိနီ-ဥစ္စာစည်းစိမ်အပ်နှင်း၍ ပေါင်းဖော်သောမိန်းမ၊ ပဋဝါသိနီ-အဝတ်ပုဆိုးပေး၍ ပေါင်းဖော်သောမိန်းမ၊ ဩဒါပတ္တကဝါသိနီ-ရေခွက်၌ လက်ချ၍ ပေါင်းဖော်သောမိန်းမ၊ ဩဘဋစုမ္ဗဋာ-ခေါင်းခုကိုချ၍ ပေါင်းဖော်သောမိန်းမ၊ ဒါသီစဘရိယာ-ကျွန်မယားဖြစ်သောမိန်းမ၊ ကမ္မကာရိကဘရိယာ-အမှုကို လုပ်ဆောင်၍ နေသောမိန်းမ၊ ဓဇာဟတာ-သူ့နိုင်ငံကိုစစ်ထိုး၍ရသောမိန်းမ၊ မုဟုတ္တိကာ- တခဏမျှပေါင်းဖော်သောမိန်းမ ဟူ၍ အုပ်ထိန်းခြင်း နှစ်ဆယ်နှင့် မကောင်းသော အဂမနီယမိန်းမ နှစ်ကျိပ်ရှိရာတွင်,

"မာတာပိတု မာပိတုနှင့် ဘာတုဘဂိနီ ဉာတိဂေါတ္တ ဓမ္မသာရက္ခာ သဒဏ္ဍာ-လင်မပါမိန်းမ တကျိပ်ဟည်း၊ (လင်မရှိသောမိန်းမက တကျိပ်။)

ဓနက္ကီတ ဆန္ဒဘောဂ ပဋဝါနှင့် ဩဒါပတ္တ ဩဘဋစုမ္ဗ ဒါသီဘရိယာ ကမ္မာဘရိယ ဓဇဟတာ မုဟုတ္တာ ဆယ်ဖြာလင်ရှိမိန်းမတည်း၊ (လင်ရှိသောမိမ္မကတကျိပ်။)

သာရက္ခာ သပရိ-လင်မရှိနှင့် လင်ရှိဒသ ပေါင်း ဒွါဒသာ-မိန်းမမှာကား ပိုင်ရာသူမှ ကြွင်းသမျှ အဂမနီယ ဖြစ်သတည်း" ဟူသာည်နှင့်အညီ,

သာရက္ခာ-အစောင့်အရှောက်ရှိသောမိန်းမ ဟူသည်မှာ ငယ်စဉ်က မိဘအချင်းချင်း နှုတ်ကတိထားပြီးသော မိန်းမကို ဆိုလိုသည်၊ သပရိဒဏ္ဍာ-မင်းဒဏ်သင့်၍ မင်းပြစ်ပေးခြင်းကို ခံနေရသောမိန်းမကို ဆိုလိုသည်၊ ထိုနှစ်ယောက်ကိုလည်း မထိမ်းမြား

အပ်သည့်ဖြစ်သောကြောင့် လင်ရှိမိန်းမတကျိပ်နှင့် ပေါင်းသော် မထိမ်းမြားအပ်သောမိန်းမ တကျိပ် နှစ်ယောက် ဖြစ်ပါသည်။

သို့ကြောင့် ဒီဃထက်၌ သာရက္ခာ သပရိ- လင်မရှိနှင့် လင်ရှိဒသ ပေါင်း၂၀ဒသာ-မိန် မမှာကား ပိုင်ရာသူမှ ကြွင်းသမျှ အဂမနီယဖြစ်သတည်းဟူ၍ ဆိုခဲ့လေသည်။

ထို့ကြောင့် မာတုရက္ခိတာအစ ဓမ္မရက္ခိတာ အဆုံးရှိသော ရှစ်ယောက်သော မိန်းမကိုသာလျှင် ကောင်းစွာလက်ထပ် ထိမ်းမြားအပ်သည်ဖြစ်ပါသောကြောင့် "မာတုအစ ဓမ္မရက္ခာ ဆုံးရှစ်ထွေ ကာမေသူတို့ ကား သတည်း" ဟူ၍ ဆိုပါသည်။

ဤကဲ့သို့ လက်ထပ်ထိမ်းမြားခြင်း အရာကို ဓမ္မသတ်အလိုနှင့် ပြရမည်ဆိုသော် မနုကျယ်ဓမ္မသတ် ပဥ္စမတွဲ ပုဒ်မ ၂၄-၌ ပေါင်းသင်းခြင်းသုံးပါးကို ပြဆိုပါသည်၊ ထိုသုံးပါးမှာ—

၁-မိဘနှစ်ပါး သဘောတူ၍ ပေါင်းသင်းခြင်း၊ ၂-ကြားလူစေ့စပ်၍ ပေါင်းသင်းခြင်း၊ ၃-နှစ်ဦးသဘောတူ၍ ပေါင်းသင်းခြင်း ဟူ၍ သုံးပါးဖြစ်ပါကြောင်း။

ပဌမအချက်၌ မိဘနှစ်ပါးသဘောတူ၍ ပေါင်းသင်းခြင်း ဆိုသည်မှာ မည်သည့်နည်းနှင့်မဆို မိဘနှစ်ပါး သဘောတူလျှင် ထိမ်းမြားလက်ထပ်ခြင်း အင်္ဂါမြောက်လေသည်။

ဒုတိယအချက် ကြားလူစေ့စပ်၍ ပေါင်းသင်းခြင်းနှင့် တတိယအချက် နှစ်ဦးသဘောတူ၍ ပေါင်းသင်းခြင်း ဆိုသည် တို့မှာ နေ့ခင်းရှိန်ပြင်ကန္တား ရောက်သည့်အခါ အတူးငြင်းဆိုရန် အကြောင်းရှိက ငြင်းဆိုနိုင်လေသည်။

ထို့ကြောင့် ဒုတိယနှင့် တတိယ အချက်တို့၌ အချင်းချင်း သဘောတူ ဆက်ဆံပေါင်းသင်းပြီးနောက် မည်ရွေ့ မည်မျှ

အချိန်ကာလကြာလျှင် ဇနီး၊ ခင်ပွန်းဖြစ်ရမည်ဟုမဆို၊ မိဘနှစ်ပါး သဘောတူ၍ ထိမ်းမြားမှသာလျှင် အကြင် ဇနီး၊ ခင်ပွန်း အရာမြောက်နိုင်လေသည် ဟူ၍သာ အဆိုရှိလေသည်။

ရှင်းပြင် ကိုင်းစားကန်မတော် ဓမ္မသတ်ကမူ "ထိမ်းမြား ခြင်း ဆယ်ပါး" ကို ခွဲခြား၍ပြလေသည်၊ သို့ရာတွင် မနုကျယ် ဓမ္မသတ် အဆို ပဌမအချက်၌ပင် အကျုံးဝင်သည် ဖြစ်သော ကြောင့် မိဘနှစ်ပါး သဘောတူက ထိမ်းမြားခြင်း ဆယ်ပါးတွင် ကိုယ့်ဘာသာ ကိုယ့်ဓလေ့နှင့် သင့်လျော်ရာ ကြိုက်ရာနည်းကို အသုံးပြုလေဆိုသော အဓိပ္ပါယ်ပင် ဖြစ်ပါကြောင်း။

## ထိုထိမ်းမြားခြင်းဆယ်ပါးမှာ

၁- ပုဆိုးတန်းတင် ထိမ်းမြားခြင်း၊ ၂- လက်ဆုံစား၍ ထိမ်းမြားခြင်း၊ ၃- လက်စွပ်လဲ၍ ထိမ်းမြားခြင်း၊ ၄- အဝတ် လဲ၍ ထိမ်းမြားခြင်း၊ ၅- လက်ထပ်၍ထိမ်းမြားခြင်း၊ ၆- ဒါလီ ဖွဲ့၍ ထိမ်းမြားခြင်း၊ ၇- စုလျားပတ်၍ ထိမ်းမြားခြင်း၊ ၈- ပန်းကုံးစွပ်၍ ထိမ်းမြားခြင်း၊ ၉- ရေခွက်၌ လက်ချ၍ ထိမ်းမြားခြင်း၊ ၁၀- ဦးထိပ်၌ ရေစင်သွန်း၍ ထိမ်းမြားခြင်း ဟူ၍ ဆယ်ပါးဖြစ်လေသည်။

(ထိုဆယ်ပါး အဓိပ္ပါယ်ကို ဆရာဖြစ်သင် အခြေခံ ပညာခေါင်းတွင် ဖော်ပြခဲ့ပြီ၊ ပြန်ကြည့်လေ)

ထိုဆယ်ပါးတွင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဓလေ့ ထုံးစံ ဘာသာအယူဝါဒနှင့် သင့်လျော်ရာနည်းကို ရွေးချယ်၍

ထိမ်းမြားကြရမည်၊ မောင်နှင့်နှမ သားနှင့်အမိ သမီးနှင့် အဘတို့ ရှောဝယ် ပရိသတ်ဗိုလ်ပုံ အလယ်မှာ အတင့်တယ်ဆုံး အယဉ်ကျေး ဆုံး အသင့်လျော်ဆုံးသော ထိမ်းမြားခြင်းမျိုးကို ရှာလိုက်လျှင် "ဩဒပတ္တကဝါသိနီ" လို့ခေါ်သော ရေခွက်၌လက်ချ၍ ထိမ်း မြားခြင်းသည်သာလျှင် ပရိသတ်ဗိုလ်ပုံအလယ်မှာ အသင့်လျော် ဆုံးသော ထိမ်းမြားခြင်းဖြစ်ပါ၍ ရေခွက်၌လက်ချ၍ ထိမ်းမြား ခြင်း၏ အကြောင်းရင်းကို ပြဆိုရမည်ဆိုသော်—

"ဩဒပတ္တကိနီ ဥဒကပတ္တံ အာမသိတွာ ဝါသေတိ"ဟူ၍ မိန့်ပါကြောင်း၊ ဩဒပတ္တကိနီတိ-ဩဒပတ္တကိနီ ဟူသည်ကား ဥဒကပတ္တံ- ရေခွက်ကို၊ အာမသိတွာ- သုံးသပ်၍၊ ဝါသေတိ- နေ၏၊ ရေခွက်ကိုသုံးသပ်ရမည်ဟု ဆိုပါသည်၊ အဘယ်ကဲ့သို့သုံး သပ်ရမည်ကို မရှင်းလင်းသည်ဖြစ်သောကြောင့် အဋ္ဌကထာဆရာ က ထပ်မံ၍ ဖွင့်ပြပြန်သည်မှာ—

"ဩဒပတ္တကိနီတိ ဥဘိန္နံ ဧကိဿာ
ဒက္ခိဏဟတ္ထေ ဩတာရေတွာ ဣဒံ ဥဒကံ
ဝိယ သံသဋ္ဌာ အဘေဇ္ဇာ ဟောထာတိ
ဝတွာ" ဟူ၍ မိန့်ပါသည်။

**အနက်။** ။ဩဒပတ္တကိနီတိ-ဩဒပတ္တကိနီ ဟူသည်ကား၊ ဧကိဿာ-တခုသောသည်းသော၊ ဥဒကပါတိယာ-ရေခွက်၌၊ ဥဘိန္နံ- သတို့သား သတို့သမီး နှစ်ဦးတို့၏၊ ဒက္ခိဏဟတ္ထေ- လက်ျာလက် တို့ကို၊ ဩတာရေတွာ- ချထားစေ၍၊ ဣဒံဥဒကံဝိယ- ဤရေ

ကဲ့သို့၊ သံသဌာ-နီးနှောသည်၊ အဘောဇ္ဇာ-မကွဲမပြား တသား
တည်း တည်သည်၊ ဟောထ-ဖြစ်ကြကုန်လော့၊ ဉတိ-ဤသို့၊
ပတ္ဘာ-ဆိုကုန်ပြီး၍၊ ပရိဂဟာတိ-ထိမ်းမြားကြကုန်ရာ၏။

တခုတည်းသော ရေခွက်၌ သတို့သား သတို့သမီး နှစ်ဦး
တို့၏ လက်ျာလက်တို့ကို ချထားစေ၍ ဤရေအေးဘိသကဲ့သို့
အေးမြချမ်းသာပါစေ-ဤပန်းလန်းဘိသကဲ့သို့ ကျန်းမာလန်းဖြာ
ပါစေ၊ ဤရေ၌ ကြားခြား၍ မရသကဲ့သို့ မကွဲမပြား တသား
တည်းတည်ပါစေ ဟူသော တိတ်ကောင်း နိမိတ်ကောင်းကို
ယူပြီးသကာလ ထိမ်းမြားခြင်းဖြစ်ပါသောကြောင့် မင်္ဂလာရှိသော
ဤရေခွက်တွင် မင်္ဂလာရှိသော လက်ျာလက်များ ချထားတော်
မူကြပါခင်ဗျား။

(ငွေဖလားကြီးတွင် ရေအပြည့် ပန်းအပြည့် ထည့်၍
သတို့သား သတို့သမီး နှစ်ဦးတို့၏ လက်ျာလက်များကို ချထားစေ)

၎င်းနောက် ဆရာက ရွတ်ဖတ်ရမည့် မန္တာန်များကား-
အောင်မင်္ဂလာ အောင်မြင်ရာသည် တခါရက်မြတ် စက္ခုပါဒ်နှင့်
နက္ခတ်အကျုမ်း လက်ထပ်ခန်းတွင် နတ်ပန်းမြေဇာ သပြေညာ
နှင့် ရေပြာခါ၊ ဇေယျတုဟု သွန်းဆုပတ္တနာ တိတ်နိမိတ်ကောင်း
ဘိသိက်တော် လောင်းလိုက်ပါတော့မည်။

ပြောင်း ဇေယျတု ၃... သဗ္ဗမင်္ဂလံ ခပ်သိမ်းရန်
ပယ်လှန်ရိတ်ဖြတ် ဖျက်ဆီးတတ်သော ကောင်းမြတ် မင်္ဂလာ
မြတ်အင်္ဂါသည် တိဋ္ဌန္တု - ယနေ့ကစ၍ တည်ပါစေ သတည်း။
(၃-ခေါက်)

သြော်ောင် နမော ဂုရု သြတိဝိတြာ ဒေဝီပြဟ္မာ မင်္ဂသျှဝါ သြဝါသံတံ တိဋ္ဌတု ဠမမင်္ဂလံ (၃-ခေါက်)

သြော်ောင်း ဗုဒ္ဓံ သရဏံ ဠစ္ဆိတံ ဟြိုဟြို ဂစ္ဆာမိ ပဋ္ဌမယှ ပဋ္ဌို ကာမမ္မံ သရဏံ ခိပ္ပမေဝ ပဋ္ဌုကာယ သမဇ္ဈန္တု သံဃေရေဝဂုရုဂုရု ပဋ္ဌုကာယနုယန္တု သက်ပွေါ် သြော်ောင်း ဟြိုဟြို (၃-ခေါက်)

ဇိနော ဇယံ ကရံမမ္မံ။ သဥ္ဇယန္တော ဇယာကရေ၊ ဇိတ္ဘာ မာရံ ဇိနာပေယိ၊ သော မေ ဒေတု ဇယံ ဇိနော၊ (၃-ခေါက်)

အနက်။ ။ဇိနော-မာရ်ငါးပါးကိုအောင်မြင်တော်မူသော မြတ်စွာဘုရားသည်၊ ဇယံကရံ-အောင်ခြင်းကို ပြုတတ်သော၊ ဓမ္မံ-တရားတော်မြတ်ကို၊ သဥ္ဇယန္တော- ဆည်းပူးတော်မူသည် ဖြစ်၍၊ ဇယာကရေ- အောင်မြင်တော်မူရာ ရွှေပလ္လင်၌၊ မာရံ-ဒေဝပုတ္တ စသော မာရ် ငါးပါးကို၊ ဇိတ္ဘာ-အောင်မြင်တော်မူ၍၊ ဇိနာပေယိ- သူတပါးကိုလည်း အောင်စေတော်မူပြီ၊ သော ဇိနော-ထိုမြတ်စွာဘုရားသည်၊ မေ-အကျွန်ုပ်အား၊ ဇယံ-ရန် မာရ်ခပင်း အောင်မြင်ခြင်းမင်္ဂလာကို၊ ဒေတု-ပေးတော်မူစေ သတည်း။

စိန္တာမဏိ ရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနိ၊ ကရံ ကရန္တံ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု-(ဓမ္မံ သံဃံ ထည့်ဆို) ၃-ခေါက်။

အနက်။ ။စိန္တာမဏိရတနာနိ- ကြံတိုင်းအနှံ့ ... ရပ်ဆိုင် မရှိ အလိုလိုပြီး ဆောင်နိုင်သော ရတနာသည်၊ ဗုဒ္ဓံ-ဘုရားတည်းဟူ သော ရတနာ ပေတည်း၊ ဗုဒ္ဓရတနာနိ- ဘုရားတည်း ဟူသော ရတနာကို၊ သရဏံ—ကိုးကွယ်ခြင်းကို၊ ကရံ-ပြုလိုက်သည်ဖြစ်၍၊ ကရန္တံ- ပြုခြင်း ရှိသောသူအား၊ ဠစ္ဆိတာ-ဒ-လိုရှိအပ်သော

ဝတ္ထု-အစုစုတို့သည်၊ ခ်ပ္ပမေဝ-လျှင်စွာသာလျှင်၊ သမ္ဗိဏ္ဏတု-ပြည့်စုံ ပါစေ သတည်း၊ ဝါ-ပြည့်စုံ ပါစေသော် (ခမ္မ^သံယံ ထည့်ဆို) ၃-ခေါက်။

## စိန္တာမဏိမန္တာန်တော်

ဩြောင်း။ ။အမန္ဒံ ဟရိဟရိ ဆရိမုခံပံကဂျ ဇြေပိဋ္ဌကံ ဟရိဟရိ ဘာဟိန္ဒြိ မဟိန္ဒြိ ဗျာကျန္ဒြိ နရကျန္ဒြိ ဗေဒါဓရာ ဂြဟာ သျှရာဂျ ဂဂျတြာ ကျိန္တာမဏိကို ဆမန္ဒံ ဟရိဟရိ ကြူဗ္ဗန္တုမေ ဂျယမံဂလံ။

အနက်။ ။ဩြောင်း-သိဒ္ဓိပြီးစီး အောင်မြင် စေသတည်း၊ အမန္ဒံဟရိဟရိ-မသေရာဗိမာန် နိဗ္ဗာန်ရောက်အောင် ပို့ဆောင် တော်မူပေထသော၊ ဆဂ္ဂိမုခပံဂဂျ-အသရေလျှံဝင်း ဘုရားသခင်၏ ခံတွင်းတော် တည်းဟူသော ရွှေကြာတိုက်မှ သိုက်မြိုက်မြွက် ဖော်ဖြစ်ပေါ်၍ လာတော်မူသော၊ ဇြေပိဋ္ဌကံ-သာသနာပရိယတ် ဒုံးပုံသော ပိဋ္ဌကတ်တော်ကို၊ ဟရိဟရိ-ဆောင်မနသိ မှတ်ပြီး သုံးသတိ နတ်သိ္မီးသည်ရှင်း ဘာဟိန္ဒြိ-ခကောင်းကင် မိုးယံခေတ် ၊ာန်ခိုးမြတ်နှင့် အာကာသဇိုး နတ်မင်းကြီးသည်ရှင်း၊ မဟိန္ဒြိ- ...ြဒ္ဓင့်မတ် စောင့်လတ်ခြုံမိုး ဘုမ္မဇိုး နတ်မင်းကြီး သည်ရှင်း၊ ဗျာကျန္ဒြိ-ယုန်တုံဆိပ်ဖန် ဘုံဗိမာန်ကို စိတ်သန် မြတ်ကြွား ...င့်ရှောက်သော လနတ်သားသည်ရှင်း၊ နရကျန္ဒြိ- ...င်းနိမိတ်ဖန် ဒေါင်းဗိမာန်ကို စိတ်သန်ရှေသွား စောင့်ရှောက်သော နေနတ်သားသည်ရှင်း၊ ဗေဒါဓရာ-သာမ

ယဇု ဗ္ဗလသျှ အာတပ် လေးရပ်သောဗေဒင်ကို ကျယ်မြင့်အောင် ဆောင်ရွက်ကြကုန်သော၊ ဂြဟာ-ထွန်းတောက် ပြောင်ပြောင် အရောင်စိုလင်း ရှစ်လုံးသော ဂြိုဟ်နတ်မင်းတို့သည်၎င်း၊ သျှုရာဂျ ဂဂျုတြာ-အသရေဖြာ ဝေဆာမွှန်မွှန် သိကြားမင်း၏ ရော်ဝတ် ဆင်မင်းသည်၎င်း၊ ကျိန္တာမဏိကို- မနောခတ်လျှံ အကြံပြီးစီး ယခုရွှတ်ဖတ်သော စိန္တာမဏိမန္တာန်တော်ကြီးသည်၎င်း၊ ဆမရှိ ဟရိဟရိ-ဤကမ္ဘာကို ရှည်ကြာဖြောင့်မတ် အစောင့် နတ်မင်း ကြီးသည်၎င်း၊ မေ-အလွန်ဆန်ပြား စွမ်းပကားနှင့် မန္တရားအုပ် အကျွန်ုပ်၏၊ ဂျယမံဂလံ-ဘေးရန်မှောင်ခွင်း ပြောင်လင်းထင်စွာ အောင်ခြင်းမင်္ဂလာကို၊ ကုဗ္ဗန္တု-ကူညီဝိုင်းစု ကသိုဏ်းရှုမျှော် ပြုတော်မူကြ ပါစေကုန်သတည်း။

(စိန္တာမဏိ မန္တန်တော်ကြီးမှာ အလွန် ရှည်လျားသည် ဖြစ်၍ နောက်တွင် ဖော်ပြပေအံ့)

ယခုအခါ မင်္ဂလာသဘင် ဆင်ယင်ကျင်းပလျက် ရှိကြ ကုန်သော သတို့သား သတို့သမီးမောင်နှံစုံတို့သည် အောင်ချိန်ကြုံ၍ အောင်ဂုဏ်ကို ရရှိကြပြီးသောအတိုင်း ဤယနေ့ ယခုအချိန်မှ အစပြုပြီးလျှင် အနုမြူလွှာ တဆံညှာမျှ ရောဂါရန်စွယ် အန္တရာယ် တို့သည် ငြိတွယ်ခြင်း ကင်းပလျက် အဝမင်္ဂလပ်ပ အလုံးစုံ အနိဋ္ဌာရုံ အသွယ်သွယ် တို့မှ စင်ကြယ် ကင်း[illegible] ကြသည် ဖြစ်စေသောဝ်။

ဟောမဝန်မြိုင် ထုံလှိုင်ကြိုင်သင်း ဂန္ဓိ[illegible]ဝယ် ကန်မင်း ဦးကိုင် နေဒတ်အိုင်မှာ ဖြိုင်ဖြိုင်စီးသွန် [illegible]နှ်သည် အလွန် အေးမြသည့်အလား စုလျားရစ်ဆွယ် မောင်နှ[illegible]သည်

ဗုဒ္ဓါရာဠာန အလျောက် မင်္ဂလာ ၁၂-ပါးတွင် တပါးပါးကို ပြုလုပ်ပြီးနောက် ဤသတို့သား သတို့သမီးငယ်တို့သည် မြတ်စွာဘုရား၏ တပည့်သားများ ဖြစ်ကြသည်၊ အသင် နတ်မြတ်အပေါင်းတို့သည် ဤနေ့ကို အစပြု၍ အသက်ထက်ဆုံး စောင့်ရှောက်ကြပါကုန်၊ ထိုသူတို့ကလည်း အသင်တို့အား ဝါဝင်ဝါထွက် တနှစ်တကြိမ် ပူဇော်ပသကာ ဗလိနတ်စာကို ကျွေးမွေးကြပါလိမ့်မည်ဟူ၍ အစောင့်အရှောက် ထားခြင်းသာ ဖြစ်သည်၊ ရတနာသုံးပါးထက် မြတ်၍ ပူဇော်ခြင်းမဟုတ်။

သို့ဖြစ်၍ ဤအခဏ်းမှာ များသောအားဖြင့် နတ်ပင့် နတ်ဖိတ်ဂါထာပါဠိ အနက်တို့သည် ပရိတ်တော် ၁၁-သုတ်မှ သက်ဆိုင်ရာတို့ကို ထုတ်နုတ်၍ သုံးနှုန်းထားခြင်း ဖြစ်လေသည်၊ ၎င်းပရိတ်တော် ၁၁-သုတ်ကို မြတ်စွာဘုရားသည် တနေရာတည်းတွင် ဟောတော်မူသည်မဟုတ်၊ အချို့ ခုဒ္ဒကပါဠိတော်၌၎င်း, အချို့ သုတ္တနိပါတ်၌၎င်း,အချို့ အင်္ဂုတ္တိုရ်၌၎င်း,အချို့ သဂါထာဝဂ္ဂ သံယုတ်၌၎င်း ဟောတော်မူလေသည်၊ပဥ္စမ သင်္ဂါယနာတင် အရှင်မဟာကဿပမထေရ် ၎င်းသုတ်တို့ကို စုပေါင်း၍ သင်္ဂါယနာတင်ထားသော ကျမ်းဖြစ်လေသည်။

သို့ဖြစ်၍ ပရိတ်တော်လာ ဂါထာပါဠိ အနက်တို့ကို ရွတ်ဆိုသောအခါ [illegible]သုတ်မှာ လာသည်, ရတနာသုတ်မှာ လာသည်,ဓဇ[illegible]မှာ လာသည်, အာဋာနာဋိယသုတ်မှာ လာသည် ဟု မညွှန်ကြား[illegible]၎င်းသုတ်ကိုကို ဟောတော်မူရာ ကျမ်းရင်းကို ညွှန်ပြနိုင်ရန် [illegible]တော်၏ တည်ရာကျမ်းရင်းတို့ကို ပါဠိ အနက်နှင့်ကက္ကု[illegible]ပေအံ့၊ ဆရာတဆူ ပါရဂူ ပြုလုပ်မည့်သူတို့ နှုတ်[illegible] ချဲအော[illegible] ဆောင်ရွက်ကြလေကုန်။

ပါဠိ။ ။မင်္ဂလသုတ္တ ရတနသုတ္တ မေတ္တသုတ္တာနိ ခုဒ္ဒက
ပါဌေ သုတ္တနိပါတေစ ဝုတ္တာနိ၊ ခန္ဓသုတ္တံ အင်္ဂုတ္တရ စတုက္က
နိပါတေ ဒုကနိပါတဇာတကေစ၊ မောရပရိတ္တံ ခုဒ္ဒကနိပါတ
ဇာတကေ၊ ဓဇဂ္ဂသုတ္တံ သဂါထာဝဂ္ဂ သံယုတ္တေ၊ အာဋာနာဋိယ
သုတ္တံ ပါထေယျသုတ္တေ၊ အင်္ဂုလိမာလသုတ္တံ မဇ္ဈိမပဏ္ဏာသေ၊
ဗောဇ္ဈင်္ဂသုတ္တံ မဟာဝဂ္ဂသံယုတ္တေ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

အနက်။ ။မင်္ဂလသုတ္တ ရတနသုတ္တ မေတ္တာသုတ္တာနိ-မင်္ဂလ
သုတ် ရတနသုတ် မေတ္တာသုတ်တို့ကို၊ ခုဒ္ဒကပါဌေ- ခုဒ္ဒကပါဠိ
တော်၌၎င်း၊ သုတ္တနိပါတေစ- သုတ္တနိပါတ်၌၎င်း၊ ဝုတ္တာနိ-
ဟောတော်မူအပ်ကုန်၏၊ ခန္ဓသုတ္တံ-ခန္ဓသုတ်ကို၊ အင်္ဂုတ္တရစတုက္က
နိပါတေစ- စတုက္ကနိပါတ် အင်္ဂုတ္တိုရ်၌၎င်း၊ ဒုကနိပါတဇာတ
ကေ-ဒုကနိပါတ်ဇာတ်၌၎င်း၊ ဝုတ္တံ-ဟောတော်မူအပ်၏၊ မောရ
ပရိတ္တံ- မောရပရိတ်ကို၊ ခုဒ္ဒကနိပါတဇာတကေ- ခုဒ္ဒကနိပါတ်
ဇာတ်၌၊ ဝုတ္တံ-ဟောတော်မူအပ်၏။ ဓဇဂ္ဂသုတ္တံ-ဓဇဂ္ဂသုတ်ကို၊
သဂါထာဝဂ္ဂသံယုတ္တေ- သဂါထာဝဂ္ဂသံယုတ်၌၊ ဝုတ္တံ-
ဟောတော်မူအပ်၏၊ အာဋာနာဋိယသုတ္တံ- အာဋာနာဋိယသုတ်
ကို၊ ပါထေယျသုတ္တေ- သုတ်ပါထေယျ ပါဠိတော်၌၊ ဝုတ္တံ-
ဟောတော်မူအပ်၏၊ အင်္ဂုလိမာလသုတ္တံ- အင်္ဂုလိမာလသုတ်ကို၊
မဇ္ဈိမပဏ္ဏာသေ- မဇ္ဈိမပဏ္ဏာသ၌၊ ဝုတ္တံ- ဟောတော် မူအပ်၏၊
ဗောဇ္ဈင်္ဂသုတ္တံ- ဗောဇ္ဈင်္ဂသုတ်ကို၊ မဟာဝဂ္ဂသံယုတ္တေ- မဟာဝဂ္ဂ
သံယုတ်၌၊ ဝုတ္တံ-ဟောတော်မူအပ်၏၊ ဣတိ- ဤသို့ ဝေဒိတဗ္ဗံ-
သိအပ်၏၊

ပုဗ္ဗဏှသုတ်မှာ အဋ္ဌကထာဆရာ [illegible] သော ကျမ်းဖြစ်၍
ဒေဝတာသံယုတ် အဋ္ဌကထာ၌ လာသည်။

နှတ်ပင့်နှတ်ဖိတ်ကို လက်ာနှင့်ပင့်ခြင်းထက် ပါဠိအနက်နှင့် ပင့်ခြင်းကပိုမို၍ ခန့်ညားလေသည်၊ သို့ဖြစ်၍ ပါဠိအနက်နှင့်ပင့်ခြင်းကို ရှေးဦးစွာပြပေအံ့။

ဒေဝတာသံယုတ် အဋ္ဌကထာ

ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
(ဓမ္မာ, သံဃာ ထည့်ဆို)

အနက်။ ။ သဗ္ဗမင်္ဂလံ- စည်းစိမ်ချမ်းသာ ရတနာဟူများစွာထိုထို ဆန္ဒပိုလျက် အလိုရှိကာ နှစ်သက်တောင့်တအပ်သမျှသော ဖရာတို့ အဖြာဖြာဥဿုံ စုဝေးဆုံ၍ ပြည့်စုံကြီးပွားကြောင်း ကောင်းမြတ်လှစွာ ခပ်သိမ်းသော မင်္ဂလာသည်၊ ဘဝတု-ဤအခါတွင် ညီညာထူးသစ် ကြွင်းမလစ်အောင်ဖြစ်ပါစေသတည်း၊သဗ္ဗဒေဝတာ-ဗြဟ္မာသိကြား အဦးထားလျက်များပြားဝန်းစု စတုလောကပါလာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ် ဟူသမျှတို့သည်၊ ရက္ခန္တု-စောင့်ရှောက်နိစ္စ မ,တော်မူကြပါစေကုန်သတည်း၊ သဗ္ဗဗုဒ္ဓါ ဓမ္မာ သံဃာ နုဘာဝေန-ခပ်သိမ်းသော ဘုရား တရား သံဃာ ရတနာတော်မြတ်တို့၏ဂုဏ်ကို အာရုံပြု၍ဖြစ်သော စေတနာ၏ အာနုဘော်ကြောင့်၊ တေ-ထိုသတို့သား သတို့သမီး မောင်နှံစုံတို့သည်၊ သဒါ- အခါခပ်သိမ်း၊ သုခီ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကုန်သည်၊ ဘဝန္တု-ဖြစ်စေကုန်သတည်း။
(ရတနာ ကျော် ယာနီဓဘူတာနိ ပုဒ်အရ ယောဇနာ)

ကုရုဋ္ဌာနေ- မင်္ဂလာသဘင် ဆင်ယင်ကျင်းပရာဖြစ်သော ဤအရပ်၌၊ဘုမ္မာနိ-မြေနိုက်တည်ကုန်သော၊ ယာနိဘူတာနိဝါ- အကြင်နတ်တို့သည်ရင်း၊ အန္တလိက္ခေ-ကောင်းကင်၌ တည်ကုန် သော၊ယာနိဘူတာနိဝါ-အကြင်နတ်တို့သည်ရင်း၊ သမာဂတာနိ- ညီညာဖြဖြ လာရောက်ကြကုန်၏၊ သဗ္ဗေဝ-ဘပါးမက မျှားလှ ဥသုံ အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ဘူတာနိ-နတ်မင်းနတ်မြတ် နတ်ထက် နတ်အပေါင်းတို့သည်၊သုမနာ-ရွှင်လန်းဝမ်းမြောက်ကြ ကုန်သည်၊ ဘဝန္တု-ဖြစ်စေကုန်သတည်း၊ အထောပိ-ထိုမှ တပါး လည်း၊ဘာသိတံ-မြတ်စွာဘုရား ဟောကြားတော်မူသော မင်္ဂလာ တရားတော်ကို၊ သက္ကစ္စ-ရိုသေစွာ၊ သုဏန္တု- နာကြစေကုန် သတည်း၊ ဘူတာနိ-အိုနတ်မြတ်အပေါင်းတို့သည်၊ ဓမ္မဿဝနံ- မင်္ဂလာတရားတော်ကို နာကြားသော၊ သမာဂတာ-ညီညာဖြဖြ လာရောက်ကုန်၏၊ တသ္မာဟိ-ထိုကြောင့်သာလျှင်၊ နိသာမေထ- အရာအားလျော်စွာ နာကြားကြပါကုန်လော၊ သဗ္ဗေ-ခပ်သိမ်း ကုန်သော နတ်မြတ် အပေါင်းတို့သည်၊ မနုဿိယာ-လူဖြစ်သော၊ ပဇာယ-သတ္တဝါတို့အား၊ မေတ္တံ-ချစ်ခြင်းကို၊ ကရောထ-ပြုကြ ကုန်လော၊ ယေ-အကြင်သူတို့သည်၊ ဒိဝါစ-နေ့၌ရင်း၊ရတ္တောစ- ညဉ့်၌ရင်း၊ တုမှ-သင် နတ်မြတ်အပေါင်းတို့ကို၊ ဥဒ္ဒိဿ-ရည်မှတ် ၍၊ ဗလိ-ဗလိနတ်စာ ပူဇော်သက္ကာရကို၊ ဟရ[illegible]သင်ကြပါ ကုန်၏၊ တသ္မာဟိ တသ္မာဝေ-ထိုကြောင့်သာ[illegible] နေ-ထိုသတို့ သား, သတို့သမီးတို့ကို၊ အပ္ပမတ္တာ-မမေ့မလျော့ကုန်သည်ဖြစ်၍၊ ရက္ခထ-အပြစ်ဘယာ မကပ်ရအောင် မေတ္တာ[illegible]ဓာတ်ဖြင့် စောင့် ရှောက်ကြပါကုန်လော။

## ဒေဝတာဒိသံယုတ် အဋ္ဌကထာ

ဇယန္တော ဗောဓိယာမူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
ဝေမေဝဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။

အနက်။ ။သကျာနံ- သာကီဝင်မင်းတို့၏၊ နန္ဒိဝဍ္ဎနော-နှစ်သက်ခြင်းကို ပွားစေတတ်ဒသော မြတ်စွာဘုရားသည်၊ ဗောဓိယာ-ညောင်ဗုဒ္ဓဟောပင်၏၊ မူလေ-အနီးဖြစ်သော အပရာဇိတပလ္လင်တော်၌၊ ဇယန္တော ယထာ- မာရ်င်ါးပါးကို အောင်တော်မူသကဲ့သို့၊ ဝေမေဝ- ဤအတူသာလျှင်၊ ဇယော- အောင်ခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း၊ ဇယမင်္ဂလေ- ရန်ကိုအောင်ကြောင်းကောင်းမှုမင်္ဂလာကြောင့်၊ တေ-ထိုသင်တို့သား သတို့သမီးတို့သည်၊ ဇယဿု-အောင်မြင်ပြီးနောက် ဆုကြီးရောက်အောင် ချီးမြှောက်မစတော်မူကြပါစေကုန်သတည်း။

## ဒေဝတာသံယုတ် အဋ္ဌကထာ

သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာသံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

အနက်။ ။သုနက္ခတ္တံ- ကောင်းသော နက္ခတ်သည်ရင်း၊ သုမင်္ဂလံ- ကောင်းသော မင်္ဂလာသည်ရင်း၊ သုပဘာသံ- ကောင်းသော မိုးသောက်ခြင်းသည်ရင်း၊ သုဟုဋ္ဌိတံ- ကောင်းစွာထရခြင်းသည်ရင်း၊ ဟောတု- ဖြစ်စေသတည်း၊ သုခဏောစ- ကောင်းသော ခဏသည်ရင်း၊ သုမုဟုတ္တောစ- ကောင်းသော

မုဟုထ်သည်ရှင်း၊ ဗြဟ္မစာရီသု-မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ်တို့အား၊သုရိဋ္ဌ- ကောင်းစွာပူဇော်ခြင်းသည်ရှင်း၊ ဟောတု-ဖြစ်စေသတည်း။

## ဒေဝတာသံယုတ် အဋ္ဌကထာ

ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိတေ ပဒက္ခိဏေ။

အနက်၊ ။ပဒက္ခိဏံ - မြတ်သော၊ ကာယကမ္မံ - ကာယကံသည်ရှင်း၊ ပဒက္ခိဏံ - မြတ်သော၊ ဝါစာကမ္မံ - ဝစီကံသည်ရှင်း၊ ပဒက္ခိဏံ - မြတ်သော၊ မနောကမ္မံ - မနောကံသည်ရှင်း၊ ပဒက္ခိဏေ-မြတ်သော ကာယကံ့ ဝစီကံ့ မနောကံ၌၊ ပဏိဓိ-ဆောက်တည်ခြင်းသည်ရှင်း၊ တေ-ထိုသတို့သား သတို့သမီးတို့အား၊ ဟောတု-ဖြစ်စေသတည်း။

## ဒေဝတာသံယုတ် အဋ္ဌကထာ

ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ဝိရူဠှာဗုဒ္ဓသာသနေ။
အရောဂါသုခိတာဟောထ၊ သဟသဗ္ဗေဟိ ဉာတိဘိ

အနက်၊ ။ယေသတ္တာ-အကြင် သတ္တဝါတို့သည်၊ ပဒက္ခိဏာနိ - မြတ်သောကံတို့ကို၊ ကတွာန - ပြုကုန်၍၊ ပဒက္ခိဏေ-မြတ်ကုန်သော၊ အတ္ထေ-အကျိုးတို့ကို၊ လဘန္တိ-ရကုန်၏၊ တေသတ္တာ - ထိုသတ္တဝါတို့သည်၊ အတ္ထလဒ္ဓါ - ကောင်းမြတ်သော

အကျိုးကို ရကုန်သည်ဖြစ်၍ သုခိတာ-ချမ်းသာခြင်းသို့ ရောက်ကုန်သည်ဖြစ်၍၊ ဗုဒ္ဓသာသနေ-မြတ်စွာဘုရား သာသနာတော်၌၊ ဝိရုဠှာ-စည်ပင်ပြန့်ပွား များကုန်သည်ဖြစ်၍၊ သဗ္ဗေဟိ-ခပ်သိမ်းကုန်သော၊ ဉာတိတိ-အဆွေအမျိုးတို့နှင့်၊ သဟ-တကွ၊ အရောဂါ-အနာကင်းကုန်သည်၊ သုခိတာ-ချမ်းသာခြင်းသို့ ရောက်ကုန်သည်၊ ဟောန္တု-ဖြစ်စေကုန်သတည်း။

## သုတ်ပါဠိထေယျပါဠိတော်

ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော၊ ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

(အကျဉ်း)

ပုရတ္ထိမေန ဒက္ခိဏာ၊ ပစ္ဆိမုတ္တရဒိသာယ။
ဓတရဋ္ဌော ဝိရူဠှကော၊ ဝိရူပက္ခော ကုဝေရောစ။
တေပိရက္ခန္တု ရာဇာနော၊ ရောဂံသုခံ အဝေရိကံ။

အနက်။ ။ပုရတ္ထိမေန-မြင့်မိုရ်တောင်မှ ငွေရောင်ကွန့်မြူး အရှေ့မျက်နှာစူးစူး၌၊ ဓတရဋ္ဌော-ဂန္ဓဗ္ဗနွယ်ရိုး နတ်အမျိုးတို့ကို အုပ်စိုးပိုင်နင်း ဓတရဋ္ဌ နတ်မင်းကြီးသည်ရင်း၊ ဒက္ခိဏေန-မြင့်မိုရ်တောင်မှ မြရောင်ကွန့်မြူး တောင်မျက်နှာစူးစူး၌၊ ဝိရူဠှကောစ-ဂုမ္ဘဏ်နွယ်ရိုး နတ်အမျိုးမျိုးတို့ကို အုပ်စိုးပိုင်နင်း ဝိရူဠှက နတ်မင်းကြီးသည်ရင်း၊ ပစ္ဆိမေန-မြင့်မိုရ်တောင်မှ ဖန်ရောင်ကွန့်မြူး အနောက်မျက်နှာစူးစူး၌၊ ဝိရူပက္ခောစ-နဒ္ဒေါပနန္ဒ စသည်ကျော်ဟိုး နဂါးမျိုးတို့ကို အုပ်စိုးပိုင်နင်း ဝိရူပက္ခနတ်မင်းကြီးသည်ရင်း၊ ဥတ္တရာဒိသံ-မြင့်မိုရ်တောင်မှ ရွှေရောင်ကွန့်မြူး မြောက်မျက်နှာစူးစူး၌၊ ကုဝေရောစ-အာဠဝက စသည်ကျော်ဟိုး ဘီလူးမျိုးတို့ကို အုပ်စိုးပိုင်နင်း ကုဝေရနတ်မင်းကြီးသည် ရင်း၊ တေပိရာဇာနော-လောကပါလ မည်နာမနှင့် တေဇဂုဏ်

မောက်•ထိုနတ်မင်းကြီးလေးယောက်တို့သည်၊ တော-ထိုသတို့သား သတို့သမီး မောင်နှံစုံတို့အား၊ အရောဂံ-ဇြဖြ ဖြာ ဝေဒနာတို့ ကိုယ်မှာရှင်းလင်း အနာကင်းကြရလေအောင်၊ သုခံ-ကိုယ်စိတ် နှစ်ဖြာ ကြည်သာ၍ ဗျာပါမငြိ ချမ်းသာခြင်းရှိကြရလေအောင်၊ အဝေရိက္ကံ-မင်း, ရေ, မီး, ခိုး မချစ်နိုးနှင့် ငါးမျိုးသောရန် မခုခံ ရလေအောင်၊ ရက္ခန္တု-ချင်သားပမာ ကရုဏာဖြင့် ရှုကာရွေး ကောက် ဘေးမရောက်ရအောင် စောင့်ရှောက် နိစ္စ မ,တော်မူကြ ပါစေသတည်း။

## ဒေဝတာသယုတ် အဋ္ဌကထာ

ဒုက္ခပတ္တာစ နိဒ္ဒုက္ခာ၊ ဘယပတ္တာစ နိဗ္ဘယာ။
သောကပတ္တာ စ နိဿောကာ၊ ဟောန္တု
သဗ္ဗေပိ ပါဏိနော။

အနက်။ ။ဒုက္ခပတ္တာစ- ဆင်းရဲခြင်းသို့ ရောက်ကုန်သော၊ သဗ္ဗေပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ ပါဏိနော- သတ္တဝါ တို့သည်၊ နိဒ္ဒုက္ခာစ-ဆင်းရဲခြင်းကင်းကုန်သည်၊ ဟောန္တု-ဖြစ်စေ ကုန်သတည်း၊ ဘယပတ္တာ-ဘေးဥပဒ် နှိပ်စက်ခြင်းသို့ ရောက်ကုန် သော၊ သဗ္ဗေပိ- အလုံးစုံလည်း ဖြစ်ကုန်သော၊ ပါဏိနော- သတ္တဝါတို့သည်၊ နိဗ္ဘယာစ-ဘေးဥပဒ် ကင်းကုန်သည်၊ဟောန္တု- ဖြစ်စေကုန်သတည်း၊ သောကပတ္တာ- စိုးရိမ်ခြင်းသို့ ရောက်ကုန် သော၊ သဗ္ဗေပိ- အလုံးစုံလည်း ဖြစ်ကုန်သော၊ ပါဏိနော- သတ္တဝါတို့သည်၊ နိသောကာစ- စိုးရိမ်ခြင်း ကင်းကုန်သည်၊ ဟောန္တု- ဖြစ်စေကုန်သတည်း။

## ဒေဝတာသံယုတ် အဋ္ဌကထာ

ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။

**အနက်**။ ။သဒ္ဓါယ-ကံ, ကံ၏အကျိုးကို ယုံကြည်သဖြင့်၊ ဒါနံ-အလှူဒါနကို၊ ဒဒန္တု-ပေးလှူကြစေကုန်သတည်း၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ သီလံ-သီလကို၊ ရက္ခန္တု-စောင့်စေကုန်သတည်း၊ ဘာဝနာဘိရတာ- ကမ္မဋ္ဌာန်း ဘာဝနာ၌ လွန်စွာ မွေ့လျော်ကုန်သည်၊ ဟောန္တု-ဖြစ်စေကုန်သတည်း၊ အာဂတာ-ဤမင်္ဂလာသဘင် ဆင်ယင်ကျင်းပရာ အဇုပ်သို့ ချီးမြှင့်ခြင်းငှာ လာရောက်ကြကုန်သော၊ ဒေဝတာ- နတ်မင်း နတ်မြတ် နတ်ထက် နတ်အပေါင်းတို့သည်၊ ဂစ္ဆန္တု-မိမိနေရာ ဘုံဗိမာန်ဌာနသို့ ရွှေစကြာယာဉ်ရထားဖြင့် ပြန်သွားကြွမြန်းတော်မူကြပါကုန်လော့။

## အထက်နတ်နှင့် အောက်နတ်တို့ကို ရောပြွမ်း၍ ပသနည်း လင်္ကာသွားဖြင့် ပြပေအံ့

ဩြောင်းနမောဘဂဝါ- မြင့်ဖျားအထက် ဘဝဂ်အနန္တ အာကာသဝယ် နေ့လမွမ်းဖြင် အိုနဇော်ရှင်တို့....ထွဋ်တင်ရောင်ဝါ တုသိတာ၌ တေဇာပြင်းထန် တန်ခိုးဝှန်မျှ မေတ္တေယျ အထွဋ်အလောင်းတော် နတ်သား၊သောတာပန် သကဒါဂါမ် အနာဂါမ်နတ်သား၊ သိကြား ဗြဟ္မာ ဇောဲလောကပါလာ သာသနာ ငါးထောင် စီးပွားဆောင်ထ ရက္ခဘုမ္မာ အာကာသစုံး နေလနက္ခတ် များမြတ်တာရာ မည်သာတွင်ထ ပုဏ္ဏကနှင့် တေဇကျော်ရှိန်

အသူရိန်၊ အသူရာ ရှောဝရုဏ် ဝိသကြုံက၊ ပဇ္ဇုန္န သူရသဿတိ စန္ဒိ ပရမိဿ မဟာပိန္နဲ ခပဲများစွာ မဏိမေခလာ မဟာဝသဝရော တာနောယက္ခ တေရင္ဓ ဝိရူဠှက ဝိရူပက္ခ ကုဝေရနှင့်တေဇပြင်းစွာ ကဝါလမိုင်း ကြီး လှိုင်းခွန်အား ဂြိုဟ်ရှစ်ပါးနှင့် နဂါးဂဠုန် ကုမ္ဘာန် ယက္ခ ဂန္ဓဗ္ဗနှင့် သဗ္ဗလူဝယ် ကိုးကွယ်သောင်းသောင်း နတ်များ ပေါင်းတို့ ကောင်းသားမင်္ဂလာ ပေးနေစေငှါတည့်- ကြောင်းဇေ ယျတု၊ အောင်သောဆုကို ယခုဤသို့ ပေးစေသတည်း၊ ကြောင်း သဗ္ဗမင်္ဂလံ ဟောတိ ဟောတိ ဣမံ ဘတ္တံ ဘုဉ္ဇာဟိ ဘုဉ္ဇာဟိ။

သိကြားဗြဟ္မာ ပဇာပတိ မာတလိပဇ္ဇုံ ဝိသကြုံ ဝိရူနာမ် ဣဿာနဟု ဒေဝထွင်ရှား နတ်လေးပါးတို့ စတုလောကပါလာ မဟာတေရင္ဓ ဝိရူဠှက ဝိရူပက္ခ ကုဝေရနှင့် ခေါ်ကြမည်သာ သူရသဿတိ စန္ဒိပရမိဿ မဟာပိန္နဲ နတ်ရဲဂေါရမန္ဒ မဟာဘုမ္မဇိုး ရုက္ခဇိုး အာကာသဇိုး တန်းခိုးထင်ရှား နဂါးဂဠုံ ကုမ္ဘာန်ယက္ခ ဂန္ဓဗ္ဗနှင့် ဝသာဝရော တာနောယက္ခ ပုဏ္ဏကနှင့် ကြီးလှ တေဇာ သမ္မာဒိဋ္ဌိသောင်း နတ်အပေါင်းတို့ ကျိုးကြောင်းပြသ ကိုယ်ကိုင်မရှိ တက္ကမသစ် တရာ့ရှစ်ပါး ဘေးရန်တားသည် နတ် များအပေါင်း ဂြိုဟ်ပြောင်းနတ်မင်း မကြွင်းအစဉ် ဆဲ့နှစ်ခွင် အကုန်လူ့ဘုံဘုံရိုး အစဉ်စိုးသည် ဘိုးတော်သိကြား ပုပ္ပားပျော်မှီး တောင်ကြီးရှင်တည့် အတွင်း ၃၇-မင်း အပြင် ၃၇-မင်း အတွင်း နတ် အပြင်နတ် မပြတ်မြဲလျှ တိုင်းစကြာဝဠာ ကမ္ဘာဘာတွင် သင်္ချာသင်္ချေ့ ရေသည်များလှ အနန္တတည့် စောင့်ထဲ့စွာ နတ် တကာတို့ ဒေဝါစုံစီ အညီခယွင်း စောင့်တုံလျင်းသည် ရှင်ရင်း ယခု မ စေသော်။

(တူရိယာမပါလျှင် ဤတွင်ဖြတ်၊ တူရိယာပါလျှင် ရှေ့ဆက်)

ဤမင်္ဂလာသဘင်ပွဲကြီး ဆင်နွှဲကျင်းပရာဌာနသို့ လာကြွချီးမြှင့်ပါမည့် အကြောင်းနှင့် ခွင့်တောင်းဖိတ်မံသဖြင့် ဗိမာန်ဉယျာဉ် သစ်ပင်တောတောင် ဂူချောင်ရိပ်မြုံ ရဂုံစိမ့်မြိုင် ဥမင်လိုဏ်နှင့် ဂနိုင်ဟေမာ သမုဒ္ဒရာမြစ်ပေါင်း အိုင် ချောင်းတံတားတံခါး အိမ်ခြံ ရေကန် ရေတွင်း အင်းပြင်စရပ် ပြာသာဒ်တန်ဆောင်း၊ သိမ်ကျောင်း၊ တံတိုင်း တိုင်းမြို့ပြည်ရွာ မြဲတည်ပါသော နတ်မြတ်အပေါင်းတို့သည် ကောင်းကျိုးကို တင်ပတ္ထနာ၍မို့ မင်္ဂလာခံ သတို့သား သတို့သမီး မောင်နှံစုံတို့က—

ဘောဇဉ်ငါးဖြာ နတ်သြဇာနှင့် ကပ္ပိယကာရ အဆီရွှတဲ့ အရသာ၊ ခုဝစ္စာ တခါကျွေးပါပေါ့ ဘေးပလို့ ရန်ကင်းကွာအောင် ဖန်ဆင်းကာ မြောက်အောင် မလိုက်ပ တောင်ဒက္ခိသပြေညာက ဒေဝရာဟူသမျှရယ်တို့ ကြူမပါဆိုဒါ နှိုးဆော်လို့ပြီးပါပေါ့ ဘိုးတော်ကြီးအစတည်၍ နဂရတလိ ဘိသေကရယ်နှင့် ရှိလေသမျှ နတ်တွေ ဂုဏ်ဟိတ်လျှံစေဖို့ ဘုံဗိမာန် ကိုယ့်ဌာနဆီသို့ မချွဲဘယာပကာ ရန်မသီအောင် ပြန်လည်ကြွမြန်းတော်မူပါမည့် အကြောင်း ကောင်းမြတ်သော နတ်အရှင်တို့က မြတ်သဘင် အကျိုးမျှော်လျက် နှိုးဆော်ကာ ဘိုးတော်က မပါလိမ့်၊ တမျိုးပျော်စရာ မနောမယစေတ်ခံနှင့် ဟောသမျှ မြတ်မေ့ကို မှတ်ဉာဏ်နှင့်ချဲ့ပြီး ကဲဆရာ့ဆရာများရယ် လောကနတ်သံ ဆိုဒါဖွဲ့တော်မူစေ်းဗျား။

(တူရိယာဆရာများက ခန့်ညားသော မဟာဂီတနတ်ပင့်ကြိုးများကို တီးရမည်၊ ဥပမာ ပုံနှုန်းဝတိန်သာ နတ်ပင့်ကြိုး၊

ရွှေနန်းအောင်မြေ-ရင်းကြိုး၊ မာလဝိဇန္တာ မွှေးမွှေးသင်းသင်း၊ ဒေဝဋ္ဌာနတ်ကြိုး၊ ဇမ္ဗူသိင်္ဂါပြိုးပြက်-နတ်ပင့်ကြိုး၊ လောကနတ်သံမခါ သောင်းလုံးမြေလျှံ ရင်းပြင် နတ်နှင့် ဆိုင်ရာသီချင်းတို့ကို တီးမှုတ်နိုင်ကြရမည်။)

စုံလင်အောင် အပြည့်အစုံ ထည့်လိုက်သည်၊ သင့်လျော်သလောက် ထုတ်နုတ်၍ သုံးကြလေ။

## ဆုံးမခန်း

ဤအခန်းမှာ- အစီအစဉ်တွင်ပါဝင်သော်လည်း မင်္ဂလာပွဲတိုင်းမှာလိုပင်• အချိန်မရသဖြင့် ချန်လှပ်ခဲ့ရသည်သာ များလေသည်၊ သို့ပင်ဖြစ်လင့်ကစား ဤကျမ်းသည် ဆရာဖြစ်သင်သောကျမ်းဖြစ်၍ တတ်ထိုက်သည့် ပညာဖြစ်သည်အားလျော်စွာ ဆရာတဆူ ပြုလုပ်မည့်သူတို့ အလိုရှိက သုံးနိုင်ရန် ထည့်သွင်းဖော်ပြပေအံ့။ (မင်္ဂလာပွဲတို့တွင် အချိန်မရက• ချန်လှပ်ခဲ့ပါ။)

ဝနဥ္စယသဌေးကြီး၏ သမီးဝိသာခါကို မိဂါယသဌေးသား
ပုဏ္ဏဝဍ္ဍန နောက်သို့ ထည့်လိုက်မည့်အခါ
ဟောကြားလိုက်သော

## ဩဝါဒ ဆယ်ပါး

အန္တော သသုရဿ ကုလေ ဝသန္တိယာ နာမ၊
အန္တောအဂ္ဂိ ဗဟိ နနီဟရိတဗ္ဗော, ဗဟိအဂ္ဂိ
အန္တော နပဝေသိတဗ္ဗော, ဒဒန္တဿေဝ
ဒါတဗ္ဗံ,အဒဒန္တဿ နဒါတဗ္ဗံ,ဒဒန္တဿာပိ

အဒဒန္တဿာပိ ဒါတဗ္ဗံ, သုခံ နိသီဒိတဗ္ဗံ,
သုခံ နိပဇ္ဇိတဗ္ဗံ,သုခံ ဘုဉ္ဇိတဗ္ဗံ,အဂ္ဂိ ပရိစရိ
တဗ္ဗော, အန္တောဒေဝတာ နမဿိတဗ္ဗာ —
ဟု လာပါသည်။

အနက်။ ။အမှ-စိန်မြကုံးသွင် စိတ်ဝယ်ထင်၍ ရှုမြင်မငြီး ချစ်သမီး၊ သသုရဿ-ယောက္ခမ၏၊ ကုလေ-အိမ်၌၊ ဝသန္တိယာ နာမ-နေသောသူတို့မည်သည်ကား၊ အန္တောအဂ္ဂိ-အတွင်းမီးကို၊ ဗဟိ-အပြင်သို့၊ နနီဟရိတဗ္ဗော- မထုတ်အပ်၊ ဗဟိအဂ္ဂိ- အပြင်မီးကို၊ အန္တော- အတွင်းသို့၊ နပဝေသိတဗ္ဗော- မသွင်းအပ်၊ ဒဒန္တဿေဝ- ပေးလာသော သူအားသာလျှင်၊ ဒါတဗ္ဗံ- ပေးအပ်၏၊ အဒဒန္တဿ- မပေးလာသောသူအား၊ နဒါတဗ္ဗံ- မပေးအပ်၊ဒဒန္တဿပိ-ပေးသည်မူလည်းဖြစ်စေ၊ အဒဒန္တဿာပိ- မပေးသည်မူလည်းဖြစ်စေ၊ ဒါတဗ္ဗံ-ပေးအပ်၏၊ သုခံ-ချမ်းသာ စွာ၊ နိသီဒိတဗ္ဗံ-နေအပ်၏၊ သုခံ-ချမ်းသာစွာ၊ နိပဇ္ဇိတဗ္ဗံ- အိပ်အပ်၏၊ သုခံ-ချမ်းသာစွာ၊ ဘုဉ္ဇိတဗ္ဗံ-စားအပ်၏၊ အဂ္ဂိ- မီးကို၊ ပရိစရိတဗ္ဗော- ရိုသေလေးမြတ် လုပ်ကျွေးအပ်၏၊ အန္တောဒေဝတာ- အိမ်တွင်းနတ်ကို၊ နမဿိတဗ္ဗာ- ရိုသေစွာ ကိုးကွယ်အပ်၏။

## ထိုဆယ်ပါး အဓိပ္ပါယ်မှာ

၁။ အတွင်းမီးကို အပြင်မထုတ်အပ် ဟူသည်မှာ-ချစ်သမီး, ယောက္ခမနှစ်ပါး လင်သားတို့၏ မကောင်းသော အပြစ် တို့ကို အပြင်သို့မထွက်စေဘဲ လုပ်ကျွေးပါလေ၊

၂။ အပြင်မီးကို အတွင်းသို့မသွင်းအပ် ဟူသည်မှာ— သူတပါးတို့၏ မကောင်းခြင်းကိုလည်း ထိုသူတို့အား မပြောအပ်။

၃။ ပေးတတ်သော သူကိုသာလျှင် ပေးပါလေ ဟူသည်မှာ— မိမိထံ၌ ချေးငှါးသော ပစ္စည်းတို့ကို ပြန်၍ ပေးတတ်သော သူကိုသာလျှင် ပေးပါလေ။

၄။ မပေးတတ်သောသူကို မပေးပါလေနှင့် ဟူသည်မှာ— မိမိထံ၌ ချေးငှါးသော ပစ္စည်းတို့ကို ပြန်၍ မပေးတတ်သောသူကို မပေးပါလေနှင့်။

၅။ ပေးသည်ဖြစ်စေ မပေးသည်ဖြစ်စေ ပေးသာပေးပါလေ ဟူသည်မှာ-မယားဖက်က ဆွေမျိုး၊ လင်ဖက်က ဆွေမျိုးတို့အား အထိုက်အလျောက် ပေးကမ်းချီးမြှင့်ပါလေ။

၆။ ချမ်းသာစွာ နေအပ်၏ ဟူသည်မှာ— အရိုအသေ အလေးအမြတ် ပြုအပ်သောသူတို့ လာလတ်သော် မြင့်မြတ်သော နေရာများ၌ မနေအပ်။

၇။ ချမ်းသာစွာ အိပ်အပ်၏ ဟူသည်မှာ— ယောက္ခမ မိဘ လင်သားတို့နောက်မှ အိပ်ပါလေ။

၈။ ချမ်းသာစွာ စားအပ်၏ ဟူသည်မှာ— ယောက္ခမ မိဘ လင်သားတို့နောက်မှ စားပါလေ။

၉။ မီး သုံး ပါး ကို ခ ပြတ် လုပ် ကျွေး လေ ဟူ သည် မှာ— ယောက္ခမ မိဘ လင်သား တို့သည် မီးနှင့်တူသော ကြောင့် ထိုမီးသုံးပါးကိုလည်း ရိုသေစွာ လုပ်ကျွေးပါလေ။

၁၀။ အိမ်တွင်းနတ်ကို မပြတ်ကိုးကွယ်လေ ဟူသည်မှာ—
ယောက္ခမ မိဘ လင်သားတို့သည် အိမ်တွင်းနတ်နှင့် တူသောကြောင့် ထိုအိမ်တွင်း နတ်ကိုလည်း မပြတ် ကိုးကွယ်ပါလေ။

ဤသည်ကား ဓနဉ္စယ သဋ္ဌေးကြီး၏ ဩဝါဒ ဆယ်ပါး တည်း။

ထိုဩဝါဒဆယ်ပါးသည် မိန်းမများသာလျှင် လိုက်နာ ထိုက်သည်မဟုတ်၊ ယောကျ်ားမှာလည်း ယောကျ်ားအလျောက် လိုက်နာထိုက်လေသည်၊ ဥပမာ-မိန်းမသည် ယောကျ်ားအား ပတိ ဗ္ဗတ ထားရသော်လည်း 'ယောကျ်ားမှာမူ လင်ဝတ်ငါး ပါး မယားဝတ်ငါးပါးအလျောက် မပျက်အောင် စောင့်ရှောက် ၍ ထိုဆယ်ပါးကို ကျင့်သုံးရလေသည်၊ မိန်းမနှင့်သာ ဆိုင်သည်, ယောကျ်ားတို့နှင့် မဆိုင်ဟူ၍ မယူမှတ်အပ်၊ ယောကျ်ားတို့သည် လည်း ယောကျ်ားတို့နှင့်ဆိုင်ရာ လိုက်နာ ကျင့်သုံးရလေသည်၊ ဝါ-လိုက်နာကျင့်သုံးကြပါကုန်၊

သမ္မစနမာနာယ အဝမာနာယ အနတိစာရိယာယ ဣဿ ရိယဝေါဿဂ္ဂေန အလင်္ကာရာ အနုပ္ပဒါနေန ဣမေဟိခေါဂဟ ပတိပုတ္တ ပဉ္စဟိဋ္ဌာနေဟိ သာမိကေန ပစ္စုပဋ္ဌိတဘရိယာပစ္စု ပဋ္ဌာ ဟူ၍ ဒီဃနိကာယ် သိင်္ဂါလောဝါဒသုတ္တန်၌ ထုတ်ပြန်ကာ ဟောကာ ပြခဲ့သည့် ဩဝါဒကို ထောက်ထားလျက် ယောကျ်ား ကလေးသည် အလုပ်အကျွေးဖြစ်သော မယား၌ ''မထီမဲ့ကင်း အပ်နှင်း ဥစ္စာ မိတ္တာမမှား ဝတ်စားဆင်ယင် မြတ်နိုးခင်သည် လင်၌မမှား ဝတ်ငါးပါး'' ဟူသည်နှင့်အညီ မိမိ၏ သားမယား၌

ကြီးစွာသော မြတ်နိုးခြင်းကိုပြု၍ အရေးတာခု အလေးမပြုဘဲ ဂရု
မထား မိသနားမချစ်ခင် မထိမ်မြင် မပြုခြင်း, အထင်အရှား
တလင်တမယားအပြင် လင်သားဟူသောဂုဏ်နှင့် လျော်ညီစွာ
လော်လီခြင်းငါးပါးတည်းဟူသော အတိစာရိတ အမှုကိုမပြုခြင်း,
စီးပွားဥစ္စာ ဖွေရှာသမျှ ငွေသပြာဓနတို့ကို ကျနစွာ အမှတ်
စာရင်းဖြင့် အပ်နှင်းလွှဲပုံ အမြဲယုံကြည်ခြင်း, ဝတ်စားတန်ဆာ
ရတနာတို့ဖြင့် ကောင်းစွာဆင်ယင်ခြင်း, ယင်းသို့မချွတ် အစဉ်
ညွှတ်လျက် လင်ဝတ်ငါးပါး တရားများကို မယားသား၌ညီစွာ
ကျင့်လို့မို့ ကြည်သာသဖြင့် အသရေမမေ့ဘဲ ရွှေငွေသူဌေး
အစားကံကြွေးတို့ဖြင့် ပတ္တမြားသာရေးကြီး ဖြစ်ကြပါစေသော်။
"သုသံဝိဟိတ ကမ္မန္တာစဟောတိ သံဂဟိတာ ပရိဇာနနာစ
အနတိစာရိနိစ သမ္ဘတံ အနုရက္ခတိ ဒက္ခာစဟောတိ အနလသာ
သဗ္ဗကိစ္စေသု" ဟူ၍ သိင်္ဂါလောဝါဒသုတ္တန်၌ ဗုဒ္ဓ၏မိန့်ချက်ကို
ဦးထိပ်၌အကြိမ်ကြိမ်သွင်းလို့မို့ "အိမ်တွင်းမှုလုပ် သိမ်းထုပ်သော
ချာ မိစ္ဆာကြဉ်ရှောင် လျော်အောင်ဖြန့်ချိ ပျင်းရိမမှု ဝတ်ငါးဆူ
အိမ်သူမယ်လျ ကျင့်အပ်စွ" ဟူသည်နှင့်အညီ အလိမ္မာနှင့်အိမ်မှာ
ကိစ္စဟူသမျှတို့ကို တခုမကျန် လုပ်ကိုင်ဆောင်ရွက်ခြင်း, အကြမ်း
သုံး အကောင်းသုံး ခေါင်းအုံးတမျိုး၊ ပုဆိုးထမီ အင်္ကျီပုဝါ သော
အချာဖြင့် နေရာမြတ်ယုတ် ဟုတ်မဟုတ် သင့်မသင့် အခွင့်လျော်
မလျော် တော်မဆော် မတိမ်းမလွဲရအောင် သိမ်းဆည်း သိုမှီး
မှုတို့၌ ကြည့်ရှုမျှော်မြင်တတ်ခြင်း၊ အပြစ်ခြောက်မည် ခုလော်လီ
ငါးပါး စရိုက်တရားရှိုး၌ လိုက်စားမရှိ အတိစာရိတလွတ်ကင်း၍
မချွတ်ယွင်းခြင်း၊ ရွှေငွေစပါး ကျွန်နွားလယ်ယာ ရတနာထိန်
တောက် စိန်နှင့်ကျောက်တို့ကို စောင့်ရှောက်ခေါ် ထိန်းသိမ်း

သဖြင့် မတိမ်းမယိမ်းမပျက်မပြုံးရအောင် အသက်ထက်ဆုံးကြည့်ရှု၍ သတိပြုခြင်း၊ လုပ်ရန်လုပ်ခင်း မှုတင်းလင်းတို့၌ မပျင်းမရိ မတွန့်မတို မငြိုမငြင်ဆောင်ရွက်ခြင်း၊ ယင်းသည့်ငါးပါး ဝတ္တရားတို့၌ ချွတ်မှားခြင်းမရှိ ယင်သားဏ်အပေါ်တွင် ရိုရိုသေသေ ကျေကျေညာညာ ပြုငှာအထူး ကျေးဇူးတင်ဆို ဖြစ်မသိဘဲ ချစ်ကြည်ညို၍ ကုသိုလ်ကောင်းမှု တူညီနိုင်းလျက် နေ့တိုင်းပြုလို့ မို့တောင်းဆုစိတ်သန် အဓိဋ္ဌာန်ဖြင့် နိဗ္ဗာန်ရောက် နှစ်ဦးပြိုင်ပြီး ကူးနိုင်ကြသည် ဖြစ်စေသော်။

ရှေးကျမ်းဟောင်းစကားအလာမှာ ဝိသာခါနှင့် ပုညဝဍ္ဎန သင့်ရသားတို့ ပေးစားထိမ်းမြားသော်အခါ ဝိသာခါကို အဘ ဓနဉ္စယက သင်ပြသောနည်း အတွင်းမီး အပြင်မထုတ်ရာ, အပြင်ပီးအတွင်းမသွင်းရာ ဆိုသော်ယုံး လက်သုံးအမြဲ တကဲမှိုငြမ်းနည်းလမ်းဥပဒေသကို နေရာတကျလိုက်နာ၍ နှစ်ဖြာသော အမိအဘတို့၏ မကောင်းသတင်း အကြောင်းအခြင်းများကို ပြင်ပသို့ ထုတ် နှုတ်၏စောင့်စည်းခြင်းကင်းသဖြင့် စကားတင်းဖွဲ့၍ ကဲ့ရဲ့ ဖြစ်တင်စကားကို ပြောကြားတီးတိုး မပြုနှင့်၊ "ကြက်မသွားများပါ, မိန်းမသွား စကားပါ" လာသည်ရှေးရိုး အတိုခိုးလျက် အကျိုးမရှိသောစကား ပြော၍ကြားလည်း သူတပါးတို့၏အပြင်မီးကို အိမ်ထဲသို့ မသွင်းနှင့်၊ ယောက္ခမ မိဘတို့၏ ဂုဏ်ထူးလင်ကျေးဇူးကို အတူးရှာတင် ဖြစ်မမြင်ဘဲ ချစ်ခင်ကြည်ညို ရိုသေလေးမြတ် အရှိန်ထူးသည့် အိမ်ဦးနတ်ကို မှန်မြတ်ချီအေးစားဦးကျွေးလျက် မြတ်လေးယုယ ဆုံးမလိုက်နာ ချီသာစကားနာဖျားရောဂါရှိသောခါ၌ ညှာတာငဲ့ကွက် ခြေလက်ဆုပ်နယ်

အိမ်ဝယ်ကိစ္စ ရှိသမျှကို စေ့ငှအောင် မချွတ်မမှားသဖြင့် ဝပ္ပါရေး နှင့် ပြည့်စုံလျက် နတ်ဘုံသို့လှမ်းနိုင်ရန် ကျမ်းဂန်နှင့် ညီညွတ်ဖို့ ဤဝတ်တို့နှင့် မခြားမနားရအောင် မယားအပြားမှာ ခုနစ်ပါး လာရှိပါသည်။

## မယားအပြား ခုနစ်ပါးကိုပြခြင်း

"ဝဓက စောရ အယျကနှင့် နှမ အမိ ဒါသီ အဆွေ ပြားထွေသတ္တ ရှေးသုံးဝကို သားစသိမ်း ပွားစည်းပါစေ စွန့်ထိုက် ချေ၏၊ သက်ဝေပြာထွား ကျန်မယားကို နေစားသက်ပန် ယင်းတွင်ကျန်ကို အမြတ်ဆို၏" ဟု လာရှိသည့်အတိုင်း....

မယားအပြား ခုနစ်ပါးရှိရာတွင် ဝဓက- သူသတ်နှင့် တူသောမယား၊ စောရ-ခိုးသူနှင့်တူသောမယား၊ အယျက- အရှင်သခင်နှင့် တူသောမယား၊ ဘဂိနီ-နှမနှင့် တူသောမယား၊ မာတာ-အမိနှင့်တူသောမယား၊ ဒါသီ-ကျွန်နှင့်တူသောမယား၊ သခီ-အဆွေခင်ပွန်းနှင့် တူသောမယား ၇-ပါးတည်း၊ ထို၇-ပါး တို့တွင်—

၁။ မိမိ လင်သားနှင့် တုတ်ခေးစွဲကိုင် ဆိုင်ပြိုင် ရန်တု ထောင်းထု သတ်ဖြတ် ယုတ်ယုတ်မာမာ လွန်စွာရှုံ့ရင်း ကြမ်းတမ်းသော မယားသည် သူသတ်နှင့် တူသော မယားမည်၏။

၂။ မိမိလင်သား မသိအောင် ယူဆောင် ခိုးညစ် ကောက် ကျစ်လော်လီ လိမ်လည်ပြောကြား ခိုးဝှက်၍စားတတ် သော မယားသည် ခိုးသူနှင့်တူသော မယားမည်၏။

၃။ အရှင်သခင်တို့သည် အိမ်တွင် စေခိုင်းသော ကျေးကျွန်တို့ကို နှိပ်နှိပ်နှာနှာ မညှာ မသနား ပြောကြား ရိုင်းစိုင်းခိုင်းစေသည့်အတူ မိမိလင်သား အပေါ်၌ ကလူနိုင်ထက် နှိပ်စက်အော်ငေါက် မကြောက်မရွံ့ ဝံ့ဝံ့စားစား စိတ်ထားမာန်ဝင် ဖိစီးချင်သော မယားသည် အရှင်နှင့်တူသော မယားမည်၏။

၄။ မိမိလင်ကို ရိုသေရှက်ကြောက် ရွှေနောက်တိုင်းထွာ ချိုသာစကား စိတ်ထားနှိမ်ချ လိမ္မာလှသော မယားသည် နှမနှင့်တူသော မယားမည်၏။

၅။ မိမိလင်ကို ကြင်နာစွာ ယုယပိုက်ဖြား ရင်ဝယ်သားကဲ့သို့ သနားတတ်သော မယားသည် အမိနှင့်တူသော မယားမည်၏။

၆။ အိပ်သော်နောက်ကျ ထသော်ကားရှေ့ ပေးမှယူတတ် စေစပ်ဆောင့်ရှက် ကျေးဇူးမြွက်တတ်သော မယားသည် ကျွန်နှင့်တူသော မယားမည်၏။

၇။ လူတို့သည် မိမိတို့၏ အဆွေခင်ပွန်းနှင့် အလွန်တရာ ချစ်ကျွမ်း အရောဝင်ဘိသကဲ့သို့ မိမိလင်ကို ခင်မင်ရော့ပြုံး စိတ်ဝမ်းမနော သဘောအထား မကွဲပြားဘဲ အစားပေးကမ်း ခွဲခြားဝေဘန် ချောင်လိမ္မာသော မယားသည် အဆွေခင်ပွန်းနှင့်တူသော မယားမည်၏။

ထိုကြောင့် အစုသံခိပ်ဓမ္မသတ်၌ "အမိဇာမျှ နှမ မယွင်း ခင်ပွန်းတသွယ် ကျွန်နှယ်လေးဖြာ မယားမှာကား၊ နိမ္မာနတ်ပြည် ရောက်မြဲမည်၏၊ ယင်းသည် လေးသွယ် မယားဝယ်လည်

ကျွန်နှုယ်အလား ထိုမယားမူ ယောကျ်ားဆုပန် နိဗ္ဗာန်ဆုဖော်တောင်း တောင်းကမလွတ် မချွတ်တူသည် ပြည့်မြဲမည်၏၊ အမိလည်းရ နှမ လည်းမှန် ခင်ပွန်းလည်းမည် ကျွန်ရာတည်၍ မွေးသည်သားတူ လေးမြတ်ပြုလျက် ရှက်မှုကြဉ်ရှောင် မောင်၏ပမာ ချမ်းသာ ဆင်းရဲ လူးလဲပြန်ဖောက် စိုးရိမ်ရောက်သော် သွေးသောက်သနင်း ဆွေရင်းအသွင် ဝတ်စားပြင်မှု သခင်အလား ငါ့အား ရှိညွှတ် လုပ်ကျွေ တတ်သည် ကောင်းထွတ်စမွာယ် သားများမယ်ကား နှိုးနွှယ်တရား လျော်သတည်း” ဟူ၍ လာသည်နှင့်အညီ—

မသေသမျှ လောကအတွင်း ပျင်းပေါ့သူကို ကင်းအောင် ခွာ၊ လောင်းစာ၊သေစာကို ဖော်စွာကြဉ်၊ ဆရာသခင် အရှင်နှစ်ပါး မိဘများကို မုန်းထားမာန်မျက် စိတ်ထွက်အောင် မပြုနှင့်၊ သူကျေးဇူးကို အထူးသိလေ၊ ဆွေလူမျိုးဝတ်ကိုကြေစေ၊ အဆွေမိတ်ကောင်းကိုလည်းရှာဖွေ၊ ကာမဂုဏ်ကြောင့်လည်း မရှူးနှင့်၊ ဥစ္စာဂုဏ်ကြောင့်လည်း မမြူးနှင့်၊ ကျေးဇူးမသိတတ်သည့်ခင်ပွန်း ပျက်ကိုပယ်၊ အလယ်အလတ်ကျအောင်ကြံ၊ ကံကိုချည်းလည်း မရိုးနှင့်၊ ဉာဏ်ကိုချည်းလည်း မကိုးနှင့်။

လောက၌ ယောကျ်ားဟူသော အမည်ဖြင့် အားလျော်စွာ ခန့်ညားသော ရူပသိက္ခာဂုဏ်နှင့် ဗဟုသုတပညာစွယ်စုံ ပေါက်လျက် ထောက်ထောက်ထားထား သားမယားကို သနားကြင်နာ ယုယစွာဖြင့် ချမ်းသာရာ ချမ်းသာကြောင်း လောကီကောင်း လောကုတ္တရာကောင်း ဖျောင်းဖျောင်းဖျဖျ သွန်သင်ဆုံးမ၍ အကျိုးသင့်အကြောင်းသင့် နှိုင်းချင့်ထောက်စာ “လိမ္မာရေးခြား စကားချေင် သည်းခံဆိုးမျိုး အပိုးသေသေ မျိုးတူချင်းမှ နှင်းပါ

ကြဟု မိန့်ဟဲပေသည်၊ ပုံဇာနည်းမှာ ဖွဲ့စည်းမြဲအောင် အိမ်ယာထောင်သော် ချည်နှောင်မယား ကြိုးတပ်ါးတွင် မြေးသားဆင့်လွန် ပတ်တုံပြန်မူ လျင်တန်ရက်ရက် ခွာနိုင်ခက်၏၊ တချက်ရန်မိတ် တင်းဇွတ်မှိတ်လည်း ကိုယ်စိတ်မလိုက် မိန်းမမိုက်နှင့် ချစ်ကြိုက်မိလျက် အကွာခက်သည် ရတက် အပြန် တရာ ပို၏တည်း" ဟူ၍ ဆိုလေသည်။

"ထိုပြင် တနည်းမှာလည်း ယူရေးလူရာ လေ့လာမကျွမ်း လူသွမ်းစတေ လူခြေစုံစမ်း နှုတ်ခမ်းဖုံ့ဖုံ အတလုံနှင့် မအုံမတက် ရေတွက်မဝင် တိုင်ပင်မရ ဝမ်းဝစားလို ကုသိုလ်မဖြစ် ကျင့်မှုညစ်နှင့် လင်ညစ်လင်ရှုံး လင့်သစ်တုံးကို နှလုံးတိမ်းပေါ့ါး အိမ်ထောင်မှားသော် မယားကိုယ်ရည် နွမ်းပေသည်ဟု လူ့ပြည်မျက်မြင် ကဲ့ရဲ့ထင်၏"

"လူသွမ်းတို့ကား မည်သို့မသိ ပျင်းရိရိလျှင် ရှိသည်ကိုယ်ဖို့ ကုသိုလ်ပို့က ငါတို့နေရာ့စီးပွားလာအံ့ ကြမ္မာကိုချည်း မှတ်ထင်ရည်း၍ ကျင့်နည်းညံ့ဆုံး သူပျက်ထုံးကို နှလုံးမငြိတွယ်စေနှင့်မင်း" (အရို့ပ္ပာယ်ကို မရေးတော့ပြီ ဉာဏ်ချဲ့၍ သုံးကြလေ။)

အမှာ-သိင်္ဂါလောဝါဒသုတ္တန်လာ မိဘဝတ် ငါးပါး, သားသမီးဝတ် ငါးပါး, ဆရာဝတ်ငါးပါး, တပည့်ဝတ်ငါးပါး, လင်ဝတ်ငါးပါး, မယားဝတ်ငါးပါး, အဆွေခင်ပွန်းဝတ် ငါးပါး, တဦးသော အဆွေခင်ပွန်းဝတ်ငါးပါး, သခင်ဝတ်ငါးပါး, ကျွန်ဝတ်ငါးပါး, ရဟန်းသံဃာဝတ်ခြောက်ပါး, ဒါယကာဝတ် ငါးပါး ဟူ၍ အကျဉ်းအားဖြင့် ၆-ပါး,အလတ်အားဖြင့် ၁၂-ပါး အကျယ်အားဖြင့် ၆၁-ပါး ရှိလေသည်။

ဤဝတ်နိပါတ်တို့ကို ဤနေရာ၌အကျယ်ပြလျှင် ရှည်လျားနေချေမည်၊ ဤကျမ်း၏ နောက်ပိုင်းတွင် သီးခြားဖော်ပြပါအံ့။

ကြီးကျယ်သော မင်္ဂလာအခမ်းအနားများတွင် ဤဆုံးမ်ခဏ်းနေရာ၌ ၎င်းအစား "သြဘာစာ" တစောင်ကို စကားပြေဖြစ်စေ, လင်္ကာသွားဖြစ်စေ, ကေပိုဒ်ရတုဖြစ်စေ, ရတုပိုဒ်စုံဖြစ်စေ ရေးသား၍ ဖတ်ကြားနိုင်ပါက "တိုင်းထက်အလှန် တံခွန်နှဲ့ဘုရား" ဆိုဘိသကဲ့သို့ ပိုမိုခံ့ညား၍ ကျက်သရေမင်္ဂလာ ရှိလေသည်၊ နောက်ပိုင်းတွင် ပုံစံနှင့်တကွ ထည့်သွင်း၍ ဖော်ပြပါအံ့၊ ဆရာတဆူ ပြုလုပ်လိုသူတို့ ဆည်းပူးလေ့လာကြပါကုန်။

ဆိုင်းဆင့်—မေဏ္ဍကာ၏ မြီး(မြေး) ဓနဉ္စယ၏ သမီး အထင်ကရအပြီး အတိပါကဋ္ဌဟာမို့ဝိသာခါ ကုမ္မာအလှနှင့် ပုညဝစုန် သဒ္ဒေးသားတို့ ပေးစားသည့် မင်္ဂလာသမယတွင် ဓနဉ္စယ၏ ဟောကာပြလိုက်သော သြဝါဒဆယ်ပါးအလာကို တကယ်မမှားစရာ လိုက်နာကျင့်သုံးကြလျှင်ဖြင့် အမြင့်ဆုံးဘဝ ဘုံစဉ်စံလို့မို့ ဂဠုန်ယာဉ်ပျံပမာ စိန္တာမနောမယ ဗုဒ္ဓဘဂဝါက သိင်္ဂါလောဝါဒသုတ္တန်မှာ ထုတ်ပြန်ကာမချွတ်မမှားရအောင် ငါးပါးသော ဝတ္တရားတို့ကို ညွှတ်တွားကာရိုသေမှု လိုလေသမျှ စည်းစိမ်ဂုဏ်တို့သည် ညီးထိန်အောင် တောက်နေဖို့သကဲ့သို့ ကျက်သရေတိုးကာ အိမ်ထောင်တည်ကာစတို့ကို ဝတိန်ဘောင် မဟီဝလာက နတ်မျိုးအဆင်းကဲ့သို့ အရှိန်အရောင်ညီစွာ ဖြဗ်ဖြိုးတဲ့သီချင်းရယ်နှင့် တသိရ်ဆောင် ဤအခါတွင် အမြတ်တနိုးသွင်းလိုက်ပါရစေတော့ကဲ-ဆရာ့ဆရာများရယ် စိန်ကြောင်နိုလာဆိုတဲ့ ပတ်ပျိုးသီချင်းကြီးဖွဲ့တော်မူစမ်းဗျား—

(ဘူရိယာ ဆရာများက စိန်ကြောင်နီလာပတ်ပျိုး, မဏိကဥ္စနာပတ်ပျိုး, ဇေယျာအောင်စည်ပတ်ပျိုး, ရွှေတော်ဇာစ တိုင်းကြေညာပတ်ပျိုး, ၎င်းပြင် ဘုန်းဖွဲ့ဆိုင်ရာ သီချင်းတခုခုကို တီးနိုင်ကြရမည်။)

## ပစ္စည်းလက်ဖွဲ့ခဏ်း

အမှာ—ဤအခဏ်းမှာ နှစ်ဖက်သော အမိအဘတို့က ပစ္စည်းလက်ဖွဲ့ကြေးနှင့် ပတ်သက်၍ နှစ်ဦးသဘောတူ ကြေကြေနပ်နပ်ပြောဆိုပြီးဖြစ်ခဲ့လျှင် ၎င်းအခဏ်းကို ထည့်သွင်း၍ မသုံးရတော့ချေ၊ ဆုပေးကို ဆက်ပါ၊ ထည့်သွင်းပေးရန်လို့လျှင် အောက်ပါအတိုင်း ရွတ်ပါ။

၎င်းကား။ ။"ကျွေးမွေးမပျက် ငွေဆောင်ရွက်စီမံ မွေခံထိုက်စေ လူမျိုဝေ၍ စောင့်လေးမျိုးနွယ် သားတို့ဝယ် ကျင့်ဖွယ် ဝတ်ငါးဖြာ"ဟူ၍ သားသမီးတို့သည် မိဘတို့အပေါ်၌ စောင့်ရှောက်အပ်သော ဝတ္တရားငါးပါး ရှိသည့်အနက် အမွေခံထိုက်အောင်ကျင့်ရခြင်းဟူသော အချက်တွင် အတိဇာတသား, အနုဇာတသား အဝဇာတသား ဟူ၍ သားသုံးမျိုးရှိသည့်အနက် ၁-အမိအဘတို့ထက် မြင့်မြတ်သောသားကို အတိဇာတသားဟု ခေါ်လေသည်၊ ၂-အမိအဘတို့နှင့် တန်းတူရှိသောသားကို အနုဇာတသားဟုခေါ်လေသည်၊ ၃-အမိအဘတို့အောက် ယုတ်နိမ့်သောသားကို အဝဇာတသား ဟူ၍ ခေါ်လေသည်။

ထိုသုံးမျိုးတို့တွင် အတိဇာတသားနှင့် အနုဇာတသားသည် အမိအဘတို့၏ အမွေအနှစ်တို့ကို ကောင်းစွာခံထိုက်သော

သားများ ဖြစ်ကြလေသည်၊ အဝဇာတသားကား အမိအဖတို့၏ အဆုံးအမကို မနာခံသော သားဖြစ်၍ မိဘတို့၏ အမွေအနှစ်ကို မခံထိုက်သောသား ဟူ၍ ခေါ်လေသည်။

ထို့ကြောင့် ရှေးပညာရှိတို့သည် "ကျေးမွေးမပျက် ဆောင်ရွက်စီမံ မွေခံထိုက်စေ လူမျှဝေ၍ စောင့်လေမျိုးနွယ် သားတို့ဝယ် ကျင့်ဖွယ်ဝတ်ငါးဖြာ ညီစွာလာဘိ အတိဇာတ မှန်မြတ်လှသည့် မိဘထပ်တူ အနုဇာတ ထိုသားလှကား မိဘအမွေခံထိုက်ပေ၏၊ မှတ်သေတဖန် တတန်အဝဇာတ ဆိုးသွမ်းလှ၍ ဆုံးမ မခံ နှုတ်လှန်ပယ်ထိုး အကျင့်ဆိုးကြောင့် အမျိုးအရပ် အမွေပြတ်စေ နှင်ရချေ၏" ဟူ၍ စပ်ဆိုဘော်မူကြလေသည်။

ထို့ကြောင့် သားသမီးတို့၏ ငါးပါးသော ဝတ္တရားနှင့် လျော်ညီစွာ ပြည့်စုံညီညွတ်ကြပေသည်လည်း တချက်, သားသုံးမျိုးတို့တွင် မိဘထက်လွန်မြတ်၍ ရဟန်းသံဃာ တည်းဟူသော အတိဇာတသားပင် မဟုတ်သော်ငြားလည်း မိဘတို့ အောက် ယုတ်နိမ့်ခြင်းမရှိ အမိအဘတို့နှင့်တန်းတူ အမူအရာ ပညာအမြင် ဆင်ခြင်တိုင်းထွာ နှိုင်းစာကြံစည် ညာဏ်ရည်ညာဏ် သွား စကားပြေချော ပြောဟောလိမ္မာ ချိန်စာသမူ အနုဇာတ မိဘအမွေခံထိုက်ပေငြား သားနှစ်ပါးတွင် တပါးဝင်ပေသည်ဟု ဆင်ခြင်သုံးသပ် ဆုံးဖြတ်ရပေသည်၊ ထိုနည်းအတူ မိဘတို့မှာလည်း ဝတ္တရားငါးပါး ရှိသည်အလျောက် "မကောင်းမြစ်တား ကောင်းရာညွှန်လတ် အတတ်သင်စေ ပေးဝေနှီးရင်း ထိမ်းမြားခြင်းလျှင် ထိုငါးအင် ဘခင်မယ်တို့တာ" ဟူသည်နှင့်အညီ မကောင်းသော အရာဟူသမျှ၌ တားမြစ်ရခြင်း, ကောင်းရာသို့ ညွှန်ပြရခြင်း,

အတတ်ပညာ သင်ကြားပေးရခြင်း, အရွယ်ရောက်သောအခါ သင့်လျော် လျောက်ပတ်သောသူတို့နှင့် ထိမ်းမြားရခြင်း,ထိမ်းမြား ပြီးသည့်အခါ အရင်းအနှီးတည်းဟူသော ဒာမေွအနှစ်ပေးရခြင်း ဟူ၍ဆိုပါသည်၊ မည်သည့်အခါမျိုးမှာ ပေးရပါသနည်းဟူမူ—

ကာလသမယေ ဒေန္တိနာမ သိခါဠပန
အာဝါဟ ဝိဝါဟာ ဒိသမယေ ဒေန္တိ။

ဟူ၍ ဒီဃနိကာယ် သိင်္ဂါလောဝါဒသုတ္တန်၌ ထုတ်ပြန် တော်မူပါတယ်။

အနက်။ ။ကာလသမယေ-အချိန်ရောက်လာ ထိုအခါ၌၊ ဒေန္တိနာမ-ပေးခြင်းမည်သည်၊ ဟောတိ-ဖြစ်၏၊ ကိမိဝ-အဘယ် ကဲ့သို့ ပေးခြင်းမည်သနည်း ဟူမူကား၊ သိခါဠပန- အာဝါဟ ဝိဝါဟာဒိသမယေ-ကင်ပွန်းတပ်ခြင်း, နားထွင်းခြင်း, ဥသျှောင် ထုံးခြင်း, လက်ထပ် ထိမ်းမြားခြင်း စသော မင်္ဂလာအခါကောင်း တို့၌၊ ဒေန္တိ- အထိုက်အလျောက် ချီးမြှောက်မစ ပေးကမ်းကြရ ကုန်၏ ဟူ၍လာသောအတိုင်း နှစ်ပါးသော အမိအဘတို့ဖက်က ဝတ္တရားမပျက်စေဘဲ နှစ်သက်ကြည်ဖြူစွာ မေတ္တာပန်းသွယ် ရွှေ နန်းနွယ်ဖြင့် ခြပ်လယ်သီးကုံး ပေးမြဲကုံးရှိခဲ့ကြသည့် အတိုင်း နှစ်ဦးသော အမိအဘတို့က မိမိတို့ သား သမီးတို့အား အရင်းအနှီး တည်းဟူသော အမွေအနှစ်ကို မိမိတို့အင်အားရှိသည့်အလျောက် ချီးမြှင့်တော်မူကြပါခင်ဗျား။

(မင်္ဂလာခံသတို့သား သတို့သမီးတို့အား နှစ်ဖက်သော အမိအဘတို့က ပစ္စည်းဖြင့် လက်ဖွဲ့ကြစေ။)

## လက်ထပ်မင်္ဂလာပွဲသီမ်း ဆုပေး

ဓမ္မတာနှစ်ဝ-ကမ္ဘာပဌမတွင်ဖြင့် ဗြဟ္မာကစ၍မို့၊ထာဝရ အစဉ် ပတ္တမြားနဝရတ် စုလျှားပတ်၍မို့၊ လက်ထပ်ရသော မင်္ဂလာပြုလုပ်သည်ဖြစ်ပါ၍ နှစ်ဖြာသော အမိအဘတို့က ကတိကထ စကား ဒွိဝစနမခြားဘဲ နှစ်ပါးအတူ ရှေးရေစက်ကူလို့မို့၊ ကြည်ဖြူရွှင်လန်း နေ့ကောင်းရက်မြတ် လက်ထပ်ပန်းဖြင့် ဆွတ်လှမ်းသည့်အခါ၊ ညာတကာအပေါင်း သူတော်ကောင်းပရိသတ် နိမိတ်ဘတ်အောင်မင်္ဂလာနှင့် နောင်အစဉ်အလာ အမြဲမှတ်စေဘို့ တွဲစပ်သည့် မြဂဟေလို လနှင့်နေ အသရေတင့် အရှေသဖြင့် တသက်တကမ္ဘာမျှမျှော်ပြီးလျှင် အသက်ရာကျော် အိုဇရာကျသော်လည်း ကိုယ်ကာယဘိဇ္ဇနတို့မှာ တဆိတ်ကမှ မပျက်မစီးတဲ့ပြင် တချက်တည်း ဤမင်္ဂလာ ကြည်ရွှင်သဒ္ဓါ နှစ်ပါးအမိအဘတို့က တရားရှိသမျှ ဗြဟ္မစိုရ်ဖြန်းလိုက်တော့ ချမ်းသည့် ယူဇနအလား ကဲ့သို့ သူ့နှစ်ပါး ကိုယ်မကွာတဲ့ပြင် ရလိုရာ ဣစ္ဆိတငယ်နှင့် စိတ်ရှိသမျှအခြေခံလို့မို့၊အချေအရံကျွန်သင်းပင်းတွေနှင့် ရထားဆင်မြင်းဝေါအစုံ ပြောမကုန် လူ့ဘုံဘဝတွင်ဖြင့် ကုသိုလ်ဟုန် အဝဝ အဖြာဖြာတိုးပြီးလျှင် ရတနာမိုးကလဲ အကြိမ်ကြိမ်မရေတွက်နိုင်ဘဲ ဝတိသြဘွဲ့ကနက် ပြေကျွန်းအဇင္ဃာ၊ အရှိန်သွေမပျက် စွေသွန်းဖြာလိုက်တော့ စိန်ရွှေရတနာပတ္တမြားမဏိတွေက အိမ်ဂေဟာမှာ ထားစရာမရှိတဲ့ပြင် မျှားစွာအတိ မောက်ဖြိုးလျှံ၊ ကျောက်အဘိုးတန် အဖိုးအခဲတွေနှင့် သုံးစွဲ၍ မကုန်နိုင်အောင် အလုံးစုံပရိဘောဂနှင့် မဏိဇောတရ သူဌေးမင်းတို့လိုရှေးကြောင်းရင်း ပါရမီသန်ကြသဖြင့် မကြာမီပင် အမှန် နှစ်ဦး

သားတို့မှာ ဘဂဝါအမွန်* ဆိုထူးတရားကြိုးစားကာ တမင်္ဂလာ မျှော်ရှိမို့၊ ပလ္လင်ရတနာ အမော်ရှုပ်အရှိ ဗုဒ္ဓမုနိမမွှေစက်ဖြန်း ဧပိုလ်တော့ လက်ျာကြွင့်နှန်း ထွန်းရှပန်းဆင်လို့မို့ ကျွတ်တန်းဂင်ဖြစ် စေသားရယ်လို့ နှစ်ပါး အမိအဲဘညာတကော အပေါင်းတို့က သွန်းလောင်းသည့် ဘိသိက်ရေဖြင့် အသက်ရာကျော်အောင် အကြောင်းဆက်လို့မို့ ပေါင်းဘက်တော် မူနိုင်ကြပါစေဗျား။

## မင်္ဂလာပွဲသိမ်း ဆုပေး

အောင်စေယျတု—သဗ္ဗမင်္ဂလံ နောင်အခြေပြု မှတ်စရာ အစဉ်မှန်တဲ့အောင် သောင်ငွေခရု မြတ်မမွာဘဝင့်လျှံစေဖို့ ယှဉ်စိ ကာမပျက် ရှေးသံသရာက ကံနှစ်ဖြာ ဆက်သောကြောင့် ဆုမြွက် မကွာ ပါရမီမြင့် စာဂီဘင့်အသင့်ပါကြ၍ မမွာအစဉ် ဇာတာ စန်းလဂ်ဂဏန်းတွက် ကျမ်းအထွက်တင်ပြီးလျှင် ဂြိုဟ်နှင်ဂြိုဟ်နေ နတ်နှင့်နဂါး ပြဿဒါး မ႑ားအောင်ရှာဖွေ၍ မသွေ ကိန္နယုက် စင်စန်းနက္ခတ် ထိုနှစ်ရပ် ရက်ကြပ်ကို နုတ်ပြီးလျှင် ကိန်းထုတ် ၂၂ဖွေ နာရီမိနစ် ဂဏန်းစစ်ကျမ်းသနစ်တွေ့ဖသောကြောင့်၊မသွေ ချိန်ခါ ခုလနေ့ရက် ရွေ့မပျက် ရှေးရေဆက်ကံနှစ်ဖြာနှင့် တူမ ကွာ ဖူးစာဆက်လာဖြင့် နှစ်ဦး နှစ်ဖြာမပျက် ဂ်ဟေဆိုင်ဒါကြောင့် တသွေမရိုင် ဘယာမခဘဲ လာသမျှ ဉာတ်ကာအပေါင်းတို့နှင့် တကွ အခါခါကောင်းဖို့ မိနှင့်ဘတို့ကို ဦးတင်သ ပါရဝေဟာမေ ပြုရသောအကျိုး ဂုဏ်အင်တို့ကြောင့် မည္ဂီးစုံလင်စွာ လမ်းမှန် မပျက်ရအောင် ကျမ်းဂန်အထွက် ဘဂဝါမမိုက ပါဠိပြုရမှာဖြင့် "အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဎာ ပစာယိနော။ စတ္တာရော ဓမ္မာ

ဝုံစုန္တိ၊အာယု ဝဏ္ဏော သုခံ ဗလံ”လူ့ထုံမှက အမတာ စံလုံ့မို့
အရာရာမကျန် ဘောဂီအရမတော့ ဇောတိကသဌေးမဟာကဲ့သို့
နေ့းမကြာ သုခံအရနှင့် ယခုစံကြတဲ့ ဘွေမဟီတွင် သွေမဖီရွှေ
တောင်ပေါက်လို့မို့ ပြည်ဘောင်တာလျှောက် မနေ့းကြီးကျယ်၍
သဌေးကြီးတသွယ် အသရေမှာ တင့်ပြီးလျှင် ပဒေသာအဆင့်ဆင့်
လိုသလောက်မရှားဘဲ ပိုမောက်များတာအော ရတနာ ခုနစ်ဖုံ ပြဟ္မာ
အစွန်ဘုံ အကနိဋ္ဌထိလို့မို့ မပျက်ဒိဋ္ဌအရှိ ခံစံစားပြီးလျှင်
ခမ္မကွန်တရား အရှေမြော်လိုက်တော့ ပြည်ကျော်အောင် အဆင်း
လှတဲ့ မင်းပဘာ ဥမ္မာဒန်တို့လို ပုံမှာအမှန် ကိုယ်ရောင်လင်းကြ၍
နဂိုပြောင်ဝင်းတဲ့ ယသော်ဓရာတဖု မဟော်သဓာအစုံ ပညာ
ထွန်းကြ၍ မယှဉ်သာအစွန်း ဂဲမောက်ဖြာပြီးလျှင် အမြဲပျောက်
ခါ အနာကင်းလို့မို့ ဘယာရှင်းတဲ့ ရှင်ဗာကုလတို့လို အမြင့်ပမာ
ယူ တာရှေဆလိုက်တော့ နှာချေရတဲ့ ရောဂါတောင် မရှိရဘဲ
ဘောဂါအပြည့်နှင့် အမြဲစံနိုင်ကြ၍ မလွဲအမှန်ပိုင်ပိုင် ဘဂဝါ
ခမ္မီ၏ ပါဠိနှင့်ဒေသနာမှုတာက ဣစ္ဆိတံတဲ့စိတ်ရှိအမှန် ထိုအရာ
ရာကြည့်လိုက်တော့ လိုတာမရှိအလုံးစုံပေါ်များကြ၍ ဟောကြား
သမျှ အမှန်မလွဲဘဲ ခမ္မက္ခန်အမြဲ ရှုကာတင်ပြီး ခုဘဝတွင် နေ့စဉ်
မပျက်ဘဲ ခလေ့အစဉ်မကွက် ပေးလှူနိုင်၍ မနေ့းအတူမြိုင်မြိုင်
မောင်နှံစုံတို့မှာ "အောင်လံအကုန် နိဗ္ဗာန်ဂဟေဆက်ကြသဖြင့်
မိဋ္ဌာန်အရှေမပျက် ဘယာရှောင်လို့မို့ ခမ္မာဖောင် အထက်နန်း
သို့ တက်လှမ်း၍ ငွယ်ချူကာဖြင့် လွယ်ကူစွာ နှစ်ဦးပိုင်လို့မို့
ကူးနိုင်တော်မူကြပါစေဗျား။

## တနည်း ဆုပေး

ဘဂဝါအတုလ သုဂတဟု မုခရှင်ကြည် ကြေညာနိမိတ် သေယောရိပ် ရွှေဗျာဒိပ်ဖွင့်ချီ၍ ပြည်ဓမ္မတာအစဉ် လေးလီလေး ကပ် သညာမှတ် တကာပ်သာ ဟင်သောကြောင့် အစဉ်ဝေါဟာ ပိဝဋကပ်ကမ္ဘာတွင် မှတ်စရာအာဒိ တာရာနေ့လ သေ့မခွါအခြေ ကျပေါ်ရှိ၍ သိရိရွှန်းပေ သိန်တလျှမ်လျှမ်း ဝတိန်နန်းက မြေ ရန့် ခေတ်အခိုးကြောင့် နတ်အမျိုးဆင်းပြီးလျှင် မြေသင်းဩဇာ အရသာ စားကာနေ့ရက်အချိန်ကြာတော့ ရှိန်အဝါ ကွယ်ပျက် သဖြင့် ရမက်စွဲငြိ နာမ်ခန္ဓာ မှာန်တဏှာ ထိသောကြောင့် ဘူမိ မပေ ဤလူ့ပြေမသေ့ဒိဋ္ဌ ပျော်ပါးကာ နေကြသဖြင့် ကာလ ကြာညောင်းအခါကောင်း စာငပေါင်းလို ပြရမှာဖြင့် ကုသလာ ဓမ္မာ အကုသလာဓမ္မာ သိုနုစ်ဖြာ အကြောင်းနှင့် အဟောင်း ပုဗ္ဗေ ပုညေကမ္မ အဝဝဖြင့် ဘာဘာဝဓမ္မော ပုရိသောဣတ္ထိ ကိုယ် ထင်ရှားရှိကြ၍ ဂတိမွဲလမ်း ချစ်ကြိုက်မေတ္တာ ထိုအခါ လိုရာကို မှန်းပြီးလျှင် အိမ်ထောင်ခမ်းမင်္ဂလာ စဉ်အလာအာဒိ ကမ္ဘာက ရှိသဖြင့် ပကတိ ဓမ္မော အဟောမင်္ဂလာ' ပုဗ္ဗေ ကတပုညတာ သုတ္တန်လာဓမ္မစက် ဘဂဝါအဟောထွက်သဖြင့် ရှေးရေစက်မကွာ ပုညာ ကောင်းမှု အတူပြုတဲ့ ဤကုသိုလ်ပါကြ၍ မက္ခာဘဝ အရင်းခံတရား အချုပ်ကြောင့် ငြင်းဆန်ကာ နှစ်ပါးမဆုတ်ကြဘဲ ပတ္တမြားဂမုဒ် ပုလဲအခိုင်တို့မှာ တွဲပြိုင်ကာ မင်္ဂလာပြုကြတာ ကြောင့် "စဉ်အလာယခု ရှေးလိုးမပျက်စေဘဲ ခေလ့နှုန်းအဆက် ဂါရဝတရားဖြင့် လာသမျှ အများ ဉာတကာ အပေါင်းတို့နှင့် တကွ မာတာပိတ မိနှင့်ဘတို့ပါ ဦးတင်သ, ဂါရဝေ ပဏာမ

ပြုရသေခအကျိုး မဟာပ္ပလကြောင့် မညှိုးနွမ်းကြပြီး အခြေပြောင် သည့်ဖြင့် ကိုးနဝရတ်မက အသရေရောင်ထွန်းကြ၍ ရွှေတောင် အစွန်း ဗြဟ္မာဘုံထိလို့မို့ ရတနာအစုံ ပြည့်မောက်ဖွိုးလျှံသည့် ဖြင့် ကျောက်အဘိုးတန် ပုလဲပတ္တမြားတို့နှင့်တကွ မလွဲမခြား ဣစ္ဆိတံဟု ကိတ္တိအမှန် သတင်းမွှေးတာမတော့ မင်းသရေဟု အနယ်နယ်ကျော်ကြား၍ အသွယ်သွယ်နှော် မများ စာဂပန်းတို့ ဖြင့် ဒါနလမ်း ဆင်နိုင်ကြပါစေ၊ မငြိသွမကွက် အခြေပိုင်ပိုင် ဖြင့် အရှေမပျက် ဂဟေဆိုင်ပြီးလျှင် ရွှေဘယက်ကုဋေ အခိုင် ပေါ်လို့မို့ မသွေမယိုင်သဘော သားမြေးမြစ်တို့နှင့် ပွားစီးမလင်း ထက်နန်းပြေကဲ့သို့ သက်ကမ်းတော့ ဖွိုးကြွယ်မောက်ပြီး သကာလ ၉၆-ဝေဒနာ မရှိတဲ့ပြင် ရှေ့ကြာပကတိ စည်းစိမ်ဂုဏ်တို့နှင့် ကြီး ရှိန်အဟုန် တက်နေတမျိုးကဲ့သို့ ကြက်သရေတိုးပြီး သွေကွာမလင့် စေဘဲ ရှေကြာသဖြင့် မမှက္ခန်တရားတို့နှင့် ဖုံစားတော်မူနိုင်ကြပါ စေဗျား။

## တနည်းဆုပေး

"ဇိနံ့ပါပံ ဇိနံ့သေဌော၊ ဇိနံ့ပါပံ ဇိနံ့ဓမ္မာ။ ဇိနံ့ပါပံ ဇိနံ့ သံဃော၊ ဇိနေ့ာရသံ ဇိနံ့နမေ" တောင်သပြေဝယ် ခေါင်မဟေ ထိပ် ပြောင်စေဟိတ်ဖြင့်၊ အဘိက္ကရေထ-ပြသည့်အရာ ဗြဟ္မာ ဇေယျတု ငွေခရုဖြင့် မသွေတုငြောင်း ဘိသိက်ဘန့်ခိုး ဘုန်းသစ် နိုး၍ တိုးထက်တိုးကြောင်း ဖွိုးထက်ဖွိုးကြောင်း ဆုပန်လောင်း ၍ ဆယ်ချောင်းဟတ္ထာ ပဒုမ္မာဟု ငုံကြာအသွင် ရှိဦးတင်၍ ဖြူ စင်မာန်လျော့ သဒ္ဓါပျော့၍ ကန်တော့ရသား အကျိုးအား ကြောင့် ဘုရားဟောပါဠိ လာရှိအရ ကျမ်းဂန်မှုခပါဠ် ပြအပ်

သည်နှင့်မကဲ့သို့ ရတနာစိန်ကျောက် ထိန်တောက်မြရဲ ပုလဲသန္တာ များစွာရွှေငွေ ခြွေရွှေပြည့်ငြိး စနေဌာယသဒ္ဒေးကြီး၏ သိမ်းဝိသာ ခါကဲ့သို့ များစွာတသီး သားသမီးဥစ္စာ ရတနာ ခုနစ်ပါးတို့နှင့် ပြည့်စုံစွာ ခံစားစံစားလျက် အသက်ရှည်ကြာ ကောင်းစွာတည် နေရခြင်း အဆင်းမှာလည်း ဣန္ဒာ သိကြားနတ်မင်းနှင့် သား သော်လည်း အလားမတူ ဖြူစင်သော ပါရမီနှင့်တကွ ရှေးဆု တောင်းပြည့်ဝ၍ နာမသိပ်သည်း ရှင်ကစ္စည်း မထေရ်ကဲ့သို့ အဆင်းလှခြင်း၊ ထိုမှတပြာ သဒ္ဒါခြင်းထက် ဒါန စက်ဖြင့်ဆုမြွက် ပန်ကြား ရွှေလင်ပန်းအစစ်တွင် ထမင်းဖြစ် အထင်မှားရသော အနုရုဒ္ဓါ မင်းသားနှင့်သုံးပါးသော ညီနောင်တို့ကဲ့သို့ လိုအင် ဆန္ဒ မနတာင့်တာဘဲ ဒုက္ခဒလာကီ မသိပယ်ရှား ထိုမင်းမြတ် သုံးပါးတို့ကဲ့သို့ ကြီးမားသောသုခနှင့် ကာလရှည်ကြာ ပြည့်စုံစွာ တည်နေရခြင်း၊ ဗလ အရာ ဆိုသည်မှာလည်း တေဇာအံ့ချီး ဗန္ဓုလစစ်သူကြီးကဲ့သို့ ကြီးကြံ့ခန့်မာ များစွာခွန်အား ဗလ ရှိခြင်းစသော လေးပါးသော ဆုတို့ကို ယခုဘဝကစ၍ နိဗ္ဗာန် မရမီအကြား ယခုကဲ့သို့ ကန်တော့ရသော အကျိုးအားဖြင့် ထင်ရှားဆက်တိုင်း ပြည့်စေသောပ်။

ယခုဘဝ ပစ္စက္ခ၌လည်း ကာလတေဇာ အခါနေ့ရက် တွက်ချက်သေချာ ရက်ရာဇာတွင် ကံနှစ်ဖြာစုံလောင်း၍ ပေါင်း မ်ခသာနေ့အခါက သေလာမြေထု မေရုဗဟို ထိသိုဘမျှ ဂုဏ် ကြီးလှသား မိဘတရိုး ဆွေမျိုးဒလပ် ပရိသတ်ခြံရံ၍ မောင်နှံစုံ နှစ်ဖြာတို့ မင်္ဂလာဆောင်နှင်း၍ ကျင်းပကာ အောင်သတင်းဖြင့် ပေါင်းသင်းသောနေ့ရက်က အာဒိစ၍ ၉၆-ပါးရောဂါ,၃၂-ပါး

သော ကုံကြမ္မာ၊ ၂၅-ပါးသောဘေး၊ ၁၆-ပါးသော ဥပဒ္ဒဝေါ၊ ၁၀-ပါးသောဒဏ်၊ ၈-ပါးသောအပြစ်၊ ၅-ပါးသော ရန်သူတို့ မပြုလာ ပယ်ရှား၍ သားနှင့်သမီး ပွားစည်းဥစ္စာ ရတနာ ရွှေငွေ အထွေထွေနှင့် ထိန်ဝေဖြိုးမောက် စိန်ကျောက်မြရွဲ ပုလဲသန္တာ စရိစ္စာဟူ ရတနာဆယ်ပါးတို့နှင့် ဆပွားတိုးတက်၍ ကျက်သရေ မင်္ဂလာ အခါနေ့ရက် ဆက်တိုင်းပွားစည်း၍ အသက်ရာကျော် ရှည်စေသော်။

(တူရိယာဆရာများက သဘင်းငယ်ကြေညာ၊ ဘုန်းတော်ဖွဲ့၊ ဘော်ကြီးယင်ရာဂင်းဖွဲ့၊ ဆောင်ရောင်နေကာသ သီချင်းခံကြီး၊ ဇမ္ဗူကျွန်းလုံး ဘုန်းတော်ဖွဲ့၊ ဖုင်းပြင် ဘုန်းတော်ဖွဲ့နှင့် ဆိုင်ရာ သီချင်းတခုခုကို တီး၍ ပွဲသိမ်းလေ။)

ဤတွင် မင်္ဂလာအစမ်းအနား ပွဲသိမ်းအပြီးတည်း။<br>
ထိမ်းမြားမင်္ဂလာ ချီးမြှင့်နည်းစာကိုယ် ဤဘွင်ပြီး၏။<br>
ပု-ဒိ-အာ-မေသဓိန္ဒာ ဘုံ၊

---

ဒီဃနိကာယ်-သိင်္ဂါလောဝါဒသုတ်၌ သိင်္ဂါလ အမည်ရှိသော သူကြွယ်သားအား မြတ်စွာဘုရား ဟောကြားတော်မူသော

ဂိဟိဝိနယတရားတို့ကို ပြပေအံ့

၁။ အမိအဘတို့သည် မိမိမှရှေးဦးစွာ ဖြစ်လင့်သောကြောင့်ရင်း၊ ဂုဏ်ကျေးဇူးအားဖြင့် မိမိ ရှေ့၌ နေထိုက်သောကြောင့်ရင်း၊ ပုဗ္ဗ ဒိသာ တည်းဟူသော အရှေ့အရပ်မည်၏။

။ ဆရာသည် မိမိထက် မြတ်သည်ဖြစ်၍ ဒက္ခိဏ ဒိသာ တည်းဟူသော တောင်အရပ်မည်၏။

၃။ သားမယားတို့သည် ဂုဏ်ကျေးဇူးအားဖြင့် မိမိ၏နောက်၌ နေအပ်သောကြောင့် ပစ္ဆိမ ဒိသာ တည်းဟူသော အနောက် အရပ်မည်၏။

၄။ အဆွေခင်ပွန်းတို့သည် ကိစ္စကြီးငယ်တို့မှ ထုတ်ဆောင် ကယ်တင်တတ်သောကြောင့် ဥတ္တရဒိသာ တည်းဟူသော မြောက်အရပ်မည်၏။

၅။ ကျွန် အမှုလုပ်တို့သည် ဂုဏ်ကျေးဇူးအားဖြင့် မိမိ၏ အောက်ကျသောကြောင့် ဟေဋ္ဌိမဒိသာ တည်းဟူသော အောက်အရပ်မည်၏။

၆။ သမဏ, ဗြာဟ္မဏ, ရဟန်း, ပုဏ္ဏားတို့သည် ဂုဏ်ကျေးဇူး အားဖြင့် မိမိထက် မြင့်မြတ်သည်ဖြစ်သောကြောင့် ဥပရိ မဒိသာ တည်းဟူသော အထက်အရပ်မည်၏။

ဤအရပ်ဒိသာ ခြောက်မျက်နှာတို့ကို ရှိသေစွာရှိခိုးမှု ဟူသည်မှာ လောကီလူတို့သည် ဤခြောက်မျိုးသောသူတို့၌ မိမိတို့ ၏ သက်ဆိုင်ရာ ဝတ်နိဗဒ်တို့ကို ကြေလည်အောင် ပြုရမည်ဟု ဆိုလိုသည်၊ ဤသို့ပြုသည်ကိုရည်၍ ဂိဟိဝိနယလင်္ကာ၌-

အရပ်ဒိသာ ခြောက်မျက်နှာ လုံ့စွာပိတ်ဆို့ထား၊ အရှေ့ မိဘ တောင်ကဆရာ နောက်မှာမယား မြောက်ကားမိတ်ဆွေ အောက်ခြေကျွန်များ အထက်ဖျား ပုဏ္ဏားရဟန်းတည်း-ဟူ၍ ရှင်မဟာသီလဝံသ စပ်ဆိုတော်မူလေသည်။

မိမိတို့၏သက်ဆိုင်ရာ ဝတ်နီဗဒ်ကို ကြေလည်အောင် ပြုမှုသည့် အရပ်ဒိသာ ခြောက်မျက်နှာတို့ကို လုံခြုံစွာပိတ်ဆို့ခြင်း မည်၏၊ ပိတ်ဆို့မှု ဟူသည်မှာ ထိုအရပ် ခြောက်မျက်နှာ တို့မှ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေးတို့ကို မိမိတို့ထံသို့ မလာ မရောက်နိုင်အောင် ပိတ်ဆို့မှုကို ဆိုလိုသည်။

အတ္တာနုဝါဒဘေးကား- မိမိကိုယ်ကို မိမိကဲ့ရဲ့စွပ်စွဲသော ဘေးတည်း၊ ပရာနုဝါဒဘေးကား-သူတပါးတို့ ကဲ့ရဲ့စွပ်စွဲသော ဘေးတည်း၊ အတ္တာနုဝါဒဘေးနှင့် သေလွန်လျှင် အပါယ်ငရဲ မြဲ၏၊ ပရာနုဝါဒဘေးနှင့်သေလွန်လျှင် အလောင်း အလျာမျိုးမှ အပဖြစ်၏ ဟူ၍ ဟောတော်မူသည်။

ထိုဝတ်တို့ကို ကြေလည်အောင် ပြုကုန်သော သူတို့သည် အရပ်ဒိသာ ခြောက်မျက်နှာ လုံခြုံ၏၊ ထိုဘေးစုတို့ မဝင်နိုင်ရှိ၏၊ ဘေးကင်းကုန်၏၊ လူပရိသတ် နတ်ပရိသတ်တို့၏ အလယ်၌ ဘင့်တယ်၏၊ အလောင်းအလျာမျိုး၌ ပါဝင်၏၊ ပစ္စုပ္ပန်သံသရာ သမ်းဖြောင့်၏၊ မဂ်စခန်း ဖိုလ်စခန်းနီး၏ဟု သိင်္ဂါလ သတို့သား အား မြတ်စွာဘုရား ဟောကြားတော်မူသည်။

ထိုတွင် မိဘဝတ်ငါးပါး, သားသမီးဝတ်ငါးပါး, ဆရာဝတ် ငါးပါး, တပည့်ဝတ်ငါးပါး, လင်ဝတ်ငါးပါး, မယားဝတ် ငါးပါး, အဆွေခင်ပွန်းဝတ်ငါးပါး, တဦးသော အဆွေခင်ပွန်း ဝတ်ငါးပါး, သခင်ဝတ်ငါးပါး, ကျွန်ဝတ်ငါးပါး, ရဟန်းသံဃာ ဝတ်ခြောက်ပါး, ဒါယကာဝတ်ငါးပါးဟူ၍ အကျဉ်းအားဖြင့် ၆-ပါး အလတ်အားဖြင့် ၁၂-ပါး အကျယ်အားဖြင့် ၆၁-ပါးရှိ၏။

၁။ မိစာဝတ်ငါးပါးဟူသည်ကား- ကျေးဇူးကြီးလှ မိနှင့်ဘ
တို့ ပုတ္တရတနာ သားသည်းချာ၌ ကျင့်ရာမလွတ်
ငါးမည်ဝတ်ကား မချွတ်မစောင့် မကောင်းမြစ်တား
ကောင်းရာညွှန်လတ် အတတ်သင်စေ ပေးဝေ နှီးရင်း
ထိမ်းမြားခြင်းလျှင် ထိုငါးအင် ဘခင်မယ်တို့ တွက်တာ
တည်း။

၂။ သားသမီးဝတ် ငါးပါးကား- သားလှရတနာ မလိမ္မာတို့
ကြီးစွာဂုဏ မိနှင့်ဘ၌ ကျင့်ကြစဖွယ် ဝတ်ငါးသွယ်
ကား မှတ်လွယ်မနှေး ကျွေးမွေးမပျက် ဆောင်ရွက်စီမံ
မွေခံထိုက်စေ လှူမျှဝေ၍ စောင့်လေမျိုးနွယ် သားတို့
ဝယ် ကျင့်ဖွယ် ဝတ်ငါးဖြာ။

၃။ ဆရာဝတ် ငါးပါးကား— နာနာသိပ္ပ သင်ပြ ပေးရာ
မြတ်ဆရာတို့ မှတ်စွာတည့်တည့် တပည့်၌ပင် ကျင့်လျှင်
မမှား ဝတ်ငါးပါးမူ ခြားနားသိမှတ် အတတ်လည်း
သင် ပဲ့ပြင်ဆုံးမ သိပ္ပမချွန် ဘေးရန်ဆီးကာ သင့်ရာ
အပ်ပို့ ဆရာတို့ဝယ် မချို့ဖြောင့်တန်း ကျင့်
စဉ်သမ်း။

၄။ တပည့်ဝတ် ငါးပါးကား— လိမ္မာပေစွ တပည့်လှတို့
ဂုဏဝေဆာ မြတ်ဆရာ၌ ကျင့်ရာမလွတ် ငါးမည်ဝတ်
ကား မချွတ်မှတ်ရာ ညီညာထကြွ ဆုံးမနာယူ လာမူကြို
ဆီး ထံနီးလုပ်ကျွေး သင်တွေးအံမှတ် တပည့်ဝတ်ကို
မချွတ်နေ့ညဥ့် ကျင့်စဉ်တည်း။

၅။ လင်ဝတ် ငါးပါးကား—အိမ်သူမိန်းမ ချစ်မဝကို လင်လှလိမ္မာ ကျင့်ရာမချွတ် ငါးမည်ဝတ်ကား မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ မိစ္ဆာမမှား ဝတ်စားဆင်ယင် မြတ်နိုးခင်သည် လင်၌မှမှား ကျင့်တရား။

၆။ မယားဝတ်ငါးပါးကား— မူရာနွဲ့လျ သူဇာမြသို့ ရူပကြည်ရှင် မိန်းမလှင်တို့ လင်နိုက်မလွတ် ကျင့်ဝတ်ငါး ဖြာမှတ်ပါမယွင်း အိမ်တွင်းမှုလုပ် သိမ်းထုတ်သေချာ မိတ္တာကြည်ရှောင် လျှော်အောင်ဖြန့်ချိ ပျင်းရိမမူ ဝတ်ငါးဆူ အိမ်သူမယ်လျ ကျင့်အပ်စွ။

၇။ အဆွေခင်ပွန်းဝတ် ငါးပါးကား— လောကနိုက်မှာ မိတ်သဟာတို့ ကျင့်ရာမှား ဝတ်ငါးပါးမူ ကြည်ဖြူလှရေး ပေးကမ်းချီးမြင့် ကိုယ်နှင့်ယှဉ်သား စီးပွားဆောင်ရွက် နှုတ်မြွက်ချိုသာ သစ္စာမှန်စေ ဝတ်ငါးထွေ မိတ်ဆွေကျင့်ဖို့ တရားတည်း။

၈။ တဦးသော အဆွေခင်ပွန်းဝတ်ငါးပါးကား—မေ့လျော့စောင့်လာ ဥစ္စာစောင့်ရှောက် ဘေးရောက်ကိုးကွယ် ညှန်ဖွယ်သားမြေး မြတ်လေးပူဇော် ဤငါးဖော်ကား ညီလျော်တို့လို့ ကျင့်ဝတ်တည်း။

၉။ အရှင်ဝတ်ငါးပါးကား— လောက၌လျှင် အရှင်တို့မှာ ကျင့်ပေရာဟု ငါးဖြာဝတ်ကား ထင်ရှားကျမ်းလာ ဝတ္တာကျွေးမွေး ပြုရေးစီရင် နာလျှင်ကုစေ ငွေဝေရသာ အခါကိုလွတ် အရှင်ဝတ်ဟု မချွတ်သေချာ ကျမ်း၌သာသည် ကျင့်ရာမနှေး ပြုသင့်ရေး။

၁၀။ ကျွန်ဝတ်ငါးပါးကား— ရှေးရှေးပုညလွန်မေ့လှ၍ ဒါသတသွန် အိမ်နေကျွန်တို့ မချွတ်မှတ်ပါ ကျင့်ဖို့ရာ၌ အိပ်ခါနောက်ကျ ထသော်ကားရှေ့ ပေးမှယူအပ် စေ့စပ်ဆောင်ရွက် ကျေးဇူးမြွက်၍ ငါးချက်မမှား ဤတရားကား အများဒါသ ကျင့်ပေမှ။

၁၁။ ရဟန်းသံဃာဝတ် ၆-ပါးကား—သံသရာဟု ဘေးကိုရှုလျက် ဘိက္ခုမည်မှန်းထေရ်ရဟန်းတို့ ကျင့်လမ်းခြောက်ဖြာ ဒါယကာ၌ ပြုရာအကြောင်း မကောင်းမြစ်တား ကောင်းရာကိုလှစ် အသစ်ဟောကြူ နာမှုထပ်မံ နတ်ထံထင်ရှား မေတ္တာလည်းပြု ရဟန်းမှုသည် ခြောက်ခုတရား ကျင့်မမှား။

၁၂။ ဒါယကာဝတ် ငါးပါးကား- သံသရာဘေး မြန်စွာဝေးအောင် ကြံတွေးမြော်ပါ ဒါယကာကို မှန်စွာကျင့်လမ်း ရဟန်းတို့ဝယ် ဝတ်ငါးသွယ်မှာ မေတ္တာစေတ်သက်ဆောင်ရွက်ချစ်ခင်- ခင်မင်နှုတ်ချို လိုလျှင်ဘိတ်ကြား တတ်အားလှူစေ ငါးခုပေကား ပြုလေအပ်စွာဒါယကာ။

ဤသည်လျှင် လူတို့၏ ဝတ်နိဗဒ်တို့သည် အကျဉ်းအားဖြင့်၆-ပါး၊ အလတ်အားဖြင့် ၁၂-ပါး၊အကျယ်အားဖြင့် ၆၁-ပါး တို့ပင်လျှင်တည်း။

နာယကဂုဏ် ၆-ပါးကား-ထကြွနိုးကြား သနားသည်းခံ ဝေဘန် ထောက်ရှု ဤ ၆-ခု ကြီးသူနာယကာ။

ကြီးပွားကြောင်း တရား လေးပါးကား- စောင့်ရှောက်ထကြွ မျှတသုံးစား မိတ်ကောင်းများမှီ ဤလေးလီ လောကီကြီးမြင့်ကြောင်း။

လောက၌ မကြီးပွားနိုင်သော အပျင်း ၆-ပါးကား- အချမ်းပြင်းဝှန် အလွန်ပူနိုး မိုးချုပ်လှမော စောလွန်းလှရောင် ဆာလောင်ပြင်းပြ ခမ်းဝလွန်ထွေ နေကဥစ္စာ မပွားရာသည် ခြောက်ဖြာပျင်းသူ အပြစ်တည်း။

## စိန္တာမဏိ မန္တရားကြီး

ဥုံမပါဂါထာ ဥုံခံမန္တန် ခြောင်းခံမန္တရား ဟူသည်နှင့် အညီ ပုဂံမြင်းဆိုင်း စစ်ကိုင်းပင်းယ ပြည်အင်းဝနှင့် မန္တလ ရတနာပုံ ဧယျုံဖြင့်ညီး ထိုထိုသို့သော တိုင်းကြီး ပြည်ကြီး အသီးသီးတို့၌ အဆက်ဆက်သော ပညာရှိ မင်းကောင်းမင်းမြတ် တို့သည် အဘိသိက်သွန်းခြင်း၊ မင်းမြှောက်ခြင်း၊ ထီးနန်းစိုက်ခြင်း စသော အဘိသိက် မင်္ဂလာအခမ်းအနားတို့၌ အလေးဂရုပြုအပ်၊ ရွတ်ဖတ်သရဇ္ဈာယ်အပ်သော ကြံစိုင်းဖန်တိုင်း ရပ်ဆိုင်းမရှိ အလို ကိုပြည့်စေနိုင်သော စကြာမင်း၏ မနောမယ ပတ္တမြားရတနာကဲ့ သို့ လိုရာကို ပြီးစေနိုင်သော မြတ်စွာဘုရား ဟောကြားတော် မူ သော စိန္တာမဏိမန္တရားကြီးကို ဆရာတဆူ ပြုလုပ်မည့်သူတို့ နှုတ် တက်ဆောင်ရန် အောက်၌ ထည့်သွင်းဖော်ပြပေအံ့၊ ပညာလို လား အမျိုးသားတို့သည် ကြိုးစား၍ ဆည်းပူးကြစေသတည်း။

## စိန္တာမဏိမန္တရားကြီး အထဲဂါထာတော်ပါဌ်

ခြောင်း.... နမော အနန္တကောဋိကပ္ပေါ သဗ္ဗညုတ ဉာဏံ စိန္တာတိစိန္တော သဗ္ဗဒေဝါယ သင်္ဂါမော သောမနဿ မနောဟရော စိန္တောစိန္တာန် စိန္တတိစိန္တော ဘူမိပဒေသ စိန္တတိ စိန္တော တြိဘူမိရတိ စိန္တတိစိန္တော သတ္တလောကံ စိန္တတိစိန္တော

ဩကာသလောကံ စိန္တတိစိန္တာ သင်္ခါရလောကံ စိန္တတိစိန္တော နာမရူပံ စိန္တတိစိန္တော ကုသလံ အကုသလံ အဗျာကတံ စိန္တတိစိန္တော သုခံဒုက္ခံ အဒုက္ခမသုခံ စိန္တတိစိန္တော စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ စိန္တတိစိန္တော မဂ္ဂပုဂ္ဂလံ ဖလံ စိန္တတိစိန္တော ဈာနံ ဈာနင်္ဂံ စိန္တတိစိန္တော အရဟတ္တံ အရဟတ္တမဂ္ဂံ စိန္တတိစိန္တော နိရောဓံနိရောဓသမာပန္နံ စိန္တုတိစိန္တော သတ္တမံ သတ္တဗောဇ္ဈင်္ဂံ စိန္တတိစိန္တော အရိယံ အဋ္ဌင်္ဂိကမဂ္ဂံ စိန္တတိစိန္တော စတ္တာရောဓမ္မေ ဣဒ္ဓိပါဒေ စိန္တတိစိန္တော စတ္တာရောပဋိသမ္ဘိဒါမဂ္ဂေ စိန္တတိစိန္တော စတ္တာရိ အရိယသစ္စာနိ စိန္တတိစိန္တော အဝိဇ္ဇာသု အဝိဇ္ဇာဘာဂိယေသု စိန္တတိစိန္တော ဝိဇ္ဇာဝိမုတ္တိညာဏေသု စိန္တတိစိန္တော ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု အာသဝက္ခယညာဏေသု စိန္တစိန္တော လောကိယ လောကုတ္တရ ညာဏေသု စိန္တတိစိန္တော ကာဗဠိကာရာဟာရေသု စိန္တတိစိန္တော အတ္တမမ္မပရမတ္ထ ဓမ္မေသု စိန္တတိစိန္တော ကုတ္တိဘာဝ ပုမ္ဘာဝေသု စိန္တတိစိန္တော ပဉ္စကာမဂုဏေသု စိန္တတိစိန္တော အပ္ပကံ ဗဟုကေသု စိန္တတိစိန္တော အတီတာနာဂတပစ္စုပ္ပန္နေသု စိန္တတိစိန္တော သဗ္ဗဇာန စိတ္တေသု စိန္တတိစိန္တော ဧတေနမနောဟာရေန မဏိရတနံဝိယ သဗ္ဗကာမပူရဏော ဂရုဂါရဝါဒီဟိ သဇ္ဈာယန္တာနံ ပဝရော သမ္မာသမ္ဗုဒ္ဓေနဒေသိတော အယံမန္တော စိန္တနတ္ထေန စိန္တာမဏိယောနမာတိ ကုစ္စေတံ အာသနံ တိဋ္ဌတု တိဋ္ဌတု ဒီပါယ ဒီပါယ ဝသာယ ဝသာယ တဒါတု တဒါတု စိန္တာမဏိရတနံ မံ ပါလေန္တု ပါလေန္တု ဟုလု ဟုလု သွာဟာယ် သွာဟုံ ဟုံ။

## စိန္တာမဏိမန္တရားကြီး အထံ့ဂါထာတော်အနက်

ဩြောင်း....ဥပဒ်ဘေးဒဏ် ရန်မာန် အန္တရာယ်အပေါင်းကို၊ ကရုံ-စောင့်ရှောက် ပြီးစီးအောင်မြင်ပါစေသတည်း၊ နမော-သုံးပါးရတနာ မြတ်ဆရာနှင့် မာတာပိတ နှစ်ဝမ္ဘန်မြတ်အရှိန်ထူးသည့် အိမ်ဦးနတ်တို့အား လက်အုပ်ချီမိုး ရှိခို ခြင်းကို၊ ကရောမိ-ထိနဖူးခိုက် ရှိဦးတိုက်၍ ပူလိုက်ပါ၏။

အနန္တကောဠိကပ္ပေ- အဆုံးအပိုင်းအခြား မရှိသော ကမ္ဘာကုဋေပတ်လုံး ဆည်းပူးအပ်သော ပုညဉာဏ သမ္ဘာရ အဆောက်အဦရှိသော၊ ဗုဒ္ဓါ-အတုမရှိ အသဒိသအစစ် ဖြစ်ကြီးဖြစ်တော်မူပေသော ကျေးဇူးတော်အစုံ ဂုဏ်တော်အပေါင်းနှင့် ကောင်းစွာကုံလုံ ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်တည်းဟူသော ရတနာတော်ကြီးသည်၊ သဗ္ဗညုတဉာဏံ-သဗ္ဗညုတဉာဏ်တော်ကို၊ စိန္တတိစိန္တေ္တာ-ကြံတတ်သိတတ်ကုန်သော ပစ္စေက ဗုဒ္ဓါသာဝကဟိုထက် လွန်ကဲထူးမြတ် ကြံတတ်သိမြင်တော်မူတတ်၏၊ သဗ္ဗဒေဝါယ သဗ္ဗေဒေဝါနံ-အလုံးစုံသော စကြဝဠာတိုက်တို့မှ လာကုန်သော နတ် ဗြဟ္မာအပေါင်းတို့၏၊ သင်္ဂဒမာ-ပေါင်းစုံစည်းဝေးရာ ဖြစ်တော်မူ၏၊ သောမနဿော-နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်၏၊ မနောဟာရော-စိတ်နှလုံးကို ယူကျုံးဆောင်တော်မူတတ်၏၊ စိန္တာနံ-ကြံကုန်သက်ဝင်ကုန်သည်ဖြစ်၍ ကြံစည်သိမြင်ကုန်သော သူတို့ထက်၊စိန္တေ္တာ-ကြံစည်သိမြင်တော်မူတတ်၏၊ စိန္တတိစိန္တေ္တာ-သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော် မူတတ်၏၊ ဘူမိပဒေသေ-ထိုထိုအရပ်၌ တည်နေကုန်သော သတ္တဝါသခ်ါရတို့ကို၊

စိန္တိတိစိန္တော- သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊ တိဘူမိရတိ- ဘုံသုံးပါး၌ဖြစ်သော မွေ့လျော်ခြင်းကို၊ စိန္တိတိစိန္တော-သူကြံစည် သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊ သတ္တလောက-ရာဂ ထန်သည်း ဒေါသမီးတို့ဖြင့် တညီးညီးတရှိန်ရှိန် တထိန်ထိန် တပြောင်ပြောင် တောက်လောင်၍နေသော သတ္တလောကကြီးကို၊ စိန္တိတိစိန္တော-သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊ ဩကာသလောကံ- ဘုမ်းဘတာ သွက်သွက်ခါအောင် ပျက်၍နေသော ဩကာသလောကကြီးကို၊ စိန္တိတိစိန္တော-သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊ သင်္ခါရလောကံ-အဖတ်ဆယ်၍ မရအောင် ပျက်၍နေသော သင်္ခါရလောကကြီးကို၊ စိန္တိတိစိန္တော- သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊ နာမရူပံ-နာမ်ရုပ်ကရားကို၊ စိန္တိတိစိန္တော- သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊ ကုသလံ-ကုသိုလ်တရားကိုင်း၊ အကုသလံ-အကုသိုလ်တရားကိုင်း၊အဗျာကတံ-အဗျာကတ တရားကိုင်း၊ စိန္တိတိစိန္တော သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊ သုခံ-သုခဝေဒနာကိုင်း၊ ဒုက္ခံ-ဒုက္ခဝေဒနာကိုင်း၊ အဒုက္ခမသုခံ-အဒုက္ခမသုခဝေဒနာကိုင်း၊ ဝါ-ဒုက္ခလည်းမဟုတ် သုခလည်း မဟုတ်ကုန်သော ဝေဒနာကိုင်း၊ စိန္တိတိစိန္တော- သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊ စိတ္တံ-စိတ်ကိုင်း၊ စေတသိကံ- စေတသိက်ကိုင်း၊ ရူပံ- ရုပ်ကိုင်း၊ နိဗ္ဗာနံ-နိဗ္ဗာန်ကိုင်း၊ စိန္တိတိစိန္တော- သူကြံစည်သိမြင်သည်ထက်

အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊ မဂ္ဂပုဂ္ဂလံ- မဂ္ဂဉာဏ်ပုဂ္ဂိုလ်ကိုရင်း၊ ဖလံ-ဖိုလ်ကိုရင်း၊ စိန္တတိစိန္တေသာ- သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊အရဟတ္တံ-အရဟတ္တဖိုလ်ကိုရင်း၊အရဟာမတ္တမဂ္ဂံ-အရဟတ္တမဂ်ကိုရင်း၊ စိန္တတိစိန္တေသာ-သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊နိရောဓံ-နိရောဓသမာပတ်ကိုရင်း၊နိရောဓသမာပံ-နိဒရောဓသမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်ကိုရင်း၊စိန္တတိစိန္တေသာ-သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊သတ္တဓမ္မံ-ခုနစ်ပါးသော သူတော်ကောင်း တရားကိုရင်း၊ သတ္တဗောဇ္ဈင်္ဂံ-ခုနစ်ပါးသော ဗောဇ္ဈင်တရားကိုရင်း၊ စိန္တတိစိန္တေသာ-သူကြံစည် သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊အရိယံ-မြတ်သော၊ အဋ္ဌင်္ဂိကံ-အင်္ဂါရှစ်ပါးရှိသော၊မဂ္ဂံ-မဂ္ဂင်တရားကို၊ စိန္တတိစိန္တေသာ- သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊ စတ္တာရောဓမ္မ-လေးပါးသော သတိပဋ္ဌာန် သမ္မပ္ပဓါန်တရားတို့ကိုရင်း၊ စတ္တာရောဣဒ္ဓိပါဒေ- လေးပါးသောဣဒ္ဓိပါဒ်တို့ကိုရင်း၊ စိန္တတိစိန္တေသာ- သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊ စတ္တာရောပဋိသမ္ဘိဒါမဂ္ဂ-လေးပါးသော ပဋိသမ္ဘိဒါမဂ်တို့ကို၊ စိန္တတိစိန္တေသာ-သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊ အဝိဇ္ဇာသု-အဝိဇ္ဇာတို့၌ရင်း၊အဝိဇ္ဇာဘာဂိယေသု-အဝိဇ္ဇာ၏အဖို့ဖြစ်သော တရားတို့၌ရင်း၊ စိန္တတိစိန္တေသာ-သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊ ဝိဇ္ဇာဝိမုတ္တိဉာဏေသု- မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၌၊ စိန္တတိစိန္တေသာ-သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်

တော်မူဘတ်၏၊ ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု အာသဝက္ခယ ဉာဏေ
သု-ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တို့၌၊
ဗိန္ဒတိစိန္တော-သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်
သိမြင်တော်မူဘတ်၏၊ လောကိယ လောကုတ္တရဉာဏေသု-
လောကီဉာဏ်၊ လောကုတ္တရာဉာဏ်တို့၌ စိန္တတိစိန္တော-သူကြံစည်သိ
မြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော် မူတတ်၏၊
ကဗဠီကာရာဟာရေသု-ကဗဠီကာရအာဟာရတို့၌၊ စိန္တတိစိန္တော-
သူ ကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူ
တတ်၏၊ အတ္တဓမ္မ ပရမတ္ထဓမ္မေသု-အကျိုးအကြောင်း အနက်
ပါဠိ ပရမတ္ထတရားတို့၌၊စိန္တတိစိန္တော-သူကြံစည်သိမြင်သည်ထက်
အထူးသဖြင့် ကြံစည်သိမြင်တော်မူဟတ်၏၊ ဣတ္ထိဘာဝ ပုမ္ဘာ
ဝေသု-ဣတ္ထိဘာဝ ပုမ္ဘာဝတို့၌၊ စိန္တတိစိန္တော- သူကြံစည်သိမြင်
သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏၊ ပဉ္စကာမ
ဂုဏေသု-အာရုံငါးပါး ကာမဂုဏ် တရားတို့၌၊ စိန္တတိစိန္တော-
သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူ
တတ်၏၊ အတီတာနာဂတပစ္စုပ္ပန္နေသု- အတိတ် အနာဂတ်
ပစ္စုပ္ပန်တရားတို့၌၊ စိန္တတိစိန္တော- သူကြံစည် သိမြင်သည်ထက်
အထူးသဖြင့် ကြံစည်သိမြင်တော်မူဘတ်၏၊ သဗ္ဗဇနစိတ္တေသု-
အလုံးစုံသော သတ္တဝါတို့၏ စိတ်တို့၌၊ စိန္တတိစိန္တော-သူကြံစည်
သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တော်မူတတ်၏။

တေန — ဤသို့ ဆိုအပ်ခဲ့ပြီးသော သဘော ရှိသော၊
မနောဟာရေန-စိတ်နှစ်လုံးကို ယူကျုံးတတ်သောသဘောရှိသော
ကြောင့် မနောဟာရအမည်ရှိတော်မူသော၊ ဂရုဂါရဝါဒိဟိ

သဇ္ဈာယန္တာနံ- ရိုသေလေးမြတ်ခြင်း စသည်တို့ဖြင့် ရွတ်ဘတ် သရဇ္ဈာယ်ကုန်သော သူတို့အား၊မဏိရတနံဝိယ-ကြံတိုင်း ဖန်တိုင်း ရပ်ဆိုင်းမရှိ အလိုကိုပြီးစေတတ်သော စကြာမင်း၏ မနောမယ မည်သော ပတ္တမြားရတနာကဲ့သို့၊ သဗ္ဗကာမပူရဏော- ကြံတိုင်း၊ ဖန်တိုင်း ရပ်ဆိုင်းမရှိ အလုံးစုံသော အလိုကို ပြီးစေတတ်သော၊ သမ္မာသမ္ဗုဒ္ဓေန-မဖောက်မပြန် ကိုယ်တော်ဘိုင်သာလျှင် သစ္စာ လေးဝ ညေယျတရား ငါးပါးတို့ကို သိမြင်တော်မူပြီးသော မြတ်စွာဘုရားသည်၊ ဒေသိတော- ဟောတော်မူအပ်သော၊ ပဝရော-အထူးသဖြင့် မြတ်သော၊ အယံမန္တော-ဤမန္တရားကို၊ စိန္တနုတ္တေန- အဆိုးအတား အစိတ်အပင်မရှိ သိမြင်တတ်သော သဘောသတ္တိရှိသော အနက်ကြောင့်၊ စိန္တာမဏိယောနာမာတိ- စိန္တာမဏိ အမည်ရှိ၏ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ ဣတိ-ဤသို့၊ တော အယံမန္တော-ဤမန္တရားသည်၊ အာသနံ-ငါ၏ နေရာအရပ်ကို၊ အာဂမ္မ-အစွဲပြု၍၊ ဒိပါယဒိပါယ-ကိုးကွယ်မှီခိုရာ ဖြစ်ခြင်းဖြစ်စေခြင်းငှာ၊ ဝသာယဝသာယ-ငါ၏စိတ်အလိုသို့ ပါခြင်းပါစေခြင်းငှာ၊တိဋ္ဌတု တိဋ္ဌတု-တည်မြဲစေသတည်း, တည်မြဲစေသတည်း၊ ဒဒါတုဒဒါတု- အောင်မြင်မင်္ဂလာ ချမ်းသာစီပွား များသားခြွေရွေ ဘုန်းကြက်သရေတိုးတက်ခြင်းကို ပေးတော်မူစေသတည်း, ပေးစေသတည်း၊ စိန္တာမဏိရတနံ-ကြံတိုင်း ဖန်တိုင်း ရပ်ဆိုင်းမရှိ အလိုကိုပြီးစေနိုင်သော စိန္တာမဏိဂါထာ မန္တရာ ရတနာသည် မံ-အကျွန်ုပ်ကို၊ ပါလေန္တု ပါလေန္တု-စောင့်ရှောက်စေသတည်း, စောင့်ရှောက်စေသတည်း၊ ဟုလုဟုလု-လျင်စွာ လျင်စွာ၊ သွာဟယျ- သုအာဟယျ- အောင်မြင်ခြင်းမင်္ဂလာ ချမ်းသာစီပွား များသားခြွေရွေ ကြက်သရေတန်ခိုး တိုးတက်ခြင်းကို ရှေးရှုလုလု

တိုးပွားခြင်းအမှုကို ပြုစေသပါသည်။ သွာဟုံဟုံ-များစွာကျေးဇူး ဂုဏ်အထူးကို ပွားလူး တိုးတက်ပါစေသတည်း။

## စိန္တာမဏိမန္တရားကြီး အဖုံးဂါထာတော်ပါ၌

ကြောင်း.... နမောအနန္တကောဋိကပ္ပေါ- သဗ္ဗညုတာဉာဏော သဗ္ဗဒေဝဂဏော စိန္တိတိမိန္တော စိန္တာမဏိယော မနောမယဂျိဟိတော အတုလပဝရဂုဏဓမ္မော သဗ္ဗကာ မရှစိနော ပူရဏော စိန္တာမဏိ ပြုပွာသိဒ္ဓေါ ပဝရော တြိဘူဝနသွာရော သုဂတော သဗ္ဗဝေရိနံ နိဝါရဏော အကာလမရဏနိဝါရဏော မတုဝဥ္စနာ ဒီဃာယုကော သိဒ္ဓိကရော ပုညဝဇ္ဇန္တော မဟာတေဇော မဟာယသော ဘဂျဝန္တော ဒိဋ္ဌဓမ္မဝေဒနီယဘူတော အရိယဖလဝရဓမ္မော အနန္တသမ္မာသမ္ဗုဒ္ဓေါ၊ ဝိသုဒေဝါ နရာသဘော ပရမေသွာရော မဟာဒေဝေါ ဂဏပတ္တော ဘြဟ္မာဒ္ဓေါပြုပွာ မဟေသွာရော ဘူမိဝသုန္ဓြော မဥ္ဇူသကော သီရိဝါသော မဏိမေခလာ အာကာသဒေဝေါ ရုက္ခဒေဝေါ နာဂေါသုဗဏ္ဏော ဂန္ဓဗ္ဗော စတုလောကပါလာ သူရိယော စန္ဒိမ နက္ခတ္တာရော ဟိမဝန္တော ပဗ္ဗတော စက္ကဝါဠသီလုစ္စယော သတ္တပဗ္ဗတော ဂင်္ဂါယမုနာ အစိရဝတီ မဟီသရဘူ ဇမ္ဗုရုက္ခော ကဒမ္ဗော ကပ္ပရုက္ခော သီရိသော ပါဋလိ သိပ္ပလိ ပါရိဆတ္တကော ဆဒ္ဒန္တော ရောဝဏ္ဏော ဥသဘော သီရိဝေဒါ ဝေပုလ္လပဗ္ဗတာပသော မနောဟရော မဏိရတနံ ဝိယ သဗ္ဗကာ မပူရဏော ဂရုဂါရဝေါဒီဟိ သဇ္ဈာယန္တာနံ ပဝရော သမ္မာသမ္ဗုဒ္ဓေါ နဒေသိတော အယံမန္တော စိန္တနတ္ထံနစိန္တာမဏိ ယောနာမာတိ ဣစ္စေတံ-အာသနံ တိဋ္ဌတု တိဋ္ဌတု ဒီပါယ

ဒီပါယ•ဝသာယ ဝသာယ တဒါတုံ•တဒါတုံ စိန္တာမဏိရံပါနံ မံပါဖုံလံန္တုံ ဟုလုံဟုလုံ သွာဟာယျ သွာဟုံဟုံ။

## စိန္တာမဏိမန္တရားကြီးအဖုံးဂါထာတော်အနက်

ဩြောင်း...ဥပဒ် ဘေးဒဏ် ရန်မာရ် အန္တရာယ် အပေါင်း မကောင်းဟူသမျှ အနိဋ္ဌတို့မှ မကျမရောက် ခုချက်ချင်းဖြင့် လက်ငင်းပျောက်အောင် စောင့်ရှောက် အောင်မြင်စေသတည်း၊ နမော-သုံးပါးရတနာ မြတ်ဆရာနှင့် မာတာပီတ နှစ်ဝမွန်မြတ် အရှိန်ထူးသည့် အိမ်ဦးနတ်တို့အား လက်အုပ်ချီမိုး ရှိခိုးခြင်းကို၊ ကရောမိ-ထိနဖူးခိုက် ရှိဦးတိုက်၍ ပြုလိုက်ပါ၏။

အနန္တကောဋိကပ္ပေါ- ကမ္ဘာအကုဋေ တွက်ရေအလုံး အဆုံးအပိုင်း အခြားမထင် အောင်မြင်ဆည်းပူးအပ်သော ပါရမီ ပုည သမ္ဘာရရှိတော်မူသည်ဖြစ်၍၊ သဗ္ဗညုတ ဉာဏေန-သဗ္ဗညုတ ဉာဏ်တော်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ သဗ္ဗဒေဝ ဂဏေ-အလုံးစုံသော နတ်အပေါင်းတို့ကို၊ စိန္တတိစိန္တေ- ကြံ တတ်သိတတ်သော ပစ္စေကဗုဒ္ဓါ သာဝကတို့ထက် ဆထက်ချီးဝှဲ လွန်ကဲထူးမြတ် ကြံစည်သိမြင်တော်မူတတ်၏၊ မနောမယံ ဂိုဟိ တော-အရံကျောက်ခေါင်း ရှမ်သောင်း လေးမဟောင် ဝေဘူ တောင်ဦးရောက်သော မနောမယ ပတ္တမြားရတနာကဲ့သို့ လိုရာ သောအကျိုးကို ဖွံ့ဖြိုးကြီးမားစေတတ်သော၊ စိန္တာမဏိယော- စိန္တာမဏိဟု မည်ရှိဆန်းပြား မန္တရားအကျော်ဂါထာတော်သည်၊ အတုလပဝရဂုဏာခမ္ဘော- မနှိုင်းယှဉ်အပ် ထူးမြတ်သော ဘုရား ကျေးဇူးတော်ကို ပြတတ်သည်ဖြစ်၍၊ သဗ္ဗကာမရစိနော-အလုံး

ဆုံ့နသာအလိုဆန္ဒ ကြံသမျှကို အမြန်တခဏ ပွားစေကုတ်၏၊ ပုရိဏော- နလုံးအလိုကို ပြည့်စေတတ်၏၊ စိန္တာမဏိ-ယှုတပါး တို့ စိတ်အကြံကို အမြန်သိစေတတ်၏၊ ဗြဟ္မသိဒ္ဓေါ- မန္တာန် တော်၏ ဣဒ္ဓိပါဒ်ကြောင့် ကောင်းမြတ်သော အကျိုးကို ပြီးစေ တတ်၏၊ ပဝရော-လွန်ကဲထူးမြတ် တောင့်တအပ်၏၊ တြိဘူပန သွာရော-ဘုံသုံးပါး၌ သွားခြင်းကောင်းသည်ဖြစ်၍၊ သုဂတော- ကောင်းကျိုးတရား အလွန်သွားသည်၊ဟောတိ-ဖြစ်၏၊ သဗ္ဗဝေရီ နံ-အလုံးစုံမကြွင်း ရန်ခပင်းတို့ကို၊ နိဝါရဏော- စောင့်ရှောက် ကွယ်ငြား မြစ်ခါတားသည်၊ ဟောတိ-ဖြစ်၏၊ အကာလမရဏ နိဝါရဏော-သေချိန်မတန် သေရန်ကာလ ချိန်မကျဘဲ သူ့ဘပါး လုလ္လ ပယောဂဒဏ်ချက်နှင့်အသက်သေခြင်းကို တားမြစ်တတ်၏၊ မတုဝဍ္ဎနာ-သေမင်းအားကို လှည့်ဖြားသွေးဆောင် တတ်သည် ဖြစ်၍၊ ဒီဃာယုကော-အသက်ရှည်ခြင်း အကျိုးတရားကို တိုး ပွားစေတတ်၏၊ သိဒ္ဓိကရော- လောကအပြီးအစီး သိဒ္ဓိကြီးကို ပြုတတ်ပေ၏၊ ပုညဝဍ္ဎနော- ဘုန်းတန်းတိုး၍ ဘုန်တန်ခိုး ကြီး မားခြင်းကို ပွားစေတတ်၏၊ မဟာတေဇော- တန်ခိုးပွား၍ ကြီးမားစေတတ်၏၊ မဟာယသော- အလွန်ကျော်စော၍ ကြီး မားသော အခြံအရံကို ပွားစေတတ်၏၊ ဘဂျဝဍ္ဎနော-ကြက်သ ရေဘုန်းဂုဏ် အလုံးစုံတို့ကို ဖြစ်စေတတ်၏၊ ဒိဋ္ဌဓမ္မဝေဒနိယဘူ တော- မျက်မှောက်လက်ငင်း ခံစားရခြင်းအကျိုးကို ဖြစ်စေ တတ်၏၊ အရိယဖလဝရဓမ္မာ - အရိယဖလဉာဏ်- မွန်မြတ်သော တရားနှင့် ပြည့်စုံသော၊ ဝိသုဒ္ဓိဉဝေါ-ဝိသုဒ္ဓိနတ် ဖြစ်တော်မူ သော၊ နရာသဘော-ဗြဟ္မာလူနတ် ပူဇော်အပ်၍ မြတ်ထက်မြတ် ဖြစ်တော်မူသော၊ အနန္တသမ္မာသမ္ဗုဒ္ဓေါ- အဆုံးအပိုင်းအခြား

မရှိ သိဇာဘော်မူသော မြတ်စွာဘုရားသည်၊ မံ-အကျွန်ုပ်ကို၊ ပါလေယတု-စောင့်ရှောက်နိုင်စွမ, တော်မူစေသတည်း၊ ပရမေသွာရော-ပရမေသွာအမည် သာသော၊ မဟာဒေဝေါ-နတ်မင်းကြီးသည် မံ-အကျွန်ုပ်ကို၊ ပါလယတု-စောင့်ရှောက်နိုင်စွမ,တော်မူစေသတည်း၊ ဂဏာဓိပတ္တာ-အမျိုးမျိုး ဂိုဏ်းဦးစီး ဖြစ်တော်မူသော၊ ဇာနန္ဒော- သိကြားမင်းသည်၎င်း၊ ဗြဟ္မာ- ဗြဟ္မာမင်းကြီးသည်၎င်း၊ မဟေသွာရော - မဟေသွာရမည်သော နတ်မင်းကြီးသည်၎င်း၊ ဘူမိဝသုန္ဓြော - မြေကိုစိုးပြား မြေနတ်သားသည့်၎င်း, မေ-အကျွန်ုပ်အား၊ ဇယဒေါ- အောင်ခြင်းအရေးကို ပေးတော်မူစေသတည်း။

မဥ္ဇူသကော-ဂန္ဓမာဒန မြဂူဝဲ့ မဥ္ဇူသကနတ်ပန်းပင်ကို အစဉ်စောင့်သော နတ်တို့သည့်၎င်း, သီရိဝါသော-ကန္တာရတောလမ်း ခရီးကြမ်း၌ စောင့်သော နတ်တို့သည်၎င်း, မဏိမေခလာ-မဏိမေခလာ သညာတွင်ပြီး သမုဒ္ဒရာစောင့်နတ်သမီးသည်၎င်း, အာကာသဒေဝေါ- ကောင်းကင်မိုးကို စောင့်စိုးပေတတ် အာကာသ၌ နတ်တို့သည်၎င်း, ရုက္ခဒေဝေါ- သစ်ပင်လှမ်းမိုး ရုက္ခစိုးနတ်တို့သည်၎င်း၊ နာဂေါ-ဝိရူပက္ခစသည်ဒဇမျာ: နတ်နဂါးအပေါင်းတို့သည်၎င်း၊ သုပဏ္ဏော-ငှက်ကိုအုပ်ခြုံ ဂဠုန်အပေါင်းသည်၎င်း၊ဂန္ဓဗ္ဗော-ဂန္ဓဗ္ဗနတ်အပေါင်းတို့သည်၎င်း၊စတုလောကပါလာ- စတုလောကပါလနတ်မင်းကြီးလေးယောက်တို့သည်၎င်း၊ သူရိယော-သူရိယဟု နာမထင်ရှား နေ့နတ်သားသည်၎င်း၊ စန္ဒိမာ-စန္ဒိမဟု မည်ရထင်ရှား လနတ်သားသည်၎င်း၊ နက္ခတ္တရော-နက္ခတ်ဘုံ၌ ခိုလှုံသောင်းသောင်း နတ်အပေါင်းတို့

သည့်ရင်း၊ ဟိမဝန္တော ဟိမဝန္တာတောင်၌ စိုးဆောင်ခိုအောင်း နတ်မြတ်အပေါင်းတို့သည်ရင်း၊ သိနေ့ရုပဗ္ဗတော-မြင်းမိုရ်တောင်၌ စောင့်ဆောင်ပျော်အောင်း နတ်မြတ်အပေါင်းတို့သည်ရင်း၊ စက္ကဝါဠသိလုစ္စယော- စကြဝဠာတောင်၌ စောင့်ဆောင်ပျော်အောင်း နတ်မြတ်အပေါင်းတို့သည်ရင်း၊ သတ္တပဗ္ဗတော-တောင်စဉ် ခုနစ်ထပ်၌ စောင့်ကြပ်ခိုအောင်း နတ်မြတ်အပေါင်းတို့သည်ရင်း၊ ဂင်္ဂါယမုနာ အစိဝရတီ မဟီ သရဘူစ-ဂင်္ဂါယမုနာ အစိဝရတီ မဟီသရဘူ ငါးဆူမြစ်ကြီး စောင့်စည်းပျော်အောင်း နတ်မြတ်အပေါင်းတို့သည်ရင်း၊ ဇမ္ဗူရုက္ခော-ကျွန်းဦးသပြေ စောင့်နေခိုအောင်း နတ်မြတ်အပေါင်းတို့သည်ရင်း၊ ကဒမ္ဗော-ကျွန်းဦးထိန်ဝေ စောင့်နေခိုအောင်း နတ်မြတ်အပေါင်း တို့သည်ရင်း၊ ကပ္ပရုက္ခော - ကျွန်းဦးပဒေ စောင့်နေခိုအောင်း နတ်မြတ်အပေါင်းတို့သည်ရင်း၊ သိရိမသာ-ကျွန်းဦးညွန့်ရှင် ကုက္ကိုပင်၌ စောင့်နေခိုအောင်း နတ်မြတ်အပေါင်း တို့သည်ရင်း၊ ပါဠလိ-အသူရာပြည်ခွင် သခွတ်ပင်၌ စောင့်နေခိုအောင်း နတ်မြတ်အပေါင်းတို့သည်ရင်း၊ သိမ္ဗလိ-ဂဠုန်ပြည့်ခွင် လက်ပံပင်၌ စောင့်နေခိုအောင်း နတ်မြတ်အပေါင်းတို့သည်ရင်း၊ ပါရိဆတ္တကော-ဝဟိန်သာတွင် ပင်လယ်ကသစ်ပင်၌ စောင့်နေခိုအောင်း နတ်မြတ်အပေါင်းတို့သည့်ရင်း၊ ဆဒ္ဒန္တော-ဆဒ္ဒန်အိုင်ကြီး၌ စောင့်နေခိုအောင်း နတ်မြတ် အပေါင်းတို့သည်ရင်း၊ ဧရာဝဏ္ဏော-အဆင်းထူးချွန် ဧရာဝဏ် နတ်မင်းသည်ရင်း၊ ဥသဘော-ဇဝနာသဘာ နာမထင်လင်း ရှင်နတ်မင်းသည်ရင်း၊ ဧတေဒေဝါ- ဤဆိုအပ်ခဲ့ပြီးသော အသီးသီးသော နတ်မြတ်အပေါင်းတို့သည်၊ ဧကေပုတ္တံဝ-ရင်၌ပေါက်ဖွား တယောက်တည်းသော သားကဲ့သို့၊ မံ-

အကျွန်ုပ်ကို၊ သမ္ပာလေန္တု-ကောင်းစွာ ချီးမြှောက်စောင့်ရှောက် မပါဆေသတည်း၊ သီရိဒေါ-အသရေကိုပေးတတ်သော၊ ဝေပုလ္လ ပဗ္ဗတပဿော- ဝေပုလ္လတောင်၌ရောက်၍ အရံကျောက်ပေါင်း ရှစ်သောင်းလေးထောင် မကဆောင်သော၊ မနောဟရော-စိတ် နှလုံးကို ယူကျုံးဆောင်ယူစေတတ်သော၊ မဏိရတနံဝိယ-ရေ နောက်မြူနည်ကို ကြည်စေတတ်သော မနောမယ ပတ္တမြား ရတ နာကဲ့၊ သဗ္ဗကာမပူရဏော- အလုံးစုံသောအလိုဆန္ဒကို အမြန် တခဏ ပြီးစေတတ်၏၊ ဂုရုဂါရဝါဒိသဇ္ဈာယန္တာနံ-ဆရာမြတ်၌ ရိုသေလေးမြတ်ခြင်း စသည်ဖြင့် သရဇ္ဈာယ်ကုန်သော သူတို့အား၊ ပဝရော - အထူးသဖြင့် မြတ်သော၊ မန္တော - မန္တရားဟူ၍၊ သမ္မာသမ္ဗုဒ္ဓေန-မြတ်စွာဘုရားသည်၊ ဒေသိတော- ဟောတော် မူအပ်၏၊ အယံမန္တော- ဤမန္တရားကို၊ စိန္တနတ္တေန- အပိတ် အပင်အဆီးအတားမရှိ သိမြင်ကြံစည်တတ်သောအနက်ကြောင့်၊ စိန္တာမဏိယောနာမာတိ- စိန္တာမဏိ အမည်ရှိ၏ဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ ဣတိ-ဤသို့၊ တေံအယံမန္တော- ဤမန္တရားသည်၊ အာသန်-ငါ၏နေရာအရပ်သို့၊ အာဂမ္မ- လာလတ်၍၊ ဒီပါယဒီပါ ယ-မှီခိုကိုးကွယ်ရာဖြစ်ခြင်း ဖြစ်စေခြင်းငှာ၊ ဝသာယဝသာယ- အလိုကို ပြည့်ခြင်း ပြည့်စေခြင်းငှာ၊ တိဋ္ဌတုတိဋ္ဌတု-တည်စေ သတည်း တည်စေသတည်း၊ တဒါတုတဒါတု- ပေးစေသတည်း၊ ပေးစေသတည်း၊ စိန္တာမဏိရတနံ- စိန္တာမဏိရတနာ ဤဂါထာ သည်၊ မေ- အကျွန်ုပ်ကို၊ ပါလေန္တု-စောင့်ရှောက်နိုင်စွ မှုစေ သတည်း၊ဟုလုဟုလု-လျင်စွာလျင်စွာ၊ သွာဟယျ သုအာဟယျ- အောင်ခြင်းမင်္ဂလာ အောင်ချမ်းသာ အမျိုးမျိုးကို တိုးတက်စေ

သို့တည်း၊ သွာဟု ဟု သုဟု ဟု -များစွာကျေးဇူး ဂုဏ်အထူးကို ပွားလူး တိုးတက်ပါစေသတည်း။

## သြဘာစာရေးနည်း-ဖတ်နည်း
## သင်ခန်းစာ

ဘိသိက်ဆရာ ပြုလုပ်ရသည့်သူတို့ သိရှိမှတ်သားရန်မှာ ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီးများတွင်သြဘာစာကို စကားပြေဖြစ်စေ ကေပိုဒ်ရတုဖြစ်စေ ရတုပိုဒ်စုံဖြစ်စေ ရေးသား၍ ဖတ်ကြားချီးမြှင့်လေ့ရှိကြသည်။

သြဘာစာဖတ်ကြားရန် အချိန်မှာ ဆုံးမခန်းအပြီးတွင်ဖြစ်စေ သို့မဟုတ် ဆုံးမခန်းကို ဖြုတ်၍ ၎င်းအစား ၎င်းနေရာတွင် သြဘာစာကို ဖတ်ကြားရလေသည်၊ ထိုသြဘာစာကို ဆရာကိုယ်တိုင်ရေးသား၍ ဆရာကိုယ်တိုင် ဖတ်ကြားနိုင်က ကဝိတဆူပြီသ၍ ပညာရှိသုခမိန်အင်္ဂါနှင့် ပြည့်စုံလေသည်။

သြဘာစာရေးသားရန် အထောက်အထားများမှာ - ရတုပိုဒ်စုံဖြစ်ခဲ့မူ သုံးပိုဒ်ရေးရလေသည်၊ ပဌမအပိုဒ်မှာ သတို့သား၏ အမိအဘ အမျိုးအနွယ်နေရပ်နှင့် အကျင့်သီလ သိက္ခာသမာဓိ ဂုဏ်အကြောင်းခြင်းရာ အလုံးစုံတို့ကို ဖွဲ့ဆိုသီကုံးရလေသည်။

ဒုတိယ အပိုဒ်မှာ— သတို့သမီး၏ အမိအဘ အမျိုးအနွယ်နေရပ်နှင့် အကျင့်သီလ သိက္ခာသမာဓိဂုဏ် အကြောင်းခြင်းရာ အလုံးစုံတို့ကို ဖွဲ့ဆိုသီကုံးရလေသည်။

•တတိယ အပိုဒ်မှာ—ထိုသတို့သား သတို့သမီး နှင့်ဦးတို့ကို ရှေးကမှာဦးသူတို့ထုံးတမ်း လက်ထပ်ထိမ်းမြားရခြင်းအကြောင်း၊ ထိမ်းမြားသော ခုနှစ်သက္ကရာဇ် လ ရက် နေ့ ရာသီဥတု ရာသီပန်း စန်းယှဉ်နက္ခတ် သက်တော်ရှည်ကြောင်း ဘုန်းတော်ကြီးကြောင်း အန္တရာယ်ကင်းကြောင်း ဥစ္စာစီးပွားများပြားကြောင်း၊ အသက်ရာခကျော်အောင် တူစုံမကွာ ပေါင်းဖက်နိုင်စေကြောင်း စသော ကဏ္ဍသုခမင်္ဂလာရှိသော ဂုဏ်ရှိအလုံးစုံတို့ကို ဖွဲ့ဆိုသီကုံးရလေသည်။

ကေပိုဒ်ရတုမှာ—အထက်ပါအကြောင်းခြင်းရာအဖြာဖြာတို့ကို တပိုဒ်ဘည်းဖြင့် ဖွဲ့ဆိုသီကုံးရလေသည်၊ သို့ရာတွင်"၁၀၈" ပဒထက်မပိုစေရ။

စကားပြေမှာကား—အထက်ပါအကြောင်းခြင်းရာအဖြာဖြာတို့ကို စကားပြေဖြင့် ရေးသားသီကုံးရလေသည်။

ရတုရေးသားနည်းမှာ— မဲဇာ့တောင်ခြေ ရတုမျိုးကဲ့သို့ လေးလုံးစပ်ကဗျာ ဖြစ်စေရမည်၊ စာစီစာကုံးဥပဒေသာအရ ပဒ ဒေါသရှစ်ပါး, ဝါကျဒေါသကိုးပါး, ဝါကျတ္ထဒေါသခြောက်ပါး, ဂုဏ်ဆယ်ပါး, ဒိုဏ်းရှစ်ပါးတို့နှင့်အညီ ရေးသားနိုင်ပါက ပညာရှိ ကဝိတို့ ဂုဏ်အင်္ဂါနှင့် ပြည့်စုံ၍ ပဏ္ဍိတ်တဆူ မြောက်နိုင်လေသည်။

ရတုဆိုပုံဆိုနည်းမှာ—ငါးပေါက်သံကို ချိ၍ခံပြီးလျှင်အသံ အနိမ့်အမြင့် အချိအချတို့ကို ကျွမ်းကျင်နားလည်ရလေသည်။

## ကဝိလေးမျိုးအကြောင်း

ကဝိသည် လေးမျိုးရှိ၏၊ ထိုလေးမျိုးကား-စိန္တာကဝိ, သုတကဝိ, အတ္ထကဝိ, ပဋိဘာနကဝိ ဟူ၍ လေးမျိုးဖြစ်သည်၊ စိန္တာကဝိ-ကြံ၍တတ်သောပညာရှိ, သုတကဝိ-ကြား၍တတ်သော ပညာရှိ၊ အတ္ထကဝိ-အနက်အဓိပ္ပါယ်ကိုမှီ၍ တတ်သော ပညာရှိ၊ ပဋိဘာနကဝိ-ထိုးထွင်း၍ တတ်သောပညာရှိ ဟူ၍ လေးပါး ဖြစ်သတည်း။

သီရိဝိစိတ္တာလင်္ကာရကျမ်း ကဝိဥပဒေသ၌ နိစ္စာဝဂါဠ္ဌ ကဝိပုင်္ဂဝေဟိ ဝိစိတြဗ္ဘုတကာဝကာရံ ကပ္ပန္တဋ္ဌာယိ ခိလဇန္တု သာဒံ ကဗျင်္ဂသာရံ ဝိပုလံအဘာသိ။

အနက်။ ။ကဝိပုင်္ဂဝေဟိ-ကဝိမြတ်တို့သည်၊ နိစ္စာဝဂါဠ္ဌံ-အမြဲသက်အပ်ထသော၊ စိတြံ-ဆန်းကြယ်သော၊ ဝိစိတြဗ္ဘုတကာဝကာရံ-ထူးပြားဆန်းကြယ် အံ့သြဖွယ်သောစကား၏ တည်ရာဖြစ်ထသော၊ ကပ္ပန္တဋ္ဌာယိံ-ကမ္ဘာလုံး အဆုံးအရှည်တည်အံ့ထသော၊ ခိလဇန္တုသာဒံ- အလုံးစုံသော သာသနိက အသာသနိက ပုဂ္ဂိုလ်တို့သည် နှစ်လိုသာယာအပ်ထသော၊ ဝိပုလံ-ပြန့်ပြောထသော၊ ကဗျင်္ဂသာရံ-ကဗျာလင်္ကာကျည်းဟူသော အနှစ်ကို၊ အဘာသိ-သီကုံးစပ်ဆိုလေပြီ။

ကဝိမှိ ဘဝံ ကဗျံ။ ကဝိမှိ-ပညာရှိ၌၊ ဘဝံ-ဖြစ်သည်တည်း၊ ကဗျံ-ပညာရှိ၌ ဖြစ်သည့်။

ကဝီနံ အယံဝါကဗျာ။ ဝါ-တနည်းကား၊ ကဝီနံ-ပညာရှိတို့၏၊ အယံ-ဥစ္စာတည်း၊ ကဗျာ-ပညာရှိတို့၏ ဥစ္စာ။

ကဗျံ ဗန္ဓတီတိ ကဝိ။ ကဗျံ-ကဗျာကို၊ ဗန္ဓတိ-ဖွဲ့တတ်၏၊ ဣတိ-ဤသို့သော အကြောင်းကြောင့်၊ ကဝိ-ကဝိမည်၏၊ ကဗျာလင်္ကာစီကုံးတတ်သူကို ကဝိဟု ခေါ်သည်။

ဤတွင် ဩဘာစာ ရေးနည်းကို နည်းယူမှတ်သားကြစေရန် ကျွန်ုပ်ကိုယ်တိုင် ရေးသားခဲ့သော ဩဘာစာရတုများနှင့် ကျော်စောထင်ရှားသော ပညာရှိပုဂ္ဂိုလ်ကြီးများ ရေးသားသော မင်္ဂလာဩဘာစာတို့ကို နည်းရစေရန် နမူနာကို အောက်တွင် ထည့်သွင်းဖော်ပြပါအံ့၊ ပညာလိုလား အမျိုးသားတို့သည် ကျိုးစား၍ ဆည်းပူးကြစေကုန်သတည်း။

ကြို့ပင်ကောက်မြို့
ဆန်စက်ပိုင် မောင်ကျော်ရှိန်နှင့် ခင်အေးကြည်တို့
ထိမ်းမြားမင်္ဂလာပွဲတွင် ဖတ်ကြားသော

# သြဘာစာ-ကေပိုဒ်ရတု

(၁၃၀၄-ခုနှစ် တပို့တွဲလဆုတ် ၁၃-ရက်)
ရေးသားသူ-ဆရာဇ္ဈန္တာဝဇီရ

ရှေးထုံးမသေ့ ပြုမြဲပေတည့် ရက္ခေဓမ္မာ မိဘတာဟု ကမ္ဘာမဆွ ဖြဟ္မာစ၍ ကာလမှာနှောင်း အချိန်ပြောင်းသော် မိကောင်းဘခင် သည်းချာရင်နှစ် ဖြပ်တုံလစ်၍ ပွင့်သစ်စ,ကြာ ပဒုမ္မာလို ကြုံလာဝမ်းမြောက် ကြို့ပင်ကောက်တွင် ထွန်းတောက်သမ္ဘာ စိုးဇံခေါင်းရှာ၍ သဒ္ဒါကြည်ရွှင် စက်ပိုင်ရှင်ဟု မြော်မြင်ဆိုဆို ဦးဖူးညိုနှင့် ကုသိုလ်ဆက်ခံ ဒေါ်သက်နှံ့တို့ မျက်ပျံပတ္တမြား ရင်ဝယ်ဖွားသည့် သားသတိုးစိန် မောင်ကျော်ရှိန် ကို ဂုဏ်သိန်မချို ဤသည့်မြို့တွင် မြေပိုင်ရှင်ဟု ဂုဏ်အင်တာလီ စုံအညီဖြင့် ဟုန်သည်အလုပ် စွမ်းအန်ထုတ်၍ မယုတ်သီလာ ဘာဝနာကို မကွာပြုလို ဦးစိုးအိုနှင့် ကုသိုလ်ဆင့်ဆင့် ဒေါ်ဒေါ်တင့်တို့ နှစ်ပွင့်သက်စု မပျက်ပြု၍ မျက်ရှုမငြိုး သွိုးရတနာ အလိမ္မာဂုဏ် လူမျိုးစုံ၍ ထုံးပုံညီကာ ဝိသာခါလို ပညာပြည့်ညီ ခင်အေးကြည် တို့ နှစ်လီနှစ်ပါး တင်မြှောက်စား၍ စုလျားမသေ့ နှစ်ပြားရွှေဝယ် ဂဟောစွဲဟပ် ဆက်ခါစပ်သို့ မပြတ်ကြည်ဖြူ ဒီဇမ္ဗူတွင် မဘူခမ်းနား အောင်စုလျား၍ နှစ်ပါးမောင်နှံ ဘိသိက်ခံသော် အောင်သံရွတ်ဖတ် ဤရက်မြတ်၌ မပြတ်စဉ်လာ ဘုံသီဟာတွင်

လွှမ်းခြုံသဒ္ဓါ ရစ်ပတ်ခါဖြင့် မေတ္တာဇာချစ်ပန်း တူဆင်မြန်း၍ ရှင်လန်းမပျက် အသက်ရာကျော် ရှည်ကြောင်းမြော်သား မဟော်အမယာ ကဲ့ပမာသို့ ပညာကြွယ်မျှ ရှိပေကြလျက် နေပြည့်ဖြိုး လိုလိုတိုး၍ ရွှေမိုးပေါက္ခရ အင်္ဂနိဋ္ဌမှ သွန်းချရွာစေ ဒ်ပါမြေလည်း ခြွေရွှေခပင်း တေဇောလင်းလိမ့် အောင်ခြင်းနိစ္စံ ဆုလေးတန်ကို ကေန်ကေ ရကြီးရလျက် ဇေယျဇေယျာ ဘိသိက်ဖြာသည် အောင်ပါစေသော အောင်စေသော်။

ဤကေပိုဒ် ရတုကို နည်းမှီး၍ မျိုးတူဆင်ကဲ့ တပုဒ်သတ်သတ်ရေးလိုက ရေးနိုင်ကြသည်၊ သို့မဟုတ် ဤရတုကိုပင် အဆင်ပြေအောင် အမည်များကို လွှဲပြောင်း ထည့်သွင်းပြီးလျှင် ရေးသား၍လည်း ဖတ်ကြားနိုင်ကြသည်။

## ငပေါင်းတည်မြို့
## မောင်ဘကြည် နှင့် မခင်အေး
## တို့
## ထိမ်းမြားမင်္ဂလာသဘင် ဆင်ယင်ကျင်းပရာတွင်
## ဖတ်ကြားသော
## ဩဘာစာ - ရတုပိုဒ်စုံ

ဆန္ဒာနုရက္ခ-မဂိုဏ်း၊ သေဋ္ဌဝံသ (၅၇) ပဒအညီ

ရေးသားသူ ဆရာ ဇနန္ဒာဝဇီရ

(၁) ဘောင်ကျွန်းလက်ျာ စက္ကဝါဟု မျက်နှာရွှေစည် ဘွဲ့မဟီတွင် နေတည်ထင်ရှား မြတ်ဘုရား၏ ဓာတ်သား မွေ့သမိ ရွှေစေတီကို မည်သမုဒ္ဒာန် မြသိန်းတန်ဟု စိန်းလျှံကွန့်လည် ခြောက်ရောင်ခြည်ဖြင့် ခြောက်လည်ရွှေဘုန်း အံ့မဆုံးတည့် ရွှေကုန်းဌာန မြို့ဒေသတွင် လေးဝ သမ္ဗဇဉ် ပြည့်စုံလင်၍ စက်ရှင်ဒေမြပိုင် ကျော်နံ့ကြိုင်သား ခရိုင်ရေကြော် လွယ်လိုသောဖြင့် ဇောတိကာရုံ နိဗ္ဗာန်ဘုံကို အာရုံဆောင်တ ကျောင်းအမဟု သွန်းချရေစက် ဒေါ်နှင်းသက် ၏ ဘယက်သည်းချာ မြေးရတနာတည့်, တာဖြာထိမ့ ပိဘာဖကား သီလဖြိုးသစ် ဦးဘိုးနှစ် နှင့် ကြည်ချစ်မယွင်း ဒေါ်စိန်နှင်း တို့ ရင်တွင်းပတ္တမြား ပုတ္တာသားတည့်, ထင်ရှားမြန်ဘုံ ပညာစုံသည့် ရန်ကုန်တက္ကသိုလ် ထက်ဗဟိုတွင် မြွက်ဆိုဖြိုးသောင်း ကျောင်းသား ဟောင်းတည့်, သောင်းဇမ္ဗူတွင်း စက်ပိုင်မင်းဟု ပြန့်သင်းနာမည် မောင်ဘ

ကြည် နှင့် မည်ရည်ဆောင်ယောင် " မင်းမျှော့ဘောင်တွင် ဝင်း ပြောင်ဏ္ဍန္နိ စိန်ရတီနှင့် သိင်္ဂီအလား ဂဟေသားတို့ စုလျား ဆင်မြန်း ဘိခသဖြန်းသည်။ ။ရောင်လျှမ်းဖိတ်ဖိတ် ရည်ဖွေ့ သောဝ်။

(၂) ရောင်ထွန်း ယှက်ဖြာ ထက်ဝလာတွင် ဘဝဂ္ဂါထိ ကျော်ကိတ္တိဖြင့် သီရိကြက်သရေ ငှါး၀ှါးဝေသား တက်နေသူရိန် ပုံအရှိန်သို့ ဂုဏ်သိန်ကြည်လင် ရာဇဝင်တွင် ဘုရင်မင်းခေါင် ဒွိတခပေါင်တို့ တည်ထောင်အညီ မြို့ပေါင်းတည်၍ သောင်းချီဆိုင် ဆိုင် ဘွေခရိုင်တွင် မြေပိုင်ကျောင်းအမ လူ့ဒါနနှင့် ပုညဝသီ ဒေါ်ရွှေပိ ၏ စုံညီမယွင်း မြေးအရင်းတည့်သတင်းနံ့ကြိုင် ဆန် စက်ပိုင်ဟု မလေးဆိုင်ပြဟွမ်စိုရ်ရှိ ဦးဖူးညို ၏ ကုသိုလ်ညီမျှ ရင်းတူမ တည့်ကြီးလှသီခေါင် မြင်းမိုရ်ခတောင်သို့ ပုံဆောင်နိုင်းယှဉ် အလား တူလျှင် မျှားလူတဝေး စက်သူဌေးဟုမည်ပေးဂုဏ်သိန် ဦးကြင်စိန် နှင့် ယှန်အိမ်အသွင် ဒေါ်ညိမ်ရင် ့တို့ ရေစင်မေတ္တာ သွန်းလျက် ရှာသား ရတနာခိဘာ ချစ်မဝသည့် သင်္ဂြိုဟ်နှံ့ဖူး ရုပ်ရည်ထူးဖြင့် ကြော့မှုံးနှုတ်ဆွေ့ 'ဆိုလောက်ပေသား ဏ္ဍန္ဒေသိက္ခာအလိမ္မာနှင့် ပညာဘာဂီ စုံပြည့်ညီသည့် စန္ဒီယှန်သွေး ခင်ဒေအးအေး ကို စဉ် ရှေးသဘာဝ ဝိဝါဟ်ဖြင့် ကမ္ဘာ့ထုံးတမ်း အောင်ဆုမှန်းသည်။ ။ ဆောင်ခမ်း ကျိတ်ကျိတ်စည်ပေသောဝ်။

(၃) အောင်ခွန်းဆက်သာ ့အောင်စေရာဟည့် အောင်ရာ ကဲဆင့် အောင်ပန်းပွင့်၍ အောင်ခွင့်နှစ်သွယ် မောင်နှင့်မယ်လျှင် တင့်တယ်သဘင် ပွဲကြီးယင်လျက် အောင်မြင်ဘိသေ မေတ္တာရေ ဖြင့် သပြေညွန့်ဆိုင် နေဇာခိုင်တည့် သင်းကြိုင်ပန်းစုံ တထုံထုံ

လျှင် ကြိုက်ကြုံမင်္ဂလာ သိဒ္ဓိခါကား အင္ဂါနဝ ဒွါဒသတည့် မာသအလို ထက်ဗဟိုတွင် ဝ ါဆို ကရကဋ် လထွဋ်မြတ်မို့ နံ့ဇရတ် ခိန် ယုန်နန်းအိမ်လည်း ဝင်းထိန်အလျှံ အာဇာဘယ်မှာ ပုဗ္ဗာသဠ် နှင့် ယှဉ်ပြိုင်သင့်၍ ဆန်းတင့်မပျက် ၁၁ ရက်ဝယ် ပန္နက်ဂဟော ဧရှနန်းစွေလျှင် မခေသွမင့် ခိုင်ခိုင်ဖွဲ့၍ နွဲ့တာသိဒ္ဓိ ချစ်ချင်းညီ သား ကြည်ကြည်အေးအေး လွှန်မြတ်လေးလျက် ကြည်အေး နှစ်ပါး သွီးသားတို့ စိန်ကားထိန်တောက် တောင်ရှိမောက်လျက် ယူဧကောက်မနိုင် တပြိုင်ပြိုင်လျှင် ဂနိုင်ဟောဝန် ရေတံခွန်နှင့် စေ့သွန်ဖြိုးဘိ မိုဃ်းတရှိလျှင် သိဒ္ဓိရှောယျော် သက်တမ်းသော်မူ ရာကျော်စွန်းလင့် သွန်းသွန်းမြင့်၍ ရှန်းတင့်တေဇိန် ပုဏ္ဏမိန်သို့ လင်းထိန်သစ်ဆန်း ဂုဏ်ပွင့်လန်းသည်။ ။ အောင်ပန်းဘိသိက် တည်စေသော၀။ ။

ဖျာပုံမြို့
မောင် ဖေ သန်း နှင့် မ အေး ရီ တို့ ၏

# လက်ထပ်မင်္ဂလာ–ဩဘာစာ

(ယခုအခါ မင်္ဂလာပွဲများ ပေါများသဖြင့် အနည်းငယ်ပြင်၍ရင်း၊ နမူနာရရန်ရင်း မှတ်သားလောက်သော ဤမင်္ဂလာ ဩဘာစာ တမ်းကို ထည့်သွင်းလိုက်ရကြောင်း)

(ရေး သျှ-မိုလ် ဂျ လေး ဦး သက် ရှ)

လေးကျွန်းဒီပ ဝေဘွဲ့ချက်ချာဝယ် ယူဇနာပေါင်း သင်္ချာ လောင်းသော် ရှစ်သောင်းသေးထောင် အမြင့်ဆောင်လျက် ငွေ ရောင်ဘော်စင် ပမာသွင်ဖြင့် ရွှေစွင်ပြူဗွာ ကွန့်ကွန့်ဖြာ၏၊ ဒိသာ ပစ္ဆိမ နောက်ရပ်ကမူ မြ၏အဆင်း မြူးကြွလင်းလျက် တောက် ပင်းလျှံကြွား တောင်နံပါးဝယ် ပျံ့လွှားရောင်ရှိန် တထိန်ထိန် တည့်၊ ဂူန္ဒနီလာ စိမ်းညိုပြာသား ဥတ္တရာတွင် မြောက်ရပ်ခွင်၌ ဝေလွင်တင့်ဆန်း ရွှေရည်ဖြန်းသို့ မခန်းအံ့ဖွယ် လေးရောင်ခြယ် သည့် အလယ်ဗဟို တောင်မြင့်မိုရ်ထက် မာန်လိုမ့်ဲနတ်တင်း ရန် ခပင်းတို့ ခင်းကျင်းကြုံခိုင် တပ်ချင်းဆိုင်လျက် စစ်ပြိုင်ခြင်းမှ မငုံကြသဖြင့် အယုဇ္ဈတွင် ဒေဝရင်၏ ပျော်ရှင်စံမြန်း ဝတိန်း နန်းသို့ မှတ်တမ်းတင်ခါ ပူလောက်ရာသား တေဇာတွဲ့တွဲ့ ဇေယျာခဲ့သည့် မည်ပွဲတန်ဆောင် မြိုမြန်အောင်ဝယ် ဂုဏ်ရောင် တောက်လင်း အင်စက်တော်မင်းဟု သတင်းပျံ့ဝေ ဦးမြဖေနှင့် မသွေကြင်ဖေါ် မင်းဘတော်လျှင် ထင်ပေါ်နာမ ဒေါ်ဒေါ်မြ

တို့၏ ပုတ္တနိုတုံ ချစ်ပန်းငုံတည့်, ဖျာပုံဒီစတြိတ် ယုန်တော်ဆိပ်သို့ ဂုဏ်ဟိတ်ဂှဲချီး ငွေတိုက်ကြီးတွင် ဦးစီးဘွဲ့နှင်း ဝန်ထောက်မင်း လျှင် ဖြောင့်စင်းတရား ဦးလှိုင်ဘွားနှင့် စလျားဖွဲ့ကျူး ကတော်မှူးကား မည်ထူးနှံ့သ ဒေါ်ဒေါ်လှ၏ မျှမေတ္တာနှင်း တူကျော့ ရှင်း တည့် လှော် ဝင်း ရွှေ စင် စံပြုတင်ရ ရုပ် သွင် တင့် ဆန်း မောင်မောသန်း ကို စိမ်းလန်းဝေဆာ ပြည်ဗာရာနှင့် ပမာနှိုင်းအပ် ဂုဏ်ဒြပ်တို့ ထပ်တူအရှိ ကျော်ကိတ္တိနှင့် သီရိဇေယျ မြို့ရွှေပုံဝယ် သုံးဘုံသကျ မြတ်ဗုဒ္ဓအား နေ့ညမဟူ လွန်ကြည်ဖြူလျက် အယူ ဖြောင့်စင်း တရားရင်းကို ယူသွင်းအစဉ် မြေပိုင်ရှင်ဟု ခေါ်တွင် ဘွဲ့ချီ ဦးဘိုးနီနှင့် တူညီခရီး မင်္ဂြမ်းမှီးမည့် ဇနီးမျက်ရှု ဒေါ် ငွေနုတို့၏ လှော်ဥသစ်သစ် ဇမ္ဗူရာဇ်မျှ ချစ်၍မဝ သွီးလှလျှင် ရှုပကြန်ညီ မအေးရီ နှင့် သိင်္ဂီလျှ ဝေ နှစ်ပြားရွှေကို ဂဟေစွဲကပ် မြှင့်ဒြပ်ဖြင့် လက်ထပ်မင်္ဂလာ ပွဲမဟာကား ကောဇာအဖြောင့် ဘေးမနှောင့်သည့် တထောင့်သုံးရာ ဆိုက်ကြုံခါတည့် အာကာ နဘန် ဝေဟင်ယံဝယ် ယုန်ပျံစကြာ ဝိသာခါတို့ ပက္ခာစခန်း ပြဿ နန်း၌ ယှဉ်မြန်းကွန့်လည် ပွင့်ငုံစည်သား လေးမည် တင့်ဆန်း စကားပန်းတို့ ကြိုင်လန်းဝေဝေ မြတ်စိန္တေကို မသွေလူတို့ ဦးညွှတ် ကြိုကြ မျိုးကျက်သရေ ခါဂိမ္မေလျှင် မဇ္ဈေမာသ ကဆုန်လဟု ဆန်းကြွဖို့းတက် ခုနစ်ရက်ဝယ် နက္ခတ်သျှင်္ဂီ နဘန်ဆီမှာ ကြန် ညီကြင်း ဓာတ်နဝင်းတို့ သန့်ရှင်းကြည်မွေ့ ကြွက်မင်းနေ့၌ ချမ်း မြေ့သာယာ ရေဇလာကို နေစာညွှန့်တက် သပြေခက်နှင့် စက် ပွေ့ခရု သွန်းဖြန်းပြုသည် ညွှန်းဆိုသြဘာ မင်္ဂလာသည် ဇေယျာ အောင်ခြင်းသို့ ဆိုက်ပေပြီ။

## သြဘာဆုမြွင့်စာတမ်း

ယင်းကဲ့သို့ ရက်မြတ်အတွင်းမှာ လက်ထပ်ခြင်း မင်္ဂလာ မြောက်ပေသော အကြင်ရတနာသျှောက် အောင်နယ် ကူးကြ သည့် မောင်မယ်နှစ်ဦး သန်း နှင့် ရီ တို့မှာ လျှမ်းတင့်သည့် တက် နေဝန်းလို ကျက်သရေထွန်းခါ သမ္ဘာအလျှံကြွ၍ ရတနာအနန္တ မရေမတွက်နိုင်ဘဲ အခြေအဆက်ခိုင်မြဲ ကြည်ဝေဖြိုးလျက် ဒီရေ တိုးသလို ငွေကြွယ်ဝသည့်ပြင် ဘေးတွယ်မခ ရန်ဘယာမကြုံဘဲ စန္ဒရာယုန် အရှိန်လင်းသကဲ့သို့ သိရ်သတင်း ကောဝိဒစန်းနှင့် ဇော တိကငြိမ်း မူအခြေမပျက်ဘဲ အလှူရေစက် လက်နှင့်မကွာအောင် ရက်ဆင့်မချာ ပြုနိုင်ကြဖို့ ဂုဏ်ပြုင်မရ အမှတ်ထားရသည့် မြတ် ဘုရားသာသနာကို ဒါယကာ ဒါယကာမ အဖြစ်နှင့် မဟာဒါန ခေတ်စိုက်ထူထောင်လျက် မိုက်မှုအဇမှောင် အနိဋ္ဌကင်း၍ စိတ် သမာအရင်း သာဓုအဝှန်ကြံပြီး အာယု ဝဏ္ဏ သုခံ ဗလံမှာ ကုသ လကံ တလက်လက်လျှမ်းလို့မို့ အသက်တမ်း တရာမောက်၍ ရတနာကျောက် ထိန်ဝေစွာဖြင့် ရွှိန်ပဒေသာ ပေါ်ပေါက်ကြိမ်ဖို့ မြှော်ထောက်ချိန် ဆုမြွတ်နှင်းပြီမို့ လူ့ရပ်ခပင်း စက္ကဝါဘိုက်မှာ ဒလက်ချာရိုက် ပဲ့တင်ခတ်မျှ တကဲ့ဘဝင်မောတ် ဇောမှာကြည်ပြီး ချွဲထွင်ဒြပ် ထောမနာ အံ့တည်ဖြင့် သြဘာစည် ရွှမ်းတော်မူကြ စေသောဝ်။

## သြဘာရတု - ကေပိုဒ်

အောင်ပွဲဆင်ရာ မင်္ဂလာတည့် ကဲဖြာဂုဏ်ဆီ သန်း နှင့် ရီတို့ သုညီပျံ့သင်း လှိုင်သတင်းဖြင့် ခိုင်မင်းပဒုံ ရေတွေကြုံသို့ နိတုံစတေ လနှင့် နေတည့် မြရွှေသိုနှယ် လွန်တင့်တယ်သား ငွေးကြွယ်နေ သိကြွားမသည့် ကာလချိန်ခါ ဆိုက်ရောက်လာ၏၊ ဇာတာ စန်းလဂ် ဒသာစက်လည်း မြင့်တက်ဖြိုးဝေ ကြက်သရေနှင့် မြူတေတန်ခိုး ဆင့်ဆင့်တိုးလိမ့် ငွေမိုးလည်းရွာ ပဒေသာလည်း မြေမှာပေါ်ပေါက် လိုလိုရောက်လိမ့် ဘေးပျောက်ရန်ကွာ ရောဂါကင်းပ ချမ်းကြည်မြ၍ ဗုဒ္ဓမြတ်စွာ သာသနာကို ရောင်ဝါထိန်လျှမ်း ပြုနိုင်စွမ်းလျက် ပေးကမ်းစွန့်ကြဲ နေ့မစဲလျှင် ညလဲမလပ် အထပ်ထပ်ဖြင့် ။ ဆည်းကပ်ရတနာ မြတ်သုံးဖြာကို မကွာကိုင်းညွှတ် အမြဲဝတ်ဟု မချွတ်ပြုနထွ ရှိနိုင်စေသား စီးထွေသွယ်ခမင်း သီဟနှင့် ဂေါဏဆင်မြင်း ပြွန်လေးစင်းမှာ သန့်ရှင်းကြည်လင် စမ်းရေစင်သို့ သွင်သွင်မစောင်း မေတ္တာလောင်း၍ ကျော်သောင်းကိတ္တိ သမာဓိနှင့် စွဲညိဖြောင့်တည် ရာသက်ရှည်လျက် မွေ့ကြည်သုခံ ချွေအာရုံနှင့် ပျော်စံကြီးမြင့် တင့်ထက်တင့်ဖို့ မြွက်ဖွင့်ဆုမွန် ထပ်ထပ်ညွှန်၍ ဖြန့်သွန်ဒစေတနာ သောသော ညာသည်— သြဘာ....အောင်ဟိတ်မြင့်စေသောဝ်။

## မင်္ဂလာသြဘာကေးထပ်

မောင်မယ်စုံ ဒြပ်ကြွားရဂိုး မှတ်အသားပြခါ နတ်သိကြွားမ လာသည်- ကြွသမ္ဘာ လျှံသို- ဇာတာစက် အံခါကြုံသည် ရတနာပုံ ဆိုက်မည့်ချိန်မို့- ဇောတိက သူဌေးမူကို ရေးတယူ

ဆိုစို့ ပေးအလှူပိုမိုဖို့ ထိုနှစ်ကိုယ့်ဂုံချယ်၊ သန်း နှင့် ရှိ ထူးစွာ ဆက်• ဖူးစာဖက် ရေးတတ်လေဘယ်၊ ကူးဖြာယှက် မွေ့ဒြပ် ကြွယ်သည် အေ ခေါ်နယ် ကြိမ်ဝင် ခ,တာမို့ တိမ်စင်လ ကျွန်း လကျာ်တခို ထွန်းလျက်သာအလို။ ။စွန်းအသက် တရာပိုမည် စာအဆို အောင်ခွန်းမို့လေး။

## ကျမ်းပြီးနိဂုံးနှင့် ဆုတောင်း

၁။ တွေ့ာဝတာစ နိဂ္ဂိတောယံ ဂန္ထာဒယော၊ ပဌမော ဘိသေကမင်္ဂလော။ နာနာဝိဓ သမုစ္စယော၊ဩလောကေတ္ဗာဝ လိဓိတော။

၂။ နိဋ္ဌိတောယံ ဂန္ထာဒယော၊ ယထာ သိဗ္ဗန္တု ပါကဋိနော၊သံကပ္ပါ အဘယေန တံ၊ပုညသန္တု ဉာဏစက္ခုနော။

၃။ တေန ပုညာနုဘာဝေန၊သဗ္ဗညုတံ လဘိတွာ ဝ၊ ပညာဓိက ဇိနေ ဟုတွာ၊ တာရေမျနာဂ တေ သတ္တေ။

အနက်။ ။တွေ့ာဝတာစ- ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်လည်း၊ နာနာဝိဓသမုစ္စယော- အထူးထူး အပြား ပြား များစွာသော လောကီလောကုတ္တရာ ကျမ်းဂန်တို့ကို၊ ပုန် ပုနံ- အဖန်ဖန်အထပ်ထပ်၊ ဩလောကေတွာဝ- အပြစ်မရှိ ကောင်းစွာ ကြည့်ရှု၍သာလျှင်၊ မယာ-ဇာန္ဒာဝဇီရ နာမသမုတ် အကျွန်ုပ်သည်၊ လိဓိတော- ရေးသားပြုပြင် စီရင်အပ်သော၊

အဘိသေကမင်္ဂလော-အဘိသိက်မင်္ဂလာအဖြာဖြာကို ဆရာဘွန်း ပေါက် ထိပ်တန်းရောက်အောင် တတ်မြောက်စွာလှ သံဘောရ ကို ပြရာပြကြောင်းဖြစ်သော၊ အယံဂန္ထာဒယော-ဘိသိက်အရာ မင်္ဂလာ၌ နောင်လာနောင်သား အကျိုးများဖို့ ရေးသားစီရင် အပ်သော၊ ပဌမော-ပဌမတွဲဖြစ်သော ဘိသိက်မင်္ဂလာ ကျမ်း မဟာသည်၊ အဘယေန-အဇ္ဈတ္တ ဗဟိဒ္ဓ စသည်အမှန် ဘေးရန် ဥပဒ် အန္တရာယ်မကပ်သဖြင့်၊ နိဋ္ဌိတော-နိဂုံးကမ္ပတ် အပြီးသတ် သတည်း။

အယံဂန္ထာဒယော- ဘိသိက်အရာ မင်္ဂလာ၌ နောင်လာ နောက်သားအကျိုးများဖို့ ရေးသားစီစဉ်အပ်သော ဤဘိသိက် မင်္ဂလာ ကျမ်းမဟာသည်၊ အဘယေန-ကိုယ်တွင်းကိုယ်ပ ရှိသမျှ မလပ် ဘေးရန်မကပ်သဖြင့်၊ နိဋ္ဌိတောယထာ-နိဂုံးကမ္ပတ် ပြီးဆုံး သတ်သကဲ့သို့၊ ထထာ-ထို့အတူ၊ ပါဏိနော-သက်ရှိ သတ္တဝါ ပေါင်းများစွာ၏၊ သင်္ကပ္ပါ- ကြံစည်ကုန်သာမျှ အဝဝတို့သည်၊ အဘယေန-အဇ္ဈတ္တဗဟိဒ္ဓ စသည်အမှန် ဘေးရန်ဥပဒ် အန္တရာယ် မကပ်သဖြင့်၊သိဇ္ဈန္တု- အလိုရှိသမျှပြီးငြိမ်းကြပါစေကုန်သတည်း၊ တံ-ထိုဘိသိက်မင်္ဂလာ ကျမ်းမဟာကို၊ ပဏ္ဍိတာ- ယုတ္တာယုတ္တိ ရှိမရှိကို သိကြမြော်မြင် ပညာရှင်တို့သည်၊ ဉာဏစက္ခုနာ-မောဟ သလာ ကင်းစင်ကွာဘိ ဉာဏ်မျက်စိဖြင့်၊ ပဿန္တု- အာရုံတပါး မပျံ့ပွားဘဲ မှတ်သားသတိ ကောင်းစွာရှိ၍ အမြဲကြည့်ရှုတော် မူနိုင်ကြပါစေကုန်သတည်း။

တေနပုညာနုဘာဝေန- ထိုဘိဿိက်မင်္ဂလာ ကျမ်းမဟာကို ကြိုးပမ်းတကုတ် အားပါးထုတ်၍ ပြုလုပ် စီရင်ရသောကောင်းမှု ကုသိုလ်၏အာနုဘော်ကြောင့်၊ အနာဂတေ- ဆုတောင်းတိုင်းပြည့် ကာလစေ့၍ ဖြစ်ရမည့်ကမ္ဘာ့ နောင်သောအခါ၌၊ သဗ္ဗညုတံ-သဗ်ါရ ဝိကာရ လက္ခဏာ နိဗ္ဗာန် တတန်ပညတ် ငါးရပ်အမှန်ဉေယျခံကို ဖောက်ပြန်မရှိ သိမြင်နိုင်တတ် သဗ္ဗညုတ ဉာဏ်တော်မြတ်ကိုးလဘိတွာဝ- ဧကန်မုချ မှန်စွာရပြီး၍သာလျှင်၊ ပညာဓိကဗ်နော- ပညာလွန်မြတ် ဝီရိယအလတ် ယုတ်မြတ်သဒ္ဓါ ပြည့်သောခါလည်း လေးဖြာ သံချေ့ သိန်းလွန်စေ၍ ပြည့်လေကာလဆုံးဘဝ၌ ဖြစ်ရမင်းပုဏ္ဏား မျိုးနှစ်ပါးတွင် တပါးပါးမှတ် မာန်အောင်လတ်၍ လေးရပ်သစ္စာ သိပါလုံးစုံ ဘုရားဂုဏ်ကို အကုန်ရရှိ ပညာဓိက မြတ်ဗိနသည်၊ဟုတ္ဘွာ- တောင့်တတိုင်းအမှန် ဧကန်ဖြစ်ပြီး၍၊ အနာဂတေ-ဘုရားဖြစ်ရ နောက်ကာလ၌၊ သတ္တေ-ကျွတ်ထိုက်သဗ္ဗ ဝေနေယျကြာ များသတ္တဝါတို့ကို၊ သံသာရသော တတော-သံသရာတည်းဟူသော ရေအယဉ် ဝဲဂယက်အပြင်မှ၊ နိဗ္ဗာနထလံ - သံသရာ၏တဖက် နိဗ္ဗာန်တည်းဟူသော ကျင်းကုန်းထက်သို့၊ အဟံ-ဥာနဒ္ဓဝဇီရ နာမသမုတ် အကျွန်ုပ်သည်၊တာရေမိ-အနိစ္စ,ဒုက္ခ,အနတ္တ, လက္ခဏာ ယာဉ် သုံးဖြာကို နိယျာနိကဓမ္မဒေသနာအမှုး အကြီးအဦးထား၍ ဟောကြား ဒေသနာမင်္ဂနာဝါဖြင့် မှန်စွာထုတ်ဆယ် ပို့ဆောင်ကယ်တင်နိုင်ရပါလို၏။

သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် သစ်ဆင်ရွာတွင် ဖွားရာဇာတိရှိသော "ဆရာဉာနဒ္ဓဝဇီရ"သည် ကျေးဇူးရှင် သခင်ကိုယ်

တော်မှိုင်းကြီး၏ နိသျည်းမဲ့နည်းဥပဒေသအတိုင်း စီရင်ရေးသား အပ်သော ဆရာဖြစ်သင် ဘိသိက်မင်္ဂလာ ကျမ်းသည် သက္ကရာဇ် ၁၃၁၂ ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက် အင်္ဂါနေ့ မွန်းလွဲ ၂·နာရီခွဲအချိန်တွင် အောင်မြင်ပြီးစီးသည်။

ပု–ဒိ–အာနှင့် ပြည်စုံ ရပါလို၏

ဆရာဖြစ်သင် ဘိသိက်မင်္ဂလာကျမ်း ပဌမတွဲ

ဤတွင်ပြီး၏

ဆရာဖြစ်သင့်

# ဘိသိက်မင်္ဂလာ

ကျမ်း

(ဒုတိယတွဲ)

ကင်ပွန်းတပ် မင်္ဂလာ ချီးမြှင့်နည်း

ဆရာဖြစ်သင်

# အဘိဓမ္မာ မင်္ဂလာကျမ်း

(ဒုတိယတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျမ်းဆရာ၏ ပဏာမ

သဒ္ဓာဟိတဝဟံ ဗုဒ္ဓံ ဓမ္မဥ္စာပိ ဂဏုတ္တမံ
ဝန္ဒိတွာဟံ ပဝက္ခာမိ မင်္ဂလာဟိတံ
သမုစ္စယံ။

## ပဏ္ဍာဒ်တ္တဂထာ

အနက်—သတ္တာဟိတဝဟံ-လူနတ်ပြဟ္မာ သတ္တဝါတို့၏ နှစ်ဖြာအကျိုး ပွားတိုးလောက်ဝ်အောင်ရွက်ဆောင်တော်မူလေ့ရှိထသော၊ ဗုဒ္ဓဉ္စ - မြတ်စွာဘုရားကိုလည်းကောင်း၊ ဥတ္တမံ - မြတ်စွာထသော၊ ဓမ္မဥ္စာပိ-မဂ်နှလေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ္တိတည်းဟူသော ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း၊ ဂဏဥ္စ-မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထသံဃာတော် အပေါင်းကိုလည်းကောင်း၊ အဟံ-

ဂုဏ္ဍာဝဇီရ နာမသမုတ် အံ့ဖွယ်ညွှန့်ပ်သည်၊ ဝန္ဒာမိ- ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ကံတော့ပါ၏၊ ဝန္ဒိတွာ-ရှိခိုးပြီး၍၊ သမုံစွယ် သမုစ္စယန္တော-အထူးထူးသော ကျမ်းဂန်တို့မှ ထုတ်ယူစုဆောင်း ပေါင်းရုံးပြုပြင် စီရင်အပ်ထသော၊ မင်္ဂလာဟိတံ- ထိမ်းမြားခြင်း နှင့် ကင်ပွန်းတပ်အဖြာဖြာ နားထွင်းမင်္ဂလာတို့ကို တွေ့ကမရွှန် ဉာဏ်ချည်ကွန့်၍ အဓွန့်မှတ်ဖွယ် နားဝယ်ချိုမြ ပီတိကြွလျက် နှစ်သက်အားရ မဟာပ္ပလအကျိုး ပွားတိုးလောက်စွာ "ဤဆရာ ဖြစ်သင့် ဘိသိက်မင်္ဂလာ ကျမ်းမဟာ"ကို၊ ပဝက္ခာမိ- နှောင်လာ နောက်သား မျိုးလေးပါးတို့ တိုးပွားရုဏ်ရောင် ဉာဏ်ရည်ပြောင် အောင် ထုတ်ဆောင်မြွက်ကြား ရေးသားစီရင်ပေတော့အံ့။

တနည်းပဏာမ

နမောဗုဒ္ဓဿ နမောဓမ္မဿ နမောသင်္ဃဿ
နမောဂန္ထကာရဿ .အာစရိယဿ
သခင်ကိုယ်တော်မှိုင်းတိနာမကော။

အနက်—ဗုဒ္ဓဿ–သစ္စာလေးဆင့် ဖွားဖွားစွင့်လျက် ပွင့်တော် မူငြား မြတ်ဘုရားအား၊ နမော-စေတနာဇောစူး မနောမြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကံတော့ပါ၏ အရှင်ဘုရား၊ ဓမ္မဿ-ဒေသနာ ပေါင်း ရှစ်သောင်းလေးထောင် အဆောင်များပြား မြတ်တရား အား၊နမော-စေတနာဇောစူး မနောမြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုး ကံတော့ပါ၏ အရှင်ဘုရား၊ သံဃဿ- များစွာထောင်သောင်း သံဃာတော်အပေါင်းအား၊ နမော- စေတနာဇောစူး မနောမြူး လျက် ကြည်နူးသဒ္ဓါ ရှိခိုးကံတော့ပါ၏ အရှင်ဘုရား၊ ဂန္ထကာ

ရသာ-ဒီပနီကျမ်း အခန်းခန်းကို ကြိုးပမ်းသမှု ရှင်လန်းစွာ ပြုတော်မူပေထသော ဝါ, ဠီကာဂဏ္ဌိ အမည်ရှိသည့် ပြည်၏ ကြက်သရေ အထွေထွေ အခန်းခန်း အစောင်စောင့်သော ကျမ်းတို့ကို ကြိုးပမ်းသမှု ရှင်လန်းစွာ ပြုတော်မူပေထသော၊ သခင်ကိုယ်တော်မှိုင်းတိ နာမကေ-ကမ္ဘာ့မဏ္ဍိုင်ကြီးပမာ, ကမ္ဘာ့ ကျွန်းကြီးပမာ, ကမ္ဘာ့အလင်းရောင်ကြီးပမာ, ကမ္ဘာ့ကြက်သရေ ကြီးပမာ, ကမ္ဘာ့တက်နေကြီးတဖြာ အရာမကများပြားလှစွာသော ဂုဏ်တော် ကျေးဇူးတော်တို့ကြောင့် ယုံကြည်အားထားရာတဆူ ဖြစ်ကြီး ဖြစ်တော်မူပေသည့်၊ အာစရိယသာ- ကျွန်တော်တို့ရဲ့ ကျေးဇူးတော်ရှင် ဆရာအရှင် သခင် ကိုယ်တော်မှိုင်း ကြီးအား၊ အဟံ-ဂန္ထာဝဇီရ နာမဘွဲ့ခံ အန္တေဝါသိက ပဉ္စဦးနှိမ် တပည့် တော် သခင် အောင်ချိန်သည်၊ နမော-ကာယဝစီ မနောချီ၍ သုံးလီစေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုး ကံတော့ပါ၏ ဆရာသခင် အရှင်သူမြတ်ဘုရား။

ဤဂါထာတို့ဖြင့် အန္တရာယ်တို့ကို ကွယ်ပျောက်ပျက်စီး စေခြင်း၊ ကောင်းကျိုးတရားတို့နှင့် ပြည့်စုံစေခြင်းငှါ ဘုရား ရဟန္တာ အရှင်မြတ်တို့မှ အဆက်မပြတ် အာစရိယ ပရံပရ သိဿနုသိဿ ဖြစ်တော်မူကုန်သော ဆရာ အစဉ်အဆက်တို့၏ ဖွယ်ရာလက်သုံး ထုံးတန္တုကို အမှီပြုပြီးသကာလ ပဏာမပုဗ္ဗက ဂန္ထာရမ္ဘ- ဝတ္ထုပုဗ္ဗက ဂန္ထာရမ္ဘ- အာသီသ ပုဗ္ဗကဂန္ထာရမ္ဘ သုံးပါးတို့တွင် ရတနတ္တယ ပဏာမ ပုဗ္ဗကဂန္ထာရမ္ဘကို ရှေးဦးစွာ ပြဆိုရခြင်း ဖြစ်ပါသတည်း။

## ဘိသိက်ဆရာနှင့် တူရိယာဆရာတို့ လိုက်နာရန် စည်းကမ်းများ

ဤအခန်းသည် ပဉ္စမတွဲတွင် ပါခဲ့ပြီးသော စည်းကမ်း အတိုင်းပင်ဖြစ်သည်၊ သို့ရာတွင် အစီအစဉ် အမှတ် ၄-မင်္ဂလာ ပြုသောအခန်းကွင် ထိမ်းမြားမင်္ဂလာ ချီးမြှင့်နည်းကို ထုတ်နုတ်၍ ၎င်းနေရာတွင် ကင်ပွန်းတပ် မင်္ဂလာ ချီးမြှင့်နည်းကို ထည့်သွင်း ပေးရမည်၊ အခြားအခန်းများတွင် ပဉ္စမတွဲနှင့်မတူ တမူစီ ခွဲခြားလျက် ရေးသားသည်ဖြစ်သောကြောင့် ဆရာတဆူ ပြုလုပ် လိုကုန်သော သူတို့သည် ကြိုးပမ်းတကုတ် အားအံထုတ်၍ မယုတ် တိုးပွား အကျိုးများအောင် ကြိုးစားကြစေကုန်သတည်း။

ပဉ္စမတွဲကို မတွေ့ဘူးသေးသော သူများအတွက် ငဲ့ကွက် သောက်ထား၍ ဤအခန်းတွင် ထပ်မံ၍သိသာရုံ ဖေါ်ပြပေအံ့။ ကင်ပွန်းတပ်မင်္ဂလာ အခမ်းအနားတို့တွင် ဆရာပြုလုပ်သောသူတို့ ဆောင်ရွက်ရမည့် အစီအစဉ်မှာ—

၁- ပဏာမအခန်း ၂- ဘုရားပင့်ခန်း ၃- အနန္တ ငါးပါး ကံတော့ခန်း ၄- ကင်ပွန်းတပ် မင်္ဂလာပြုခန်း ၅- ဒေဝပူဇနိယအခန်း ၆- ပုခက်ဘင် မင်္ဂလာချောင်း ဖတ်ကြား ခန်း ၇- ပစ္စည်းလက်ဖွဲ့ မင်္ဂလာပွဲသိမ်း ဆုပေးဟူ၍ ၇-ကဏ္ဍ ပိုင်းခြားထားရာ တူရိယာဝိုင်း ပါကဲ့၎သော် တခန်းတခန်း အပြီး တွင် တူရိယာဝိုင်းကို တကြိမ်တကြိမ် အလှည့်ပေးရမည်၊ တူရိယာ ဝိုင်းမပါသော် ဆိုင်းဆင့်ကို ချန်လှပ်ခဲ့ရမည်။

ဥပမာ- မယ်ဖွဲ့ မောင်ဖွဲ့ လင်ပျောက် မယားပျောက် အလွမ်းဖွဲ့ အဆွေးဖွဲ့ အဓိပ္ပါယ်သဘော ပါဝင်သက်ရောက်သော

သီချင်းများကို ခိုင်းသူလည်း မခိုင်းအပ်၊ တီးသူလည်း မတီးအပ်၊ အကယ်၍ ခိုင်းသူကခိုင်း၍ တီးသူကတီးအံ့၊ မင်္ဂလာရှင်တို့ကို ကြိမ်ဆဲဘိသကဲ့သို့ဖြစ်၍ သိသူက တားမြစ်ရာ၏၊ ခိုင်းသူများလျှင် တီးသူက တားမြစ်ရာ၏၊ တီးသူများလျှင် ခိုင်းသူက တားမြစ်ရာ၏၊ ပရိသတ်က သိလျှင် ပရိသတ်က တားမြစ်ရာ၏၊ မတားမြစ်သော် နှစ်ဦးစလုံး အပြစ်ရှိ၏၊ မင်္ဂလာရှင်တို့၌ ဒဏ်ဆယ်ပါး, အပြစ်ရှစ်ပါး, ဘေး ၂၅-ပါး သင့်တတ် ကျရောက်တတ်၏၊ မိမိတို့အမှားကိုမိမိတို့ဖြေမှ ပြေပျောက်ရာသည်၊ သို့မဟုတ်က မြွေစွာ နှောင်ဖွဲ့ဘိသကဲ့သို့ဖြစ်သည်ဟု လောကဟိတစသော ကျမ်းတို့၌ ဆိုသည်။

မင်္ဂလာရှိသောသီချင်းဟူသည်မှာ ဘုရင်နှင့်ကရာဇ်မင်းမြတ်များသို့ ဘုန်းတော်သမ္ဘာတော်ကို ချီးကျူးဖွဲ့ဆိုအပ်သော ထီးဖွဲ့ နန်းဖွဲ့ မြို့ဖွဲ့ ဘုန်းတော်ဖွဲ့ စသော သီချင်းများကို ဆိုသည်။

မင်္ဂလာမရှိသော သီချင်းဟူသည်မှာ လင်ပျောက် မယားပျောက် အပူဖွဲ့ အဆွေးဖွဲ့ အလွမ်းဖွဲ့ ငိုချင်းစသော သီချင်းများကို ဆိုသည်။

ဘိသိက်ဆရာ ပြုလုပ်သော သူတို့သည် မဟာဂီတဖက်၌ ကျွမ်းကျင်လျှင် ပို၍ကြက်သရေ မင်္ဂလာနှင့် ပြည့်စုံလေသည်၊ ကျွန်ုပ်သည် မဟာဂီတဖက်တွင် အတော်အတန် လိုက်စားခဲ့ဘူးသဖြင့် အဆိုအတီးတွင် ကျွမ်းကျင်ခဲ့သည့်အလျောက် မင်္ဂလာပွဲများတွင် တူရိယာ ဆရာတို့နှင့် ညှိနှိုင်းကာ မိမိခိုင်းမည့် ဆိုင်ရာဆိုင်ရာ သီချင်းများကို အကျော်းနှင့် တွဲဖက်၍ မာတိကာ ပြုလုပ်ပေးရလေသည်။

၁။ ဥပမာ- ပုဏ္ဏာမခဏ်း, ရွှေဘုန်း ငွေဘုန်းကြီး, မှန်ညောင်သဉ္ဇာကြီး, ကျွန်းကျွန်းပိုင်သကြီး, သို့မဟုတ် သဘင်း ငယ်ကြေညာ ဘုန်းတော်ဖွဲ့, တော်ကြီးယှဉ်ရာဖွဲ့, ထိုမှတပါး ဘုန်းဖွဲ့တခုခု။

၂။ ဘုရားပင့်ခဏ်း— ထူးမခြားနား, ရောင်ခြည်တော်ဖွဲ့ သို့မဟုတ် မာရဝိဇယဖွဲ့, စိန္တေကိုးသွယ်ဂုဏ် ပတ်ပျိုး, ရွှေပလ္လင် အောင်ကြိုး, ၎င်းအပြင် ရတနာသုံးပါးနှင့် စပ်ဆိုင်ရာသီချင်း တခုခု။

၃။ အနန္တငါးပါးကံတော့ခဏ်း— ဇေယျာအောင်ချာကြိုး, ရွှေဘုန်းငွေဘုန်းပပဝင်း ဘုန်းဖွဲ့ကြီး, စံရာတောင်ကျွန်း, သာနိုး ပျော်ဖွယ်ကြိုး ၎င်းဘုန်းဖွဲ့နှင့် စပ်ဆိုင်ရာသီချင်းတခုခု။

၄။ မင်္ဂလာပြုခဏ်း— ကင်ပွန်းတပ် မင်္ဂလာတွင် တူရိယာ ဆရာများက ပိမ္ပာလွဲချင်းခေါ် ယဉ်ဘောင်ချင်းများကို တီးနိုင် ကြရမည်၊ ထိုယဉ်တော်ချင်းများမှာ သိင်္ဂါရွှေရောင်ပတ်ပျိုး, ရွှေဘုန်းသမ္ဘာရှိန်ပတ်ပျိုး, မန်းအောင်မြေခင်းပတ်ပျိုး, ရေယမုန် ပတ်ပျိုး သို့မဟုတ် စိန်ခြူးအုံမှုညာရွှေ ယိုဒယား, စိန်မြလျှံခြယ် ယိုဒယား, သောင်းကျေးဒီပါဘွေ ယိုးဒယား ၎င်းပြင် ပုခက်တင် မင်္ဂလာနှင့် ဆိုင်ရာသီချင်းတခုခု။

၅။ ဒေဝပူဇနိယအခဏ်း—ဇမ္ဗူသိင်္ဂါပိုးပြက်, နတ်ပင့်ကြိုး, ပုံနှုန်းဝတိန်သာ နတ်ပင့်ကြိုး, ရွှေနန်းအောင်မြေ ၎င်းကြိုး, မာလာဂန္ဓာမွှေးမွှေးသင်းသင်း, ဒေဝဒူတနတ်ကြိုး။

၆။ ဆုမှခဏ်းမပါ— ထိုအခဏ်းတွင် ထိမ်းမြား မင်္ဂလာ နားထွင်းမင်္ဂလာတို့ကဲ့သို့ "ဩဘာစာရတု" နှင့် မသက်ဆိုင်ချေ၊ ကင်ပွန်းတပ်မင်္ဂလာ အခမ်းအနားတွင် ထည့်သွင်းချီးမြှင့်ရသော

မင်္ဂလာခရစ်ပါး၌ "ပုခက်တင်မင်္ဂလာ"ဖါဝင်သည်ဖြစ်ရာ "သြဘာ စာချင်း" ကို ရေးသားကြရာ၌လည်း မင်းပုဏ္ဏား ကုန်သည် ဆင်းရဲသားဟု ဆိုအပ်သော အမျိုးလေးပါးတို့၏ အတန်းအစား အလိုက် ဂုဏ်နှင့်ဒြပ် တထပ်ထည်း ဆက်စပ်မိလေအောင် ရေးသား နိုင်ကြရမည်၊ ရှေးမင်းအဆက်ဆက်တို့ လက်ထက်ဝယ် ပညာရှိ ကဝိစာဆိုတော်တို့ ဆက်သွင်းကြသော ချေင်းများကို နမူနာရစေ ရန် ၎င်းနှင့် စပ်ဆိုင်ရာ အခဏ်းတွင် ထည့်သွင်းဖော်ပြပါအံ့။

၇။ ကင်ပွန်းတပ် မင်္ဂလာ ပွဲသိမ်းဆုပေး— စိန်ကြောင်နီလာ ပတ်ပျိုး, မဏိကဥ္စနာပတ်ပျိုး, ဇေယျာအောင်စည် ပတ်ပျိုး, ရွှေတေဇာတိုင်းကြေညာပတ်ပျိုး။

၎င်းပြင်သက်ဆိုင်ရာ သီချင်းများ အများအပြားရှိသည်၊ သင့်လျော်ရာ ထုတ်နုတ်၍ သုံးကြလေ။

အထက်ပါညွှန်ပြလိုက်သော သီချင်းများမှာ ဦးပုံးချို၏ မဟာဂီတပေါင်းချုပ်ကြီးမှ ဖြစ်ပါသည်၊ ဘိသိက်ဆရာနှင့် တူရိ ယာဆရာတို့သည် ၎င်း "မဟာဂီတပေါင်းချုပ်ကြီး"ကို လက်ကိုင် ထားသင့်လေသည်၊ သို့မှသာ သူတာပါးတို့ရေပက် မဝင့်နိုင်အောင် ခိုင်လုံစိတ်ချရမည်။

## ဒီးဒုတ် ဦးဘချို၏

## လိုင်ထိပ်ခေါင်တင်ဆောင်းပါး

၎င်းပြင် ကွယ်လွန်သူခေါင်းဆောင်ကြီး အာဇာနည် ၇- ဦးတွင် အပါအဝင် ဒီးဒုတ် ဦးဘချိုသည် သက္ကရာဇ် ၁၃၀၅- ခုနှစ် ဝါခေါင်လထုတ် စာရေးဆရာ စာစောင်အမှတ် ၉-တွင်

ရေးသားခဲ့သော "လှိုင်ထိပ်ခေါင်တင်နှင့် ရေယမုန်" ဟူသော ဆောင်းပါးသည် ဤကျမ်းကင်ပွန်းတပ် မင်္ဂလာ အခမ်းအနား ပုခက်တင်မင်္ဂလာနှင့် အထူးသဖြင့် ဆီလျော်သက်ဆိုင်လှသည် တကြောင်း, နည်းမှီးလောက်သော ဆရာကြီး၏ လက်ရာကို မတိန်ကော မပျောက်ပျက်စေခြင်းငှာရင်း, ကင်ပွန်းတပ်မင်္ဂလာ ပွဲများတွင် ဆရာတို့ ထည့်သွင်း၍ အသုံးပြုနိုင်ရန် ထို "ပုခက်တင် မင်္ဂလာ ရေယမုန်" ဆောင်းပါးမှ သက်ဆိုင်ရာတို့ကို ထုတ်နုတ်၍ ကောက်ချက်ဖြင့် ဖော်ပြခဲ့ပေအံ့၊ ပညာလိုလား အမျိုးသားတို့ သည် ကြိုးစား၍ ဆည်းပူးကြစေကုန်သတည်း။

## လှိုင်ထိပ်ခေါင်တင်၏ အခြေခံပြု၍

## ဖွဲ့ဆိုထားသော

## သားလွှဲချင်းများကား

၁။ ရွှေပျိုင်းညို ရေချိုကန်ရိုး ထိုးတဲ့ငါးရှင် ကျောင်း အောက်ကို ဝင်လေးတယ်မှ မကြီးငယ် ရွှေစာသင်-

၂။ ကြောင်ပါးကြီးရယ်တဲ့ မြီးတန်တို အဆီကို စားပါ လို့ အသားကိုမျို ကြောင်အိုပေမွေး ကိုက်လိမ့်မယ် လေး-

၃။ ဟီးလေးရယ်တဲ့ ပေါက်ပင် ရေခပေါ်လွှမ်းတဲ့ ကန်စွန်းပင် နေငင်ခါနီး ကန်စွန်းသီး-

အစရှိသော အထက်ပါ တေးသီချင်းကလေးများဖြင့် မိခင်များသည် မိမိ၏ သားငယ်ကလေးများအား ပုခက်လွှဲ၍

ခလေးသိပ်ကြသည်ကို ကြိမ်ဖန်များစွာ တွေ့ဘူး မြင်ဘူးကြပေလိမ့်မည်။ သို့ကြောင့် ဤတေးသီချင်းမျိုးကို (သားချော့သီချင်း, ခလေးချော့သီချင်း)ဟု အမှတ်ထားကြကုန်၏၊ အမည်မှည့်ကြကုန်၏၊ ခေါ်ဝေါ်သမုတ်ကြကုန်၏။

မြန်မာတို့ ယဉ်ကျေးမှုဆိုင်ရာ ကဗျာလင်္ကာမှုတို့၌ကား သားချော့ကဗျာစုတို့သည် ချောင်း, ကျူးချင်း, လွဲချင်းဟူသော အမည်များကို ရရှိကြကုန်၏၊ ထီးနန်းစဉ်လာ မဟာဂီတဆိုင်ရာ သီချင်းစုတို့၌ကား ခလေးချော့သီချင်းများကို "ပိမ္ဘာသားကျူး" ဟူ၍၎င်း, "ပိမ္ဘာလွဲချင်း" ဟူ၍၎င်း, "ယော်တော်ချင်း" ဟူ၍၎င်း ခေါ်ဆိုကြကုန်၏၊ ကဗျာဂီတကိုဏ်းတွင် ထိုသို့သောအမည်များ ထင်ရှားရှိလင့်ကစား အရပ်သူအရပ်သားတို့ အစဉ်အလာ သုံးစွဲခဲ့ကြသည့် အထက်ဖော်ပြရာပါ သားချော့ တေးသီချင်းကလေးများမှာ "ကျူးချင်း, လွဲချင်း ချောင်း" စသော အမည်များကို မရရှာကြပေ၊ ထီးသုံးနန်းသုံးမဟုတ်သော အရပ်သုံး တေးသီချင်းများ ဖြစ်ကြသောကြောင့် "ခလေးချော့ သီချင်းကလေးများ" ဟူသော သာမညအမည် သေးနုတ်သောအမည် ခန့်ညားထယ်ဝါခြင်း မရှိသော အမည်ဖြင့်သာ နေကြရရှာပေ၏၊ မျက်နှာငယ်ကြရရှာပေ၏။

ထီးတွင်းနန်းတွင်း မင်းတို့ထုံးတမ်း မင်းခမ်းတော် ဆိုင်ရာတို့၌ကား သားတော်သမီးတော်ကလေးများ ဖွားမြင်တော်မူလျှင် မြပုခက်တင် မင်္ဂလာအခမ်းအနားများ ဆင်ယင်ကျင်းပမြဲ ဖြစ်သည့်အတိုင်း စာဆိုကော်ကဝိပညာရှိများက ထိုသားတော် သမီးတော်တို့ကို ချီးကျူးကာဆွေတော် စဉ်မျိုးတော်ဆက် ဘိုးလောင်းတော်၏ ဘုန်းလက်ရုံးတန်ခိုးအာဏာ၊ ဘေးလောင်းတော်၏ ဘုန်း

စကားလုံးတို့ဖြင့် ထီးသံနန်းသံ မပါ အလင်္ကာဟူသော အဆင်တန်ဆာ အဖွဲ့အနွဲ့တို့မရှိ ပကတိမူလ သဘာဝအတိုင်း အသိုင်းအဝိုင်းအမြောက်အပင့်တို့ ကင်းလွတ်စွာ ရိုးတာတာကလေးရေးသားထားသော သီချင်းကလေးများ ဖြစ်ကြ၍ တော်ဝင်မင်းသုံးဖြစ်သော ချေင်း ကျူးချင်း လွဲချင်းတို့မှာကား ထင်ရှားသော စာဆိုပညာရှိ ကဝိအမော်တို့သည် ရွှေဘုံနိဒါန်း မင်းခမ်းတော်ဆိုင်ရာ လင်္ကာမူ အနုအယဉ်တော်ဝင်မင်းသုံး စကားလုံးတို့ဖြင့် ထီးသံနန်းသံ ဆန်ဆန်ကြီး စီကုံးဖွဲ့နွဲ့ထားသော ကဗျာဂီတများဖြစ်သည်ကို တွေ့ရှိရပေလိမ့်မည်။

ဤသို့ သားချော့သီချင်း နှစ်မျိုးနှစ်စားတို့၏ ခြားနားခြင်းကို ရှေးဦးစွာ တွေ့ရှိစဉ်းစားမိသူမှာ "လှိုင်ထိပ်ခေါင်တင်" ဟု ကဗျာရာဇဝင်တွင် ထင်ရှားကျော်ကြားခဲ့သော အိမ်ရှေ့မိဖုရား ဖြစ်ပေသည်၊ လှိုင်ထိပ်ခေါင်တင်မှာ ကုန်းဘောင်မင်း၏အနောက်နန်းမတော် မိဖုရား မမြကလေးတွင် မြင်သောသမီးတော်ဖြစ်ပေရာ ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး ရွှေလက်ထက်တော်တွင် ညီတော် မင်းထပ်မြို့ ကနောင်မြို့စား အိမ်ရှေ့မင်း၏ မိဖုရားဖြစ်၍ အိမ်ရှေ့ထိပ်ခေါင်တင်"ဟူ၍၎င်း၊ လှိုင်မြို့ကိုစားရသဖြင့် လှိုင်ထိပ်ခေါင်တင် ဟူ၍၎င်း ထင်ရှားလျက်" သီရိသုမြတ်စွာရတနာဒေဝီ"ဟူသော ဘွဲ့ကို ခံယူရသူ ဖြစ်ပေသည်။

၎င်းလှိုင်ထိပ်ခေါင်တင်သည် အရပ်သူတို့၏ အသုံးအနှုန်းယုံးတမ်းစဉ်လာတို့ကို သက်ညှာမြတ်နိုးဟန် ရှိပေရာ အရပ်သုံးသားချော့ တေးသီချင်းကလေးတို့၏ သာယာနာပျော်ဖွယ်ရှိပုံ အမြောက်အပင့် အဖွဲ့အနွဲ့မပါ ရိုးတာတာကလေးများ ဖြစ်၍နှစ်သက်လှသဖြင့် ထိုအရပ်သုံး သားချော့ တေးသီချင်းများကို

ဒေယဉ်မြပုခက်ကယ်နှင့်လေး အိုမစာလှကာယ်ပါလို နှဲကာနှဲကာငို စက်ဇါဆိုမောင်ဒွေး စက်ပါတော့လေး-

ရွှေနန်းစဉ်လာ မဟာဂီတစာရင်း၌ သားချော့ဆိုင်ရာ ပတ်ပျိုးသီချင်း၊ ယိုးဒယားသီချင်း၊ တို့ ပါရှိပေသေးရာ ယခု အခါ "တွင်းသိင်္ဂါပတ်ပျိုး" ဟူသော အမည်ဖြင့် ထင်ရှားလှ သည့် "သိင်္ဂါရွှေရောင်" အစချီသော ပတ်ပျိုးသည် ပုဂံထိပ်ထား မြပုခက်တင် မင်္ဂလာတွင် ပြင်စည်မင်းသား ရေးဆက်ခဲ့သော "ပိမ္မာ လွှဲချင်း" ပတ်ပျိုးပင် ဖြစ်ပေသည်၊ မြဝတီမင်းကြီးရေးသားသော "ရွှေဘုန်းသမ္ဘာရှိန်လေးတည့်မှ နေနှုန်း အသမ္ဘိန်" အစချီသော ပတ်ပျိုးမှာ အိမ်နှောင်ဇာတ်တွင် အိမ်နှောင်မင်းသား၏ "ကျူးချင်း" ပတ်ပျိုး ဖြစ်လေသည်၊ ဝက်မစွတ်မြို့စားမင်းကြီး မင်းထင်မဟာ စည်သူရေးသည့် "မန်းအောင်မြေခင်" ချီ ပတ်ပျိုး "စိန်ခြူးအုံမှူ ညှာရွှေ" ချီ ယိုးဒယားတို့သည်လည်း "ယော်တော်ချင်း" များ ဖြစ် ကြလေသည်။

ဤသို့ သားချော့ သီချင်းများအနက် အရပ်သုံး သီချင်း တို့မှာ မျက်နှာငယ်ကြလျက် ထီးတွင်း နန်းတွင်းမှ သားချော့ သီချင်းတို့မှာ ချော်း ကျူးချင်း လွှဲချင်း ယော်တော်ချင်း ပိမ္မာ လွှဲချင်းဟူသော ထယ်ဝါခန့်ညားသော အမည်နာမတို့နှင့်မျက်နှာ ကြီးကြကုန်၏၊ ဂုဏ်ခမ်းကြကုန်၏၊ အဘယ့်ကြောင့် အရပ်သုံး ခလေးချော့တို့မှာ မျက်နှာငယ်ရာကြ၍ ထီးသုံးနန်းသုံးတို့မှာ မျက်နှာကြီးရပါသနည်းဟု ထိုတေးသီချင်း နှစ်မျိုး နှစ်စားတို့၏ ခြားနားခြင်းကို ရှာဖွေသော် အရပ်သုံး သီချင်းတို့မှာ ထင်ရှား သော စာဆိုပညာရှိ ကဝိတို့ရေးသားသော သီချင်းများမဟုတ် သည်လည်းတကြောင်း၊ ရွာသူတို့ အသုံးအနှုန်း ရိုးသားသော

အရပ်သုံးမှ ထီးသုံးနန်းသုံး ဖြစ်အောင် မျက်နှာငယ်ဘဝမှ မျက်နှာကြီးဘဝသို့ ရောက်အောင် အဆင့်အတန်း မြှင့်တင်ပေးတော့မည်ဟူသော စိတ်ထားဖြင့် မိမိ၌ "ထန်းတပင်မင်းသား" ဟူသော သားတော်တပါး ဖွားမြင်တော်မူရာ မြပုခက်တင် မင်္ဂလာအခမ်းအနားတွင် အထိန်းတော် အချီတော် အချော့တော်တို့အား သားချော့ရန်အတွက် အရပ်သူကမွေးကဲ့သော အရပ်သေးပြီပြီ အရပ်သုံးဖြစ်သည့် "ရွှေဗျိုင်းညို" လွဲချင်း "ကြောင်ပါးမြီးတံတို" လွဲချင်း "ဟီးလေးပေါက်ပင်" လွဲချင်း ဟူသော ခလေးချော့တေးသီချင်း သုံးပုဒ်ကို အရပ်သုံးဘဝမှ ပြင်စည်မင်းသား ရေးသည့် ပိမ္မာလွဲချင်း သိင်္ဂါရွှေရောင်တို့နှင့် တတန်းတစားတည်း ထားလောက်သော ထီးသုံးနန်းသုံးဘဝသို့ ရောက်အောင် ရွှေဘုံနိဒါန်း မင်းခမ်းတော်ဆိုင်ရာ အလင်္ကာဂုဏ်တို့ဖြင့် "ရေယမုန်" ဟူသော ပိမ္မာလွဲချင်းပတ်ပျိုး တပုဒ်ကို ကဗျာဉာဏ်ကျက်စားသလောက် ကိုယ်တော်တိုင် စီကုံးရေးသားလိုက်သည်မှာ အောက်ပါအတိုင်းပင် ဖြစ်ပေသည်။

## လှိုင်ထိပ်ခေါင်တင် ရေးသားသော
## ပိမ္မာလွဲချင်းပတ်ပျိုး
## (ယဉ်တော် ချင်း လည်း ဟူ၏)

ရှေရယမုန် အမွန်သီတာ တိုင်းငယ်သို့လေး- ငှက်လိမ္မာ မကြာခေါင်စေခိုင်းမယ်ပလေး-တောင်ဝိုင်းစုံလွှင့် မြင့်တိမ်ယံဘော့ ရေယဉ်စီးပါတဲ့ မြစ်ကြီးငယ်သောင်ခြေ ရွှေရွှေရွှေရောင်သား ငွေငွေငွေရောင်သား မြရေယဉ်မှော်ပင်ကြား မြူးစံတဲ့ငါး-လေးမယ်

ခြင် နတ်သွင်ထား ဘုန်းမယ်ရို့ သား-နှုတ်ဖျား၀ါ၀ါ ပန်လှသွာငယ် ရွှေသွေး ချီကာယူလို့ပေး- ကိုယ်မွေးတဲ့သိင်္ဂါ ဖြူစွာငွေသွေး ကျောင်းဝင်ခဲ့လေး-ရွှေဘုံသူကလေးငယ်တို့ ချီသေသာ စုံဆယ်လီ ရှိရှင်ညောင်းတယ်လေး တောင်းယူခဲ့ပါ။ နွဲ့နွဲ့မာန်ကိုးငယ်နှင့် အိုဆိုးလိုက်ထာ မြမျက်ရေဂေါ်ဇင်ညာ့က ငိုရှာလုနီး၊ မေ့မောင်ကြီးရယ်တဲ့ စိန်ကြိုးသွယ်ဟာတိတ်ပကွယ် ကြောင်ညိုပါးရယ်လေး စားတတ်လှတယ်၊ ၊ရေပေါ်မှာလွှမ်းပါတဲ့ ကန်စွန်းနွယ် ဒေါင်းဖလ်၀ါ ရောင်စုံကွပ်တော့ ခိုင်ရွှေနွယ်သီး၊ ဇမ္ဗူရည်ထီးမှာတော့ အငြိုးတော်ပြေ ယိုးလေးသဲသာ စိန်ရိုးညှာ လွှမ်းမယ်လေး နွဲ့ဟန်လှိုသာ။

သဖြန့်— တိတ်ပါတော့ သက်လျာငယ် ရန်ရှာလို့ဆိုး မေ့မောင်ကြီး မပူပါနှင့် ပင်တိုင်သူ စိတ်မှကောင်းအောင် လောင်းနေနတ်မျိုး။

အထက်ပါ ပိမ္ပာလွှဲချင်းပတ်ပျိုးမှာ သိဆိုရာ၌ အထစ်အငေါ့မရှိ ကာရန်စဉ် အသံစဉ် အလွန်ကျစ်လစ်ပြေပြစ်ပေရာ မေုံးသားသူမှာ တူရိယာဂီတ အဆိုအတီးဖက်တွင် ကျွမ်းကျင်သူ ဖြစ်ကြောင်းကို သိချင်းက သက်သေခံလျက် ရှိလေသည်။အိမ်ရှေ့ထိပ်ထား လှိုင်ထိပ်ခေါင်တင်မှာ ကိုယ်တော်တိုင် စောင်းတီးတတ်သူဖြစ်ပေရာ မိမိအပါးတော်၌ ခစားရသော "ခင်အို"အား တေးသွားချပေးပြီးနောက် သီဆိုစေလျက် ကိုယ်တော်တိုင် စောင်းဖြင့် လိုက်၍ တီးလေ့ရှိလေသည်။

ဤပတ်ပျိုးတွင် အိမ်ရှေ့ထိပ်ခေါင်တင်သည် "ရွှေဇိုင်းညို ရေချိုကန်ရိုး ထိုးတဲ့ငါးရှင် ကျောင်းအောက်ကိုဝင်" စသော

အရပ်သို့ ခလေးချော့သီချင်းကို အရပ်သုံးမှ နန်းသုံးစာရင်းသို့ သွတ်သွင်းနိုင်လောက်အောင် ဖွဲ့နွဲ့ခဲ့ျထွင် တန်ဆာဆင်ထားပုံမှာ များစွာ အတုယူဖွယ် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ ယမုန်သီတာ စသော စကားမှာ မြစ်ချောင်းဟော ပရိယာယ်တို့ ဖြစ်၍ အမွှန်မှာ ရေဟော ပရိယာယ်ဖြစ်ပေရာ "မြေချမ်းကြည်သော ရေအယဉ်တို့ တသွင်သွင်စီး၍နေသည့် မြစ်ချောင်းကြီးများရှိရာ အရပ်သို့ မေမေ့သားကြီးအားပေးဖို့ ငါးသွားကောက်ရန် ဗျိုင်းလိမ္မာကလေးကို ခေါ်ကမကြာခင် စေခိုင်းလိုက်ပါမည်၊ ဗျိုင်းလိမ္မာကလေးသည် အတောင်ကလေးနှစ်ဖက်ကို ဝိုင်းနေအောင်စုံခတ်၍ အဇင္ဌာ နဘံ တိမ်ယံခရီးမှ ရေအယဉ် တသွင်သွင် စီးနေသော မြစ်ကြီး၏ ငွေသဲသောင်ပြင်သို့ အလျင်အမြန် ပျံ၍ သွားပါလေ" ဟူသော အဓိပ္ပါယ်ဖြင့် "ရေယမုန် အမွှန်သီတာတိုင်း ငယ်သို့လေ ငှက်လိမ္မာ မကြာခေါ်စေခိုင်းမယ်ပလေး တောင်ဝိုင်းစုံလွင့် မြင့်တိမ်ယံဘော့ ရေယဉ်စီးပါတဲ့ မြစ်ကြီးငယ်သောင်ခြေ" ဟု ဖွဲ့နွဲ့လိုက်သော အိမ်ရှေ့ထိပ်ခေါင်တင်၏ ကဗျာဉာဏ် စဉ်းစားဉာဏ်တို့မှာ နည်းမှီးလောက်ပါပေသည်။

ထိုမြစ်ကြီး၏ သဲသောင်ခုံသို့ ရောက်သောအခါ ရှေ့မျက်နှာပြင် ရေအယဉ်တို့အပေါ်၌ မြရည်လိမ်းသကဲ့သို့ ဝိမ်းစိမ်းလန်းလန်း ဖုန်းလွှမ်းနေကြသည့် မှော်ပင်များ အကြား၌ ဘာသာဘာဝ ပျော်ပါးမြူးတူး ကူးခတ်သွားလာနေကြသည့် ရွှေအရောင် ရွှေအဆင်းရှိသော ငါး၊ ငွေအရောင် ငွေအဆင်းရှိသော ငါးကလေးတွေကို ဗျိုင်းလိမ္မာကလေးသည် ကမ္ဘုထီးရှင် နတ်သွင်တမျှ လှပသော အိမ်ရှေ့ထိပ်ခေါင်တင်၏ သားကလေးဖို့ မိမိ၏ နှုတ်သီးဝါဝါကလေးအကြားတွင် ကိုက်ချီယူဆောင်လာခဲ့ပြီး ပန်းလွှာ

ချပိတလေးကဲ့သို့ နုဖပ်လှရှာသောကိုယ်မွေး ဖွေးဖွေးဖြူလှသည့် ဗျိုင်းလိမ္မာကလေးသည် ကျောင်းအောက်သို့ ဝင်ခဲ့ပါ ဟူသော တီတီတာတာ အမိပွါယ်ယတ္တတို့နှင့် "ရွှေရွှေရောင်သား ငွေငွေရောင်သား မြရေယဉ်မှော်ပင်ကြား မြူးစံတဲ့ငါး လေးမယ်ခင်နတ်သွင်ထား ဘုန်းမယ်ရို့သား နတ်ဖြားဝါဝါ ပန်းလွှာငယ်ရွှေသွေး ချီကာယူလို့ပေး ကိုယ်မွေးတဲ့သိဂ်ါ ဖြူစွာငွေသွေးကျောင်းဝင်ခဲ့လေး"ဟု ဖွဲ့နွဲ့ကာ ရေးသားပြန်လေသည်။

သားတော်ရွှေသွေး လူကလေး၏ အချီတော် အချော့တော်များဖြစ်ကြသည့် မန္တလာဇေယျုံ ရွှေဘုံနန်းတော်သူကလေးတို့သည် ချီသောယာချော့စွာ ဗျိုင်းလိမ္မာကလေးထံမှ ငါးကလေးကို မရ ရအောင် ရှိခိုးဦးတင် တောင်းယူခဲ့ကြပါဟူသော အမိပ္ပါယ်နှင့်"ရွှေဘုံသူကလေးငယ်တို့ ချီသေံသာ စုံဆယ်လီရှိရှင်ညောင်းတယ်လေး တောင်းယူခဲ့ပါ" ဆက်လက်၍ ရေးသားထားပြန်ရာ"ရေယမုန်ဟူသော အပိုဒ်မှ တောင်းယူခဲ့ပါ"ဟူသော အပိုဒ်အထိ ကဗျာအဖွဲ့အနွဲ့တို့မှာ "ရွှေဗျိုင်းညို" လွှဲချင်းကလေးတပုဒ်ထည်းကိုပင် ချဲ့ထွင်ထားရသော အဖွဲ့အနွဲ့များ ဖြစ်ပေတော့သည်။

ထိုမှတဖန် "ကြောင်ပါးမြီးတန်တို" လွှဲချင်းကို အဆင့်အတန်း မြှင့်တင်လိုသော အိမ်ရှေ့ထိပ်ခေါင်တင်သည် ဂေါသဇင်အညာကဲ့သို့ နုနယ်လှသော သားတော်မောင်ကလေးသည် မယ်တော်၏အချစ်ကို အားကိုးပြီး မယ်တော်အပေါ်၌ နွဲ့ဆိုးဆိုးကာမျက်ရည် အသွယ်သွယ်ကျလုမတတ် ငိုရှိုနေပြန်လေပြီ, စိန်ကြိုးသွယ်ကဲ့သို့ ရှုချင်စဖွယ် တင့်တယ်လှသော မေမေ့သားကြီး အငိုဘိတ်ပါတော့ကွယ် မတိတ်လျှင် ကြောင်ညိုပါးကြီး လာပြီးကိုက်

စားလိမ့်မယ် ဟူသော အဓိပ္ပါယ်ကိုဖြင့် "နွဲ့နွဲ့မာန် ကိုးငယ်နှင့် အိုဆိုးလိုက်ထာ မြမျက်ရေ ဝေါ်ဇင်ညှာက ငိုရှာလုနီး မေ့မောင်ကြီးရယ်တဲ့ ဇိနိကြိုးသွယ်ဟာ တိတ်ပါကွယ် ကြောင်ညိုပါး ငယ်လေး စားတတ်လှတယ်"ဟူ၍ ဆက်လက် စီကုံးဖွဲ့နွဲ့ပြန်လေသည်။

ငင်းပြင် တဖန် "ဟီးလေးရယ်တဲ့ ပေါက်ပင် ရေပေါ်လွှမ်းတဲ့ ကန်စွန်းပင် နေဝင်ကာနီး ကန်စွန်းသီး" ဟူသော ရှေးအရပ်သုံးလွှဲချင်းကို အဆင့်အတန်း မြှင့်တင်ရာ၌ ထီးသံနန်းသံ ဆန်ဆန်ကြီးဖြင့် "ရေပေါ်မှာ လွှမ်းပါတဲ့ ကန်စွန်းနွယ် ဒေါင်း ဖလ်ဝါရောင်စုံကွယ်တော့ ခိုင့်ရွှေနွယ်သီး ဇမ္ဗူရည်ထိမှာတော့ အငြိုးတော်ပြေ ယိုလေးသဲသာ စိန်ရိုးညှာလွှဲမယ်လေး နွဲ့ဟန်လို့သာ"ဟု ဖွဲ့ဆိုလိုက်ပြန်ရာ နေဝင်သည်ကို(ဒေါင်းဖလ်ဝါရောင်စုံကွယ်တော့)ဟူ၍ငင်း ကန်စွန်းသီးကို (ခိုင်ရွှေနွယ်သီး)ဟူ၍ငင်း ရေးသားထားပုံမှာ ထီးနန်းဆန်လှပေသည်၊ထိုကဗျာပိုဒ်မှာ စိန်ရိုး စိန်ရွက် အခက်အညှာကလေးနှင့် ဟူလှသော မေမေ့သားကြီးကို ရွှေနန်းတော်ကြီး အတွင်း၌ အငြိုးတော်ပြေဘို့ရန် မေမေက "ဟီးလေးပေါက်ပင်" သီချင်းဖြင့် ယိုယီး့လေး ယီး့ ဆိုကာ မြှုပ်ခက်ကိုလွှဲ၍ သိပ်ပါမည်၊ မေ့သားကြီး အိပ်ပါတော့-ဟူသော အဓိပ္ပါယ်ဖြင့် ဖွဲ့နွဲ့ထားသောကဗျာပိုဒ် ဖြစ်လေသည်။

သီချင်းအဆုံး သဲ့ဖြန်သံထောက်၍ သားသက်လျှာကလေးသည် ရန်ရှာပြီး အလကား ဆိုးမနေပါနှင့် အငိုတိတ်ပါတော့ အာဒိစ္စဗန္ဓု အာဒိစ္စကုလ ဖြစ်သော ကပ်ဦးမဟာသမ္မတမင်းမှ နန်းရိုးမပျက် ဆင်းသက်လာခဲ့သဖြင့် နေနတ်မျိုး ဖြစ်သည့် နန်းညွှန့်ကနန်းလျာ ရှင်ဘုရင်လောင်းကလေးဖြစ်သော မေမေ့

သားကြီးသည် ပင်တိုင်မြနန်း စံမြန်းလာခဲ့သော မေမေအား စိတ်မကောင်းအောင် ပူမနေစမ်းပါနှင့် ညဲ့ မနေစမ်းပါနှင့် ဟူသော အဓိပ္ပါယ်ဖြင့် "တိတ်ပါတော့သက်လျာရယ် ရန်ရှာလို့ဆိုး မေ့မောင်ကြီးမပူပါနှင့် ပင်တိုင်သူ စိတ်မကောင်းအောင် လောင်းနေနတ်မျိုး" ဟု ဖွဲ့ဆိုခြင်း ပြုလိုက်လေသည်။

သာရဝေါ ပါ့နင်း ' မင်းပျံချီ မယ်အိတို့၏သွီး အရပ်သူကလေးမျှသာဖြစ်သော မမြကလေးကို ရွှေဘိုဘုရင်သည် အိမ်ရှေ့စံကုန်းဘောင်မင်းဘဝတွင် ကောက်ယူတော်မူ၍ အထွဋ်အထိပ်သို့ ရောက်တော်မူသောအခါ အနောက်နန်းမတော် မိဖုရားမြှောက်တော်မူခြင်းဖြင့် မမြကလေးမှာ ' အရပ်သူဘဝမှ နန်းတော်သူဘဝသို့ အဆင့်အကန်း မြင့်တက်၍ သွားဘိသကဲ့သို့ အရပ်သုံးခလေးချော့သီချင်းကလေး သုံးပုဒ်မှာ အိမ်ရှေ့ထိပ်ထား လှိုင်ထိပ်ခေါင်တင်၏ ကဗျာဉာဏ်ကျေးဇူးကြောင့် မျက်နှာငယ်လှသော အရပ်သုံး သီချင်းကလေးများ အဖြစ်မှ ရွှေနန်းစဉ်လာ မဟာဂီတ စာရင်းဝင် "ပိမ္မာလွှဲချင်းပတ်ပျိုး" ဟူသော ခန့်ညားထယ်ဝါသည့် အမည်နာမကို ခံယူရသည့် ထီးသုံးနန်းသုံး ယဉ်တော်ချင်းသီချင်းဂီတာ တပုဒ်အဖြစ်သို့ အဆင့်အတန်းမြင့်တက် ရောက်ရှိသွားလေတော့သည်။

အမှာ- ဘိသိက်ဆရာတို့ လိုက်နာရန်မှာ ကင်ပွန်းတပ်မင်္ဂလာပွဲများတွင် ကင်ပွန်းတပ်မင်္ဂလာနှင့် ဆိုင်ရာ ချောင်းရေးနည်း ဖတ်နည်းတို့ကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာကြရမည်၊ ချောင်းရေးနည်း သင်ခန်းစာကို ဤကျမ်း၏ နောက်ပိုင်းတွင် ထည့်သွင်းဖော်ပြမည်။

တူရိယာ ဆရာတို့လိုက်နာရန်မှာ ကင်ပွန်းတပ် မင်္ဂလာပွဲများတွင် ကင်ပွန်းတပ်မင်္ဂလာနှင့် ဆိုင်ရာ အောက်ပါ ပိမ္မာလှဲချင်းခေါ် ယဉ်တော်ချင်းများကို တီးနိုင်အောင် လေ့လာကြရမည်၊ ထိုယဉ်တော်ချင်းများကား "သိင်္ဂါရွှေရောင် ပတ်ပျိုး၊ ရွှေဘုန်းသမ္ဘာရှိန် ပတ်ပျိုး၊ မန်းအောင်မြေခင်းပတ်ပျိုး၊ ရေယမုန်ပတ်ပျိုး" ၎င်းပြင် သက်ဆိုင်ရာ "စိန်ခြူးအုံမှုညာရွှေယိုးဒယား၊ စိန်မြလျှံခြယ် ယိုးဒယား၊ သောင်းကျေးဒီပါဘွေ ယိုးဒယား" တို့ ဖြစ်လေသည်။

အထက်ပါ ယဉ်တော်ချင်းများကို အလွယ်တကူ သင်ယူနိုင်ကြစေရန် "ဦးပြုံးချို၏ မဟာဂီတပေါင်းချုပ်ကြီး" မှ ထုတ်နုတ်၍ အောက်တွင် ဖော်ပြပါအံ့၊

ပုညသိဒ်ထား မြဲပုခက်ဘင် မင်္ဂလာတွင်
ပြင်စည်မင်းသားကြီး ဆက်သွင်းသေ
တွင်းသိင်္ဂါပတ်ပျိုး ဟု ဂီတနယ်တွင် ထင်ရှားသည့်
ပိမ္မာလှဲချင်း "သိင်္ဂါရွှေရောင်ပတ်ပျိုး" (၉၈)

သိင်္ဂါရွှေရောင် ထိန်ဝါဝေပြောင် နန်းဆောင်ရွှေဆောင် နန်းမှန်ပုံလင်း ဝင်းဝေလျှံစီဘည်ရာ ပွဲငယ်လေ-သဲငွေပြန့်ပိမ်း × စိမ်းရောင်စို တောင်ညိုကမ္ဘိုင်း သိဘာခွလို့သာ ရေပတ်လည်ဝိုင်း×တိုင်းသာပုံပန်း ဆန်းထွေလာ×စိန်ကြောင်ဖလ်ပြာ နီလာခံသန္တာဆွဲလို့ ပုလဲသွယ် လလိုနန္ဒယ် ဝန်းလို့ဆန်း×နတ်ကယ်စံအိမ် တွေးဘွယ်ချိန် ဝတိန်ဘုံစံဘုန်းရှင့်နန်း အံ့သနားဘွယ်ရွှေလယ်သောင်ရံ သာလွန်ကြူးလို့ ပျော်မြူးစံ × ရွှေကံတိုးလို့

ဖြိုးဝေဝေ သပြေမြန်ချာဘုန်းမျှားမင်း×စုံမြန်းငုံလျှမ်း ဒုမ္မာပန်း ဘုံကြာနန်းက ဆန်းနတ်တူ ပြာဖြူလေပြာဖြူရွှေ ကိုယ်ချင်းကို လေး×ရင်းကျွန်တော်ခံ ညာစံမည့်ဘုန်း တိုင်းပြည်တော် သာလှ တယ်' ညာကာဂမုန်း×ဒီပါသောင်းရံ စံနန်းစိုး....

သဖြန်—မတ်ပေါင်းငယ်ကာ နရိန္ဒာခေါင်ဆင့်တဲ့ ရာမင်းမင့် ဘုန်းတန်ခိုးတော်လျှံ ပြောင်ဆဒ္ဒန်ပိုင်စိုးလို့ မြတ်မျိုး ကေရာက ငယ် ကဲသာလို့ချုန်း။

## မြဝတီမင်းကြီး ဖွဲ့ဆိုရေးသားသော ဣန္ဒာဝုစနန်းတွင်းဇာတ်တော်ကြီးဆွက် အိနေ္ဒာင်မင်းသား ယေဉ်တော်ချင်း ပတ်ပျိုး

## (၁၁၄)

ရွှေဘုန်းသမ္ဘာရှိန်လေတည့်မှ နေနှုန်းအသမ္ဘိန် မြတ်ရာဇိန် စံစိုးမြန်း တိုင်းဘူမိန် ပြည်ထိးနန်း အောင်ပန်းညွန့်ဝေဆာလေ တည့်မှ မြန်ခန်းရွှေညီလာ စကြာတော်ပိုင်စိုးမြဲ ရွှေတေဇာ ကျေ ညာရေလ လွှန်ထူးကဲ အိုင်လဲင်တော့သာ စက်ဖူးဖျာတစာစာ ဒီပါလေရွှေနန်းရိုး ဘေ့သီဟာ ရွှေညီလာစုံရှိမိုး (လောက နတ်-ဆက်) တန်ခိုးထိန်ဝေ နတ်ဆွေငယ်နန်းလျှာ သောင်းလုံး ငယ်ကျေညာလင်း ဝပ်စင်းငယ်ပြည်ထောင် ရည်ဆောင်ဆက်ရာ ရင်သွေးငယ်ကညာရင်း ပုံ့သင်း ရွှေမဥ္ဇူလေတည့်မှ နံ့သင်း ငယ်မွှေးလှိုင်ကြူ နတ်တူလေ ရွှေနန်းဖွား မဟေသီဒေဝီငယ် သည်း ကြူးဖျား-

သဖြန်-မျှားလှုဗိုလ်လူ ခွန်သွင်းရာဆူဆူတို့ တောင်ဇမ္ဗူသပြေ ညာလို့ ကောသာဆံဖျား မင်းမင်းရှိပန် ဆက်သွင်းကညာမွန်နှင့် ရာဇခံ မှန်မချိုတယ် ဘုန်းနေသို့လား။

## အတိုင်းမသိ ဘုန်းတော်ဖွဲ့ (၃၂)

အတိုင်းမသိ ရွှေဘုန်းဟော်ကြီးပါ့ဘိသကို × အိုသတင်း ငယ်လေ ကျေညာ ကျေညာလှိုင်ကြိုး တောင်ကျွန်းလုံးကျွန်းလုံး ထွတ်မှန်ကူ×ပြိုင်သူလေ ဆိုင်သူလေ ရန်မြူကင်းဝေး ဘယ်ပြည် ဘယ်မင်းမှ ယှဉ်လာဝန့်သေး × အခေါင်ငယ်လေ စိုးပါတယ် အခေါင်ငယ်လေ မိုးပါတယ် ရိုးကာပိုင်ကာချုပ်ချည့်လေး ကျွန်း တောင်ညာလုံး အုပ်ချည့်လေး×ရွှေနန်းရွှေနန်းသူငယ်မှာ ငယ်မူ ငယ်မူရာ သားငယ်နှင့် သနားချစ်ခင်စရာလေတည့်မှ သနားချစ် ခင်စရာ။

## လောကီမင်္ဂလာ ၁၂-ပါး

ဤဒုတိယတွဲကို သင်ကြားသော သူတို့သည် ပဌမတွဲကို မကြည့်ဘူးပါက နားရှင်းမည်မဟုတ်ဘဲ အခက်အခဲနှင့် တွေ့ရပေ မည်ဖြစ်ရာ ထိုသို့ မဖြစ်ပါစေခြင်းငှါ ဤကင်ပွန်းတပ်မင်္ဂလာ၏ အခြေခံပညာဖြစ်သော အရေးအကြီးဆုံးဖြစ်သည့် လောကီမင်္ဂ လာ ၁၂-ပါးကို ဤကျမ်း၌ ထပ်မံ၍ သိသာရုံဖော်ပြပါအံ့၊ ပဌမတွဲကို မတွေ့ဘူးသောသူတို့သည် ဤကျမ်း၌ အတိဒ္ဒိဋ္ဌကံ အရာမှ ကင်းလွတ်ကြစေကုန်သတည်း။

မင်္ဂပုဒ်-လုခေတ်ကြ၍ မင်္ဂ ပါပံ လုနာတိ ဆိန္ဒတိတိ မင်္ဂလာ။ ယံကမ္မံ-အကြင်အမှုသည်၊ မင်္ဂ ပါပံ- မကောင်းမှုအကု

သိုလ် ထိုထိုဘေးဒဏ် ရန်မှာရ်အပေါင်း မကောင်းမှု ဟူသမျှ အနိဋ္ဌတို့ကို၊လုနာတိဆိန္ဒတိ-ပယ်လှီးရိတ်ဖြတ် ပျောက်စေတတ်၏၊ ဣတိတသ္မာ-ထိုသို့ မကောင်းမှု အကုသိုလ် ထိုထို ဘေးဒဏ် ရန် အနိဋ္ဌ ဟူသမျှတို့ကို ပယ်ချရိတ်ဖြတ်သော သတ္တိကြောင့်၊တံကမ္မံ-ထိုအမှုသည်၊ မင်္ဂလာ-မင်္ဂလာမည်၏ ဟူ၍ မိန့်ပါသည်၊ အလုံးစုံသော မကောင်းမှုဟူသမျှ အနိဋ္ဌတို့ကို အကုန်ပယ်ဖြတ်တတ်သောကြောင့် မင်္ဂလာဟူ၍ ခေါ်ဆိုရပါကြောင်း:-

ငှင်းပြင်တနည်း ဝိဂ္ဂြိုဟ်မှာ-မင်္ဂ သီရီ လဘိတုံ အလတိ အရဟာတိတိ မင်္ဂလံ။ မင်္ဂ သိရီ-အလုံးစုံသော မင်္ဂလာကြက်သရေကို၊ လဘိတုံ-ရခြင်းငှာ၊ အလတိအရဟာတိ-ထိုက်၏၊ ဣတိ တသ္မာ-ထိုသို့ အလုံးစုံသော မင်္ဂလာ ကြက်သရေကို ရထိုက်သော သတ္တိကြောင့်၊ မင်္ဂလံ-မင်္ဂလာမည်၏ ဟူ၍ မြတ်စွာဘုရားပါဠိတော်အား လျောက်ပတ်စွာ ဟိတ်ဝိဂ္ဂြိုဟ်,တဒ္ဓိတ်ဝိဂ္ဂြိုဟ်,သမာသ် ဝိဂ္ဂြိုဟ် ဟူ၍ ဝိဂ္ဂြိုဟ် သုံးရပ်ရှိသည်တွင် ဤနေရာ၌ သမာသ် ဝိဂ္ဂြိုဟ်ပြုလုပ်ပါကြောင်း၊ အလုံးစုံသော မင်္ဂလာကြက်သရေကို ရထိုက်သောကြောင့် မင်္ဂလာဟု ဆိုပါသည်။

အဘယ်ကဲ့သို့သော မင်္ဂလာကြက်သရေတို့ကို ရထိုက်ပါသနည်းဟူမူ -လောကီမင်္ဂလာ ၁၂-ပါး အဘိသိက် ၁၂-ပါး ကောတုဟာလ မင်္ဂလာ ၁၀-ပါးတို့ကို ၁၄မတ္တဲ၌ အကျယ်ပြခဲ့ပြီဖြစ်၍ ဤနေရာ၌ "ကင်ပွန်းတပ်မင်္ဂလာ"နှင့် ဆိုင်ရာ လောကီမင်္ဂလာ ၁၂-ပါးကိုသာ ပြတော့အံ့၊ ပဏ္ဍိတ အနွယ်ဝင်လိုသူတို့သည် တကယ်ပင်မှတ်သား၍ ၁၂ ပါးသော မင်္ဂလာအခမ်းအနားတို့တွင် ထင်ရှားစွာ ခေါင်ပဏ္ဍိတ်ဟု ဘိသိက်ဆရာ မြောက်ကြပါစေသော်။

ထိုလောကီမင်္ဂလာ ၁၂-ပါး ဟူသော်ကား- ဂဗ္ဘဝါသ မင်္ဂလာ, ဝိဇာတမင်္ဂလာ, သီရောဒက မင်္ဂလာ, ကေသစ္ဆေဒန မင်္ဂလာ, ဒေါင်္ဂုဒကရဏ မင်္ဂလာ, နာမကာရဏ မင်္ဂလာ, ဒုဿဂဂ ဟန မင်္ဂလာ, အာဟာရ ပရိဘောဂ မင်္ဂလာ,စူဠာကရဏမင်္ဂလာ, ကဏ္ဏဝိဇ္ဈနမင်္ဂလာ, သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာ, အာဝါဟ-ဝိဝါဟ မင်္ဂလာ ဟူ၍ လောကီမင်္ဂလာ ၁၂-ပါး လာရှိပါသည်၊ ထို ၁၂-ပါး အဓိပ္ပါယ်မှာ-

၁။ ပဋိသန္ဓေတည်နေကိန်းအောင်းသည်မှစ၍ မီးရှူးသန့်စင် မဖွားမြင်မီအတွင်း ပဋိသန္ဓေသား၏ ကြီးပွားရာ ကြီးပွားကြောင်းကို ရည်စူး၍ အကြိမ်ကြိမ် အဖန်ဖန်ပြုလုပ်အပ်သော မင်္ဂလာသည် "ဂဗ္ဘဝါသမင်္ဂလာ" မည်ပါသည်။

၂။ မီးရှူးသန့်စင် ဖွားမြင်သောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် "ဝိဇာတမင်္ဂလာ"မည်ပါသည်။

၃။ ဖွားမြောက်ပြီး၍ များမကြာမီအတွင်း တရော်ကင်ပွန်းတို့ဖြင့် ဦးကျောင်းဆေးလျှော်၍ ကင်ပွန်းတပ်ခြင်းသည် "သီရောဒကမင်္ဂလာ" မည်ပါသည်။

၄။ ဝမ်းတွင်းဆံကို ပဲ့ရှမ စ၍ ပယ်သောအခါ၌ ပြုလုပ်အပ်သော မင်္ဂလာသည်၎င်း, ရှင်သာမဏေပြုရာတွင် ဆံချသောအခါ ပြုလုပ်အပ်သော မင်္ဂလာသည်၎င်း, "ကေသစ္ဆေဒနမင်္ဂလာ"မည်ပါသည်။

၅။ ယော်ဥဆင်ကာ စနှုအာလာဖြင့် ရှင်စွာမပျက် ပုခက်တင်သောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် "ဒေါဠာကရဏ မင်္ဂလာ"မည်ပါသည်၊

၆။ အနုတ္တ သညာ ခေါ်စရာဖြင့် လျော်စွာအညီ အမည်မှည့်အံ့သောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် "နာမကရဏ မင်္ဂလာ"မည်ပါသည်။

၇။ ပုဆိုး ထမိ အင်္ကျီ တဘက် ဘယက်တန်ဆာ ဒွါဒရာတို့ကို စစ္စာမချွတ်ဝတ်ဆင်သောအခါ ပြုလုပ်အပ်သောမင်္ဂလာသည် "ဒုဿာဂဟန မင်္ဂလာ"မည်ပါသည်။

၈။ အသက်တရာ တောင့်တမရှိ အလိုပြည့်၍ ပကတိမယွင်း အဆင်းဆံန်းထူး ထမင်းဦးခွန့်သောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် "အာပဿရပရိဘောဂ မင်္ဂလာ" မည်ပါသည်။

၉။ မင်းနှင့်ဆင်းရဲသား မှတ်ပိုင်းခြားလျက် ဆင်းရဲသားရှောင် မင်းဥသျှောင်ဟု ရွက်ဆောင် ရှင်ပြုံး သံပင်ထိုးသောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် "စူဠာကရဏ မင်္ဂလာ"မည်ပါသည်။

၁၀။ သိမ်းရတနာ လှသူဇာကို မဟာလ္လတာ တန်းဆာဆင်မြန်းကာဖြင့် ရှင်လန်းစွာ ထိန်လျှပ်၍ စိန်အပ်ထားသွင်း ပတ္တမြားအဆင်းကလေးကို နားထွင်းသောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် "ကဏ္ဏဝိဇ္ဈန မင်္ဂလာ" မည်ပါသည်။

၁၁။ ဗုဒ္ဓဘာသာ အောင်လံတန်ခွန်ထုံ့ဖို့ ရောင်လျှ တလူလူ ဘဝမပြတ်ရအောင် အရဟတ္တဇ ကြာသက်နှင်းနှင့် အဝါရေ ဆင်မြန်းကာ သာသနာ့အသွင်ရှုလို့ မို့ ရှင်ပြုသော အခါ ပြုလုပ်အပ်သော မင်္ဂလာသည် "သာမဏေရပဗ္ဗဇ္ဇ မင်္ဂလာ"မည်ပါသည်။

၁၂။ ရောင်နောက်ဆံထုံး ပါမြဲစုံ့ ရောင်သွားရာဆံထုံးပါ ဥဒါန်းလာစာအရှိ မကွာသိဖို့ တမျိုးကြားတော့ သတို့သားရှိရာ သတို့သမီးဆောင်ယူ၍ အိမ်ထောင်ထူကာ ရှေးထုံး ဓမ္မတာအရကို "အာဝါဟမင်္ဂလာ"လို့ ခေါ်ဆိုရပါသည်၊ ရှေးထုံးစံ အာဝါဟကို ပါဝါပြကာ တော်လှန်ပြီး မဟော်ဘာဏ်ဘည်း ဟူသော တမျိုးတနည်းနှင့် သတို့သမီးရှိရာ သတို့သားဆောင်ယူပြီး အိမ်ထောင်ထူကာ ရှေးထုံးမဖက်ဘဲ ဓလေ့အသုံးဖျက်ခါ ပြုရှာကြဒါကိုတော့ "ဝိဝါဟမင်္ဂလာ"လို့ ခေါ်ဆိုရပါသည်။

ဤကဲ့သို့ လောကီမင်္ဂလာ ၁၂-ပါး ဟူ၍ ရှိရာတွင် လောကီကျမ်းဂန်တို့နှင့် ညှိနှိုင်းလိုက်ပါလျှင် ဇောတိဘတ္ထကျမ်း၊ ရာဇမတ္တန်ကျမ်း၊ ဝိဘာသျှပ္ပိုရဏ်ကျမ်း၊ မက္ကန္တပူရာဏ်ကျမ်း၊ ကာမတ္ထကီကျမ်း၊ နဋ္ဌရသကျမ်း၊ မာဂုဓ အဘိဓာန်ကျမ်း၊ စာဏကျနီတိကျမ်း၊ ဗြိုဟဒ်ကျမ်း၊ နီတိစန္ဒြိကာကျမ်း အစရှိသော အထူးထူးသော ကျမ်းဂန်တို့၌ လောကီမင်္ဂလာ ၁၂-ပါးကို ပြကြရာ တထပ်တည်းမလာ တမျိုးတဖုံစီရှိရကား သဘောတူရာကို

ပေါင်း၍ မျိုးကွဲကို အသီးသီးထုတ်လိုက်သောအခါ ထို ၁၂-ပါးအပြင် မျိုးကွဲမင်္ဂလာ ငါးပါးပိုထွက်လာပါကြောင်း။

ထိုငါးပါးမှာ ဂေဟာကရဏမင်္ဂလာ, တမ္ဗုလပတ္တမင်္ဂလာ, ဘူမျာကရဏမင်္ဂလာ, မုတ္တာသိရာမင်္ဂလာ, မကုဋ္ဌဗန္ဓနမင်္ဂလာ ဟူ၍ ငါးပါးဖြစ်ပါကြောင်း။

## ထိုငါးပါး အဓိပ္ပါယ်သော်ကား

၁။ ဂေဟာကရဏမင်္ဂလာ-အိမ်သစ်တက်မင်္ဂလာပြုခြင်း။
၂။ တမ္ဗုလပတ္တမင်္ဂလာ- ကွမ်းဦးခံ့ မင်္ဂလာပြုခြင်း။
၃။ ဘူမျာကရဏမင်္ဂလာ-မြေပြင် ခြေတင်သော မင်္ဂလာပြုခြင်း။
၄။ မုတ္တာသိရာမင်္ဂလာ-ဆံပင်ဖြည်ဖြန့်သော မင်္ဂလာပြုခြင်း။
၅။ မကုဋ္ဌဗန္ဓနမင်္ဂလာ-မကိုဋ်ဆောင်းသော မင်္ဂလာပြုခြင်း။

ထိုငါးပါးမှာလည်း မသုံးထိုက်သော မင်္ဂလာဟူ၍မပါ၊ အခါအခွင့်အားလျော်စွာ ထည့်သွင်း၍ သုံးထိုက်သည်ချည်းဖြစ်သောကြောင့် မင်္ဂလာပြုသော အခမ်းအနားများတွင် ဆိုင်ရာဆိုင်ရာ ထည့်သွင်းသုံးနှုန်းသွားမည် ဖြစ်ပါကြောင်း။

ရှင်းပြင် လောကဥ္စ မင်္ဂလာ ၁၂-ပါးပင် ဖြစ်လင့်ကစား တပါးစီ ခွဲထုတ်၍ ပြုလုပ်ကျင်းပသော အလေ့မရှိကြသဖြင့်၊ ယခုအခါ လူအများတို့ ပြုလုပ်လေ့ရှိသော မင်္ဂလာမှာ ၁-ထိမ်းမြားမင်္ဂလာ၊ ၂-ကင်ပွန်းတပ် မင်္ဂလာ၊ ၃-နားထွင်းမင်္ဂလာ ဟူ၍ မင်္ဂလာပွဲကြီး သုံးရပ်ကိုသာ အဓိကထား၍ ပြုလုပ်လေ့ရှိကြရာ၊ ဆရာပြုလုပ်သော သူတို့သည် ထိုမင်္ဂလာ ၁၂-ပါးနှင့်တကွ မျိုးကွဲ

မင်္ဂလာ ၅-ပါးတို့ကို ဆိုင်ရာဆိုင်ရာ ဇည့်သွင်း၍သုံးနှုန်းသွားကြရမည် ဖြစ်ပါကြောင်း။

ဥပမာ-တိမ်းမြားမင်္ဂလာပွဲတွင် အာဝါဟ, ဝိဝါဟ မင်္ဂလာတပါးသာရသည်၊ အကျယ်ကို ပဌမတွဲတွင် ပြခဲ့ပြီ။

ကင်ပွန်းတပ် မင်္ဂလာပွဲတွင် ထည့်သွင်းနိုင်သော မင်္ဂလာရှစ်းပါးမှာ "ဝိ-သီ-ကေ-ဒေါ-နာ-ဒု-အ-ဘူ" ဟူ၍ အကျဉ်းချုပ်မှတ်အပ်၏၊ ဝိ, မှာ ဝိဇာတမင်္ဂလာ၊ သီ, သီရောဒကမင်္ဂလာ၊ ကေ, ကေသစ္ဆေဒန မင်္ဂလာ၊ ဒေါ, ဒေါဠာကရဏမင်္ဂလာ၊ နာ, နာမကရဏမင်္ဂလာ၊ ဒု, ဒုဿာဂဟန မင်္ဂလာ၊ အ, အာဟာရပရိဘောဂမင်္ဂလာ ဟူ၍ မင်္ဂလာရှစ်ပါးကို တပါးတည်းပြီးအောင် ချီးမြှင့်နိုင်ကြရမည်၊ အကျယ်ကို ဤကျမ်း၌ ၎င်းနှင့် ဆိုင်ရာမင်္ဂလာအခမ်းအနားတွင် စီကိုယ်၌ ဖော်ပြမည်။

နားထွင်း မင်္ဂလာပွဲတွင် များသောအားဖြင့် သားရှင်ပြုသမီးနားထွင်းမင်္ဂလာကို ဒွန်တွဲ၍ ပြုလုပ်လေ့ရှိကြရာ ထိုမင်္ဂလာပွဲတွင် ထည့်သွင်းနိုင်သော မင်္ဂလာမှာ ၆-ပါးဖြစ်သည်၊ ထို ၆ ပါးမှာ—

"မု-စူ-မ-ကဏ်-ကေ-သာ" ဟူ၍ အကျဉ်းချုပ် မှတ်အပ်၏၊ မု, မှာ မုတ္တသီရာ မင်္ဂလာ၊ စူ, စူဠာကရဏမင်္ဂလာ၊ မ, မကုဋဗန္ဓန မင်္ဂလာ၊ ကဏ်, ကဏ္ဏဝိဇ္ဈနမင်္ဂလာ၊ ကေ, ကေသစ္ဆေဒနမင်္ဂလာ၊ သာ, သာမဏေရ ဓပ္ပဇ္ဇ မင်္ဂလာ ဟူ၍ မင်္ဂလာ ၆-ပါးကို တပါတည်းပြီးအောင် ချီးမြှင့်နိုင်ကြရမည်၊ အကျယ်ကို ၎င်းနှင့်ဆိုင်ရာ တတိယတွဲတွင် ပြမည်။

## ကင်ပွန်းတပ် မင်္ဂလာပွဲ

## အခမ်းအနား ပြင်ဆင်နည်း

ကင်ပွန်းတပ် မင်္ဂလာပွဲ အခမ်းအနား ခင်းကျင်းပြင်ဆင်ရန်မှာ ကန်တော့ပွဲ ၃-ပွဲပြင်ရမည်၊ ၎င်းကား ဘုရားပွဲ-၁ သတို့သားငယ်၏ မိဘပွဲ-၁၊ အထက်အောက် နတ်ပွဲ-၁၊ ပေါင်း၃-ပွဲ၊ ၎င်းပြင် ငွေဖလားကြီးတလုံးတွင် ရေတဝက်ထည့်၍ သပြေပန်းနှင့် အခြားပန်းများအပြည့် ထည့်ရမည်၊ အခြားငွေဖလားတလုံးတွင် ရတနာခုနစ်ပါးနှင့် ဆန်ပန်းပေါက်ပေါက် အပြည့် ထည့်ထားရမည်၊ ၎င်းနောက် သိင်္ခရာဒက မင်္ဂလာပြုရန် ငွေဖလားအငယ်တခုတွင် တရော်ကင်ပွန်းဖြင့် ပြုလုပ်အပ်သော ခေါင်းဆေးရေတခွက်တည်ရမည်၊ ဧကသဋ္ဌဒနမင်္ဂလာပြုရန် ခေါင်းရိပ်ဒါးတခုထည့်ရမည်၊ ဒေါင်ဋ္ဌာဝကရဏ မင်္ဂလာပြုရန် ပုခက်အသစ်တခုတွင် ပဒုမ္မာ ကြာပွင့်ကြီး သဏ္ဍာန် ပြုလုပ်၍ မွန်းမံဆင်ယင်ထားပါ၊ ဒုဿာဂဟန မင်္ဂလာပြုရန် လက်ကောက် ပုတီးနားဒွောင်း ဆွဲကြိုး ဘယက်ခွက် စသည်တို့ကို၊ငွေပုဂံပြားသို့မဟုတ်ကြေးပုဂံပြား တခုခုနှင့်ထည့်ထားပါ၊ အာဟာရ ပရိဘောဂ မင်္ဂလာပြုရန် ထမင်းဦး ကွမ်းဦး တို့ကို ကြေးပုဂံ တခုခုနှင့်ထည့်ထားပါ၊ ဘူမျာကရဏမင်္ဂလာပြုရန် ပုဂံပြား ၃-ချပ်တွင် တချပ်ကား သဲ၊ တချပ်ကား စပါး၊ တချပ်ကား ဆန် တို့ကို ထည့်၍ စီကာစဉ်ကာ ထားရမည်၊ ဝိဇာတ မင်္ဂလာနှင့် နာမကရဏ မင်္ဂလာမှာမူ အထူးပြင်ဆင်ရန် မလိုချေ၊ ၎င်းနောက် ဘိသိက်ဆရာက မင်္ဂလာပွဲ အခမ်းအနား ဖွင့်ရမည်၊ ရှေးဦးစွာ ပဏာမ အနေကား စ၍ဖွင့်ပါလေ။

ယခု ပြဆိုခဲ့သော အပြင်အဆင်မှာ ကြီးကျယ်သော မင်္ဂလာ "အခမ်းအနား ပွဲကြီးများ အတွက် ဖြစ်သည်၊ ထို့ထက် သေးငယ်သော မင်္ဂလာပွဲများ ဖြစ်ခဲ့မူ မိမိတို့၏ အင်အား အလျောက် ပြင်ဆင် ချီးမြှင့်ကြပါလေ၊ ဘိသိက်ဆရာမှာမူ ကင်ပွန်းတပ် မင်္ဂလာ ချီးမြှင့်နည်း တစောင်လုံး နှုတ်တက် ဆောင်နိုင်က ပိုမို၍ တင့်တယ်နိုင်ပါသည်၊ နှုတ်တက်မဆောင် နိုင်က ဤစာအုပ်ကို ဖတ်ကြား၍ ချီးမြှင့်ကြပါလေ။

## ဘိသိက် ဆရာ၏ ပဏာမ

နမောဗုဒ္ဓါယ နမောဓမ္မာယ နမောသံဃာယ နမော ဂီတကာရကဇနာနံ ပါဒမောက္ခာယ ဆရာလွန်းတိတ္တိယာယ ဂီတာစရိယာယ ကဗျာဗန္ဓ အလင်္ကာရာယ တံတံကဗျာ နယဒီဇကာယ—

နတ္ထာရတနတ္တယံ အဌတိံသ မင်္ဂလာနိစ အဌမင်္ဂလာနိ ဗုဒ္ဓဒေသိတာနိ ဥဒ္ဓရိတွာ နာနာသတ္တကော ဒွါဒသ မင်္ဂလာနိစ အဘိသေက မင်္ဂလာနိ ဒသကောတုဟာလ မင်္ဂလာနိစ ပဝက္ခာမဟံ—

အနက်။ ။ ဗုဒ္ဓါယ- သစ္စာလေးဆင့် ဖွားဖွားစွင့်လျက် ပွင့်တော်မူပြီး မြတ်ဘုရားအား၊ နမော- စေတနာဇောစူး မနော မြှူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊ ဓမ္မာယ- ဒေသနာပေါင်း ရှစ်သောင်း လေးထောင် • အရောင် များပြား မြတ်တရားအား၊ နမော- စေတနာဇောစူး မနောမြှူး လျက် ကြည်နူးသဒ္ဓါ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊ သံဃာယ-

မျှား၀ွာထောင်သောင်း ‌ေသံဃာတော် အပေါင်းအား၊ နမော-စေတနာဇောစူး မနော‌မြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊ ဂီတကာရကဇနာနံ-မယ်ဖွဲ့ မောင်ဖွဲ့ အရာ ထံဘျာနှင့် ကဗျာရေးဘိ ကဝိသူမွန် လူဘန်ခွန်တို့ထက်၊ ပါမောက္ခဿ-အကြီးအမှူး ဦးစီးနာယက ဖြစ်တော်မူပေထသော ဂီတာစရိယဿ-ဂီတအရာ ကဗျာနည်းတို့၌ ဆရာကြီး တဆူဖြစ်တော်မူပေထသော၊ ကဗျာပန္ဒအလင်္ကာရဿ-ရတုကဗျာ လင်္ကာ ချေင်း ဘေးသီချင်းမှစ၍ မကျန် အဲ အံဖွဲ့စု တွဲ့မှုများဘိ အသား ပြည့်သဖြင့် နား၏တန်ဆာ ဖြစ်ပေထသော၊ တံတံကဗျာနယဒီပကဿ-ထိုထိုကဗျာ ဘယ်ဟာမလပ် ရေးစပ်ပုံနည်း နိသျှည်းကို သိပ်သည်းသေချာ သင်ကြားပြသ၍ ပေးသနားတော်မူပေထ သော၊ ဆရာလွန်းတိ ဝှယဿ— စာစီစာကုံးရေးထုံးရေးမှု အစုစု၌ တခုမကျန် လေ့ဟန်ပွန်းတီးတက်မြောက်ပြီး၍ မည်သီးကျော်လှိုင်း ကိုယ်တော်မှိုင်းဟု လူတိုင်းတမွတ် အနွတ္တသညာ ပေါဟာခေါ် ညွှန်း ဆရာလွန်းကြီးအား၊ အဟံ-ဣန္ဒာဝဇိရ နာမဘွဲ့ခံ အန္တေ ဝါသိက ပဥ္စဦးနိုမ် တပည့်တော် သခင်အောင်ချိန်သည်၊ နမော-ကာယဝပိ မနောချီ၍ သုံးလီစေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးကန်တော့ပါ၏ ဆရာသခင် အရှင်သူမြတ် ဘုရား။

အနက်။ ။အဟံ-အကျွန်ုပ်သည်၊ ရတနတ္တယံ-ရတနာသုံးပါး တို့၏အပေါင်းကို၊ နတွာ-ရှိခိုးပြီး၍၊ ဗုဒ္ဓဒေသိတော-မြတ်စွာဘုရား ဟောကြားညွှန်ပြ ဆုံးမအပ်သော၊ အဋ္ဌတိံသမင်္ဂလာနိ-၃၈-ဖြာသော လောကုတ္တရာ မင်္ဂလာတရားတော်ကိုရင်း၊ အဋ္ဌမင်္ဂလာ နိစ-အလောင်းတော် မဟာရက္ခိတရသေ့မြတ် ဟောတော်မူသော

ရှစ်ပါးသော မင်္ဂလာ တရားတော်ကိုရင်း၊ နာနာသတ္တတော-အထူးထူးသော ကျမ်းဂန်တို့မှ၊ ဥဒ္ဓရိတွာ-ထုတ်နုတ်၍၊ ဒွါဒသ မင်္ဂလာနိစ- ၁၂-ပါးမီသော လောကီမင်္ဂလာတို့ကိုရင်း၊ ဒွါဒသ အဘိသေက မင်္ဂလာနိစ-၁၂-ပါးသော အဘိသိက်မင်္ဂလာတို့ကို ရင်း၊ဒသကောတုဟလ မင်္ဂလာနိစ-ဆယ်ပါးသော ကောတုဟလ မင်္ဂလာတို့ကိုရင်း၊ ပဝက္ခာမိ-ဆရာပြသ နည်းအရဖြင့် သေချာ ကျန ဟောပြော ဆိုးမတော့အံ့သတည်း။

အမှာ—အဟံ-ဟူသော အပိုဒ်တွင် မိမိတို့၏ အမည်များကို ထည့်သွင်း၍ ရှိခိုးကြလေ။

မင်္ဂလာ ၃၈-ပါး၊ မင်္ဂလာရှစ်ပါး၊ လောကီမင်္ဂလာ ၁၂-ပါး၊ အဘိသိက် ၁၂-ပါး၊ ကောတုဟလမင်္ဂလာ ဆယ်ပါးတို့ကို ပဌမတွဲတွင် ပါရှိသည့်အတိုင်း ရှုထံကြပါကုန်၊ ထိမ်းမြားခြင်း ဆယ်ပါးကို မထည့်မသွင်းရ ချန်လှပ်ခဲ့ရမည်၊ ဤကားအမှာ။

## မင်္ဂလာ အခမ်းအနားဖွင့်

ဤအခဏ်းကိုလည်း ပဌမတွဲတွင် ပါရှိသည့်အတိုင်း ဖွင့် ပါလေ၊ နှစ်ထပ်ကျော့ မရေးတော့ပြီ၊ ဤကားအမှာ

### ဘုရားပင့်ခဏ်း

ဗုဒ္ဓဿပူဇံ မဟာ တေဇဝန္တော
ဓမ္မဿပူဇံ မဟာ ပညဝန္တော
သံဃဿပူဇံ မဟာ ဘောဂဝန္တော
ရတနဿ ပူဇာယိဒံ ဖလံ။

အနက်။ ။ဘိက္ခမဝ-ရဟန်းတို့၊ဗုဒ္ဓဿ-မြတ်စွာဘုရားအား၊ ပူဇံ- ပူဇော်ခြင်းသည်၊ မဟာတေဇဝန္တော- ကြီးမြတ်သော တန်ခိုးနှင့်ပြည့်စုံသည်၊ ဟောတိ-ဖြစ်၏၊ ဓမ္မဿ-တရားတော် မြတ်အား၊ ပူဇံ-ပူဇော်ခြင်းသည်၊ မဟာပညဝန္တော-ကြီးမြတ် သော ပညာနှင့်ပြည့်စုံသည်၊ ဟောတိ-ဖြစ်၏၊ သံဃဿ-သံဃာ တော်မြတ်အား၊ ပူဇံ-ပူဇော်ခြင်းသည်၊ မဟာဘောဂဝန္တော- ကြီးမြတ်သော၊စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသည်၊ဟောတိ-ဖြစ်၏၊ ဣဒံ-ဤသို့ တန်ခိုးကြီးခြင်း, ပညာကြီးခြင်း, စည်းစိမ်ချမ်းသာ ကြီးခြင်းတို့သည်၊ ရတနာဿ-ရတနာသုံးပါးတို့အား၊ ပူဇာယ- ပူဇော်ခြင်း၏၊ ဖလံ-အကျိုးပင်တည်း ဟူ၍ ရတနာ သုံးပါးအား မမေ့အပ်ကြောင်း ဝိသာခါကို အမှူးပြုပြီး သကာလ မြတ်စွာ ဘုရား ဟောကြားတော် မူသည်ကိုထောက်၍ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ဖြစ်သည့်အားလျော်စွာ ရတနာ သုံးပါးအား မည်သည့်အခါမှ မမေ့အပ်ပါသောကြောင့် ဤယခု ကင်ပွန်းတပ် မင်္ဂလာပွဲကြီးမှာ ရှေးဦးစွာ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးကို ပင့်လိုက်ဖိတ်လိုက်ကြဦးစို့ ရှဲဗျား—

## သက္ကဋဘာသာ ဘုရားပင့်

ဆိရိန္ဒြို တြိလောကေန္ဒြို မဟာဆမုဒြ
ညာဏိကို တြိလောကျ 'ပရမာနန္ဒိကို' ဆ
ရဗျာဘူဘဟိတေဆက္ကို တြိလောကိစ္ဆံရ
မကုဋို ဒေရော်ဆဒြိဆဒဂြာလုကို မာဧ
ဂျိနိုတွ မာဂန္ဒာ ဆိဒ္ဓဆမိန် ပြတိဋ္ဌရှဋ္ဌတု

**အနက်။** ။ ဆိရိန္ဒြိ- လောကုတ္တ် လောကီ • နှစ်လီသိမ်းခြုံ လုံးစုံပြည့်လျှောင်း ဂုဏ်ကြက်သရေ အပေါင်းတို့ကို ကောင်းစွာ မပြတ် ပိုက်ပွေ့ ဆောင် ထား တော် မူပေ တတ် ထသော၊ တြိလောကေန္ဒြိ- လူတို့အထွဋ် နတ်တို့ထိပ်ချာ ဗြဟ္မာအမျိုးမျိုး တို့၏ စိုးရာဘုရင် အရှင်သခင်လည်း ဖြစ်တော်မူပေထသော၊ မဟာဆမုဒ္ဒြညာတိကို- မဟာသမုဒ္ဒရာ ပမာနိုင်းဆွယ် နက်ကျယ် သိမြင် ဉာဏ်သမ္ဘာဉ်၏ အရှင်သခင်လည်း ဖြစ်တော်မူပေထသော၊ တြိလောကျပရမာနန္ဒိကို- လူနတ်ဗြဟ္မာ သတ္တဝါ ခပင်းတို့၏ လွန်လွန်မင်းမင်းကြီး နှစ်သက်ဖွယ်ကို တကယ် ရွက်ဆောင်တော် မူပေတတ်ထသော၊ ဆရေဗျဘူဘာဟိတေဆကို-သူရာသူရ, ဂရုဠနှင့် မနုဇဘူဇဂါ- စစွာဆင့်ပွား သတ္တဝါ အများတို့၏ တိုးပွား ခိုင်းဖြိုး ကြီးမားရင့်သန် ကျိုးနှစ်တန်ကို ဝေဘန်ပိုင်းဖြတ် ရှာမှီး တော်မူပေတတ်ထသော၊ တြိလောကိစ္စရ မကုဋ္ဌ- လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာအမျိုးမျိုးတို့၏၊ စိုးရာဆိပ်ဆောင်း ဥက္ကောင်း ညွတ်ခိုက် မကိုဋ်သရဖူလည်း ဖြစ်တော်မူပေထသော၊ ဒေရော် ဆာဒြိဆ ဒဂြာလုကိ- ဆုံးစမသာင် မိုဃ်းကောင်းကင်နှင့် နှိုင်းယှဉ် ထောက်စာ လွန်စွာကျယ်ပွား သနားခြင်း ဂရုဏာလည်း ရှိတော် မူပေထသော၊ မာရဂျိနို-ဒေဝပုတ္တ ကိလေသ ကု စသည်များဖြင့် မာရ်ငါးအင်ကို အောင်မြင်တော် မူပေတတ်သော မြတ်စွာ ဘုရား၊ တံ-ငါးမာရ်ပယ်နှင့် ချစ်ရှင်မြတ်ဖျား ဘုရား ကိုယ်တော် မြတ်ကြီးသည်၊ အတြ- ဤမင်္ဂလာပွဲသဘင် ဆင်ယှင်ကျင်းပရာ ဖြစ်သော ဤအရပ်ဌာနသို့၊ အာဂန္တွာ-သားချစ်အတူ စိတ်တော် ရည် လျက် လင်း ကြည် ထွန်း ပြောင် ကိုယ် တော် ရောင် ဖြင့်

ရွှေတော်ဘင်ကြီး အလားကဲ့သို့ မားမားကြီး ကြွလာတော်မူပြီး၍၊ အဆမာကံ- ရှင်တော်စောထွင် သုံးလူနတ်ကို မပြတ်ကိုးစား တပည့်တော် တပည့်တော်မတို့အား၊ ဆီရဆမိန်ကြ-ကိုယ်ခန္ဓာတွင် အမြတ်ဟု မှတ်ထင်ရည်စူးရသည့် ဦးထိပ် အပြင်ဦ်ဗုဒ္ဓရင်း၊ ဂျီဝါ ဂျေကြ- ညစ်ကြေးမတင် ဖြူစင်ပြတ်သားလှစွာသော လျှာဖျား အပြင်ဦ်ဗုဒ္ဓရင်း၊ ပြတိဋ္ဌရှဋ္ဌတုံ့ ဝင့်သမုဒ်စက် ဇလုပ်ဗွက်မှ မဆွက် နိုင်အောင် ဖွဲ့နှောင်ပြင်းထန် သံယောဇဉ်ကို ဉာဏ်အရဟတ္တမဂ် စိန်သံလျက်ဖြင့် ခုတ်ထွက်စေငှါ ရည်သန်ပါ၍ ကောင်းစွာ ကြန့်ကြန့် ခန့်ခန့်သာကြည် တည်နေကိန်းဝပ်တော်မူပါ နေတ နွန်းကဲ့သို့ အသရေတော်တွေ မဆုံးနိုင်ပေသည့် ရွှေဘုန်းတော် သခင် အရှင်မြတ်ကြီးဘုရား။

တူရိယာ မပါလျှင် ညှိတွင်ဖြတ် တူရိယာ ပါလျှင် ဆိုင်းဆင့်ဆက်၊

ဆိုင်းဆင့်—အမြတ်အဓိက ထားပေသည့် ဂိနဘုရား ပတ္တမြား ရွှေလှဝယ် ဒေသနင်္ဂါးမာရ်ကို တပါးမကျန် အပျောက်ပယ် ရှိမို့ ခြောက်သွယ်သော ရောင်ဆိုင် ဂုဏ်ပုပ္ပိုးနက် အထွန်းတွင် လွှမ်းလောက်သည့် ဗိုင်းတော်သားက တိုင်းပေါ်တလှား ကမ္ဘာ့ မှောင်မသိရအောင် မြရောင်ခြည် အဓောတ်တို့ဖြင့် အနော်ရဇာတ် ခုခါသိမ်းပါပေပါ ငြိမ်းသည့် တဦးပတ္တမြားကလေးကို အမူး ထားကာ နောင်အရှည် တင့်တဲ့အောင် ကဲ ဆရာ ဆရာမျိုးက ထူးမခြားနားသီချင်းနဲ့ ရောင်ခြည်တော်ဖွင့်ဗျား—

## ဘိသိက်ဆရာတို့ ဟောပြောရန်

## ကင်ပွန်း တပ် မင်္ဂလာ အကြောင်း

### ပရိကံ စကားချီး

ကင်ပွန်းတပ် မင်္ဂလာဟူ၍ လူတို့ဝေါဟာရ ခေါ်ဝေါ် သမုတ်ကြသည်မှာ သတို့သား သို့မဟုတ် သတို့သမီးငယ်ကလေး၏ အမိဖက်မှ အဆွေအမျိုး အဖ ဖက်မှ အဆွေအမျိုးတို့နှင့်တကွ မိတ်ဆွေ သင်္ဂဟ ကလျာဏ မိတ္တ အပေါင်းအသင်း ညာဘကား သဟာယတို့ကို ပင့်ဖိတ်၍ အဆွေခင်ပွန်း တို့၏ ဝတ်ငါးပါး အတိုင်း—

"ပေးကမ်းခြင်းမြင့် ကိုယ်နှင့်ယှဉ်သား စီးပွားဆောင်ရွက် နှုတ်မြွက်ချိုသာ သစ္စာမှန်စေ ဝတ်ငါးထွေ မိတ်ဆွေကျင့်ဖို့ တရားတည်း" ဟူ၍ လာရှိသည့်အပြင် တဦးသော အဆွေခင်ပွန်း၏ ဝတ်ငါးပါးမှာလည်း "မေ့လျော့ခစောင့်လာ ဥစ္စာစောင့်ရှောက် ဘေးရောက်ကိုးကွယ် ညွှန့်ဖွယ်သားမြေး မြတ်ဂလေး ပူဇော် ကျင့်ငါးဖော်ကား ညီလျော်တို့လို့ ကျင့်စေ့တည်း" ဟူ၍ တဦးနှင့်တဦး အပြန်အလှန် ရှိကြသောအရာဖြစ်ယ် "ညွှန့်ဖွယ်သားမြေး" ဟူသော ပုဒ်အရ ဤသတို့သားငယ်သည် ကျွန်ုပ်တို့၏ ရင်နှိုက်ဖြစ်သော သားပေါတည်း၊ အမည်ကား ဤသို့ရှိပါ၏၊ ကျွန်ုပ်တို့နှင့် အဆွေအမျိုး တော်စပ်ဘိသကဲ့သို့ ကျွန်ုပ်တို့နှင့် အဆွေခင်ပွန်းဖြစ်ကြဘိသကဲ့သို့ ဤသတို့သားငယ်အား အကျွန်ုပ်တို့နှင့်မခြား အသင်တို့၏ ရင်နှိုက်ဖြစ်သော သားကဲ့သို့ အသင်တို့၏ တသက်လျာ ကာလပတ်လုံး ထိန်းသိမ်း စောင့်ရှောက်

ကြပါဟု အဆွေခင်ပွန်း ဆက်သောပွဲကို ကင်ပွန်းတပ် မင်္ဂလာဟု ခေါ်ဆိုသမုတ်ကြပါတယ်—

ၑင်းပြင် တနည်းမှာလည်း တရော်တင့်ပွန်းရေတွင် ရတနာ ခုနစ်ပါးထည့်၍ သတို့သား သို့မဟုတ် သတို့သမီးငယ်၏ ဥက္ကောင်း ကို ဆေးလျှော် ရသောကြောင့်လည်း ကင်ပွန်းတပ် မင်္ဂလာဟု ခေါ်ဆိုသမုတ်ရပါတယ်—

ဤကဲ့သို့ ကင်ပွန်းတပ်ခြင်း မင်္ဂလာကို ပြုရသော အကြောင်းရင်းမှာလည်း ဤသတို့သားငယ်အား အနန္တရဘဝ အဆက်ဆက်က ပစ်ချလိုက်သော ကုသိုလ်ကံသည် လူ့ပြည်သို့ ရောက်ရုံ ပို့လိုက်သော ကံပေလော့ သို့တည်းမဟုတ် ဘုန်းကြီး ၍ အသက်ရှေပြီး တသက်လုံးနေဖို့ ပို့လိုက်သော ကံပေလော ဟု တွေးတောဦးဟု မသိကြ၍ အမိအဘနှစ်ပါးတို့က ဆီနဲ့နေ သော မီးအိမ်တွင်ဆီထပ်၍ ထည့်လောင်း ဘိသိက်ကဲ့သို့ၑင်း, အဘယ် ၍ ဆီအပြည့်ရှိကဲ့ပါမူလည်း ပိုမို၍အားကြီးစေရန်ၑင်း,အကြောင်း ကိုရည်ရွယ်၍ "ကံဟောင်းပျက်သော် ကံသစ်ဆက်ရမည်" ဟူသော ဥပဒေသနှင့်အညီ ဂါရဝယှဉ်မှီး အကြီးအကျယ် ဖွယ်ဖွယ်ရာရာ ခမ်းနားစွာဖြင့် ရသာစုံလင် ကြည်ရွှင်မြတ်ပေး ကျွေးမွေးညှော်ခံ သော မဟာဂုဏ်နှ ကုသိုလ်ရှင်သည် ဤသတို့သားငယ် ဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ သက်တော်ရှည်ကြောင်း ဘုန်းတော်ကြီး ကြောင်း, အန္တရာယ်ကင်းကြောင်း, အကျိုးစီးပွား များပြားစေ ကြောင်း ကောင်းမြတ်သော မင်္ဂလာ သာဓုနှင့် ပတ္ထနာပြုတော် မူကြရန် ဥဿယာဇဉ်စကားဖြင့် တိုက်တွန်းခြင်း ပြုပါတယ်ခင်ဗျား။

ၑင်းပြင် အဘိဓမ္မာ ခုနစ်ကျမ်းတွင် ပဋ္ဌာန်းကျမ်းကြီး၌ မြတ်စွာဘုရား ဟောကြားတော်မူသည်မှာ ကုသလော ဓမ္မော

ကုသလဉ္စ စမ္မဿ အနန္တရ ပစ္စယေန ပစ္စယော ဟူ၍ ဟောတော်မူပါသည်၊ ကုသလော ဓမ္မော-ကုသိုလ်ကံတရားသည်၊ ကုသလဿ ဓမ္မဿ-ကုသိုလ်တရားအား၊ အနန္တရပစ္စယေန-အနန္တရပစ္စည်းဖြင့်၊ အညမညံ-အချင်းချင်း၊ ပစ္စယော- ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏ဟူ၍ ဟောတော်မူသည့်အတိုင်း ကုသိုလ်ကံ ကုသိုလ်ကံချင်းဆက်၍ ကျေးဇူးပြုဘိသကဲ့သို့ရှိငြား၊ အကုသိုလ်ကံ အကုသိုလ်ကံချင်းဆက်၍ ကျေးဇူးပြုဘိသကဲ့သို့ရှိငြား၊ ဤယခု ကင်ပွန်းတပ်မင်္ဂလာကို ပြုလုပ်သည်မှာ "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော"ဟူသည်နှင့်အညီ ကုသိုလ်ကံ ကုသိုလ်ကံချင်း ကျေးဇူးပြု၍ ဆက်မိလေအောင် ပြုလုပ်သော ဤသတို့သားငယ်ကလေး၏ မဟာဒါန ကုသိုလ်တော်ကြီး ဖြစ်ပါကြောင်း။

လောကီမင်္ဂလာ ၁၂-ပါး ရှိသည်တွင် မိမိသားသမီးတို့အား အရွယ်နှင့်လျော်စွာ ပြုလုပ်အပ်သော မင်္ဂလာ အများအပြားရှိရာ ထိုမင်္ဂလာတို့ကို အကြိမ်ကြိမ် အဖန်ဖန် အပြန်ပြန် အထပ်ထပ် ပြုလုပ်အပ်ပါသောကြောင့်၊ ပုညံ-ကုသိုလ်ကောင်းမှုကို၊ ပုနပ္ပုနံ- အဖန်တလဲလဲ၊ ကာတဗ္ဗံ- ပြုအပ်၏၊ ဣတိ-ဤသို့သော-ထိုကြောင့်၊ တံ-ထိုအမှုသည်၊ မင်္ဂလံ- မင်္ဂလာမည်၏ ဟူ၍ ဟောတော်မူပါသည်။

ရှင်းပြင် ကုသိုလ်ကောင်းမှုကို အမြဲမပြတ် ပြုလုပ်အပ်သောကြောင့် တနေ့နှင့် တည့်ဥ့်မျှသာရသော ပြည်၏စည်းစိမ်သည် အသက်ထက်ဆုံး တည်ရဘူးကြောင်း ထုံးဟောင်းသက်သေ ဝတ္ထုကို သာဓကထုတ်ဆောင်၍ ပြရမည်ဆိုသော်—

## ကဋ္ဌဝါဟနဝတ္ထု

နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိသည့်အနက် ယောက်ချီး၍ ရေတွက်သော် နှစ်ကျိပ်အတိ ပြည့်သည့်ကာလ တိဿဘုရားလက်ထက် မပျက်အောင် ကမ္ဘာတည်သည့် ဗါရာဏသီပြည် ဗြဟ္မဒတ် နန်းရပ်ကို အုပ်ချုပ်၍ မင်းလုပ်စဉ်အခါ ပညာမှာ အလွန် ကောင်းသော်လည်း ထင်းရောင်း၍ အသက်မွေးရသော ငါတို့ဘုရားအလောင်း ကဋ္ဌဝါဟနလုလင်သည် အပစာယန အမှုကွင် အမှန်ယုံကြည်သဖြင့် အရဟံဂုဏ်ဘည်ရာ ဗုဒ္ဓါနုဿတိကို နှုတ်လျာအပြည့် ပွားများ၍ တပေါးသော နေ့အချိန့်အခါ၌ စမြိန်စာထုပ်နှင့်တကွ တောဝင်ကာ ဆောလျင်စွာ ထင်းကိုခုတ် ထမ်းထုပ်ကိုဖြေ၍ ဆွမ်းတော်တင် မစားခင် နှုတ်ကိုမြွက် အရဟတ္တဖိုလ်အရောက် ကူးရပါလို၏ဟု ဆုကိုတောင်း၊ သဗ္ဗာဝါ အပေါင်းတို့အား အမျှဝေ၊ သဗ္ဗေ သတ္တာ တည်းဟူသော မေတ္တာကို ပွားများ၍ ထင်းထမ်း၏အပေါး၌ အပန်းဖြေစဉ် နတ်တို့အရှင် မိုးဃ်းဘုရင် တပေါးက လုလင်အပေါးတွင် ဘွားကနဲ ကိုယ်ရောင်လင်းလျက် အချင်း ကဋ္ဌဝါဟန သင့်အား ငါမှရအောင်လာသည်၊ သင်သည် ပြည်၏ စည်းစိမ်ကို လိုသလော ဥစ္စာကို လိုသလော၊ သဘောမိမိ တွေးတောဘိ၍ တိတိကျကျ စိတ်မခွဲဘဲ မိန့်ဟမြွက်ဆိုလောဟု ဖြည်းညှင်းသံချို သိကြားမင်း ဆိုလေသော် ထွေငေါ်မရှိ ဉာဏ်နှင့်ညှိ၍ ကြည့်လိုက်သော ထိုအခါ ဥစ္စာမှာမူကား ခံစားရုံသာ၊ ဣဿရိယမရှိ၊ ပြည်၏စည်းစိမ်ကား အများ သတ္တဝါ ရှင်ပါ လူပါ ဥစ္စာကိုပါ ရသည်ဖြစ်၍ မှမည်ဂတိ အတည်ရှိမူ ပြည်၏ စည်းစိမ်ကိုသာ အလိုရှိပါသည်ဟု ဆိုလေ

လျှင်။ မိုဃ်းဘုရင်လည်း အသင် ကဌဝါဟန ငါမ, မည့်အရာမှာ ဒါနတွင်တည်သဖြင့် အရှည်သမယ မည်မျှကြာအောင် လိုသနည်းဟု အတိုနည်းနှင့်ဆိုလေလျှင် အရှင်သိကြားမင်း မယွင်းမကွက် မင်းအဆက်ဆက်တို့ကဲ့သို့ အသက်နှင့်အမျှ ပေးတော်မူပါဟု ဆိုသောအခါ မိုဃ်းရာဇာလည်း ရချက်မရချက်,ချတွက်၍ကြည့်လေက အသက်နှင့်အမျှ ငါမပေး,တဖြည်းဖြည်းဆုပ်ခဲ့ဘိ၍ တနှစ်အထိပင် မပေးနိုင်ရှိလေက အရှင်သိကြားမင်း အပိုမနိုင်း, အဆိုမရှိင်းရအောင် အလိုအတိုင်းသာ ပေးတော်မူပါဟု ဆိုလျှင် မိုဃ်းဘုရင်လည်း ပြကတေ့အရ အတွေ့ပြရမှာဖြင့် တနေ့နှင့်တည်သာ ယူစေဟု လုလင်၏ဉာဏ်, သိလိုသည့်အရေးနှင့် နှုတ်ဂတိပေးပြီးကွယ်လေလျှင်

ကဌဝါဟန လုလင်လည်း ထင်းစီးကိုထမ်း လာလမ်းသို့ ပြန်လေသော် ဘာမှန်းမှမသိအောင် သိကြားမင်း ဇော့ည့်စား၍ မျက်စိလယ်လမ်းမှားပြီး အပမ်းတကြီး မသာမကြည်နှင့် ရမ္မာဝတီပြည်နယ်အတွင်းသို့ ခကြောချင်း ရောက်လေလျှင် မြို့အရှေ့ညောင်ပင်ရင်း၌ ထင်းထမ်းကိုချ,လမ်းမှားခဲ့ပြီ, ငါတို့ပြည်မဟုတ်တကား,ယခုနေ့သည်ကားဆိုလျှင် နေဝင်ပြီ၍ အသစ်တဖန် မရွှေ့သာ, ယနေ့တာ သည်တွင် အိပ်တော့အံ့၊ နက်ဖန်နံက်အာရုံကျင်း၍ နေဝင်းပေါ်တော့မှ နေရင်းသို့ပြန်တော့မည်ဟု ကြံစည်တွေးတောပြီး လူမောစိတ်မောနှင့် အိပ်မောကျလေရာ

ထိုသရော်အခါ အလွန်သာယာစည်သည့် ရမ္မာဝတီပြည်တွင် မကြာမီပင် မင်းတရားကြီး နတ်ရွာစံခဲ့၍ အတွင်းသားသမီးအပ်ခရာမကျန်လေတော့ မြတ်မဟ္ခံအလာ ယုံကြည်သူ တဆူကဝိတို့နှင့်တကွ ပုဏ္ဏားဖြူ, ပုဏ္ဏားညိုတို့နှင့်ညှိပြီး တိထိနက္ခတ်

ဖုဿအကြိမ်တွင် ဥတ္တမပူရိသိ အချုပ်ခင်းတပါးကို အလိုရှိဒါ ကြောင့် ဖုတ်သွင်းရထား လွှတ်ကြတော့ ရုတ်ခြည်းမခြား အပ စာယန အနေမယွင်းဘဲ ကဏ္ဍဝါဟန ခြေရင်းသို့ ဝပ်စင်းလျက် ဆိုက်ရောက်လေသော် တိုက်စည်မြှောက်စည် အလီလီသော လက်နက်မျိုးတို့နှင့် တပြိုင်တည်းနှိုးသဖြင့် ပုဆိုးဖွင့်၍ကြည့်ပြီ၊လျှင် တည်ကြည်သောမျက်နှာ သာယာသော စကားတို့ကို ပြောကြား မေးမြန်း၍ ထီးနန်းကို အပ်ကြပြီးသော်

ကဏ္ဍဝါဟနမင်းလည်း မယွင်းယခု ငါမင်းပြုရသည်မှာ တနေ့နှင့် တည၊မျှသော စည်းစိမ်သာ ဖြစ်ချေသည်၊ မင်းဖြစ်၍ ဥစ္စာပစ္စည်းတို့ကို အစိုးရခိုက် ရွှေတိုက်ငွေတိုက် ဘဏ္ဍာတိုက် အလုံးစုံတို့ကို အကုန်ဖွင့်စေ၍ မြတ်စွာဘုရားနှင့်တကွ တပည့်သား သံဃာတော်အပေါင်းသို့အား အကုန်ပင့်လျက် တိုင်းနေပြည်သူ ရှင်လူရဟန်းတို့အား ကြီးစွာသော အလှူကိုပေး၏ ဂုဏ္ဍစိုး၊ ဘုမ္မစိုး၊ အာကာသစိုး၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုဿိတာ အစရှိသော နတ်ကောင်းနတ်မြတ်တို့နှင့်တကွ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ ပြည်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ တည်းဟူသော နတ်များအပေါင်းတို့ကို လည်း နန်းဦးနှိုက် ကြီးစွာသော ဗလနပမောက်ကို ပေး၏၊ ထိုအခါ အလုံးစုံသော နတ်အပေါင်းတို့သည် အဆွန်နှစ်သက် ဝမ်းမြောက် ကြကုန်သည်ဖြစ်၍ အသစ်ယနေ့ဖြစ်သော ကဏ္ဍဝါဟနမင်းအား သိကြားမင်းထံ ညီညာ၍ ဤအခါမှာ ပြည့်ရွာသာယာလှပါ သည်၊ သတ္တဝါဝေနေ ဘေးမသန်းဘဲ ချမ်းလှပါသည်၊ ဝပြော သာယာ ချမ်းသာစီးပွား များပြားလှပါသည်၊ သို့ဖြစ်ပါ၍ ယနေ့အသစ်ဖြစ်သော ကဏ္ဍဝါဟန မင်းအား တနေ့နှင့်တညကို

ပယ်ဖျက်၍ အသက်နှင့်အမျှ ပေးတော်မူပါဟု ဘိုးတော်သိကြား မင်းထံ၊ ပိုင်းဝန်းဘောင်းပန်ကြလေသော် သိကြားမင်းလည်း "ကုသလေ ခမ္မော စုသလဿ ဓမ္မဿ အနန္တရပစ္စယေန-ပစ္စယော"ဟူသော ပဋ္ဌာန်းကျမ်းကြီးကို ဥဒါန်းကျူးတော်မူ၍ နတ်တို့အလိုရှိတိုင်း တည်ပါစေဟု အခွင့်ပြုရဘိသကဲ့သို့ တနေ့နှင့်တည၌မျှသာရသော ပြည်၏စည်းစိမ်သည် အသက်ထက်ဆုံးတည်ရဘူးကြောင်း ထုံးဟောင်းသက်သေ သာဓကကို ထောက်ရှု၍

ဤယခုလောကလူတို့ ပြုလုပ်ကြကုန်သော ကုသိုလ်ဒါန ကောင်းမှုကံစေတနာတို့သည်လည်း ဤနိပါတ်တော်နှင့် အညီ ညည်ရွယ်၍ ရှေးပညာရှိတို့ စပ်ဆိုတော်မူသည်မှာ "နန္ဒာအစ လွန်းမှလျှင် လပြည့်တိုင်အောင် လအရောင်သည် ထွန်းပြောင်သော အား နေ့တိုင်းပွားသို့ အလားတူကြောင်း ဒါနဟောင်းနှင့် ပေါင်း မိသောထွေ ပွားလေလေသည့်" ဟူ၍ ဆိမ်းခိုရွာစား စပ်ဆိုတော်မူသည်နှင့်အညီ ထိုမှတလီ အတည်တည်သော အဋ္ဌကထာဆရာတို့က မိန့်ဟမြွက်ကြားတော်မူသည်မှာလည်း "မင်္ဂလံကမ္မံ ကရောန္တဿ မဟာပုညံ မဟာဖလံ မဟာတေဇံ မဟာသုခံ ဘဝိဿတိ ဝေရီဇယံ သုမင်္ဂလံ" ဟူ၍ မိန့်တော်မူပါသည်၊ မင်္ဂလံကမ္မံ-ကောင်းမြတ်သော ကုသိုလ်နှင့် ယှဉ်ရာမင်္ဂလာအမှုကို၊ ကရောန္တဿ-ပြုသောသူအား၊ မဟာပုညံ-ကြီးမြတ်သော ကောင်းမှုသည်၎င်း၊ မဟာဖလံ-ကြီးမြတ်သော အကျိုးသည်၎င်း၊ မဟာတေဇံ-ကြီးမြတ်သော တန်ခိုးသည်၎င်း၊ မဟာသုခံ-ကြီးမြတ်သော စည်းစိမ်ချမ်းသာသည်၎င်း၊ ဘဝိဿတိ-ဖြစ်ရလတ္တံ့၊ သုမင်္ဂလံ-ကောင်းမြတ်သော သုမင်္ဂလာသည်၊ ဝေရီ-ရန်သူကို၊ ဇယံ-အောင်ခြင်းသည်၊ ဟောဘု-ဖြစ်စေသတည်း ဟူ၍ လာသောကြောင့်ခပ်သိမ်းသော အန္တရာယ်

ကင်းပျောက်၍ ကောင်းကျိုးချမ်းသာ မင်္ဂလာနှင့် ပြည့်စုံကုန်သည်ဟု ဆိုသောအတိုင်း

သီရောဒက မင်္ဂလာခေါ်သည့် ဤကြက်ပွန်းတပ် မင်္ဂလာပွဲကြီးကို ဆင်ယင်ကျင်းပလျက်ရှိသော သတို့သားကလေးအား သီရောဒကမင်္ဂလာကစ၍ "ဝိ, သိ, ကေ, ဒေါ်, နာ, ဒု, အ, ဘူ" ဆိုသည့် "ဝိဇာတမင်္ဂလာ, သီရောဒကမင်္ဂလာ, ကေသစ္ဆေဒနမင်္ဂလာ, ဒေါ်ဠာကရဏမင်္ဂလာ, နာမကရဏမင်္ဂလာ, ဒုဿဂဟဏမင်္ဂလာ, အာဟာရပရိဘောဂမင်္ဂလာ, ဘူမျာကရဏမင်္ဂလာ" ဟုဆိုအပ်သော မင်္ဂလာ ရှစ်ပါးကို ဏပါတည်းပြီးအောင် ဆောင်ရွက်နည်းနှင့်တကွ ချီးမြှင့်ပေတော့အံ့၊ ပွဲထိုင်လာသူ ယခုလာသမျှတို့သည်၊ သုဏာထ စကားအလိုက် တရားစရိုက်တို့ကို နားစိုက်ကြပါကုန်လော-

## အနန္တငါးပါး ကန်တော့ခဏ်း

ဘြိရတနာ စိန္တေယျာနှင့် မျှားစွာဂုဏ်အင် ကျေးဇူးရှင်ဟုပေါ်ထင်ပေစွ မိဘဆရာ တဖြာထိုမှ ဂုဏာ ယ နှစ်ဝဝုဒ္ဓိကြီးဘိသူအား ညွတ်တွားကြည်မှ ဘနာဖြင့် ပူဇာရဟာ ပူဇော်ကြမှုထိုသည့်သူအား လိုလားတောင်းဆု အာယုဘဏ္ဍာ သုခဗလ ပြည့်စုံရသည် ဗုဒ္ဓရှင်တော် မိန့်ခွန်းတည်း ဟူသည်နှင့်အညီ

ရတနာသုံးပါး မိဘဆရာသမား အသက်ဖြင့်ကြီးသောသူ ဂုဏ်ပညာသိက္ခာအားဖြင့် မြင့်မြတ်သောသူတို့၏ ဝေယျာဝစ္စတည်းဟူသော အမှုကြီးငယ်ကို ဆောင်ရွက်ရသောအကျိုး ပစာယနတည်းဟူသော အရိုအသေ အလေးအမြတ်ပြုရသော အကျိုး

တို့သည်ကားဆိုလျှင် ပစ္စုပ္ပန် သံသရာဘဝနှစ်ပါးတို့၌ ထူးမြတ်သောအကျိုးတို့ကို ရရှိကြောင်း ကျမ်းဂန်အရပ်ရပ်တို့၌ လာရှိသည်ကို ပညာအဆင်ခြင် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံကုန်သောသားသမီး တပည့်သားမြေးတို့သည် နှလုံး၌ဆင်ခြင်၍ ပြုအပ်ကုန်သည်ဖြစ်ပါသောကြောင့် ရတနာသုံးပါးအားရင်း, အမိအဘတို့အားရင်း၊ ဆရာသမားတို့အားရင်း၊ . အသက်အရွယ်အားဖြင့်ကြီးသောသူ၊ ဂုဏ်ပညာသိက္ခာအားဖြင့် မြင့်မြတ်သောသူတို့အားအရိုအသေပြုခြင်း, လက်အုပ်ချီခြင်း အစရှိသော ကောင်းမှုကံတို့၏အကျိုးတရားတို့ကို မြတ်စွာဘုရားဟောကြားတော်မူသည်မှာ-

အဘိဝါဒနသီလိဿ နိစ္စံဝုဍ္ဎာပစာယိနော
စတ္တာရောဓမ္မာဝဍ္ဎန္တိ အာယုဝဏ္ဏော သုခံဗလံ

အနက်။ ။အဘိဝါဒနသီလိဿ- ရတနာသုံးပါးအားရိုသေစွာရှိခိုးသော အလေ့အထရှိထသော၊ နိစ္စံ-အမြဲလျှင်၊ ဝုဍ္ဎာပစာယိနော-သီလစသော ကျေးဇူးဖြင့် ကြီးသောသူကို ရိုသေသောအလေ့ရှိထသော၊ ပုဂ္ဂလဿ-ပုဂ္ဂိုလ်အား၊ အာယု-အသက်သည်၎င်း၊ ဝဏ္ဏော-အဆင်းသည်၎င်း၊ သုခံ-ချမ်းသာသည်၎င်း၊ ဗလံ-ခွန်အားသည်၎င်း၊ စတ္တာရော-လေးပါးကုန်သော၊ ဓမ္မာ-အကျိုးထူးတရားတို့သည်၊ ဝဍ္ဎန္တိ-ပွားကုန်၏ ဟူ၍ ဟောတော်မူလေသည်၊

တနည်း ဓမ္မပဒအဋ္ဌကထာ၌

ယောဝုဍ္ဎ ပစာယန္တိ နရာဓမ္မဿကောဝိဒါ
ဒိဋ္ဌေဝဓမ္မေစ ပသံသာ သံပရာယေစ သုဂတိ

အနက်။ ။ဘိက္ခဝေ-ရဟန်းတို့၊ ဓမ္မသာ-အမိ အဘ ဆရာသမားတို့အား ရိုသေမြတ်နိုးခြင်း၌၊ ကောဝိဒါ-လိမ္မာကုန်သော၊ တေနရာ-အကြင်သူတို့သည်၊ ဝုဍ္ဍာ-သူကြီး မိဘတို့အား၊ အပစာယန္တိ-အရိုအသေ အလေးအမြတ်ပြုကုန်၏။ တေနရာ-ထိုသူတို့သည်၊ ဒိဋ္ဌေဓမ္မေစ-ပစ္စုပ္ပန် မျက်မှောက်သောကိုယ်၏ အဖြစ်လည်း၊ ပသံသာ-သူခပ်သိမ်းတို့ ချီးမွမ်းကုန်၏၊ သံပရာယေစ-တမလွန်ဘဝ၌လည်း၊ သုဂတိ-ကောင်းသော သုဂတိ ချမ်းသာသို့၊ ဇာယန္တိ-လားရကုန်၏ ဟူ၍ ဟောတော်မူပါသည်။

ထိုကြောင့်- အမိအဘ တို့၌ သားသမီးသည် အရိုအသေ အလေးအမြတ်ပြု၍ လုပ်ကျွေးထိုက်ကြောင်း ပူဇာစ ပူဇနေယျာနံ ပုဒ်ကိုထောက်သဖြင့်လည်း ပူဇော်ထိုက်သော သူတို့ကို ပူဇော်ထိုက်ကြောင်းကိုလည်း ၃၈-ဖြာ မင်္ဂလာ တရားတော်တွင် မြတ်စွာဘုရား ဟောကြားတော်မူသည်ကို ထောက်၍ ရတနာသုံးပါး အမိ အဘ ဆရာသမား တို့အား ရိုသေစွာ ရှိခိုးခြင်း ပူဇော်ခြင်း လက်အုပ်ချီခြင်းစသော ကောင်းမှုကုသိုလ်ကံတို့ကို ပြုကြရမည်။

ထို့ကြောင့် ဤကင်ပွန်းတပ်မင်္ဂလာကို ခံယူသော သတို့သားကလေး သို့မဟုတ် သတို့သမီးကလေးသည် အနန္တငါးပါးကို ပူဇော်ခြင်း၌ ဝစီကံ မနောကံ မြောက်အောင် မပြုတတ်လင့်ကစား "အဉ္ဇလိ ပဏာမ ဝန္ဒနာ ပဏာမ သက္ကစ္စ ပဏာမ" ဟူ၍ ပဏာမသုံးမျိုးတွင် အဉ္ဇလီ ပဏာမနှင့် ကာယကံမြောက် ဖြစ်ရလေအောင် မိခင်ဖြစ်သူက ကလေးငယ်၏ လက်နှစ်ဖက်ကို

ယှက်စေ၍ လက်အုပ်ချီပြီးလျှင် ဒေ့နန္တငါးပါးကို ရည်စူး၍ ဦးငါးကြိမ်ချပြီး ကန်တော့ပါစေဗျာ—

သတိုသားငယ်ကလေးက ဦးငါးကြိမ်ချ၍ ရှိခိုးကန်တော့စေ
ရှိခိုး ကြေး တင် ရန်

ကာလသမယေ ဒေတ္တိနာမ သိခါဋ္ဌပန အာဝါဟ, ဝိဝါဟ ဒိသမယေ ဒေတ္တိ-ဟူ၍ ဒီဃနိကာယ် သိင်္ဂါလောဝါဒသုတ္တံ၌ ထုတ်ပြန်တော်မူပါသည်။

အနက်။ ။ကာလသမယေ- အချိန်ရောက်လာ ထိုအခါ၌၊ ဒေတ္တိနာမ- ပေးခြင်းမည်သည်၊ ဟောတိ- ဖြစ်၏၊ ကိမဝ- အဘယ်ကဲ့သို့ ပေးခြင်းမည်သနည်း ဟူမူကား၊ သိခါဋ္ဌပန- အာဝါဟ, ဝိဝါဟ၊ဒိသမယေ-ကင်ပွန်းတပ်ခြင်း,နားထွင်းခြင်း, ဥသျှောင်ထုံးခြင်း လက်ထပ်ထိမ်းမြားခြင်း စသော မင်္ဂလာအခါ ကောင်းတို့၌၊ ဒေတ္တိ-အဆိုက်အလျှောက် ချီးမြှောက်မစ ပေးကမ်း ကြရကုန်၏ဟူ၍ လာသောအတိုင်း နှစ်ပါးသော အမိအဘတို့က ဝတ္တရားမပျက်စေဘဲ နှစ်သက်ကြည်ဖြူစွာ မေတ္တာပန်းသွယ် ရွှေနန်းနွယ်ဖြင့် ...လပ်သီကုံး, ပေးမြဲထုံး ရှိခဲ့ကြသည့်အတိုင်း နှစ်ပါးသော အမိအဘတို့က ကျယ်ခု ကင်ပွန်းတပ် မင်္ဂလာကို ခံယူလျက်ရှိသော မိမိတို့ရင်၌ဖြစ်သော သတိုသားငယ် သို့မဟုတ် သတိုသမီးငယ် ကလေးအား အနန္တရာယ်ဘယာ ဝေးတဲ့အောင် ရှိခိုး ကြေး ဆုပေးတော်မူကြပါခင်ဗျား။

"အမိအဘ နှစ်ပါးတို့က ရှိခိုးကြေးတင့်စေ"

## ဘိသိက်ဆရာ၏ ဆုပေး

မနုဿိကာစ သမ္ပတ္တိ ဒေဝလောကေစ ယာရတိ
ယာစရိ နိဗ္ဗာနသမ္ပတ္တိ သဗ္ဗမေတေန လဗ္ဘတိ

ဟူ၍ ဓမ္မပဒအဋ္ဌကထာ၌ လာပါသည်။

**အနက်။** ။မနုဿိကာစ- လူ့ပြည်၌ဖြစ်သော၊ ယာသမ္ပတ္တိစ- အကြင် စည်းစိမ်ချမ်းသာသည်ရင်း၊ အတ္ထိ-ရှိ၏၊ ဒေဝလောကေ- နတ်ပြည်၌ဖြစ်သော၊ ယာရတိစ- အကြင်နှစ်လိုပျော်ဖွယ်ရာသော စည်စိမ်ချမ်းသာသည်ရင်း၊ အတ္ထိ-ရှိ၏၊ ယာစရိနိဗ္ဗာနသမ္ပတ္တိ- အကြင်နိဗ္ဗာန်တည်းဟူသော စည်းစိမ်ချမ်းသာသည်ရင်း၊ အတ္ထိ ရှိ၏၊ သဗ္ဗံ-အလုံးစုံသော စည်းစိမ်ချမ်းသာစုကို၊ ဧတေန-ဤ ဘုရား တရားသံဃာ ရတနာသုံးပါး မိဘဆရာသမားတို့အား ရှိခိုး ပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသလ စေတနာတို့ကြောင့်၊ လဗ္ဘတိ-ရအပ်ပေ၏ ဟူ၍ ဟောတော်မူ သည်နှင့်အညီ ပူဇာစ ပူဇနေယျာနံ- ကျမ်းဂန်ပါဠိလာရှိပြည့်နှန်း မိန့်ခွန်းမြွက်ဖော်တရားတော်ကို ...း:ပေါ်ဖြုပ္မွာ ဒေဝါနမိန့် ပူရိန္ဒဒတ္တ နာမကျော်ဟိုး သုဒဿစိုးအား ဘုန်းမှိုင်းလျှံလင်း တရား မင်းသည် ကောင်းခြင်းမင်္ဂလာ ဖြစ်စိမ့်ငှါဟု ရတနာရောင်... ဇောတဝန်၌ ကောင်းမွန်လှစွာ ဒေသနာသဝန ဟိုက်ကျေး၍ ပြသော်ကြောင့် ပူဇေတဗ္ဗ ဖြစ်သော ရတနာသုံးပါး မိဘဆရာ သမားတို့အား စိတ်ထားကြည်စွာ သဒ္ဓါကို ရှေးရှု၍ ဆယ်ဆူ သော လက်စုံဖြင့် သဒ္ဓါရုံ ပန်းခိုင်ကို စွဲကိုင်ကာ ပူဇော် သော အာနုဘော် အကျိုးဆက်ကြောင့် ဘေးမျိုးကင်းစင်

ကောင်းကျိုးနှင့် စပ်ယှဉ်၍ လှင်တလဟာ ပြင်ကျယ်စွာက အညာရပ်ထံ မြို့ကိန်းဗွာန်သို့ လမ်းမှန်မချွတ် ကတိုးသည်ကြီး ပို့လုနိုးတွင် ရွှေထီးပစ္စုံ ရှစ်စင်းထူ၍ ရိပ်ဖြူမိုးကာ ဖောင်မဂ္ဂင်နာဝေါတွင် ပါလိုသော အာသီသဖြင့် တောင့်တကာ ဆင်မြန်း၍ ကင်းပွန်းတပ်သော သတို့သားကလေးအား မျှစ်စို့အလား ပတ္တမြားရဘာနာလို မခြားပမာ ထုံးလျှော်နှံ့သာ့ပ အသုံးနှော်ခဲ့၍ တန်ခိုးသတင်း မောက်တဲ့အောင် ကဲ ဆရာ့ဆရာများက ဘုန်းတော်ဖွံ့ကြိုးသီချင်းကောက်တော်မူဗျား-(တူရိယာ ဆရာများက ရွှေဘုန်းငွေဘုန်းကြိုး တီးရမည်။)

တူရိယာမှုခါလျှင် ကင်ပွန်းတပ်သော သတို့သားကလေးသည် လွှယ်တကူ ဖိုလ်မင်္ဂကို မပျက်ဘဲ ရတော်မူကြပါစေဗျား ဟူ၍ အဆုံးသတ်ပါ၊ ဤကား အမှာ။

ဂဗ္ဘဝါသမင်္ဂလာမှာ ပဋိသန္ဓေ တည်နေကိန်းအောင်းသည်မှာ မိးရှူးသန့်စင် မဖွားမြင်မီအတွင်းမှာသာ ပြုလုပ်အပ်သောကြောင့် ဤကင်ပွန်းတပ် မင်္ဂလာမှာ မသွင်းထိုက်ချေ၊ သို့ရာတွင် ဆရာပြုလုပ်မည့်သူတို့ သိအပ် တတ်အပ် မှတ်အပ်သည် ဖြစ်၍ ဗဟုသုတအလို့ငှာ သီးခြားဖော်ပြခဲ့ပေအံ့။

## ဂဗ္ဘဝါသမင်္ဂလာပြုနည်း

ပဋိသန္ဓေ တည်နေကိန်းအောင်းသည်မှ မိးရှူးသန့်စင် မဖွားမြင်မီအတွင်း ပဋိသန္ဓေသား၏ကြီးပွားရာ ကြီးပွားကြောင်းကို ရည်စူး၍ ၇-ရက်တကြိမ် တလတကြိမ် အစရှိသည်ဖြင့် အကြိမ်ကြိမ်အဖန်ဖန် ပြုလုပ်အပ်သော မင်္ဂလာသည် "ဂဗ္ဘဝါသ" မင်္ဂလာမည်ပါသည်။

ထိုဂန္ဓဝါသ မင်္ဂလာ၏ ဝိဂ္ဂြိုဟ်ဝစနတ္ထမှာ ဂန္ဓဝသာယ အနုဂန္ဓာ ဝသိတဗ္ဗောတိ ဂန္ဓဝါသော။ ယံမင်္ဂလံ-အကြင်မင်္ဂလာ သည်၊ ဂန္ဓဝသာယ-ကိုယ်ဝန်၏ အလိုသို့၊ အနုဂန္ဓာ-အစဉ်လိုက် ၍၊ ဝသိတဗ္ဗော- ကျင့်သုံးနေထိုင်အပ်၏၊ ဣတိတသ္မာ- ထိုသို့ ကိုယ်ဝန်၏ အလိုသို့လိုက်၍ ကျင့်သုံးနေထိုင်အပ်သော သတ္တိ ကြောင့်၊ တံမင်္ဂလံ-ထိုမင်္ဂလာသည်၊ ဂန္ဓဝါသော-ဂန္ဓဝါသ မည်၏။

ဂန္ဓဝါသောစ သောမင်္ဂလာစာတိ ဂန္ဓဝါသမင်္ဂလာ (ကမ္မဓါရည်းသမာသ်တွဲ) ဂန္ဓဝါသောစ-ကိုယ်ဝန်၏ အလိုသို့ လိုက်၍ ကျင့်သုံးနေထိုင်အပ်သည်လည်း၊ ဟောတိ-ဖြစ်၏၊သော- ထိုကိုယ်ဝန်၏ အလိုသို့လိုက်၍ ကျင့်သုံးနေထိုင်အပ်၏ ဟူသည်၊ မင်္ဂလာစ-မင်္ဂလာသည်လည်း၊ ဟောတိ-ဖြစ်၏၊ ဣတိတသ္မာ- ထိုသို့ နှစ်ပါးသော သတ္တိကြောင့်၊ ဂန္ဓဝါသမင်္ဂလာ-ဂန္ဓဝါသ မင်္ဂလာမည်၏။

ရင်းပြင် တနည်း ဝိဂ္ဂြိုဟ်မှာ ဂဗ္ဘေဝသတီတိ ဂန္ဓဝ သော၊ ဓယာ-အကြင်သားသွီးသည်၊ ဂဗ္ဘေ-ဝမ်းကြာတိုက်၌၊ ဝသတိ-ကိန်းအောင်းသောအား[illegible]နေတတ်၏၊ ဣတိတသ္မာ- ထိုသို့ ဝမ်းကြာတိုက်၌ ကိန်းအောင်းသောအားဖြင့် နေတတ်သော သတ္တိကြောင့်၊ သော-ထိုသားသွီးသည်၊ ဂန္ဓဝသော-ဂန္ဓဝသ မည်၏။

ဂန္ဓဝသာယ ကရဏံမင်္ဂလံ-ဂန္ဓဝါသမင်္ဂလံ၊ ဂန္ဓဝသာ ယ-အမိ၏ ဝမ်းကြာတိုက်၌ ကိန်းအောင်းသောအားဖြင့် နေသော သူ၏ အကျိုးငှာ၊ ကရဏံ-ပြုအပ်သော၊ မင်္ဂလံ-မင်္ဂလာတည်း၊ ဂန္ဓဝါသမင်္ဂလံ-အမိ၏ဝမ်းကြာတိုက်၌ ကိန်းအောင်းသောအား

ဖြင့် နေသောသူ၏အကျိုးငှာ ပြုအပ်သော၊ မင်္ဂလံ-ဂဗ္ဘဝါသမင်္ဂလာမည်၏။

ထို့ကြောင့် စကြာမင်းလောင်း သားကောင်း ပဋိသန္ဓေကို ဖွားကြောင်းပကတိမသေ့ အရှင်မိဖုရားကြီး၏ တစ်မမှားရအောင် သတိထားကာ စောင့်ရှောက်ရဘိသကဲ့သို့ မကောင်းသည့်အရာ ဟူသမျှတို့သည် မြူမခဘေးမသန်းဘဲ ချမ်းစွာကြီးပွား၍ ထီး တရာ့တပါး၏ ကေရာဇ်အဖြစ်ကို မျှော်ပြီးလျှင် လေးဖော်သော သူဌေးကြီးတို့နှင့် တပြေးတည်းညီစွာ ဤအခါ သမ္ဘာထူးစေဖို့ ကမ္ဘာဦးက သမုတ်ခဲ့ဒါကြောင့် အဟုတ်မပျက်ရအောင် ဆက်ခါ ဆောင်လို့မို့ အထက်ယခေါင် နတ်ဗြဟ္မာကစကဲ့သည့် ဂဗ္ဘဝါသမင်္ဂလာကို လျှင်မကြာ ဆင်ကာနွှဲပါသည် တမင်္ဂလာမလွဲ သားကောင်းရတနာကို ဖွားကြောင်းမကြာ ဘုန်းတန်းတက်လို့မို့ အနန္တရတနာကျယ်ပြီး အသက်တရာ့နှစ်ဆယ် ရှည်စေသောဝ်။

ဤတွင် ဂဗ္ဘဝါသမင်္ဂလာပြုလုပ်နည်းပြီး၏။

## ကင်ပွန်းတပ်မင်္ဂလာပွဲများတွင် မင်္ဂလာရှစ်ပါး ချီးမြှင့်နည်းကိုပြပေအံ့

### (၁) ဝိဇာတမင်္ဂလာပြုနည်း

မီးရှူးသန့်စင် ဖွားမြင်သောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် ဝိဇာတမင်္ဂလာမည်ပါသည်။

ဝိဇာယနံ-ဝိဇာတော (ဘာဝသာဓန) ဝိဇာယနံ-ဖွားမြင်ခြင်း ဝိဇာတော-ဖွားမြင်ခြင်း။

ဝိဂ္ဂြိုဟ်ဘား- ဝိဇာယနကာလေ ကာတဗ္ဗန္တိ ဝိဇာတကရဏံ၊ ယံမင်္ဂလံ- အကြင်မင်္ဂလာသည်၊ ဝိဇာတကာလ- ဖွားမြင်သောကာလ၌၊ ကာတဗ္ဗံ-ပြုအပ်၏၊ ဣတိတသ္မာ-ထိုသို့ ဖွားမြင်သောအခါ၌ ပြုအပ်သော သတ္တိကြောင့်၊ တံမင်္ဂလံ-ထိုမင်္ဂလာသည်၊ ဝိဇာတကရဏံ-ဝိဇာတကရဏမည်၏။

ဝိဇာတကရဏဉ္စ တံမင်္ဂလာစာတိ ဝိဇာတကရဏမင်္ဂလာ (ကမ္မဓါရည်းသမာသ်တွဲ) ဝိဇာတကရဏဉ္စ-ဖွားမြင်သောအခါ၌ ပြုအပ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ ဒီဖွားမြင်သောအခါ၌ ပြုအပ်၏ဟူသည်၊ မင်္ဂလာစ-မင်္ဂလာသည်လည်း၊ ဟောတိ-ဖြစ်၏၊ ဣတိတသ္မာ-ထိုသို့ နှစ်ပါးသော သတ္တိကြောင့်၊ ဝိဇာတကရဏ မင်္ဂလာ-ဝိဇာတကရဏ မင်္ဂလာမည်၏။

အထိကရ အတိုးအပွား အသာပြာကျွယ်စေဖို့ အမိ အဘ အဖိုး အဖွား ညာတကာ အနွယ်တို့နှင့်တကွ သတိုးဗြရတနာ တသွယ်ကို ကိုးလမှာလွယ် ဆယ်လမှာဖွားလို့မို့ ဆယ်ဝတရားကို သတိယှဉ်ကာဖြင့် မိခင်မာတာ ဆယ်သန်းဆု ပေါက်သလို

တကယ်ဝမ်းမြောက်မှုအတွက် ဥဒည်စွန်းက တောင်ကျွန်းသို့ နေအခါထွက်တွင် ရေမျက်နှာပြင် အထက်ကရ ကြာအလားကဲ့သို့ အမိအဘနှစ်ဖြာအကြားမှ ဘွားကနဲ ပေါ်လာပြီး စကြာ့မင်း ပတ္တမြား သားကောင်းရတနာ ဖွားမြင်ပါသည်၊ ကြည်သာ ဝမ်းမြောက် ခုံပေါက်သာယာ ရွှင်ကာ က,ကာ ကြည်နူးစွာဖြင့် နှစ်ဖြာမိဘ ယုယချော့မြူ သည်းအူရှမ်းအိ ဂွမ်းဆီထိသို့ အမိသား ကောင်း ချမ်းသာကြောင်းဖြင့် ပွားကြောင်းမနေ သမ္ဘာတိုးဘက် တန်ခိုးထွက်လျက် အသက်ရာကျော် ရှည်ကြောင်းမျော်၍ ပြုသော အခါ မင်္ဂလာမူ ထင်စွာနာမ ဝိဇာတဟု ခေါ်ကြသည်သာ ဖွားသောခါ၌ ပြုရာကရဏ ပိဇာတမင်္ဂလာ ဆင်မြန်းပါသည် ရွှင်လန်းစွာရောဂါကင်း၍ ဘောဂမယွင်းသမ္ဘတ္တိနှင့် ပြည့်လို့မို့၊ ဘယံနတ္ထိ-ဂမုန်းပန်း ဘွမျိုးကဒေလးမှာ စုန်းတန်းတိုး၍ မပျက် တကမ္ဘာမျော်ပြီး အသက်ရာကျော် ရှည်စေသော်—

## (၂) သိရောဒက မင်္ဂလာပြုနည်း

မီးရှူးသန့်ဇ် ဖွားမြင်ပြီး၍ မကြာမီအတွင်း တရော် ကင်ပွန်းတို့ဖြင့် ဦးခေါင်းဆေးလျော်၍ ကင်ပွန်းတပ်ခြင်းသည် သိရောဒကမင်္ဂလာ[illegible]ည်ပါသည်၊

ဝိဂ်[illegible]ကား-သိရောဒကေန ဓေါဝနကာလေ
ကာတဗ္ဗန္တိ သိရောဒကံ

ယံမင်္ဂလံ- အကြင်မင်္ဂလာသည်၊ သိရသာ- ဦးခေါင်းကို၊ ဒြဒကေန- ရေစင်ဖြင့်၊ ဓေါဝနကာလေ- ဆေးလျော်သော ကာလ၌၊ ကာတဗ္ဗံ- ပြုအပ်၏၊ ဣတိတသ္မာ- ထိုသို့ ဦးခေါင်းကိုး

ဆေးလျှော်သောကာလ၌ ပြုအပ်သော သတ္တိကြောင့်၊ တံမင်္ဂလံ-
ထိုမင်္ဂလာသည်၊ သီဝရောဒကံ-သီရောဒကမည်၏။

သီရောဒကဥ္စ တံမင်္ဂလာစာတိ သီရောဒက မင်္ဂလာ (ကမ္မဓာရည်းသမာသ်တဲ့) သီရောဒကဥ္စ- ဥက္ကောင်း ဆေးလျှော်သောကာလ၌ ပြုအပ်သည်လည်း၊ ဟောတိ- ဖြစ်၏၊ တံ- ထိုဥက္ကောင်း ဆေးလျှော်သော ကာလ၌ ပြုအပ်၏ ဟူသည်၊ မင်္ဂလာစ- မင်္ဂလာသည်လည်း၊ ဟောတိ- ဖြစ်၏၊ ဣတိတသ္မာ- ထိုသို့နှစ်ပါးသော သတ္တိကြောင့်၊ သီရောဒကမင်္ဂလာ- သီရောဒက မင်္ဂလာမည်၏။

ချစ်လှစွာသော သားသွီး ဖွားပြီး၍ မကြာမီ မဟာနဒီ ဂင်္ဂါရေနှင့် တင့်စွာမသေ့ တရော်ကင်ပွန်းတို့ဖြင့် အဖျော်အဖြေနှင့်သွန်းကာ ခေါင်းဆေးလိုဂို့ တမဟုတ် အကြောင်းမရွေး ကင်ပွန်းတပ်သည်ကို ယခင် အညွှန်းဇာတ်နှင့်အညီ ဟောကာ ပြရလျှင် သီရောဒကမင်္ဂလာကို လျင်မကြာ အောင်ဇေယျဟုဖြင့် သဘင်ခံကာ ရေနင်အရှည်ရှုလို့မို့ သောင်ငွေခရ ရှစ်ပြဟွာ သွန်းသည့်ပြင် တောင်ဇမ္ဗူ့ လက်ျာ ကျွန်းကွင် တက်လာထွန်းသည့် နေဝန်းစန္ဒြာတို့လို ခြွေရွေဝ ၊ တိုးဖွံ့မပေါက် နိုင်တဲ့ အောင် ၉၆-ရောဂါဝေဒနာ, ကံကြမ္မာ-၃ ဘေးအပြစ် ၂၅, ၁၆-ပါးသော ဥပဒ္ဒဝေါ, ဆယ်ပါးသောဒဏ်, ရှစ်တန်သော အပြစ်, ငါးရစ်သောရန်, သုံးတန်သောကပ်, လေးရပ်သော ဝိပတ္တိ စရှိများစွာ မကောင်းသော အနိဋ္ဌာတို့သည် ပိန်းကြာဖက်ဖျား ရေမနားသကဲ့သို့ လျောသွား ပပျောက်ပါစေသတည်း။

အမှာ—(ဤနေရာ၌ တရော်ကင်ပွန်းရေတင် ရတနာ ၇-ပါး ထည့်၍ သူငယ်၏ ဦးခေါင်းကို ဆေးရမည်)

ဤယခု ကောင်းမြတ်လှသည့် နေ့ရက်အခါတွင် သမ္မာဂုဏ်ရှိတော် လျှမ်းလျှမ်းဖိတ်မျှ ဣဒ္ဓိအထွေထွေ ဂုဏ်အသရေတို့သည် လိုလေသည်မရှိရ ဒါ်လုံးစုံပြည့်ဝ၍ နေ့ညသုံးစွဲ စွန့်ကြဲပေးကမ်း မကုန်မခန်းနိုင်အောင် ဘုန်းတန်းသမ္မာ မင်္ဂလာတိုးတက် တန်ခိုးထွက်၍ အသက်ရာကျော် ရှည်စေသောဝ်။

## (၃) ကေသစ္ဆေဒန မင်္ဂလာပြုနည်း

ဝမ်းတွင်းဆံကို ပဌမစ၍ ပယ်သောအခါ၌ ပြုလုပ်အပ်သော မင်္ဂလာသည်၎င်း, ရှင်သာမဏေပြုရာတွင် ဆံချသောအခါ၌ ပြုလုပ်အပ်သော မင်္ဂလာသည်၎င်း, ကေသစ္ဆေဒနမင်္ဂလာမည်ပါသည်။

ပိဋ္ဌိပါဌ်ကား— ကေသေ ဆေဒိယတီတိ ကေသစ္ဆေဒနံ။ ယံမင်္ဂလံ-အကြင်မင်္ဂလာသည်၊ ကေသံ-ဆံပင်ကို၊ ဆေဒိယတိ-ဖြတ်အပ်၏၊ ဣတိတသ္မာ- ထိုသို့ဆံပင်ကို ဖြတ်အပ်သော သတ္တိကြောင့်၊ တံကမ္မံ- ထိုအမှုသည်၊ ကေသစ္ဆေဒနံ- ကေသစ္ဆေဒန မည်၏။

တနည်းဋီကာ်မှာ— ကေသစ္ဆေဒနကာလေ- ကာဗ္ဗန္တိ- ကေသစ္ဆေဒနကရဏံ၊ ယံမင်္ဂလံ-အကြင်မင်္ဂလာသည်၊ ကေသစ္ဆေဒနကာလေ-ဆံပင်ကို ရိတ်ဖြတ်သောကာလ၌၊ ကာတဗ္ဗံ-ပြုအပ်၏၊ ဣတိတသ္မာ- ထိုသို့ဆံပင်ကို ရိတ်သောကာလ၌ ပြုအပ်သော သတ္တိကြောင့်၊ တံမင်္ဂလံ- ထိုမင်္ဂလာသည်၊ ကေသစ္ဆေဒနကရဏံ- ကေသစ္ဆေဒန ကရဏမည်၏။

ကောသာဇ္ဇဒနဥ္စ တုံးမင်္ဂလာစာတိ ကောသဇ္ဇဒန မင်္ဂလာ (ကမ္မဝါရည်းသမာသ်တဲ့) ကောသဇ္ဇဒနဥ္စ- ဆံပင်ကို ရိတ်ဖြတ် သောကာလ၌ ပူအပ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ တံ-ထိုဆံပင် ကို ရိတ်ဖြတ်သောကာလ၌ ပူအပ်၏ဟူသည်၊ မင်္ဂလာစ-မင်္ဂလာ သည်လည်း၊ ဟောတိ- ဖြစ်၏၊ ဣတိတသ္မာ- ထိုသို့နှစ်ပါးသော သတ္တိကြောင့်၊ ကောသဇ္ဇဒန မင်္ဂလာ- မကောသဇ္ဇဒန မင်္ဂလာ မည်၏။

အမှာ— (သူငယ်၏ ဦးခေါင်း၌ ဆံပင်ကိုရိတ်ရမည်)

ကျမ်းရင်းအမှန် လမ်းရှင်းပြန် ဝမ်းတွင်းဆံပယ်ရန် အကြောင်း မထားကောင်းဟု လမ်းကြောင်းထင်စွာ ကဝိန္ဒာတို့ ချိန်ခါဟောင်းပေး အကြောင်းဒရှး ခေါင်းဆေးမင်္ဂလာ ပြုပြီး ခါ၌ မကြာဆံရိတ် အတိတ်ယတြာ သူငယ်နာ မှက်ခရု, အဖုကျ ဗဟုံး, ကိုယ်လုံးကျော့ပူ အပြင်စူထွက် ကျောက်ဝက်သက်နှင့် တချက်ကြက်ညှာ မှင်စာတဇ္ဇ စုန်းကဒဝက စရှိတချက် မနှောင့်ယှက်အောင် ကာကွယ်ဧ တောင်စဉ်မာတြာ သူငယ်နာတို့ မကြာပြေးပုန်း အလွတ်ရုံး၍ ပျက်ပြုန်းမသေ ရန်လေးတွေကို ဖွေဖွေစစ်စစ် အသဒရဖြစ်အောင် ကောသဇ္ဇဒနာ မင်္ဂလာကို ထင်စွာယခု ပြုပါသည်၊ ရှင်ဗါကူးရောဂ၊ ကင်းသကဲ့ သို့ ဘောဂမယွင်း သူဌေးကြီးတသွယ် မနေးအပြီးတကယ် ဘုန်းတန်ခိုးတက်၍မို့ အဆုံးအကျိုးဆက် မပျက်တကမ္ဘာမျှော်ပြီး အသက်ရာကျော် ရှည်စေးသာဝ်၊

## (၄) ဒေါဠှာကရဏ မင်္ဂလာပြုနည်း

ယောဉ်ဆင့်ကာ စဉ်အလာဖြင့် ရှင်စွာမပျက် ပုခက်တင် သောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် ဒေါဠှာကရဏ မင်္ဂလာမည်ပါသည်၊

ဝိဂ္ဂိုဟ်ကား— ဒေါဠှ ကရိယာတိ ဒေါဠှကရဏံ။ ယံမင်္ဂလံ-အကြင်မင်္ဂလာသည်၊ ဒေါဠှ- ပုခက်ယောဉ်တင်၍ ကျူးလွဲ သဘင်ပွဲကို၊ ကရိယတိ- ပြုအပ်၏၊ ဣတိတသ္မာ-ထိုသို့ ပုခက်ယောဉ် တင်၍ကျူးလွဲ သဘင်ပွဲကို ပြုအပ်သော သတ္တိ ကြောင့်၊ တံမင်္ဂလာ- ထိုမင်္ဂလာသည်၊ ဒေါဠှာကရဏံ- ဒေါဠှာ ကရဏမည်၏။

ဒေါဠှာကရဏဉ္စ တံမင်္ဂလာစာတိ ဒေါဠှာကရဏ မင်္ဂလာ (ကမ္မဓါရည်းသမာသ်ငဲ) ဒေါဠှာကရဏဉ္စ- ပုခက်ဆင်ယောဉ် တင်ခြင်းအမှုကို ပြုအပ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ တံ-ထိုပုခက် ယောဉ်တင်ခြင်း အမှုကိုပြုအပ်၏ ဟူသည်၊ မင်္ဂလာစ- မင်္ဂလာ သည်လည်း၊ ဟောတိ-ဖြစ်၏၊ ဣတိတသ္မာ-ထိုသို့ နှစ်ပါးသော သတ္တိကြောင့်၊ ဒေါဠှာကရဏမင်္ဂလာ- ဒေါဠှာကရဏ မင်္ဂလာ မည်၏။

အမှာ—(ဤ သုံရာဉ့် သတ္တိသားငယ်အား လှပစွာ ပြင်ဆင် ထားသော ပုခက်ပေါ်သို့ တင်ရမည်)

ဆံရိတ်ပြီးခါ မင်္ဂလာသာ့ ကောင်းကြီးပြုလျက် လူလူ ဝမ်းသာ ဆင်ယင်ရာကား ရှင်စွာမပျက် ပုခက်ယောဉ် တင်၍ ကျူးလွဲ သဘင်ပွဲကို ဆင်နွှဲအညီ ပြုအပ်သည်ကြောင့် လူ့ရပ် ဌာနီ တထုံးတနည်းနှင့် ဘုန်းကြီး၍ အသက်ရှည်ပြီး မပျက်တစေ

စည်းစိမ်တိုးလို့မို့ ငြိုးထိန်တန်ခိုးထက်နန်းပြေကဲ့သို့ သက်တန်းတွေ ဖြိုးကြွယ်မောက်ပြီးလျှင် ၉၆-ဒေသနာ ကင်းတဲ့အောင် ရှေးဗြာ မယှဉ်းထုတ်ဖွေနည်လိုက်တော့ ဥဇ္ဇေနီပြည် အမြန်တခဏ သစ် တသြဘာနှင့် စန္ဒပဇ္ဇောတမင်း ယခင် အကျိုးတရားကြောင့် ယာဥ်မျိုးငါးပါးကို ရတော်မူသလို အလားပမာအတူ အကောင်း နိမိတ်အညွှန်းစာရှုလို့မို့ ၎င်းဘိသိက်သွန်းကာပြုလိုက်ပါတော့ သည်၊ အထွန်းဇာတာရှု၍ ပြောကာပြုရလျှင် ဒေါဠာကရဏ မင်္ဂလာဆိုဒါ စဉ်အလာရှေးအကြောင်းမှီးပြီး ယခင်က သူဌေး လောင်းကြီးတို့လို ရွှေပေါင်းပြီး သောင်းကျော်တဲ့ အောင် အလောင်းတော် မဟာဗောဓိသတ်ကဲ့သို့ လောကီအရပ်ရပ် ရှေး ထုံးအကျိုးဆက်ကြောင့် ဘုန်းတန်ခိုးတက်၍ မပျက်တကမ္ဘာ မျှော်ပြီး အသက်ရာကျော်ရှည်စေသောဝ်။

## (၅) နာမကရဏ မင်္ဂလာပြုနည်း

အနွတ္တသညာ ခေါ်စာဖြင့် လျော်စွာအညီ အမည်မှည့် အံ့သောငှါ ပြုလုပ်အပ်သော မင်္ဂလာသည် နာမကရဏမင်္ဂလာ မည်ပါသည်။

ဝိဂ္ဂဟ်ကား-အတ္တတိ နာမေတီတိနာမံ နာမံကရိယတိ ဧတေနာတိ နာမကရဏံ နာမဿကရဏံ နာမကရဏံ။

ယံနာမံ-အကြင်အမည်သည်၊ ပရေသံ-သူတပါးတို့အား ဝါ တပါးသောသူတို့အား၊ နာမေတိ-ညွတ်စေတတ်၏၊ ဣတိ တသ္မာ-ထိုသို့တပါးသောသူတို့အား ညွတ်စေတတ်သော သတ္တိ ကြောင့်၊ တံနာမံ-ထိုအမည်သည်၊ နာမံ-နာမမည်၏၊ ဧတေန-

ထိုမင်္ဂလံ့ဖြင့်၊ နာမံ-အမည်ကို၊ ကရောတိ-ပြုတတ်၏ ဝါ၊ မှည့် တတ်၏၊ ဣတိတသ္မာ-ထိုသို့ အမည်ကို မှည့်ကြောင်းဖြစ်သော သတ္တိကြောင့်၊ တံမင်္ဂလံ-ထိုမင်္ဂလာသည်၊ နာမကရဏံ-နာမက ရဏမည်၏၊ နာမဿ-အမည်ကို၊ ကရဏံ-ပြုခြင်းတည်း, နာမက ရဏံ-အမည်ကိုပြုခြင်း။

၁။ အမည်ပညတ်တို့သည် အခိုက်အတန့်ကို စွဲ၍ဖြစ်သော ရှင်ပြုသောအခါ၊ ကိုရင်ဝတ်သောအခါတို့၌ ပေးသောဘွဲ့၊ ဘုရင် မင်းမြတ်တို့ ချီးမြှင့်တော်မူသောဘွဲ့ အမည်အရည်တို့သည် "အာ ဝတ္တိက" အမည် မည်၏။

၂။ အဆင်းသဏ္ဌာန် ပုံပန်းကိုစွဲ၍ ဖြစ်သော မောင်ဖြူ, မောင်နီ, မောင်ညို, မောင်နက် စသောအမည်တို့သည် "လိင်္ဂိက" အမည် မည်၏။

၃။ အကြောင်းမဘက် သင့်သက်အလိုအတိုင်း မှည့်အပ် သော နွဲ့နွဲ့သောင်းသောင်း ခေါ်တိုင်းကောင်းအောင် အကြောင်း အားလျော်စွာ မှည့်သော အမည်သည် "အာဓိစ္စသမုပ္ပန္န"အမည် မည်၏။

၄။ အကြောင်းအထူး ဂဏ်ကျေးဇူးကို စွဲ၍ ဖြစ်သော နေ့ သင့်နံသင့် မိတ်ဂြိုဟ်ရန်ဂြိုဟ် နံကိုရွေးချယ်၍ ဘေးအသွယ်သွယ်တို့ မထိမကပ်ရအောင် မှည့်အပ်သော အမည်သည် "နေမိတ္တိက" အမည် မည်၏၊ အမှာ (အမည်ပေးပုံပေးနည်း ရွေးပုံရွေးနည်းတို့ ကို ဤကျမ်း၏ နောက်ပိုင်းတွင် ဖော်ပြမည်၊ ကိန်းပုံဇယားကို ကြည့်၍ ပေးလေ)

ထို့ကြောင့်-အာဝတ္တိကအမည်, လိင်္ဂိကအမည်, အာဓိစ္စ သမုပ္ပန္န အမည်တို့ကို ထား၍ ယခုအမည်ပေးအံ့သော မင်္ဂလာမှာ

ဣစ္ဆိတံ လိုတိုင်းပြီးတဲ့အောင် နေမိတ္တိက အမှန် ဗဟိုဂိုဏ်းကြီးတွင် ဆိုတိုင်းပြီးတဲ့ ဩဇာအာဏာတို့ဖြင့် လောကသံသရာ နှံ့ဖြာ အမည်တက်ပြီး ကမ္ဘာအရှည်မပျက် ညီကာ ချိန်လိုက်တော့ ဝိသာခါ အနာထပိဏ်တို့လို ကမ္ဘာအကြိမ်တရာ, မတည်ပျက် သော်လည်း အမည်မပျက်ဘဲ သီလ၏ တန်ခိုးနှင့် တည်ရသည့် အကျိုးမဟာပ္ပလကြောင့် ကိုးနဝရတ်မက ဤကလေးကို အမည် ပေးရန် ပဏာမတင်ဆ်င်ကာဖြင့် နာမကရဏမင်္ဂလာကို ဆင်ယင် ကာနွဲပါသည် မည်တွင်သညာ ခေါ်စရာမှာ "မောင်ကျော်စွာ" ဟု ကမ္ဘာတွင်စေဗျား–အသွင်ရွှေငွေ ပဗ္ဗာမြား ဂမုန်းပန်းအမျိုး ကလေးမှာ ဘုန်းတန်းတိုး၍ မပျက် တကမ္ဘာမျှော်ပြီး အသက်ရာ ကျော်ရှည်စေသောဝ်-

အမှာ – (အမည်ခေနရာတွင် မိမိတို့ပေးသော အမည်ကို လဲ ပြောင်းထည့်သွင်း၍ ရွတ်ကြလေ)

## (၆) ဒုဿဂဟဏ မင်္ဂလာပြုနည်း

ပုဆိုးထမီ အင်္ကျီတဘက် ဘယ ·ဆာ ဒွါဒယာတို့ကို စစွာမချုတ် ဝတ်ဆင်သောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် ဒုဿဂဟဏ မင်္ဂလာမည်ပါသည်။

ဝိဂ္ဂြိုဟ်ကား—ဒုဿံ ဂဟာပေတဗ္ဗန္တိ ဒုဿဂဟဏံ။ ဒုဿံ- ပုဆိုးထမီ အင်္ကျီတဘက် ဘယက်ဇာန်းဆာ ဒွါဒယာတို့ကို၊ ဂဟာ ပေတဗ္ဗံ-ယူစေအပ်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ ဒုဿဂဟဏ-ဒုဿ ဂဟဏမည်၏။

• ဒုဿဂဟဏဉ္စ တံမင်္ဂလာစာတို့ ဒုဿဂဟဏမင်္ဂလာ(ဣမှ ဓါရည်းသံမာသ်တွဲ) ဒုဿဂဟဏဉ္စ-ပုဆိုးထမီ အင်္ကျီတဘက် ဘယက်တန်းဆာ ဒွါဒယာတို့ကို ပေးအပ်သည်လည်း၊ ဟောတိ-ဖြစ်၏၊တံ-ထိုဘယက်တန်းဆာ ဒွါဒယာတို့ကို ပေးအပ်၏ဟူသည်၊ မင်္ဂလာစ-မင်္ဂလာသည်လည်း၊ ဟောတိ-ဖြစ်၏၊ဣတိတသ္မာ-ဆိုသို့ နှစ်ပါးသော သတ္တိကြောင့်၊ ဒုဿဂဟဏမင်္ဂလာ-ဒုဿဂဟဏမင်္ဂလာမည်၏။

အမှာ—(ဤနေရာ၌ သူငယ်အား အဝတ်သင်တိုင်းအင်္ကျီ ရွှေကြိုးဘယက်ခွက်တို့ကို ဆင်မြန်းပေးရမည်။)

နာမကရဏမင်္ဂလာကို ဆင်ယင်ကာ အမည်ပေး၍ ပြီးပါပေါ့-ခနဉ္စယသူဌေးသွီးဝိသာခါ, မလ္လိကာမိဖုရား, ဗာရာဏသီ သူဌေးသမီး, သုဘဒ္ဒါတို့သည် လူ့ရှုပ်ရှာအတိတ်ပဝေအခါက စိတ်စေတနာတော့ ရှင်လန်းပြီး ရွှေသင်္ကန်းကပ်လှူရသော အကျိုးကြောင့် နတ်အတူတမျိုး ကံကြမ္မာဖန်လာသဖြင့် မဟာလတာတန်းဆာကို တခုံမက္ခာ ဝတ်ဆင်ရဘိသကဲ့သို့ မချွတ်အထင်ကရ မင်းယောကျာ်းတို့မှာ မယှဉ်းအယောက်အထားနှင့် မှန်စွာ ဖွားပါသဖြင့် မင်းမြောက်ဘန်းဆာငါးပါးကို ရံခါမခြား ဆင်မြန်းကြပြီး၍ ရှင်ရဟန်းသ[illegible]တို့နည်းလို ဘေးဟူသောစိတ်နှင့် ရှုဘတ်သည့် ပေါ်ဘိက္ခုရဟန်းအဖြစ်၌ ခွန်းလုစ်၍ ခေါ်တော်မူသည့်ဆုနှင့် ပြည့်စုံရသည့် အကြောင်း ကောင်းမြတ်သောစိတ်နှင့် အတိတ်ကိုယူပြီးလျှင် ရိပ်ဖြူတွင် ဥတ္တမပစာယနတို့ဖြင့်• ဒုဿဂဟဏမင်္ဂလာကို လျင်မကြာမပျက် ပန်ပတ္တနာ၍ ဘမယာပလ္လင်မွန်းပြီး ဘယက်တန်းဆာဒွါဒယာတို့ကို ဘင်လွှမ်းလျက် ဆင်မြန်း

သည့် မင်္ဂလာကို ရှင်လန်းစွာ ဆင်ယင်ပါသည်၊ ယခင်အခါ ပေါ်ပြည့်နေနှင့် ဇောတိက သူဌေးကြီးတို့လို ဘေးအသီးသီး ရန် အသွယ်သွယ်တို့သည် အန္တရာယ်ဝေးစွာကင်းပြီး မြေခြင်းသီတဂူ ကဲ့သို့ ကြည်ဖြူစွာဂမုန်းပန်း အမျိုးကလေးမှာ ဘုန်းတန်းတိုး၍ မပျက်တကမ္ဘာမျှော်ပြီး အသက်ရာကျော် ရှည်စေသောဝ်။

## (၇) အာဟာရပရိဘောဂ မင်္ဂလာပြုနည်း

အသက်တရာတောင့်တမရှိ အလိုပြည့်၍ ပကတိမယွင်း အဆင်းဆန်းထူး ထမင်းဦးခံ့သောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် အာဟာရပရိဘောဂ မင်္ဂလာ မည်ပါသည်။

ဝိဂ္ဂဟ်ကား- အာဟာရံပရိဘုဥ္ဇာပေတီတိ- အာဟာရံပရိ ဘောဂေါ။ ယံမင်္ဂလံ-အကြင်မင်္ဂလာသည်၊ အာဟာရံ-အာဟာ ရကို ဝါ-ထမင်းဦးကို၊ ပရိဘုဥ္ဇာပေသိ-သားစေ၏၊ ဝါ-ခံ့စေ၏၊ ဣတိတသ္မာ-ထိုသို့ ထမင်းဦးခံ့ရသော သတ္တိကြောင့်၊ တံမင်္ဂလံ- ထိုမင်္ဂလာသည်၊ အာဟာရပရိဘောဂေါ- အာဟာရပရိဘောဂ မည်၏။

အာဟာရပရိဘောဂေါစ သော ဂစတိ အာဟာရပ ရိဘောဂမင်္ဂလာ (ကမ္မဓါရည်းသမာသ်တွ) အာဟာရပရိဘော ဂေါစ-ထမင်းဦးခံ့ အပ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ သော- ထိုထမင်းဦးခံ့အပ်၏ ဟူသည်၊ မင်္ဂလာစ- မင်္ဂလာသည်လည်း၊ ဟောတိ-ဖြစ်၏၊ ဣတိတသ္မာ-ထိုသို့ နှစ်ပါးသော သတ္တိကြောင့်၊ အာဟာရပရိဘောဂမင်္ဂလာ- အာဟာရပရိဘောဂမင်္ဂလာမည်၏။

အမှာ— (ဤနေရာ၌ မိခင်က သူငယ်အား ထမင်းဦးကို ဝါး၍ သုံးလုပ်ခံ့စေရမည်)

ဘယက် တန်းဆာ ဒွါဒယ်ကို ဆင်ယင်ကာ အဟုတ် ပညတ်ထုတ်၍ ဒုဿဂဟဏာမင်္ဂလာဟု ထင်ရှားယခု ပြုလုပ်ပြီးခါ ဆောင်ရွက်ရာကား မင်္ဂလာထမင်း ခွံ့ခြင်းအစ အာဟာရ ပရိဘောဂပြည့်အောင် တိတ်ီဇေယျ အဌမင်္ဂလာ ချိန်အခါ၌ စိန္တာကဝိ ဉာဏ်နှင့်ညှိ၍ ပဉ္စင်္ဂုဏ်ရောင် ယခေါင်ကာလ ခါသမယက ဒါနအမူ ပြုလုပ်ပြီးခါ အနုရုဒ္ဓါမင်းသား သုံးပါး သော ညီနောင်တို့ ပြည်ဘောင်မှာ စိတ်ရှိမကျန်ရအောင် ဣစ္ဆိတံ အလိုအတိုင်းပြီးဒါမို့ နိမိတ် မရှိဆိုတဲ့ အသံကို ဘိတ်မသိဒါ အမှန်မရှိမို့ကမှ ကောင်းတယ်လို့ ထည့်လောင်းကာ နတ်အရသာ ဆက်ရသလို မြတ်အဟာရအဟိုက် တသက်အလိုလို ပြီးလို့မို့ မင်္ဂဖိုလ်ခရီး ယခုအဟုတ်မကြာတဲ့အောင် အနုရုဒ္ဓါပမာ ဘဂဝါ တရားနည်း အတိုင်း အာဟာရ မြီး၍ အဆင်း အဖူး အညွန့် ကလေးကို ထမင်းဦးခွံ့သော မင်္ဂလာဆင်ယင်ကာ နှဲပါသည်- တင်ပတ္တနာအမြဲ ဂမုန်းပန်း အမျိုးကလေးမှာ ဘုန်းတန်းတိုး၍ မပျက်တကမ္ဘာမျှော်ပြီး အသက်ရာကျော် ရှည်စေသောဝ်။

## (ဂ) ဘူမျာကရဏ မင်္ဂလာပြုနည်း

နှစ်ပါးအမိအဘတို့၏ အပွားအစီးအလို့ငှာ ပတ္တမြား အသီးကဲ့သို့သော သားသို့တို့တွင် ဖွားပြီး၍ မကြာမီပင် မဟာ ပထဝီ မြေပြင်ကို နှစ်ဖြာခြေတင်ကာ အတိုးအပွား အတိတ်နှင့် တကွ အစိုးရစေသော နိမိတ်ကြောင့် သူငါဆင်ယင်ကြဒါကို ဘူမျာကရဏာမင်္ဂလာလို့ ခေါ်ဆိုရပါသည်။

ဝိဂ္ဂိုဟ်ကား-ဘူမျာဣဿရိယ-ကာတဗ္ဗန္တိ-ဘူမျာကရဏံ။ ဘူမျာ-မြေနှင့်ရေကို၊ ဣဿရိယ-အစိုးရစေခြင်းငှာ၊ ကာတဗ္ဗံ-

ပြုအပ်၏၊ ဣတိတသ္မာ- ထိုသို့ မြေနှင့်ရေကို အစိုးရစေခြင်းငှာ ပြုအပ်သော သတ္တိကြောင့်၊ ဘူမျာကရဏံ-ဘူမျာကရဏ မည်၏။

ဘူမျာဣဿရိယာဋ္ဌ-တံမင်္ဂလာစာတိ ဘူမျာကရဏ မင်္ဂလာ (ကမ္မဓါရည်းသမာသ်တွဲ) ဘူမျာဣဿရိယဋ္ဌ-မြေနှင့်ရေကို အစိုးရစေခြင်းငှာ ပြုအပ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ တံ-ထိုမြေနှင့်ရေကို အစိုးရစေခြင်းငှာ ပြုအပ်၏ဟူသည်၊မင်္ဂလာစ-မင်္ဂလာသည်လည်း၊ ဟောတိ-ဖြစ်၏၊ ဣတိတသ္မာ- ထိုသို့နှစ်ပါးသော သတ္တိကြောင့်၊ ဘူမျာကရဏမင်္ဂလာ- ဘူမျာကရဏ မင်္ဂလာမည်၏။

အမှာ– (ဤနေရာ၌ ပုံပြေးသုံးချပ်တွင် တချပ်ကား သဲ, တချပ်ကား စပါး, တချပ်ကား ဆန်တို့ကို အပြည့်ထည့်၍ စီကာစဉ်ကာ ထားရမည်၊ သူငယ်၏ ခြေနှစ်ဖက်ကို ပဌမသဲ ပုဂံ၊ စ၍ စပါးဆန်တို့ကို အစဉ်လိုက် နင်းစေရမည်)

မိဘနှစ်ပါး ရင်ဝယ်ဖွား၍ ပတ္တမြားအတူ မခြားမှုဖြင့် သားဟူသော မေတ္တာစေတ်နှင့် အပြစ် ဘယာ မကပ်ရအောင် ချစ်စွာအထပ်ထပ် အသုံးတနည်း ၁၄ ဘုန်းကြီး၍ အသက်ရှေပြီး မပျက်တစေ လောကီဘဝတွင် မဟာဟိက အသွင်ရတနာရွှေငွေ ပေါလို့မို့ ဝေဒနာအထွေထွေသဘော လျှောကာစင်တဲ့အောင် ဩဇာတွင် အာဏာတက်ပြီး ရာဇ်အဆက်ဆက် ရေမြေကို အစိုးရသလို အသရေတိုးကာ တန်ခိုးကျယ်စေဖို့ မညှိုးငယ်စရာ အလျှုဒါနတို့တွင် လူသားက ရှင်ပါမကျန်ရအောင် ဘူမျာကရဏ မင်္ဂလာဆိုဒါ မြေပြင်ပယံဗျာကို ခြေတင်ကာ နင်းလိုက်ပါသည်၊ မယွင်းတသိုက် ရွှေငွေရတနာမိုးတို့ဖြင့် စွေဖြိုးကာ အတိတ်အကြောင်းကိုရှုပြီး ရေမြေအစိုးရစေသော နိမိတ်ကောင်း

ကိုပြုပါသည်၊ ယခု မင်္ဂလာတည်သည့် ဂမုန်းပန်း အမျိုးကလေး မှာ ဘုန်းတန်းတို့၏ မပျက်တကမ္ဘာမျှော်ပြီး အသက်ရာကျော် ရှည်စေသောဝ်။

အမှာ—(တူရိယာ မပါလျှင် ဤတွင်ဖြတ်၊ တူရိယာပါလျှင် ဆိုင်းဆင့်ဆက်)

ဆိုင်းဆင့်—ပုတ္တဒါရသာ သင်္ဂဟော ကျမ်းဂန်အရ မှန်ကန်စွာ ပြုရမှာဖြင့်"ပုတ္တာနံဒါရေတိ-ပုတ္တဒါရဿ သင်္ဂဟော"ရှင်စော မိန့်ချက် မင်္ဂလာ့ကျမ်း အဘွက်နှင့် လမ်းမပျက် သားသမီးရတနာ တို့ကို အပွားအစီးအဖြာဖြာ အသပြာ ရွှေငွေအပေါင်းနှင့်တကွ မာစေကြောင်း ဘုန်းတန်ခိုးဘက်၍မို့ မဆုံးအကျိုးဆက် သက်တန်း တရာကျော်တိုင်အောင် မပျက်ဘန်း အခါတော် မြိုင်မြိုင်နှင့် ပြိုင်ဆိုင်ကာ မေတ္တာပွားလို့မို့ ရှစ်ဖြာသော တရား မင်္ဂလာတို့ကို အများမယှဉ်သာအောင် ယခင်အညွန်း ဇာတ်မဟာ ကဲ့သို့ ကင်ပွန်းတပ်ခဲ့သာ မင်္ဂလာသီချင်းဒါ ဝယ် ဤလောက နယ် ကြက်သရေ အရောင်အဆင်းတို့မှာ မပျက်အခြေ ပြောင် ပြောင် တက်နေ့အရောင်လင်းသကဲ့သို့ မယှဉ်းယှဉ်ခု ပန်ပတ္တနာ အခေါင်ညွှန်းလို့မို့ အလုံ့ဘဖြာဖြာ အရောင်တွေထွန်းပြီး ပါဝါ တန်ခိုးကြွယ်ခဲ့တဲ့ မြန်ရတနာမှာ အမှောင်မစွန်းတဲ့ မဟာမျိုး မဟာနွယ်တို့ကို ကဲ့ ဆရာသရာမျှားက စံရာတောင်ကျွန်းဆိုတဲ့ သာနိုးပျော်ဖွယ်ကြိုးကြီး ဖွဲ့တော်မူဗျား။

## ကင်ပွန်းတပ်မင်္ဂလာရှစ်ပါး ချီးမြှင့်၍အပြီးတွင် ဆရာတို့ ရွတ်ဖတ်ရန် မန္တာန်များ

အောင်မင်္ဂလာ အောင်မြင်ရာသည် အခါရက်မြတ် စက်ခါဒ်နှင့် နက္ခတ်အကြွမ်း ရက်မြတ်စန်းတွင် နတ်ပန်းမြေဇာ သပြေညာနှင့် ရေပြာခရု ဇေယျတုဟု သွန်းဆုပတ္တနာ တိတ်နိမိတ် ကောင်း ဘိသိက်တော် လေဇင်းလိုက်ပါတော့မည်။

ခြောင်းဇေယျတု-သဗ္ဗမင်္ဂလံ-ခပ်သိမ်းရန် ပယ်လှန်ရိတ် ဖြတ် ဖျက်ဆီးတတ်သော ကောင်းမြတ်မင်္ဂလာ မြတ်အင်္ဂါသည်၊ တိဋ္ဌန္တု-ယနေ့ကစ၍ တည်ပါစေသတည်း ၊

ခြောင်းနမောဂုရု ဩဒိတိဝတြာ ဒေဝီပြဟ္မာ မဂ္ဂသျှဝါ ဩဝါသုတံ တိဋ္ဌတု ဠမင်္ဂလံ ၊

ခြောင်း ဗုဒ္ဓံသရဏံ ဠစ္ဆိတံဟြိဟြိ ဂစ္ဆာမိ ပဋိမယု ပဋျကာဓမ္မံ သရဏံခိပ္ပမေဝ ပဋျကာယသမ္ဗျန္တု သံဃေရေဝ ဂုရုဂုရု ပဋျကာယနုယန္တု သက်ဂေါ ခြောင်းဟြိဟြိ ၊

ဇိနေဒဇယံ ကရံဓမ္မံ သဥယန္တော ဇပါကရေ ဇိတွာ မာရံ ဇိနာပေသိ သောမေဒေတု ဇယံဇိနေ

(အနက်ကို နောက်ကနည်းအတိုင်း ပေးလေ)

စိန္တာမဏိ ရတနာနိ ဗုဒ္ဓံ ဗုဒ္ဓရတနာနိ ကရံကရန္တံ သရဏံ ခိပ္ပခမေဝ သမိဇ္ဈတု (ဓမ္မံ သံဃံ ထည့်ဆို)

(အနက်ကို နောက်ကနည်းအတိုင်း ပေးလေ)

ဝိန္တာမဏိမန္တာန်— အမရှံဟရိဟူရီ၊ ခါရိမုခပ်ကဂျံ ဗြေပိဋ္ဌ ကံဃရိယံရိ၊ ဘာဟိန္ဒြိ၊ မဟိန္ဒြိ၊ ဗျကျန္ဒြိ၊ နရကျန္ဒြိ၊ ဗေဒါ ဓရဂြိဟာ၊ သျှုရာဇျ,ဂဂျတြာ၊ ကျိန္တာမဏိကို၊ ဆမရှံဟရိဟရိ၊ ကြူဗ္ဗန္တုမေ၊ ဂျယမံဂလံ ၇

(အနက်ကို နောက်ကနည်းအတိုင်း ပေးလေ)

အမှာ— စိန္တာမဏိ မန္တာန်တော် ဟနည်းကို ဤကျမ်း၏ နောက်ပိုင်းတွင် ဖော်ပြမည်။

ဗုဒ္ဓဒိနာ နုဘာဝေန ဒုန္နိမိတ္တာ ဒုမင်္ဂလာ ဒုဿဒ္ဒါ ပါပဂဟာစ ဝိနာသန္တု ဒုဿုပိနာ

အနက်။ ။ဗုဒ္ဓဒိနာနုဘာဝေန-ဤမင်္ဂလာသဘင် ဆင်ယင်ကျင်းပ ရာဖြစ်သော ဤအရပ်ဌာနသို့၊ အာဂတာနံ-မနေ့ပုဗ္ဗင် ဇောအစဉ် နှင့် ကြည်ရွှင်ဟာဒယ ရောက်လာကြကုန်သော ပရိသာ၏အများ နှင့်တကွ၊ ကုမာရာနံ-ကင်ပွန်းတပ်သောမင်္ဂလာကို ခံယူပါသော သတို့သားကလေး၏ (သို့မဟုတ်) မာရာနံ- ကင်ပွန်းတပ်သော မင်္ဂလာကိုခံယူပါသော သတို့သမီးကလေး၏၊အဇ္ဈတ္တိကဗာဟိရသု- တွင်းပြင်ဝန်းပတ် ထိုထိုသို့သောအရပ်တို့၌၊ ဒုန္နိမိတ္တာစ-စံနည်း တဘောင် စိုသက်ရောင်နှင့် ခြတောင် ပျားဝပ် ဖွတ်လင်းတမျိုး ဆိုးသမျှငှက် ဓောနက် ဘိရစ္ဆာန် ဝင်ပျံခိုအိပ် မကောင်းသော တိတ်နိမိတ် တို့သည်၎င်း၊ ဒုမင်္ဂလာစ- ကြက်သရေ ဖျင်းသိမ် သတင်းမှိန်၍ ဂုဏ်ရှိန်မလင်း အဆင်းဆိုးပုပ် ယုတ်ယုတ်ညိုးညိုး အမျိုးအမည် အရည်အသွေး မကြည်လင်အောင် ကြားမြင် တွေ့လာ မကောင်းသော အမင်္ဂလာ တို့သည်၎င်း၊ ဒုဿဒ္ဒါစ- လန့်စိုးရွံ့ထိတ် စိတ်မသန့်ဖွယ် ကျယ်ကျယ် လောင်လောင်

ထက်ခေါင်အိမ်မိုး ဝင်တိုးပေကျော်သန်း ငှက်သရမ်း၏ ဆိုးသွမ်းသောအသံတို့သည်၎င်း၊ ပါပဂဟာဝ-ဂြိုဟ်နှိပ်ဂြိုဟ်ဖမ်း စန်းလဂ်ကြမ်းနှင့် ညှိုးနွမ်းဆိုးယုတ် စုန်းဖုတ်ကဝေ တစ္ဆေမှင်စာ မာတြာ ယက္ခိုက် အတိုက်အမြုပ် အနှုပ်အဖွဲ့ အစွဲအလမ်း အကြမ်းအနှုပ်ပြုသမျှ မကောင်းသောလုလ္လပရောဂသည်၎င်း၊ ဒုဿုပိနာဝ-ကြောက်မက်လန့်ဖွယ် အသွယ်သွယ်ဖြင့် နှိပ်နယ်ညှင်းပမ်းအကြမ်းအယုတ် ဖမ်းကုတ်ဆုပ်ဆွဲ အသဲအူနုတ် ရိုက်ပုတ်ချည်နှောင် ကယောင်ကတမ်း ယောင်ယမ်းငိုကြွေး ပူဆွေးဆူပွက်မနှစ်သက်ဖွယ်သော အိမ်မက်တို့သည်၎င်း၊ ဗုဒ္ဓဝိနံ-ဘုရားအစမမြဲသော ရတနာတို့၏၊ အာနုဘာဝေန- တန်ခိုးတော်ဇော်မေတ္တာတော် အာနုဘော်တော်အားကြောင့်၊ ဝိနဿန္တု- မမှီးမခပ် အနီးအရပ်သို့ မှကပ်မချဉ်း ဝေးအောင်ကွင်း၍ စင်ကင်းလွင့်ပျောက် ကြပါစေကုန်သတည်း၊

တေတုမှာကံ- ဤကင်ပွန်းတပ် မင်္ဂလာသို့ ကြွလာတော်မူကြကုန်သော ပရိသာတ် အများနှင့်တကွ ထိုသတို့သား (သို့မဟုတ်) ထိုသတို့သမီးအား ၏၊ သကလ အဇ္ဈတိကဗာဟိရေသု-အလုံးစုံသော ကိုယ်တွင်းပြင်ပ နှစ်ဝသောသဏ္ဌာန်တို့၌၊ ဇာတာပဝတ္တာ- ဖြစ်ဆဲဖြစ်လတ္တံ့ကုန်သော၊ ဆနဝုတိရောဂါစ-၉၆-ပါးသော ရောဂါဝေဒနာတို့သည်၎င်း၊ ဒွတ္တိံသ ကမ္မကာရဏာစ- ၃၂-ပါးသော ကံကြမ္မာတို့သည်၎င်း၊ ပဉ္စဝိသတိဘယာစ- ၂၅-ပါးသော ဘေးတို့သည်၎င်း၊ လောဋ္ဌသဉပဒ္ဒဝေါစ-၁၆ ပါးသော ဥပဒ္ဒဝေါတို့သည်၎င်း၊ ဒသဒဏ္ဍာစ-ဆယ်ပါးသော ဒဏ်တို့သည်၎င်း၊ အဋ္ဌဒေါသာစ- ရှစ်ပါးသော အပြစ်တို့သည်၎င်း၊ပဉ္စဝေရီစ- ငါးပါးသော ရန်သူတို့သည်၎င်း၊

စတုရောဝိပ္ပတ္တိယောစ- လေးပါးသော ဝိပ္ပတ္တိတရားတို့သည်ရှင်း၊ တိကိုကပ္ပါနိစ-သုံးပါးသောကပ်တို့သည်ရှင်း၊ သဗ္ဗအန္တရာယောစ- ခပ်သိမ်းသော ဂြိုဟ်စီးဒသာ ကြမ္မာနိမိတ္တ မူလအန္တရာ ကောဇာ အာယုမိတ္တာဥပဒ် စန်းပြတ်လွန်းပြတ် သက်ခတ်ရှားမိး ဂြိုဟ်စီး နှိပ်စက် စန်းလဂ်မကောင်း သံဒေါင်းနှင်းနှိပ် ပြနိပ်ကဏ္ဍ ပါပ ဒိသာ ဇာတာ နှမ်းညှိုး မကောင်းကျိုးအခပေါင်း ကံဟောင်းနိမိတ် ဂြိုဟ်အိပ်စန်းကျ ပါပသက်သုံး နှလုံးမချမ်း ဘေးဘျမ်းဥပဒ် မရပ်မတည် မကြည်မသာ ဗျာပါသောက ဟူသမျှနှင့်၊ အမ္မ နာပံ-ငှက်သံကြမ်းကြုတ် အယုတ်တမာ မင်္ဂလာမဲ့မျိုး တန်ခိုး တိုက်ဆိုက် ဖုတ်ပြိတ္တာစွေ့ စီမီးသောသဘက် ရုပ်ပျက်ဆင်းတန် မည်သံချွတ်လွဲ ပျားစွဲမွှတ်ဘက် ငှက်လင်းတနား တောသားခပင်း အိမ်တွင်းဝင်မျို့ တောင်ပို့ပေါက်ရောတ် ထိတ်ကြောက်စရာ ယုတ်မာလန့်နိုး အိမ်မက်ဆိုးနှင့် မကောင်းကျိုးယုတ် အသားလုပ် မကြွင်း ခပင်းနိမိတ် တိတ်တပေါင်အပေါင်း မကောင်းကြံကြ ပယောဂယတြာ တူစာပေစာ ခြေရာယူကောက် စုန်းမြှောက် နတ်ကြွ ပုဏ္ဏကစေ့ တစွေဖုတ်တိုက် သားရဲကပ် အာဝါပနှ အတတ် သက်သတ်မန္တယား ရုပ်ထားနံ့ထား သံကြိုးရိုပ်ဖမ်း တခန်းမျက်နှာမြင် ရှစ်ခွင်ဒေသ အင်္ဂသခါ နမန္တာကျိတ် သားရေလိပ်သင်တိုင်းစွဲ ရန်လွတ်သီး အမှောင့်တိုက် လောင်တိုက် ကြီး လောင်တိုက်ငယ် နှာယ်နံ့စုပ် ဗီလာပုပ်နှင့် အင်းမြှုပ်ပြုစား သွားတို့ပညာ ယတြာစီမံ မကောင်းကြံကြ ပယောဂရန်စွယ် အန္တရာယ် ဟူသမျှတို့သည်၊ အသေသတော အသေသန-အကြွင်း အကျန်မရှိသောအားဖြင့်၊ ဝိနာသံ-ပျောက်ပျက်ကင်းစင်ခြင်းသို့၊ ဂန္တ ပါပုဏန္တု-ညြနေ့ ညြရက်ကို အစပြု၍ နိဗ္ဗာန်ရသည့် ဘဝ

တိုင်အောင် ကင်းငြိမ်းလွင့်ဗျပျောက် မရောက်သည်သာ ဖြစ်ပါစေ ကုန်သတည်း။

ယခုအခါ ကင်ပွန်းတပ် မင်္ဂလာသဘင် ဆင်ယင်ကျင်းပ လျက်ရှိသော သတို့သားကလေးသည် (သို့မဟုတ်) သတို့သမီး ကလေးသည် အောင်ချိန်ကြုံ၍ အောင်ဂုဏ်ကို ရရှိကြပြီးသော အတိုင်း ဤယနေ့ယခုအချိန်မှ အစပြုပြီးလျှင် အနှုမြူလွှာ တဆံ ညှာမျှ ရောဂါရန်စွယ် အန္တရာယ်တို့သည် ငြိတွယ်ခြင်းကင်းပ လျက် အဝမင်္ဂလပါပ အလုံးစုံ အနိဋ္ဌာရုံ အသွယ်သွယ်တို့မှ စင်ကြယ်ကင်းဝေးကြသည် ဖြစ်စေသောဝ်—

မြူမှောင်ညစ်မှေး ကင်းဝေးစင်ကြယ် ကောင်းကင် လယ်တွင် ရောင်နွယ်ပဝင်း ငွေလမင်းသည် တွင်းပြင်များစွာ ကြယ်တာရာတို့ဖြင့် ဝဲယာခြံရံ ဗိုလ်ရှုခံလျက် မိုဃ်းယံနဘော ကောင်းကင်ဘွေမှာ ကြက်သရေရှိရှိ ထွန်းလေဘိသကဲ့သို့ သုခိ တာဂုဏ် ချမ်းသာမျိုး အဖုံဖုံတို့ဖြင့် စုံလင်ပွားတိုးလျက် ရွှေမိုဃ်း ငွေမိုဃ်း ရတနာပတ္တမြားမိုဃ်းကိုသည် ဖြိုးဖြိုးဝှန်ဝှန် ရွာသွန် ပြန့်ပြောလျက် အံ့သြဖွယ် ပန်းကဲ့သို့ တဝေဝေနှင့် ကြက်သရေတိုးပွားကြသည် ဖြစ်စေသောဝ် (တူရိယာမပါလျှင် ဤတွင်ဖြတ် တူရိယာပါလျှင် ရှေ့ဆက်)

မြန်မာ့ကြေငှန်း ထီးနန်းစဆက် ဆောင်ရွက်ပြုမူလေ့ရှိကြ သောအတိုင်း ဟိဘကာရီ ဗျဥ္ဇိသာမ ရာဇမှတ္တာန် ကျမ်းဂန်အမြွက် အဋ္ဌလက်ဂြိုဟ် နဂိုသန့်ရှင်း တြင်းနဝင်း ကောင်းခြင်း မင်္ဂလာ အခါဇွတ်ယုတ် နတ်နုတ်တပေါင်၊ အောင်အံ့သော အချိန်အခါ တွင် စိန်ရတနာ အမွှမ်းအထပ်ထပ်တို့ဖြင့် "ကင်ပွန်းတပ်သော

မင်္ဂလာ”ပြုလုပ်သည်ဖြစ်ပါ၍ “သီရိမင်္ဂလာ ဇေယျမင်္ဂလာ ပရမင်္ဂလာ သိဒ္ဓိမင်္ဂလာ ထုတ်မင်္ဂလာ သြဘာမင်္ဂလာ ထောပနာမင်္ဂလာ ပတ္တနာ မင်္ဂလာ သိဘမင်္ဂလာ မင်္ဂလသုခမင်္ဂလာ” သြဘာအောင်ကြောင်း ဆုမွန်ကောင်းများ တောင်းဆိုမြွက်ကြားကြသို့ အချိန်ကာလကြီးသို့ရောက်ပြီဖြစ်ပါသောကြောင့်အောင်နိမိတ်နှင့် အောင်အတိတ် အောင်စာဝေပြီး အောင်ဘားလဆိုတာအောင်သပြေ ညောင်ရေလောင်းလို့မို့ အောင်ဖိစကြောင်း အောင်တံဆိပ်ကာယ်နှင့် အောင်ဘိသိက် ချိန်အခါညီပြီး ကဲဆရာ့ဆရာများက စိန္တာဏိဂါထာဖွင့်ဗျာ။

ဒေဝပူဇနိယအခန်း

နတ်များအပေါင်းတို့အား ပူဇော်ပသရန်

စကားချီး

ကမ္ဘာဦးအစ မဟာသမ္မတမင်းမှစ၍ ဥက္ကာရာဇ်မင်းကြီးတိုင်အောင် မင်းဆက်ပေါင်း “၂၅၂,၅၅၆” ယောက်တိုင်ထွန်းကားကဲ့သော မင်းတို့ကျင့်ရသော တရားငါးပါးကား-

သဿမေဓံ ပုရိသမေဓံ သမ္မပါသံ ဝါစပေယံ နိရဂ္ဂဠ ဟူ၍ ငါးပါးဖြစ်ပါသည်။

ထိုသဿမေဓ စသည်တို့၏ အဓိပ္ပါယ်မှာ အဋ္ဌကထာ၌ရင်း၊ သံယုတ်အဋ္ဌကထာ၌ရင်း ဤသို့လာ၏။

၁။ သဿမေဓ-ဆယ်ဖို့ ဇာဖို့ အားဖြင့် ဖြစ်ပွားသော အခွန်တော်ကိုယူ၍ ပြည်သူပြည်သားတို့အား ကြီးပွားစေသောအရာ၌ လိမ္မာသော ပညာရှိခြင်း။

၂။ ပူရိသမေဓ-သူရဲ ကိုယ်ရံတော် စသည်တို့၌ ၆-လတခါ စားနပ်ရိက္ခာပေး၍ ကျွေးမွေးသော အရာ၌ လိမ္မာသော ပညာ ရှိခြင်း။

၃။ သမ္မပါသ-ဆင်းရဲသားတို့အား အတိုးအပွားမယူ၊ ထိုသူ တို့၌ စီးပွားဖြစ်ထွန်း၍ သုံးနှစ်လည်မှ အရင်းကို သိမ်းသွင်းစေ ခြင်း တည်းဟူသော လိမ္မာသော ပညာရှိခြင်း။

၄။ ဝါစာပေယျ-ဦးကြီး ဝရီးစသည်ဖြင့် ပြောဆို၍ ချိုသာ သော စကားဖြင့် ပြည်သူပြည်သားတို့အား သွေးဆောင်သိမ်းပိုက် နိုင်သော ရာဇာ့မာယာ၌ လိမ္မာသော ပညာရှိခြင်း။

၅။ နိရဂ္ဂဠ-အပိတ်အပင် အသီးအတားမရှိ များမြတ်သော ပူဇော်သက္ကာယကို ပြုခြင်း။

ဤသို့ မင်းတို့ ကျင့်ရိုးလမ်းမှန် ရှေးထုံးစံကို ပယ်ဖျက်၍ ဥစ္စာကိုလိုလားကုန်သော ပုဏ္ဏားတို့သည် ငါးပါးအတုကို ပြုလုပ် ပြီးလျှင် ပျက်သောအနက်ကိုဆောင်၍ ဥက္ကာရာဇ်မင်းကြီးအား တင်လျှောက်ကြကုန်၏။

## ထိုအ ါးပါးကား

အဿမေဓ ပူရိသမေဓ သပ္ပိပါသ ဝါစာပေယ နိရဂ္ဂဠ ဟူ၍ ငါးပါးတည်း။

၁။ အဿမေဓ-မြင်းအစရှိသော သတ္တဝါတို့ကို သတ်၍ ယဇ်နတ်ပူဇော်ခြင်း။

၂။ ပူရိသမေဓ- လူယောကျ်ား၊ တိရစ္ဆာန်ယောကျ်ားတို့ကို အဦးထား၍ များစွာသော သတ္တဝါတို့ကို သတ်၍ ယဇ်နတ်ပူ ဇော်ခြင်း။

၃။ သပ္ပိပါသ- ထောပတ်စက် ဈာန်ရာအရပ်ကို အမှတ်ပြု၍ ယဇ်နတ်ပူဇော်ခြင်း။

၄။ ဝါစာပေယျ- စကားချိုမြက် နှစ်သက်စွာဆို၍ ထိုထို ယဇ်နတ်တို့ကို ပူဇော်ခြင်း။

၅။ နိရဂ္ဂဠ- အဆီးအတား အပိုင်းအခြားမရှိ အတိုင်းမသိ သော သတ္တဝါအရပ်ရပ်ကို သတ်၍ ယဇ်နတ်ပူဇော်ခြင်း။

ဤသို့ အယူမသမာ ကရုဏာကင်းသော ပုဏ္ဏားတို့ ပြော ကြားစီရင်ခြင်းကို မလိမ္မာသော မင်းတို့သည် လိုက်နာကျင့်သုံး ကြကုန်လျက် ကပ္ပိလဝတ်ပြည်ကို အစတည်ထောင်သော ဥက္ကာ ရာဇ်မင်းကြီး၏ သားတော် "ဥက္ကာမုက္ခ" မင်းမှစ၍ "သုဒ္ဓေါဒန" မင်းကြီးအထိ မင်းဆက်ပေါင်း "၈၂၀၀၂" ယောက်တိုင် ထိုယဇ် နတ်ပူဇော်ခြင်း အလေ့ထွန်းကားကဲ့လေသည်၊ "သိဒ္ဓတ္ထ" မင်း သားဘုရားဖြစ်တော်မူသည်မှစ၍ ဗုဒ္ဓဘာသာအယူကို သက်ဝင် ယုံကြည်သောသူတို့ ထိုအယူကို စွန့်ကြလျက် အခြားသော ဘာသာ အယူဝါဒရှိသူတို့ ထိုယဇ်နတ်ပူဇော်ခြင်းကို အမည် အမျိုးမျိုးပေး၍ ယခုတိုင် ဆက်လက် ကျင့်သုံးလျက်ရှိကြလေ သည်၊ သို့ဖြစ်လေရာ မြတ်သော အကျိုးကိုလိုလား၍ မြတ်သော ကံတို့ကို ပြုလုပ်ကြသောအရာဝယ် ရဟန်းရှင်လူ ပြည်သူသတ္တဝါ မှစ၍ သိကြားဗြဟ္မာ စတုလောကပါလ နတ်များပါမကျန် ယခု ပြုလုပ်စီမံသော ဒါန၏ကုသိုလ်ကံကို သတ္တဝါမှန်သမျှ လှူဒါန်း လိုသော ထိုသဘောဖြင့် နတ်တို့ကိုပင့်ဖိတ်၍ ပူဇော်ပသ လှူဒါန်း ခြင်းဖြစ်လေသည်၊ အသက်ပါ ကျမ်းလာစကားအရ ရှေးမင်း ကောင်းမင်းမြတ်တို့ ကျင့်သုံးဆောက်တည်ရာ မြတ်သော တရား ငါးပါးမှ အယူမသမာ ဥစ္စာလုံ့ပြင်း ကရုဏာကင်းသော ပုဏ္ဏား

တို့ ယုံမှားအောင် ကြံဆင်၍ ဉာဏ်ထွင်သော အလုပ်မျှဖြစ်ရကား ယဇ်ပူဇော်ခြင်း ငါးပါးဟု ယုတ်မာသော တရားအဖြစ်သို့ သက်ဆင်းကျရောက်ရရှာလေသည်။

ယခုအခါ နတ်ပွဲနတ်ယကာ ပြင်ဆင်၍ ပူဇော်ပသခြင်း၏ အကြောင်းမှာ သတ္တဝါမကျန် ဒါနကုသိုလ်ကံကို လှူဒါန်းပြုစုလိုသည် တကြောင်း၊ အထူးထူးသောဘေး အထူးထူးသော ဥပဒ္ဒဝေါတို့မှ ကင်းလွတ်စေခြင်းငှာရင်း၊ အနာမရှိသောအဖြစ် ချမ်းသာသောအဖြစ်ဖြင့် ကာယသုခ စိတ္တသုခ နှစ်ပါးနှင့် ပြည့်စုံ၍ ရှည်သော အသက်ရှိစေခြင်းငှာရင်း၊ နတ်များအပေါင်းတို့သည် ရွှင်လန်းဝမ်းမြောက်ကြကုန်သည်ဖြစ်၍ မိမိတို့ တန်ခိုးအလျောက် ကာကွယ်စောင့်ရှောက်ကြစေခြင်း အကျိုးငှာ အကြင်သို့သော လောကလူတို့သည် ထိုသို့သော နတ်အပေါင်းတို့အား ရည်မှတ်၍ ဗလိနတ်စာ ပူဇော်သကာ ကို ပြုကြပါသည်၊ အသင်နတ်များ အပေါင်းတို့ကလည်း ထိုမင်္ဂလာခံ ကာယကံရှင်တို့အား မိမိတို့ရင်၌ဖြစ်သော သားသမီးကဲ့သို့ တသက်လျာ ကာလပတ်လုံး ကြည့်ရှု စောင့်ရှောက်တော်မူကြပါ ်သော အဓိပ္ပါယ်နှင့်ရုက္ခစိုး ဘုမ္မစိုး အာကာသစိုး စတုမဟာ ာဝတိံသာ အစရှိသော နတ်ကောင်းနတ်မြတ်တို့အား ပူဇော်ပသခြင်းဖြစ်လေသည်။

ထို့ကြောင့် အရက်သေစာနှင့် သတ္တဝါတို့ အသားပါလျှင် ယဇ်ပူဇော်ခြင်းမည်၏၊ ထိုယဇ်နတ် ပူဇော်ခြင်း ဟူသည်မှာ အထက်ပါ ကျမ်းလာစကားအရ ဘာကယ်မဟုတ်ဘဲ ဒါပုမသမာ ဥစ္စာလိုပြင်း ကရုဏာကင်းသော ပုဏ္ဏားတို့ လိမ်လည်လှည့်ဖြား ကာ ပြုလုပ်ခြင်းမျှသာ ဖြစ်၍ မလိုက်နာထိုက်ချေ၊ ကျွန်ုပ်တို့ ယခု ပြုလုပ်သော ပွဲမှာ အရက်သေစာနှင့် သတ္တဝါတို့ အသားမပါ၊

မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် လှူဒါန်းပူဇော်သည်ဖြစ်၍ နတ်ကောင်းနတ်မြတ်တို့အား ပူဇော်ပသသော ပွဲမည်ကြောင်း ထပ်လောင်း၍ ရှင်းလိုက်ရပေသည်။

### ပါဠိအနက်နှင့် ပူဇော်ပသနည်းကို ပြပေအံ့

ပဒက္ခိဏာနိကတွာန လဘန္တတ္ထေပဒက္ခိဏေ-ဟေအတ္ထ လဒ္ဓါ သုခိတာ ဝိရုဠှာ
ဗုဒ္ဓသာသနေ-အရောဂါသုခိတာ ဟောထ
သဟာသဗ္ဗေဟိဉာတိဘိ။

### ဖဒဝတာသယုတ်အဋ္ဌကထာ

အနက်။ ။ယေသတ္တာ- အကြင်သတ္တဝါတို့သည်၊ ပဒက္ခိဏာနိ-မြတ်သောကံတို့ကို၊ ကတွာန-ပြုကုန်၍၊ ပဒက္ခိဏေ-မြတ်ကုန်သော၊ အတ္ထေ-အကျိုးတို့ကို၊ လဘန္တိ-ရကုန်၏၊ တေ သတ္တာ- ထိုသတ္တဝါတို့သည်၊ အတ္ထလဒ္ဓါ-ကောင်းမြတ်သော အကျိုးကို ရကုန်သည်ဖြစ်၍၊ သုခိတာ-ချမ်းသာခြင်းသို့ ရောက်ကုန်သည် ဖြစ်၍၊ ဗုဒ္ဓသာသနေ-မြတ်စွာဘုရား သာသနာတော်၌၊ ဝိရုဠှာ-စည်ပင်ပြန့်ပွားများကုန်သည်ဖြစ်၍၊ သဗ္ဗေဟိ-ခပ်သိမ်းကုန်သော၊ ဉာတိဘိ- အဆွေအမျိုးတို့နှင့်၊ သဟ-တကွ၊ အရောဂါ- အနာကင်းကုန်သည်၊ သုခိတာ- ချမ်းသာခြင်းသို့ ရောက်ကုန်သည်၊ ဟောထ-ဖြစ်စေကုန်သတည်း။

သုနက္ခတ္တံ သုမင်္ဂလံ သုပဘာသံ သုဟုဋ္ဌိတံ
သုခဏော သုမုဟုတ္တောစ သုယိဋ္ဌံ ဗြဟ္မ
စာရိသု။

**အနက်**။ ။ သုနက္ခတ္တံ- ကောင်းသော နတ်သည်ရင်း၊ သုမင်္ဂလံ-ကောင်းသော မင်္ဂလာသည်ရင်း၊ သုပဘာတံ- ကောင်း သော မိုးသောက်ခြင်းသည်ရင်း၊ သုဟုဋ္ဌိတံ- ကောင်းစွာ ထရ ခြင်းသည်ရင်း၊ ဟောတု- ဖြစ်စေသတည်း၊ သုခဏော- ကောင်း သော ခဏသည်ရင်း၊ သုမုဟုတ္တောစ-ကောင်းသော မုဟုတ်သည် ရင်း၊ ဗြဟ္မစာရီသု-မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ် တို့အား၊ သုယိဋ္ဌံ- ကောင်းစွာ ပူဇော်ရခြင်းသည်ရင်း၊ ဟောတု- ဖြစ်စေသတည်း။

ဘဝတုသဗ္ဗမင်္ဂလံ ရက္ခန္တုသဗ္ဗဒေဝတာ
သဗ္ဗဗုဒ္ဓါနုဘာဝေန သဒ္ဓါသုခိဘဝန္တုတေ။
(ဓမ္မာ သံဃာ ထည့်ဆို၊ ၃-ခေါက်)

**အနက်**။ ။သဗ္ဗမင်္ဂလံ- ခပ်သိမ်းသော ပစ္စုပ္ပန်သံသရာ ချမ်းသာစီးပွား များခြင်းအကြောင်း ကောင်းမြတ်သော မင်္ဂလာ သည်၊ ဘဝတု- ဖြစ်စေသတည်း၊ သဗ္ဗဒေဝတာ- ခပ်သိမ်းသော နတ်တို့သည်၊ ရက္ခန္တု-စောင့်စေကုန် သတည်း၊ သဗ္ဗဗုဒ္ဓါနုဘာ ဝေန-ခပ်သိမ်းသော ဘုရားရှင်တို့၏ဂုဏ်ကို အာရုံပြု၍ဖြစ်သော စေတနာ၏ အာနုဘော်ကြောင့်၊ တေ-ထိုမင်္ဂလာခံ ကာယကံရှင် တို့သည်၊ သဒ္ဓါ-ကြည်ညို သဒ္ဓါသောစိတ်ဖြင့်၊ သုခိ-ကိုယ်စိတ်၏ ချမ်းသာခြင်း ရှိကုန်သည်၊ ဘဝန္တု- ဖြစ်စေကုန်သတည်း။

(ဓမ္မာ- သံဃာ အနက်ကို အထက်နည်း ပေးလေ)

ဘာဂ္ဂပါတာလမဇ္ဈေသုံ ယေနဒေဝါ ဝဏ္ဏု
သမ္ဘဝါ ဝဟန္တုမေဗလီကတံ တုဋ္ဌာ
ယန္တု သုမင်္ဂလံ။

အနက်။ ။ သဂ္ဂပါတာလမဇ္ဈေသို- နတ်ပြည်၏ အလယ် သမုဒ္ဒရာ၏ အလယ်တို့၌၊ ယေဒေဝါ-အကြင်နတ်တို့သည်၊ ဝတ္ထု သမ္ဘဝါ-နေရာဌာနလျှင် ဖြစ်ကုန်၏။ တေဒေဝါ-ထိုနတ်တို့သည်၊ သုမင်္ဂလံ- မင်္ဂလာသဘင် ဆင်ယင်ကျင်းပရာဖြစ်သော ဤမဏ္ဍပ် အတွင်းသို့၊ အာယန္တု- ကြွလာကြစေ ကုန်သတည်း၊ မေမယာ- ငါကိုသည်၊ ကတံ- ပြုစီရင်အပ်သော၊ ဗလိ- စားတော်ဖွယ်ရာ ဗလိနတ်စာကို၊ တုဋ္ဌာ- နှစ်လိုဝမ်းမြောက်ကြကုန်လျက်၊ ဝဟန္တု- သုံးဆောင်ကြပါစေ ကုန်သတည်း။

ဣဝံပပူဇိတာဒေဝါ သန္တိဝုဍ္ဎိံ ပဒန္တုတေ
မာပူဇိတာ ဝိနိဟန္တု နောမင်္ဂလေသု ကာ
ရဏံ။

အနက်။ ။ဣဝံ- ဤအတူ၊ ပပူဇိတာ- အပြားအားဖြင့် ပူဇော် အပ်ပြီးသော၊ တေဒေဝါ- ထိုနတ်တို့သည်၊ တေတုမှာကံ- ယခု အခါ ကင်ပွန်းတပ် မင်္ဂလာသဘင် ဆင်ယင်ကျင်းပလျက် ရှိသော မင်္ဂလာခံ ကာယကံရှင်တို့အား၊ သန္တိဝုဍ္ဎိ- ချမ်းမြေ့ စီးပွားခြင်း ကို၊ ပဒန္တု- အပြားအားဖြင့် ပေးကြစေကုန်သတည်း၊ ပူဇိတာ- ပူဇော်အပ်ကုန်သော၊ တေဒေဝါ- ထိုနတ်တို့သည်၊ နော- ငါတို့ ၏၊ မင်္ဂလေသု- ဤကင်ပွန်းတပ် မင်္ဂလာ၌၊ ကာရဏံ- ပြုပြင်စီရင် ခြင်းကို၊ မာဝိနိဟန္တု- မဖျက်ဆီးကြစေကုန်လင့်။

ဣစ္ဆိတ္ထာနေ အာရက္ခန္တာ ဒေဝါ ဝါဓ သဒ္ဓသ
နပါလကာ- ဒေဝါစ အာဝေရာဟောန္တု
သုခိတာဟောန္တု ဣမံကုမာရနံ ဝုဍ္ဎပတ္တံ
ကတွာ အနုရက္ခန္တု။

အနက်။ ။ ဣမင္ဂေသနေ- ကင်ပွန်းတပ် မင်္ဂလာ သဘင် ဆင်ယင်ကျင်းပရာဖြစ်သော ဤမင်္ဂလာပွဲကြီး၌၊ အာရက္ခန္တာ- စောင့်ရှောက်တော် မူကြပေကုန်သော၊ ဒေဝါစ- နတ်အပေါင်း တို့သည်ငှင်း၊ သာသနပါလကာ- သာသနာတော် မြတ်ကြီးကို စောင့်ရှောက်တော် မူကြပေကုန်သော၊ ဒေဝါစ- နတ်အပေါင်း တို့သည်ငှင်း၊ အနဝရာ- ဘေးရန်အန္တရာယ် မရှိကြကုန်သည်၊ ဟောန္တု- ဖြစ်ကြစေကုန်သတည်း၊ သုခိတာ- ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်သည်၊ ဟောန္တု- ဖြစ်ကြစေကုန်သတည်း၊ ဣမံကုမာရနံ- ဤကင်ပွန်းတပ် မင်္ဂလာ ဆင်ယင် ကျင်းပလျက် ရှိသော သတို့သားကလေးအား၊ ဝုဒ္ဓိပတ္တံ-ကြီးပွားချမ်းသာခြင်းသို့ ရောက်အောင်၊ ကာတုံ- မရှောင်ကြမူ၍ စောင်မကြည့်ရှုကြကုန် လျက်၊ အနုရက္ခန္တု- အစဉ်သဖြင့် ကြီးမြင့်ရလေအောင် ချီးမြှင့် စောင့်ရှောက်တော် မူကြပါစေ ကုန်သတည်း။

ဒါနံဒဒန္တု သဒ္ဓါယ- သီလံရက္ခန္တု သဗ္ဗဒါ
ဘာဝနာဘိရတာ ဟောန္တု ပစ္စန္တု ဒေ
ဝတာ, ဂတာ။

အနက်။ ။သဒ္ဓါယ- ကံ,ကံ၏ အကျိုးကို ယုံကြည်သဖြင့်၊ ဒါနံ- အလှူဝတ္ထုကို၊ ဒဒန္တု- လှူဒါန်းကြစေ ကုန်သတည်း၊ သဗ္ဗဒါ- အခါခပ်သိမ်း၊ သီလံ- သီလကို၊ ရက္ခန္တု- စောင့်စေကုန် သတည်း၊ ဘာဝနာဘိရတာ- ကမ္မဋ္ဌာန်း ဘာဝနာ၌ အလွန် မွေ့လျော်သည်၊ ဟောန္တု- ဖြစ်စေကုန်သတည်း၊ အာဂတာနံ- မင်္ဂလာသဘင် ဆင်ယင်ကျင်းပရာ ဌာနသို့လာကြကုန်သော၊

ဒေဝတာ- နတ်အပေါင်းတို့သည်၊ ဂန္ဓဗ္ဗ-မိမိဌာန် နတ်ဗိမာန်သို့ ပြန်သွားကြမြန်းတော် မူကြစေကုန်သတည်း။

## လက်ဝဲသွားဖြင့် ပူဇော်ပသနည်းကို ပြပေအံ့

ဩြော်နမော ဘဂဝါ-မြင့်ဖျားအထက် ဘဝဂ်အနန္တ-အာကာသဝယ် နေလမွန်းဖြင် အိုးတော်ရှင်တို့ ထွဋ်ရှတင်ရောင်ဝါ တုသိဘာဥ် တေဇာပြင်းထန် တန်ခိုးဝှန်မျှ မေခတ္တယျအထွဋ် အလောင်းတော်နတ်သား သေ့တာပန်သကဒ္ဒါဂါမိ အနာဂါမ် နတ်သား သိကြားပြဟ္မာ စတုလောကပါလာ သာသနာ ငါးတော် စီးပွားဆောင်ထ ရက္ခဘုမ္မာ အာကာသစိုး နေလ နက္ခတ် များမြတ်တာရာ မည်သာတွင်ထ ပုဏ္ဏကနှင့် ဘေဇ ကျော်ရှိန် အသူရိန် အသူရာ ရောဝရုဏ် ဝိသကြုံက ပဇ္ဇုန္န သူရဿတီ စန္ဒီ ပရမိသွာ မဟာပိန္နဲ ခပ်များစွာ မဏိမေခလာ မဟာဝဿဝရော တာနောဃက္ခ ဓတ္တရဋ္ဌ ဝိရူဠှက ဝိရူပက္ခ ကုဝေရနှင့် တေဇပြင်းစွာ ကာဝါလမိုင်း ကြီးလှိုင်းခွန်အား ဂြိုဟ်ရှစ်ပါးနှင့် နဂါး ဂဠုန် ဂုမ္ဘာန်ယက္ခ ဂန္ဓဗ္ဗနှင့် သဗ္ဗတုဝယ် ကိုးကွယ်သောင်းသောင်း နတ်များအပေါင်းတို့ ကောင်းသား မင်္ဂလာ ပေးကျွေးတည့်၊ "ဩြော်းဇေယျတု" ဟု အောင်သောဆု ယခုငါသို့ ပေးစေသတည်း၊ ဩြော်သဗ္ဗမင်္ဂလံ ဟေဟိဟေဟိ ဣမံ ဘောဇနံ ဘုဉ္ဇာဟိ ဘုဉ္ဇာဟိ။

သိကြားပြဟ္မာ ပဇာပတိ မာဂီပဇ္ဇုံ ဝိသကြုံ ဝိရူနာမ ဣသာနဟု ဒေဝထင်ရှား နတ်လေးပါးတို့ စတုလောကပါလာ မဟာဓတ္တရဋ္ဌ ဝိရူဠှက ဝိရူပက္ခ ကုဝေရနှင့် ခေါ်ကြမည်သာ

သူရဿတီ စန္ဒီ ပရမီသွာ၊မဟာပိန္နဲနတ်ရဲဂေါရမန္ဒ မဟာဘုမ္မစိုး အာကာသစိုး တန်ခိုးထင်ရှား နပါး ဂဠုန် ဂုမ္ဘာဏ်ယက္ခ ဂန္ဓဗ္ဗ နှင့် ဝဿဝဏ္ဏ တာဝနော့ယက္ခ ပုဏ္ဏကနှင့် ကြီးလှတေဇာ ဘုမ္မာဓိ သောင်း နတ်အပေါင်းတို့ ကျိုးကြောင်းပြသ ကိုယ်တိုင်မ၍ တကွ မလစ်တရာ့ရှစ်ပါး ဘေးရန်တားသည် နတ်များအပေါင်း ဂြိုဟ် ပြောင်းနတ်မင်း မကြွင်းအစဉ် ဆယ့်နှစ်ခွင်အကုန် လူ့ဘုံတရိုး အစဉ်စိုးသည် ဘိုးတော်သကြား ပုပ္ပါးပျော်မှီး တောင်ကြီးရှင် တည့် အတွင်း ၃၇-မင်း အပြင် ၃၇-မင်း အတွင်းနတ် အပြင်နတ် မပြတ်မြဲလှ တိုင်းစကြာဝဠာ ကမ္ဘာဘာတွင် သချာ သင်္ချေ ရေသည်များလှ အနန္တတည့် စောင့်ကမြဲစွာ နတ်တကာတို့ ဒေဝါစုံစီ အညီမရွင်း စောင့်တုံလျှင်းသည် ရှင်ရင်းယခု မစေ သော်။

ဘုမ္မရက္ခာ အာကာသစိုးမှတ် အိုးရှင်နတ်တို့ သက်မြတ်တိတိ ဣဒ္ဓိဗလ တေဇကျော်ထင် ကောင်းအင်မချို့ နတ်မြတ်တို့ဝယ် အဖို့မင်္ဂလာ ပြည့်စုံစွာ၏ ကောမနာစကား ဤသို့အားဖြင့် မခြား နေ့ည ခါနိစ္စဉ် လုလ္လရာရ ဆောင်ခါခါသည် ကောင်းစွာလျင် ဆော အောင်စေသော်။

(တူရိယာ မပါလျှင် ဤတွင်ဖြတ်၊ တူရိယာပါလျှင် ဆိုင်းဆင့်ဆက်)

ဆိုင်းဆင့်— ဘဝတုသဗ္ဗမင်္ဂလံ ရက္ခန္တုသဗ္ဗဒေဝတာ- မြတ်ဓမ္မဒေသနာက သတပင်ရွှေကြာဝယ် သေအချာ ဟောကာ ပြဒါကြောင့် ဓမ္မောသဓေရာမှာ လောကသံသရာ နှစ်ဖြာအကျိုး တက်ပြီး ဒါနမျိုးဆက် သဗ္ဗမင်္ဂလာတည်လို့မို့ နတ်ဗြဟ္မာအလီ

လိ ကူညီညာခိုင်းပြီး လူ့ပြည်ရွာတိုင်း နှိုးဆော်ကာမနားတဲ့ ဆိုး
တော်သိကြား ၃၃-ဘော်တို့ပါ ရှိုးတွဲ၍ ပူဇော်ကာ ယူမျှော်ရာ
အမြတ်မဆုံးနိုင်တဲ့အောင် သူတော်စွာ နတ်ဘုန်းခေါင်တို့သည်
သုံးဆောင်မှီဲတော်မူကြပါကုန်လော။

ပြောဟောသမျှ မြတ်ဓမ္မခံအလာမှာ- အကောင်းဆုံး
အခြခံပြီး ပေါင်းရုံး၍နေပမာသကြာန်လောက သံသရာအတ္တာ
ပရတ္တိတွင်ရင်း တသုံးဖြေကာအမြန် သဘောကျစရာ ထပ်မံ၍
ပြရလျှင် ကျောင်းသုံးရွှေစာအမှန် ဓမ္မာသခ ခတ်ခံ မပျက်ရ
အောင် ကဲ ဆရာ့ဆရာများက သောင်းလုံးမြေလျှံဆိုတဲ့ လောက
နတ်သံ ဆက်တော်မူဗျား။

## သြဘာစာချောင်းဖတ်ကြားရန်အခါ

ဤအခါးသည် "ထိမ်းမြားမင်္ဂလာ" "သားရှင်ပြု-သိမ်း
နားထွင်းမင်္ဂလာ" "အလှူတော်မင်္ဂလာ" တို့ကဲ့သို့သြဘာစာကေပိုဒ်
ရတု ပိုဒ်စုံရတုတို့နှင့် မသက်ဆိုင်ချေ၊ ဤအခန်းအနားသည်
ကင်ပွန်းတပ် မင်္ဂလာဖြစ်သောကြောင့် "ပုခက်တင်မင်္ဂလာချောင်း"
တို့ကို ဂုဏ်နှင့်ဒြပ်ထပ်မှီအောင် ရေးသားဖတ်ကြားနိုင်ရမည်။

ရှေးမင်း အဆက်ဆက်တို့ လက်ထက် ပညာရှိ ကဝိ
အကျော် စာဆိုတော်တို့ ရေးသားဆက်သွင်းကြသော ပုခက်တင်
မင်္ဂလာချောင်းတို့မှ နည်းရစေရန် ထုတ်နုတ်၍ပြပေအံ့။

## ဆင့်ပြူရှင်မယ်ချောင်း

ရေးသူ-တွင်းသင်းတိုက်ဝန်မင်းကြီးမဟာစည်သူ

သပြေမင်္ဂလာ-ညွန့်လာဖြာသား ရွှေညာမြရိပ် မော်ကျွန်း ထိပ်ထက် တံဆိပ်နှစ်မည် ရွှန်းရွှန်းစည်သည် မြန်ပြည်ဇေယျ သည်ဌာနဌ် ပရမရာဇိန် ထိန်ထိန်လောင်မြူး ဗောဓိဖူး၏ မြေဦး တော်မြတ် နာဂါဟ်ရည်ဆောင် ရွှေတောင်ညာနန်း မြန်းမည် အသင့် ပြည်မင့်ကြေးမျှင် တို့ထိပ်တင်ကို ရာဇဝင်မှု မင်းရတုဖြင့် မင်းမှုခမ်းနား စကားမင်းထိုက် မင်းလိုက်ဖွယ်ရာ ဤစာနန်းဘွဲ့ နန်းစဉ်ခွဲ၍ တဆယ့်နှစ်ချီ စက်ရာသီတွင် နာရရီရောင် ဝင်းဝင်း ပြောင်သည် ဖလ်ဆောင်ဘုံဆင့် နေမင့်နွယ်မြစ် ဃစ်သစ်ညွန့်လန်း ဘုန်းတန်းဖြိုးလူ စည်သူကြောင်းဝန် လျှောက်ဆက်ညွန့်အံ့ မိုးစွန် မြင့်ခေါင် ဝေမှောင်ပျောင်တည့် တိမ်ဂတောင်တိမ်ထဲ မူးပုလဲသို့ နန်းပွဲသဘင် လုညာတင်သည် ညဲင်ရှင်တည့်ချိုလေး နာဘိသေး။ (ခိုင်ညွန့် ခက်ဖြာချနည်းတည်း)

## မင်းရဲဒိဗ္ဗ ချောင်း

ရေးသူ အမတ်ပညာရှိ ရှင်သံခို

မင်းရဲဒိဗ္ဗချောင်းမှ ကောက်နုတ်ချက်

တဖြိုးဖြိုးလျှင် တန်ခိုးရောင်ခြည် ထိန်ထိန်လည်မျှ မည် သည်မစဲ နေ့တိုင်းကဲသည့် မင်းရဲဒိဗ္ဗ နရအခေါင် ရွှေနားမထောင် လော့ ရွှေတောင်စဉ်ဆက် စံပျက်မငံသည့် နန်းတက်မုနေ၂ ဘေး လောင်းစောတို့ တကြောဇမ္ဗူ သိမ်းပူအုပ်စိုး ရှင့်ဘိုးတော်စစ်

ဘုန်းသစ်ထွန်းဘက် ဆယ့်နှစ်ဆက်လျှင် နတ်ဖက်တမျှ ရှင်ဘမင်းဗျာ:စံကြောင်းများကို ကိုယ်ပွားထောင်ဖြစ် ဖန်ဆင်းလှစ်၍ ရာနှစ်ရှည်ကျော် ချီးကျူးသော်လည်း ကျွန်တော်လုံးခြုံ လျှောက်မကုန်ခဲ ပြောက်စုံပြိုးပြက် "ပုခက်မင်္ဂလာ" တင်မည်ခါက ဇေယျာတိထီ ရာသီခန်းပတ် နက္ခတ်ဂြိုဟ်တန့် လင်္ဂလည်းသန့်၍ အောင်ပန့်မင်္ဂလာ ဒသာတြင်း နဝင်းကောင်းခြီး သံလွင်တီး၍ မူးကြီးမတ်ကျော် ကတော်စိုးမင်း ဖြည်းညင်းမစ ထိမ်းယပြွမ်းပြွမ်း အခမ်းအနား ခင်းထားဆောင်ယောင် ရွှေတောင်ပြက်သန်း ဘုန်းမွန်းကြိုင်ကြိုင် ဒေးတိုင်နှုးခံ ကျံကျံကျူးကျော် စက်တော်ခေါ်ဟု ရှင်ပျော်သဘင် ပုခက်တင်သည် စံရှင်တည့်မင်းရေးပျံ့ပျံ့မွေ့။ (ခိုင်ညွန့်ခက်ဖြာချနည်းတည်း)

အမရပူရ စတုဗ္ဗိုလ်တည် နန်းတည်
မဟာ ဝိဇယရံသီ စေတီတော် ဒါယကာ မင်းတရားကြီး
သမီးတော်မြတ်ရတနာကို
**ပုခက်တင်မင်္ဂလာပြု (လူးတား)**

ရွှေနန်းမင်္ဂလာ ရတနာမျက်ရှင် ယောဉ်ပျော်ကြောင်း သံပြောင်းချီချ ညီလှလေး- ရေမြေဝှန်လိုက် ချုန်းချုန်းရိုက်မျှ တိုက်စကြာဝဠာ ကောင်းကြီးညာ၍ သုနာပရာန် ရန်မာန်မမှောင် ပြည်ကုန်းဘောင်ကို တည်ထောင်စိုးစံ ဘုန်းမီးလျှံသည့် အသမ္ဘိန္န ဘေးတော်သမူ လောကထွင်မှား လောင်းဘုရားတည့် သားတော်ကေရာ ပြည်ဇေယျာဝယ် ရိပ်ကြာစိုးဆောင် သည်ပနောင်ကား မြရောင်သီတာ ယဉ်ရောနှင့် စမွာပန်းလောင် ဝန်းမျှောင်

ယှက်ရံ မင်းဝံသီတာ ရတနာပူရ မြို့ရွှေဝဠ် နရတမှတ် ဘေးတော်
လတ်လည်း လျှပတ်ပြောင်ပြောင် မုခနာဆောင်၍ လူ့ဘောင်
အလှန့် အာဏာနှင့်၏၊ စည်ဖွန့်သာသနာ ဆင့်ကာကာသည်၊
နေသာကိန္နယ်ရင်း တည့်လေး-ပရမေညွှန့်ဖူး ရွှေနားနှူး။ (ခိုင်ညွှန့်
ခက်ဖြာ နှစ်ထပ်ချ)

ချောင်းရေးနည်း သင့်ခဏ်းစာကို ဤကျမ်း၏နောက်ပိုင်း
တွင် အကျယ်ပြမည်၊ ကဝိတဆူ ပြုလိုသူတို့ သေချာစေ့ငု ကြည့်ရှု
ဆည်းပူးကြလေကုန်။

## ပစ္စည်းလက်ဖွဲ့ခဏ်း

(ဤအခဏ်းမှာ ပဌမတွဲတွင် ပါရှိပြီးအတိုင်းဆောင်ရွက်လေ)

## ကင်ပွန်းတပ် မင်္ဂလာ ပွဲသိမ်းဆုပေး

ယခုဘဝ ပြုသမျှ သုခမင်္ဂလာ အခါကောင်းပေး
အကြောင်းရွှေး ခေါင်းဆေးသည့်အရာကို ထင်စွာယခု မင်္ဂလာပြု
ရန်ဖို့ လျင်မကြာသမျှ အဖျော်အဖြေနှင့် သွန်းလို့မို့ တရော်
ကင်ပွန်းအထပ်ထပ် အဆွေခင်ပွန်းမပြတ်ရအောင် ကင်ပွန်းတပ်
သည့်မင်္ဂလာကို ယခင်အညွှန်း ဇာတ်အလာ ဆင်ယင်ကာ တသက်
ပွားစေဖို့ မင်္ဂလာ ဆယ့်နှစ်ပါးတွင် အာကာသ်စကားအလာ အနှစ်
အသားနှင့်တကွ ရှစ်ပါးသောမင်္ဂလာကို လျင်မကြာတပါတည်း
ပြီးတဲ့အောင် ဝါ-တနည်းဖြိုသည့် ခနေဟောရလျှင် "ဝိ-သိ-
ကေ-ခဒါနှင့်တကွ နာ-ဒု-အ-ဘုံ" ကိုကို သဒ္ဒါသမျှ အကျူ အကြံ
ကောင်း ထွက်လို့မို့ ကံဟောင်းမပျက်ခင် ကံသစ်ဆက်မိလေ
အောင် ဉာဏ်ခမ္မစက် ကုသလာခမ္မာကို ပြုသမျှမကွာ တ

တနည့်းနှင့် ဘုန်းကြီး၍ အသက်ရှေပြီး ကြက်သရေဘောဂဗလနှင့် ပြည့်လို့မို့ ရောဂါဘယမရှိ တွက်ခါရှင်းရလျှင်(၁) စကြာမင်း ပတ္တမြား သားကောင်းရတနာကို ဖွားကြောင်းမကြာပေါ်ပေါက် ထွန်းကားတော်မူသဖြင့် မျှော်ထောက်၍ အညွန်းစကားနှင့် အညီ ဟောကာပြရလျှင် (၂) သိရောဒကမင်္ဂလာဆိုဒါ လျင်မကြာ အောင်ဇေယျတုဖြင့် သဘင်ခံကာ နောင်အရှေ့ရှုလို့မို့ ဆောင် ငွေခရ ရှစ်ဗြဟ္မာသွန်းပြီးလျှင် တောင်ဇမ္ဗူ့လက်ျာကျွန်းတွင် တက်လာထွန်းသည့် နေဝန်းစန္ဒြာတို့လို ငွေရွှေဝန်းရံကာ အခြေ အမြစ်နှင့် ပြုပြီး၍ (၃) ကေသစ္စဒနမင်္ဂလာဆိုဒါ ရန်အမြင် တဆိတ်မကပ်ရအောင် ဆံပင်ကို ရိတ်ဖြတ်ကြပြီး စိတ်ခေတ်ကာ ကြည်နူးစရာတို့ကို ရည်စူးကာပြောကာပြရလျှင်(၄) ဒေါလာက ရန ဆိုဒါကတော့ တသက်အစဉ်မကွာတဲ့အောင် ပုခက်တင်မင်္ဂလာ ကို မပျက်ဆင်ကာ ယခင်အကျိုးတရားကြောင့် ယာဉ်မျိုးငါးပါး ရတော်မူသောထုံး နှလုံး၌ ဆင်ခြင်၍ (၅)သွင်အပြင်မသွေစိတ်ရှိ တည်ပေသည့် နေမိတ္တကအမည် နာမကရဏကို သဘာဝကျကျ တင်ဆက်ကာဖြင့် မင်္ဂလာဒါန အမှုကို လာသမျှပြုကာ အလိုအတိုင်းကြီးလို့မို့ ဆိုတိုင်းပြီးတဲ့ မုဏ္ဍာအာဏာရတဲ့အောင် (၆) ဒသဂဟဏမင်္ဂလာဆိုဒါ ပုတ္တဒါရသ အစဉ်အလာကို မပျက်ပန် ပတ္တနာ၍ ဘာဇယာပလ္လင်မှန်းပြီး ဘယက်တန်းဆာဒွါ ဒယာတို့ကို ဆင်မြန်းကျက် ရှင်လန်းသည့်ဂါရဝမဏိသြသနှင့် တကွ (၇) အာဟာရပရိဘောဂမင်္ဂလာကို ဝိသောဓနတင်ကာ ယခုအဟက်မကြာတဲ့အောင် အနုရဒ္ဓါပမာ ဘဂဝါတရားနည်း အတိုင်း အာဟာရပြီး၍ အဆင်အဖူးအညွန့်ကလေးကို ထမင်းဦး ခွံ့သော မင်္ဂလာ ဆင်ယင်ကာပြီးပါပြီ (၈) ပြင်ချောင်စရာတနည်း

အလှူဒါနတို့တွင် လှူသောမကဲ ရှင်ပါမကျန်ရအောင် ဘုမ္မာကရဏ
မင်္ဂလာဆိုဒါ မြေပြင် ပထဗျာကို ခြေတင်ကာ နင်းရသောအကျိုး
ကြောင့် ရေမြေမကြွင်း အစိုးရပြီး အမျိုးသမတနည်း သကျ
သာကီဝင်ဟာမို့ ကနက်အရပ် ဗမာပြည်တခွင်မှ တာရှည်ထင်စွာ
စဉ်အလာ မပျက်ရအောင် မင်္ဂလာ ဆဲ့နှစ်ရပ်တွင် ရှစ်ရပ်ကို ဤ
ကင်ပွန်းတပ်မင်္ဂလာ၌ သုံးဘွိက်သည်ကြောင့် ဘုန်းမကိုဋ္ဌသတိုး
မြရတနာတသွယ်ကို ကိုးလမှာလှယ် ဆယ်လမှာဖွားလို့မို့ ဆယ်ဝ
တရား သမ္ဗဇဉ်အလာကို ရန်အမျှင်ဘာယာ တို့ဖွဲ့မပေါက်နိုင်တဲ့
အောင် ဇဇ-ဝေဒနာ,ကံကြမ္မာ-၃၂, ဘေးအပြစ်-၂၅,၁၆-ပါး
သော ဥပဒ္ဒဝေါ,ဆယ်ပါးသော ဒုက်,ရှစ်တန်သောအပြစ်,ငါးရစ်
သောရန်, သုံးတန်သောကပ်, လေးရပ်သော ဝိပတ္တိ စရှိများစွာ
မကောင်းသော အနိဋ္ဌာတို့နှင့်ဇာကွ အဟိုတ်မတြာ တူစာပေစာ
သူငယ်နာ မင်္ဂခရု အဖုကျဗဟုံး ကိုယ်လုံးကျောပူ အပြင်စူထွက်
ကျောက်ဝက်သက်နှင့် တချက်ကြက်ညှာ မှင်စာတစ္ဆေစုန်းကဝေ
ကစ၍ တချက် အတက်အလှုန့် လန့်ဖျပ်ငိုကြွေး ကိုယ်သွေးမပျက်
မနှောင့်ယှက်အောင် ကာကွယ်ဆောင်၍ တောင်စဉ်လျှိုနည်း
ဂြိုဟ်စီးဒသာ ကြမ္မာနိမိတ္တ မူလအန္တရာ ကောဇာအာယု မိတ္တူ
ဥပဒ် စန်းပြုတ်လွန်းပြုတ် သက်ခပ်ရှားမီး ဂြိုဟ်စီးနှိပ်စက် စန်း
လက်မကောင်း သံဒေါင်းနင်းနှိပ် ပြနိပ်ဘ္ကု ပါပဒိသာ ဇာတာ
နှမ်းညှိုး မကောင်းကျိုးအပေါင်း ကံမှောင်းနိမိတ် ဂြိုဟ်အိပ်
စန်းကျ ပါပသက်သုဉ်း ငှလုံးမချမ်း ဘေးဘျမ်း ဥပဒ် မရပ်
မတည် မကြည်မသာ ဗျာပါသောက ဟူသမျှတို့သည် မြူမခ
ဘေးမသန်းဘဲ ချမ်းစွာ ယခင်အညွန်း ဇာတ်အလာကို ဂါ
ဤယခု ကင်ပွန်းတပ်သောမင်္ဂလာကို ပြုပါသည်၊ရှင်ဗါကူ၊

ကြောင်းသကဲ့သို့ ဘောဂမယွင်း သူဌေးကြီးတသွယ် မနှေးအပြီး တကယ်ဘုန်းတန်ခိုးတက်၍မို့ မဆုံးတဲ့အကျိုးဆက် မပျက်ကမ္ဘာ မျှော်ပြီးအသက်တရာ့နှစ်ဆယ်ကျော်ရှည်စေသော်။(ဆုပေးပြီ ၏)

## ကင်ပွန်းတပ် မင်္ဂလာပြုသော
## မင်္ဂလာခံ အာယက်ရှင် သတို့သားကလေး၏
## အလှူရေစက်ချ

**စကားချီး—** အလှူပေးခြင်းစသော ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ပြီးလျှင် ခပ်သိမ်းသော သတ္တဝါအား အမျှပေးဝေသည် ရှိသော် မီးတပွင့်ကို ရှေးဦးစွာညှိထွန်း၍ နောက်မှ မီးပွင့်အများကို ထပ်ကာထပ်ကာ ညှိထွန်းသော်လည်း ထိုပဌမမီးပွင့်၌ မီးမကုန်နိုင် အရောင်အဝါသည် မီးတိုင်းတက်အလွန် သာလွန်၍ ပွားများဘိသကဲ့သို့ ထိုအတူဒါနစသော ကုသိုလ်တရားသည်လည်း မဆုတ်မယုတ်နိုင် ပွားသည်ထက် ပွားများသည့်သာ ဖြစ်ရာ၏၊ ထိုအတူ ခပ်သိမ်းသောသညာရှိ သူတော်ကောင်းတို့သည် ကုသိုလ်ကောင်းမှု ပြုပြီးလျှင် သတ္တဝါအပေါင်းတို့အား အမျှပေးဝေသည်ရှိသော် ပြုရင်းဒါန မူလကုသိုလ်မှတပါး ပတ္တိဒါန ကုသိုလ်သည် ထပ်မံ၍ ပွားပြန်သဖြင့် အကျိုးထူးနှစ်ပါးကို ရရှိပြန်လေသည်။

ထို့ကြောင့် ပညာရှိသောသူတို့သည် တစုံတခုသော အမှုကိုစွဲထို၍ အလှူဒါနတို့ကို ပြုသည်ရှိသော် ထိုအရပ်၌ သီလသမာဓိ ဂုဏ်အင်္ဂါကျေးဇူး ထူးမြတ်သော ရသေ့ရဟန်း သူတော်ကောင်းတို့ကို လုပ်ကျွေးလှူဒါန်း ပူဇော်၍ နတ်တို့အား အမျှ

ပေးဝေရာ၏၊ ယင်းသို့ အမျှပေးဝေသည်ရှိသော် ထိုနတ်တို့သည် ဤသူကား ငါတို့ကို အမျှပေးဝေ၍ ချီးမြှောက်ထောက်ပံ့ခြင်း မြတ်နိုးခြင်းကို ပြုပေသည်၊ ငါတို့ကလည်း အတုံ့အလှည့်ပြုကောင်း ပေသည်ဟု အောက်မေ့၍ ထိုအမျှဝေသောသူကို မစချီးမြှောက် ထောက်ပံ့ခြင်း မြတ်နိုးခြင်းကို ပြုကြကုန်၏၊ အမိသည် ရင်၌ ဖြစ်သောသားကို သနားစုံမက်သကဲ့သို့ သနားချစ်ခင်ခြင်းလည်း ရှိကြကုန်၏၊ ထိုသို့ နတ်တို့က သနားချစ်ခင်သဖြင့် ချီးမြှင့်မစ ထောက်ပံ့သောကြောင့် ထိုအမျှပေးဝေသောသူအား ကောင်း ကျိုးချမ်းသာ အပေါင်းတို့သည် အခါခပ်သိမ်း တိုးပွားများမြတ် သည်သာ ဖြစ်ကြကုန်၏။

ထို့ကြောင့် ယခုအခါ အကြင်ပညာရှိတို့သည် အလှူပေး ခြင်းစသော ကောင်းမှုကုသိုလ်ကို ပြုကြသောအခါ၌ နည်းများ ယုတ်မြတ်မဆို ပြုတိုင်းပြုတိုင်း မလစ်မလပ်စေရ၊ နတ်တို့ကို အမျှ ပေးစေရာ၏၊ ထိုသို့ ပေးဝေသောသူတို့အား မိမိပေးဝေအပ် သော ပတ္တိဒါန ကုသိုလ်သည် ယခု ပစ္စုပ္ပန်ဘဝ၌ပင် နတ်တို့ချစ် ခင်လေးမြတ် စောင့်ကြပ်မစခြင်း၊ တမလွန်ဘဝ၌လည်း ကမ္ဘပထ စေတနာ၏ အစွမ်းဖြင့် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာ တည်းဟူသော အကျိုးတို့နှင့် ပြည့်စုံကြောင်းကိုလည်း သိအပ် မှတ်အပ်ကြကုန်ရာသည်။

တကြောင်းမှာလည်း သီဟိုဠ်ကျွန်း၌ အမတ်တယောက်သည် မဟာစေတော်တီကို မုခလေပန်းဝိုင်ဖြင့် ပူဇော်ပြီးလျှင် "ယမမင်း" အမည်ရှိသော ငရဲမင်းကြီးအား အမျှဝေ၏၊ ထိုအမတ်သည် ဘပပြောင်းသောအခါ အကုသိုလ်ကံကြောင့် ငရဲထိန်းတို့သည် ငရဲပြည်သို့ဆွဲငင်၍ "ယမမင်း"ထံ ဆောင်ယူကြကုန်၏၊ ... င်း

ပြည့်သည်။ အသင် လူ့ပြည်မှာ ဖြစ်စဉ်က တစုံတခုသော ကောင်းမှုကို ပြုဘူး၏လောဟုမေး၏၊ အမတ်လည်း မိမိပြုခဲ့ဘူးသော ကောင်းမှုကို သတိမရသောကြောင့် မမှတ်မိပါဟုဆိုသည်ရှိသော် ယမမင်းသည် အသင် မဟာစေတီတော်ကို မုလေးပန်းခိုင်ဖြင့် ပူဇော်သည်ကာလ ငါ့ကိုပင်အမျှဝေသည် မဟုတ်လောဟုဆိုသည် တွင်မှ သတိရသဖြင့် ထိုကုသိုလ်ကို အောင်းမေ့သည်ရှိသော် ငရဲမှ လွတ်၍ နတ်ပြည်သို့ရောက်ကြောင်း "ဥပရိပဏ္ဏာသ အဋ္ဌကထာ ဒေဝဒူတသုတ်"တွင် လာလေသည်၊ ဤယမမင်းသည် အကုသိုလ် ကံအလျောက် ငရဲထိန်းတို့ဆောင်ယူပို့လာသော သတ္တဝါကို ဒေဝဒူတ တမန်ငါးဦးကိုပြ၍ ကောင်းမှုကို အောက်မေ့စေ၏၊ အလိုအလျောက် မေ့ပျောက်လစ်လပ်၍ အမှတ် မရနိုင်သော သူအား မိမိကိုအမျှပေးဝေသောအစွမ်းဖြင့် ကောင်းမှုကို ဖေါ်ပြ ပြောဆိုသတိပေး၍ အောက်မေ့စေပြီးလျှင် ငရဲမှလွတ်စေ၏။

ထိုကြောင့် ရင်းဥပရိပဏ္ဏာသဋီကာ၌ ယမမင်းကို ဝိဂြိုဟ် ပြုသည်ကား- ဒေဝဒူတာယပနဝသေန သတ္တေယထာစိတေ ပုည ကမ္မေ ယမေတိ နိယမေတိတိယမော။ ယောရာဇာ- အကြင်မင်း သည်၊ ဒေဝဒူတာယ-ဒေဝဒူတ၏၊ ဝသေန-အစွမ်းဖြင့်၊ သတ္တေ- သတ္တဝါတို့ကို၊ ယထာစိတေ-အကြင်အကြင် ဆည်းပူးအပ်သော၊ ပုညကမ္မေ- ကောင်းမှု၌၊ ယမေတိ, နိယမေတိ- မှတ်စေတတ်၏၊ ဣတိ-ထိုကြောင့်၊ သောရာဇာ-ထိုမင်းသည်၊ ယမော-ယမမည်၏၊ ယင်းသို့ဖြစ်၍ ခပ်သိမ်းသော သူအပေါင်းတို့သည် အလှူပေး ခြင်းစသော ကုသိုလ်ကောင်းမှုတို့ကို ပြုသောအခါ စတုမဟာရာဇ် အဝင်အပါ ဝေမာနိက နတ်မျိုး "ယမ" အမည်ရှိသော ငရဲမင်း အားလည်း ရည်ညွှန်း၍ အထူးသဖြင့် အမျှပေးဝေရာ၏ ဟု

လာသောအတိုင်း ဤယခု ကင်ပွန်းတပ်သော မင်္ဂလာသဘင် ဆင်ယင်ကျင်းပသော အလှူရှင် သတို့သားကလေး (သတို့သမီး ကလေး)၏ ကောင်းမှုဖြစ်သော ဒါနကုသိုလ်၏ အဖို့ကို ၃၁- ဘုံသားတို့အား ရေစက်ချပြီး အမျှဝေရအောင် ကိုင်း....ရေစက် ခွက် ကိုင်ဗျား -

## ကင်ပွန်းတပ်မင်္ဂလာ အလှူရေစက်ချ

အရှင်ဘုရား အကျွန်ုပ်တို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက် ပါရခြင်း နိဗ္ဗာန်ကိုမျက်မှောက်ပြုပါရခြင်း အကျိုးငှာ သရဏ ဂုဏ်သုံးပါးနှင့်တကွ ငါးပါးသီလတော်မြတ်ကို ခံယူဆောက် တည်ပါ၏၊ သရဏဂုဏ်သုံးပါးနှင့်တကွ ငါးပါးသီလတော်မြတ် ကို ခံယူဆောက်တည်ပြီး၍ ဤမွန်မြတ်လှစွာသော ခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာ စသည်တို့ကို မြတ်စွာဘုရားအားရင်း၊ တပည့်သား သံဃာတော် အရှင်မြတ်တို့အားရင်း၊ ယခုကြွလာကော်မူသော ပရိသတ်အများတို့အားရင်း သဒ္ဓါကြည်ဖြူ လှူဒါန်းပါ၏၊ ဤ ကောင်းမှုကြောင့် အကျွန်ုပ်တို့၏ ကိုယ်တွင်း ကိုယ်ပတို့၌ ရောက်ဆဲ ရောက်လတ္တံ့ကုန်သော မကောင်းသော မကောင်းသောရန် မကောင်းသော အပြစ်ဒဏ်တို့သည် ယနေ့ကိုအစပြု၍ ပိန်းကြာ ဖက်တွင် ရေမတင်လျှောကြဘိသကဲ့သို့ ကင်းစင်ဝေးပျောက် မရောက်သည်သာ ဖြစ်ပါစေသတည်း၊ အဆုံးစွန်ဖြစ်သောဘဝ ထိုကာလ၌ ထိုဘေးအပေါင်း ရန်အပေါင်း ဒဏ်အပေါင်းတို့၏ ကင်းငြိမ်းရာအမှန်၊ ပြည်နိဗ္ဗာန်သို့ ဘဝဘိုတို့နှင့် ဆောက်ရပါ လို၏၊ ထိုနိဗ္ဗာန်သို့ မရောက်ရသေးသမျှ ကာလပတ် အပါယ်

မလေးပါးတို့မှ ကင်းလွတ်၍ မြင့်မြတ်သော အမျိုးတို့၌ တိဟိတ် ဥက္ကဋ္ဌမြတ်သော ပဋိသန္ဓေ တည်နေရသော ယောကျ်ားကောင်း ယောကျ်ားမြတ်ဖြစ်၍ အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာကြီးခြင်း ခွန်အားကြီးခြင်းတို့နှင့်တကွ မဟာပညာ, ပုထုလပညာ, ဝိပုလပညာ, ဘူရိပညာ, ဂမ္ဘိရပညာ, ဇဝနပညာ, ဟာသပညာ, တိက္ခပညာ, နိဗ္ဗေဓိကပညာ, ပရပ္ပဝါဒ မဒ္ဒနပညာ အစရှိသော ပညာအမျိုးမျိုး တန်ခိုးအာနုဘော်တို့နှင့် ပြည့်စုံခြင်း၊ မရှိစကား မကြားမသိရခြင်း၊ ဒုက္ခစကား မကြားမသိရခြင်း၊ ပေးပါကမ်းပါ တောင်ရမ်းရသောစကား မကြားမသိရခြင်း၊ မိမိတို့ဘုန်းကံ အလျောက် ဖြစ်ပေါ်၍ ရောက်လာသော ပစ္စည်းဥစ္စာ ရတနာတို့ကို မိမိတို့က ကိုယ်နှုတ်တို့ဖြင့် မပေးပါမူ သူတပါးတို့ လုယူဖျက်ဆီးခြင်းမှာ မစွမ်းနိုင်ခြင်း၊ အလိုရှိက တခဏခြင်း သိနိုင်သော ဇာတိဿရဉာဏ်ကိုရခြင်း၊ မိမိအလိုသို့ အသွယ်မပေါ်ကူ လိုက်ပါတတ်သော ချေရံသင်းပင်း ပရိသတ်တို့နှင့်ပြည့်စုံခြင်း၊ ဘဝတိုင်း ဘဝတိုင်း သူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံရခြင်း၊ ခပ်သိမ်းသော အရာတို့၌ အလွန်တရာ ရဲရင့်သော သူရဲတို့ ကောင်းနှင့်ပြည့်စုံခြင်း အစရှိသော ကောင်းကျိုးချမ်းသာ မင်္ဂလာတို့နှင့် ပြည့်စုံရပါလို၏၊ ဘန္တေ-အရှင်ဘုရား၊ ဣမိနာ ပုညကမ္မေန-ဤကောင်းမှုကြောင့်၊ အမှေဟိ- အကျွန်ုပ်တို့သည်၊ ဣစ္ဆိတံ-အလိုရှိအပ်သော၊ ပတ္ထိတံ- တောင့်တအပ်သော၊ ဖလံ-မြတ်လှစွာသော ဆုအပေါင်းသည်၊ သမိဇ္ဈတု-မယွင်းသွေ ပြည့်စုံပါစေသတည်း၊ ခိပ္ပမေဝ-လျင်စွာသာလျှင်၊ လဘာတု ရပါစေသတည်း။

အရှင်ဘုရား ဤကောင်းမှုအဖို့ကို အမိအဘ ဆရာသမား သားသမီးဆွေမျိုး ဘိုးဘွားကစ ရေမြေသနင်း ပြည့်ရှင်မင်းနှင့် တကွ ခပ်သိမ်းသောလူ ခပ်သိမ်းသောနတ် ခပ်သိမ်းသောဗြဟ္မာ ခပ်သိမ်းသော ၃၁-ဘုံသားတို့အား အမျှပေးဝေပါကုန်၏၊ အထူးအားဖြင့် ကိုယ်စောင့်နတ် အိမ်စောင့်နတ် ကျောင်းစောင့် နတ် ရွာစောင့်နတ် မြို့စောင့်နတ် သာသနာတော်စောင့်နတ် ဓတ္တ ရဋ္ဌ ဝိရူဠ္ဟက ဝိရူပက္ခ ကုဝေရ အစရှိသော ထိုထိုလောကပါလ အမည်ရသော သမာဒေဝ နတ်ကောင်း နတ်မြတ်တို့အားငှင်း၊ နတ်ပြည်ကို အစိုးရသော သိကြားမင်းကြီးအားငှင်း၊ ငရဲပြည်ကို အစိုးရသော ဒေဝဒူတ 'ယမ' မင်းကြီးအားငှင်း၊ ငရဲထိန်း ငရဲ သူတို့အားငှင်း၊ ဟုတ်ပြိတ္တာ တစ္ဆေတို့အားငှင်း၊ အမျှပေးဝေ ပါကုန်၏၊ အကျွန်ုပ်တို့နှင့်အတူတကွ အမျှရကြကုန်သည်ဖြစ်၍

ထိုဆိုအပ်ပြီးသော ကိုယ်စောင့်နတ် အိမ်စောင့်နတ် ကျောင်းစောင့်နတ် ရွာစောင့်နတ် မြို့စောင့်နတ် သာသနာတော် စောင့်နတ် ဓတ္တရဋ္ဌ ဝိရူဠ္ဟက ဝိရူပက္ခ ကုဝေရ အစရှိသော ထိုထို လောကပါလ သမာဒေဝ နတ်ကောင်းနတ်မြတ်တို့သည် အကျွန်ုပ် တို့အား ယနေ့ကိုအစပြု၍ ရင်၌ဖြစ်သော သားသမီးကဲ့သို့ နေ့တိုင်း နေ့တိုင်း ညဥ့်တိုင်းညဥ့်တိုင်း ဒုက္ခဘေးမှ ကင်းဝေးလေအောင် ရောဂါဘေးမှ ကင်းဝေးလေအောင် သောကဘေးမှ ကင်းဝေး လေအောင် အစဉ်မပြတ် စောင့်ရှောက်နိုင်မှု မဘော်မှုကြပါစေ ကုန်သတည်း၊ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာ ပထဝီမြေကြီးသည် အကျွန်ုပ်တို့ တစုံတခုသော ကြောင်း

ကြောင့် မေ့လျော့၍နေသည်ရှိသော် သက်သေအရာ၌ တည်ပါစေသော်။

ဤတွင် ကင်ပွန်းတပ်မင်္ဂလာ အခမ်းအနားအတွင်း၊
ဘိသိက်ဆရာတို့ဆောင်ရွက်ရန် စာကိုယ်ပြီး၏။

## ဆရာပြုလုပ်မည့်သူတို့ ဗဟုသုတရစေရန် ပေါ်ပြခဲ့ပေဦးအံ့

အမိအဘတို့သည် သားသမီးငယ်တို့အား မီးရှူးသန့်စင် ဖွားမြင်ပြီးသည်မှ ၁၀-ရက် ၁၂-ရက် ၁၇-ရက် ရာပြည့်ရက်တို့၌ 'အမည်ပေးရာ၏'၊ နှစ်လမြောက်၍ 'ကွမ်းဦးခွံ့ရာ၏၊' သုံးလမြောက်၌ 'အိမ်ပြင်ထုတ်ရာ၏'၊ ခြောက်လမြောက်၌ 'ထမင်းဦးခွံ့ရာ၏'။

ဆရာတို့ကျက်မှတ်ရန်ဆောင်ပုဒ်— ဖွားသည့်ရက်က စ၍ ရေလျှင် ဆယ်တွင်တဆယ် တဆယ့်နှစ်နှင့် ဆယ့်ရှစ်တချက် ရာပြည့်ရက်ဟု ထွန်းတက်ဤသည် ရက်လေးမည်တွင် အမည်မင်္ဂလာ မှည့်အပ်စွာရှင့်၊ အခါဘထောက် သုံးလမြောက်တွင် အိမ်ပြင်ထုတ်ရာ၊ ခြောက်လမှာမူ မင်္ဂလာထမင်း ခွံ့ခြင်းအစ၊ နှစ်လမြတ်၌ ကွမ်းခွံ့ထိုက်၏၊ မှတ်ပိုက်သချော ဤအမှာဖြင့် လာသည်အခန ပြုရပေက ဘေးငံထွက်ကင်းမျှောက် ချမ်းသာရောက်သည် တယောက်ပကတိ မှတ်ဖွယ်တည်း။

သူငယ်တို့အား ထမင်းဦးမခွံ့ရာသော ရက်များကား- လဆန်း၊ လဆုတ် ၄-ရက် ၆-ရက် ၇-ရက် ၉-ရက် ၁၂-ရက်၊ ဤရက်တို့၌ သူငယ်တို့အား ထမင်းဦးမခွံ့အပ်၊ ပေးမိ ခွံ့မိချေသော်

မိဘတို့သောကများတတ်၏၊ ဆရာတို့ကျက်မှတ်ရန် ဆောင်ပုဒ်ကား-လွန်း လွှာပ် အဟုတ်တူညီ တိတိဇယျ ဆအင်္ဂနှင့် နဝမနိုစ်ဒွါဒသင်ဟု ငါးအင်အကယ် ရက်တို့ဝယ်၌ သူငယ်တို့အား အစားဆောင်နှင်း ထမင်းအစာ မခွံ့ရာဘည့်,ခွံ့ ပါမိငြား ဥပဒ်များ၍ အဘအမိ သောကရှိသည် သတိမကင်းစေနှင့်မင်း။
(ဆရာတို့ နှုတ်ရ ဆောင်ကြကုန်)

## သူငယ်တို့အား အမည်မှည့်ရန် နေ့နံ ရွေးချယ်နည်းကို ပြပေအံ့

"ဝိ- သိ- ကေ- ဒေါ- နာ- ဒု- အ- ဘူ" ဟု ဆိုအပ်သော ကင်ပွန်းတပ် မင်္ဂလာ ရှစ်ပါးတွင် (နာ) ဟူသော နာမကရဏ မင်္ဂလာပွဲရာတွင် အမည်ပေးရန် နေ့နံရွေးနည်း ကိန်းခန်းဆင်ပုံ ဆင်နည်း ဆန်းစစ်နည်းတို့ကို ရှင်းလင်းပြတ်သားစွာ ဆရာ့ မျက်မှောက်သို့ လူကိုယ်တိုင်လာရောက်၍ လက်တွေ့ကော်ပြီး သင်ကြား ဘိသကဲ့သို့ ထင်ရှားစွာ စာအသင်တို့နှင့်တကွ ဆရာ အဖြစ်သို့ရောက်အောင် သင်ကြားရေးသားခဲ့ပေအံ့၊ ဆရာတဆူ ပြုလုပ်လိုသူတို့ ရေးယူမှတ်သား သင်ကြားကြလေကုန်—

"အဇစမွေးနံ အရင်းခံ ဘုန်းကံတိုးတက်ဘွဲ့" ဟူသော အလင်္ကာကို ပြပေအံ့

**တနင်္ဂနွေသား** — ဂဠုန်နံမှည့်-ချမ်းသာကြီးအံ့

**တနင်္လာသား** — ကျားနံမှည့်-ခွန်အားစွမ်းပကားကြီးအံ့

အင်္ဂါသား — ခြင်္သေ့နံမှည့်-ဥစ္စာများအံ့
ဗုဒ္ဓဟူးသား -- ဆင်နံမှည့်-ကျေးကျွန်များအံ့
ကြာသပတေးသား— ကြွက်နံမှည့်-ချမ်းသာအံ့
သောကြာသား — ပူးနံမှည့်-ဥစ္စာရအံ့
စနေသား — နဂါးနံမှည့်-ငယ်စဉ်က အလှူပေးရအံ့

ထို့ကြောင့် နှုတ်ထက်ဆောင်ရန် လင်္ကာကား— တနင်္ဂနွေ ဂဠုန်နံ သုခံချမ်းသာ ဖြစ်ကြစွာ၏၊ တနင်္လာမူ ကျားနံယူက လူတွင်ဗလ နိုင်မပျတည့်၊ ကွအင်္ဂါ-ခြင်္သေ့မှာမူ ဥစ္စာစီးပွား လျှံပေါများအံ့၊ နေ့ကားဗုဒ္ဓ ဆင်နံရှိသော် နေကျွန်းသွား များအံ့ ကျွန်ကြေး၊ ကြာသပတေးကြွက် ဟာဘိချမ်းသာ၊ သောကြာ မှာပူး အလှူဥစ္စာ ရအံ့ဟောပေ၊ စနေအကျ နာဂနံဝယ် ငယ်ရာဥကာလ ဒါနအမှု ပြုခဲ့လျှင် မချွတ်မှန်လှ သိညာဥ်ရတို့ အစဉ်နေ့နံ အရင်ခံသည် နံကိုတိုးကြောင်း အဟောတည်း ဟူသော အဆိုကို ရှေးဦးစွာ မှတ်သားကြလေ။

## ကသစ်ပေါ်ဥစ် ကိန်းချပုံကို ပြပေအံ့

၁။ ကသစ်ပေါ်ဥစ် တူလဂ်စွာက် ယောဘ်နံသင့်ချ
၂။ နေ့ ၇-ထွေ ရေးပေါ်လေ မသေ့ကိန်းကုန်ပ
၃။ မဟာဘုတ်အိမ် ကသစ်အိမ် နှစ်အိမ်အထက်က

၄။ အထက်သူဌေး အောက်ကိုဘေး မည်ပေးပညတ်ကြ

၅။ အစမွေးနံ အရင်းခံ ဘုန်းကံတိုးတက်လှ

(အရကျက်ပါ)

ကသစ်ပေါ်ဥစ် တူလဂ်စုတ် မယုတ်နံသင့်ချ

နေ့ ၇-ထွေ ရေးပါ၄လ မသွေကိန်းကုန်ပ

ဆိုသောအရ တနံလျှင် ၇-နေ့စေ့အောင် လက်ျာဖက်သို့ အစဉ်အတိုင်းရေးပါ။

ရေးနည်းကား

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| (က) | တနင်းလာနံ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| (သစ်) | သောကြာနံ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| (ပေါ်) | ကြာသပတေးနံ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| (ဥစ်) | တနင်္ဂနွေနံ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| (တူ) | စနေနံ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| (လဂ်) | ဗုဒ္ဓဟူးနံ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| (စုက်) | အင်္ဂါနံ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |

(ဥစ်)ဟူသော တနင်္ဂနွေနံ အလယ်မျဉ်းကြောင်းက ကတ္တား ခြားလိုက်ပါ၊ ဥပမာ- တနင်္ဂနွေသားဖြစ်လျှင် တနင်္ဂနွေကတ္တား အိမ်-အထက်ဂဏန်းကိုယူ၊ အောက်ဂဏန်း [illegible] တနင်းလာ-အင်္ဂါ-စနေအထိ ရင်းနည်းမှတ်လေ။

## ဖွားဇာတာ မဟာဘုတ်တိုင်ထူနည်းကို ပြဦးအံ့

အခေါ် ဩောင်-လံ-ထူ-စစ်-သူ-ကြီး-ပွဲ
ဂဏန်းချနည်း- ၁-၄-၀-၃-၆-၂-၅
အိမ်အမည် ပုတိ, ဘင်္ဂ, မရဏ, အထွန်း, သိုက်, ရာဇဒေ့တန်ခွန်, အဓိပတိ (အရကျက်လေ)

တွက်နည်း—သူငယ်၏ မွေးဖွားသော သက္ကရာဇ်ကိုတည်၊ ၇-ခုစား၊ အကြွင်းကို "ဘင်္ဂ" အိမ်ကစ၍ ချလေ၊ ဥပမာ- တခုကြွင်းမူ ၁-၄-၀-၃-၆-၂-၅။ နှစ်ခုကြွင်းမူ ၂-၅-၁-၄-၀-၃-၆။ ၇-နံ အထိ ၎င်းနည်းမှတ်လေ၊ သညိုးလျှင် စနေနံယူပါ။

"ပုတိ-ဘင်္ဂ-မရဏ" ဟူသော အောက်တန်းသုံးလုံးကျမူ ပယ်ရမည်၊ "အထွန်း-သိုက်-ရာဇဒေ့တန်ခွန်-အဓိပတိ" ဟူသော အထက်တန်းလေးလုံး၌ကျမူ ယူရမည်၊ မွေးနံမှာ ကျရာတွင် ယူလေ။

ထို့ကြောင့် ကသစ်အိမ်၌လည်း အထက်တန်းကျရမည်၊ မဟာဘုတ်အိမ်၌လည်း အထက်တန်းကျရမည်၊ထိုနှစ်အိမ် အထက်တန်းချင်းကိုက်ညီအောင် နေ့နံ ရွေးချယ်၍ နံမည်မှည့်ရမည်၊မှည့်ကြလေ။

| အိမ်အမည် | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ၁့ တန်ခွန် |
| မရဏ | ဘင်္ဂ | ပုတိ |

| ၁·ကြွင်းချနည်း | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

| ၂·ကြွင်းချနည်း | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

ထို့ကြောင့်"မဟာဘုတ်အိမ် ကသစ်အိမ်နှစ်အိမ်အထက်က" "အထက်သူဌေး အောက်ကိုဘေး မည်ပေးပညတ်ကြ"ဟူ၍ ရှေးဆရာတို့ မိန့်မှာတော်မူခဲ့ကြလေသည်။

နံမည်မှည့်ပုံ အပြစ်မလွတ်က အသက်တိုခြင်း ဆင်းရဲခြင်း ဘုန်းကံနည်းပါးခြင်း ရောဂါအန္တရာယ်များခြင်း အစရှိသော ဘေးဘမျိုးမျိုးတို့နှင့် ကြုံတွေ့ရတတ်သည်၊ ဆရာတို့ သတိထား၍ ဆောင်ရွက်ကြလေ။

## အမည်စသည်တို့၌ ဆန်းစစ်နည်းကို ပြပေအံ့

"ဆန်း" ဆိုသည်မှာ ဆန္ဒဟူသော ပါဠိဘာသာမှ လာသဖြင့် ဂါထာဖွဲ့နည်း ကဗျာလင်္ကာရေးနည်း စသည်တို့ကိုပြသော ကျမ်းဖြစ်သည်၊ ထိုဆန်းနည်း၌ ရှေးဦးစွာ အက္ခရာဝဏ္ဏဗျည်းသရတို့ကို ကျနစွာခွဲ မှတ်သားရမည်၊ ကခဂဃင-စသော အက္ခရာ ၃၃-လုံးတို့ကို ဝဏ္ဏဟူ၍၎င်း၊ ဗျည်းဟူ၍၎င်း အသီးသီးခေါ်ဝေါ်ကြကုန်၏၊ ထိုအက္ခရာ ၃၃-လုံးတို့သည် သရကို မှီရမှသာ အသံဖြစ်နိုင်ကြကုန်၏။

"အ- အာ- ဣ- ဤ- ဥ-ဦ-ဧ-အဲ-ဩ-ဪ-အံ-အား-အို-အို့"ဟူသော (၁၄)လုံးတို့သည် "သရ"ဖြစ်ကြကုန်၏။

ထိုသရ ၁၄ သုံးတို့တွင်"အ-ဣ-ဥ"သုံးလုံးတို့သည် အသံတိုသောကြောင့် "ရဿ"မည်ကုန်၏။

"အာ-ဤ-ဦ-ဧ-အဲ-ဩ-ဪ-အံ-အား-အို-အို့" ၁၁ လုံးတို့သည် အသံရှည်သောကြောင့် "ဒီဃ" မည်ကုန်၏။

"ဂိုဏ်း"ဆိုသည်မှာ အက္ခရာ ၂-လုံး ၃-လုံး ၄-လုံး ၅-လုံး စသည်တို့၏ အစုအဝေး အရေအတွက်ကို ဆိုလိုသဖြင့် ကဗျာလင်္ကာ စပ်ဆိုရာ၌၎င်း၊ အမည်ပေးရာ၌၎င်း အက္ခရာ ၃-လုံးကို ကဂိုဏ်းဟု မှတ်ရမည်၊ အက္ခရာ ၄-လုံးရှိလျှင် အဆုံးတလုံးကို ပယ်ရမည်၊ ၅-လုံးရှိလျှင် အစတလုံး အဆုံးတလုံးကို ပယ်ရမည်၊ ၆-လုံးရှိသောအခါ နှစ်ဂိုဏ်းဖွဲ့ရမည်၊ အက္ခရာ ၇-လုံး ၈-လုံး စသည်တို့ကိုလည်း ဤနည်းအတိုင်း မှတ်လေ။

"ဂရု"ဆိုသည်မှာ ဒီဃသရတို့ဖြင့် အသံရှည်စွာ ရွတ်ဖတ်ရသော အက္ခရာတို့ကို ဆိုလိုသည်။

"လဟု"ဆိုသည်မှာ ရဿသရတို့ဖြင့် အသံတိုတိုနှင့် ရွတ်ဖတ်ရသော အက္ခရာတို့ကို ဆိုလိုသည်။

၎င်း"ဂရု လဟု"တို့၏ အမှတ်အသား သင်္ကေတမှာ ဒီဃဟူသော ဂရုကို ၂-ဂဏန်း၊ ရဿဟူသော လဟုကို ၁-ဂဏန်းဟူ၍ တထစ်ချ အမှတ်ထားရမည်။

၎င်းပြင် ဂိုဏ်းဖွဲ့ရာတို့၌လည်း (မ) ဂိုဏ်း (န) ဂိုဏ်း (ဘ) ဂိုဏ်း (ယ) ဂိုဏ်း (ဇ) ဂိုဏ်၊ (သ) ဂိုဏ်း (ရ) ဂိုဏ်း (တ) ဂိုဏ်းဟူ၍ ဂိုဏ်းရှစ်မျိုးရှိလေသည်။

၎င်းပြင့်"နက္ခတ်"မှာလည်း ၁- ဇေဋ္ဌနက္ခတ် ၂- ဘရဏီနက္ခတ် ၃-မိဂသီနက္ခတ် ၄-သတ္တဘိသျှနက္ခတ် ၅-ပုဏ္ဏဖုသျှနက္ခတ် ၆-သွာတိနက္ခတ် ၇-ကြတ္တိကာနက္ခတ် ၈-သရဝဏ်နက္ခတ် ဟူ၍ နက္ခတ်ရှစ်မျိုး ပါဝင်လေသည်။

"ဣဋ္ဌဂိုဏ်း"ဆိုသည်မှာ-ကောင်းကျိုးချမ်းသာ မင်္ဂလာရှိသည်ဖြစ်၍ နှစ်သက်အပ်သော အလိုရှိအပ်သော ဂိုဏ်းဖြစ်သည

"မ-န-ဘ-ယ" ဟူသော ဂိုဏ်းလေးမျိုးနှင့် "ဇေဋ္ဌ-ဘရဏီ-မိဂသီ ဒ္ဓာတ္တဘိသျှ" ဟူသော နက္ခတ်လေးလုံးတို့သည် ဣဋ္ဌဂိုဏ်းဖြစ်ကြ ကုန်၏။

"အနိဋ္ဌဂိုဏ်း" ဆိုသည်မှာ မကောင်းကျိုးနှင့် ယှဉ်သည် ဖြစ်၍ မနှစ်သက်အပ် အလိုမရှိအပ်သော ဂိုဏ်းဖြစ်သည်၊ "ဇ-သ-ရ-တ" ဟူသောဂိုဏ်းလေးမျိုးနှင့် "ပုဗ္ဗဖုသျှ-သွာတိ-ကြတ္တိကာ-သရဝဏ်" ဟူသော နက္ခတ်လေးမျိုးတို့သည် အနိဋ္ဌဂိုဏ်းဖြစ်ကြ ကုန်၏။

## ဂိုဏ်းစောင့်နတ်နှင့် နတ်သမီးအကြောင်း

၁။ (မ) ဂိုဏ်း၌ ဘုမ္မစိုးနတ်နှင့် သူရဿတီနတ်သမီးစောင့် ၏၊ကဗျာလင်္ကာဖွဲ့ဆိုရာ၌၎င်း၊ အမည်နာမပေးရာ၌၎င်း "မ" ဂိုဏ်း နေလျှင် လယ်မြေယာမြေတို့ကို ရတတ်၏၊ နူတ်၏ သြဘာမင်္ဂလာ ကို ဖြစ်စေတတ်၏။

၂။ (န) ဂိုဏ်း၌ သိကြားနှင့် သုန္ဒရီနတ်သမီးစောင့်၏၊ ကဗျာ ဖွဲ့ဆိုရာ အမည်ပေးရာတို့၌ (န) ဂိုဏ်းနေလျှင် အသက်ရှည်တတ် ၏၊ ကောင်းမှုအရာ မင်္ဂလာ ဖြစ်စေတတ်၏။

၃။ (ဘ) ဂိုဏ်း၌ လနတ်သားနှင့် မဏိမေခလာ နတ်သမီး စောင့်၏၊ ကဗျာဖွဲ့ဆိုရာ အမည်ပေးရာတို့၌ 'ဘ' ဂိုဏ်းနေလျှင် သမာဓိဂုဏ်နှင့် ပြည့်စုံတတ်သည်၊ မြတ်သော အခြေအရံကို ပေးတတ်သည်။

၄။ (ယ) ဂိုဏ်း၌ တိမ်နတ်သားနှင့် သိရီနတ်သမီးစောင့်၏၊ ကဗျာဖွဲ့ဆိုရာ၌ အမည်ပေးရာတို့၌ (ယ)ဂိုဏ်းနေလျှင် အခြေအရံ များတတ်သည်၊ ကြက်သရေ ဘုန်းတန်ခိုး တိုးတက်စေတတ်သည်။

၅။ (ဇ) ဂိုဏ်း၌ ဇွနနတ်သားနှင့် ကာလကဏ္ဏိ နတ်သိမ်း စောင့်၏၊ ကဗျာဖွဲ့ဆိုရာ အမည်ပေးရာတို့၌ (ဇ) ဂိုဏ်းနေလျှင် ဆင်းရဲပင်ပမ်းတတ်သည်၊ ကြက်သရေမင်္ဂလာမရှိ၊ အကျိုးယုတ် တတ်သည်။

၆။ (သ) ဂိုဏ်း၌ လေနတ်သားနှင့် ကာလကဏ္ဏိ နတ်သိမ်း စောင့်၏၊ ကဗျာဖွဲ့ဆိုရာ အမည်ပေးရာတို့၌ 'သ' ဂိုဏ်းနေလျှင် အရပ်တပါး ပြောင်းသွားရတတ်သည်၊ အကျိုးမဲ့ ဖြစ်တတ်သည်။

၇။ (ရ) ဂိုဏ်း၌ မီးနတ်သားနှင့် ကာလကဏ္ဏိ နတ်သိမ်း စောင့်၏၊ ကဗျာဖွဲ့ဆိုရာ အမည်ပေးရာတို့၌ 'ရ' ဂိုဏ်းနေလျှင် မီးဘေးသင့်တတ်သည်၊ အကျိုးမဲ့ ဖြစ်တတ်သည်။

၈။ (တ) ဂိုဏ်း၌ အာကာသစိုးနတ်နှင့် ကာလကဏ္ဏိ နတ်သိမ်း စောင့်၏၊ ကဗျာဖွဲ့ဆိုရာ အမည်ပေးရာတို့၌ 'တ' ဂိုဏ်းနေလျှင် ကြက်သရေမင်္ဂလာမရှိ၊ အကျိုးမဲ့ ဖြစ်တတ်၏။

ထို့ကြောင့် ကဗျာသင်္ကာဖွဲ့ဆိုရာ၌၎င်း၊ မြို့မည် ရွာမည် လူမည် စသည်တို့မှည့်ရာ၌၎င်း၊ သူခပ်သိမ်းတို့သည် "ဂဏ္ဍဂိုဏ်း" လေးပါးတို့နှင့်သာ စီရင်ဆောင်ရွက်ရာ၏၊ 'ဒုဂ္ဂဂိုဏ်း' လေးပါး တို့ကိုကား ဝေးစွာ ရှောင်ကြဉ်အပ်၏။

# ဂိုဏ်း နက္ခတ် ရွေးနည်း ဇယား

| ဂိုဏ်းလက်ခံ | လဟု [illegible] | နတ်သား | နတ်သို့ | နက္ခတ် | လုံ ရေ အကျိုးပေး | ဂိုဏ်း အမည် |
| --- | --- | --- | --- | --- | --- | --- |
| ၁ မတ်ဘုံဇော | ၂၂၂ | မ ဘုမ္မဖိုး | ဘူရဿကြီ | ငငှ | ၁၀ မြေရခြင်း | [illegible] |
| ၂ နုသိဘ | ၁၁၁ | နု သိကြား | ဘုဒ္ဓမို | ဘရဏီ | ၂ အသက်ရှည်ခြင်း | |
| ၃ ဘူလမ် | ၂၁၁ | ဘ လနတ်သား | ဓေါ်မေလော | မိဂ္ဂသိ | ၅ တည်ကြည်ခြင်း | |
| ၄ ယတိသတ် | ၁၂၂ | ယ တိ နတ်သား | သိဒ္ဓိ | သဘူတိသျှ | ၂၄ အခြံအရံများခြင်း | |
| ၅ ဇနေပု | ၁၂၁ | ဇ နေနတ်သား | ကာလကတ္တို | ပုဏ္ဏဖုဘျ | ၇ စည်းစိမ်ရခြင်း | [illegible] |
| ၆ သုလိသွာ | ၁၁၂ | သ လေနတ်သား | ရှင်း | သူ့ာတိ | ၁၅ ပြောင်းရခြင်း | |
| ၀ ရာမိကြိတ် | ၂၁၂ | ရ မိးနတ်သား | ရှင်း | ကြဗ္ဗိုကာ | ၃ မိးဘေးသင့်ခြင်း | |
| ၀ တတ်အာလ | ၂၂၁ | တ အဘောသစိုး | ရှင်း | သရဝဏ် | ၂၂ အဝါးမခြင်း | |

အထက်ဖေါ်ပြပါ ဂိုဏ်းနက္ခတ်တို့ကို ရွေးချယ်ပြီးနောက် မင်္ဂလာခံ ကာယကံရှင်တို့၌ အကျိုးပေး မပေး အဟောတို့ကို တွက်ချက်ရာ၏၊ အမတ်ကြီး ဘိုးရာဇာ၏ လျှောက်ထုံးတွင် "အောင်ပန်းညွန့်ရှည်" ဂိုဏ်းလက်ာ၌ "တဖန်မှတ်ရာ ကျိုးပြစ်မှာကား ဘုမ္မာမြေရ ဣန္ဒသက်ရှည် လတည်ကြည်နှင့် တိ·သည် ခြေရံ နေမျှုံဒုက္ခ လေဌာနပစ် မီးဘေးဖြစ်လို့ ဘုံရစ်ကယ်အာကာ ကျိုးမဲ့သာရှာကြ သာခ္ဓါမြ အာဝါတဇင်ကို လိုရာတွင် ရက်လိုက် နော၍ စားလောသတ္တ အဂ္ဂေါစ အကျန် ဥမိတ်ကာဏယုတ် ကျိုးရှုပ်တဲ့ကံ ဝိပေသတံ ကြံပါ့လသည် တိုင်းမြိတ်လာသိဒ် ကယ်နှင့် ဝရိက်လက်ာပြ ထူးနိုင်မျှဂိုဏ်း" ဟူ၍ စပ်ဆိုလေသည်။

အဓိပ္ပါယ်မှာ- မင်္ဂလာခံ- ကာယကံရှင်တို့ ရသောဂိုဏ်းတွင် ဂိုဏ်းယှဉ်နက္ခတ် လုံးရေကိုကြည့်၍ (၂၀) အတွင်းကျမူ "သာ ခ္ဓါ မြ အာ ဝါ တ ဇင်" စသော ဂဏန်းတို့ကို နေ့စဉ်အတိုင်း ရေရမည်၊ ၂၀-က ကျော်လျှင်"နော် ဆို သူ ကား မြ အ လား" ဂဏန်းတို့ကို နက္ခတ်လုံးရေတွင် နေ့စဉ်တိုင်းရော၍ ၇ ခုစား ၁ ၂ ၃ ကြွင်းမူ ဥပဒ် မိတ္တု ကာဏသင့်၏၊ မကောင်း။၄ ၅ ၆ ၀ ကြွင်းမူ အမြိတ္တစုက်၊ လာဘစုက် သိဒ္ဓိစုက် ဝရစုက်ကြိုက်၏၊ အကောင်းဟောလေ။

ဣဋ္ဌဂိုဏ်းလည်း ဖြစ်ရမည်၊ ဝိမေ၁သတံနှင့်လည်း ကိုက်ရမည်၊ ထိုနှစ်ချက်ကို ကိုက်ညီအောင် မှည့်နိုင်လျှင် အသက်ရှည်ခြင်း ဘုန်းကြီးခြင်း အန္တရာယ်ကင်းခြင်း ဥစ္စာစီးပွား များပြတ်ပြည့်စုံခြင်း တည်းဟူသော အကျိုးထူးတရား လေးပါးနှင့် မုချပြည့်စုံရသည်ဟု အဟောရှိသည်။

ကျိန်းသေတွက်ပြီး ဇယားကိုပြပေအံ့

(၇-ခုစား အကြွင်းဂဏန်းများဖြစ်သည်)

| | ပွဲစဉ် | ဒီယရုံသ ဂရုလက္ခ | နက္ခတ် | ဖြေပြီး | ၇-နေ့နံစဉ် ၁-နွေ | ၂-လာ | ၃-ဂါ | ၄-ဟူး | ၅-တေး | ၆-ကြာ | ၇-နေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ယှဉ်ပွဲပထမ | မ | ၂၂၂ | ဇေဋ္ဌ | ၁၀ | ၃ | ၆ | ၂ | ၅ | ၁ | ၄ | ၀ |
| | န | ၁၁၁ | ဘရဏီ | ၂ | ၁ | ၄ | ၀ | ၃ | ၆ | ၂ | ၅ |
| | ဘ | ၂၁၁ | မိဂသီ | ၅ | ၄ | ၀ | ၃ | ၆ | ၂ | ၅ | ၁ |
| | ယ | ၁၂၂ | သတ္တဘိသျှ | ၂၄ | ၃ | ၆ | ၂ | ၅ | ၁ | ၄ | ၀ |
| ယှဉ်ပွဲဒုတိယ | ဇ | ၁၂၁ | ပုဗ္ဗဖုသျှ | ၇ | ၆ | ၂ | ၅ | ၁ | ၄ | ၀ | ၃ |
| | သ | ၁၁၂ | သွာတိ | ၁၅ | ၀ | ၃ | ၆ | ၂ | ၅ | ၁ | ၄ |
| | ရ | ၂၁၂ | ကြတ္တိကာ | ၃ | ၂ | ၅ | ၁ | ၄ | ၀ | ၃ | ၆ |
| | တ | ၂၂၁ | သရဝဏ် | ၂၂ | ၁ | ၄ | ၀ | ၃ | ၆ | ၂ | ၅ |

## ဇယားကွက်ကြည့်နည်း

ဥပမာ- တနင်္ဂနွေသား မင်္ဂလာကျဏ်းမှည့်မူ တနင်္ဂနွေကွက်အောက်ကိုကြည့်၊ ၃- ဂဏန်းကိုတွေ့ရမည်၊ ဝိဂ္ဂေါစဖြစ်၍ မကောင်း၊ တနင်္လာသား မင်္ဂလာကျဏ်းမှည့်မူ တနင်္လာအကွက်အောက်ကိုကြည့်၊ ၆-ဂဏန်းကိုတွေ့ရမည်၊ ပိဒမာသတ်ဖြစ်၍ ကောင်းသည်၊ စနေအထိ ယင်းနည်းအတိုင်းသိလေ။ မည်သည့်နေ့သားမဆို ဥပမာ- ယ,ဂိုဏ်း မကောင်းလျှင် န,ဂိုဏ်း ရွေ့မှည့်၊ န,ဂိုဏ်း မကောင်းလျှင် ဘ,ဂိုဏ်း ရွှေ့မှည့်၊ ဘ,ဂိုဏ်း မကောင်းလျှင် ယ,ဂိုဏ်း ရွှေ့မှည့်လေ။

ဤကား ကဗျာလင်္ကာ ဖွဲ့ဆိုရာ မြို့မည် ရွာမည် လူမည် ပေးရာတို့၌ ဂိုဏ်းရွေးနည်း ဆန်းစစ်နည်းတို့ကို အကြမ်းမျှ ပြခြင်းတည်း။

ဆိုခဲ့ပြီးသော ကသစ်အိမ်၌ အကျိုးအပြစ်၊ မဟာဘုတ်အိမ်၌ အကျိုးအပြစ်၊ ဂိုဏ်းနက္ခတ်တို့၌ အကျိုးအပြစ်တို့ကို အကြိမ်ကြိမ် အဖန်ဖန် အပြန်ပြန် အလှန်လှန် စစ်ဆေး၍ အပြစ်ဒဏ် အမျိုးမျိုးတို့မှ ကင်းဝေးအောင် အမည်ပေးကြရမည်၊ ထိုသို့အမည်နာမကို အတည်တကျ ပေးပြီးမှ ကင်ပွန်းတပ်မင်္ဂလာ ရှိပါးတွင် "နာမကရဏ" မင်္ဂလာကိုပြုလေ၊

## ချေင်းချေးနည်း သင်ခဏ်းစာ

ဤကျမ်းသည် သားငယ် သမီးငယ် လူမမယ် နို့စို့အရွယ် ပုခက်နှင့်သိပ်ရသော ကလေးငယ်များကို အရွယ်နှင့်လျော်စွာ ပြုလုပ်အပ်သော "ကင်ပွန်းတပ် မင်္ဂလာကို" အဓိကထား၍

ရေးသားသော ကျမ်းဖြစ်ရကား သားရှင်ပြု သမီးနားထွင်းမင်္ဂလာ ထိမ်းမြားမင်္ဂလာတို့ကဲ့သို့ ဩဘာစာ ကေပိုဒ်ရတုတို့နှင့် မသက်ဆိုင်ချေ၊ ကင်ပွန်းတပ် မင်္ဂလာ ရှစ်ပါးတွင် ပုခက်တင် မင်္ဂလာ ပါဝင်သည်ဖြစ်ရာ "ကျူးချင်း လွဲချင်း ယောဉ်တော်ချင်း" စသော 'မင်္ဂလာချောင်း' တို့နှင့်သာ သက်ဆိုင်သည် ဖြစ်ခြင်းကြောင့် ဆရာပြုလုပ်လိုသူတို့ နည်းရစေရန် ဤအခါတွင် ရှေးပညာရှိတို့ ရေးသားဆက်သွင်းကြသော ချောင်းအမျိုးမျိုးတို့ကို ရေးနည်းနှင့်တကွ ပြပေအံ့။

ချောင်းဟူသည်မှာ မင်းမိဖုရားတို့၏ သားတော် သမီးတော်တို့ကို ဖွားမြင်တော်မူသောအခါ သေးလောင်းတော် ဘိုးလောင်းတော် ခမည်းတော်တို့သည် ဘုန်းသမ္ဘာ ကြီးရင့်တော်မူသည်နှင့် ထပ်တူဆပ်မျှ အရှင်သည်လည်း ဘုန်းတော် သမ္ဘာတော် မင်္ဂလာ ရှိခတော်မူလိမ့်မည့်အကြောင်း နောက်နောင်းအစုအစဉ် ရာဇဝင်အကြောင်းချင်းဘ သနစ်သနာကို သယာချေ၍စွာ "ဂေါရန္တ" ဖြင့် အဆုံးချလျက် စာဆိုပညာရှိတို့ ဖွဲ့နွဲ့စီကုံး၍ ကျူးရင့်သီဆိုသော ကဗျာအစပ်မျိုး ဖြစ်လေသည်။

လိုရင်းအဓိပ္ပါယ်မှာ ဂေါရန္တဖြင့် အဆုံးသတ်သော ရာဇဝင်သီချင်းကိုပင် ဆိုလိုသည်၊ မင်းသား မင်းသမီးတို့ အရွယ်ရောက်မှ ရေးသားဆက်သွင်းသော ချောင်းတို့ကိုကား 'နားတော်သွင်း'ဟူ၍ ခေါ်စမှတ် ပြုကြလေသည်။

ကျိုချောင်း ဟူသော ဝေါဟာရဖြစ်ပုံကို မုံရွေးရှာဇာတိ ငယ်မည် ဦးချိန် လှေသင်း အတွင်းဝန် မင်းကြီး "မဟာဇေယျ သင်္ခယာ"ကား၊ ဝေါဟာရလီနတ္ထ ဒီပနီ၌ "အတ္ထုပ္ပတ္တိ ဇ္ဈာယတိ

ဇာခနတိတိဧချင်း" အတ္တုပ္ပတ္တိ-အတ္တုပ္ပတ်ကို၊ ဣယေတိဇာခနတိ- သိစေဘတ်၏၊ ဣတိတသ္မာ-ထိုသို့အတ္တုပ္ပတ်ကို သိစေတတ်သော သတ္တိကြောင့်၊ ဧချင်း-ဧချင်းမည်၏ ဟု သဒ္ဒနယနှင့် ကြံစည်၍ ပြသေသည်၊ ဤသို့ ကြံစည်၍ပြခြင်းသည် လောကီသဒ္ဒါရေး အရာ ပညာတိုးပွား စကားရရှိသာဖြစ်၍ နက်နက်နဲနဲ စွဲမြဲ လေးမြတ် မှတ်လောက်သော အချက်ကြီးတရပ် မဟုတ်ဟု ကျွန်ုပ်တို့ဆရာ သခင်ကိုယ်တော်မှိုင်းကြီး အယူရှိလေသည်။

၎င်း ဧချင်း ရေးသားရာ၌ လိုက်နာရမည် ဖြစ်သော စည်းကမ်း ဥပဒေသများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) မင်းစဉ်မင်းဆက် ရာဇဝင် ဖြစ်စေရမည်။

(ခ) ငါးလုံးစပ် ကဗျာသွားအတိုင်းစပ်ဆို၍ အဆုံး၌ "ခိုင်ညွန့်ခက်ဖြာ" ခေါ် ၇-လုံးချတပိုဒ်တည်း ဖြင့်ဖြစ်စေ၊ သို့မဟုတ် "အာသာဝတီဝတ်ဆံ" ခေါ် ၁၁-လုံးတပိုဒ်၊ "မဏိဦးပည်း"ခေါ် ၁၅-လုံးတပိုဒ် ပေါင်း နှစ်ပိုဒ်ဖြစ်စေ ချရမည်။

(ဂ) ၎င်းအဆုံးချရာ၌ "ကောရန္တ" သာလျှင် ဖြစ်စေ ရမည်။

ဆရာတို့ "ပုခက်တင်မင်္ဂလာချင်း" ရေးသားရာတွင် သတိပြုရမည့်အချက်မှာ ထိုချင်းသည် အသက်ဦးဆံပိုင် ဘုရင် များလက်ထက်၌ သားတော်သမီးတော်ကလေးများကို ပုခက်တင် မင်္ဂလာပြုလုပ်သော အခမ်းအနားများတွင် မင်းတို့အသ**ံ** အတန်း ဂုဏ်ဒြပ်နှင့် ထိုက်တန်လျော်ညီစွာ အကြောင်းချင်းတ သနစ်

သနာမျှားကို ဖွဲ့ဆိုသီကုံး၍ ရေးသားဆက်သွင်းကြရသည်ဖြစ်ရာ မင်းစဉ်မင်းဆက် ရာဇဝင်ချင်းများ ဖြစ်ကြလေသည်။

ယခုလူတို့ ပြုလုပ်ကြသော "ပုခက်တင်မင်္ဂလာ"မှာ မင်း, ပုဏ္ဏား, ကုန်သည်, ဆင်းရဲသားဟု ဆိုအပ်သော အမျိုးလေးပါး တို့ ရှိရာတွင် မင်းမျိုးများ မဟုတ်ကြရကား မင်း, ပုဏ္ဏားတို့၏ ဂိုဏ်းကို ချန်လှပ်၍ ကုန်သည် ဆင်းရဲသားတို့၏ ဂုဏ်အဆင့် အတန်းအလျောက် ဘုန်းကြီးခြင်း, အသက်ရှည်ခြင်း, ချမ်းသာ ကြီးခြင်း, ရောဂါအန္တရာယ် ကင်းခြင်းစသော အကြောင်း အထွေပွတ္တိတို့နှင့် စပ်လျဉ်း၍ "ချင်းရေးနည်း ဥပဒေသ" အတိုင်း "မင်္ဂလာဩဘာစာ ချင်း"ကို ရေးသားဖတ်ကြားကြရမည်။

ရှေးပညာရှိကြီးများ ရေးသားခဲ့သော ချင်းမှုကို နည်း မှီးစေရန်အလို့ငှါ စိန္တကျော်သူဘွဲ့ခံ- ဦးဩ ရေးသားဆက်သွင်း သော "ပင်းတလဲ" သခင်ချင်းမှ ပိုဒ်ရေ ၁၀-ပုဒ်ကို ကောက်နုတ် ၍ ဖော်ပြပေအံ့။

## ပင်းတလဲ သခင် ချင်း

ရေးသူ စိန္တကျော်သူဘွဲ့ခံ ဦးဩ

ပုဒ်ရေ (၁၀)

၁။ မင်္ဂလာဖူးခိုင် ကပ်ဦးကိုင်ထက် မဏ္ဍိုင်အောင်မျို့ လေး ရောင်ပြို့သည် မြင်းမိုရ်တောင်ညာ ရေနှစ်ဖြာနှင့် ယူဇနာမှန် ထောင်ဆယ်ပြန်တည့် ဝန်မဏ္ဍာလိပ် ဇမ္ဗူဒိပ်၌ ခေါင်ထိပ်ဥ သျှောင် ရိန်မျိုးအောင်သည် ကုန်းဘောင်သိုက်ဝင် ပြည်ကြီးရှင် နှင့် ဥကင်သနန်း အခမ်းခမ်းဝယ် တသန်းကြယ်ရံ လနှယ်ခံသား

ထွန်းပျံကြက်သရေ နန်းမင်းနှ၏ ရင်ရွှေတော်သွေး နန်းထက်မွေးသည် ကျွန်းလေးရပ်ရံ အောင်မည့်ကြန်နှင့် သဏ္ဌာန်ပြေပြစ် ပေါ်စမျှစ်သို့ ကျစ်လစ်ချောသပ် ပျိုဖပ်ရည်မှုင် ဘိုးတော်ရှင်ကို ယောဉ်သံတိုင် စက်ကြိုးကိုင်၍ မြိုင်မြိုင်မိုမောက် ကျွန်တော်လျှောက်အံ့ ပွင့်ညှောက်ရွှေနန်း ဘုန်းလူလန်းသည်-ထိပ်ပန်းဘည့် မင်းယဉ်ကျေး စက်ပါလေး- စက်ပါစေချင် ကြိုးစက်ငင်သည် ယောဉ်သံလေး သံရှည်ဒေ-

၂။ မင်္ဂလာလဝန်း ဝိဒေကျွန်းက ရွှန်းရွှန်းစက်စက် ပေါ်ထွန်းတက်သို့ ဘုန်းလက္ခဏာ ပညာသီလ အာစာရကြောင့် နန်းမဖုရား နန်းထက်ဖွားသည် ထိပ်ထားဘိုးပျှင် ရွှေနားတင်လော့-ကြာသက်နန်းရံ ရှစ်လေးစုံနှင့် လေ့ငုံညွန့်ညှောက် ပွင့်သည့်နောက်မှာယ် ထွန်းတောက်တည့်ရာ သာသနာကို မိန့်ဗျာဒိတ်လိုက်နိုပ်တံဆိပ်နှင့် ဟိုက်ရိုက်ဝန့်ချိ ညီစေညီသို့ သိရိခေတ္တာ မြောက်မှ ပုဂံ ရွှေယံဝပ်ခိုင်း မြင်စိုင်းပန်းရ စင်ကိုင်းစသား အင်းမနန်းတည် အပြည်ပြည်တို့ မရှည်ကာလ သဉ်းခဲ့မှလျှင် သိဿရတနာ ပြည့်တော်သာကို စကြာတင့်ရွှန်း နှစ်ပွင့်ထွန်းသည်-ရွှေခွန်းတည့် မိန့်တော်ပေး မန္တလေး-သံချိုရည်တူး ချောင်းကျူးသည် နန်းဖူးစက်တော် ပေါ်ဘိသေး-ယောဉ်သံလေး သံချိုဒေ-

၃။ မင်္ဂလာဘိသိက် အောင်မည့်ပိတ်ကို ဗျာဒိတ်ခတ်ကန်ထားခဲ့ဟန်ကား ဆယ်တန်မြောက်ဝါ ဆိုမည့်ခါ၌ နီလာရောင်ရှိန် ကျိုးအာဟိန်အား အချိန်မျှော်ထောက် ငါလွန်မြောက်တွင် ထက်အောက်ဝန့်ဝါ ငါ့ရိုက်ရာသည် သုံးခါအောင်စည် တီးလာမည်ဟု သုံးမည်လူ့ဖျား ဗျာဒိတ်ထား၏ သုံးပါးဘုရင် စကြာ

ချင်မူ ညာခွင်မြောက်စောင်း မြို့တော်ကောင်းကို နန်းကြောင်း စိုက်ထူ ဖြန့်ထီးဖြူ၏ ဇမ္ဗူဒီပ မင်းဓဇဟု ရှင့်ဘဘုရား လူ့ထွဋ်ဒွ ထားလျှင် တိုင်းကားမြန်းယူ စံတော်မူပြီး ခြိမ့်ဆူပဲ့တင် သည့် နောက်လျှင်သည်း ကုန်စင်ရန်ကျန်း ပုဂံနန်းဝယ် ဘုန်းပန်းပွင့်ကြူ လောင်းစည်သူဟု ဇမ္ဗူပင်ရင်း ဘိသိက်ခင်းသည်-နတ်မင်းတည့် ရှိညွတ်ကွေး ဘွဲ့မည်ပေး-ရှင့်ဘစည်သူ ဘွဲ့မည်ဟူသည် ဇမ္ဗူပင် နန်း မှာတည့်လေး-ဒယောဉ်သံလေး ၅ံ့သာဗ-

၄။ ဘွဲ့ရင်းမပြောင်း သိကြားဆောင်းသား အဓလောင်း စည်သူ ထွဋ်ဒွဘုန်းလူလျှင် ဇမ္ဗူလှည့်လည် အပြည်ပြည်၌ ထားတည် ခဲ့ပေ ဆူဆူဓမ္မဘွင် မင်းနေခနေ့က်ကျန် ဖြစ်သည်ဟန်ကို ခန့်ရန် သေချာ ရွှေတန်းဆာဟု ရတနာခဋ္ဌထု ဓါတ်ပေါင်းစု၍ သာဓု မြှောက်စည် တီးခဲ့သည်နှင့် ထက်ပြည်ညာဆန် ဝေယန်သိမ်းပိုက် မြန်မာတိုက်ဝယ် မျှေးပိုက်မိစ္ဆာ သာသနာရောရှ လျော့မည်ပြု သော် မျှော်ရှုကြည့်ကာ မနေသာ၍ မိန့်ဗျာဒိတ်တိုင်း မဆုတ် ဆိုင်းတည့် ထုံးပိုင်းမချန် လူရပ်ပြန်က ယုဂန်မြင်းမိုရ် ယိမ်းပင် ပြိုက ယွက်ယိုမြေမိုး လျှောင်ကြိုး၍ တန်ခိုးထွန်းတောက် ပေါ် ချိန်ရောက်လည်း ပွင့်ညွှောက်ညွန့်ရှင် မျက်နှာမြင်သော် မောတင် ဘုရား နိဗ္ဗာန်လားသို့ တိုင်းကားဆူမှုန် သူပုန်နှောက်ယှက် ပိုက် လွှင့်ဖျက်၍ ဒေသင်ချက်အင်းမ ပျက်ပြုန်းရသည်- ရှင့်ဘတည့် ဘုန်းပုံ့မွေး ပွင့်မည့်ရေ့ ဘုရားဘုန်းဟေ့ ပွင့်မည့်နေ့ဝယ် ရသေ့တို့စျာန် ရွှေ့လျောဟန်နှင့် သဏ္ဌာန်နွှန်းရေး ပုံမဝေး- စက်ကြိုးငွေ ငင်နွေးနွေး-

၅။ သက္ကရာဇ်ဖြောင့် ဂဏန်းစောင့်မူ ထောင့်တရာ့သုံး မည်မဆုံးတွင် တိုင်းလုံးမှောက်ခုန် နောက်ဆူမှုန်မျှ သူပုန်ရုန့်ရိုင်း

ဥဿာတိုင်းကြောင့် စစ်ကိုင်းအင်းမ ပြည်ကြီးမှလျက် ငှာနံယှက် ယို တိမ်းပျက်ပြိုဟု ရွှေဘိုအောင်မျို့ ရှင့်ဘမြို့ကို ပိတ်ဆို့ဆင် မြင်း စစ်အင်ကျင်း၍ ဗိုလ်မင်းတိုက်မှူး နဝါဘီလူးသို့ ရာကြူး လူမျိုး စစ်ထိုးကျင်လည် ရဲလှသည်လည်း ခြောက်ပြည်ဘုံလုံး လက်နက်ကြုံးသည် ဗာဟုံးသဟာယ် မိုးမာရ်နတ်ကို သိဒ္ဓတ်ဘုန်း ခေါင် ကိုယ်ထီးအောင်၍ ရွှေညောင်ပင်နန်း ဘိသိက်မြန်းသို့ သိန်းသန်းသချေ တွက်ရေမဆုံး ဗိုလ်အလုံးကို လက်ရုံးတော်ဖြင့် ဖျောက်လိုက်လှင့်သည်- ယခင့်တည့် ဆက်ရှည်ရှေး ကြားဘူး သေး-မင်္ဂလာဘုန်း တရာနွန်းသည့် ရန်ပြုန်း စက်တော် ခေါ် မွေးမွေး-ယောဉ်သံလေး သံရှင်ဧ။

၆။ သည့်ပြင်တထည် ပွဲတော်သည့်ကား ပက်လည် မြန်မာ အရှာရှာနှင့် တပ်တာပိတ်ဆို့ အမြို့မြို့ကို ဘတို့အပ်ငင်း လက်နက် သွင်းလည်း မငြင်းဝံ့ပြီ ကိုယ်တော်ချီက ထိပ်ဆီဦးတင် ကျွန်ခံ ဝင်၏၊ ကိုးခွင်စော်ဘွား ရှမ်းပြည်စားနှင့် ကုလာကသည်း ကျည်း ဘယင်ဂျီ ပွန္တလိက 'ကတိနှင့်ရှက် သက်ချက် ဖါးဖန် ဖက်လန်ဂျိတ္တူ လူရာမက ကျေ့လဝတို့ နှိမ့်ချကျိုးနွံ ကျွန်မခံသော် တောင်သံကြွားကြွား ဂဠုန်လွှားက နဂါးကြောက်မှိုင် မလှဲ့ ပိုင်သို့ ရွှေစိုင်ငွေလျှောက် လက်နက်မပေါ် ကညာသမီး ဆင်ကြီး မြင်းကောင်း ရွှေဆောင်းလက်တင် ငှိုပန်ဆင်၏၊ သည့်ပြင်တခေါ် ပြည်ဟံသာကို မကြာရွှေဖေါင် ရေလုံးပြောင်နှင့် တောတောင် ခြိမ့်ဆူ ချီတော်မူ၍ သိမ်းယူရေးသဲ့ အောင်သည်ပွဲလဘူး နိုက်နှံ့ ထုံးတီး ကျမ်းဂန်မှီးသော် ဘမီးလည်းယူ ပြည်လည်းယူလျက် အသူရိန်နန်း ဒေဝိန်မြန်းသို့ နွှန်းနွှန်းဆံမျှင် ယွင်းမထင်သည်-

ဂျုန်စင်တည့် ရန်အလှေး မကြွားသေး-ခမည်းတော်ပဲ့ ကြုံဘူး ဘဲကို ငင်နှဲသံထူး ယောဉ်ကျူးသည်- ရန်ငူးတည့်ဘုန်းမွေး စက်ပျော်ငေ-

၇။ မနောမယ ဇောဘမျက်ရှင် ဝေပူခွင်က ဥကင်သဖျား ကျလာနားသို့ ရှစ်ပါးနောက်မျော် သောင်းလုံးကျော်သည့် ဘိုးတော်သခင် ရွှေနားတင်လော့၊ အောင့်မြင်ရန်ခဲ ရှင့်ဘပဲ့ကား ဖြစ်မြဲကမ္ဘာ တည်ဦးခါက မဟာသမ္မတ မင်းမှစ၍ ကာလရှည်စွာ ခုတိုင်ကြာပြီ ကျမ်းရာဇဝင် ဘယ်သည်တွင်မှ တွေ့မြင်ဘူးပါ ကျေညာနိုင်ငံ တိုက်လံသိမ်းကျုံး လက်ရုံးတော်ရည် ကြံစည် တော်မြတ် အာဘတ်တော်ထူး ကျေးဇူးဘုန်းတန်း ရွှေနန်း အောင်မျို့ ရွှေမြို့တည်ဟန် ရေကန်စေတီ အစီအရင် မြောက်တင် ခန့်ထား တရားဆုံးဖြတ် ထိုထုပ္ပတ်ကို သူရသတီ နတ်ပြင်ညီ၍ မြောက်ချီသော်လည်း အံ့ဘွယ်ပည်းသော် ခမည်းတော်ဂုဏ် ဝသုန္ဒရေ မြူမှုန်မြေကို ကြွေလုံးခန့်ကွက် ပြု၍တွက်လည်း တဝက် မျှဝေး မလောက်သေးတည့် ဂုဏ်ကျေးဇူးမြင့် အဆင့်ဆင့်ကို မှတ်နှင့်ရှိသာ ကျူး၍လျှောက်ပါရှင့် ထွေရာမနဲ့ စုံနှဲမဆို စက်စေ လိုစွ ငိုနှင့်ဘိုးရှင် တို့သခင်သည်- ရှင်ရှင်တည့် မင်းယဉ်ကျေး နန်းတက်မွေး- တောင်ညာစိုးရ ရှစ်သောင်းခသည့် နန်းမဘုံမွေး မယ်တော့်သွေး- ယဉ်ယဉ်တည့်ကွေးကွေး နှုနှု-

၈-နဝရတ်ကိုးစုံ ပြောက်မျိုးရုံသား ရွှေဘုံကြငှန်း ဆောင်မ နန်းထက်ပိတ်သန်းရွှေခြည် သာတောင်းလည်လျက် ကျောက်ရည် ပြိုးပြက် မျက်နှာကြက်လည်း ရွှေစက်တော်အင်း ရာ့ရစ်ကွင်းနှင့် နတ်မင်းလေးထောင့် ရန်ဘေးစောင့်၏၊ ကိုးမြောင့်ပြောက်ကုက်

စိန်စုခက်ဝယ် ခင်းချက်မွေ့ရာ ကတ္တီပါထက် သာယာစက်တော် သခင်ခေါ်တော့ ရွှေလှော်ရည်ဆို သွယ်မြောင်ထိုးသား ရွှေကြိုး ယှက်ကာ စုံလေးမြှားကား မတ်ရာမူးကြီး သမီးယဉ်ပျောင်း ပျိုဟော်ပေါင်းတို့ ခြိမ့်သောင်းအုတ်အော ချောင်းစာနှင့် လက်ြာ လက်ဝဲ စက်ကြိုးဆွဲ၍ နှဲပါတောင်းကို ငိုတော့သာစေ ထွေထွေ ပြားပြား တို့ဘုရားသည်-တိုင်းကားတည့် နိုင်ငံရေး သိမ်းချင်သေး- နိုင်ငံခြားမှာ မရောက်သာသည် စကြာအလုံး ပင်တည့်လေး- ညီစေသံလေး သံပြိုင်ဌေ—

၉။ ဆင်ဖြူဆင်နီ စုံစီထွေပြား ဆင်ကြားဆင်နက် မြင်း စကြာပုံ လေးလုံနတ်သ ရိန္ဓမနှင့် ပေါက်ပြက်ပေါ် ခမည်း တော်၏ အံ့အော်ခြိမ့်သဲ အောင်သည့်ပွဲကို ရိပ်ပုံကာ၍ လက်ာ ပြ၍ နန်းမဆံကျင် ထိပ်တင်စက်တော် ငေ့ခေါ်ဟု သံငေါ်မသွင်း သံညွှင်းမြူးချို ကျူးပါကိုလျက် စက်လိုဘဲသာ ဘယ်အာဏာ ကြောင့် စာစာကျည်ကျည် ငိုလေသည်လည်း ရွှေရည်ုံးတူ နန်းလုံးကြူသည် စိတ်ပူစေသာ တို့သူငါကို ရှာချင်သိရ ခက်ခဲလှ၏ နှဲလျယဉ်ပေါင်း ငိုသံပျောင်းကို ပွင့်လောင်းဘုရား နားတော် ကြားက ရွှေသားယဉ်နု မင်းစာရသည် ပါပြိုင်ရ ငေါက်မေး ကြည့် ဒေါသစွန်းညို မျက်တော်ရှိက ပီးထိယမ်းလို စင်မည်ဆိုခဲ့ စက်လိုဘဲလေ ငိုသည်းစေသည်- သံခြေတည့် ကျူးရင့်လေး ညီစေ- စက်ကြိုးယော၌ နှေးနှေးငင်သည် အိုသျှင်ယဉ်ကျေး စက်တော့ဌေ-

၁၀။ စက်ချင်ဘူးဆို ငိုသည်သာယာ စက်ပါစက်တော် ငေ ခေါ်ဟု မပျော်ပျော်ကြောင်း ချော့မြူတောင်းကို နန်းလောင်း

အသျှင် စက်ချင်ဘူးဆို ငိုသည်သာဘွာ လစကြာနှင့် ပမာနှိုင်း လေ့ဘ် နန်းမှ ပြောသည့် မယ်တော်ဘုရား နားတော်ကြားက သနားစဖွယ် မင်းငယ်ငယ်ကို ညာဘယ်ဖက်ပိုက် ဘယ်သူကိုက်၍ ချိုက်ချိုက်စက်တော် မခေါ်လေရ ငိုနွဲ့လှဟု ကျမတို့ကို သို့ပင် ဆိုလိမ့် စက်လိုပါဘဲ ရွှေခဲခံချုပ် နတ်မျှားလုပ်သို့ နန်းရှုပ်ချိုင်ငင် ကိုက်ချင်ဘွယ်ရှိ ပါးညှိအိကို နမ်းမိတော့မည် ဘယ်ကိုရည်၍ ငိုသည်လည်းရှင် သခင်ဘုန်းလျှမ်း အောင်ပွဲလမ်းနှင့် တဝမ်း တည်းပျော် ရွှေဖွားမျှော်သည် နှောင်တော်ငါးပါး လက်ရုံး များကို ကြားတော်မူချင် သို့ဖြစ်လျှင်လည်း ယောဉ်မှေးယှက် ပျော်ရုံစက်လော့ ရန်ဖက်ဝိပ်တို့ ကျွန်းလုံးငုံသည် ပြည်လုံ့ ထိပ်ပန်း နန်းလို့သတိုး တရေးနိုးမှ အကျိုးအကြောင်း လုံးစုံ ပေါင်းကို မဆောင်းမလှား မထားမကြွင်း ဆယ်၍ကျင်းသို့ သံညှင်းချိုနွဲ့ ပမ်းအောင်ဖွဲ့မည် မိုးကဲ့သို့ပင် အကျယ်မြွှင်သည်- သည့်ပြင်တည့်- လျှောက်ထားရေး မျှားလှသေး- သည်မျှကိုသာ ဘုန်းပွင့်ငှါသည် မှတ်နာပါနှင့် ဦးတည့်လေး-စက်တော်ခေါ်ရေး ယောဉ်ဧ-

ဤတွင် စိန္တကျော်သူဆို “ပင်းတလဲသခင် ချော်င်း” ပုဒ်ရေ ၁၀-ပြီး၏။

အမှာ - အထက်ပြခဲ့သော ချင်းအပြင် ရှာဖွေကြည့်ရှု လော့ကျင့်ကြား ပြုလုပ်ကြရန် “မင်းရဲနှရာချင်း” “မင်းရဲဒိဗ္ဗ ချင်း” “ရခိုင်မင်းသမီးချင်း” “သခင်ကြီးချင်း” “မင်းရဲ ကျော်စွာ ချင်း” “နတ်သျှင်မယ်တော် ချင်း” “သခင်ထွေး ချင်း” “မင်းတရားမယ်တော် ချင်း” “ဆင်ဖြူရှင်မယ်ချင်း”

"မင်းတရားရွှေထီး ချေင်း" စသော ချေင်း အစောင်စောင်တို့ကိုလည်း ရှာဖွေထောက်လှမ်း စုံစမ်းမှတ်သား လေ့လာသင်ကြား ကြပါကုန်။

## နိတိစန္ဒြိကာကျမ်း အလင်္ကာရသ ကဗ္ဗာ ကျမ်းရင်းမင်္ဂလာရှစ်ပါးအကျယ်

ဒသနိပါတ် မဟာမင်္ဂလဇာတ်လာ အလောင်းတော် မဟာရက္ခိတ ရသေ့မြတ် ဟောကြားတော်မူအပ်သော မင်္ဂလာ ရှစ်ပါးသည်ကား-

အကြင်သူသည် မင်္ဂလာကို တောင့်တသော အခါ၌ အဘယ်မည်သော အတတ်ကို ရွတ်ဖတ်သရဇ္ဈာယ်၍ အဘယ်မည်သောဗေဒင်ကိုသင်၍ သင်ကြားအပ်သည်နှင့် ယှဉ်သော ပရိယတ်တို့တွင် အဘယ်မည်သော ပရိယတ်ကိုရင်း၊ သင်၍ ထိုသူသည် ဤပစ္စုပ္ပန်လောက၌ရင်း၊ တမလွန်လောက၌ရင်း၊ အဘယ်သို့သော အမှတ်ဖြင့် ပြုသည်ဖြစ်၍ မင်ကြယ်သည်၏ အဖြစ်သို့ ရောက်ကြောင်းဖြစ်သော အပြစ်ကင်းသော မင်္ဂလာဖြင့် စောင့်ရှောက်အပ်ပါသနည်းဟု အရှင်သာရိပုတ္တရာ အလောင်း ဖြစ်သော တပည့်ရသေ့သည် တောင်းပန်အပ်သည်ဖြစ်၍ အလောင်းတော် မဟာရက္ခိတ ရသေ့မြတ် ဟောကြားတော်မူအပ်သော မင်္ဂလာ ရှစ်ပါးသည်ကား-

(၁) ယဿဒေဝါ ပိတရောစသဗ္ဗေ
သရိသပါ သဗ္ဗဘူတာနိစာပိ
မေတ္တာယနိစ္စံ အပစိတာနိဟောန္တိ
ဘူတေသုဝေ သောတ္ထာနံတဒါဟု

**အနက်**။ ။ယသ္မာ-အကြင်သူအား၊ သဗ္ဗေပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ ဒေဝ ါစ-ဘုမ္မစိုး အစရှိကုန်သော ကာမာဝစရ နတ်တို့ကိုရင်း၊ ပိဏ္ဍာရောစ-ရူပါဝစရ၊ အရူပါဝစရ ဗြဟ္မာ တို့ကိုရင်း၊ သရိသပါစ- ရွေ့ရှား သွားလာတတ်ကုန်သော ကျောက်ရှည်မျိုးဖြစ်သော သတ္တဝါတို့ကိုရင်း၊သဗ္ဗဘူတာနိစာပိ- ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော သတ္တဝါတို့ကိုရင်း၊မေတ္တာယ- မေတ္တာဖြင့်၊ နိစ္စံ-အမြဲ၊ အပစိတာနိ-အရိုအသေပြုအပ် မြတ်နိုး အပ်ကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ ဘူတေသု- အလုံးစုံသော သတ္တဝါတို့၌၊ တဿ-ထိုသူ၏၊ တံ-ထိုမေတ္တာဖြင့် အရိုအသေပြု ခြင်း မြတ်နိုးခြင်းကို၊ ဝေ-စင်စစ်၊ သောတ္ထာနံ-စင်ကြယ်သည်၏ အဖြစ်သို့ ရောက်ကြောင်းဖြစ်သော အပြစ်ကင်းသောမင်္ဂလာဟူ၍၊ ပဏ္ဍိတာ-ပညာရှိတို့သည်၊ အာဟု-ဆိုကုန်ပြီ။

ဆောင်ပုဒ်—ဘုမ္မာဒေဝ ရှေ့ဘူသူရာ ကာမာဝစရ ရူပဗြဟ္မာ အစပြသား သတ္တဝါဟူ ခပ်သိမ်းသူကို စင်ဖြူမေတ္တာ ဘာဝနာ ဖြင့် မြဲစွဲတခဲ ရိုသေလေးမြတ် ပြုလတ်ခြင်းကို ထိုထိုပဏ္ဍိ ပညာ ရှိတို့ သိမှတ်စေငှာ မင်္ဂလာဟု မိန့်မှာခွန်းဆင် မော်ကွန်းတင်သည် ပုံယင်ကျင့်ကြစေသတည်း။

(၂) ယောသဗ္ဗလောကဿ နိဝါတဝုတ္တိ
ဣတ္ထိပုမာနံ သဟဒါရကာနံ
ခန္တီဒုရုတ္တာနံ အပ္ပဋိကုလဝါဒီ
အဓိဝါသနံ သောတ္ထာနံ တဒါဟု

**အနက်**။ ။ယော- အကြင်ပုဂ္ဂိုလ်သည်၊ သဗ္ဗလောကဿ- ခပ်သိမ်းသောလူအား၊နိဝါတဝုတ္တိ-နှိမ့်ချသော ဖြစ်ခြင်း ရှိသည်၊ ဟောတိ-ဖြစ်၏၊ သဟဒါရကာနံ-သူငယ်နှင့်တကွ ဖြစ်ကုန်သော၊

ဋ္ဌာ ပုမာနံ-မိမ္မယောကျ်ားကို၏၊ ဒုရုတ္တာနံ-မကောင်းသဖြင့် ဆို အပ်သောစကားတို့ကို၊ ခန္တိ-သည်းခံတတ်သည်၊ ဟောတိ-ဖြစ်၏၊ အပ္ပဋိကူလဝါဒီ-လျော်သောစကားကိုသာ ဆိုလေ့ရှိသည်၊ ဟော တိ-ဖြစ်၏၊ တဿ-ထိုသူ၏၊ တံအဓိဝါသနံ- ထိုသည်းခံခြင်းကို၊ သောတ္တာနံ-စင်ကြယ်သည်၏အဖြစ်သို့ ရောက်ကြောင်းဖြစ်သော အမြစ်ကင်းသော မင်္ဂလာဟူ၍၊ ပဏ္ဍိတာ-ပညာရှိတို့သည်၊အာဟု-ဆိုကုန်၏။

ဆောင်ပုဒ်—မာနတန်းခွံ့ မချွန်နှိမ့်ချ သူငယ်စသည် မိန်းမ ယောကျ်ား လူအများတို့ စကားမကောင်း ဆိုတုံ့ရှောင်းလည်း ဥကောင်းမချိ ခန္တိသည်သာ လျော်ရာစကား ပြောကြားပြန်လျှင်း သည်းခံခြင်းမှု ထိုသူ၏စင်ဖြူမညစ် အပြစ်ကင်းသော မင်္ဂလာဟု ပညာရှိတို့ မိန့်ထွေတည်း။

(၃၂) ယောနာဝဇာနာတိ သဟာယမိတ္တေ
သိပ္ပေနကုလျာဘိ ဓနေနဇစ္စာ
ရုစိပညော အတ္ထကာလေ မတိမာ
သဟာယေ သုဝေသောတ္ထာနံ ဇာဒ္ဓါ ကု

အနက်။ ။ယော-အကြင်သူသည်၊ သဟာယမိတ္တေ-အတူ တကွ မြေမှုန့်ကစားဖက်ဖြစ်သော သူငယ်ချင်း ၊ ၁၂-နှစ် အတူ တကွနေဘူးသော အဆွေခင်ပွန်းတို့ကို၊ သိပ္ပေန၀ါ-အတတ်ဖြင့် ၎င်း၊ ကုလျာဘိ၀ါ-အမျိုး၏ ပြည့်စုံခြင်းဖြင့်၎င်း၊ ဓနေန၀ါ-ဥစ္စာကြွယ်ဝခြင်းဖြင့်၎င်း၊ ဇစ္စာ၀ါ-ဇာတ်၏ ပြည့်စုံခြင်းဖြင့်၎င်း၊ နာဝဇာနာတိ-မထိမဲ့မြင်မပြု၊ အတ္ထကာလေ-တစုံတခုအကြောင်း ဖြစ်ပေါ်လာသောအခါ၌၊ရုစိပညော-နှစ်သက်အပ်သော ကောင်း

သော ပညာရှိသည် ဖြစ်၍၊ မဝ်မာ- ထိုဖြစ်ပေါ်လာသော အကြောင်းကို ပိုင်းခြား၍ စီရင်ခြင်းငှာ စွမ်းနိုင်သော ပညာရှိသည်ဖြစ်၍၊ တေသံဟာယေ-ထိုအဆွေခင်ပွန်းတို့ကို၊ နာဝဇာနာတိ-မထိမဲ့မြင်မပြု၊ တဿ-ထိုသူ၏၊ သဟာယေသု- သူငယ်ချင်းအဆွေခင်ပွန်းတို့၌၊ တံ-ထိုမထိမဲ့မြင်မပြုခြင်းကို၊ ဝေ-စင်စစ်၊ သောတ္ထာနံ-ခင်ကြယ်ခြင်းသို့ ရောက်ကြောင်းဖြစ်သော အပြစ်ကင်းသော မင်္ဂလာဟူ၍၊ ပဏ္ဍိတာ-ပညာရှိတို့သည်၊ အာဟု-ဆိုကုန်၏။

ဆောင်ပုဒ်—ကုမာရရွယ် ငယ်စဉ်ခေါင်းဖက် မြေမှုန့်ညက်ကိုဆုပ်ပစ်ကစား မခြားခဲ့လစ် ၁၂-နှစ်တိုင် တူပိုင်မယှွန်း ဆွေခင်ပွန်းကို ထွန်းကားသိပ္ပ မျိုးကုလနှင့် ခနဇာတိ ပြည့်စုံဘိလည်း ငယ်သိကျွမ်းဝင် ရှေးသို့ပင်လျှင် ခင်မင်လှစွာ ကြောင်းရာတစ်ရှိလတ်သောခါ ပညာဆင်ခြင် ကြောင်းကျိုးမြင်၍ မိတ်ခင်ပွန်းအား စိတ်ထားသန့်လျက် ဆောင်ရွက်ကူညီ မထိမဲ့မြင် ပြင်ပြင်မပြု ဤကောင်းမှုကို ကြီးထုမြတ်စွာ ပညာဝါတို့ မင်္ဂလာစစ် အမှန်ဖြစ်ဟု ခွန်းလှစ်ဆိုကြလေသတည်း။

(၄) နိမိတ္တာနိ ဝေ ယဿ ဘဝန္တိ သန္တော
သံဝိဇ္ဇဿ အဝိသံဝါဒကာဿ
နမိတ္တဒုဗ္ဘိ သံဝိဘာဂီ ခနေန
မိတ္တသုဝေ ဝသောတ္ထာနံ တဒါဟု

အနက်။ ။ယဿ-အကြင်သူအား၊ သန္တော-သူတော်ကောင်းဖြစ်ကုန်သော၊ မိတ္တာစ- အဆွေခင်ပွန်းတို့သည်လည်း၊ ဘဝန္တိ-ရှိသည်ဖြစ်ကုန်၏၊ သံဝိသဇ္ဇာ-အလွန်ကျွမ်းဝင်ခြင်း ရှိကုန်သော၊

မိတ္တာဝစ-အဆွေခင်ပွန်းတို့သည်လည်း၊ ဘဝန္တိ-ရှိသည်ဖြစ်ကုန်၏၊ တေသု-ထိုအဆွေခင်ပွန်းတို့၌၊ အဝိသံဝါဒကသ-မချွတ်မယွင်းစေသော အလေ့ရှိသောသူအား၊ မိတ္တဒုဗ္ဘိ-အဆွေခင်ပွန်းကို ဖျက်ဆီးတတ်သောသူသည်၊ နဟောတိ-မဖြစ်၊ ဓနေန-မိမိဥစ္စာဖြင့်၊ သံဝိဘာဂီ-အဆွေခင်ပွန်းတို့အား ဝေဘန်ခွဲခြမ်းလေ့ရှိခြင်းသည်၊ ဟောတိ-ဖြစ်၏၊ တဿ- ထိုသူ၏၊ တံ- ထိုအဆွေခင်ပွန်းအား မပြစ်မှားခြင်း မိမိဥစ္စာဖြင့် ခွဲခြမ်းဝေဘန်ခြင်းကို၊ ဝေ-စင်စစ်၊ မိတ္တေသု- အဆွေခင်ပွန်းတို့၌၊ သောတ္ထာနံ- စင်ကြယ်ခြင်းသို့ ရောက်ကြောင်း ဖြစ်သော အပြစ်ကင်းသော မင်္ဂလာဟူ၍၊ ပဏ္ဍိတာ-ပညာရှိတို့သည်၊ အာဟု-ဆိုကုန်၏။

ဆောင်ပုဒ်— အကြင်သူအား စင်ဖြူလွှမ်းဇကျော် သူတော်ကောင်းစွာ မိတ်ကလျာနှင့် စိတ်မှာကျွမ်းဝင် မိတ်ခင်ပွန်းမြတ်ရှိလတ်သည်မှာ ရံခါတပါး ပြစ်မှားမရှိ မိမိဥစ္စာ ကိုယ်ချမ်းသာဖြင့် ကလျာမိတ်အား ခွဲခြားပြုပြန် ဝေဘန်ခြင်းကို ခင်ပွန်းတို့၌ မိန့်ဆိုခဲ့ရာ မင်္ဂလာဟု ပညာရှိများ ပညတ်ထားသည် ပိုင်းခြားသိကြစေသတည်း။

(၂) ယဿာရိယာ တုလျဝယာသမဂ္ဂါ
အနုဗ္ဗတာ ဓမ္မကာမာ သဇာတာ
ကောလိနိယာ သီလဝတီ ပတိဗ္ဗတာ
ဒါရေသုဝေ သောတ္ထာနံ တဒါ ဟု

အနက်။ ။ယဿ-အကြင်သူအား၊ တုလျဝယာ-တူသောအရွယ်ရှိသော၊ သမဂ္ဂါ-အညီအညွတ်နေခြင်းရှိသော၊ အနုဗ္ဗတာ-လင်၏အလိုသို့ လိုက်တတ်သော၊ ဓမ္မကာမာ-သုစရိုက်သုံးပါးကို

နှစ်သက်တတ်သော၊ သဇာတာ-သား သမီးရတနာ ဖွားမြင်ခြင်း ရှိသော၊ ကောလိနိယာ-အမျိုးနှင့် ပြည့်စုံသော၊ သီလဝတီ-သီလ ရှိသော၊ ပတိဗ္ဗတာ-လင်ကို ရိုသေသော အကျင့်ရှိသော၊ ဘရိယာ-မယားသည်၊အတ္ထိ-ရှိ၏၊ တဿ-ထိုသူအား၊ တံ-ထိုသို့ သိုခဲ့ပြီးသော မယားရှိခြင်းကို၊ ဒါရေသု-မယားတို့၌၊ ဝေ-စင်စစ်၊ သောတ္ထာနံ-စင်ကြယ်ခြင်းသို့ ရောက်ကြောင်း ဖြစ်သော အပြစ်ကင်းသော မင်္ဂလာဟူ၍၊ ပဏ္ဍိတာ-ပညာရှိတို့သည်၊ အာဟု-ဆိုကုန်၏။

ဆောင်ပုဒ်—အကြင်သူအား ရွယ်တူညီညွတ် လင်ဝတ်လိုလိုက် သုစရိုက်ကို နှစ်ခြိုက်လိုလား သားနှင့်သမီး ပွားစီးပြန့်ကြွယ် မျိုးနွယ်ဝံသ ပြည့်ဖွဲ့လှလျက် သီလသီတင်း ဆောက်တည်ခြင်းနှင့် လင်ရင်းရိုသေ သက်ဝေအိမ်သူ ရှိပါမူကား ထိုမယားဝယ် စင်ကြယ်သန့်ရှင်း အပြစ်ကင်းစွာ မင်္ဂလာဟု ပညာကဲလွန် ပုဂ္ဂိုလ်မွန်တို့ လမ်းညွှန်ပြထား သိစိမ့်ကြားသည် စကားမယွင်း မသွေတည်း။

(၆) ယဿရာဇာ ဘူတပတိ ယသဿီ
ဇာနာတိ သောစေယျံ ပရက္ကမဉ္စ
အဒွေဇ္ဈတာ သုဟဒယံ မမန္တိ
ရာဇူသုဝေ သောတ္ထာနံ တဒါဟု

အနက်။ ။ဘူတပတိ-လူတို့၏ အရှင်ဖြစ်သော၊ ယသဿီ-များသော အခြံအရံရှိသော၊ ရာဇာ-မင်းသည်၊ ယဿ-အကြင်မင်းခစားယောက်ျား၏၊ ယံသောစေယျဉ္စ- အကြင်စင်ကြယ်သည်၏ အဖြစ်ကိုရင်း၊ ယံပရက္ကမဉ္စ-အကြင်လုံ့လရှိသည်၏ အဖြစ်ကိုရင်း၊

အယံ-ဤမင်းခစား ယောကျ်ားသည်၊ မမံ-ငါ၏၊ အဒ္ဒေဇ္ဇတာ-နှစ်ခုမဖြစ်သည်၏အဖြစ်ဖြင့်၊ သုဟဒယော-ကောင်းသော စိတ်ရှိ၏၊ ဣတိ-ဤသို့၊ ယံဟဒယဥ္စ-အကြင်ကောင်းသော စိတ်ရှိသည်၏အဖြစ်ကိုရင်း၊ ဇာနာတိ-သိ၏၊ တဿ-ထိုမင်းခစားယောကျ်ား၏၊ တံ-ထိုသောစေယျစသော ဂုဏ်ကို၊ ဇာနန္တသောဝန်-သိသော မင်း၏အထံ၌ ခစားရခြင်းကို၊ ရာဇူသု-မင်းတို့၌၊ ဝေ- စင်စစ်၊ သောတ္ထာန်-စင်ကြယ်ခြင်းသို့ ရောက်ကြောင်းဖြစ်သော အပြစ်ကင်းသော မင်္ဂလာဟူ၍၊ ပဏ္ဍိတာ-ပညာရှိတို့သည်၊ အာဟု-ဆိုကုန်၏။

ဆောင်ပုဒ်—ဘူတပတိ ပြည်ကြီးသေဋ္ဌနှင်း တရားမင်းသည် အချင်းယောကျ်ား မင်းခစား၏ စိတ်ထားစင်ကြယ် ပြုဖွယ်ကိစ္စ မလစ်ရသား လုလ္လအားသစ် ရှိသည်ဖြစ်နှင့် အဒ္ဒေဇ္ဇတာ နှစ်ဖြာမဲ့ ထုံး နှလုံးထားဘိ ဟုတ်တိုင်းသိသား ကြင်မင်းဖျားထံ ကျိုးဝပ်နှံ့၍ နိယံစင်းလျင်း ခစားခြင်းကို ထိုမင်းမြတ်၌ ဆိုထိုက်သည်သာ မင်္ဂလာဟု ပညာဉာဏ်ရှိန် သုခမိန်တို့ နှိုင်းချိန်မှန်ကန် မိန့်ခွန်းပြန်သည် ကေန်မလွဲ ပုံသေတည်း။

(၇) အန္နဥ္စ ပါနဥ္စ ဒဒါတိသဒ္ဓေါ
မာလဉ္စ ဂန္ဓဉ္စ ဝိဘူသနဥ္စ
ပသန္နစိတ္တော အနုမောဒမာနော
သဂ္ဂေသုဝေ သောတ္ထာန် တံဒါဟု

အနက်။ ။ယော-အကြင်သူသည်၊ သဒ္ဓေါ-ကံကိုရင်း၊ကံ၏ အကျိုးကိုရင်း၊ ယုံကြည်သည်ဖြစ်၍၊ ပသန္နစိတ္တော- ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍၊ အနုမောဒမာနော- ဝမ်းမြောက်

သည်ဖြစ်၍၊ အန္နဒ- ထမင်းကိုရင်း၊ ပါနဒ- အဖျော်ကိုရင်း၊ မာလဒ-ပန်းကိုရင်း၊ ဂန္ဓဒ-နံ့သာကိုရင်း၊ဝိဘူသနဒ-နံ့သာပျောင်းကိုရင်း၊ ဒဒါတိ-ပေးလှူ၏၊တဿ-ထိုဒါယကာ၏၊ တံ-ထိုသဒ္ဓါနှင့်ပြည့်စုံစွာသော အလှူပေးခြင်းကို၊ သဂ္ဂေသု-နတ်ပြည်တို့၌၊ ဝေ-စင်စစ်၊ သောတ္ထာနံ-စင်ကြယ်ခြင်းသို့ ရောက်ကြောင်းဖြစ်သော အပြစ်ကင်းသော မင်္ဂလာဟူ၍၊ပဏ္ဍိတာ-ပညာရှိတို့သည်၊ အာဟု-ဆိုကုန်၏။

ဆောင်ပုဒ်—အကြင်သူသည် ယုံကြည်လို့စွာ ကံသာမူလ ဝိပါကတည်း မြတ်လှနူဘော် အဖျော်ထမင်း ကိုင်သင်းနံ့သာ မွှေးစွာနံ့လှောင်း နံ့သာပျောင်းကို စိတ်ကောင်းရှင်လန်း ပေးလှူဒါန်း၏၊ ဖြောင့်တန်းစေတနာ ဒါယကာ၏ နတ်ရွာတို့၌ သမိုက်စင်စစ် အပြစ်မဲ့စွာ မင်္ဂလာဟု ပညာအထွတ် ဗောဓိသတ်တို့ အမှတ်သားနား မိန့်ခဲ့ထားသည် ဖာရားမှန်လှ ပေသဘည်း။

(၇) ယမရိယဓမ္မေန ပုန္တိ ဝုဒ္ဓါ
အာရာမိတာ သမစရိယာယ ဒန္တော
ဗဟုဿုတာ ဣဿယော သီလဝန္တော
အရဟန္တမဂ္ဂေ သောတ္ထာနံ တဒါဟု

အနက်။ ။ယံ- အကြင်ပုဂ္ဂိုလ်ကို၊ ဝုဒ္ဓါ- ပညာပွားခြင်းရှိကုန်သော၊ သမစရိယာယ- ကောင်းသောအကျင့်ဖြင့်၊ အရာမိတာ-နှစ်သက်အပ်သော ကောင်းသောစိတ်ရှိကုန်သော၊ ဒန္တာ-ယဉ်ကျေးကုန်ပြီးသော၊ ဗဟုဿုတာ- ပရိယတ္တိ ဗဟုဿုတရှိကုန်သော၊ ဣဿယော-ရှာမှီးအပ်သော ဂုဏ်ရှိကုန်သော၊ သီလဝန္တော-အရိယာသီလနှင့် ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့သည်၊ အရိ

ယစ္စမ္မေန- ကောင်းသော အကျင့်ဖြင့်၊ ပုနန္တိ- သုတ်သင်ကုန်၏၊ တသ္မာ-ထိုသူ၏၊ အရဟန္တမဂ္ဂေ- ရဟန္တာတို့၏အလယ်၌၊ ပဋိလာဘိတဗ္ဗံ-ရအပ်သော၊ တံ-ထိုအရိယာမဂ္ဂကို၊ သောတ္တာန်-စင်ကြယ်ခြင်းသို့ ရောက်ကြောင်းဖြစ်သော အပြစ်ကင်းသော မင်္ဂလာဟူ၍၊ ပဏ္ဍိတာ-ပညာရှိတို့သည်၊ အာဟု-ဆိုကုန်၏။

ဆောင်ပုဒ်—အကြင်သူကို မျှားဟိုပညာ ကျင့်ကောင်းစွာဖြင့် ကောင်းစွာစိတ်ရှိ ယဉ်မကျူးဘိလှ မျှားသုတလည်း သီလစသည် ဂုဏ်ထူးရှည်သား စဉ်တည်သီလ ပြည့်စုံကြသည် လောကတန်ခွန် ပုဂ္ဂိုလ်မွန်တို့ ကဲလွန်မဂ္ဂ အရိယဖြင့် ခွန်းဟသုန်သုန် သုတ်သင်ကုန်၏၊ ပြောဟုန်တမူ ထိုသူ၏ စင်ဖြူမြတ်စွာ ရဟန္တာ၏ လယ်ချာမဂ္ဂေ ရအပ်လေသား ထိုတရားကို ဘုရားကစ သဗ္ဗ ပဏ္ဍိတာ ပညာဝါတို့ မင်္ဂလာကြီး မြောက်ချီးရင့်ရှု မိန့်တော်မူသည် မှိုင်လှုမှတ်ကြစေသတည်း။

ဤသို့ထင်ရှား ဟောညွှန်ကြားသည် ရှစ်ပါးမင်္ဂလာ ချီးမွမ်းရာသား ချမ်းသာစင်စစ် ရကြောင်းဖြစ်၏၊ ခုခေတ်သမယ မှတ်ယူကြသည် ပိဋက၊ သုတ, မုတစသည် မည်ရှည်ထင်ရှား ပညာတ်များတွင် တရားနှင်းရှု စီစစ်ပြုသော် တခုခုမျှ သာရမမြင် အချည်းစင်၏၊ ဤမင်္ဂလာ ပေါင်းရှစ်ဖြာကို ပညာသိမ်းကြုံး စွဲသုံး၍ နှလုံးခဲကြစေကုန်သတည်း။

အသေဝနာစ ဗာလနံ ပဏ္ဍိတာနဉ္စ သေဝနာ စသော ၃၈-ပါးသော မင်္ဂလာတရားတော်သည် ဤ မင်္ဂလာ ရှစ်ပါး၌ အကြုံးဝင်၏၊ ဝေနေယျဇ္ဈာသယ ဒေသနာ ဝိလာသအားဖြင့်

အကျဉ်းသမာသ ရှစ်ပါး အကျယ်ဗျာသ ၃၈- ပါးဟူ၍ ဟောတော်မူသည်။

ဤမင်္ဂလာရှစ်ပါးသည် အလောင်းတော် မဟာရက္ခိတ ရသေ့မြတ် ဟောတော်မူသည်ကစ၍ ယခုတိုင် အဆက်မပြတ် တည်လာသည်မဟုတ်၊ မဟာရက္ခိတ ရသေ့၏ တပည့် အစဉ် အဆက်တို့ ကုန်သုဉ်းသည့် အခါ၌ ကွယ်ခဲ့လေသည်။

ဒသနိပါတ် မဟာမင်္ဂလာဇာတ်တွင် အလောင်းတော် ရသေ့ဘုရားဖြစ်၍ ၃၈-ပါးသော မင်္ဂလာတရားကို ဟောတော် မူသောအခါ ပေါဟန်းပရိသတ်တို့ဘောင်တွင် စကားဖြစ်သဖြင့် ငါသည် ယခုအခါ ၃၈-ပါးသော မင်္ဂလာတရားကို ဟောတော် မူသည်ကား ဘုရားအဖြစ်သို့ ရောက်ပြီဖြစ်သောကြောင့် မအံ့ ဩဘိုက်၊ နစဉ်အခါက ငါသည် အလောင်းတော် မဟာရက္ခိတ ရသေ့ဖြစ်စဉ် သာရိပုတ္တရာ အလောင်းဖြစ်သော တပည့်ရသေ့ တောင်ပန်အင့်သောကြောင့် ဤ ၃၈-ပါး မင်္ဂလာ အကြုံးဝင် သော မင်္ဂလာတရားရှစ်ပါးကို ဟောတော်မူခဲ့ဘူးပြီဟု အတိတ် ခမ္မဒေသနာကိုဆောင်၍ ဟောတော်မူသောကြောင့် ဤယခု ဂေါ်မမြတ်စွာဘုရား သာသနာတော်မှာ ဤမင်္ဂလာရှစ်ပါး ပေါ်ပေါက်တွန်းကားရလေသည်။

ဤအား နီတိစဋ္ဋိကာကျမ်း၌လာသော နှစ်ခုမြောက်သော မင်္ဂလာကထာပြီး၏။

## ပဲခူး ဟံသာဝတီပြည်ကြီးအရှင် ဓမ္မစေတီမင်းတရားကြီး ပူဇော်တော်မူသော စိန္တာမဏိ ဝန္ဒနာဂါထာ

### ပါဠ်အနက်

၁။ အစိန္တေယျာပမေယျာယေ ဂင်္ဂါဝါဠုကူပမာဒိနာ နန္တာ
နန္တဂုဏာန္တာတေ နောပမေယျံ သမာသမာ။

၂။ မဟာမဟဂ္ဂမ်ာတုလျာ သိဒ္ဓေါသတ္တ သမာဓိရာ ဣစ္ဆာမဒ္ဒ
ဂုဏာဗန္ဓာ ဒသဗ္ဗလာဒိ ဉာဏိကာ။

၃။ နာနိဒ္ဒါ နာနာနုဘာဝါ၊ ဒေါဥယန္တာ မဟာဇိနာ အန္တ
လိက္ခေဝဂစ္ဆန္တိ သာသပ္ပဋ္ဌေ ပုရာပုရံ။

၄။ ဆာဒယေနန္တစက္ကမှိ ကောဂ်ုလေကလောမိနာ စုဏ္ဏဝိစုဏ္ဏိ
ကာသက္ကာ ဝေတမုနိဿုရဒါမိဒ္ဒါ။

၅။ သဗ္ဗေဝေရာ ဇိနဗျာကျာ ယံပံဒိဒိဋ္ဌိ တိဋ္ဌိတာ မဟာ
ဇေယျာဇိနဝဂ္ဂါ ဗိဝိဒိန္ဒာ မဟေသကာ။

၆။ မတုလေန တုလာသေဋ္ဌာ ဝဏ္ဏာဝန္တာ နိတေပတ္တာ တဂ္ဂါ
ဆာဒယနာဆေဒေ ပဋ္ဌာရသေဟိရစ္ဆေယျာ။

၇။ ရဋ္ဌာရဋ္ဌာယရသိကာ ယာကာကေစာပိ သံလဂ္ဂါ-ပဋ္ဌာ
နနေ ဂုဏာပုဏ္ဏော မဟာဇေယျေန မေတေတေ။

၈။ ဖြိန္ဒြိန္ဒမာရိန္ဒံ သဖ္ဖိန္ဒြိန္ဒရာဇိန္ဒံ
မုနိံ မုနိန္ဒသမ္ဗုဒ္ဓံ နမိန္ဒမိန္ဒတံဝန္ဒေ။

၉။ ပရိမ္ဗဇိမ္ဗုဟိမ္ဗကံ သိရိံ မုန်ံ အစိန္တေယျ
သိဒ္ဓိံ ဣဒ္ဓိံ ဇိတိန္ဒြိယံ ဝန္ဒာမိတံမဟာရာဇံ။

၁၀။ တဏှံ မဟိံ ဇဟိံ မာနံ ဒိဋ္ဌိဂန္ထိံ မုဉ္စိံ နမေ
အရိန္ဒမေဝ ရိပ္ပုခန္ဓာ ဗောဓိပတ္တဝရံဒဒေ။

၁၁။ သိရိန္ဒ ရိန္ဒ ဒဒိရံ ဝိစိန္တယံ တယံ ပိယံ
ဇိနိန္ဒ မံ နမာမိ မံ ပိတံ ဖရံဖရံ ပိတံ။

၁၂။ ဝေဟာကာသ ဿေနာသဟ ဘိခန္ဓာမာရော
ဂိရိခမေဃံ-သမာရုဋ္ဌဇိနာသနေ့ အာဟုံသဟသာ
ပရာဇေနယျာ။

၁၃။ ပါရမီ ပါရမီ ဂတော ပူရံပူရိဟိစတ္တာရိ
သင်္ချံ သင်္ချံယျာ ကပ္ပါပိ သတာ သတာ ဒသဋ္ဌာပိ။

၁၄။ ကာရုံကာရည ကာရုဏာ သတ္တာ ဝတ္တာနာ
မတ္တာဝယ-ပဉ္စာပတ္တာမ ဒိဗ္ဗေသော ဇိနာဇိနတ
မာဝနေ္တ။

၁၅။ မဟာဂြိန္ဒြိ မေဃလံ ပုဋ္ဌံ မုဋ္ဌံ ကုဏ္ဍံ ခေရော
ဗောဓိမဏ္ဍလသမီပေ အာဝေအရေ
မျာ မျဥ္စိံ ချာချဥ္စိံ ဗျာ ဗျဥ္စိံ မြိန္ဒာဝသာဟတိကာ
ပျ ဇယော န ဇယော မျာ နမော။

၁၅-ဂါထာပါဌ်ပြီး၏

---

ဓမ္မစေတီမင်း၏ ဆန်းကြယ်စွာသော ဂါထာတို့ကို ရာမ ညရင္ဆဝါသီ အာဇာနည်ဟု ဇမ္ဗူဒီပဆံ့-ပျံ့နှံ့သတင်း ကျော်စော ခြင်း ရှိတော်မူသော အုတ်ဖိုဆရာတော်ဘုရားကြီး အနက်သမ္ဗန်

တော်မူသည်ကို ကြည်ညိုမှတ်သားကြရန် ထည့်သွင်းဖော်ပြလိုက်သည်၊ နှုတ်ထက်ဆောင်ရွက် နိုင်ကြစေကုန်သတည်း။

၁။ ဂင်္ဂါ ဝါဠုဋ္ဌာပမာ- ဂင်္ဂါဝါဠုသဲစုပမာ များစွာကုန်သော၊ ယေဇိနာ- အကြင်မြတ်ဖျား ဗုဒ္ဓဘုရားတို့သည်၊ လောကေ- လောက၌၊ ဥပ္ပဇ္ဇိံသု- ပွင့်တော်မူကုန်ပြီ၊ တေဇိနာ- ထိုမြတ်စွာဘုရားတို့သည်၊ အစိန္တေယျာပမေယျာ- အစိန္တေယျဂုဏ် အပ္ပမေယျဂုဏ် ရှိတော်မူကုန်၏၊ နန္ဒာ-စန္ဒိ ပရမိသ္ဂာ မဟာဒေဝ နရာယန မဟာဗြဟ္မာထာဝရ ကမ္ဘာစောင့်နတ် လူမင်းနတ်မင်း ယမမင်းဟူ ဆိုအပ်ကုန်သော လောကပါလ နတ်တို့၏ ဥသျှောင်ကျင်ဘခင်စရည်း ခမည်းအစစ် ဖြစ်တော်မူကုန်၏၊နန္ဒဂုဏ်နန္ဒာ-နန္ဒမည်မှတ် ကမ္ဘာစောင့်နတ်တို့၏ ထူးမြတ်စုံဖြိုး ဂုဏ်ဘန်ခိုးကိုလည်း အစိုးရတော်မူကုန်၏၊ ဇနာပဓေယျာ- ဂုဏ်နှင့်ဒြပ် ဇာတ်နှစ်ပါးကိုလည်း ပိုင်းခြားခြင်းငှာ မထိုက်ကုန်၊ သမာသမာ- မတူသော သူနှင့်သာတူတော်မူကုန်၏။ ။

၂။ မဟာမဟန္တာ- ကြီးမြတ်ကုန်သော သူတို့ထက် အထူးသဖြင့် ကြီးမြတ်တော်မူကုန်၏၊ မဟာဂုမဟာဂုန္တာ- များမြတ်လှစွာ ဗြဟ္မာလူနတ်တို့၏ ဥက္ကဋ္ဌအဖွဲ့ အညွှန့်သဘွယ်လည်း ဖြစ်တော်မူကုန်၏၊ အတုလာ-ချိန်စဉ်းမစံ မာနဘဏ်လည်း ရှိတော်မမူကုန်၊ သိဒ္ဓေါ သတ္တသမာဓိရာ- ကောင်းကျိုးပြီးမြောက်အောင် စောင့်ရှောက်ထင်ရှား ကြီးမားသော သီလသမာဓိပညာ ဝီရိယတော်လည်း ရှိတော်မူကုန်၏၊ ဇာလစ္ဆာမဒ္ဒဂတာဗန္ဓာ- သတ္တဝါတို့၏ နှစ်သက်ဝမ်းမြောက်ကြောင်း ဂုဏ်ပေါင်းတို့ဖြင့် ကောင်းစွာ ပြည့်စုံ ထုံတော်မူအပ်ကုန်၏၊ ဒသဗလာဝိ ညာဏ်ကာ- ဒသဗလ

ဉာဏ် ဆာအာသာဓာရဏဉာဏ် စတုသစ္စသာရဇ္ဇဉာဏ် စသော ဉာဏ်တော်အမျိုးမျိုးလည်း ရှိတော်မူကုန်၏။ ။

၃။ နာနိဒ္ဒါနာနာနုဘာဝါ- အထူးထူးသောတန်ခိုး အထူးထူးသော အာနုဘော်လည်းရှိတော်မူကုန်၏၊ သဥ္စယန္တာ-ပဋိစ္စသမုတ် စက်ဝတ်ပေါင်းယှက် ဝဲဂရက်ကိုလည်းဖျက်ဆီးတော်မူကုန်၏၊ မဟာဇိနာ-ဒေဝပုတ္တ စသည်အမှန် ခပ်သိမ်းရန်ကို ကိုယ်ဟန်ကွန့်ချီ မာန်မဖီဘဲ ပါရမီတော်ဘုန်း လက်ရုံးဆန့်ကာ ဘင့်တယ်စွာလျှင် အောင်ပွဲသဘင် ဆင်ယင်တော်မူကြသကုန်၏၊ အန္တလိက္ခေ- ကောင်းကင်ပြင်၌၊ ဂစ္ဆန္တိ- ကြွသွားတော်မူကုန်၏သို့၊ သာသနေ့-မိုညင်းဖွေ အတွင်း၌၊ ပုရိပုရာ- လူးလာတုန့်ဖယ် သွယ်သွယ်ဖန်ဖန် စကြံဖဝါး ကြွသွားတော်မူခြင်းကို၊ ဂစ္ဆန္တိ-ကြွသွားတော်မူကုန်၏။ ။

၄။ နန္ဒစုဏ္ဏမှိ- နန္ဒမည်မှတ် ကမ္ဘာစောင့်နတ်တို့၏ လောကဓါတ်လုံး အဆုံးတိုင်အောင် မျှားမြောင်ရှုက်စပ် ဖန်ဆင်းအပ်သော တန်ခိုးအမှုအစုစုကိုလည်း၊ ကောဂုံလေ ကလောမိနာ-လက်တော်တချောင်း မွေးညှင်းတော်တချောင်းဖြင့်သာ၊ ဆာဒယေဆာဒယေယျ- ဖုံးလွှမ်းတော်မူနိုင်ကုန်၏၊ စုဏ္ဏဝိစုဏ္ဏိကာသက္ကာ- မှုံ့မှုံ့ညက်ညက်ဖျက်ဆီးမှုကို ပြုခြင်းငှာ စွမ်းနိုင်တော်မူကြကုန်၏၊ တေဇိနာ-ထိုမြတ်စွာဘုရားတို့သည်၊ မုနိဿရဒါမိဒ္ဒါ- မုနိလွန်ကြူး ယောကျ်ားထူးဇာတိသဘောရှိ၍ ပါဋိဟာရိယသုံးပါးကို ပွားစေခြင်း၌ ကျင့်တယ်စမွယ်ကြကုန်၏။

၅။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ တေဇိနာ- ထိုမြတ်စွာဘုရား တို့သည်၊ဝေရာဇိနဗျာကျာ-ဒေဝပုတ္တ စသည်အမှန် မာရ်ငါးတန်

ကို အောင်ရန်မကြွင်း အောင်မြင်တော်မူခြင်းကြောင့်၊ အနန္တဇိန နာမတံဆိပ်ကို ခပ်နှိပ်တော်မူကြကုန်၏၊ ဣဿိတံ-နှစ်သက် မွေ့လျော်ဖွယ် ဖြစ်သော၊ ယံယသံဝါ- အကြင်စည်းစိမ်ချမ်းသာကိုရင်း၊ ယံကိတ္တိံဝါ-အကြင်ကျော်စောခြင်းကိုရင်း၊ ဒဒါ-ပေး တော်မူတတ်ကုန်၏၊ ဣဿိတာ-သတ္တဝါတို့အား ပွားများစေခြင်းငှာ၊အဇ္ဈာသယ-ရှိတော်မူကုန်၏၊ မဟာဗေယျာ-ဒြပ်ဂုဏ် နှစ်ပါး ကြီးမားမြင့်မြတ်တော်မူကြကုန်၏၊ ဇိနဝဂ္ဂါ- အောင်သံတြင်း ဘဝဂ်ချဉ်းအောင် ကျော်စောခြင်းလည်း ရှိတော်မူကြကုန်၏၊ ဝိဝိဒိန္ဒာ-ထူးဆန်းတလည် နေရောင်ခြည်ကင်းပ ဘဝဂ်ကျအောင် ခြည်အရောင်ကိုလည်း ဆောင်တော်မူကြကုန်၏၊ မဟောသကာ-အင်္ဂါလေးတန် ညီမှန်စုံလင် လျင်သောလုံ့လဝီရိယလည်း ရှိတော် မူကြကုန်၏။

၆၂။ မတုလေန-သတ္တဝါ ဝေနေယျတို့အား- ဉာဏ်တရားကို ပွားများစေသဖြင့်၊အတုလာ-မိတ္တာပသင် ယုံမှားအင်ကို စင်ကြယ် လှတ်ရှင်းကင်းစေတော်မူကြကုန်၏၊ သေဋ္ဌာ- လေးပါးကုန်သော ဣဒ္ဓိပါဒ်,ဆယ်ပါးကုန်သော ဣဒ္ဓိပါဒ်တို့နှင့်တကွ ဖြစ်တော်မူကြ ကုန်၏၊ ဝဏ္ဏဝန္တာ-ဂုဏ်ကျေးဇူးအဆုံးလည်း ရှိတော်မူကြကုန်၏၊ နိတေပတ္တာ- မဘုန်မလှုပ်နိုင်သော အသရေတော်သို့လည်း ရောက်တော်မူကြကုန်၏၊ တဂ္ဂါ- ရတနာအဲ့ထက် ရတနာမြတ် လည်း ဖြစ်တော်မူကြကုန်၏၊ ဆာဒယနာ- အဝိဇ္ဇာဂမှောင်တိုက် လေးအင်ကြိုက်ကို၊ ဆောဒေဆော - ဖျက်ဆီးတော်မူကြကုန် ၏၊ ရသေဟိ-ကိုးပါးရသာ အင်္လင်္ကာတို့ဖြင့်၊ ပဌာ-ဟောကြား ပြောဆိုတော်မူကြကုန်၏၊ ရဇ္ဇေယျာ-သဒ္ဒါခြောက်ပါး အနက်

ခြောက်ပါး ဂုဏ်အားကြည်လင် ကြွယ်သော စကားလည်း ရှိတော်မူကြကုန်၏။

၇။ ရင္ဇာသ- ပရိသတ်လေးပါး ကြီးပွားခြင်းဖြင့်၊ ပူဇော်ကြီးပွားတော်မူကြကုန်၏၊ ရဿိကာ-ကြပတော့ဆန်းထွေ လေ၏ အဟန် လျင်မြန်သော ကြွသွားခြင်းလည်း ရှိတော်မူကြကုန်၏၊ ကာဗောစာပိ-အင်္ဂါရှင်စုံ အသံတော်ဂုဏ်ခြင်းသို့လည်း၊ယာယန္တီ-ရောက်တော်မူကြကုန်၏၊ သံလဂ္ဂါ- စျာနဖလနိရောဓဟု သုံးဝ ချမ်းသာ သမာပတ်ပစ္စု ထီးဖြူကနက် ပလ္လင်ထက်ဝယ် ကိန်းစက်တော်မူကြကုန်၏၊ ပဋ္ဌာနနောဉာဏာ- ဖွားမြင်တော်မူစ ခဏကပင် သိမြင်တော်မူအိပ် လောကီပညတ် အတတ်အပေါင်းလည်း ရှိတော်မူကြကုန်၏၊ ပုဗ္ဗေ- ဥပပိဋ္ဌိက ဥပဆ္ဓေဒက ကံနှစ်ပါးမှ ကင်းသော • ကိုယ်အသက်လည်း ရှိတော်မူကုန်ထသော၊ မဟာဝေယျ-သူရိယနေမင်း ရာသီတွင်းဖြင့် မကင်းမကွာ သွားလာသကဲ့သို့ ဘုရားတို့တံထွာ ဓမ္မတာမဖြတ် မဋ္ဌိမပဋိ္ဌပတ် အကျင့်မြတ်ဖြင့်သော ကြွလာတော်မူကုန်လာသော၊ တေဇိနေ- ထိုထိုသို့သော သတောရှိကုန်သော ဂင်္ဂါဝါဠု သဲစုပမာ များစွာကုန်သော ရှေးရှေးသော မြတ်စွာဘုရားတို့ကို၊ အဟံ- ခန္ဓာပဥ္စက ခြပ်မျက်ကို အတ္တသမုတ် ကျွန်ုပ်သည်၊ နမေနာမိ-ရိုသေညွတ်ကြိုး လက်စုံမိုး၍ ရှိခိုးကံတော့ပါ၏။

၈။ • ဒရိန္ဒ- ဘေးရန်အပေါင်း ကောင်းစွာနှိမ်ချိုး အစိုးရတော်•ထသော၊ ရိန္ဒမိ- ဉာဏ်တော်နက် ဓမ္မစက်ကို ပယ်ဆီး ကြကုန်သော မိစ္ဆာဉာဏ်ရှိ ဗိဒ္ဓိအပေါင်းတို့ကို ကောင်းစွာနှိမ်ချိုး အစိုးရတော်မူထသော၊ အာဒိရိန္ဒ- အင်္ဂါလေးတန် ညီမှန်စုံလင်

လျှင်သောလုံ့လ ဝိရိယတော်လည်း ရှိတော်မူထသော၊ သဒ္ဓိန္န-လူနတ်ဗြဟ္မာသတ္တဝါတို့၏ အရှင်သခင်လည်း ဖြစ်တော်မူထသော၊ သဒ္ဒိန္န-လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ညွတ်ပျောင်းချိုငေါ် ပူဇော်ရာလည်း ဖြစ်တော်မူထသော၊ရာဇိန္န-လူ့ရပ်နတ်ဌာန် နိဗ္ဗာန်ခရီးကို ပိတ်ဆီးနေကြ နီဝရဏခြောက်အင် သေ့ာတံကျင်ကိုလည်း သုတ်သင်တော်မူထသော၊ မုနိ-မိကျောင်းမကာရ်း ယက်ကြိုက်ကြမ်းတို့နှင့်တူကုန်သော အဝိဇ္ဇာရာဂ ဒေါသတရားကို ပယ်ရှားတော်မူထသော၊ မုနိန္န-သတ္တဝါ အပေါင်းတို့အား ချမ်းသာရေးကို ပေးတော်မူတတ်ထသော၊ သမ္ဘိန္န-ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ အစပ်အယှက်ကိုလည်း ဖျက်ဆီးတော်မူတတ်ထသော၊ နမိန္န-သတ္တဝါအပေါင်းတို့၏ မျက်စိအလင်း နေမင်းနှင့်လည်း တူတော်မူထသော၊ မိန္န-လမင်းကဲ့သို့ ချမ်းသော ရွှေနှုတ်လုံးတော်လည်း ရှိတော်မူထသော၊ တံသကျမုနိ-ထိုသာကီဝင် အရှင်ဂေါတမ မြတ်စွာဘုရားကို၊ အဟံ-သည်၊ ဝန္ဒေ-ဝန္ဒာမိ-၏။

၉။ ပရိမ္ဗ-ဘဝဂ်အပိုင်းအခြား ဇာတ်အပိုင်းအခြားသို့လည်း ရောက်တော်မူထသော၊ ဇိမ္ဗ-အောင်ရပ်မင်္ဂလာ ခေမာမည်ဆုန်း ပြည်တော်နန်းသို့လည်း ကြွမြန်းတော် မူထသော၊ ဟိမ္ဗကံ-သခေါ်နှစ်ဆယ် စွန်းကယ်သိန်းကပ် တော်င်းအပ်သော ပတ္တနာဆုမြတ်၏ ပြည့်စုံခြင်းသို့လည်း ရောက်တော်မူထသော၊ သိရိ-တင့်တယ်ရှင်ဖြိုး မနွမ်းညိုးသော ဂုဏ်သရေလည်း ရှိတော်မူထသော၊ မုနိ-မဟာဗြဟ္မာကြီးထက် ကြီးမြတ်သော မဟာဗြဟ္မာကြီးလည်း ဖြစ်တော်မူထသော၊အစိန္တေယျ-ညာဏအစိန္တေယျ စသော လေးပါးသော အစိန္တေယျကို ပိုင်းခြားတိတိ သိမြင်

တော်မူထသော၊ သိဒ္ဓိ-နတ်ဆေးနတ်ဂါး နတ်မန္တရားနှင့်တူသော အမြိုက်ရေ နတ်ဆေးလည်း ရှိတော်မူထသော၊ ဣဒ္ဓိ - ဣဒ္ဓိ ဆယ်ပါး ဣဿရိယ ရှစ်ပါးနှင့်လည်း ပြည့်စုံတော် မူထသော၊ ဇိတိန္ဒြိယံ- ဝါသနာနှင့်တကွ အောင်အပ်ပြီးသော ဣန္ဒြေလည်း ရှိတော်မူထသော၊ တံမဟာရာဇံ- ထိုမဟာသမတ ခတ္တိယရိုး အမျိုးတော်မြတ် ဝိသုဒ္ဓိနတ်မင်းကို၊ အဟံ-သည်၊ ဝန္ဒာမိ-၏။

၁၀။ တဏှ-ဘဝတဏှာ ဝိဘဝတဏှာဟူ ဆိုအပ်သော၊မဟိ- မဟာသမုဒ္ဒရာကို၊ ဇဟိ-စွန့်ပယ်ကူးမြောက်တော်မူထသော၊ဒိဋ္ဌိ- သစ္စာလေးပါး မြတ်တရားတို့ ပိုင်းခြားတိတိ သိမြင်တော်မူသည် ဖြစ်၍၊ မာနံ-အမျိုးကိုစွဲ၍ ဖြစ်သောမာန်, တန်ခိုးကိုစွဲ၍ ဖြစ်သောမာန်, စည်းစိမ်ဥစ္စာကို စွဲ၍ဖြစ်သောမာန်, သက်သက် သောမာနမာန်ကို၊ ဘိန္န-ဖျက်ဆီးတော်မူထသော၊ မုနိ-မောနေ ယျဂုဏ် ထုံအပ်ထင်ရှား မြတ်ဘုရားကို၊ အဟံ- သည်၊ နမေ-၏။ ရိက္ခန္ဒာ- ဖိုလ်သမာပတ် လေးရပ်လောကုတ် မုတ်ထွင့်လေးခု ရှိသော နိဗ္ဗာန်နန်းဘုံကို အာရုံကွန့်ဖြိုး အစိုးရတော်မူသော မြတ်စွာဘုရားသခင့်သည်၊ အာရိန္ဒ- ဘေးရန်အပေါင်းကို ကောင်းစွာနှိမ်ချိုး အစိုးရကြောင်းဖြစ်သော၊ ဗောဓိပလ္လင်ရံ- ဗောဓိမဏ္ဍိုင် ဉာဏ်ခရိုင်အောင်မှု အောင်ရန်ဆုကို၊ မေဝ- ငါ့အားမချွတ်၊ ဒဒေ-ပေးသနားတော်မူပါလော။

၁၁။ သိရိန္ဒရိန္ဒ ဒဒိရံ- လေးကျွန်းသနင်း စကြာမင်းအဖြစ်ကို ဆုတ်နစ်ကြဉ်ရှောင်၍ ဗုဒ္ဓဝင်နေ အမွေခံလည်း ဖြစ်တော်မူထ သော၊ ဝိစိန္တယံပိစိန္တယတံ- ကြောက်ရွံ့ ထိပ်သန့်ခြင်းမှုလည်း ကင်းတော်မူထသော၊ တယံတယန္တံ- သတ္တဝါအပေါင်းတို့ကို

ကောင်းစွာ စောင့်ရှောက်တော်မူထသော၊ ပိယံပိယန္တံ- သတ္တဝါ
အပေါင်းတို့၏ တပ်နှစ်သက်ရေး နတ်ချစ်ဆေး သဖွယ်လည်း
ဖြစ်တော်မူထသော၊ မံမဟာဗြဟ္မာနံ- မဟာဗြဟ္မာမင်းကို၊ ဗိနိန္န-
ဖေါင်မြင်ကွန်းဖြိုး အစိုးရတော်မူထသော၊ နမယိမံ- သတ္တဝါ
အပေါင်းတို့၏ အာဝါသဟဲလည်း ဖြစ်တော်မူထသော၊ ပိတိဖင်-
ဖိုလ်ဈာန်သမာပတ် ပီတိဖြက်တို့ဖြင့်လည်း ပျံ့နှံ့ခြင်း ရှိတော်မူ
ထသော၊ ဖရိုပိ-ပျံ့နှံ့ရောက် ရောင်ခြည်တော်လည်း ရှိထသော၊
တံ ဇိနံ- ထိုမြတ်စွာဘုရားကို၊ အဟံ-သည်၊ နမာမိ-၏။

၁၂။ ဝေဟာကာ-သသေနာ-ဘက်မိုးသားကောင်းကင် မြေပြင်
နှံ့ပြား များစွာသော နတ်စစ်သည်အပေါင်းနှင့်၊ သဟ-ညီပေါင်း
ယှက်၍၊ ဗာဟုံ- လက်ရုံးတထောင်ကို၊ ဟုသာ-ဖန်ဆင်းလျက်၊ ဂိရိ
မေခံ- မိုယ်းတိမ်တိုက်နှင့်တူသော ဂိရိမေခလာ အမည်ရှိသော
နတ်ဆင်ပြောင်ကြီးကို၊ သမာရုဠှံ- ကောင်းစွာတက်စီး၍၊ ဇိနာ
သန္တေ-ဘုရားအနီးသို့၊ ဘိန္ဒေ-ဖျက်ဆီးလိုသည်ဖြစ်၍ ရောက်လာ
သော၊ မာရေဝသဝတ္တိ-မာရ်နတ်မင်းကို၊ ပရာဇယျော- ရှုံးစေ
တော်မူအပ်ပြီး၊ တံ ဇိနံ- ထိုမြတ်စွာဘုရားကို၊ အဟံ- သည်၊ နမေ
နမာမိ ၏၊

၁၃။ ပါဒပိ- နိဗ္ဗာန်သို့၊ ပါဒမိ- ရောက်ကြောင်း ဖြစ်သော၊
ပူရပါ- ကျင့်အပ်ကျင့်ထိုက်သည့်ပျသော၊ သဗ္ဗပိ- အလုံးစုံသော
ပါရမီဆယ်ပါး အပြားသုံးဆယ်အပေါင်းကို၊ စတ္တာရိသင်္ချေ,
သင်္ချေယျာပိ-လေးသင်္ချေနှင့်တကွ သင်္ချေနှစ်ဆယ်တို့ပတ်လုံးရင်း၊
ကပ္ပါပိသတာ, သတာဒသဣပိ- ကမ္ဘာတသိန်းတို့ပတ်လုံးရင်း၊

ပူရံပူဇေရန္တံ- ဖြည့်ကျင့်တော်မူပြီးထသော၊ တံဇိနံ- ထိုမြတ်စွာဘုရားကို၊ အဟံ-သည်၊ နမေနမာမိ-၏။

၁၄။ ကာရုံ- တောဘုမ္မက ဝဋ္ဋဒုက္ခ ဆင်းရဲကြီးစွာ ခံနေရကုန်သော သတ္တဂါအပေါင်းကို၊ ကာရုညကာရုဏာ-သနားတော်မူလှသော အကြောင်းကြောင့်၊ သတ္တာ သတ္တာနံ- သညာရှိသော သတ္တဝါ သညာမရှိသော သတ္တဝါ အနန္တတ္တ သတ္တဝါ ရှင်ဥသတ္တဝါတို့၏၊ အတ္တာယ- အကျိုးငှာ၊ အမတ်ဘျသံ- ဒုက္ခရောကြိတ် သံကိုလိင်္ဂဟု အဆိပ်လျှတက် အနာပျက်ကို ဖျက်ဆီးတော်မူတတ်သော အရဟတ္တမဂ်ဆေးဖြင့် ပျောက်ပျက်ကင်းဝေးစေ၍ ချမ်းသော ကိုယ်တော်၏ အဆုံးသို့လည်း ရောက်တော်မူထသော၊အပတ္တံ- မရောက်ဘူးသော ဘုရားအဖြစ်သို့၊ ပတ္တံ- ရောက်တော်မူထသော၊ အဇိနံ- မထွန်းလင်းဘူးသော၊ ပေါကုဋ္ဌာရာ တရားကို၊ ဩဇိနံ- လွန်စွာထွန်းလင်းစေတော်မူထသော၊ တံဇိနံ-ထိုမြတ်စွာဘုရားကို၊ အဟံ-သည်၊ အာဘူသော-လွန်စွာ၊ ဝန္ဒေဝန္ဒာမိ- ရှိခိုးပါ၏။

၁၅။ မာရော-ဝသဝတ္တိ မာရ်နတ်မင်းသည်၊ကုဏ္ဍံ-ရှည်လျားကြီးမားသော နှာမောင်းလည်း ရှိထသော၊ မင်္ဂ - မာရ်မှုရစ်မှုး တဟူးဟူးလည်း ရှိထသော၊ မဟာဂိရိန္ဒဂိရိ-ဟိမဝန္တာ တောင့်ထွဋ်ကဲ့သို့ ကြီးမားမြင့်မြတ်သော ကိုယ်ရပ်လည်းရှိထသော၊ မေဃလံ-မိုးပြင်အလုံကို ဖုံးအုပ်သကဲ့သို့ ထင်ရှားသော နတ်ဆင်ပြောင်ကြီးကို၊ ရင်္ဂ - တက်စီးတော်မူ၍၊ ဗောဓိမဏ္ဍလ သမီပကေ-ဗောဓိမဏ္ဍိုင်အနီးသို့၊ ဒေဝေ- အချင်းနတ်တို့၊ အရေ- ဖမ်းလားဆီးလား ဆွဲငင်လားဟု စီညံဟစ်ကြွေး ကြော်ငြာသံပေးလျက်၊ မျာနိသ မဂမာ- ညချမ်းအခါရောက်လာပြီ၊ မျန္တိ-ရောက်လာ

သော၊ မြိန္ဒာဝဿဝတိကာယိ- ဝဿဝတိ မာရ်နတ်မင်းကိုလည်း၊ ချာခယာဂမာ- ဗိုလ်ထုအလုံး စစ်ရှုံးခြင်းကိုလည်း ပြုတော်မူပြီ၊ ဗျာအဒေသဂမာ- အရပ်မရွေး ထွက်ပြေးခြင်းကိုလည်း ပြုတော်မူပြီ၊ ချန္တိ ချန္တိနော-ဗိုလ်ထုအလုံး စစ်ရှုံးခြင်းကိုလည်း ပြုတော်မူထသော၊ ဗျန္တိ ဗျန္တိနော- အရပ်မရွေး ထွက်ပြေးခြင်းကိုလည်း ပြုတော်မူထသော၊ဘသာ-ထိုမြတ်စွာဘုရားအား၊မေ-အကျွန်ုပ်၏၊ နမော- ရှိသေမြတ်နိုး မြှိုခိုးခြင်းသည်၊ ဟောတု- ဖြစ်စေသတည်း၊ မေ-ငါ့အား၊ အဇယော-သူတပါးတို့မအောင်နိုင်သည်၊ဟောတု- ဖြစ်ပါစေသတည်း၊ နဇယော-သူတပါးဖြင့် မဝံ့လှုပ်စေနိုင်သည်၊ ဟောတု-ဖြစ်ပါစေသတည်း။

## ၁၅ ဂါထာ အနက်ပြီး၏။

---

## ပထဝိဇယမန္တန်တော်ကြီး

၁။ ဩဘာသဇေယျ ပထဝိဿဗ္ဗ အနေက အဒ္ဓုရာယာယ ဇေယျပစ္စေကဗုဒ္ဓါစ ဇေယျဥပရိမဟောသရော။

၂။ ဇေယျဟာရောဟာရိဒေဝါ ဇေယျဖြပဗ္ဗာခတ္တရဋ္ဌော ဇေယျ နာဂေါစ ဝိရူဠှော ဝိရူပက္ခော စန္ဒိမာ။

၃။ ကုဝေရော ဝိနတေယောစ ကုဝေရော ဝရုဏောပိစ အဂ္ဂိ ဝါတပဇ္ဇုန္နော ကုမာရော စတုပါလကော။

၄။ အဋ္ဌာရသ မဟာဒေဝါ သုခိနောတာ ပသိဒ္ဓိယော အသီတိ မဟာသဝကာ သဗ္ဗေဇေယျ ဘဝန္တုမေ။

၅။ ဇေယျော ဓမ္မောစ သံဃော ဒသဗလော ဇေယျကော
ဇေတဝနသစ္စဝစ္စေန ဇေယျာသုံ ဘဝန္တု မေ။

၆။ နရာဒေဝါဟိ ဗြဟ္မာနော ယက္ခာနာဂါစ ဂရုဠာဒေဝါပိ
ဒိသွာ ပီယံ မယှံ ပုတ္တာ မမမေဝ သိနေဟာ။

၇။ ဗုဒ္ဓါပစ္စေက ဗုဒ္ဓါစအရဟံ အဂ္ဂသာဝကာ သဗ္ဗေ
ကာရေန္တုမေ မေတ္တံသဗ္ဗေတိဋ္ဌန္တု မတ္တကေ။

၈။ တေသံ မေတ္တာ နုဘာဝေန သဗ္ဗရောဂါ သုခိဟောန္တု
သဗ္ဗေဘယာ ဝိနာသန္တု သဗ္ဗေဝိနာ သန္တုဥပဒ္ဒဝါ။

၉။ လူမသို့ စက္ကဝါဠေစ အနန္တ ပါကိ်နော ဗဟုအနန္တ
စက္ကဝါဠေသု အနန္တပါကိ်နောဗဟု။

၁၀။ လူမေသတ္တာ အဝေရာစ အညမညံပိယံဘဝ လူမေ
သတ္တာအဝေရာစ အညမညံ ပီယံသုခံဘဝေ။

၁၁။ အနုရိယော တိရစ္ဆာနောဂတော အသူရကောဝယမော
လူမေသဗ္ဗေ ယထာယတ္ထာဏာ ဒုက္ခာမုစ္စန္တု တတ္ထဝဂါ။

၁၂။ ဒသကောဋ္ဌိ ဥဒကဇာတ နဝကောဋ္ဌိ တလဇာတ သံသေ
ဒေဇာ ဥပပါတိကော ဒီဃာယုကာ ဘဝန္တု တေ။

၁၃။ ဥဒ္ဓံယာဝ ဘဝဂ္ဂါစ အဓောယာဝ အဝီစိတော
သမန္တာစက္ကဝါဠေသု ယေသတ္တာ ပထဝီစရာ
အဗျာပဇ္ဈာ နိဝေရာစ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ သဗ္ဗေ
သတ္တာအဝေရာစ သံသာသဗ္ဗေဟိညာတိဘိ။

## ၂၇နက်ကား

ဩဘောင်း— ကာဝရံ စောင့်ရှောက် ပြီးစီးအောင်မြင်စေသတည်း၊ အနေကအန္တရာယာယ- များစွာသော အန္တရာယ်တို့ကို ပယ်ခြင်းငှာ၊ပထဝီသဗ္ဗံ-မြေကြီးအလုံးစုံကို၊ဇေယျ-အောင်မြင်စေလော၊ ပဉ္စကဗုဒ္ဓါစ-ပဉ္စကဗုဒ္ဓါတို့သည်လည်း၊ ဇေယျ-အောင်မြင်ခြင်းကို ပေးစေကုန်သတည်း၊ ဥပရိ-အထက်၌၊ မဟောသရောစ-မဟောသရနက္ခတ်မင်းသည်လည်း၊ ဇေယျ- အောင်မြင်ခြင်းကို ပေးစေသတည်း၊ ဟရောစ-ဟရမည်သော နက္ခတ်မင်းသည်လည်း၊ ဇေယျ-အောင်ခြင်းကို ပေးစေသတည်း၊ ဟရိဒေဝေါစ-ဟရိမည်သော ဗိဿနိုး နက္ခတ်မင်းသည်လည်း၊ ဇေယျ-အောင်ခြင်းကို ပေးစေသတည်း၊ ဗြဟ္မာစ-ဗြဟ္မာမည်သော နက္ခတ်မင်းသည်လည်း၊ ဇေယျ-အောင်ခြင်းကို ပေးစေသတည်း၊ ဓတ္တရဋ္ဌောစ-ဓတ္တရဋ္ဌ နက္ခတ်မင်းသည်လည်း ၊ ဇေယျ-တည်း၊ နာဂေါစ-နဂါးမင်းသည်လည်း၊ ဇေယျ-တည်း၊ ဝိရူဠှကောစ-ဝိရူဠှကနက္ခတ်မင်းသည်လည်း၊ ဇေယျ-တည်း၊ ဝိရူပက္ခောစ-ဝိရူပက္ခနက္ခတ်မင်းသည်လည်း၊ ဇေယျ-တည်း၊ စန္ဒိမာစ-လနက္ခတ်မင်းသည်လည်း၊ ဇေယျ-တည်း၊ဣန္ဒောစ-ကြီးမြတ်သောသိကြားမင်းသည်လည်း၊ဇေယျ-တည်း၊ဝါသုကုဏ္ဍိနွှော-ငှက်အရပေါင်းကို အစိုးရသော၊ ဝိနတေယျောစ-ဂဠုန်မင်းသည်လည်း၊ ဇေယျ-တည်း၊ကုဝေရောပိစ-ကုဝေရ နက္ခတ်မင်းသည်လည်း၊ ဇေယျ-တည်း၊ ဝိရူဠှောပိစ-ဝရူဠှနက္ခတ်မင်းသည်လည်း၊ ဇေယျ-တည်း၊ အဂ္ဂိဝါတ ပဇ္ဇုန္နောစ-မီးနက္ခတ်မင်း, လေနက္ခတ်မင်း, မိုးနက္ခတ်မင်းတို့သည်လည်း၊ ဇေယျ-တည်း၊ ကုမာရောစ- မဟာပိန္နေနက္ခတ်မင်းသည်လည်း၊ ဇေယျ-တည်း၊ စတုလောကပါလာစ-

စတုလောကပါလနတ်မင်းတို့သည်လည်း ဇေယျ-တည်း၊ အဋ္ဌာရ သမဟာဒေဝါ- ဣန္ဒ-သောမ-ဘာရဒွါဇ-ပဇာပတိ-ဂေါပါလ အစရှိသော နတ်မင်းကြီး ၁၈-ပါးတို့သည်လည်း၊ ဇေယျော-ကုန် သတည်း၊ သုခိနော-ချမ်းသာကုန်သော၊ တာပသိဒ္ဓိဃာစ-တန်ခိုး ကြီးသော ရသေ့တို့သည် လည်းကောင်း၊ အသီတိမဟာသာ ဝကာစ- တသီတိမဟာသာဝကတို့သည်လည်း၊ ဇေယျ-တည်း၊ သဗ္ဗေ-ဤသို့ ဆိုအပ်ခဲ့ပြီးသော အလုံးစုံတို့သည်၊ မေ-ငါ့အား၊ ဇေယျ-ကုန်သည်၊ ဘဝန္တု-ဖြစ်စေကုန်သတည်း။

ဓမ္မောစ-တရားတော်သည်လည်း၊ ဇေယျ-တည်း၊သံဃော စ-သံဃာတော်သည်လည်း၊ ဇေယျ-တည်း၊ ဒသဗလောစ- မြတ် စွာဘုရားသည်လည်း၊ ဇေယျကော-အောင်ခြင်းကို ပေးတော်မူ ၏၊ ဧတေနသစ္စဝဇ္ဇေန-ဤသစ္စာစကားဖြင့်၊ မေ-ငါ့အား၊ ဇေယျ- အောင်ခြင်းသည်လည်းကောင်း၊ သုခိစ-ချမ်းသာခြင်းသည်လည်း ကောင်း၊ ဘဝန္တု-ဖြစ်စေကုန်သတည်း။

နရာစ-လူတို့သည်လည်းကောင်း၊ ဒေဝါစ-နတ်တို့သည် လည်းကောင်း၊ ဗြဟ္မာနောစ- ဗြဟ္မာတို့သည်လည်းကောင်း၊ ယက္ခေစ-ဘီလူးတို့သည်လည်းကောင်း၊ ဂရုဠာစ- ဂဠုန်တို့သည် လည်းကောင်း၊ တေပိ-ဆိုအလုံးစုံတို့သည်လည်း၊ မယှံ-ငါ့အား ဒိသွာ-မြင်၍၊ ပီယံ-ချစ်ခြင်းကို၊ ကရောန္တု- ပြုစေကုန်သတည်း၊ ပုတ္တောဘဂ္ဂစ-နင်၌ဖြစ်သောသားကဲ့သို့၊ မမ-ငါ့အား၊သိနေဟံ-ချစ် ခြင်းကို၊ ကရောန္တု-ပြုစေကုန်သတည်း၊ ဗုဒ္ဓါစ-ဘုရားရှင်တို့သည် လည်းကောင်း၊ ပစ္စေကဗုဒ္ဓါစ-ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း၊ အရဟံစ- ရဟန္တာတို့သည်လည်းကောင်း၊ အဂ္ဂသာဝကာစ-အဂ္ဂ

သာဓကတို့သည်လည်းကောင်း၊ သဗ္ဗေ-ဤအလုံးစုံတို့သည်၊ မေ-ငါ့အား၊ မေတ္တံ-မေတ္တာကို၊ သရေန္တု-ပြုစေကုန်သတည်း၊ သဗ္ဗေ-အလုံးစုံတို့သည်၊ မေ-ငါ့ကိုယ်၏၊ မတ္ထကေ-ဦးထိပ်၌၊ တိဋ္ဌန္တု-တည်း။

တေသံ-ထိုဘုရားပစ္စေကဗုဒ္ဓါ မဟန္တာ အဂ္ဂသာဝကတို့၏ မေတ္တာနုဘာဝေန-မေတ္တာအာနုဘော်ကြောင့်၊ သဗ္ဗေ- ခပ်သိမ်းကုန်သော၊ ရောဂါစ-အနာရောဂါတို့သည်လည်းကောင်း၊ သဗ္ဗဘယာစ-ခပ်သိမ်းကုန်သော ဘေးတို့သည်လည်းကောင်း၊ ဝိနာသန္တု-ပျောက်စေကုန်သတည်း၊ သုခိနော- ချမ်းသာခြင်းတို့သည်၊ ဟောန္တု-ဖြစ်စေကုန်သတည်း၊ သဗ္ဗေ-ခပ်သိမ်းကုန်သော ဥပဒ္ဒဝါ-ဥပဒ္ဒဝေါတို့သည်၊ ဝိနသန္တု-ပျောက်စေကုန်သတည်း။

ဤမည်သို့ စက္ကဝါဠေ-ဤစကြာဠာ၌၊ အနန္တပါကိနော-အတိုင်းမသိသော သတ္တဝါတို့သည်လည်း၊ ဗဟူ-များလှစွာကုန်၏၊ အနန္တစက္ကဝါဠေသု- စကြာဝဠာ အနန္တတို့၌၊ အနန္တပါကိနော-အတိုင်းမသိသော သတ္တပါတို့သည်လည်း၊ ဗဟူ-များလှစွာကုန်၏၊ ဣမေသတ္တာ- ဤအတိုင်းမသိသော သတ္တဝါတို့သည်၊ အဝေရာစ- ရန်မရှိကြကုန်သည်ဖြစ်၍လည်း၊ အညမည်- အချင်းချင်း၊ ပိယံ-ချစ်ခင်ကြသည်၊ ဘဝတု- ဖြစ်စေသတည်း၊ ဣမေသတ္တာ-ဤအတိုင်းမသိသော သတ္တဝါတို့သည်၊ အဝေရာစ-ရန်မရှိကြကုန်သည်ဖြစ်၍လည်း၊ အညမည်-အချင်းချင်း၊ သုခါ-ချမ်းသာကြသည်၊ ဘဝတု-ဖြစ်စေသတည်း၊ အနရိယာစ-မသူတော်အပေါင်းတို့သည် လည်းကောင်း၊ တိရစ္ဆာနေစ- တိရစ္ဆာန်အပေါင်းတို့သည်လည်းကောင်း၊ ပေတာစ- ပြိတ္တာအပေါင်းတို့

သည်လည်းကောင်း၊ အသူရကာစ- မိစ္ဆာသူရကယ်တို့သည်လည်းကောင်း၊ ယမမာစ-ယမမင်းသည်လည်းကောင်း၊ ယထာယတ္တကာ- အကြင်မျှလောက်ကုန်သော၊ သဗ္ဗေ- အလုံးစုံကုန်သော၊ ဘူမေသတ္တာ-ဤသတ္တဝါတို့သည်၊ သန္တိ-ရှိကုန်၏၊ တတ္တကာ-ထိုမျှလောက်ကုန်သော၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ ဘူမေသတ္တာ-ဤသတ္တဝါတို့သည်၊ ဒုက္ခာ-ဆင်းရဲမှု၊ မုစ္စန္တု- ကင်းလွတ်ကြကုန်သတည်း။

ဒသကောဋ္ဌိဥဒကဇာစ- ရေနေဆယ်ကုဋေတို့သည်လည်းကောင်း၊ နဝကောဋိတလဇာစ- ကြည်းနေကိုးကုဋေ တို့သည်လည်းကောင်း၊ သံသေဒဇောဥပပါတိကာစ-သံသေဒဇ ဥပပါတ်တို့သည်လည်းကောင်း၊ တေ-ထိုအလုံးစုံတို့သည်၊ ဒီဃာယုကာ-အသက်ရှည်ကုန်သည်၊ ဘဝန္တု-ဖြစ်စေကုန်သတည်း။

ဥဒ္ဓံ-အထက်၌၊ ယာဝဘဝဂ္ဂါစ-ဘဝဂ်တိုင်အောင်လည်းကောင်း၊ အဓော- အောက်၌၊ ယာဝအဝီစိတော-အဝီစိတိုင်အောင်လည်းကောင်း၊ သမန္တာ-ထက်ဝန်းကျင်မှ၊ စက္ကဝါဠေသု-စကြာဝဠာတိုက်တို့၌လည်းကောင်း၊ ယေသတ္တာ-အကြင်သတ္တဝါတို့သည်၊ ပထဝီစရာ မြေ၌သွားလာကုန်၏၊ တေသတ္တာ- ထိုသတ္တဝါတို့သည်၊ အဗျာပဇ္ဇာစ- ကြောင့်ကြ ကင်းကုန်သည်လည်းကောင်း၊ ဟောန္တု-ဖြစ်စေကုန်သတည်း၊ နိဝေရာစ-ရန်ကင်းကုန်သည်လည်းကောင်း၊ ဟောန္တု-ဖြစ်စေကုန်သတည်း၊ နိဒ္ဒုက္ခာစ- ဆင်းရဲကင်းကုန်သည်လည်းကောင်း၊ ဟောန္တု- ဖြစ်စေကုန်သတည်း၊ ဥပဒ္ဒဝေါစ-ဥပဒ္ဒဝေါ ကင်းကုန်သည်လည်းကောင်း၊ ဟောန္တု-ဖြစ်စေကုန်သတည်း၊သဗ္ဗေ-ခပ်သိမ်းကုန်သော၊ သတ္တာ-

သတ္တဝါတို့သည်၊ သဗ္ဗဟိ ခပ်သိမ်းကုန်သော၊ ဉာတိဘိ-အဆွေအမျိုးတို့နှင့်၊ သဟ- တကွ၊ ဖအဝေရာစ-ရန်မရှိကြကုန်သည်လည်း၊ ဟောန္တု- ဖြစ်စေကုန်သတည်း။

ကာလာသောကမင်းမြတ် အမြဲမပြတ်
ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော
**ပထဝိဇယာဂါထာတော်ကြီး**

၁။ ဩြောင်းပထဝိဗလသုန္ဒရိ သဗ္ဗညုဗောဓိမဏ္ဍလံ အသင်္ချေယျံ မာရသေနံ ဇယောဇယတုမင်္ဂလံ၊ ၂- သိဒ္ဓိကမ္မ အဟံသာမိ သဗ္ဗသတ္တရူဝိနသန္တု-ယေနသစ္စေနသံမော ဟောဘုမေဇယမင်္ဂလံ၊ ၃-ဣတိပိသောဘဂဝါဝုဇ္ဈော ဣတိမန္တာ သုခဝါဟာ နိလောသောဘဂဝါဝုတ္တော၊ ၄- ကံရုဏိယမတ္ထကုသလေန ယန္တသန္တံ ပဒံအဘိသမေစ္စ သက္ကောဒေဝရာဇာမုနိ ဒကယက္ခာ အဋ္ဌာဝက ဣဟတ္ထက္ကဏ္ဍတ်-

**အနက်ကား**။ ။ ၁- ဩြောင်း- ကာရံစောင့်ရှောက်ပြီးစီး အောင်မြင်စေသတည်း၊ သဗ္ဗညုဗောဓိမဏ္ဍလံ- သဗ္ဗညုတဉာဏ်၏ ကြည်လင်ခြင်းကို ယူရာဖြစ်သော ဗလသုန္ဒရိအားဖြင့် ကောင်းမြတ် ခိုင်ခံ့သော ပထဝိမြေအပြင်၌၊ အသင်္ချေယျံ- မရေမတွက်နိုင်သော၊ မာရသေနံ-မာရ်ငါးပါးတို့စစ်သည်ကို၊ ဇယော-အောင်မြင်တော်မူလေပြီ၊ တံဇေဇသာ- ထိုမာရ်ငါးပါးတို့စစ်သည်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့်၊ မေ-ငါ့အား၊ မင်္ဂလံ-မင်္ဂလာသည်၊ ဇယတု- ပြီးစီးအောင်မြင်စေသတည်း။

၂။ အဟံ-ငါသည်၊ သိဒ္ဓိကမ္မံ- နာမှုခပ်သိမ်း ပြီးစီးခြင်းကို၊ သာမိ-အစိုးပိုင်စေသတည်း၊ သဗ္ဗသတြူ-ရန်သူခပ်သိမ်းတို့သည်၊ ဝိနသံန္တု- ပျောက်ပျက်စေကုန်သတည်း၊ ယေနသစ္စေန- အကြင်သို့သောသစ္စာဖြင့်၊ သံယမော- စောင့်စည်း၏၊ တေနသစ္စေန-ထိုသို့သောသစ္စာကြောင့်၊ မေ-ငါ့အား၊ ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်၊ ဟောတု-ဖြစ်စေသတည်း။

၃။ သောဘဂဝါ- ထိုမြတ်စွာဘုရားသည်၊ ဣတိပိ- ဤသို့သော အကြောင်းကြောင့်လည်း၊ အရဟံ-အရဟ မည်တော်မူ၏ ဟူ၍၊ ဝုတ္တော--ငါသရဇ္ဈာယ်ဆောက်တည်ပြီး၊ မန္တာ- မန္တရားမန္တာန်တို့သည်၊ သုခါဝဟာ ဣတိ-ချမ်းသာကို ဆောင်ပေတတ်၏ ဟူ၍လည်း၊ ဝုတ္တော- ငါသရဇ္ဈာယ် ဆောက်တည်ပြီ၊ သောသဂဝါ- ထိုမြတ်စွာဘုရားသည်၊ နိလော- အပြစ်ရှိတော်မမူဟူ၍လည်း၊ ဝုတ္တော- ငါသရဇ္ဈာယ် ဆောက်တည်ပြီ၊ ၄-ယံပဒံ အကြင်နိဗ္ဗာန်သည်၊ သန္တံ- ငြိမ်သက်ချမ်းမြေ့၏၊ တံပဒံ-ထိုနိဗ္ဗာန်ကို၊ အဘိသမေစ္စ- ကောင်းစွာ ရှေးရှုရည်မှတ်၍၊ အတ္တကုသလေန- အကျိုးစီးပွား၌ လိမ္မာသောသူသည်၊ ကရဏီယံ-ပြုအပ်ကျင့်အပ်၏ ဟူ၍လည်း၊ ဝုတ္တော- ငါသရဇ္ဈာယ် ဆောက်တည်ပြီ၊ သဗ္ဗေ ဥပဒ္ဒဝါ- သိကြားနတ်မင်း၊ မုနိ- ရသေ့၊ ဒကယက္ခ-ဒကယက္ခိုက်၊ အာဋာဝက-အာဋာဝကဘီလူး၊ ဣမေ-ဤအလုံးစုံတို့သည်၊ ဣဟတ်- ပြီးစီးအောင်စေသတည်း၊ ဣဟတ်-ပြီးစီးအောင်မြင်ခြင်းငှာ လုံ့လပြုစေကုန်သတည်း။ ပထဝီဝဏ္ဏ ၄-ဂါထာပါဠိ အနက်ပြီး၏။

## ဘဒ္ဒသေနမင်းမြတ် အမြဲရွတ်ဖတ်
## သ[illegible]ယ်တော်မူသော

## တြိသိဟ·ဂါထာတော်ကြီး

၁-သြောင်း တြိသိဟော သတ္တနာဂေါ ပဥ္စဗိဿနုမေဝစ
စတုဒေဝေါ ဆဝဿံဝရော ပဥ္စကုန္ဒာနမေဝစ ၂-ကေယကွော
နဝဒေဝေါ ပဥ္စပြဟ္မာသဟမ္ပတိ ဒွေရာဇာ အဋ္ဌရဟန္တာ ပဥ္စဗုဒ္ဓေါ
မဟာမုနိ ၃-သြောင်း တတြတတြ သဗ္ဗသလေ မဟာသဗ္ဗ
သွာဟ—

အနက်ကား။ ။ ၁ သြောင်း-ကာရံ စောင့်ရှောက်ပြီးစီး အောင်မြင်စေသတည်း၊ တြိသိဟော-ခြင်္သေ့ ၃ပါး၊ သတ္တနာဂေါ-နဂါး ၇-ပါး၊ ပဥ္စဗိဿနုမေဝစ- ဗိဿနိုးနတ်မင်း ၅ ပါး၊ စတုဒေဝေါ- စတုမဟာရာဇ် နတ်မင်းကြီး ၄-ပါး၊ ဆဝဿဝရော- ဝဿဝရောဂုမ္ဘာန် ၆-ပါး၊ ပဥ္စကုန္ဒာနမေဝစ- သိကြားနတ်မင်း ၅-ပါး၊ ကေယကွော- ဘီလူးတပါး၊ နဝဒေဝေါ-နတ်ကြီး ၉-ပါး၊ ပဥ္စပြဟ္မာသဟမ္ပတိ-သဟမ္ပတိဗြဟ္မာ-၅ပါး၊ ဒွေရာဇာ-စကြာမင်း ၂-ပါး၊ အဋ္ဌရဟန္တာ- ရဟန္တာ ၈-ပါး၊ ပဥ္စဗုဒ္ဓေါ မဟာမုနိ- မုနိ တကာတို့ထက် မြတ်တော်မူသော ဘုရား ၅-ဆူ၊ တေသဗ္ဗေ- ထိုအလုံးစုံတို့သည်၊ မံ-အကျွန်ုပ်ကို၊ ယန္တု-စောင့်စေကုန်သတည်း၊ သြောင်း-ကာရံစောင့်ရှောက် ပြီးစီးအောင်မြင်စေသတည်း၊ တတြ တတြ- ထိုထိုသို့သော၊ သဗ္ဗသလေ- အလုံးစုံသော တောင်တို့၌၊ မဟာ-များစွာသော နတ်အပေါင်းတို့သည်၊ သဗ္ဗတြ-အညီအညွတ် စည်းဝေးကြ၍၊ သွာဟ- ကောင်းစွာ စောင့်ရှောက်ကြစေကုန် သတည်း။

## တိုက်တွန်းခြင်း ဥပဒေသဇာစကား

ယခုအခါ မြန်မာပြည်တွင် ဤ"ဆရာဖြစ်သင် ဘိသိက် မင်္ဂလာကျမ်း" က စပြီး "သခင်ကိုယ်တော်မှိုင်းဂိုဏ်း" ဟူ၍ ဂိုဏ်းသီးတဆူ စွင့်စွင့်လူလူ တန်ခွန်ထူစေမည်ဖြစ်ရာ နည်းနာခံယူ သင်ကြားသူတပည့် အပေါင်းတို့ စည်းကမ်းတကျ ပေါ်ပေါက် ထွန်းကားစေရန် ရည်သန်တောင့်တလျက် ဤဘိသိက်မင်္ဂလာ ပညာကို ခကောင်းစွာတတ်မြောက်ကြပြီးလျှင် လူအပေါင်းတို့၏ ဆည်းကပ် ကိုးကွယ်ရာ မြို့ရွာတို့၏ ကြက်သရေဆောင် ပညာရှိ မျက်နှာဖုံးကြီးများအဖြစ်သို့ ရောက်ရမည်ကား အမှန်ဖြစ်သဖြင့် မြို့ရေးရွာရေး သားရေးသမီးရေး ဆေးနွေးချိန်ခါ သွားလာခရီး ဝေးနီးချင့်ထောက် ကျောင်းဆောက် အိမ်ဆောက် ကြမ်းမျှောက် ထွန်ချ လနှင့် နေ့ရက် ငှက်ကွက်သောက်ထား ပြဿဒါးရက်ရာဇာ မြေခံနဂါးလှည့် ရက်ဆိုးရက်ကောင်း အကြောင်းကြောင့်တို့ကို ကောင်းမကောင်းရွေးချယ်၍ ဘေးအန္တရာယ်တို့မကပ်ငြိရအောင် တတ်သည့်ပညာဖြင့် လိမ္မာစွာညွှန်ပြနိုင်စေရန် ရသေ့ရှစ်သောင်း ဆရာကောင်းတို့၏ နည်းလမ်းအပေါင်းကို မှီးငြမ်းအကြောင်းပြု ပြီးသကာလ ၄ပေါင်းစု၍ ရေးသားခဲ့ပေအံ့၊ လေ့စားစွာ ရှင်လူ အများတို့သည် သင်ယူမှတ်သား ကြစေကုန်သတည်း။

## အမြိတ္တာစုတ် ရက်မြတ် ရွေးနည်းကို ပြပေအံ့

ပါဌ်— ရဝိအဌ ဩဝိယောစန္ဒရ္ဇာ ဘုမ္မေသတ္တ ဒွယဗုဒ္ဓေါ ဂုရုစတု
ဘရဂူကော သောရိပဉ္စ အမြိတ္တစော။

အနက်။ ။ရဝိ-တနင်္ဂနွေသည် အဋ္ဌ-လွန်းလွှတ် ၈ ရက်၊ စန္ဒရ-တနင်္လာသည် ပ္ပဉ္စဒသော-လွန်းလွှတ် ၁၃-ရက်၊ဘုမ္မော-အင်္ဂါသည် သတ္တာ-လွန်းလွှတ် ၇-ရက်၊ ဗုဒ္ဓါ-ဗုဒ္ဓဟူးသည်၊ ဒွယာ-လွန်းလွှတ် ၂-ရက်၊ ဂုရု-ကြာသပတေးသည်၊ စတု-လွန်းလွှတ် ၄-ရက်၊ ဘဂ္ဂု-သောကြာသည် ကော-လွန်းလွှတ် ၁-ရက်၊ သောရီ-စနေသည်၊ ပဉ္စ-လွန်းလွှတ် ၅ရက်၊ ဣဒံ-ဤသည် ကား အမြိတ္တစုက် ရက်မြတ်တည်း။

## အကျိုးပေးအဟောကား

၎င်းအထက်ပါ အမြိတ္တစုက်ရက်ကြုံသော နေ့တို့၌ အမှုကိစ္စ ပြုလုပ်ဆောင်ရွက်မှု အောင်မြင်ထမြောက်ခြင်း၊ လာဘ်လာဘ ရှင်လန်းခြင်း၊ ဆောင်ရွက်သော အမှုကိစ္စ ပြီးမြောက်ခြင်း၊ ခပ်သိမ်းသော အနာရောဂါ ကင်းပျောက်ခြင်း၊ နတ်တို့ချီးမွမ်းခြင်းကို ခံရကုန်၏။ ထို့ကြောင့် ကျမ်းဂန်တို့၌ အဟောလာရှိသည်တို့ကား—

> အမြိတ္တစော ကတံကမ္မံဇယေ လာဘဉ္စ သိဒ္ဓိကံ ဒေဝါနံပိ ပသံသန္တိ သဗ္ဗရောဂါဝိနာသန္တု။

အနက်။ ။အမြိတ္တစော-အမြိတ္တစုက်ရက်ကို၌ ကတံ-ပြုလုပ်ဆောင်ရွက်အပ်သော၊ ကမ္မံ-အမှုကိစ္စသည်၊ ဇယေ-အောင်မြင်ရာ၏၊လာဘဉ္စ-လာဘ်လာဘလည်းရ၏၊ သိဒ္ဓိကံ- အပြီးအစီးတိုင်၏၊ ဒေဝါနံပိ- နတ်တို့အားလည်း၊ ပသံသန္တိ- ချီးမွမ်းကုန်၏၊ သဗ္ဗရောဂါ-ခပ်သိမ်းသော အနာရောဂါတို့သည်၊ ဝိနာသန္တု-ပျောက်ပျက်ကုန်၏။

ငှင်းအမြိတ္တစုက်ရက်သည် ပြည့်ဿဒါးရက်နှင့်ပင် ကြုံတွေ့စေကာမူ ဂဠုန်ကို နဂါးသည် အောင်သကဲ့သို့ အောင်သော နေ့ဖြစ်၍ မရှောင်အပ်၊ ဆောင်ကုန်ရာသည်သာလျှင်တည်း။

## မထိမ်းမြားရာသော ၆-လအဟော

မှတ်သားနောင်လာ လူတကာတို့ ကျမ်းလာညွှန်ပြ ဝါဆိုလအား ပေးထိမ်းမြားမှု နှာဖျားသော်ပျောက် ဘေးကြီးရောက်အံ့၊ ထိုနောက်ဝါခေါင် ပူလောင်ရှိန်ပြင်း တော်သလင်းနှင့် ဆောင်းတွင်းဟောမ နတ်တော်လှ၌ တူကွမိတ္တာ ထိမ်းမြားပါမူ ရောဂါလည်းပွား သေပျောက်များအံ့၊ ချမ်းစွာပိုမို လပြာသို၌ ယှင်းယိုဥစ္စာ မကြာပျက်စီး ဒုက္ခကြီး၏၊ တသိုးမှတ်ကြောင်း လတပေါင်းတွင် ထိမ်းမြားချင်သော် သေရှင်ကင်းကွာဖြစ်တတ်ရာ၏၊သိသာကုန်စွ ဤခြောက်လသည် ရှောင်ကြပုံသေ တကြောင်းတည်း။ (အမှာ—အချို့သော ကျမ်းတို့၌ လတပေါင်းကောင်း မြတ်လွန်ကြူး လူ့အမူးတို့ ရှေးဦးမင်္ဂလာပြုထိုက်စွာ၏ဟု အဆိုရှိသည်။ နှစ်သက်ရာယူလေ)

## ထိမ်းမြားရာသော ၆-လ အဟော

ထွန်ရှုဖျားခေါင်ချာ ဆောင်ဖို့ရာကား ကောင်းစွာ အထူးတံကူးကဆုန် ထိမ်းမြားကုန်သော် ပြည့်စုံကြွယ်ဝ ချမ်းသာရအံ့၊ လနယုံကား ဆွေစုံနှစ်ဖော် ဂဟော်ဆော်သို့ ပျော်ပျော်ရှင်ရှင် ဝမ်းထဲခင်၍ ကြည်လင်ဆပွား မေတ္တာများအံ့၊ မခြားထိမ်းမှတ် သီတင်းကျွတ်ကား လျော့ပတ်ရွှေငွေ ဆန်ရေစပါး ပေါများ

ဖြစ်ညီး သားသမီးလည်း ပွင့်ဖူးစီးပြည့်စုံ ကောင်းစွာတုံအံ့၊ မှတ်ကုန် တသုံး တန်ဆောင်မုန်းဖော၊ အသုံးအဆောင် အိမ်ထောင်ခမ်းနား များအံ့မလွဲ၊ တပို့တွဲကား ပုလဲသန္တာ ရတနာပုံ လွန်ပြည့်စုံသည် မှတ်ကုန်ခြောက်လ အကောင်းတည်း။

## ၄င် လေးဆစ်ကဗျာ

ဝါဆိုဝါခေါင် ထိမ်းမြားရင်လ သေကိန်းပ ရွှေကြင် ဖော်၊ ခေါင်းပါစွာ ငံတော်သလင်းနှင့် သားပုတ္တာချစ်ရန်ဘင်း ကွင်းကြနတ္တော်၊ လပြာသိုဥစ္စာယွင်းလိမ့်၊ ကေ့ကွင်းကြတပေါင်း ခေါ် မလျော်တဲ့ခြောက်လ၊ ကြွင်းမာသေ ထိမ်းမြားပါလေ တော့ ရံခြွေရွှေ ရွှေငွေစပါးငယ်နှင့် ပေါများဂုံလုံလို့ လူ့ဘုံမှာ အိုအောင်ပေါင်းရမယ့် ကျောင်းကြီးအမ။

မိတ်ဖက်ရွေးနည်း — အောင်ပ, ကူလ, ဆွေသား, တော်ရင်း မိတ်ဖက်ချင်း၊

ရန်ဖက်ရွေးနည်း -- အုံးညို, ခေမာ, သုတ, ဝေရီ, ရန်စီစီ ရန်ဖက်၊

ကမ္ဘာပိတ်ရွေးနည်း— ဥသာ,စိန်ပန်း,ဒန်းလှ, ကိုရှာ မိတ်သဟာ၊

ကမ္ဘာရန်ရွေးနည်း — ဓမ္မာ, သောက, အင်းပံ, ရာဇာ, လုတ် အောင်ခွါ၊

## နေ့ချင်းထပ်အဟော

ဂဠုန်ချင်းချင်း မေတ္တာကင်း၊ ကျားချင်းဖက်က ဥစ္စာရ၊ ဘောမချင်းနေ မမာသေ၊ ဗုဒ္ဓဟောချင်း ပူလောင်ပြင်း၊ကြွက်ချင်း

တို့မှာ ကိုယ်ချမ်းသာ၊ ပူးသာဖက်ညား ကောင်းကျိုးများ၊ နဂါး ချင်းဖက် သေကြေပျက်သည် ဆက်ဆက်မလွဲစိတ်မှာစွဲ။

## တောင်သူတို့ သိမှတ်ရာသောကျမ်း

၁။ အတာဆန်းတက် နောက်တရက် ရေတွက်အစစွာ၊ ၂-လေးဆယ်ကျူးမြောက် တရာရောက် ဖျောက်ဆိတ်မှန်းတည့်ကာ၊ ၃-သည့်နောက်ဆင့်ပွား လေးဆယ့်ငါး ရက်များရောက်သောခါ၊ ၄- သရဝံမှန်းတည့် မှတ်ယူဘိ ရှုကြည့်မိုးဒေပါမှာ၊ ၅-ပျိုးကြဲ ကောက်စိုက် ကောက်သနှိုက် မှတ်ပိုက်နောက်အတာ၊ ၆-လေးဆယ့်ငါးမှီ ဤလေးလီ အညီမယွင်းပါ၊ ၇- သုံးရာခြောက် ဆယ်တနှစ်ဝယ် စွန်းကယ်ငါးရက်သာ၊ ၈-တောင်သူတို့တမ်း ရှေးဥဒါန်း မျက်မှန်းတွက်နည်းသာ။

လှည့်လည်ပြက္ခဒိန် အချိန်ရက်မှန် တာသင်္ကြန်ကျ တက် သည်ကကို စ၍ရေတွက် စဉ်မပျက်တည့် ရက်ပေါင်းတရာ လေး ဆယ်ကြာလျှင် လကားတော်သလင်း အတွင်းနှိုက်သာ အာရုဏ် လာတွင် ကျွတ္တိကာကြယ် ထက်ဝယ်မှန်စွာ မှန်းတည့်လာသည် ကျမ်းကြီးရာဇမတ္တန် အကွက်တည်း။

## ရတုရာသီ အဲအံလကာ ကဗျာရေးသားရာ၌တွင် အထောက်အထားပြုရသော ရာသီပန်း၊ စန်းယှဉ်နက္ခတ်

### ၁၂-ရာသီသုံးပေါက်

၁။ တန်ကူးမိဿ စိတ္တရ ပွင့်ကြရွှေအင်ကြင်း။
၂။ ကဆုန်ပြိဿ ဝိသာခါ စကားဝါပင်လုံးဝင်း။

၃။ နယုန်မေဇုန် ဇေဋ္ဌကြုံ ပွင့်ငုံစမွယ်သင်း။
၄။ ဝါဆိုကြကင်ရှ ပြုပ္ပါသပ် မြိုင်ယံပုန်းညက်သင်း။
၅။ ဝါခေါင်သိရ်မွန် သရဝဏ် ပွင့်တန်ခတ္တာသင်း။
၆။ တော်သလင်းကန်ဦ ပရပိုဒ် မြိုင်တိုက်ရင်းမာသင်း။
၇။ သီတင်းကျွတ်တူညီ အသဝဏီ ဖြူနီကြာမျိုးဝင်း။
၈။ တန်ဆောင်မုန်း ဗြိတ္တာ ကြတ္တိကာ ပွင့်ညှာခဝဲသင်း။
၉။ နတ္တော်မနေ မိဂသီ ဖြူနီကြာဂမုန်းဝင်း။
၁၀။ ပြာသိုမကာရ ကြယ်ဖုသျှ ပန်းမြခွါညိုသင်း။
၁၁။ တပို့တွဲကုံ မာဃကြုံ ရဂုံပေါက်လဲသင်း။
၁၂။ တပေါင်းမိန်တုံ ဘရဂုဏ် ပွင့်ငုံသရဖီသင်း။
ရာသီဆယ့်နှစ်သွယ် ပန်းနှင့်ကြယ် လဝယ်သိကြံမင်း။

## ထီးတန်ခွန်စက်အပျော

ထီးတန်ခွန်စက် ဟောရိုးထွက် မပျက် ထုံးနည်းနာ
ရွှာနံရင်းဖျား ဂြိုဟ်သက်အား တည်ထားလေတုံပါ
နေမည်အမှန် လူတို့နံ ရောပြန်ဂြိုဟ်သက်မှာ
နေပြီးထားပေ ကိန်းသုံးထွေ ထက်ဘွဲ့စားအင်္ဂါ
ငါးခုကြွင်းပေ ထီးရခြေ အနေမှန်လှစွာ
ဟောကြပါလေ အလယ်ဘွေ စားလေသတ္တာသာ
တခုကြွင်းတုံ တန်ခွန်ကြုံ အကုန်ဟောလိုက်ပါ
ဟောလေအောက်က ကိန်းဆုံးချ စားထစတုသာ
တြဲကြွင်းလေ စက်လေးထွေ မလွဲသွမှန်လှစွာ
ကျွန်ကြေးကျွန်ွား ဥစ္စာအား ပွားများ သူထက်သာ
ဟောလေမလွဲ ကေန်ဘဲ ဖြစ်မြဲလူတို့ရွာ

## အက္ခရာကို နံသင့်ရှာနည်း

ကခဂင-တနင်္လာနံ- ၂။ စဆဇဈည- အင်္ဂါနံ- ၃။ ဋဌဍဎဏ-, တထဒဓန- စနေနံ- ၇။ ပဖဗဘမ- ကြာသပတေးနံ- ၅။ ယရ-ရာဟုနံ- ၈။ လဝ- ဗုဒ္ဓဟူးနံ-၄။ သဟ-သောကြာနံ- ၆။ အ-တနင်္ဂနွေနံ- ၁။

## ဂြိုဟ်သက်ရှေးနည်း

ရတနာအထူး မြတ်သုံးဦး နဖူးထိပ်ဝယ်ချ
တနင်္ဂနွေဂဠုန် ရှေ့မြောက်ကြို နေတုံ ၆-နှစ်မျှ
တနင်္လာကျား ၁၅ နေပြားရှေ့ရပ်က
အင်္ဂါခြင်္သေ့ ရှေတောင်ကွေ့ မရွေ့ ၈-နှစ်မျှ
ဗုဒ္ဓဟူးဆင် တောင်ရပ်ခွင် နေချင် ၁၇-ရ
နောက်တောင် စနေ နဂါးမြွေ မှတ်လေ ၁၀-နှစ်မျှ
ကြာသပတေးကြွက် ၁၉-ဖက် နေလျက်ပစ္ဆိမ
ရာဟုဟိုင်းဆို နောက်မြောက်ကို ရေလို့ဒွါဒသ
သောကြာမှာပူး မြောက်စူးစူး အထူးနှစ်ဆယ် စွမ်းကယ်
တနှစ်ရ
ရှေ့ နောက် မြောက် တောင် ကောင်းကျိုးဆောင်
လှူ့ဘောင် ဂြိုဟ်ဒသမ
လေးထောင့်ကိုဝင် ပါပခွင် ရောက်လျှင်ခိုက်တတ်လှ
ဂြိုဟ်သက်ပေါင်းလစ် တရာ့ရှစ် စင်စစ် မှတ်ကုန်ကြ

## ပြဿဒ်ါးရက်ရှောင်နည်း

တံကူးနှမ့် ကဆုန်သာလှ နယုံအခါ ဝါဆိုရွှေညောင် ဝါခေါင်ထံပြင်း တော်သလင်းသွယ်လွှတ် သီတင်းကျွတ် ကျော်အောင် တန်ဆောင်မုန်း ဇဉ်ယော် နတ္တော် နှပ်ျိ ပြာသိုလသို့ တပို့တွဲကျအောင် ရွှေစတပေါင်း ရက်သောင်းပြောင်းသည် မကောင်းရှောင်ရှား ပြဿဒ်ါး၊ တနည်း ပြဿဒါး အတို ကောက်ရှေးနည်း တမာ သက်ရင်း အင်ကြင် ဆူးရစ် လေးသုံးလီ ဘန္ဒစ်ဖြစ်။

## ရက်ရာဇာရွေးနည်း

တန်ကူးသာကျော် ‘ထွန်းပေါ်ကဆုန် နယုန်ညွန့်စ အောင်လှဝါဆို သာလို ဝါခေါင် မြတော် တော်သလင်း သီတင်းကျွတ်ဆီ သောရီ တန်ဆောင်မုန်း ချမ်းတုံးနတ္တော် မနော ပြာသို ပန်းညိုတပို့တွဲ ထဲဝင်တပေါင်း လစဉ်ကောင်းသည် ရက်ပေါင်းရာဇာ ရာဇာတည်း။”

(မှတ်ချက်၊ ရှေ့ဖြစ်ဘတ်နည်း ကျမ်းမှာကြည့်ပါ။)

၁။ ပြန်မာနာရီရွေးနည်း- ပတ်-သံ-တာ-ရှည်-တီး-သံ-မည်·လက်·ဆီ·ကံ·စာ·ရေး၊ တဆယ်ကိုး ဘုံးတင်၊ ညဥ့်လျှင် အကြွင်းဆေး။ တံကူးလကစ၍ရေ။

၂။ မွန်းတည့်ဖဝါးရွေးနည်း-ငစ်-ကိုင်-အာ-နောက်-အုတ်-ကျောက်-စု-ရာ-မ-သာ-ခပ-လော။ တံကူးလက စ၍ရေလေ။ မွန်းတည့်ဖဝါးရွေးနည်း။

၃။ ရေချိုးရက်ရွေးနည်း- သောကြာ်ဆွေတောင် ရေကိုရှောင်, အောင်စံပြိုး ရေချိုးတော့။

၄။ ခေါင်းရိတ်ရသောရက် ရွေးနည်း - မွေးနေ့သောကြာ တနင်္လာ ကောသာဆံဖြတ် မပြုအပ်။

၅။ ခေါင်းဆေး သောရက် ရွေးနည်း- ကရင်သားခမွေး ခေါင်းမဆေးနှင့်, အိုး စီ တီး ပြီးအောင်ရှောင်။

၆။ ခတ်ပက်ရွေးနည်း- အင်္ဂါ- ဂဗ္ဗ- စရေ- ဝံသော, လေးထွေခတ်ပက် စဉ်မပျက်။

၇။ ခတ်ပျက်ရွေးနည်း- ဦးဝေ-စံကူး-ရေဘူး-တောသူ- ရန်မူလည်းဆို။

## မြန်မာရေနာရီလုပ်နည်း လေးဆစ်ကဗျာ

လောကိတာတမွေ့ သောဠ္ဌသ ဂဟာပနာ သတ္တကို လုမွေ နှင့် မုခေမှာ နဝကိုသားမူမှန်စွာ၊ ဆယ်နှစ်ရွယ်ကညာ ဆံကေသာ သွယ်ပြောင်း ၁၆-ပင်ဝင်ရုံလှစ်လို့ ခါနစ်လျှင် နာရီကြေ တီးတော့ ငွေမော:။

အဓိပ္ပါယ်မှာ-ကြေးနီလောဟာ ၁၆-ကျပ်သားကို အမြင့် လက် ၇-သစ်၊ အကျယ်လက် ၉-သစ်ထား၍ ခွက်ပြုလုပ်ပြီးလျှင် ဖင်ဖက် အလယ် ဗဟိုတည့်တည့်တွင် ၁၀-နှစ်ရွယ် မိန်းကလေး၏ ဆံပင် ၁၆-ပင် ဝင်ရုံဖေါက်ပြီးလျှင် ရေပေါ်သို့တင်လိုက်သော အခါ တကြိမ်နစ်လျှင် တနာရီဟူသတည်း။

## ကျမ်းပြီးနိဂုံး-ဆုတောင်းလင်္ကာ

မြေက်သိတာ ဂန္ဓမာတွင် နှံ့သာသူ့ဆူ မွေးအဝှာသား မဥ္ဇူသက ပင်ရကွဲဝယ် အလှအဆန်း ပွင့်သည့်ပန်းကို လန်းလန်း သီရုံး ဆွတ်ယူကုံး၍ သက်လုံးမြတ်လေး ဆင်တော်ပေးသို့ ပြန့်အေးဂုဏ်အင် သုံးလူ့ရှင်၏ သုံးခွင်ဒေသနာ ပင်ရိပ်သာမှ ဤစာဝိဇ္ဇူ ပွင့်မဥ္ဇူကို အယူခက် အနက်ထင်ထင် ဓိပ္ပါယ်ဆင်၍ မသင်ဘူးသား သူတို့အားကို နားလည်စိမ့်ငှာ ဖြစ်တော်စွာ၍ ပညာဂုဏ်ရောင် ဉာဏ်ရည်ပြောင်အောင် နောင်လာနောက်သား တပည့်များကို ထင်ရှားမြင့်ထယ် သဘင်လယ်၌ တင့်တယ် ဂုဏ်ဟိတ် ခေါင်ပလ္လိတ်သား "ဘိသိက်မင်္ဂလာ ကျမ်းမဟာ" ကို သိသာစေမှု ထုတ်ဖော်ပြုရှင့် ဗဟုသုတ လုံလောက်လှစွာ့ ပညဝါတို့-ဤရာဤ၌ ဤမထိုက်ဟု အဆိုက်အပွား စကားရှေ့နောက် နှိုင်းညှိထောက်၍ ကျရောက်မှုသွင် အပြစ်မြင်က တင်၍နှုတ်သာ လျှင်စွာလှော်ကူ ပြင်တော်မူလော့ အယူဒိဋ္ဌိဟု မကျနမူ မောဟ ဆို့ပိတ် ကုသိုလ်ဟိတ်ဖြင့် ဉာဏ်စိတ် ဇောက်ကြပါစေ သောဝ်။ ။

မွေးညက်ဆိမ့်မှာ ကျဂွမ်းဝါသို့ ရသာချိဆိမ့် နှလုံးအိမ့်၍ နှစ်သိမ့်စေမှုဤကျမ်းပြုသည် ပြု၍မငြိ ဤကုသိုလ်ကြောင့် ထိုထို နောင်ခါ သံသရာ၌ ဝါနမကုန် ကည်ရတုံလည်း လုံးစုံပညာ အင်ရှစ်ဖြာနှင့် ပိသာရဒ တတ်ကုန်လျော် ဗုဒ္ဓအလောင်း သူတော်ကောင်းတို့ ကျင့်ဟောင်းထုံးနည်း နည်းသျှည်းကို ငါလည်းဤတူ ရပါမူလော့လူမလိမ္မာ လူမိုက္ခာနှင့် ကြုံလာတော်မိ တွေ့ရဘိလည်း ဒိဋ္ဌိယ်နွေး စင်စွာဆေး၍ နည်းပေးဆရာ မြောက်လိုပါ၏

ကြမ်းစွာဒေါသ ဂုဏ်မာနနှင့် ပပလွှားလွှား သူတို့အားလည်း တရားသဖြင့် တခွန်းရင့်က အသင့်နှလုံး ယူကြုံးကြည်ညို ညွတ်စေလို၏ ထိုထိုခက်စွာ ခွင့်ရေးရာ၌ ပညာနေဝန်း ကွဲသို့ထွန်း၍ ငြိစွန်းမထင် နှံ့သိမြင်လျက် များဖြင်သတ္တ ရှိသမျှကို သုခတိုက်ကျွေး ဖြည့်သိမ်းမွေး၍ ရန်ဘေးကင်းပြို လွတ်ရလို၏ကြည်ညိုမေတ္တာ သူတကာလည်း ကြင်နာနှစ်သက် အဆက်ဆက်လျှင် ထိုသက်လျှံဖိတ် ဉာဏ်နိမိတ်ဖြင့် ပျော်တော်မြောက်ရ ပါစေသော်။ ။

လေးနက်ဤစာ ဖြီးသည်မှာကား အဇာတသတ် မင်းမြတ်ပြုနောက် ဤနှစ်ရောက်အောင် လျှံတောက်သာသနာ "ဒွယာစတု နဝုဇယ" သချာရ၏ ဒိဿသက္ကရာဇ် ဂေါနှစ်ကား "စေ်နှင့်တြကေဒွယာ" ခုသချာတည့် မြန်မာရင့် ရွှေပြည်မကို အဓမ္မမိတ် အင်္ဂလိပ်၏ ဖိနှိပ်စိုးစံ လက်အောက်ခံမှ ခေးလုံကျွန်ဇာတ် အကုန်ဖြတ်၍ လွတ်လပ်ပြီးစ သုံးနှစ်ရတွင် ဝါဒမူကွဲ ဘိသိက်ပွဲတို့ ဆင်နွှဲစဉ်လာ ရှိခဲ့ပါကြောင့် မူမှာတနည်း ညီစေတည်းဟု ထားပြီးစိတ်မှာ ရည်ရွယ်ပါ၍ ဆရာသခင်ပညာရှင်တည့် မြန်ခွင်ကျော်လှိုင်း ကိုယ်တော်မှိုင်း၏ မူတိုင်းမှန်စွာ ဂျမ်ရွှေစာကို ကမ္ဘာတည်ဖွယ် အမြစ်တွယ်၍ နော်ဝယ်လူများ တပည့်သားတို့ သင်ကြားအံမွေ ရကြစေဟု မသွေယခု ဤကျမ်းပြုသည် ရတုအညီ မိန်ရာသီဝယ် ပုဏ္ဏမီစက် ၁၅-ရက်၌ ဒက္ခိဏာဂြိုဟ် နေ့ဗုဒ္ဓါတည့် အခါကောင်း ထွက် နေစန် တက်၍ မပျက်တိတိ ၉-နာရီဝယ် ဘာရဂုဏ္ဏိနှင့် စန်းယှဉ်လွှင့်၍ ပန်းမင့်သရဖိဓချိန်ရာသီတွင် ဤစာဤ၌ အပြီး ကြိုက်သို့ သုံးတိုက်သတ္တ ရှိသမျှလည်း တောင့်တရာရာ လွယ်ကာမဆိတ် ကောင်ကျိုးစိတ်ဖြင့် ရန့်မြိတ်ပျောက်ကြပါစေသော်။ ။

ဆရာဖြစ်သင်

# ဘိသိက်မင်္ဂလာကျမ်း

(တတိယတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(ဤကျမ်း၊သည် သာသနာငါး၊ထောင့် တည်ပါစေသတည်း)

ကျမ်းဆရာ၏ ပဏာမ

သတ္တဟိတ ဝဟံဗုဒ္ဓံ ဓမ္မဉ္စာပိ ဂဏုတ္တမံ
ဝန္ဒိတွာဟံ ပဝက္ခာမိ မင်္ဂလာဟိတံ သမုစ္စယံ၊

ပတျာဝတ္တဂါထာ

(အနက်ကို ပဌမတွဲ ဒုတိယတွဲတို့ကဲ့သို့ပေးလေ)

တနည်း ပဏာမ

နမောဗုဒ္ဓဿ နမောဓမ္မဿ နမောသံဃဿ
နမောဂန္ထကာရဿ အာစရိယဿ သခင်
ကိုယ်တော်မှိုင်းတိ နာမကော၊

အနက်။ ။ ဗုဒ္ဓေါ- သစ္စာလေးဆင့် ဖွားဖွားစွင့်လျက် ပွင့်တော်မူပြား မြတ်ဘုရားအား၊ နမော-စေတနာဇောစူး မနောမြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကံတော့ပါ၏ အရှင်ဘုရား၊ ဓမ္မဿ- ဒေသနာပေါင်း ရှစ်သောင်းလေးထောင် အရောင်မျှားပြား မြတ်တရားအား၊ နမော- စေတနာဇောစူး မနော မြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကံတော့ပါ၏ အရှင်ဘုရား၊ သံဃဿ-မျှားစွာ ထောင်သောင်း သံဃာတော်အပေါင်းအား၊ နမော- စေတနာ ဇောစူး မနောမြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊ ဂန္ဓာကာရဿ-ဒိပနိကျမ်း အခန်းခန်းကို ကြိုးပမ်း သမှူ ရှင်လန်းစွာပြုတော်မူပေယသော၊ ဝါ ဠိကာဂဏ္ဌိ-အမည် ရှိသည့်ပြည်၏ကြက်သရေ အထွေထွေအခန်းခန်း အစောင်စောင် သောကျမ်းတို့ကို ကြိုးပမ်းသမှူ ရှင်လန်းစွာ ပြုတော်မူပေထသော၊ သခင်ကိုယ်တော်မှိုင်း တိနာပကေ- ကမ္ဘာ့မဏ္ဍိုင်ကြီးပမာ ကမ္ဘာ့ ကျွန်းကြီးပမာ ကမ္ဘာ့အလင်းရောင်ကြီးပမာ ကမ္ဘာ့ကြက်သရေ ကြီးပမာ ကမ္ဘာ့တက်နေကြီးတဖြာ အရာမက မျှားပြားလှစွာ သော ဂုဏ်တော် ကျေးဇူးတော်တို့ကြောင့် ယုံကြည်အားထားရာ တကူ ဖြစ်ကြီးဖြစ်တော်မူပေသည့်၊ အာစရိယဿ-ကျွန်တော်တို့ရဲ့ ကျေးဇူးတော်ရှင် ဆရာအရှင် သခင်ကိုယ်တော်မှိုင်း ကြီးအား၊ အဟံ-ကျွန်ုပ်ဝင်ရ နာမကျွဲခံ၊အနေ္တဝါသိက-ပဉ္စဦးနှိမ် တပည့်တော် သခင်အောင်ချိန်သည်၊ နမော-ကာယဂါ မနောချိမ့် သုံးလီ စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆုသဒ္ဓါ ရှိခိုးကံတော့ ပါ၏ ဆရာသခင် အရှင်သူမြတ်ဘုရား။

ဤဂါထာတို့ဖြင့် အန္တရာယ်တို့ကို ကွယ်ပျောက်ပျက်စီး စေခြင်း ကောင်းကျိုးတရားတို့နှင့် ပြည့်စုံစေခြင်းငှာ ဘုရား

ရဟန္တာ အရှင်မြတ်တို့မှ အဆက်မပြတ်•အာစရိယ ပရံပရ သိသာ နသိသာ ဖြစ်တော်မူကုန်သော ဆရာအစဉ်အဆက်တို့၏ ဖွယ်ရာ လက်သုံး ထုံးတန်းကို အမှီပြုပြီးသကာလ ပဏာမပုဗ္ဗကဂန္ထာရမ္ဘ ဝတ္ထုပုဗ္ဗကဂန္ထာရမ္ဘ အာသီသပုဗ္ဗကဂန္ထာရမ္ဘ သုံးပါးတို့တွင် ရတနတ္တယ ပဏာမ ပုဗ္ဗကဂန္ထာရမ္ဘကို ကျမ်းဆရာတို့ သိဖွယ်ရာ ရှေးဦးစွာ ပြဆိုရခြင်းဖြစ်သတည်း။

## ဘိသိက်ဆရာနှင့် တူရိယာဆရာတို့ လိုက်နာရန် စည်းကမ်းများ

ဤအခန်းသည် ပဌမတွဲ ထိမ်းမြားမင်္ဂလာ ချီးမြှင့်နည်းနှင့် ဒုတိယတွဲ ကင်ပွန်းတပ် မင်္ဂလာ ချီးမြှင့်နည်း တို့ကို အကျယ်ရေးသားပြီး၍ ဤတတိယတွဲတွင် သား ရှင်ပြု သမီး နားထွင်း မင်္ဂလာ ချီးမြှင့်နည်းကို လစ်ဟင်းချို့ယွင်းခြင်း မရှိစေရ စုံလင်သိုက်မြိုက်စွာ ကျမ်းစကားတို့နှင့် ခမ်းနားစွာ တည်ထွင်လျက် စီရင်ရေးသားသည်ဖြစ်ရာ ထိမ်းမြားမင်္ဂလာ ကင်ပွန်းတပ်မင်္ဂလာ တို့ကဲ့သို့ အချိန်တိုခြင်း အချိန်နည်းခြင်းတည်းဟူသော ပြီးပြီး ပျောက်ပျောက်ကို အလိုမရှိ၊ နေ့လည် ၁၂-နာရီမှ ညနေ ၄-နာရီ ပရိတ်တရားတော်နာချိန်အထိ အချိန်ပြည့်ဆောင်ရွက်ရမည်ဖြစ်၍ ပဌမတွဲတွင် စည်သွင်းရေးသားပြီးဖြစ်သော ပရိတ်စကားချီးနှင့် အခြားပညာတို့ကို အပြည့်အစုံ ရွတ်ဖတ်နိုင်ရမည်။

သို့ဖြစ်၍ ဤတတိယအုပ်၌ အစီအစဉ်တို့သည် ပဌမတွဲ-ဒုတိယတွဲတို့နှင့် စကားချင်းတူရာကိုမြှုပ်၍ မျိုးကွဲကိုအသီးထုတ်

လျှင် အထူးရေးသားမည်ဖြစ်ရာ ဆရာတဆူ ပြုလုပ်လိုကုန်သော သူတို့သည် ကြိုးပမ်းတကုတ် အားအံ့ထုတ်၍ မယုတ်တိုးပွား အကျိုးများအောင် ကြိုးစားကြစေကုန်သတည်း။

သားရှင်ပြု သို့မ်းနားထွင်း မင်္ဂလာ အခမ်းအနား တို့တွင် ဘိသိက်ဆရာတို့ ဆောင်ရွက်ရမည့် အစီအစဉ်ကိုပြပေအံ့။

(၁) ပဏာမအခန်း (၂) ဘုရားပင့်ခန်း (၃) အနန္တ ငါးပါး ကန်တော့ခန်း (၄) ရှင်ပြုမင်္ဂလာနှင့် နားထွင်းမင်္ဂလာ ပြုခန်း (၅) ဒေဝပူဇနီယအခန်း (၆) အလှူတော် မင်္ဂလာ-သြဘာစာ ဖတ်ကြားခန်း (၇) ပစ္စည်းလက်ဖွဲ့ နားထွင်းမင်္ဂလာ ပွဲသိမ်းဆုပေး ဟူ၍ ၇-ကဏ္ဍ ပိုင်းခြားထားရာ တူရိယာဝိုင်း ပါကဲ့သော် တခန်းတခန်းအပြီးတွင် တူရိယာဝိုင်းကို တကြိမ် တကြိမ် အလှည့်ပေးရမည်၊ တူရိယာဝိုင်းမပါသော် ဆိုင်းဆင့်ကို ချန်လှပ်ခဲ့ရမည်။

အထူး မှတ်သားရန် အချက်ကား— မယ်ဖွဲ့, မောင်ဖွဲ့, လင်ပျောက်, မယားပျောက်, အလွမ်းဖွဲ့, အဆွေ့ဖွဲ့ အစိပ္ပါယ် သဘော ငါဝင်သက်ရောက်သော သီချင်းများကို ခိုင်းသူလည်း မခိုင်းအပ်၊ တီးသူလည်း မတီးအပ်၊ အကယ်၍ ခိုင်းသူကခိုင်း၍ တီးသူကတီးဟံ့၊ မင်္ဂလာရှင်တို့ကို ကျိန်ဆဲဘိသကဲ့သို့ဖြစ်၍ သိသူ က တားမြစ်ရာ၏၊ ခိုင်းသူမှားလျှင် တီးသူကတားမြစ်ရာ၏၊ တီးသူ မှားလျှင် ခိုင်းသူကတားမြစ်ရာ၏၊ ပရိသတ်ကသိလျှင် ပရိသတ်က တားမြစ်ရာ၏၊ မတားမြစ်သော် နှစ်ဦးစလုံး အပြစ်ရှိ၏၊ မင်္ဂလာ ရှင်တို့၌ ဒဏ်ဆယ်ပါး, အပြစ်ငါးပါး, ဘေး ၅-ပါး သင့်တတ် ကျရောက်တတ်၏၊ ဆေးဆရာ ဆေးမှားလျှင် လူမမာ ခံရဘိသည့်

အလား ကိုယ့်ဆေးကိုယ်ဖြေမှ ပြေသကဲ့သို့ ထို့အတူ မိမိတို့ အမှားကို မိမိတို့ကိုယ်တိုင်ဖြေမှ ပြေပျောက်ရသည်၊ သို့မဟုတ်က မြစ္စာနှောင်ဖွဲ့ဘိသကဲ့သို့ ဖြစ်သည်ဟု လောကဟိတ စသော ကျမ်းတို့၌ဆိုသည်။

မင်္ဂလာ ရှိသော သီချင်းဟူသည်မှာ ဘုရင်ကောရာဇ် မင်းမြတ်များသို့ ဘုန်းတော် ကံတော်သမ္ဘာတော်ကို ခြီကျူးဖွဲ့ ဆိုအပ်သော ထီဖွဲ့နန်းဖွဲ့ ဘုန်းတော်ဖွဲ့ စသော သီချင်းများကို ဆိုသည်။

မင်္ဂလာမရှိသော သီချင်းဟူသည်မှာ လင်ပျောက် မယားပျောက် အပူဖွဲ့ အလွမ်းဖွဲ့ အဆွေးဖွဲ့ စသော သီချင်းများကို ဆိုသည်။

ဘိသိက်ဆရာ ပြုလုပ်သော သူတို့သည် မဟာဂီတာဖက်၌ ကျမ်းကျင်လျှင် ပို၍မင်္ဂလာရှိလေသည်၊ မင်္ဂလာပွဲများတွင် တူရိယာဆရာတို့နှင့် ညှိနှိုင်းကာ မိမိတို့ခိုင်းမည့် ဆိုင်ရာသီချင်းများကို အခင်းနှင့်ဘွဲ့ဖက်၍ မာတိကာပြုလုပ်ပေးရလေသည်။

၁။ ဥပမာ — ပဏာမခင်း-ရွှေဘုန်းငွေဘုန်းကြိုး၊ မှန်ညောင် သဓ္ဓာကြိုး၊ကျွန်းကျွန်းပိုင်သကြိုး သို့မဟုတ် သတင်းငယ်ကြေညာ ဘုန်းတော်ဖွဲ့၊ တော်ကြီးယင်ရာမင်္ဂလာဖွဲ့ ထိုမှတပါး ဘုန်းဖွဲ့ တခုခု။

၂။ ဘုရားပင့်ခင်း- ထူးမခြားနားရောင်ခြည်တော်ဖွဲ့ သို့မ ဟုတ် မာရဝိဇယပတ်ပျိုး၊ စိန္တကြိုးသွယ်ဂုဏ်ပတ်ပျိုး၊ ရွှေပလ္လင် အောင်ကြိုး ငှင်းပြင် ရတနာသုံးပါးနှင့် ဆိုင်ရာသီချင်း တခုခု။

၃။ အနန္တငါးပါး ကန်တော့ခန်း-ဗေဒျာအောင်ချာကြိုး၊ ရွှေဘုန်းငွေဘုန်း ပပဝင်း ဘုန်းဖွဲ့ကြိုး စံရာထောင်ကျန်း သာနိုး ပျော်ဘွယ်ကြိုး ငှင်းပြင် ဘုန်းတော်ဖွဲ့နှင့် ဆိုင်ရာသီချင်း တခုခု။

၄။ နှားထွင်းမင်္ဂလာပွဲခန်း- သကြန်တော် မင်္ဂလာလေ ကောင်းကြီးရက်မြတ် ဥဒကွာင်ဆေးမင်္ဂလာဖွဲ့ နန်းငွေယုန်သော် တာလေ ထိန့်ထိန့်ညီးညီးလက် ဥသျှောင်ထုံးမင်္ဂလာဖွဲ့ ဆဒ္ဒန်ပိုင် လေးကျွန်းမြတ်သည်းချော နှားထွင်းမင်္ဂလာဖွဲ့ပပငယ်သေဝင်းဝင်း ပတ်ပျိုး စန္ဒာရောင်သို့ သာပြောင်ပြုံးလင်းသီချင်းခံ မင်္ဂလာ အောင်မျိုးသြဘာ ကျိုင်ဖွဲ့ မလိကာပွနှာပပင် ပျို ကိုနဲ့ကြောင်နှိလာ ပတ်ပျိုး ငှင်းပြင် နှားထွင်း မင်္ဂလာနှင့် ဆိုင်ရာသီချင်းတခုခု။

၅။ ဒေဝပူဇနိယအခန်း- ဇမ္ဗူသိင်္ဂ လေပွဲးပြက် နတ်ပင့် ကြိုး ပုံနှုန်းဝတီသော နတ်ပင့်ကြိုး ရွှေနှမ်းအောင်မြေ ငှင်းကြိုး မာလာဂန္ဓာပေးပေးသင်းသင်း ဒေဝဒူတနတ်ကြိုး ယှဉ်းငိုပ်ကယ် ဝေမှောင် ငှင်းကြိုး။

၆။ အလှူတော်မင်္ဂလာ သြဘာစာ ဖတ်ကြားရန်- ဘိသိက် ဆရာပြုလုပ်ခသာသူတို့သည် သြဘာစာအမျိုးမျိုးရေးနည်း ရတု ပိုဒ်စုံနှင့် ကော်ပိုင်ရတု ရေးနည်းများကို ကျေးကျွမ်းကျင်တတ် မြောက်အောင် လေ့လာကြရမည်၊ ထိမ်းမြားမင်္ဂလာ သြဘာစာ ရေးနည်းကို ပဌမတွဲတွင်ရင်း၊ ရှင်ပြုဘိသိက်ခံမင်္ဂလာ ချင်းရေးနည်း ကို ဒုတိယတွဲတွင်ရင်း ပြပြီး၍ သခ္ဂျိုင်ပြုသိမ်းနှားထွင်း အလှူ တော်မင်္ဂလာ သြဘာစာရေးနည်းကို ဤယခု တတိယတွဲ၌ ငှင်းနှင့် ဆိုင်ရာ အခန်းတွင် ထည့်သွင်းဖော်ပြပါအံ့၊ နည်းယူကြကုန်။

၇။ သားရှင်ပြု သမီးနားထွင်းမင်္ဂလာပွဲသိမ်းဆုပေး- ဇော်ဃျာ အောင်စည် ပတ်ပျိုး၊ ရွှေတေးဇာတိုင်းကြေညာပတ်ပျိုး၊ ၎င်းပြင် သက်ဆိုင်ရာသီချင်းများ အများအပြားရှိသည်၊ သင့်လျော်ရာ ထုတ်နုတ်၍ သုံးကြလေ။

အထက်ပါ ညွှန်ပြလိုက်သော သီချင်းများမှ "ဦးပြုံးချို၏ မဟာဂီတပေါင်းချုပ်ကြီး" မှ ဖြစ်ပါကြောင်း၊ ဘိသိက်ဆရာနှင့် တူရိယာဆရာတို့သည် ၎င်းကျမ်းကို လက်ကိုင်ထားသင့်လေသည်၊ သို့မှသာလျှင် သူတပါးတို့ ရေပက်၍ မဝင်နိုင်အောင် ခိုင်လုံစိတ်ချရမည်။

သီချင်းကြီး-သီချင်းခံ ယိုဒယား ပတ်ပျိုး ကြိုးဖွဲ့ စသော အထက်ပါ သီချင်းများကို အလွယ်တကူ သင်ယူမှတ်သားနိုင်ကြ စေရန် "ဦးပြုံးချို၏ မဟာဂီတပေါင်းချုပ်ကြီး" မှ ကောက်နုတ်၍ အောက်တွင်ဖော်ပြပါအံ့။

## မင်္ဂလာဆောင်ထက် မတွေ့ဝန်ထောက်မင်းရေးသော

## စွယ်တော်ရောင်ခြည်ပွဲ (၄၀)

မာရဝိဇယ ထွတ်ဘုန်းစည် ကိုယ်တော် ငြိမ်ပြုံး တင့်ဆုံး ခြောက်ရောင်ခြည် နိုင်းရှယ်ရည်ငယ်လေ ထန်းလုံးမျှ ဆံလျှော် တော်မှာ လှည့်လက်ယာ သုံးခါရစ်ဝန်းခပါလို့လေး×မိုးလုံးညီမျှ ထွန်းမခါ စွယ်တော် မြတ်ဖျားနီးပါးကွယ်မြဲသော × ဓမ္မတာငယ် လေ ဘုန်းအထူး သည်ပငယ်ကိုးဂုဏ် ချီးမကုန် ဆန်စုန်အောက် ထက် မြူးသည်နှင့်လေး ညွတ်ကြည်နူးပါလို့ ဆုထူငယ်နတ်လူ

ပန်ယှူခါမြွက်တော့သည် သဒ္ဒါငယ်ကွန့်ပါလို့ လက်ညွှန့်ငယ်ရှိကြာ တင်လှူခါဆက်တော့သည်။

## ရွှေပလ္လင် အောင်ကြိုးဆက် (၂၈)

လဲ့လဲ့စိမ်းရောင် ဗေဒိညောင် အတောင်တရာသာစွလေ- သာသည့်ညောင်အောက် ပလ္လင်ပေါက် မြောက်ခွင်ရှေ့ယွန်း၊ ပလ္လင်ဝန်းဝယ် မြတ်ဘုန်းကြွယ် ခြောက်သွယ်ရောင်ခြည်ဖြာစွလေး- ရောင်တော်ခြောက်ပါး မြတ်ဘုရား နတ်သားမာရ်မင်း ရန်ငြိုးပြင်း ရန်တင်းထောင်မည်လာစွလေး- ဝသုန္ဒရေဆံခရေစက်စက် မြေကထွက် ဘုရားဘုန်းလူ မာရ်နတ်သားကို အောင်တော်မူ လူနတ်ကောင်းကြီး ငြာစွလေး။

၁၂၊ ၁၂-၃ တန်ဆောင်မုန်း လပြည့်ကျော် တရက်နေ့
ဘကြီးတော်ဘုရား သိမ်းတော်မြတ်ရတနာကို
သကြြန်တော်မင်္ဂလာ - ရွှေနားတော်ဆင်မင်္ဂလာ- ဆံထုံးတော်မင်္ဂလာ
ဘယက်ဝတ်လဲတော်ဆင် မင်္ဂလာတွင် မြဝတီမင်ကြီး ရေးသား
ဆက်သွင်းရသော ဘွဲ့သီချင်းသုံးပုဒ် (၄၆)

## (ဥကျောင်းဆေး မင်္ဂလာဖွဲ့)

သကြြန်တော်မင်္ဂလာလေ ကောင်းကြီးချက်မြတ် သိတဂူသော်တာကြွတ္တိကာ ကြယ်ညီလှာရွှေဝန်း နက်ကယ်နှင့်လေး- သောင်းဒီပါဥက္ကဋ္ဌ ပြာသာဒ်ကယ်ရေယန် မြေမွှန်မျှော့မင်းရှေ့ရင်းရပ်သေန် ဆောင်ဗိမာန်ငယ်လေ မိုးညွှန့်ဦး × သိကြားရေစဉ်မြသွင်သွင် အိမ်ရှင်ဆော်ရင့် ကျူးသည်နှင့်လေး-ရည်ယမုန်

လျှ မြှူးရေဂင်္ဂါ တလ္လသန္ဓေး ပြန်ဝေးကင်းလွတ်စွာ မန္တာန် ဂါထာလေ- သျှန္တိသာသိဒ္ဓိ ရွှေနှုတ်ကယ်မြွက်ဘော် မြတ်ပရိတ်တော် မျိုး ခေါ်ဇေယျာ ဘိငယ်နှင့်လေ- ဘေဂီရိငယ် ကလျှံငြိ ငယ်ပင်စည် တရော်မြသွေး လက်နှေးခုနစ်မည် ဖြူညိုငယ်စုံ တည်လေ-ရင်းနှောင်းဖက်သက် အုံတုံငယ်ပင်ဇာ ပရန္ဓဝါ, ဂန္ဓာ မွှေးမျိုးဘက်ပါလို့လေး- ကိုးရောင်ခြည် ခက်ပါသည့် မွှန်းချက် ကယ်ဗိမာန် သကြ်န်တော် နန်းမှာဟည့်သေး- ကိုးတန်ငယ် ဒိုင်းဝင်း သင်းပင်းဗိုလ်ပါ ရှိကြာလန်းတော့သည်။ ။

## နားထွင်းမင်္ဂလာပွဲ

ဆဒ္ဒန်ပိုင်လေ ကျွန်းမြတ်သည်းချော့ ရတနာစလျား ရွှေနားဆင်မင်္ဂလာ မင်းခမ်းတော်စုံစွာလေ အခြားခြား ကိုးဆင့် ငယ်ရောင်ဝှံန် မှုန်နန်းရိပ်မွန် မြသလွန်ခင်းညံ့ ထွားငယ်နှင့်လေး- ဘုန်းရဝိန္ဒြဖြား စက်ဘွားတော်နှင့်စုံ ဘမယာတင့်ရှန်း ဖြန့်ဝန်း ဇေယခုံ ရှိဦးငယ် ကြာမုံလေ ဆယ်ညွန့်ညွန့်လန်း သွီးတော်မြတ် နှစ်ပါး ပတ္တမြားအပ် ရှယ်ခါငယ်လေ- ပြန်ညွန်းရွှေဗျာ ဇေယျာ အောင်ဆု မှန်းသည်နှင့်လေ - ရှင်ဗြဟ္မာရေဖြန်း မိုးပန်းငယ် ရွာလာ ရှိကြာဖွေးတော့သည်၊ ဦးကင်တော်ပွင့်လင်း နှတ်ညှင်း ငယ်ပဋ္ဌင် အိမ်ရှင်ကြွေးတော့သည်။

## ဆထုံးတော်မင်္ဂလာပွဲ

နန်းငွေယုန်သော်တာလေ ထိန်ထိန်ညီးညီးလက် ဆံထုံး တော် မင်္ဂလာဝင်မည်ခါ ဇေယျာကောင်းကြီး ရက်ဝယ်ပလေး ကြယ်ရောင်ခြူးမြိတ်ယှက် တဘက်တော်လျှပ်နှယ် ခုနစ်ထွေ

ဝတ်လဲ ဆင်မြဲအသွယ်သွယ် ကိုးမြက်ကယ်စီခြယ်လေ လျှံဝင်းလို့မြူး ဝေရော်စန်ဒက်လှငယ် တူမကွာငယ်လေ- ဘရက်တော်ရဘနာ အံ့ရောအထူထူး ငယ်နှင့်လေး ဒွါဒရာလဲကြူး ယှက်ကူးငယ်ရောင်ဖြာ ဆင်တော်ရန်ငြိမ့်လေး ဆက်ရေးနန်း ဥလာငါးပါးငယ်မလွှာငယ်လေ- မွေ့လိုင်ပျံ့သင်း မခလေးငယ်နေဇာ ဇလတ္တာပူဇော်ရာ ပန်းသနင်းငယ်နှင့်လေး- ကောင်းပင်စည်လျှံဝင်းတင့်ဆင်းငယ်လှိုင်ဝေ မျှာစွေ့ပြိုးတော့သည်၊ ရှစ်ဖြာဟွာတြင်းနတ်ညွှင်းငယ်ကျ ကျ ထက်သံနှိုးတော့သည်။

## ထောင်ရောင်နေကသာသို့လိုက်သော
## စန္ဒာရောင်သို့သာ သီချင်းခံကြီး (၅၅)

စန္ဒာဆောင်သို့သာ ပြောင်ရှန်းလင်း×နုလှတယ် ကိုယ်လုံးဝင်း သွင်ပြင်ရူပသာရည် ရှင်းရှင်း နတ်နှင့်သာ ပုံနှုန်းခင်း×ယဉ်မျိုးကြိုးလို့ချုပ်ပိုင်ယူ မိုးတဲ့မိုးနတ်သူငယ်မှာ ရာထီစင်း×ဆန်းလှတယ်ဆောင်စဉ် ဘယ်ကျွန်းငယ်ယှဉ်×ခဝါယာဉ်ရွှေသားနှင့်နှင့်လေး× ရထားစုံညီအင်္ဂါ ဆင်းဝါလေ များစွာတူးဆန်းရည်ရှန်းရှန်းနှင့် တူလျှမ်းဝေဝေ ဖူရွှေညိုပြာ ကိုယ်ဝါဝင်းလို့ပြည့်ဂေရွှေသား မြလိုဝေကြူးကဲ ပထူးကဲ ထွေထွေဝေဝေဆာဆာ နှေ့ကဲ့ကြူးရည်ရည် ရှန်းရှန်းလန်းလန်း ယဉ်လှလှဆင်းဝါ ယဉ်မျိုးစုံပုံ စုံညီအင်နှင့်သာ ကြည်လင်လွန်ဖြားရာခြားနား စံနေပိုင်သ ရွှေပေါင်းဝန်းရာ သူဇာလေ တူနှေ့ပိုင်သရတယ် များထောင်ပေါင်း စုသိန်းသောင်းသင်္ချာ ပြိုင်နှုန်းဘူရာများစွာလှန်ထူးကဲ ဘယ်သူပင်သာ ဆိုရာတည့်တူနိုင်ဘဲ တူနိုင်ဘဲပျော်ရှင်စံမြဲ မိုးကဲအောင်သာ ထွေထူးကြူးကဲဆန်း ရှင်လန်း

လန်း ဆောင်စဉ်သာလှ ရွှေနန်းသူ ကြည်ဖြူရှင်ပျော် ချီပေါ်
မိုးမြင့်နှင့်နှင့်သာရှင် မေတ္တာရစ်ခါ ကြင်နာလွန်ကြူး ရလွန်
မြူးသည် ထွေထူးစုလိုသာပုံ။

မြမြမောင်းမောင်းသို့လိုက်သော

**ပပဝင်းဝင်းပတ်ပျိုး (၁၁၁)**

ပပငယ်လေဝင်းဝင်း× မှန်ရှုံခဝဆောင် ကိုယ်ရောင်တိုက်
ခန်းလင်း× ဟန်တခါပြင် ရွှေစင်ဆယ်တင်း ဆက်သွင်းပုံသေ
သိန်းတန်တဲ့မေလေလေ ဇာင့်ကြူးငယ်မူရာထွေ× မြင်သူမြင်သူ
ဗျာဒေဝ ကွဲကြေအံ့မဆုံး×တင်ကာသွင်မျက်ခုံး ချယ်မင်မသုံးသည်
နှင့် သန်းခါမှောင်× မျက်လုံးတော်ရောင် ငှသာက်ရှုးကြယ်
ညီနောင် မြမျက်ခတောင် မင်မကော့ရှန်း ဇိကာသီမှာ ဒေဝီကျမ်းစာ
ဝင် မျက်နှာပြင်စံလွတ်ကျွန်း ငွေလဝန်းပေါ်သည့်သွင်လေတဲ့မှ
ခြေကပ်ပါးငယ်ပြစ်လွတ်စင်× တဖုံလေ တထုံးလေ တနွန်းသေ
တအင်လေ ၂- မူရာမူရာစုံလင် နတ်ပင်လူပင်လာ× ထင်ရောင်
ဝိုးဝါးမြင်မြင်သူများပ ခြားနိုင်ရှာ× ထုံမွန်းကြိုင်စွာ ရွှေခွန်းချို
သံသာနူတ်ပြုငှာဆိုတင့်ကြူး ခင်မေကို ကြင်ဆွေသဲဆိုင်နှောင်×
မြဲခိုင်အောင်ဆောင်စိတ်ကူး မောင်ရှယ်စူး ကြံပါတယ်လေးလေ
ကြွေမှူးခင်ယုံတော့ကွယ်× သဲဘွင်ဝယ် ကြင်ချစ်လှိုင်း ထင်မြင်
တိုင်းတင့်လှဘယ်အို မိုးလယ်ဝေယန်ဖျား သူဇာထင်ရိုးမှား။

သမြွန်- မျက်ထားတော်ချို မြွက်ကြား အ သိ ဆို တော့
တက်ပွဲဒ်းပိုဖရဏာဟုန်နှင့် သဒ္ဒါရုံ- ထူးမြတ်သမ္မာ ဘယ်ဘုန်း
မှာ ဘယ်ပတ္တနာလေသိ ဆွယ်စရာ ဇမ္ဗူလုံးမှာ နွန်းစံဘက်ဝေ။

## ရှင်ပြုအလှူတော်မင်္ဂလာနှင့်ဆိုင်ရာတီးချင်းများ
## တောင်ဇမ္ဗူပိုင်သို့လိုက်သော တောထွက်ခန်း
## ယိုးဒယား (၁၇၀)

ပြည်ကူပ္ပိမှာ စံတော်မူရာ သိဒ္ဓတ်မင်း×လောင်းလျာ
သည်မှာ ပိမ္မာရွှေလှော် သားတော်ဖြူဖြူရာဟုရွှေဘွဲ့နှင်း× မင်းမင်း
သိဟာဇိမာန်နန်းငယ်ကသော • ဆန်းတဲ့မြဘုန်းလျှံ သန်းခေါင်ယံ
မောင်ဆန်ကဏ္ဍိမြင်း နှိုးတိုင်ပင် ဗုဒ္ဓင်လောင်းတော်ရင်း×တကျော
ညွှန် သည်ဝဲရေခွန် လွတ်အောင်ပယ်ခွာ ရှင်းတော်မူရာ ကြံစည်
ဘန်လည် ရွှေပြည်သိင်္ဂါ ဘုံဆောင်နန်းမှာ စံရှာပါလိုဘဲ×ရာဟု
လာသားတော် ၂- ညက်စွာပိမ္မာရွှေလှော် ဘုံးဆောင်နန်းပေါ်
စွန့်ပစ်ခွာသော် လောင်းတော်မင်းမှာ ထွက်ရှာပြန်ကဲ့ရင်း×မောင်
ဆန်ကျွန်ရင်း နောက်တော်ပါ ကဏ္ဍိမြင်းကိုစီးနှင်းပေရှာ သန်း
ခေါင်ချိန်ခါ ထွက်တော်မူရာ နတ်များစွာ မီးဝါလာလို့လင်း×
ရွှေစကြာရှန်းရှာ ဘုန်းများမင်း × နိဗ္ဗာန်သာခေါင် ဘေးမဲ့
ရွှေသောင် ရောက်အောင်ကြံဆောင်ပြုမည်ခင်း × သွားလေရာ
သည်မှာလင်းပါဘိသနှင့် မင်းမင်းဥက္ကာ ပွင့်မည့်လောင်းလျာ
သည်ခါနိုင်လို ဇက်ကိုကိုင်ကာ ရွှေမှာမာရ်နတ်သား×နိုင်လိုရေး
နှင့်တား ပြန်ပါအုံးတော့လား ၂ × သွားသာစေ ရွှေပြည်ကပ္ပိ
တိုင်းလေးအောင်ချာဆိ မသိချင်နေ့မာဇသောင်ခွင်၊ ရေယဉ်
သွယ်ဖြာ စီးတဲ့ချယ်လာ သည်ခါကြုံလာ ဗျာပါဆူဝေ-နေကပ်
အောင် နေ့မာသောင်ခုံတွင်း × ဘွားဘက်မောင်ဆန်၊ ကဏ္ဍိ
မြင်းလေးကိုတဲ့ စီးနှင်းကေန် × ဖန်ဖန်ခါခါကူးတော်မူပါ
လျှောက်သနှင့်သာ ကူးရမြစ်နေ့မာ × နတ်ဒေဝါများစွာ

ဆောင်ယူသွား အိုပြဟ္မာများ သက်နှုံးကပ်လှူငြား ရွှေသန်လျှက်ဓား ဆံတော်ပယ်ကာရှား × မြိုင်ဖြားစွန့်ပစ်ခွါရှောင်သွား ပိမ္မာရုံဟုရွှေဘွဲ့သားလေးကိုတဲ့ လားလားသူခင်ပေါင်နန်းဆောင်ခွါရှောင် ပိုးလောက်မျိုးက တိုးလေနံ့ သာလိုပင်-လောကီသားတို့ထင်မှားကြလျှင် သံသာဝဲမှာ လွတ်ခဲမယ်လို့ထင်။

မြန်သပြေညာသို့လိုက်သော တောထွက်ခန်း

ယိုးဒယား (၁၈၉)

ယသော်ဒရာ နန်းတောင်ညာ သားရာဟုလာ ရွှေမျက်နှာညှိုးလေအောင်သာ ပစ်သွား၏ရှောင်ခွါ အောင်ချာကပ္ပိနန်း × စံမြန်းတော်မူရာ လောင်းလေလောင်းဗုဒ္ဓါ × မြတ်ဥယျဉ်သာ မကြာထွက်ခါသွား လေးပါးရယ် သူအို့ သူနာ သူသေ မြင်ပြန်လျှင် စွဲစိတ်သံဝေ လူတိုင်းရပ်မြေ ကြာရှည်နေဝံ့ဘဲ × နန်းထဲမှာပင် အိုလေ ပျော်မရှင် × မောင့်ဆန်ကိုနှိုး သူတိုင်ပင် ကဏ္ဍိနတ်မြင်း ကကြိုးဆင် ယသော်မေခင် ရွှေစင်အိရယ် ကြာလျှင်သိတယ် ရိုးမိမယ် × သန်းခေါင်လယ်-၂ ထွက်တော်မူနန်းကခွါတယ် မောင်ဘုန်းပျောက်တယ် ဆောင်အုံးဘွေမြင့်လယ် × သိဒ္ဓတ်ဘုန်းကြွယ် လောင်းလေ လောင်းမြတ်နွယ် သွယ်သွယ်ထပ်ပွား နတ်များစွာ မီးဝါကိုင်ထွန်းလေသည့်ဟာ တေဇာဝေဖြာ ခေမာကမ်းယံ့ နိဗ္ဗာန်နန်းကို မြန်းမည်ကြံ အတန်တန်-၂ မာရ်နတ်လာ ခင်း၍ဘားပြန် ဘုရားဖြစ်ရန် အကြံအောင်လုဆဲငွေသဲသောင်ပြင် အိုခလေနှာ်မာခွင် × ကူးကာချက်ခြင်း ရောက်ပြန်လျှင် ဆံတော်ပယ်ရှင်းခလေသည့်အင် ထက်ခွင်ပြဟ္မာ မကြာဆက်လာ စက်စုံရင်းမှာ ဝပ်စင်းခါ ပဒုမ္မာ-၂ ရွှေကြာသက်နှုံး

ကိုကပ်ရှာ ဒုက္ခရစရိယာ ခြောက်နှစ်ကျင့်သည်တာ ကျောင်းတော်လေလေရွှေဝိဟာ။

သားနှင့်ပြ-သွီးနားထွင်း မင်္ဂလာတွင် တီးမှုတ်ရန်

ဘုန်းဖွဲ့မျာ း (၅၁)

ပရမေသီရိအောင်ဇေယျာ × ဩဘာဘောင်ထူး မျို့ဦးမင်္ဂလာ × ဝေယန်တည်ရာငယ်လေ ထင်တွေးမိမှား × ဝေရော်စန ဇော်တမျက်စုံဖြာသည့်ကို မဏိကဋ္ဌနာ စိမ့်ြာရောင်ကုံးပါးငယ်နှင့်လေး × ရိပ်ဖြူငယ်ဖြန့်လွှား ထွတ်စံရှင် သပြေဆော်နှိုးမရိုးစည်အိမ်ရှင် × ရိုက်ကြေးငယ်ပဥ္စင်လေ ငြိမ့်ကျူး × ခရာပြေညှင်း ငွေမင်းမြတ်သခင်ငယ်ကို သံကြီးဆယဖြာဖြာဟွာကရင့်ကျူးသည်နှင့်ငယ်။ × ဘုန်းကော် ထူးလှတေဇာရောင် ခွန်ယူပိုင်မြန်း လေးခန်းဒီပါပေါင် × ရာပြည်ထောင် ခေါင်ဆင့်ထိပ်ပန်း× မဟာနဂရ နန်းမရွှေဗိမာန်ငယ်ကိုလေ ကသစ်ဝေယန် နတ်ထံတူနန်းနန်းငယ်တည့်လေး ။ အံ့မခန်းသည်နှင့် စံမြန်းငဲ့သက်တော် ရာကျော်စွန်းတော့သည် × အောင်သံနှိုးလို့ ဘုန်းမိုးငယ်စွေကာ ပန္နာသွန်းတော့သည်။

## ရင်းဘုန်းဖွဲ့ (၅၂)

ခွန်ယူစိုးရကဲကြေးပိုင် × ရွှေတောင်ရောင်လင်း ပဝင်းဝေမြိုင်မြိုင် ဇမ္ဗူပိုင်ငယ်လေတို့ထိပ်မိုး လောင်းနတ်ကယ်ကြည်ဖြူနှင်းအပ်ခေါ်မူ နတ်လူပန်းသို့ ပျိုးပါလို့လေး × ထက်ခွင်ငယ်ပိုင်စိုး နတ်မိုးငယ်ဣန္ဒာ ဝေယန်လေဘုံဖျားက သိကြားတဲ့ခွန်ဆက်လာ × အပ်နှင်းငယ်စံရာ စိုးပေတဲ့မင်း × ထီးဆောင်းငယ်

တရာ မင်း‌တကာရှိကြာ ရှိကြာနှင်းပါလို့လေး × သောင်းတွင်း ရပ်ကယ်ဒီပါပေါ် ပျော်ပိုက်ကယ်မြန်းပါသမို့လေး မင်းဖြား ထိပ်ခေါင်ဘွဲလေးတည့်မှ မင်းဖြားထိပ်ခေါင်ဘွဲ။

## ရင်းဘုန်းဖွဲ့ (၅၃)

မင်္ဂလာအောင်မျိုး ဩဘာလှိုင် ပြဟ္မာငယ်ဆုနှင်း တြင်း မြွက်ခါဆိုင်×ဇေယျာမဏ္ဍိုင်လေ စိုးပိုင်မည့်ပွဲ×စကြာပုံတောင်း ဆိုက်ကြောင်း ထံတော်သာငယ်ကို ယူနတ်ကြော အံ့ရာချီး မစဲသည်နှင့်လေး×ရွှက်ကြာရိပ်ငဲ့ ရွှေဦးကင် လွှတ်ဝေယန်နန်း ဖြန့်မြန်းထွက်ခံရှင် × ဗျူဟာငယ်သေနင်လေ အံ့ဘွယ်သား × မကုန်နိုင်အောင် လုံတော်ရှယ်တိုင်း မဆိုင်းစက်ဝယ်နှောင် စာမ ရိရွှေတောင်လေ မြူးကွန့်ကြွား ရွှေကြိုးရွှေခက် ကိုးမျက်ကယ် ဇမ္ဗူမှာ ရောင်လင်းကြယ်ဖြူ နေတူ ထင်ရှိးမှားသည့်နှင့်လေး ဝေယန်ဖျားငယ်က သိကြားငယ်သာ ထင်ကာမူးတော့သည်× သီးတရာမင်းငယ်တို့ စက်ရင်းတော်မှာ ညွှတ်လာဖူးတော့သည်။

## ဘုန်းဖွဲ့ပတ်ပျိုး (၈၇)

စိန်ကြောင်နီလာ ထိန်ဖြာဝင်းမျှည့်မျှည့် ဖန်ရှိန်ငယ် သိင်္ဂါအရောင်ဝေ × မှောင်ချွေငယ်ခွါ မြတ်မွန်ရတနာ လျှံညီး လင်း × ရွှေနန်းဆောင်ဆောင်ဘုံမှာ ကြယ်ပေါင်း ရွှေရံ သော်တာ မြီးကျူးငယ်ဆယ်မည် သံသာညွှင်း ပျော်တော် ခင်း×ထီးအစင်းစင်း အမင်းမင်း ခွန်ကျုံးဆက်သွင်း ထုံသန့်ရှင်း ဆယ်ကြာသွယ်ညွှန့် စက်ထံခိုလှုံ သဘ်နုံကြည်ယုံ စုံဖူးရင်း နှင်း ပြောင်းတဲ့ နွေငယ်မှာလေ သွင်းလောင်းပျံ့ရီရီမှုံပြေ ဝတ်ရည်

လှ်ယ်ဝေ ငှက်ကယ်သူဝ ခကျူးလှုငယ်ပင်နန်းခန×ကြင်ရေးဆက် ခါ နှောင်သည်နှင့် ဘိုးခေါင်ငယ်ညံ×စုံမြိုင်ယံ ပန်းကထွေထွေ ဆင်သင်တိုင်းငယ်နှင့် အုံ့မှိုင်းငယ်ရိဝေ သမ္ဘုန်မှူးငယ်က ရင့် ကျူးဘန်ဘန်စွေ × ယဉ်ရွှေရံခ သာစွဗိမာန် နတ်ထံငယ်တရှိ ချီးမကုန်ကြုံဘူးရဘိ×သလ္လာ ရောခွေကာဝိုက်ကွေး တောင်စဉ်ငဲ့ တိမ်လွှာ ကြိုင်မွှန်းရေသွန်းမန္တာ နတ်ဖြဟ္မာလေးသံချီးကြွေး။

သဖြန်—လေးမြေလုံးဗဟို ပင်ဝန်းမြရိပ်ဝေ မြန်သပြေရွှေစံ ချက်ကယ်ပ ကနက်ကယ်ဆူဆူပွင့်ပါတဲ့ ကိုးဆင့်ရောင်စို×နတ် ပေါင်းငယ်ခို မြင့်မိုရ်နှင့်တန္ဒုန်း ရွှေဦးကင်ဘွဲ့သိဟာမြင့် သောင်း ဒီပါညီလာခတယ်လေး နေလနှစ်ဘုန်း။

## ရင်းဘုန်းဖွဲ့ပတ်ပျိုး (၉၄)

မဏိကဥ္စနာ သိင်္ဂါရွှေရည်သားနှင့်လေး ပတ္တမြားမြဆိုင် တူပြိုင်ရွှေယမားငယ်နှင့်လေး×သယံဇာငွေသား ထင်မှားဘွဲ့ယိုး ယောင် နဝဒဏ်လျှံညီး ရံထိဖြူရှစ်ဆိုင်ကာ×သိဟာပြန့်ပေါင် ဖြဟ္မာရေသွန်း ရွှေခွန်းချိုငြိမ့်အောင်×ရဋ္ဌငယ်ပြည်မဘောင် ဘုန်း ရောင်ဂါမြူး ဣန္ဒာပိုင်ဖန်လာကွန့်တယ် မင်းဝံညွှန့်ဦး×သလ္လာငယ် ပျက်ကူး ဂင်္ဂါရစ်ရံ ကောဝိလာပုံ နှစ်နန်းငွေလယုန် ရွှေဘုံ ခညောင်း မင်းပေါင်း သိန်းသောင်း ဦးတင်ခါ ဖူးမြင်လာ သာတဲ့သာရွှေဂူ × ဆုယူမွေ့ဓါတ်ကယ်မှိုး ယာမာလိုစံမငြိး မန်း ရွှေမြို့ကြီး × အိုရံဆီးကာလို့ မြှောင်× ကြက်နန်းသာ့တဲ့တောင်×

သဖြန်— ကြည်းရေမြင့်ပေါင် ငွေသောင်နဝင်း×ဖြေလဲမ ကုန်နှင့် ဇေယျာဘုံမြောက်ညာက မန္တလာသည် ရေပြန့်ငယ်မှာ ပန်းရန့်သင်း။

## ဆရာဖြစ်သင် အခြေခံပညာ

မြတ်စွာဘုရား ဟောကြားတော်မူသော မင်္ဂလာ ၃၈-ပါး အလောင်းတော် မဟာရက္ခိတ ရဲ့သေ့မြတ် ဟောကြားတော်မူသော မင်္ဂလာရှစ်ပါး လောကီမင်္ဂလာ ၁၂-ပါး၊ အဘိသိက် ၁၂-ပါး၊ ကောတုဟလမင်္ဂလာဆယ်ပါးတို့ကို ဤဆရာဖြစ်သင် အဘိသိက်မင်္ဂလာကျမ်းမဟာ ပဌမတွဲတွင် အကျယ်ဖော်ပြခဲ့ပြီး၍-

သားရှင်ပြု သမီးနားထွင်းမင်္ဂလာ ချီးမြှင့်နည်း တည်းဟူသော ဤဒုတိယတွဲတွင် ပဌမတွဲနှင့် ဒုတိယတွဲတို့ကို မတွေ့ဘူးသော သူတို့အတွက် ငဲ့ညှာထောက်ထား၍ ရှင်ပြုမင်္ဂလာ နားထွင်း မင်္ဂလာတို့နှင့်ဆိုင်ရာ အဘိသိက် ၁၂-ပါးနှင့် ထိုအဘိသိက်တို့ကို ခံရာ ပလ္လင်ရှစ်ခန်းတို့ကို သိသာရုံ ထပ်မံ၍ အကျဉ်းမျှ ဖော်ပြပေဦးအံ့၊ ပညာလိုလား အမျိုးသားတို့ ကြိုးစား၍ ဆည်းပူးကြစေကုန်သတည်း။

## အဘိသိက် ၁၂-ပါးအကြောင်း

မဂဓဘာသာဖြစ်သော အဘိသေက သဒ္ဒါသည် မြန်မာဘာသာအားဖြင့် သွန်းလောင်းခြင်း အနက်ကို ဟောသည်ဖြစ်သောကြောင့် ထိုအဘိသေကသဒ္ဒါကို အဘိသိက်ဟူ၍ ခေါ်သည်မှာ စေတသိကသဒ္ဒါကို စေတသိက်၊ ကရဝိကသဒ္ဒါကို ကရဝိက်၊ သိင်္ဂိနိက္ခသဒ္ဒါကို သိင်္ဂိနိက်၊ ပစ္စနိကသဒ္ဒါကို ပစ္စနိက်၊ ဇမ္ဗူဒီပသဒ္ဒါကို ဇမ္ဗူဒိပ်၊ သံခေပသဒ္ဒါကို သံခိပ် စသည်ဖြင့် သဒ္ဒါရင်းတွင် သံယုတ်အက္ခရာ အသတ်ဘင်လျက် ခေါ်ဝေါ်သကဲ့သို့ အဘိသေကသဒ္ဒါကို အဘိသိက်ဟူ၍ ခေါ်ပါသည်။

ရုပ်တွက်- အဘိုနသေကသဒ္ဒါကို အဘိသေကဟူ၍ ပုဒ်ဖြတ်- အဘိဟူသောအနက် အတိဟူသောအနက် ဝိဟူသော အနက်တို့သည် အလွန်အကြူး အထူးသဖြင့် မွန်မြတ်သော ဟူသော အနက်ကို ရပါသည်၊ သေကဟူသော သဒ္ဒါကို သေက ဟူ၍ပုဒ်ဖြတ်- ကော်ဇွပြု သသိုကပ်၊ သိကဖြစ်၏၊ က အက္ခရာ၌ သရကင်းသောကြောင့် တန်ခွန်တင်သိက်ဖြစ်၏၊ သိက် ဟူသော သဒ္ဒါကို သိဥ္စဟူ၍ ခေါ်တန်ကြဲ—

ဝိဂြိုဟ်ပြု— အဘိဝိသေသေန သိဥ္စတိ- အနေနာတိ အဘိသိကော၊ အဘိဝိသေသန-အလွန်အကြူး အထူးသဖြင့် မွန်မြတ်သော၊အနေန, ဝစနေန-ဤသို့သော စကားဖြင့် ဝါ နှုတ်မင်္ဂလာစကားဖြင့်၊သိဥ္စတိ-သွန်းလောင်း၏၊ တနည်း-သိရောဒက မင်္ဂလာ နိစ-ဦးထိပ်၌ ရေစင်ဖြန်း၍လည်း၊သိဥ္စတိ သွန်းလောင်း၏၊ ဣတိ တသ္မာ-ထိုသို့ အထူးသဖြင့် မွန်မြတ်သော စကားတို့ဖြင့် ဦးထိပ်၌ ရေစင်ဖြန်း၍ သွန်းလောင်းကြောင်းဖြစ်သော သတ္တိကြောင့်၊အဘိသိကော-အဘိသိက်မည်၏။

တနည်းဝိဂြိုဟ်မှာ- အဘိဝိသေသေန သိဥ္စိယတိတိ အဘိသေကော၊ ယံကမ္မံ-အကြင်အမှုသည်၊ အဘိဝိသေသေန- အထူးအားဖြင့်၊ သိဥ္စိယတိ-သွန်းလောင်းအပ်၏၊ ဣတိ တသ္မာ- ထိုသို့ သုခတောင်း အောင်စေကြောင်းဖြင့်၊ သွန်းလောင်းအပ်သောသတ္တိကြောင့်၊ တံကမ္မံ- ထိုအမှုသည်၊ အဘိသေကော- အဘိသိက်မည်၏။

အောင်ပါစေကြောင်း ဆုမွန်တောင်း၍ ပန်းသပြေ ရေတခေါင်းနှင့် သွန်းလောင်းခြင်းနိမိတ် မင်္ဂလာသည် အဘိသိက်

မည်ပါသည်၊ ထိုအဘိသိက် မင်္ဂလာမှာ ၁၂-ပါး လာရှိပါကြောင်း။

## ထို ၁၂-ပါးကား

ဝိဝါဟာဘိသိက်၊ မင်္ဂလာဘိသိက်၊ ဥပရဇ္ဇာဘိသိက်၊ မဟေသီဘိသိက်၊ ခတ္တိယာဘိသိက်၊ ဝါ-ရာဇာဘိသိက်၊ ဒွါရာဘိသိက်၊ သိရိပဝေသနဘိသိက်၊ သိရိယာဘိသိက်၊ မုဒ္ဒါဘိသိက်၊ ဇေယျာဘိသိက် ဝါ-ဝိဇယာဘိသိက်၊ သကလာဘိသိက်၊ မဟာဘိသိက် ဝါ-အာယုဿာဘိသိက် ဟူ၍ ၁၂-ပါးတည်း။

## ထို ၁၂-ပါး အဓိပ္ပါယ်ကား

၁။ ထိမ်းမြားခြင်းမင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော ဝိဝါဟာဘိသိက်။

၂။ ဆင်မြင်းရတနာ ဘဏ္ဍာဂါရိက ဥစ္စာရွှေငွေ စသည်တို့ကို သိမ်းမြန်းခြင်းမင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော မင်္ဂလာဘိသိက်။

၃။ အိမ်ရှေ့နန်းလျာ မဟာဥပရာဇ်အဖြစ် ဆောင်နှင်းခြင်း မင်္ဂလာအစီအရင်၌ သွန်းခံအပ်သော ဥပရဇ္ဇာဘိသိက်။

၄။ အဂ္ဂမဟေသီ ဒေဝီမိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်ခြင်းမင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော မဟေသီဘိသိက်။

၅။ ရေမြေသေဋ္ဌနင်း မင်းမြှောက်ခြင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော ခတ္တိယာဘိသိက် ဝါ-ရာဇာဘိသိက်။

၆။ ရွှေဘုံရွှေနန်း သိမ်းမြန်းစိုးစံတော်မူခြင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော ဒွါယာဘိသိက်။

၇။ ရွှေကုံရွှေနန်း ဘိမ်းမြန်းစိုးစံတော် မူပြီးနောက် ထီးဆောင်းမင်္ဂလာ မဟာဥကင်သ ဖွင့်တော်မူခြင်း၊ ဘုန်းကြက်သရေသစ်သွန်းခြင်းမင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော သိရိပဝေသန ဘိသိက်။

၈။ ဘုန်းကြက်သရေ တိုးတက်ပွားများစေခြင်း အကျိုးငှာ ပြုလုပ်ခြင်းမင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော သိရိယာ ဘိသိက်။

၉။ ရွှေတောင် ရွှေနန်း သိမ်းမြန်း စိုးစံတော် မူပြီးနောက် သာသနာတော်ရေး တိုင်းရေးပြည်မှုကိုကို ရှင်းလင်းသုတ်သင်၍ လေးနှစ်မြောက်၌ မင်းကျင့်တရား အပေါင်းတို့ကို တိမ်းပါးမ်း ချွတ်ယွင်း မရှိစေရ မြဲမြံစွာ ကျင့်သုံးဆောက်တည်မည် ရည်ရွယ်တော်မူရင်းအတိုင်း မျိုးရိုးအစစ်ဖြစ်သော (၁) မင်းသမီး (၂) ဗြဟ္မဏပုဏ္ဏား (၃) သူဌေးကြီး၊ ထိုသုံးဦးတို့ ရွှေခြယ်ငွေခြယ် ရတနာမျိုးခြယ် လကျ်ာရစ်ခရုသင်း သုံးလုံးတို့ဖြင့် မင်းဧကရာဇ်၏ ဦးထိပ်တော်ထက်၌စိုက်၍ သွန်းလောင်းခြင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော မုဒ္ဓါဘိသိက်။

၁၀။ ရန်စစ်ကို အောင်မြင်စေခြင်းငှာ ချီးမြှောက်ခြင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော ဇေယျာဘိသိက် ဝါ- ဝိဇယာ ဘိသိက်။

၁၁။ တိုင်းနေပြည်သူ ရှင်လူရဟန်းတို့ ချမ်းသာစီးပွား များပြားစေမည် ရည်ရွယ်တော်မူခြင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော သကလာဘိသိက်။

၁၂။ အကျိုး စီးပွား တော် များမြတ် ပြည့်စုံ စေခြင်း ငှာ ချီးမြှောက်ခြင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော မဟာ

ဘိသိက် (တနည်း) မင်းကြောင်တို့ ဘုန်းတော်ကြီးကြောင်း သက်တော်ရှည်ကြောင်း မင်္ဂလာ အစီအရင်၌ သွန်းခံအပ်သော အာယုဿဘိသိက်ဟူ၍ ၁၂-ပါး ဖြစ်သတည်း။

ထိုအဘိသိက် ၁၂- ပါးတွင် မင်း ပုဏ္ဏား ကုန်သည် ဆင်းရဲသားဟူ ဆိုအပ်သော အမျိုးလေးပါးတို့ သွန်းခံထိုက်သော ဘိသိက်မှာ ဝိဝါဟဘိသိက်နှင့် မင်္ဂလာဘိသိက်ကို ရလေသည်။

## ပလ္လင်ရှစ်ခန်းအကြောင်း

ရှင်ပြုမင်္ဂလာ နားထွင်းမင်္ဂလာတို့နှင့် ဆိုင်ရာ အဘိသိက် ၁၂-ပါးကို ပြပြီး၍ ထိုဘိသိက်တို့ သွန်းခံရာဖြစ်သော ပလ္လင်ရှစ်ခန်းကိုလည်း ဘိသိက်ဆရာပြုလုပ်မည့် သူတို့သိအပ် တတ်အပ် မှတ်သားအပ်ပေသည်ဖြစ်ရာ ဆရာအဖြစ်သို့ရောက်အောင် သင်ကြားသော ကျမ်းဖြစ်၍ လိုလေသည် မရှိရအောင် အောက်တွင် ရှင်းလင်း ပြတ်သားစွာ ထည့်သွင်းရေးသားလိုက်ပေအံ့။

## ပလ္လင်ရှစ်ခန်းပွဲ လက်ာဆောင်ပုဒ်

၁-ပြသာဒ်တော်ဦး လျှမြူး ရွှန်းဝေရမနေ ဘုံပုံချခြေသည့်ခံတည့်၊ ၂-မြောက်ယံသာမြိုက် ဗြဲတိုက်တော်မှာ ဂဇာသန၊ ၃- ရာချသန့်ထား ရွှေဈေးအောင်ဟိတ် ပရိတ်တော်ဆက် သရက်မင်္ဂလာ့သာခါသန၊ ၄-ဆောင်မတော်မှန် ဇေတဝန်နန်း သစ်သက်န်တည့် ထူးဆန်းလှစွာ ဟသာငှက်တော်၊ ၅-မှန်နန်းတော်ထဲ ကရဝဲခံနန်း ပိတုန်းရုပ်ဝါ ဘမ်ယာနှင့် ၆-မြောက်ညာစမုတ်တွန်နုတ်သံညောင်း ဥဒေါင်းထင်ရှား ပေါက်သားလျှံပြောင်း၊

၇-တောင်စမုတ်နန်း သဖန်းပလ္လင် သမင်ခံရာ မိဂါသန၊ ၈-ထို့မှ တချက် ပွဲထက်ဆောင်ထဲ တောင်ပိန္နဲဟု ရဲရဲလျှံဝါ ပဒုမ္မာသည် ဘုံသာရွှေနန်းပလ္လင်တည်း။

## အစိပ္ပါယ်ရှင်းချက်

၁။ မြေနန်းပြသာဒ် လွှတ်တော်ဆောင် (သီဟာသနပလ္လင်) ခြင်္သေ့ရုပ်ခံ- ရမနေသား ရတနာရွှေပန်းငွေပန်းတို့ဖြင့် မြို့စား ရွာစား မင်းအပေါင်းတို့ ကန်တော့ခံရာပလ္လင်တော်။

၂။ ပြဲတိုက်တော် (ဂဇာသနပလ္လင်) ဆင်ရုပ်ခံ စကားသား မင်းမှုထမ်းအပေါင်းတို့အား ချီးမြှင့်ရာ နှိမ်ချရာဖြစ်သော ပလ္လင် တော်။

၃။ လေသာဆောင် ဘောင်းတော်ဆောင် ပရိတ်တော် ဆောင်လည်းဟူ (သင်္ခါသနပလ္လင်) ခရုသင်းရုပ်ခံ သရက်သား ဘုရင်မင်းမြတ် တရားဟောရာ တရားနာရာ ပရိတ်တော်နာရာ ပလ္လင်တော်။

၄။ ဇေတဝန်ဆောင် (ဟံသာသနပလ္လင်) ဟသ်ာရုပ်ခံ သစ်သင်ကန်းသား ဘုရင်မင်းမြတ်တို့ ရတနာသုံးပါးအား ပူဇော် ကန်တော့ရာ ပလ္လင်တော်။

၅။ မှန်နန်းတော်ဆောင် ( ဘမယာသနပလ္လင် ) ပိတုန်း ရုပ်ခံ ကရဝေးသား မင်းမိဘုရားတို့ စံစားဘော်မူရာ -စက်တော် ခေါ်ရာ ပလ္လင်တော်။

၆။ မြောက်စမုတ်ဆောင် ( မယူရာသနပလ္လင် ) ဥဒေါင်း ရုပ်ခံပေါက်သား တိုင်းတပါးမှ ဆက်သလာသော ပဏ္ဏာ လက် ဆောင်တော် ဆင်ကြီးမြင်းကြီးတို့ကို သိမ်းမြန်းရာ ပလ္လင်တော်။

၇။ တောင်စမုတ်ဆောင် ( မိဇ္ဈိမသနပလ္လင် ) သမင်ရုပ်ခံ ရေသဖန်းသား မင်းမိဖုရားတို့ အဘိသိက်ခံရာ တိုင်းရေးပြည်ရေး မေးမြန်းတော်မူရာပလ္လင်တော်။

၈။ အနောက်ပဲ့ဘက်ဆောင် (ပဒုမာသနပလ္လင်) ပဒုမ္မာကြာပွင့်ခံ တောင်ပိန္နဲသား တောင်နန်းမဟေဒဝီ မဟေသီ မိဖုရားခေါင်ကြီးအား လူပျိုတော် အပျိုတော် မောင်းမ ကိုယ်လုပ်တော် အပေါင်းတို့ ဖူးမျှော်ကန်တော့ခံရာ ပလ္လင်တော်။

လေးဆစ်ကဗျာ-သီဟာသ ဂဇတဲ့ရွှေမိဂ ါ မောရိယာ ဟံသာသနမှာ မှတ်ကြစေရာ ဘမယာ သင်္ခါနှင့် ပဒုသနင်း ထီးရှစ်ဆိုင် ဖြန့်ကာမိုးလို့ရယ် မျိုးသာကီမင်း။

## ထီးဖြူတော်ရှစ်စင်းဖွဲ့လင်္ကာ

ပြာသာဒ်နန်းတွင် ရှစ်ဉကင်ဝယ် ပလ္လင်ရောင်လက် ယက်ဲဘက်က “ကနက္ကဒဏ်” ရောင်မှန်ဖြူလွ “သူရိယ” နှင့် “ပဒုမ” မည်ရှိ “သမုတိ” ဟု စဉ်ဘိလေးခု လကျ်ာစုကား “ကမ္ဗု” “စန္ဒ” “ကုမုဒ္ဒ” နှင့် ဖြူလွရိပ်မြုံ “ဝိသကြုံ” ဟု နှစ်စုံပြောင်ပြောင် ယမားထောင်သည် ဘုန်းရောင်ဇနှသို့ ထွန်းပေသည်၊ ၎င်းထီးများကို သီဟာသန ပလ္လင်တွင် အမြဲထားရသည်။

အကျဉ်းချုပ်မှတ်ရန်ကဗျာ— ကနက္ကဒဏ် သူရိနှင့် အမည်ရှိ ပဒုမာ၊ သမုတိလေးဆူဝဲ မြဲသိစေရာ၊ ကမ္ဗုနာ စန္ဒာပ ကုမုဒ်မရှင်း ဝိသကြုံရာဘက်မှာ တစုံနှင့် ဘုံဉကင် သီဟာသနမှာ ထီးကရှစ်စင်း။

မှတ်ချက်--လူတို့၌ ရှိအပ်သော အရည်အချင်း ဟူသည်မှာ ဥစ္စာပစ္စည်းနှင့် ပညာအခြေခံတို့သည် စင်စစ်အားဖြင့် လုပ်ရည်

ကိုင်ရည် ကြံရည်ဖန်ရည်ဖြစ်ရသည့် လက်ရုံးရည် နှလုံးရည်တည်း ဟူသော အရည်အချင်း၏ အထောက်အပံ့မျှသာ ဖြစ်လေသည်၊ လွတ်လပ်သော ဗမာပြည်တွင် လူတိုင်း၏အခွင့်အရေးသည် ၎င်းတို့၏ အရည်အချင်း အလျောက် အကျိုးခံစားခွင့် ရှိလေသည်၊ "ကြိုးစားက ဘုရားဖြစ်နိုင်သည်" ဟူသော စကားအရ ပန်းမှိုက်သွန် ဒွန်းစဏ္ဍာလပင်ဖြစ်စေ မြတ်စွာဘုရား သာသနာတော်ကို ဝင်ရောက်ထမ်းဆောင်ပါက သာသနာ့ဘောင်သို့ ဝင်လိုက်သည်နှင့် တပြိုင်နက် မြတ်စွာဘုရား၏ တပည့်သားအဖြစ်သို့ ရောက်ရလေသည်၊ ထိုနည်းတူ ကျွန်ုပ်တို့ လွတ်လပ်ခဲ့သော ဗမာပြည်တွင်လည်း လူမျိုးအဆင့်အတန်းမရွေး လက်ရုံးရည် နှလုံးရည်တည်းဟူသော အရည်အချင်းနှင့် ပြည့်စုံပါလျှင် ပညာရည်ချွန်ဖြစ်နိုင်လေသည်။

မျိုးရိုးဇာတိအရ စစ်လိုက်ပြန်လျှင်လည်း "ရှေးခေတ်ကာလ သာကီယ သုံးပြည်ထောင် မဇ္ဈိမတိုက်ဘောင်မှတောင်မောရင် ဌာနကူးပြောင်း တကောင်းအာဒိ သီရိခေတ္တရာမံ ပုဂံမြင်စိုင်း စစ်ကိုင်းပင်းယ အင်းဝကုန်းဘောင် ဘုန်းရောင်ထွန်းလာ မွန်မြန်မာ" ဟူသည်နှင့်အညီ မြန်မာလူမျိုးတိုင်း သကျသာကီဝင်မင်းမျိုးမှ ဆင်းသက်လာသော လူမျိုးများဖြစ်ကြရကား မျိုးရိုးဇာတိအားဖြင့်လည်း မင်းမျိုး၊ အယူအားဖြင့်လည်း ဗုဒ္ဓဘာသာ၊ ဌာနအားဖြင့်လည်း မြန်မာပြည်၊ ဒီပအားဖြင့်လည်း ဇမ္ဗူဒီပါ၊ ကာလအားဖြင့်လည်း အင်္ဂလိပ်လက်အောက်မှလွတ်မြောက်သောကာလ၊ ဤသို့ အင်္ဂါငါးပါးနှင့်ပြည့်စုံသော လူမျိုးကြီးတရပ်ဖြစ်သည်အားလျော်စွာ ဘုရင်ဧကရာဇ်တို့နှင့်သာ ထိုက်တန်သော အသုံးအနှုန်းမှလွဲ၍ သားတော် သမီးတော် ဆွေတော်မျိုးတော်တို့ဆိုင်ရာ အဖြာဖြာသော မင်္ဂလာ အရာရာသော အဘိသိက်တို့

ကို အမျိုးလေးပါးတို့အလျောက်• ဂုဏ်နှင့်ဒြပ် ထပ်မိစေလျက် မပိုတ်မသုံ ယုံမှားခြင်းကင်းစွာဖြင့် တင်းတင်းမာမာ ဆောင်ရွက်နိုင်ကြစေကုန်သတည်း။

## သားရှင်ပြု-သမီးနားထွင်းမင်္ဂလာနှင့်ဆိုင်သော မင်္ဂလာ ၆-ပါးအကြောင်း

(၁) ထိမ်းမြားမင်္ဂလာ (၂) ကင်ပွန်းတပ်မင်္ဂလာ (၃) နားထွင်းမင်္ဂလာဟူသော မင်္ဂလာပွဲကြီးသုံးရပ်၏ အခြေခံမင်္ဂလာသည် လောကီမင်္ဂလာ ၁၂- ပါးပင်ဖြစ်ရကား- ထို ၁၂-ပါးသည်လည်း

၁- ဂဗ္ဘဝါသမင်္ဂလာ ၂- ဝိဇာတမင်္ဂလာ ၃- သီရော ဒကမင်္ဂလာ• ၄- ကေသစ္ဆေဒနမင်္ဂလာ ၅- ဒေါဠကရဏ မင်္ဂလာ ၆- နာမကရဏ မင်္ဂလာ ၇- ဒုဿဂဟာန မင်္ဂလာ ၈- အာဟာရပရိဘောဂ မင်္ဂလာ ၉- စူဠာကရဏ မင်္ဂလာ ၁၀- ကဏ္ဏဝိဇ္ဈန မင်္ဂလာ ၁၁- သာမဏေရ ပဗ္ဗဇ္ဇာ မင်္ဂလာ ၁၂- အာဝါဟ, ဝိဝါဟ မင်္ဂလာ ဟူ၍ ၁၂-ပါးတည်း။

## ရဟန်းပြင် မျိုးကွဲမင်္ဂလာ ငါးပါးမှာလည်း

၁- ဂေဟာကရဏမင်္ဂလာ ၂- တမ္ဗူလပတ္တမင်္ဂလာ ၃- ဘူမျာကာရဏ မင်္ဂလာ ၄- မုတ္တာသိရာ မင်္ဂလာ ၅- မကုဋဗန္ဓဒု မင်္ဂလာ ဟူ၍ ငါးပါးတည်း။

ရင်းအထက်ပါ မင်္ဂလာ ၁၂-ပါးနှင့် မင်္ဂလာ ငါးပါး၏ အနက် အဓိပ္ပါယ်တို့ကို ဤကျမ်း 'ပဌမတွဲ' နှင့် 'ဒုတိယတွဲ'

တွင် အကျယ်ဖေါ်ပြခဲ့ပြီးဖြစ်၍ ဤတတိယတွဲ၌ အကျယ်မရေးတော့ပြီ။

၁။ ထိမ်းမြားခြင်း အာဝါဟ, ဝိဝါဟမင်္ဂလာကို ဤကျမ်း 'ပဌမတွဲ' တွင် ချီးမြှင့်နည်းနှင့်တကွ အကျယ်ပြခဲ့ပြီ။

၂။ ကင်ပွန်းတပ်ခြင်း သီရောဒက မင်္ဂလာမည်သော "ဝိ-သိ-ကေ-ဒေါ-နာ-နု-အ-ဘု"ဟူသည့် မင်္ဂလာ ရှစ်ပါးကို ဤကျမ်း 'ဒုတိယတွဲ' တွင် ချီးမြှင့်နည်း နှင့်တကွ အကျယ်ပြခဲ့ပြီ။

၃။ ဤယခု တတိယတွဲတွင် သားရှင်ပြု-သွီးနားထွင်းမင်္ဂလာ ချီးမြှင့်နည်း ဖြစ်သော မင်္ဂလာ ၆- ပါကို ဤကျမ်း မင်္ဂလာ အခမ်းအနားတွင်း စာကိုယ်တွင် ချီးမြှင့်နည်းနှင့်တကွ အကျယ် ဖေါ်ပြပါအံ့။

## ထို ၆-ပါးကား

"မု, စူ, မ, ကဏ်, ကေ, သာ" ဟူ၍ အကြမ်းမှတ်အပ်၏။

၁- မု,ကား-မုတ္တာသိရမင်္ဂလာ ၂-စူ,ကား- စူဠာကရဏမင်္ဂလာ ၃- မ,ကား မကုဋဗန္ဓနမင်္ဂလာ ၄- ကဏ်, ကား ကဏ္ဏဝိဇ္ဈနမင်္ဂလာ ၅-ကေ,ကား-ကေသစ္ဆေဒနမင်္ဂလာ ၆-သာ,ကား-သာမဏေရပဗ္ဗဇ္ဇမင်္ဂလာဟူ၍ ၆-ပါးတည်း။

၁။ မုတ္တာသိရမင်္ဂလာ- ဆံပင်ဖြေဖြန့်သော မင်္ဂလာပြုခြင်း
၂။ စူဠာကရဏမင်္ဂလာ- ဥသျှောင်ထုံးသော မင်္ဂလာပြုခြင်း
၃။ မကုဋဗန္ဓနမင်္ဂလာ- မကိုဋ်ဆောင်းသော မင်္ဂလာပြုခြင်း
၄။ ကဏ္ဏဝိဇ္ဈနမင်္ဂလာ- နားထွင်းသော မင်္ဂလာ ပြုခြင်း

၅။ ကေသစ္ဆေဒနမင်္ဂလာ- ရှင်လောင်း၌ ဆံချသောမင်္ဂလာ ပြုခြင်း

၆။ သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာ- ရှင်သာမဏေ ဝတ်သော မင်္ဂလာပြုခြင်း

အထက်ပါ မင်္ဂလာ ၆-ပါးကို ဤကျမ်း ၎င်းနှင့်ဆိုင်ရာ အခဏ်းတွင် အကျယ်ဖော်ပြမည် ဖြစ်ပါကြောင်း။

## သားရှင်ပြု-သမီးနားထွင်း မင်္ဂလာပွဲ အခမ်းအနား ပြင်ဆင်နည်း

သားရှင်ပြု သမီးနားထွင်း မင်္ဂလာပွဲ အခမ်းအနား ခင်းကျင်းပြင်ဆင်ရန်မှာ ကန်တော့ပွဲ ၅-ပွဲ ပြင်ရမည်၊ ၎င်းမှာ ဘုရားပွဲ-၁၊ ရှင်ပြုမင်္ဂလာခံယူသူ သတို့သားငယ်၏ မိဘပွဲ-၁၊ နားထွင်း မင်္ဂလာ ခံယူသူ သတို့သမီးငယ်၏ မိဘပွဲ-၁၊ အထက်နတ်ပွဲ-၁၊ အောက်နတ်ပွဲ-၁ ဟူ၍ ၅-ပွဲဖြစ်သည်၊ ၎င်းနောက် ငွေဖလားကြီး နှစ်လုံးရှိရမည်၊ ငွေဖလားတလုံးတွင် ရေတဝက် ထည့်၍ သပြေပန်းနှင့် အခြားပန်းများ အပြည့်ထည့်ရမည်၊ ကျန်ငွေဖလား တလုံးတွင် ရတနာ ခုနစ်ပါးနှင့် ဆန်ပန်းပေါက် ပေါက် အပြည့်ထည့်ထားရမည်၊ သတို့သားငယ်တွင် ရှင်လေစင်း မကိုဋ်ကို ဆောင်းစေ၍ ပရိက္ခရာရှစ်ပါးကို အနီးတွင် ခြံရံပြင်ဆင် ထားရမည်၊ သတို့သမီးငယ်တွင် မဟာလ္လတာတန်ဆာကို ဆင်မြန်း စေရမည်၊ ၎င်းနောက် ဘိသိက် ဆရာက မင်္ဂလာ အခမ်းအနားပွဲ ဖွင့်ရမည်၊ ရှေးဦးစွာ ပဏာမက စ၍ဖွင့်ပါ။

ယခု ပြဆိုခဲ့သော အပြင်အဆင်မှာ ကြီးကျယ်သော မင်္ဂလာ အခမ်းအနား ပွဲကြီးများ အတွက် ဖြစ်သည်၊ ထို့ထက်

သေးငယ်သော မင်္ဂလာပွဲများဖြစ်ခဲ့မူ မိမိတို့အင်အားအလျောက် ပြင်ဆင်ချီးမြှင့်ကြပါလေ၊ ဘိသိက်ဆရာမှာမူ သားရှင်ပြု သမီး နားထွင်းမင်္ဂလာ ချီးမြှင့်နည်း တစောင်လုံးကို နှုတ်တက်ဆောင် နိုင်ပါက ပိုမို၍တင့်တယ်နိုင်ပါသည်၊ နှုတ်တက်မဆောင်နိုင် ပါက ဤစာအုပ်ကို ဖတ်ကြား၍ ချီးမြှင့်ကြပါလေ။

## နားထွင်းမင်္ဂလာ အခမ်းအနားတွင်း စာကိုယ်

အမှာ—ဤတတိယတွဲ၌ အစီအစဉ်တို့သည် ပဌမတွဲ ဒုတိယတွဲ တို့နှင့် စာသားခြင်းတူရာကို မြှုပ်လျက် မျိုးကွဲကိုသာ အသီး ထုတ်၍ ရေးသားမည် ဖြစ်ပါကြောင်း။

## ဘိသိက်ဆရာ၏ ပဏာမ

နမော ဗုဒ္ဓဿ နမော ဓမ္မဿ နမော
သံဃဿ နမော ဂီတကာရကဇနာနံ ပါ
မောက္ခဿ ဆရာလွန်းတိ ဝှယဿ ဂီ
တာစရိယဿ ကဗျာဗန္ဓ အလင်္ကာရဿ
တံတံကဗျာနယဒီပကဿ။

နတွာ ရတနတ္တယံ အဌတိံသမင်္ဂလာနိစ
အဌမင်္ဂလာနိ ဗုဒ္ဓဒေသိတာနိ ဉဒ္ဓရိတွာ
နာနာသတ္တာနံ ဒွါဒသမင်္ဂလာနိစ အ
ဘိသေကမင်္ဂလာနိ ဒသဓကာတု ဟလံ
မင်္ဂလာနိစ ပဝက္ခာမဟံ။

(အနက်ကို ပဌမတွဲ ဒုတိယတွဲ တို့ကဲ့သို့ပေးလေ),

ထပ်မံ၍ပြုဦးအံ့-ဗုဒ္ဓဿ-သစ္စာလေးဆင့် ဖွားဖွားစွင့်လျက် ပွင့်တော်မူငြားမြတ်ဘုရားအား၊ နမော-စေတနာဇောစူး မနော မြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊ ဓမ္မ ဿ-ဒေသနာပေါင်းရှစ်သောင်းလေးထောင် အရောင်မျှားပြား မြတ်တရားအား၊ နမော-စေတနာဇောစူး မနောမြူးလျက် ကြည် နူးသဒ္ဓါ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊ သံဃဿ-မျှားစွာ ထောင်သောင်း သံဃာတော်အပေါင်းအား၊ နမော- စေတနာ ဇောစူး မနောမြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊ ဂီတကာရကဇနာနံ- မယ်ဖွဲ့မောင်ဖွဲ့အရာ ထံတျာ နှင့် ကဗျာရေးဘို့ ကဝိသူမှန် လူဘန်ခွန်တို့ထက်၊ ပါမောက္ခဿ- အကြီးအမှူး ဦးစီးနာယက ဖြစ်တော်မူပေထသော၊ ဂီတာစရိယ ဿ-ဂီတအရာ ကဗျာနည်းတို့၌ ဆရာကြီးဟုဆူ ဖြစ်တော်မူပေထ သော၊ ကဗျာဗန္ဓ အလင်္ကာရဿ-ရတုကဗျာ လင်္ကာချော်း တေး သီချင်းမှစ၍မကျန် အဲအံ့ဖွဲ့စု ·တွဲ့မူမျှားဘိ အသားပြည့်သဖြင့် နား၏ဘန်ဆာ ဖြစ်ပေထသော၊ တံတကဗျာနယဒိပကဿ-ထိုထို ကဗျာ ဘယ်ဟာမလပ်ရေးစပ်ပုံနည်း နိသျည်းကို သိပ်သည်းသေ ချာ သင်ကြားပြသ၍ ပေးသနားတော်မူပေဘသော၊ဆရာ့လွန်းတိ ဝှယဿ-စာစီစာကုံး ရေးထုံးရေးမှု အစုစု၌ ဘခုမကျန် လေ့ဟန် ပွန်းတီး တတ်မြောက်ပြီး၍ မည်သီး ကျော်လှိုင်း ကိုယ်တော်မှိုင်း ဟု လူဘိုင်းဟုမှတ် အနုတ္တညာ ဝေါဟာခေါ်ညွှန်း ဆရာလွန်း ကြီးအား၊ အဟံ-ဣန္ဒာဝဇီရ နာမဘဲ့ခံ အနေ္တဝါသိက ပဥ္စင်းနှိမ် တပည့်ဟော် သခင်အောင်ချိန်သည်၊ နမော- ကာယဝစီ မနော ချီ၍ သုံးလီစေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးကန်တော့ပါ၏ ဆရာသခင် အရှင်သူမြတ်ဘုရား။

အဟံ့-အကျွန်ုပ်သည်၊ ရတနတ္တယံ- ရတနာသုံးပါးတို့၏ အပေါင်းကို၊ နတွာ-ရှိခိုးပြီး၍၊ ဗုဒ္ဓဒေသိတော- မြတ်စွာဘုရား ဟောကြားညွှန်ပြ ဆုံးမတော်မူအပ်သော၊ အဋ္ဌတိံသမင်္ဂလာ နိစ-၃၈-ဖြာသော လောကုတ္တရာမင်္ဂလာတရားကိုငင်း၊ အဋ္ဌမင်္ဂလာနိစ- အလောင်းတော်မဟာရက္ခိတ ရသေ့မြတ် ဟောကြားတော်မူအပ်သော ရှစ်ပါးသော မင်္ဂလာတရားတော်ကိုငင်း၊နာနာသတ္ထတော-အထူးထူးသော ကျမ်းဂန်တို့မှ၊ဥဒ္ဓရိတွာ-ထုတ်နုတ်၍၊ ဒွါဒသမင်္ဂလာနိစ-၁၂-ပါးသော လောကီမင်္ဂလာတို့ကိုငင်း၊ဒွါဒသဘိသေက မင်္ဂလာနိစ-၁၂-ပါးသော အဘိသိက် မင်္ဂလာတို့ကို ငင်း၊ ဒသကောတုဟလမင်္ဂလာနိစ-ဆယ်ပါးသော ကောတုဟလ မင်္ဂလာတို့ကိုငင်း၊ပဝက္ခာမိ-ဆရာပြုသ နည်းအရဖြင့် သေချာကျန ဟောပြော ဆုံးမပေတော့အံ့သတည်း။

အမှာ— အဟံ- ဟူသောအပိုဒ်တွင် မိမိကို၏ အမည်များကို ထည့်သွင်း၍ ရှိခိုးကြလေ။

မင်္ဂလာ ၃၈-ပါး၊ မင်္ဂလာရှစ်ပါး၊လောကီမင်္ဂလာ ၁၂-ပါး၊ အဘိသိက် ၁၂-ပါး၊ ကောတုဟလမင်္ဂလာ ဆယ်ပါးတို့ကို ဤကျမ်း၏ ပဌမတွဲတွင် အကျယ်ဖော်ပြပြီးအတိုင်း ရွတ်ဖတ်ကြကုန်။

## မင်္ဂလာအခမ်းအနားဖွင့်

ဤအခဏ်းကိုလည်း ၊ ပဌမတွဲတွင် အကျယ်ဖော်ပြပြီး အတိုင်းဖွင့်ကြလေ၊ နှစ်ထပ်ကျော့မရေးတော့ပြီ။

ဘုရားပင့်ခဏ်း

ဗုဒ္ဓဿပူဇာ မဟာတေဇဝန္တော ဓမ္မဿ
ပူဇာ မဟာပညဝန္တော သံဃဿပူဇာ မ
ဟာဘောဂဝန္တော ရတနာဿပူဇာယိဒံ
ဖလံ။

ဘိက္ခဝေ- ရဟန်းတို့၊ ဗုဒ္ဓဿ- မြတ်စွာဘုရားအား၊ ပူဇာ-ပူဇော်ခြင်းသည်၊ မဟာတေဇဝန္တော-ကြီးမြတ်သော တန်ခိုးနှင့်ပြည့်စုံသည်၊ ဟောတိ-ဖြစ်၏၊ ဓမ္မဿ- တရားတော်မြတ်အား၊ ပူဇာ-ပူဇော်ခြင်းသည်၊ မဟာပညဝန္တော-ကြီးမြတ်သော ပညာနှင့်ပြည့်စုံသည်၊ ဟောတိ-ဖြစ်၏၊ သံဃဿ-သံဃာတော်မြတ်အား၊ ပူဇာ-ပူဇော်ခြင်းသည်၊ မဟာဘောဂဝန္တော-ကြီးမြတ်သော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသည်၊ ဟောတိ-ဖြစ်၏၊ ဣဒံ-ဤသို့ တန်ခိုးကြီးခြင်း ပညာကြီးခြင်း စည်းစိမ်ချမ်းသာ ကြီးခြင်းတို့သည်၊ ရတနဿ-ရတနာသုံးပါးတို့အား၊ ပူဇာယ-ပူဇော်ခြင်း၏၊ ဖလံ-အကျိုးပင်တည်း ဟူ၍ ဟောတော်မူပါသည်။

ရတနာသုံးပါးအား မမေ့အပ်သည့်အကြောင်း ဝိသာခါကို အမှူးပြု ပြီးသကာလ မြတ်စွာဘုရား ဟောကြားတော်မူသည်ကို ထောက်၍ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ဖြစ်သည်အားလျော်စွာ ကိစ္စကြီးငယ်တို့ကို ဆောင်ရွက်ကြသောအခါ၌ ရတနာသုံးပါးအား မမေ့အပ်ပါသောကြောင့် ဤသားရှင်ပြု သမီးနားထွင်းမင်္ဂလာပွဲကြီးမှာ ရှေးဦးစွာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ပင့်လိုက်ကြအုံးစို့ ရှဲဗျား။

## သက္ကဋဘာသာဘုရားပင့်

ဆိရိန္ဒြိံ တြိလောကေန္ဒြိံ မဟာဆမုဒြညာ
ဏံကံ- တြိလောကျုပရမာနန္ဒိတံ ဆရဗြ
ဘူတဟိတေဆကံ တြိလောကိဆ္ဆရမကု
ဋ္ဌိ ဒေဒရော်ဆဗြဆ ဒဂြာလုကံ မာရဂျိနံ
တွမာဂန္ဓာ ဆိရဆမိ ပြဗ္ဗိတိသျှဋ္ဌတုံ။

အနက်။ ။ ဆိရိန္ဒြိံ- လောကုတ်လောကီ နှစ်လီသိမ်းခြုံ လုံးစုံပြည့်လျှောင်း ဂုဏ်ကြက်သရေ အပေါင်းတို့ကို ကောင်းစွာမပြတ် ပိုက်ပွေ့ဆောင်ထားတော်မူပေတတ်တသော၊ တြိလောကေန္ဒြိံ-လူတို့အထွဋ် နတ်တို့ထိပ်ချာ ဗြဟ္မာအမျိုးမျိုးတို့၏ စိုးရဘုရင် အရှင်သခင်လည်း ဖြစ်တော်မူပေထသော၊ မဟာဆမုဒြညာဏံကံ-မဟာသမုဒ္ဒရာ ပမာနိုင်းဆွယ် နက်ကျယ်သိမြင် ဉာဏ်သဗ္ဗန်၏ အရှင်သခင်လည်း ဖြစ်တော်မူပေထသော၊ တြိလောကျုပရမာနန္ဒိတံ-လူနတ်ဗြဟ္မာ သတ္တဝါခပင်းတို့၏ လွန်လွန်မင်းမင်းကြီး နှစ်သက်ဖွယ်ကို တကယ်ရွက်ဆောင်တော် မူပေထသော၊ ဆရဗြဘူတဟိတေဆကံ-သူရာသူရ ဂရုဠနှင့် မနုဿဘူတဂေါ စစွာဆင့်ပွား သတ္တဝါအများတို့၏ တိုးပွားခိုင်ဖြိုး ကြီးမားရင့်သန် ကျိုးနှစ်တန်ကို ပေဘန်ပိုင်းဖြတ် ရှာမှီးတော်မူပေတတ်ထသော၊ တြိလောကိဆ္ဆရမကုဋ္ဌိ- လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာအမျိုးမျိုးတို့၏ အစိုးရထိပ်ဆောင်း ဥကျောင်း၊ညွတ်စိုက် မကိုဋ်သရဖူလည်း ဖြစ်တော်မူပေထသော၊ ဒေဒရော်ဆဗြဆ ဒဂြာလုကံ-ဆုံးစမထင် မိုးကောင်းကင်နှင့် နှိုင်းယှဉ်ထောက်စာ လွန်စွာကျယ်ပွား သနားခြင်းကရုဏာလည်း ရှိတော်မူပေထသော၊ မာရ

ဂျိနို- ဒေဝပုတ္တ ကိလေသက စသည့်များဖျင် မာရ်ငါးအင်ကို အောင်မြင်တော်မူပေတတ်သော မြတ်စွာဘုရား၊ တံ့- ငါးမာရ် ပယ်နှင် ချစ်ရှင်မြတ်ဖျား ဘုရားကိုယ်တော်မြတ်ကြီးသည်၊အဖြ- ဉ်မင်္ဂလာသဘင် ဆင်ယင်ကျင်းပရာဖြစ်သော ဉ်အရပ်ဌာနသို့၊ အာဂန္တာ- သားချစ်အတူ စိတ်တော်ရည်လျက် လင်းကြည်ထွန်း ပြောင် ကိုယ်တော်ရောင်ဖြင့် ရွှေဘောင်ကြီး အလားကဲ့သို့ မားမား ကြီး ကြွလာတော်မူပြီး၍၊ အဆမာကံ ရှင်ဘော်စောထွင့် သုံးလူ နတ်ကို မပြတ်ကိုးစား တပည့်တော် တပည့်ကော်မတို့အား၊ ဆိရ ဆမိ ကြ-ကိုယ်ခန္ဓာတွင် အမြဘ်ဟု မှတ်ထင်ရည်စူးရသည့် ဦးထိပ် အပြင်ဦရင်း၊ ဂီဂျာဂျေကြ- ဘ်ခကြေးခတင် ရှုစင်ပြတ်သား လှစွာသော လျာဖျားအပြင်ဦရင်း၊ ပြဘိသျဋ္ဌတု- ဝဋ္ဋသမုဒ်စက် ဇလုပ်ဒုက်မှ မထွက်နိုင်ရအောင် ဖွဲ့နှောင်ပြထန် သံယောဇဉ်ကို ဉာဏ်အရဟတ္တမဂ် စိန်သံလျက်ဖြင့် ခုတ်ထွက်ဧငေ့ါ ရည်သန်ပါ၍ ကောင်းသွားကြုံကြုံ ခန့်ခန့်သာကြည် တည်နေကိန်းဝပ်တော်မူပါ နေတန္တုန်းကဲ့သို့ အသဒေရှးတော်တွေ့ မဆုံးနိုင်ပေသည့် ရွှေဘုန်း တော်သခင် အရှင်ကိုယ်တော်မြတ်ကြီး ဘုရား။

တူရိယာမပါလျှင် ဉ်တွင်ဖြတ်၊ တူရိယာပါလျှင ရှေ့ဆက်။

ဆိုင်းဆင့်—အ်မြတ်အဓိကထားပေသည့် ဇိနဘုရား ပတ္တမြား ရွှေပလ္လင်ဝယ် သေနင်္ဂါးမာရ်ကို တပါးမကျန် အပျောက်ပယ်၍ မို့ ခြောက်သွယ်သောရောင်ဆိုင် တပြိုင်နက် အထွန်းထွင် လွှမ်း လောက်သည့် ဝိုင်းတော်သားက တိုင်းခပါတလွှား ကမ္ဘာ့မှောင် မသိရအောင် မြရောင်ခြည် အခေါ်တ်တို့ဖြင့် အဆွေးဇာတ် ခုခါ သိမ်းပါပေါ့ ငြိမ်းသည့် နှစ်ဦးပတ္တမြားကလေးတို့ကို အမူးထား

ကာ နောင်အရှည်တင့်ဇော့အောင် ကဲ.... ဆရာ့ ဆရာများက ထူးမခြားနားသီချင်းနဲ့ ရောင်ခြည်တော်ဖွင့်-

တနည်းဆိုင်းဆင့်–ငြိမ်းသည့် သာဓကရှိသမျှတို့ကို လာသမျှ သိကြဖို့ အောင်စည်ဆော်ကာ အမြတ်တနိုး သွင်းလိုက်ပါရစေ တော့ ကဲ....ဆရာ့ ဆရာများရယ် "မာရဝိဇယ"ဆိုတဲ့ ရောင်ခြည်တော်ဖွဲ့ ပတ်ပျိုးကြီး ဖွင့်တော်မူစမ်းဗျား-

## သားရှင်ပြု-သမီးနားထွင်း မင်္ဂလာအကြောင်း
## ပ ရိ ကံ-စ ကား ချီး

ဤယခု သားကိုရှင်ပြု- သမီးကိုနားထွင်းခြင်း တည်းဟူသော အလှူတော် မင်္ဂလာပွဲကြီး ဆင်နွှဲ ကျင်းပရခြင်း၏ အကြောင်းကို ပြဆိုရမည်ဆိုသော်–

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံယူတော် မူပြီးသည့်နောက် သာသနာတော် သက္ကရာဇ် ၂၃၅-ခုနှစ် မြောက်သောအခါ ပါဋလိပုတ်ပြည်ကြီးကို အစိုးရတော်မူသော ဗိန္ဒုသာရမင်းကြီး၏ သားတော် "သီရိဓမ္မာသောက" မင်းကြီးလက်ထက်တော်၌ ရေတွင်းပေါင်း ရှစ်သောင်း လေးထောင် ရေကန်ပေါင်း ရှစ်သောင်း လေးထောင် ကျောင်းပေါင်း ရှစ်သောင်း လေးထောင် ဘုရားပေါင်း ရှစ်သောင်းလေးထောင် ပိဋကတ်တော် အစုံပေါင်း ရှစ်သောင်းလေးထောင် အလှူတော်ဟူသမျှတို့၌ ဓမ္မခန္ဓာအပေါင်း ရှစ်သောင်းလေးထောင်နှင့်အမျှ မြတ်စွာဘုရား သာသနာတော်တွင် လိုလေသည်မရှိ လှူဒါန်းတော်မူပြီးသည့် အခါ "အရှင်မဟာမောဂ္ဂလိပုတ္တတိဿ"မထေရ်သို့ ချဉ်းကပ်၍–

အရှင်ဘုရား, ဘုရားတပည့်ဖတော်သည် မြတ်စွာဘုရား သာသနာတော်တွင် လိုလေသည်မရှိရအောင် အလှူဒါနမျိုး စိုက်ပျိုးခဲ့သည့်အရာမှာ ဓမ္မခန္ဓာအပေါင်း ရှစ်သောင်းလေးထောင့် အရေအတွက်နှင့်အမျှ ပူလေသမျှသော အလှူဒါနတို့တွင် ရှစ်သောင်းလေးထောင်စီအထိ မြေပြင်ပြည့်မျှ လှူဒါန်းခဲ့ပါပြီ၊ သာမန်လူတို့ ပြုလုပ်စွမ်းဆောင်နိုင်ရန်ကို မဆိုထားဘိ ကြံစည် တွေးတောရုံမျှပင် မတွေးတောဝံ့သော အလှူဒါနမျိုးတို့ကို လှူဒါန်းစိုက်ပျိုးခဲ့ပါပြီ၊ သို့ဖြစ်သောကြောင့် ဘုရားတပည့်တော် သည် သာသနဒါယဇ္ဇ- သာသန အမွေခံ သာသန ဒါယကာ ဖြစ်ထိုက်ပါပြီလား အရှင်ဘုရားဟု မေးလျှောက်သည့်အခါ—

အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်သည် ဒကာ တော်မင်းကြီး, ဒကာတော်၏ ရှစ်သောင်း လေးထောင်စီ အမျှ ဖြစ်သော အလှူဒါနတို့သည် ဤဇမ္ဗူဒီပါ မြေပြင်ပြည့်မျှကို မဆိုထားဘိ စကြာဝဠာအပြည့် မိုးကောင်းကင် အထိမျှပင် လှူဒါန်းသော်လည်း၊ သာသန ဒါယဇ္ဇ-သာသနအမွေခံ သာသန ဒါယကာ မခံထိုက်၊ ဒကာတော် မင်းကြီးသည် အကယ်၍ သာသန အမွေခံ သာသန ဒါယကာ ခံလိုပါလျှင် မိမိရင်၌ ဖြစ်သော သား၊ သမီးပါး ရင်၌ဖြစ်သော သားတို့ကို မြတ်စွာ ဘုရား၏ သာသနာတော်အတွင်း ရဟန်း ရှင်သာမဏေ အဖြစ်သို့ သွတ်သွင်း ချီးမြှင့်မှသာလျှင် နိဗ္ဗာန်၏ပစ္စည်းဖြစ်သော သာသန အမွေခံ သာသနဒါယကာ ခံထိုက်ပေသည် ဒကာတော်မင်းကြီး ဟု ဟောကြားတော်မူပြီး၍--

ယောဟိကောစိ မဟာရာဇာ အဒ္ဓေါဝ ါ
ဒလိဒ္ဓေါဝ ါ ရာဇာဝ ါ ရာဇမဟာမတ္တံဝ ါ
အတ္တနောသြရသံ ပုတ္တံဝ ါ ဓိတရံဝ ါ
ပဗ္ဗာဇေတိ အယံဝုစ္စတိ မဟာရာဇာ ဒါ
ယာဒေါ သာသနဿာနိ တဿပန အာ
နိသံသ ပရိစ္ဆေဒဂဏနာ နသက္ကောတိ
စဂဏောကုံ သမဏောနဝ ါ ဗြဟ္မဏောနဝ ါ
ဒေဝေနဝ ါ မာရေနဝ ါ ဗြဟ္မုနာဝ ါ ကေ
နစိဝ ါ လောကသ္မိံဝ ါတိ တသ္မာကရေ
ယျပဏ္ဍိတော ပေါသေသာသမ္ပယံ အတ္တ
နော မတ္တနော ဟူ၍ ဟောကြားတော်မူ၏။

(အနက်ကို သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာအခန်း တွင်ပြမည်)

အစိပ္ပါယ်မှာ — မြတ်သောမင်းကြီး၊ အကြင် ပုဏ္ဏားသူဌေး သူကြွယ် ကုန်သွယ်လယ်လုပ်ခြင်းတို့၌ အားထုတ်ကုန်သော ချစ်သားချစ်သမီးတို့သည် ရတနာသုံးပါးဂုဏ်၌ ယုံကြည်သော စိတ်ဖြင့် မလိမ်မလည် တည်ကြည်စွာ သဒ္ဓါတရားကို ရှေ့ထားလျက် ရှိပါသော ပရိက္ခာရနှင့်တကွ ရဟန်းပဉ္စင်း ရှင်သာမဏေအဖြစ်သို့ရောက်အောင် ချီးမြှောက် ထောက်ပံ့ကုန်သော သူတို့အား သာသနအမွေ သာသနဒါယကာ ခံထိုက်ပေ၏၊ ထိုသာသနဒါယက-သာသနမွေခံ သာသနဒါယကာ ဖြစ်ကုန်သော သူတို့၏ ခံစားသုံးဆောင်ရသော မဟပ္ဖလ အာနိသင်ကို တစုံတယောက်သော နတ်လူပြဟ္မာ သတ္တဝါ အပေါင်းတို့သည် မည်ရွေ့မည်မျှ ခံစားသုံးဆောင်ရ၏ဟု ပိုင်းခြားရေတွက်ခြင်းငှာ မတတ်နိုင်သည်

သာလျှင်တည်း၊ ထို့ကြောင့် မိမိအမျိုးစီးပွားကို ပိုင်းခြားထင်ထင် မြော်မြင်နိုင်သော ပညာရှိအပေါင်း သူတော်ကောင်းတို့သည် မိမိရင်၌ဖြစ်သော သားသမီးတို့ကိုရှင်း၊ သူတပါးရင်၌ဖြစ်သော သားသမီးတို့ကိုရှင်း ရဟန်း ပဥ္စင်း ရှင်သာမဏေအဖြစ်သို့ ရောက်အောင် ချီးမြှောက် ကောက်ပံ့ခြင်းကို ပြုကုန်ရာ၏ဟု အရှင်မဟာမောဂ္ဂလ္လိပုတ္တတိဿ မထေရ်မြတ် ဟောကြားတော်မူလေသည်။

ထိုဖြစ်၍ သားရှင်ပြု သမီးနားထွင်းအလှူတော် မင်္ဂလာသည် နိဗ္ဗာန်၏ ပစ္စည်းအဖြစ် လှူဒါန်းသူ သာသနဒါယကာ သာသနဒါယိကာမတို့၏အကျိုးငှာ သာလျှင် ဖြစ်လေသည်။

(သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့အကြောင်းကို သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာ အခန်းတွင် ပြမည်)

## ရှင်ပြုမင်္ဂလာခံယူသော ရှင်လောင်း၌ ရရှိခံစားရသော အကျိုးတရားအကြောင်း

သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာကို ခံယူသော သတို့သားကလေး၌ ရရှိသည့် အကျိုးမှာ ဒုလ္လဘငါးပါးတွင် မနုဿတ္တဒုလ္လဘ လူ၏အဖြစ်ကိုရခဲ၏၊ လူ၏အဖြစ်ကို ရပါသော်လည်း ဗုဒ္ဓုပ္ပါဒဒုလ္လဘ မြတ်စွာဘုရား သာသနာတော်နှင့် ကြုံကြိုက်ခဲ၏၊ မြတ်စွာဘုရား သာသနာတော်နှင့် ကြုံကြိုက်ပါသော်လည်း ပဗ္ဗဇ္ဇိတဒုလ္လဘ ရဟန်းရှင်သာမဏေအဖြစ်ကို ရခဲ၏ဟု ဟောတော်မူသည်နှင့်အညီ လူ၏ အဖြစ်ကိုလည်း ရခဲ့ပြီ၊ မြတ်စွာဘုရားသာသနာတော်နှင့်လည်း ကြုံရပြီ၊ သာမဏေရ ပဗ္ဗဇ္ဇဟုဆိုအပ်သော ပဗ္ဗဇ္ဇိတ

ဒုလ္လဘကိုလည်း ရခဲ့ပေပြီ ဖြစ်သောကြောင့် သဒ္ဓါသမ္ပတ္တိဒုလ္လဘနှင့် သဒ္ဓမ္မသဝနဒုလ္လဘ ဟူသော နှစ်ပါးသည်လည်း ဒုလ္လဘငါးပါး၌ အကြုံးဝင်သည် ဖြစ်သောကြောင့် ဤသတို့သားကလေးသည် ဒုလ္လဘတရားငါးပါးနှင့် ပြည့်စုံသော ပါရမီရှင်ပုဂ္ဂိုလ်ထူးပေ ဟူ၍ ခေါ်ဆိုထိုက်ပါကြောင်း။

သို့ဖြစ်၍ ရှင်မဟာသီလဝံသ ဆုံးမစာမှာ- ယခုအခါ သာသနာတွင် လူဖြစ်မည်မျှ လွန်ခဲလှ၏၊ လူထက် သာမဏေ ဖြစ်ပေမြတ်ခြင်း ရဟန်းသံဃာ ဖြစ်ပြန်ပါသော် ဆိုရာမရှိ မြတ်ခေါင်ထိပ်ဟု သိကြပါလေ- သည့်ဘက်သည်သာ မြတ်စေငါဟု မှန်စွာယူညွှန်း နိဗ္ဗာန်ကျွန်းသို့ ကူးသန်းမိမှ မြဟ်သုခကို နှီးစွာ မြဲထွေ မှတ်ကြလေ-ဟု ဆုံးမတော်မူခဲ့ပါကြောင်း။

## နားထွင်းမင်္ဂလာခံယူသော သတို့သမီးကလေး၌ ရရှိခံစားအပ်သော အကျိုးတရားအကြောင်း

ကဏ္ဏဝိဇ္ဈနမင်္ဂလာမည်သော နားထွင်းမင်္ဂလာ ခံယူသည့် သတို့သမီးကလေး၌ ရရှိသည့်အကျိုးမှာ-မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ မိထွေးတော်ဂေါတမီအား ခွင့်ပြုတော်မူချက်အရ ဘိက္ခုနီ သာသနာတော် ပေါ်ထောင်အကွင်းမှာ သီးမိန်းကလေးများကို သာမဏေရပဗ္ဗဇ္ဇ ဥပသမ္ပဒပဗ္ဗဇ္ဇ ဟူသော ရှင်ပြုခြင်း ရဟန်းခံခြင်းအမှုတို့ကို ပြုကြပါသည်၊ ယခုအခါ ဘိက္ခုနီသာသနာတော်တထောင် ကုန်ဆုံးသွားပြီဖြစ်သဖြင့် သမီးမိန်းကလေးများအား ရှေးကကဲ့သို့ ရှင်ပြုခြင်း၊ ရဟန်းခံခြင်းအမှု

များကို မပြုအပ်တော့ပါသောကြောင့် ရှင်းအစား ဘယက်တန်း ဆာ ဒွါဒယာတည်းဟူသော မဟာလ္လတာ တန်းဆာကို ဆင်မြန်း ပြီးသံကာလ လောကီမင်္ဂလာ ၁၂-ပါးတွင် မုတ္တာသီရာမင်္ဂလာ စူဠာကရဏမင်္ဂလာ မကုဋဗန္ဓဏမင်္ဂလာ ကဏ္ဏဝိဇ္ဈနမင်္ဂလာမည် သော နားထွင်းမင်္ဂလာခေါ်သည့် မင်္ဂလာလေးပါးကို ပြုရပါ သည်၊ ရှေးအတိတ်ဘဝက ပရိက္ခရာရှစ်ပါးနှင့်တကွ ပစ္စည်းလေး ပါးကို လှူဒါန်းခဲ့ဘူးသောကောင်းမှုကြောင့် ယခုမြတ်စွာဘုရား သာသနာတွင် မဟာလ္လတာ တန်းဆာကို ဆင်မြန်းရသော ပါရမီ ရှင် အမျိုးသမီးသုံးဦး ပေါ်ပေါက်ခဲ့ပါသည်၊ ထိုသုံးဦးမှာ ဝိသာ ခါတဃောက်၊ ဗန္ဓုလစစ်သူကြီး မိဖုရား မလ္လိကာတဃောက်၊ ဗာရာဏသီသူဌေးသမီး သုဘဒ္ဒါဘဃောက် ဟူ၍ သုံးဦးဖြစ်ပါ သည်။

ထို့ကြောင့် ဤယခုအလှူရှင် သာသနဒါယကာ သာသန ဒါယိကာမတို့က သိရိမ္မာသောကမင်းကြီးနှင့် တူပါသည်၊ သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာခံယူသည့် သတို့သားကလေးနှင့် ကဏ္ဏ ဝိဇ္ဈနမင်္ဂလာကို ခံယူသော သတို့သမီးကလေးတို့က သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့ကို တူပါသည်။

ဤကဲ့သို့ သားကို ရှင်ပြု သမီးကို နားထွင်းသော သီကြား မင်း၏ ပတ္တမြားအဆင်း သမီးတော်အပေါင်းတို့ကို ထီးတော် ဆောင်းလှာ တထုံ့မျှော်ပြီးသကာလ ဘုန်းတော်ကြီးကြောင်း၊ သက်တော်ရှည်ကြောင်း၊ ချမ်းသာစီးပွား များပြားစေကြောင်း၊ ဘုန်းကြက်သရေ တိုးတက်စေကြောင်း၊ အန္တရာယ်ကင်းကြောင်း၊ ကျန်းမာစေကြောင်း စသော မင်္ဂလာအပေါင်းတို့ ပြည့်စုံစေခြင်း ငှာ ပြုလုပ်အပ်သော မင်္ဂလာပွဲကြီးဖြစ်ပါ၍—

ဘုန်းကြက်သရေ တိုးတက်စေခြင်းအကျိုးငှာ သွန်းခံအပ်သော သိရီယာဘိသိက်၊ ချမ်းသာစီးပွား များပြားစေခြင်းအကျိုးငှာ သွန်းခံအပ်သော သကလာဘိသိက်၊ အန္တရာယ်ကင်းကြောင်း ကျန်းမာစေကြောင်းအကျိုးငှာ သွန်းခံအပ်သော မဟာဘိသိက်၊ ဘုန်းတော်ကြီးကြောင်း သက်တော်ရှည်ကြောင်းအကျိုးငှာ သွန်းခံအပ်သော အာယုဿာဘိသိက်ဟူ၍ အဘိသိက်လေးပါးကို ရရှိပါသည်။

ထိုမှတပါ အတည်တည်သော အင်္ဂကဿ ဆရာတို့က မိန့်ဟမြွက်ကြားတော်မူသည်မှာလည်း- မင်္ဂလံကရောန္တဿ မဟာပုညံ မဟာဖလံ မဟာတေဇံ မဟာသုခံ ဘဝိဿတိ ဝေရိဇယံ သုမင်္ဂလံဟူ၍ မိန့်တော်မူပါသည်၊ မင်္ဂလံ-ကောင်းမြတ်သော ကုသိုလ်နှင့်ယှဉ်ရာ မင်္ဂလာအမှုကို၊ ကရောန္တဿ-ပြုသောသူအား၊ မဟာပုညံ-ကြီးမြတ်သော ကောင်းမှုမင်္ဂလာသည်၎င်း၊ မဟာဖလံ-ကြီးမြတ်သော အကျိုးသည်၎င်း၊ မဟာတေဇံ- ကြီးမြတ်သော တန်ခိုးသည်၎င်း၊ မဟာသုခံ- ကြီးမြတ်သော စည်းစိမ် ချမ်းသာသည်၎င်း၊ ဘဝိဿတိ- ဖြစ်ရလတ္တံ့၊ သုမင်္ဂလံ- ကောင်းသော မင်္ဂလာသည်၊ ဝေရီ-ရန်သူကို၊ ဇယံ-အောင်ခြင်းသည်၊ ဟောတု-ဖြစ်သတည်းဟူ၍ လာသောကြောင့်၊ ပယ်သိမ်းသော အန္တရာယ်ကင်းပျောက်၍ ကောင်းကျိုးချမ်းသာ မင်္ဂလာနှင့် ပြည့်စုံကုန်ရာသည် ဟူ၍ ဖွင့်ဆိုတော်မူပါသည်။

၎င်းပြင် ပဋ္ဌာန်းကျမ်းကြီး၌ မြတ်စွာဘုရား ဟောကြားတော်မူသည်မှာ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရ ပစ္စယေန ပစ္စယောဟူ၍ ဟောတော်မူပါသည်။

ကုသလောဓမ္မော- ကုသိုလ်ကံ တရားသည်၊ ကုသလဿ ဓမ္မဿ-ကုသိုလ်ကံတရားအား၊ အနန္တရပစ္စယေန-အနန္တရပစ္စည်းဖြင့်၊ ပစ္စယော-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏ဟူ၍ဟောတော်မူသည့်အတိုင်း၊ ကုသိုလ်ကံ-ကုသိုလ်ကံချင်းဆက်၍ ကျေးဇူးပြုဘိသကဲ့သို့၎င်း၊ အကုသိုလ်ကံ- အကုသိုလ်ကံချင်းဆက်၍ ကျေးဇူးပြုဘိသကဲ့သို့၎င်း၊ ဤယခု သားကိုရှင်ပြု သမီးကိုနားထွင်းသော မင်္ဂလာ ပြုလုပ်သည်မှာ 'ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန-ပစ္စယော' ဟူသည်နှင့်အညီ ကုသိုလ်ကံ ကုသိုလ်ကံချင်းကျေးဇူးပြု၍ ဆက်မိလေအောင် ပြုလုပ်သော သားရှင်ပြု-သမီးနားထွင်း အလှူတော် မင်္ဂလာကြီး ဖြစ်ပါကြောင်း။

လောကီမင်္ဂလာ ၁၂-ပါးရှိရာတွင်၊ မိမိတို့၏ သားငယ် သမီးငယ်များအား အရွယ်နှင့်လျော်စွာ ပြုလုပ်အပ်သော မင်္ဂလာများဖြစ်ရာ ထိုမင်္ဂလာတို့ကို အစဉ်လိုက် အဆင့်ဆင့် ပြုလုပ်အပ်ပါသောကြောင့်၊ ပုညံကာတဗ္ဗန္တိ မင်္ဂလံကမ္မံ- ဟု လာပါသည်၊ ပုညံ-ကုသိုလ်ကောင်းမှုကို၊ ပုနပ္ပုနံ- အဖန်တလဲလဲ၊ ကာတဗ္ဗံ-ပြုအပ်၏၊ ဣတိတသ္မာ-သို့ကြောင့်၊ တံကမ္မံ-ထိုအမှုသည်၊ မင်္ဂလံ-မင်္ဂလာမည်၏ဟူ၍ အဋ္ဌကထာဆရာတို့ ပြဆိုတော်မူပါသည်။

ထို့ကြောင့် ကုသိုလ်ကောင်းမှုကို အမြဲမပြတ် ပြုလုပ်ခြင်းကြောင့် တနေ့နှင့် တညမျှသာရသော ပြည်၏ စည်းစိမ်သည် အသက်ဆုံးတိုင် ကာလပတ်လုံး တည်ရဘူးကြောင်း ထုံးဟောင်းသက်သေတွေကို ၁၁ ဓကထုတ်ဆောင်၍ ပြရမည်ဆိုသော် (ဤနေရာတွင် ကဋ္ဌဝါဟန ဝတ္ထုကို ဒုတိယတွဲ စာမျက်နှာ (၂၀၆) တွင် ပါရှိသည့်အတိုင်း ထုတ်ဆောင်လေ)

သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာနှင့် ကဏ္ဏဝိဇ္ဈနမင်္ဂလာ ဟူသော ဤယခု သားရှင်ပြု သို့မှနားထွင်း အလှူတော် မင်္ဂလာ ပွဲကြီးကို ဆင်နွှဲ ကျင်းပလျက် ရှိသော သတို့သား ကလေးနှင့် သတို့သမီး ကလေးတို့အား "မု-စု-မ-ကဏ်-ကေ-သာ" ဟူ၍ အကျဉ်းမှတ်အပ်သော ၁-မုတ္တာသိရာမင်္ဂလာ ၂- စူဠာကရဏမင်္ဂလာ ၃- မကုဋ္ဌ ဗန္ဓနမင်္ဂလာ ၄- ကဏ္ဏဝိဇ္ဈနမင်္ဂလာ ၅- ကေသစ္ဆေဒန မင်္ဂလာ ၆- သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာဟု ဆိုအပ်သောမင်္ဂလာ ခြောက်ပါးကို တပြိုင်တည်း ဆောင်ရွက်နည်းနှင့်တကွ ချီးမြှင့်ပေတော့ အံ့၊ ကြီးမြင့်လိုသူ ယခုလာမျှတို့သည် သုဏာထ စကားအလိုက် တရားစရိုက်တို့ကို နားစိုက်ကြပါကုန်လော့။

(တူရိယာမပါလျှင် ဤတွင်ဖြတ်၊ တူရိယာပါလျှင် ရှေ့ဆက်)

ဆိုင်းဆင့်- ဇမာဓေတ်တခွင်တွင် အတိတ်နိမိတ် အစဉ်အလာ အဏော်များစွာတို့နှင့်တကွ မဟာဓမ္မရာဇ် အရှင် ပရိတ်မေတ္တာဖြန်းကာမ, စေဘို့ ဤဆရာဖြစ်သင် ဘိသိက် မင်္ဂလာကျမ်းမဟာကစပြီး ချမ်းသာခြင်းဖာတိ ယခင် ထိုသရော်တနိုင်းကဲ့သို့ ပလ္လင်ဗဟိုအမော် တံတိုင်းနှင့်တကွ အကြွင်အလိုတော် အတိုင်း မဆိုင်းရတဲ့အောင် "သခင်ကိုယ်တော်မှိုင်းဂိုဏ်း" ဟူ၍ တိုင်းကြီးဇမ္ဗူတွင် ပညဝန်တဆူဟာမို့ ဂိုဏ်းသီးထူကာ အလှန်ကြည်ဖြူစွာဖြင့် တန်ခွန်တလူလူ တိုင်းပြည်၏ ခရွှေမျက်နှာဖုံးပါဘဲ ဂိုဏ်းအစိပဏိမို့ အသရေမဆုံးဒါတွေကို မော်လိုတောင့်မကြည့်ဝ့်ရှာတဲ့ မှိုင်းကဝိ၏ ပြေလုံးကျော်တဲ့ တဟည့်ပါဗျာနှော် ဧ....ဒါကြောင့် အတိုင်းမသိ ရွှေဘုန်းတော်ကြီးပါဘိ ထီးတရာ့မင်းမင်း အလယ်မှာ သတင်းငယ်ကြေညာ တေဇာလှိုင်လို့ ကျူးတော်မူဗျာ။

## အနန္တငါးပါး ကန်တော့ခဏ်း

တြိဂုဏ်ရတနာ မိဘဆရာနှင့် မျှားစွာဂုဏ်အင် ကျေးဇူးရှင်ဟု ပေါ်ထင်ပေစွ မိဘဆရာ တဖြာထိုမှ ဂုဏာဝယ နှစ်ဝဝုဒ္ဓိ ကြီးဘိ သူအား ညွတ်တွားကြည်စွာ စေတနာဖြင့် ပူဇာရဟာ ပူဇော်ကြမှု ထိုသည့်သူအား လိုလားတောင်းဆု အာယုဝဏ္ဏ သုခဗလ ပြည့်စုံ ရသည် ဗုဒ္ဓရှင်တော် မိန့်ခွန်းတည်း-ဟူသည်နှင့်အညီ—

ရတနာသုံးပါး အမိအဘ ဆရာသမား အသက်အားဖြင့် ကြီးသောသူ၊ ဂုဏ်ပညာသိက္ခာအားဖြင့် မြင့်မြတ်သောသူတို့၏ ဝေယျာဝစ္စတည်းဟူသော အမှုကြီးငယ်ကို ဆောင်ရွက်ရသော အကျိုး၊ ပစာယန တည်းဟူသော အရိုအသေ အလေးအမြတ် ပြုရသော အကျိုးတို့သည်ကား ဆိုလျှင် ပစ္စုပ္ပန် သံသရာဘဝ နှစ်ပါးတို့၌ ထူးမြတ်သော အကျိုးတို့ကို ရရှိကြောင်း ကျမ်းဂန် အရပ်ရပ်တို့၌ လာရှိသည်ကို ပညာအဆင့်ခြင် ဉာဏ်အမျှော်အမြင် နှင့် ပြည့်စုံကုန်သော သားသမီး တပည့်သားမြေးတို့သည် နှလုံး၌ ဆင်ခြင်၍ ပြုအပ်ကုန်သည် ဖြစ်ပါသောကြောင့် ရတနာသုံးပါး အားၔင်း၊ အမိအဘတို့အားၔင်း၊ ဆရာသမားတို့အားၔင်း၊ အသက် အရွယ်အားဖြင့် ကြီးသောသူ၊ ဂုဏ်ပညာ သိက္ခာအားဖြင့် မြင့် မြတ်သောသူတို့အား အရိုအသေပြုခြင်း၊ ရှိခိုးခြင်း၊ လက်အုပ် ချီခြင်း အစရှိသော ကောင်းမှုကံတို့၏ အကျိုးတရားတို့ကို သုတ်ပါ ထေယျ ဖါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူသည်မှာ—

အဘိဝါဒနသီလိဿ နိစ္စံဝုဍ္ဎာပစာယိနော

စတ္တာရောဓမ္မာ ဝဍ္ဎန္တိ အာယုဝဏ္ဏော သုခံဗလံ

အနက်။ ။ အဘိဝါဒနသီလိဿ- ရတနာ သုံးပါးအား ရှိသေစွာရှိခိုးသော အလေ့ရှိထသော၊ နိစ္စံ-အမြဲလျှင်၊ ဝုဍ္ဍာပစာယိနော-သီလစသော ကျေးဇူးဖြင့် ကြီးသောသူကို ရှိသေသော အလေ့ရှိထသော၊ ပုဂ္ဂလဿ-ပုဂ္ဂိုလ်အား၊ အာယု-အသက်သည်၎င်း၊ ဝဏ္ဏော-အဆင်းသည်၎င်း၊ သုခံ-ချမ်းသာသည်၎င်း၊ ဗလံ-ခွန်အားသည်၎င်း၊ စတ္တာရော-လေးပါးကုန်သော၊ ဓမ္မာ-အကျိုးတရားတို့သည်၊ ဝဍ္ဎန္တိ-ပွားကုန်၏ ဟူ၍ ဟောတော်မူပါသည်၊ ဓမ္မပဒ အဋ္ဌကထာ၌လည်း—

ယောဝုဍ္ဎေ ပစာယန္တိ နရာဓမ္မဿကောဝိဒါ
ဒိဋ္ဌေဝဓမ္မေစ ပါသံသာ သံပရာယေစသုဂတိံ၊

အနက် —ဘိက္ခဝေ-ရဟန်းတို့၊ ဓမ္မဿ- အမိအဘ ဆရာသမား တို့အား ရှိသေ မြတ်နိုးခြင်း၌၊ ကောဝိဒါ- လိမ္မာ ကုန်သော၊ ယေနရာ- အကြင် သူ တို့ သည်၊ ဝုဍ္ဎေ - လူကြီးမိဘ တို့အား၊ အပစာယန္တိ- အရိုအသေ အလေးအမြတ်ပြုကုန်၏။ တေနရာ— ထိုသူတို့သည်၊ ဒိဋ္ဌေဝဓမ္မေစ- ပစ္စုပ္ပန်မျက်မှောက်သော ကိုယ်၏ အဖြစ်၌လည်း၊ ပါသံသာ- သူခပ်သိမ်းတို့ ချီးမွမ်းကုန်၏၊ သံပရာယေစ- တမလွန်ဘဝ၌လည်း၊ သုဂတိံ - ကောင်းသောသုဂတိ ချမ်းသာသို့၊ ဇာယန္တိ- လားရကုန်၏ ဟူ၍ ဟောတော်မူပါ သည်၊ ၎င်းပြင်လည်း-

ဗြဟ္မာဘိမာတာပိတရော ပုဗ္ဗာစရိယာဘိ
ဝုစ္စရေ အာဟုနေယျာစ ပုတ္တာနံတရာနံ
ပစာယအနုဇကမ္မန္တာ တသ္မာဟိနမဿေယျ

သဂါရဝေနပဏ္ဍိတော အန္တေနဝါ ပါဏော
နဝါ ဝတ္တေနဝါ သယနေနဝါ ဥစ္စာ
တနေန နှာပေန ပါဒါနံ ဓောဝနေနစ
တာယပါရိ စရိယာယ မာတာပိတုသု
ပဏ္ဍိတော ဣဓေဝနံ ပသံသန္တိ ပသစ္စပ
မောဒတိ၊ အနက်ကို ပဌမတွဲမှာကဲ့သို့ ပေးလေ။

ထို့ကြောင့် အမိအဘတို့၌ သားသမီးတို့သည် အရိုအသေ အလေးအမြတ်ပြု၍ လုပ်ကျွေးထိုက်ကြောင်း၊ ပူဇာစပူဇနေယျာနံ- ပုဒ်ကို ထောက်သဖြင့်လည်း ပူဇော်ထိုက်သော သူတို့ကို ပူဇော်ထိုက်ကြောင်းကို ၃၈-ဖြာမင်္ဂလာတရားတော်တွင် မြတ်စွာဘုရား ဟောကြားတော်မူသည်ကို ထောက်၍ ရတနာသုံးပါး၊ အမိအဘ ဆရာသမားတို့အား ရိုသေစွာရှိခိုးခြင်း ပူဇော်ခြင်း လက်အုပ်ချီခြင်း စသော ကောင်းမှုကုသိုလ်ကံတို့ကို ပြုကြရမည်။

ထို့ကြောင့် ယခုအခါ သာမဏေရပဗ္ဗဇ္ဇမင်္ဂလာကို ခံယူသော သတို့သားကလေးနှင့် ကဏ္ဏဝိဇ္ဈနမင်္ဂလာကို ခံယူသော သတို့သမီးကလေးတို့သည် အနန္တငါးပါးကို ပူဇော်ခြင်း၌ ကာယပဏာမ ဝစီပဏာမ မနောပဏာမ တည်းဟူသောသုံးပါး၊ အဥ္စလီပဏာမ ဝန္ဒနာပဏာမ သက္ကစ္စပဏာမ ဟူသောသုံးပါး၊ ထိုသုံးပါးတို့ဖြင့် ပူဇော်ကန်တော့ကြသော အရာဝယ်-

သတို့သား-သတို့သမီးကလေးတို့၌ ကံသုံးပါးမြောက်အောင် လက်အုပ်ချီမိုး ရှိခိုးစေ၍ ဘိသိက်ဆရာက ရှေ့က ချပေးရမည်။

လိုက်ဆိုရန်- ဗုဒ္ဓဂုဏောအနန္တော၊ ဓမ္မဂုဏောအနန္တော၊ သံဃဂုဏောအနန္တော၊ မာတာပိတုဂုဏောအနန္တော၊ အာစရိယ

ဂုဏော၁အနန္တော၊ ဣမေပဉ္စဂုဏံ အဟံဝန္ဒာမိ၊ သုံးခေါက်ဆို၍ ဦးသုံးကြိမ်ချစေ။

ဂုဏ်နောက်-အမိအဘ နှစ်ပါးတို့က ဆုမွန်ပေးစေ။

မှတ်ရန်—ဉပယာ ရဟန်းလောင်း သာမဏေသည် သိမ်ဝင်၍ ဥပသမ္ပဒကံဆောင်ပြီးမှ ရဟန်းအရာမြောက်သကဲ့သို့ ထိုအတူ ရှင်ပြုမင်္ဂလာ ခံယူသော ရှင်လောင်းသည်လည်း ရဟန်းသံဃာတော်တို့ထံ၌ သင်္ကန်းဝတ်ပြီးမှ သာမဏေအရာ မြောက်လေသည်၊ သို့ဖြစ်၍ ရှင်လောင်းအဖြစ်နှင့် မိဘ ဆရာသမားကိုကို ကန်တော့ခြင်းသည် ကန်တော့ထိုက်သည်ဟု မှတ်ကြလေ။

## ဘိသိက်ဆရာ၏ ဆုပေး

မနုဿိကာစ သမ္ပတ္တိ ဒေဝလောကေစ ယာရတိ
ယာစ နိဗ္ဗာနသမ္ပတ္တိ သဗ္ဗမေတေန လဗ္ဘတိ

ဟူ၍ [illegible] လ ပါသည်။

အနက်။ ။မနုဿိကာစ- လူ့ပြည်၌ဖြစ်သော၊ ယာသမ္ပတ္တိစ- အကြင်စည်းစိမ်ချမ်းသာသည်ရင်း၊ အတ္ထိ-ရှိ၏၊ ဒေဝလောကေ- နတ်ပြည်၌ဖြစ်သော၊ ယာရတိစ-အကြင်နှစ်လိုမွေ့လျော်ဘွယ်ရာသော၊ စည်းစိမ်ချမ်းသာတို့သည်ရင်း၊ အတ္ထိ-ရှိ၏၊ ယာစနိဗ္ဗာနသမ္ပတ္တိ-အကြင်နိဗ္ဗာန်တည်းဟူသော စည်းစိမ်ချမ်းသာသည်ရင်း၊ အတ္ထိ-ရှိ၏၊ သဗ္ဗံ-အလုံးစုံသော စည်းစိမ်ချမ်းသာစုကို၊ ဧတေန-ဤဘုရား တရား သံဃာ ရတနာသုံးပါး မိဘ ဆရာသမားတို့အား ပူဇော်ကန်တော့ရသော ပဏာမ ကုသိုလ စေတနာတို့ကြောင့်၊

လဗ္ဘတိ-ရအပ်ပေ၏ ဟူ၍ ဟောတော်မူသည်နှင့်အညီ၊ ပူဇော်စ ပူဇနေယျာနံ-ကျမ်းဂန်ပါဠိ လာရှိပြညွှန်း မိန့်ခွန်းမြွက်ဆော် တရားတော်ကို မှီငြမ်းပေါ်ပြမှာ ဒေဝါနမိန် ပူရိန္ဒ-နာမ ကျော်ဟိုး သုဒသ်စိုးအား ဘုန်းမိုးလျှံလင်း တရားမင်းသည် ကောင်းခြင်းမင်္ဂလာ ဖြစ်စိမ့်ငှာဟု ရတနာရောင်လျှံ- ဇေတဝန် ဌာန ကောင်းမွန်လှစွာ ဒေသနာသဝန တိုက်ကျွေး၍ပြသော် ကြောင့် ပူဇော်ဘွယ်ဖြစ်သော ရဟန်းသုံးပါး မိဘဆရာသမား တို့အား စိတ်ထားကြည်စွာ သဒ္ဒါကိုရှေးရှု၍ ဆယ်ဆူသောလက်စုံ ဖြင့် သဒ္ဒါပျံ့ပန်းခိုင်ကို စွဲကိုင်ကာပူဇော်သော အာနုဘော်အကျိုး ဆက်ကြောင့် ဘေးမျိုးကင်းစ ကောင်းကျိုးနှင့်စပ်ယှဉ်၍ လွှင် တလဟာပြင် ကျယ်စွာက အညာချပ်ထံ မြိုက်နိဗ္ဗာန်သို့ လမ်းမှန် မချို့ ကတို့သည်ကြီး ပို့လုနီးလှင် ရွှေသီပဒုမ ရှစ်စင်းထူ၍ ခိပ်ပြုမိုးကာ ဖေါင်မင်္ဂနာဝါတွင် ပါလိုသောအာသီသဖြင့် တောင့်တသော မင်္ဂလာရှင်တို့သည် လွယ်တကူ ဖိုလ်မဂ်ကို တပြိုင်နက် ရတော်မူကြ၍မို့ မြန်းနှစ်ဆော် တူတော်ကွ ငူအမတ သောင်ခေမာ သို့ ဖေါ်ရွှနာဝါ ကတို့ကြီးရယ်နှင့် ရွှေပြည်ခရီး မောင်မယ် အစုံတို့ ဖေါင်အကြုံဘက်ခါစီးရအောင် ထက်အခါ အချက် သာယာသည့် နည်းရယ်နှင့် စည်းအမှန် ပုံထောင်ဖွင့်ပြီး ချက် ရှောင်နှင့် တသိန်ဆောင်ကာ စံအိမ်တမယာ အတွင်းဆီက ယုန် ဘန်ဆောင်တင့်၍ အရှိန်နှင့်ပြောင်စွာ မှန်ရဝိန်တခါချဉ်းပါပေါ့ ကဲ ဆရာ့ဆရာများရယ် ဘုံဆောင်မြင့်စိန်ကြောင်း ဖွယ်ရှိန်က သာညီးလို့ လင်းဗျား။

အမှာ—တူရိယာမပ့ါလျှင် လွယ်တကူ ဖိုလ်မဂ်ကို တပြိုင်နက် ရတော်မူကြပါစေဗျား ဟူ၍ဖြစ်လေ။

## သားရှင်ပြု သမီးနားထွင်းမင်္ဂလာပွဲ၌ မင်္ဂလာ ၆-ပါး ချီးမြှင့်နည်းကို ပြပေအံ့

သားရှင်ပြု-သမီးနားထွင်း အလှူတော်မင်္ဂလာတွင် ဇမ္ဗူ ပေါ်တခွင်မှာ အကြင်မြတ်သော ရတနာတို့ဖြင့် ဆင်ယင်အပ်သော မင်္ဂလာတို့ကို ယခင်အတွေ့အလာ ဗုဒ္ဓတဆူက နှုတ်ဝစနကြူဒါကို ထုတ်ခါယူရလျှင် မုတ္တာ-စူဠ-မကုဋနှင့် ကဏ္ဍကေသ-ပဗ္ဗဇ္ဇတို့ကို မြတ်ဓမ္မစစ်အရ အထောက်အထားနှင့်တကွ ၆-ပါးသော မင်္ဂလာကို ဆင်ယင်ကာတပါဘည်း ပြီးတဲ့အောင် ဆရာနည်း သောတုဇနတို့ကို အဟောသုခ သဘော အနုကရဏ အပြောမခုရအောင် လောကုပမာဖြင့် ထင်စွာပြပေအံ့၊ ပညာရလိုသော အသင်တပည့်တို့သည် သင်ဆရာပြသည့်နည်းကို လှလှကြီး ရကြစေကုန်သတည်း။

၁။ ချစ်သား-ချစ်သမီး ပုတ္တဇီတရာတို့ကို ဒုက္ခမသိစရာ အမှန်တင်ကာပြုရလျှင် မုတ္တသီရာဆိုဒါ ရန်အမြင်မတည်တန့်ရအောင် သံပင် ဖြေဖြန့်သောမင်္ဂလာကို ပြုရခြင်း။

၂။ သူငါအစ အကြင်အခါ၌ စူဠာကရဏမင်္ဂလာဆိုဒါ ပြင်ဆင်ကာ စမုတ်ဆောင်အဆုံးတွင် ဥဿျောင်ငုံးသော မင်္ဂလာကို ပြုရခြင်း။

၃။ လူ့ဘဝစံကြစဉ်အခါမှာ သုခအနန္တ အစဉ်မကွာတဲ့အောင် မကုဋ္ဌဗန္ဓဏမင်္ဂလာဆိုဒါ ယခင်အခါ တိုက်တသောင်းက အရှင်ဘဂဝါ အမြိုက်လောင်းပြီး မကိုဋ်ဆောင်းသော မင်္ဂလာကို ပြုရခြင်း။

၄။ ပရိပရအတိတ်က ထင်မြင်ပါသဖြင့် ဖန်သတဲ့ ဉာဏ်အစဉ် မကွာတဲ့အောင် ကဏ္ဏဝိဇ္ဈနမင်္ဂလာဆိုဒါ အသွင်ပမာ ပတ္တမြား အဆင်းကလေးအား ဝါသဝသိကြားမင်း၏ နားထွင်းသော မင်္ဂလာ ပြုရခြင်း။

၅။ ကမ္ဗောဇ္ဈခန်းတရားအဆက်ဆက် ရဟန်းတရားမပျက်မကွက် ဘဲ ပန်းအလား ကာရမက်ကလေးအား တသန်းပတ္တမြားကနက် မြတ်စမ္မအသရေနှင့် အရဟတ္တဇ-ဘဂဝါပရမေ၏ ပဗ္ဗဇ္ဇရှင်သာ မဏေပြုရန် ဆံပင်ကို ပယ်၍ ဉာဏ်အမြင်ကျယ်ကာ အဲဝါရေ ဖန်သပြီး သာသနအမွေခံကြဖို့ ဆံချတဲ့မင်္ဂလာကိုတော့ တအင်္ဂါ အခြေအမြစ်နှင့်ဘာက္ခ တင်ဆင်ကာ ဖွေလုစ်၍ပြုလိုက်တော့ ဤ အခါမှာ ကေသစ္ဆေဒနမင်္ဂလာဟုခေါ်ပါသည်။

၆။ ဘဂဝါပရမေ၏ အရဟတ္တဇ ဆင်ယင်ကာဖြင့် သာသ နာအားမွေသ သဒ္ဓမ္မအစဉ်အလာကို သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ ဆိုဒါ တပါးအရှင်သမု၏ ဘာသာအသရေဖြည်စ်နွမ်းရအောင် အများ တမင် ရှု၍ ဘပါဘာခဝမချွတ်ယွင်းစေဖို့ သားရှင်ပြုပြီး သာမ ဏေဝတ်ခြင်းတည်းဟူသော မင်္ဂလာကို ပြုရခြင်း၊

ဟူသော ဤမင်္ဂလာ ၆-ပါးကို တပါတည်း ချီးမြှင့်ရ မည် ဖြစ်ပါသောကြောင့် ဤယခု သားရှင်ပြု သမီးနားထွင်းအလှူ တော်မင်္ဂလာတွင် ဖူးဇော်စရာ အဆန်းအပြားတို့နှင့်တကွ ခမ်း နားစွာ ပြင်ဆင်ကာဖြင့် ဆင်ယင်ကာ ဒါနအတူပါကြဘို့ ကြွ လာတော်မူကြပေကုန်သော မရိသတ်အများ ယခုလာသမျှတို့ သည် သုဏာထအခါမှလင့် သဒ္ဒါပွင့်အောင် နာလင့်တော်မူကြ ကုန်။

## (၁) မုတ္တာသိရာမင်္ဂလာပြုနည်း

မိမိတို့ရင်၌ ဖြစ်သော သားသွီးတို့၌ ဉာဏ်အမြင်ဒသရှည် ဆန့်ပြီးသကာလ ရန်အမျှင်မတည်တန့်ရအောင် ဆံပင် ဖြေဖြန့်သော မင်္ဂလာကို ပြုရခြင်းက မုချ ဤအခါတွင် ဒုက္ခမသိစရာဖို့ "မုတ္တာသိရာမင်္ဂလာ"ဟု ခေါ်ဆိုရပါသည်။

ဝိဂ္ဂဟဝါကျနှင့် ပြရလျှင်၊ မုတ္တာသိရံ ဝိသဇ္ဇနန္တိ-မုတ္တာသိရာ။ မုတ္တာသိရံ-မြတ်သောဥသျှောင်ကို ဝါ-ဆံပင်ကို၊ ဝိသဇ္ဇနန္တိ-ဖြေဖြန့်ခြင်းကို ပြုအပ်၏၊ ဣတိတသ္မာ-ထိုသို့ဆံပင်ကို ဖြေဖြန့်ခြင်းပြုအပ်သော သတ္တိကြောင့်၊ မုတ္တာသိရာ-မုတ္တာသိရာမည်၏။

မုတ္တာသိရံ ဝိသဇ္ဇနဥ္စ ကာံမင်္ဂလာစာတိ၊ မုတ္တာသိရမင်္ဂလာ (ကမ္မဓါရည်းသမာသ်တွဲ) မုတ္တာသိရံ-မြတ်သောဥသျှောင်ကို ဝါ-ဆံပင်ကို၊ ဝိသဇ္ဇနဥ္စ- ဖြေဖြန့်အပ်သည်လည်း၊ ဟောတိ- ဖြစ်၏၊ တံ- ထိုဆံပင်ကို ဖြေဖြန့်အပ်၏ဟူသည်၊ မင်္ဂလာစ- မင်္ဂလာသည်လည်း၊ ဟောတိ-ဖြစ်၏၊ ဣတိတသ္မာ- ထိုသို့ နှစ်ပါးသော သတ္တိကြောင့်မုတ္တာသိရမင်္ဂလာ-မုတ္တာသိရာမင်္ဂလာမည်၏ဟူ၍ဆိုပါသည်။

အမှာ—ဤနေရာ၌ ဘိသိက်ဆရာက သတို့သွီးကလေး၏ ဆံထုံးကိုဖြေ၍ ဆံပင်အလျားလိုက် ဆရာ၏ လက်ဝါးနှစ်ဖက်ပေါ်တွင် တင်၍ ရွတ်ရမည်၊ ရွတ်ရန်ကား-

မုတ္တာသိရာ ဤအခါတွင် ရှည်စွာမပျက် အထက်ထုံးတန်းနှလုံးမှန်း ဘုန်းတန်းတက်ပြီးလျှင် အသက်ရှည်မှု အကြောင်းပြု၍ ကောင်းမှုထင်စွာ မင်္ဂလာကို အကြင်အခါပြုရသော အကျိုးကြောင့် သုခတမျိုးဣစ္ဆိတံဟု စိတ်ရှိအမှန်ဆက်ခါ လင်းရလျှင်

စကြာမင်း၏ ပတ္တမြားရတနာလို အလားပမာလိုတရကြ၍ ကိုယ်
ကအစ စိတ္တသုခံ-ဉာဏ္ဍတခုမကျန် တထုံးတနည်းနှင့် ဘုန်းကြီး၍
အသက်ရှည်ပြီး တက်နေ၏ ပမာအလားကဲ့သို့ ရတနာ ၇-ပါး
ပြိုးကြွယ်မောက်ပြီးလျှင် ၉၆-ဝေဒနာကင်းတဲ့ပြင် ထွေစွာမရှင်း
သည့် အနိဋ္ဌတို့ပါ အရိပ်မှမကျန်မလာမကပ်မညိရအောင် ဘလာ
နတ္ထိခဘားအန္တရာယ်တို့သည် မနေ့အမြန်တကယ် ရန်အမြင်မတည်
တန့်ရန်ဘို့ ဆံပင်ဖြေဖြန့်သော မင်္ဂလာကို ကြည်သန့်စွာဆင်ယင်
ပါသည် လျှင်မကြာဂမုံးပန်းအမျိုးကလေးမှာ ဘုန်းတန်းတိုး၍
မပျက်တကမ္ဘာမျှော်ပြီး အသက်ရာကျော်ရှည်ခစေသော်။

## (၂) စူဠာကရဏမင်္ဂလာပြုနည်း

မင်းနှင့်ဆင်းရဲသား မှတ်ပိုင်းခြားလျက် ဆင်းရဲသားရောင် မင်းဦးသျှောင်ဟု ရွက်ဆောင်ရှင်ပြုံး ဆံပင်ထုံးသောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် "စူဠာကရဏမင်္ဂလာ" မည်ပါသည်။

ဝိဂ္ဂဟ်မှာ-စူဠ ကာတဗ္ဗန္တိ စူဠာကရဏံ။ ယံမင်္ဂလံ-အကြင် မင်္ဂလာသည်၊ စူဠ-ဦးသျှောင်ထုံးခြင်းကို ဝါ ဆံပင်ထုံးခြင်းကို၊ ကာတဗ္ဗ-ပြုအပ်၏၊ ဣတိတသ္မာ-ထိုသို့ ဦးသျှောင်ထုံးခြင်းကို ပြုအပ်သောသတ္တိကြောင့်၊ တံမင်္ဂလံ-ထိုမင်္ဂလာသည်၊ စူဠာကရဏံ-စူဠာကရဏမည်၏။

စူဠာကရဏဥ-တံမင်္ဂလာစတို-စူဠာကရဏမင်္ဂလာ (ကမ္မဓါရည်းသမာသ်တွဲ) စူဠာကရဏဥ-ဦးသျှောင်ထုံးခြင်းကို ပြုအပ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ တံ-ထိုဦးသျှောင်ထုံးခြင်းကို ပြုအပ်၏ ဟူသည်၊ မင်္ဂလာစ-မင်္ဂလာသည်လည်း၊ ဟောတိ-ဖြစ်၏၊

ဇ္ဇုတိတသ္မာ-ထိုသို့နှစ်ပါးသော သတ္တိကြောင့်၊စူဠာကရဏမင်္ဂလာ-စူဠာကရဏ မင်္ဂလာမည်၏။

အမှာ—ဤနေရာ၌ သတို့သမီးကလေး၏ ဖြေဖြန့်ထားသော ဆံပင်ကိုထုံးစေ၍ ဆရာကရွတ်ရမည့် လင်္ကာကား-

ဆင်းရဲသားရောင် မင်းဥသျှောင်ဟု ယခေါင်ကာလ ခါသမယက ပါကြဝ့်ယခွဖ်အခါမှာ အစဉ်အလာယူကာပြုကြတဲ့ စူဠာကရဏစမုတ်ဆောင်အဆုံးတွင် ဥသျှောင်ထုံးသောမင်္ဂလာကို အကြင်အခါပြုရသော အကျိုးကြောင့် သုခတမျိုးအရှိန်အဝါနှင့် ဝတိသော မြနန်းကနက်က နတ်ပန်းဆက်၍ ဘယက်တန်းဆာ ဆင်သလို အထက်ဝဋ္ဋာတခွင် အသွင်ရူပကာယမှာ မဋ္ဌုသက နတ်ပန်းပမာ အာသာဝတီနွယ်နီ အလှားကဲ့သို့ အရွယ်ညီတူ မခြားတဲ့ ဒေဝီခုနှစ်ဖော်တို့က ဖြေဖျော်ကာ ရှင်ရှင်လန်းလန်းနဲ့ ဆင်မြန်းကြတဲ့ ပန်းမာလာကို ဝမ်းသာစွာ စိတ်ရှိမြောက်ပြီး သိဒ္ဓိပေါက်၍ အသက်တထောင်ရှည်စွာဖြင့် မပျက်အောင်တည်ကာ ဤအခါကစပြီး ဝဇီရာတမျှ သိကြားလက်နက် မိုးကြိုးကဲ့သို့ အသွားထက်တဲ့တန်ခိုးနဲ့ ဆိုးသမျှအန္တရာယ်တို့ကို အမြန်တကာယ် ပျောက်ခါကင်းတဲ့ပြင် ဖေါက်ခါထွင်း၍ မြူဘယာမခရအောင် စူဠာကရဏမင်္ဂလာကို လျင်မကြာဆင်ယင်ပါသည် ယခင်အခါ ပေါ်ပြည့်မနေနဲ့ ဇောတိကသူဌေးကြီးတို့လို ဘေးအသီးသီးရန်အသွယ်သွယ်တို့သည် အန္တရာယ် ငဝေးစွာကင်းပြီး ံ မြေခြင်း သီတဂူကဲ့သို့ ဤအတူ ဂမုန်းပန်းအမျိုးကလေးမှာ ဘုန်းတန်းတိုး၍ မပျက်တကမ္ဘာမျှော်ပြီး အသက်ရာကျော် ရှည်စေသော်။

## (၃) မကုဋဗန္ဓကာမင်္ဂလာပြုနည်း

ဇာတိခေတ် တိုက်တသောင်းတွင် ဘဂဝါ ဓမ္မရာဇ် အမြိုက်လောင်းကဲ့သော မဟာဥပရာဇ် စရိုက်အကြောင်းနှင့်တဆ— မကိုဋ်ဆောင်းသောမင်္ဂလာကို ပြုရခြင်းက ခုဘဝကြံသမျှ အောင် မြင်ပါသဖြင့် မကုဋဗန္ဓကာမင်္ဂလာလို့ ခေါ်ဆိုရပါသည်။

ဝိဂြိုဟ်မှာ-မကုဋံ ဗန္ဓိယတိ တိ မကုဋဗန္ဓကာ။ မကုဋံ-မကိုဋ်ကို၊ ဗန္ဓိယတိ-ဖွဲ့စေအပ်၏ ဝါ ဆောင်းစေအပ်၏၊ ဣတိတသ္မာ-ထိုသို့ မကိုဋ်ကို ဆောင်းစေအပ်သော သတ္တိကြောင့်၊ တံမင်္ဂလံ-ထိုမင်္ဂလာသည်၊ မကုဋဗန္ဓကာ-မကုဋဗန္ဓကာမည်၏။

မကုဋဗန္ဓတိစ- သောမင်္ဂလာစာတိ မကုဋဗန္ဓကာမင်္ဂလာ (ကမ္မဓါရည်းသမာသ်တွဲ) မကုဋဗန္ဓတိစ-မကိုဋ်ဆောင်းခြင်းကို ပြုအပ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ သော-ထိုမကိုဋ်ဆောင်းခြင်း ကို ပြုအပ်၏ဟူသည်၊ မင်္ဂလာစ-မင်္ဂလာသည်သည်း၊ ဟောတိ-ဖြစ်၏၊ ဣတိတသ္မာ-ထိုသို့ နှစ်ပါးသောသတ္တိကြောင့်၊ မကုဋဗန္ဓကာ မင်္ဂလာ-မကုဋဗန္ဓကာ မင်္ဂလာမည်၏။

အမှာ—ရှင်လောင်းအား ဆောင်းသည်ကို "မကိုဋ်" နားထွင်းမင်္ဂလာခံ သတို့သမီးကလေးအား ဆောင်း သည် ကို "စည်းပုံ" ဟု ခေါ်သည်၊ ဘိသိက်ဆရာက မင်္ဂလာရှင်နှစ်ဦးအား မကိုဋ်-စည်းပုံတို့ကို ဆောင်းပေးရမည်၊ ၎င်းနောက် ရွတ်ရမည့် လင်္ကာကား-

ရေမြေသေဌ်နှင်း မင်းမြှောက်ခြင်း မင်္ဂလာတွင် ပလ္လင် ရတနာ သီဟာသနဌ် ညီလာခ၍ မြတ်သည့်ပမာအလိုဖြင့် ခတ္တိယ

ဆိုတဲ့ ရာဇာဘိသိက်ကို ခပ်နိုပ်၍ သွန်းလောင်းသည့် အခါမှာ ဆုတောင်းပြည့်ကာ တိုက်တသောင်းအရှိတွင် အမြိုက်လောင်းမည့် ယခုဖန်ကြတဲ့ မကိုဋ္ဌဆောင်းသည့် မကုဋဗန္ဓဏမင်္ဂလာကို တုမရစံမရယှဉ်ကာ စဉ်အလာမမှားရအောင် ဘုရင်ရာဇာအများတို့၏ထုံးနည်းကိုဖွေ့လို့မို့ ဘုန်းကြီး၍အသက်ရှေပြီး တကဘ်သိမ်နေပမာအလားကဲ့သို့ ရတနာပဋ္ဌမြား တိုးတက်မောက်ပြီးလျှင် ၉၆-ရောဂါကင်းလို့မို့ ဩဘာသတင်း တိုက်တသောင်းအပြည့် ထင်စွာဖြင့် မကိုဋ္ဌဆောင်းသည့် မင်္ဂလာကို လျင်မကြာပြုပါသည် အင်္ဂါအစုစု ပြည့်စုံစွာဖြင့် မဏိတဖုံရတနာ ကိန်းဝန်းသာတဲ့အောင် မြိမ်းချမ်းစွာ ဂမုန်းပန်းအမျိုးကငလးမှာ ဘုန်းတန်းတိုး၍ မပျက်တမ္ဘာမျှော်ပြီး အသက်ရာကျော်ရှည်စေသော်-

## (၄) ကဏ္ဏဝိဇ္ဈနမင်္ဂလာပြုနည်း

သို့ရတနာ လုသူဇာကို မဟာလ္လတာ တန်းဆာဆင်မြန်းကာဖြင့် ရှင်လန်းစွာထိန်လျှပ်၍ မိန့်အပ်ထားသွင်း ပဏ္ဏမြားအဆင်းကလေးကို နားတွင်းသောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် ကဏ္ဏဝိဇ္ဈနမင်္ဂလာ မည်ပါသည်။

ဝိဂ္ဂဟ်ကား- ကဏ္ဏ ဝိဇ္ဈိယတိ-ကဏ္ဏဝိဇ္ဈော ယံမင်္ဂလံ- အကြင်မင်္ဂလာသည်၊ ကဏ္ဏ-နားကို၊ သုဝိယာ- အပ်ဖြင့်၊ ဝိဇ္ဈိယတိ- ထွင်းအပ်၏၊ ဣတိတသ္မာ-ထိုသို့ နားကို ထွင်းအပ်သောသတ္တိကြောင့်၊ တံမင်္ဂလံ-ထိုမင်္ဂလာသည်၊ ကဏ္ဏဝိဇ္ဈော-ကဏ္ဏဝိဇ္ဈမည်၏။

ကဏ္ဏဝိဇ္ဈောစ- သောမင်္ဂလာစာငါ- ကဏ္ဏဝိဇ္ဈမင်္ဂလာ (ကမ္ဗဓါရည်းသမာသ်တဲ့) ကဏ္ဏဝိဇ္ဈာစ- နားကို ထွင်းအပ်သည်

လည်း၊ ဟောတိ-ဖြစ်၏၊ သော-ထိုနခါးကို ထွင်းအပ်၏ဟူသည်၊ မင်္ဂလာစ- မင်္ဂလာသည်လည်း၊ ဟောတိ- ဖြစ်၏၊ ဣတိတသ္မာ- ထိုနှစ်ပါးသော သတ္တိကြောင့်၊ ကဏ္ဏဝိဇ္ဈမင်္ဂလာ- ကဏ္ဏဝိဇ္ဈမင်္ဂလာမည်၏။

ထို့ကြောင့် နည်းအဖြာဖြာအပြီးလာဒါက သမီးကညာတို့အကြီးမှာလျှင် ထိုတရားအရှင်၊ ယခုအကြောင်း ရှုလို့မို့ အစဉ်ကောင်းမှု သဒ္ဒါတွေလှပါက သာသနာတွင် မနှုန်းယ သူဌေးကြီး၏ ဝေးအနီးသိကြတဲ့ရှင်သွေး သမီးဝိသာခါကို သိခါ၌ပြန် မင်္ဂလာရေစင်ဖြန်းပြီးလျှင် နေ့ခါသွင်ရဟန်း နတ်လူတို့ကိုးရသည့် ရွှေသက်န်းကပ်လှူရသော အကျိုးကြောင့် နတ်အတူတချိုး ဘဝကံဖန်လာသဖြင့် ဂဏ္ဍာတွင်းသောယက် အပြန်တရားသာတဲ့ မဟာလတာတန်းဆာကို ဘရံမကွာဝတ်ဆင်ရပြီး အထွင့်ခင်သည့် ကိုးပမာပန်သတဲ့ အတိတ်ဇာတာကြောင့် အလုံးကြွ၍ ဣဋ္ဌ အစဉ်မကွာတဲ့အောင် "ကဏ္ဏဝိဇ္ဈနမင်္ဂလာ" ကို စဉ်အလာဆင်ကာနွဲ့ဘိ သကဲ့သို့ ဤအခါယှဉ်ကာတဲ့ပြီး တင်ပတ္တနာ အမြဲတပါးယမင်း ကလေးအား ဝါသာ သိကြားမင်း၏ ပတ္တမြားနားကင်းနှင့် နားထွင်းသော မင်္ဂလာကို လျင်မကြာပြုပါသည်၊ ယခုအခါ အင်္ဂါညီသည့် ပဒုမာသနသဥ္စာလိဝယ် ပလ္လင်ရတနာ အညီ ထီးတော်ဆောင်းလို့မို့ ဘုရင်တသာကိ၏ သမီးတော်အပေါင်းတို့လို စည်းပိုင်ဘော်ဆောင်းကာ ပရိပုရ အတိတ်က တင်ဆင်ကာဖြင့် "ကဏ္ဏဝိဇ္ဈနမင်္ဂလာ" ကို ဆင်ယင်ကာနွဲ့ပါသည် ရတနာပုလဲ ဂမုန်းပန်းအမျိုးကဏ္ဍမှာ ဘုန်းတန်းတို့၍ မပျက်တကာမှာ မျှော်ပြီး အသက်ရာကျော်ရှည်စေသော်။

(တူရိယာမပါလျှင် ဤတွင်ဖြတ်၊ တူရိယာပါလျှင် ရှေ့ဆက်)

ပုတ္တဒါရဿ သင်္ဂဟော ကျမ်းဂန်အရ မှန်ကန်စွာပြုရမှာဖြင့်၊ ပုတ္တန်ဒါရေတိတိ- ပုတ္တဒါရဿသင်္ဂဟော- ရှင်စောမိန့်ချက် မင်္ဂလာကျမ်းအထွက်နှင့် လမ်းမပျက် ချီးမြှင့်ပူတာက သွီးအနုအရင့် မိတရာအပေါ်ဝယ် ကြည်စရာတကယ် အရှိန်နဝရတ်တို့နှင့် စိန်နားကပ်ဆင်လိုသည့်အကြောင်းကြောင့် ခင်ပျိုမဒီ အပေါင်းဝန်းရံခဲ့ မွန်းမံသမျှဇာရတီအခံ နာရနီအမှန် အပ်ရွှေမြရယ်နှင့် နတ်အသရေတမျှ တပါးဖလှအချောကလေးကို နားသသော မင်္ဂလာ ဆင်ယင်ကာကျင်းပပါသည် အဆင်းလှတဲ့ ဒေဝီလူတွင်မက မနေသွဆုအပေါင်းပြည့်ဒါမို့၊ သုဝဏ္ဏ မေရုတောင်စောင်းက ရွှေဒေါင်းငှက်ပမာလို ဘယက်တန်းဆာဆင်ရမည့် အခမ်းအနားမှာ အဆန်းအပြား ကမ္ဘာမှာ မရှိအောင် ရတနာအတိ အခိုးအလျှံနှင့် အဘိုးတန်အလား ငှောက်ကဲ့သို့ ပတ္တမြား ကျောက်ခြေဖျားမှာစီ နီလာနှင့် ဥဿဖယား မြရိုးယားစိန်ဝဇီရာတို့ကို သိင်္ဂိမ်နှင့် နန်းခက်၍ ပန်းတရွက်တရွက် မကာန်းတကွက်တကွက်ချယ်ပြီးလျှင် တင့်တယ်စွာအရောင် လက်စေဘို့ အတောင်နှစ်ဖက်မှာတပ်၊ ပတ္တမြား မြတ်ဝေဘူပြန့် ပြည့်တန်သောကျောက်အကောင်းကို အမောက်နှင့် ခေါင်းမှာစီး နီလှသော သဋ္ဌာ မြဟ်နှုတ်သီးမှာတပ်၊ မြင့်မြတ်သော မျက်မဏိတို့ကို တင့်အပ်သော အကွက်စီတဲ့အောင် မျက်စိမှာတပ်၊ နဝရတ်ပဒ္မမြားအမျိုးမှန်တို့ကို အဘိုးတန်စာရင်းမထားနိုင်ဘု မယွင်းမှားရအောင် အချိန်

အထုပ်နှင့်တကွ ပန်းထိမ်လုပ်သူ ငကြိုးတို့ကို ဉာဏ်ရှိသမျှပညာ အဆန်းအပြားနှင့် မင်္ဂလာ အခမ်းအနားမှာ အကြောင်းထုတ် လိုက်တော့ ဝတ်ဆင်တဲ့ တန်းဆာမှာ အကောင်းလုပ်ထာမို့ ဒေါင်းရုပ်ထုသော်မြဆံထိုး အဘိုးတန်ဖြစ်သောကြောင့် မျိုးမှန် အစစ် နေ့ဝင်အခြေပြုရန်တို့—

အောင်ဇေယျတု တမင် သလိုက်မည် ဓနုဥယဝိသာခါ တို့လို မဏိရတနာဝေပေး၍ မကုန်တဲ့ပြင်• သူဌေးအစုံ ဗုဒ္ဓမမ္မရှယ် မျှော်၍ ဥတ္တရာသူကြွယ်ကတော် အသရေတဖြာမောက်လို့မို့• ရွှေငွေရတနာ ကျောက်တွေ မြေကပေါ်သည့်နှယ် ကုဋေကုဋာမ က ကြွယ်အောင် ကြက်သရေဖြိုးကြွယ်လျှပ်စေဘို့ ကိုးသွယ်နဝ ရတ်တောင်နန်းခွင်က အောင်ပန်းဆင်ရန် အချိန်ကျပါပေါ့ ဝတိန်ဝေဇယ အောင်ငွေပြဒ္ဒါ အောင်ဇေယျတု အောင်ပန္နက် ချွေလို့မို့ အောင်ဓမ္မစက်ရေဖြိုးလိုက်ပါတော့မည် ဘိုးဝါသဝ၏ ဘမယာသနရွှေပုံအပေါ်ဝယ် ရတနာအစုံနှစ်ဖော် ပန်ပတ္တနာ အခေါင်ညွှန်းလို့မို့ အလျှံတဖြာဖြာ အရောင်တွေထွန်းပြီး ပါဝါဘန်းခိုးကြွယ်ပေသည့် မြန်ရတနာမှာ အမှောင်မစွန်းတဲ့ မဟာမျိုးမဟာနွယ်တို့ကို ကဲ...ဆရာ့ဆရာမျှားက စံရာတောင် ကျွန်းဆိုတဲ့ သာနိုးပျော်ဖွယ် ကြိုးကြီးဖွဲ့တော်မူစမ်းပျာ့။

ဤနေရာတွင်• တူရိယာ ဆရာမျှားက ငြိမ့်ငြိမ့်ညောင်း ညောင်း သောင်းသောင်းဖြဖြ တီးမှုတ်ကြစဉ် ဘိသိက်ဆရာက သတို့သမီးကလေးအား ရွှေအပ်သွင်း၍ နားထွင်းခြင်း အမှုပြု ရမည်။

## ရှင်ပြုမင်္ဂလာခံယူသော သတို့သားကလေးအား ချီးမြှင့်ရန်

### (၅) ကေသစ္ဆေဒနမင်္ဂလာပြုနည်း

သားပန်းခက် သဇင် စကာဝါတတွေကို အရှင်ဘဂဝါ ပရမေ၏ ရှင်သာမဏေပြု၍ သာသနာ့အမွေခံကြတို့ ဆံချသော မင်္ဂလာပြုခြင်းကိုတော့ အခြေအမြစ်နှင့်တကွ ဖွေလှစ်၍ပြလိုက်တော့ ကေသစ္ဆေဒနမင်္ဂလာလို့ ခေါ်ဆိုရပါသည်။

ဝိဂ္ဂဟ်ကား- ကေသံဆေဒိယတိတိ-ကေသစ္ဆေဒနံ။ယံမင်္ဂလံ- အကြင်မင်္ဂလာသည်၊ ကေသံ-ဆံပင်ကို၊ ဆေဒိယတိ- ဖြတ်အပ်၏၊ ဣတိတသ္မာ- ထိုသို့ ဆံပင်ကို ဖြတ်အပ်သော သတ္တိကြောင့်၊ တံမင်္ဂလံ-ထိုမင်္ဂလာသည်၊ ကေသစ္ဆေဒနံ-ကေသစ္ဆေဒန မည်၏။

ဘနည်းဝိဂ္ဂဟ်- ကေသစ္ဆေဒနကာလေ- ကာတဗ္ဗန္တိ ကေသစ္ဆေဒနကရဏံ။ ယံမင်္ဂလံ-အကြင် မင်္ဂလာသည်၊ ကေသစ္ဆေဒနကာလေ-ဆံပင်ကို ရိတ်ဖြတ်သောကာလ၌၊ ကာတဗ္ဗံ-ပြုအပ်၏၊ ဣတိတသ္မာ-ထိုသို့ ဆံပင်ကို ရိတ်ဖြတ်သောကာလ၌ ပြုအပ်သော သတ္တိကြောင့်၊ တံမင်္ဂလံ-ထိုမင်္ဂလာသည်၊ ကေသစ္ဆေဒနကရဏံ-ကေသစ္ဆေဒနကရဏ မည်၏။

ကေသစ္ဆေဒနဥ- တံမင်္ဂလာစာတိ- ကေသစ္ဆေဒနမင်္ဂလာ (ကမ္မဓါရည်းသမာသ်တဲ့) ကေသစ္ဆေဒနဥ-ဆံပင်ကို ရိတ်ဖြတ်သောကာလ၌ ပြုအပ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ တံ-ထိုဆံပင်ကို ရိတ်ဖြတ်သောကာလ၌ ပြုအပ်၏ဟူသည်၊ မင်္ဂလာစ-မင်္ဂလာသည်လည်း၊ ဟောတိ-ဖြစ်၏၊ ဣတိတသ္မာ-ထိုသို့ နှစ်ပါးသော သတ္တိကြောင့်၊ကေသစ္ဆေဒနမင်္ဂလာ-ကေသစ္ဆေဒနမင်္ဂလာမည်၏။

ကမ္မဋ္ဌာန်းတရားအဆက်ဆက်နှ ရဟန်းတရားမပျက်မကွက်ဘဲ ပန်းအလား ကရမက်ကလေးအား တသန်းပတ္တမြားကနက်မြတ်ဓမ္မအသရေနှင့် အရဟတ္တဇဘာဂဝါပရမေ၏ ပဗ္ဗဇ္ဇရှင်သာမဏေပြုရန် သင်္ဃာအလယ် ဗိုလ်ထုတွင် အလိုတခု ဉာဏ်အမြင်ကျယ်၍မို့ ဆံပင်ကို ပယ်ကာ သာသနာအမွေခံကြဘို့ ဆံချတဲ့မင်္ဂလာမှာ အနန္တရ အစဉ်အလာက အရဟံဘဂဝသာသနာတွင်ဖန်သ, ကာ တမင် သပိတ်ပါ အသစ်ထပ်ပြီးသကာလ ပရိက္ခရာရှစ်ပါးကို ချပ်သားတို့လှူဘူးမှ ဆုထုံးနှင့်တကွ သာသနာအမွေကို ခံပြီးလျှင် အမဘာ ပြေသိဝ နိဗ္ဗူကမ်းတဖက်က ပြည်မ, ရိပ်ဖြူ နန်းအဆက်သို့ လှမ်းတက်နိုင်ပါလိမ့်မည်ဟု ပဋ္ဌာန်းဓမ္မစက်ကုသလာဓမ္မာကို ပြုစရာမကွာ အနန္တရပစ္စည်း ဆက်တဲ့အောင်ဆံချတဲ့ကျင့်နည်းမပျက် အမွေဒါနှစ် ဇုရှင်သာသနာမှာ ဧကသဒ္ဓေဒနမင်္ဂလာကို ဖွေလှစ်ခါ လျင်မကြာပြုလိုပါသည့် အင်္ဂါအစုစုပြည့်စုံစွာဖြင့် ကော်ဘဖုံရတနာ ကိန်းခမ်းသားတဲ့အောင်မြိမ်းချမ်းစွာ ဂမုန်းပန်းအမျိုးကလေးမှာ ဘုန်းတန်းတိုး၍ မပျက်တကမ္ဘာ• ပျှ်ပြီး အသက်ရာကျော်ရှည်စေသော်—

(ဤနေရာတွင် ရှင်လောင်းအား ဆံချရမည်)

## (၆) သာမဏေရပဗ္ဗဇ္ဇမင်္ဂလာပြုနည်း

ဗုဒ္ဓဘာသာအောင်လံ တန်ခွန်ထူဘို့ ရောင်လျှ တလူလူဘဝမပြတ်ရအောင် အရဟတ္တဇကြာသက်န်းနှင့် အဝါရေဆင်မြန်းကာ သာသနာအာ/ွင်ရှုလို့ မို့ ရှင်ပြုသောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် သာမဏေရပဗ္ဗဇ္ဇမင်္ဂလာမည်ပါသည်။

ဝိဂ္ဂြဟ်ကား-နိဝရဏခမွေ-သမေတီတိ- သမဏော။ ယော ပုဂ္ဂလော-အကြင်ပုဂ္ဂိုလ်သည်၊ နိဝရဏခမ္မေ-နိဝရဏတရားတို့ကို၊ သမေတိ-ငြိမ်းစေတတ်၏၊ ဣတိတသ္မာ-ထိုသို့ နိဝရဏတရားတို့ကို ငြိမ်းစေတတ်သော သတ္တိကြောင့်၊ သောပုဂ္ဂလော- ထိုပုဂ္ဂိုလ် သည်၊ သမဏော-သမဏ မည်၏။

တနည်း —သမဏာသ- အပစ္စံ- သာမဏေရော။ သမဏာသ- ရဟန်း၏၊ အပစ္စံ-သားဖည်း၊ သာမဏေရော-ရဟန်း၏သား။

သာမဏေရဥ္စတံပဗ္ဗဇ္ဇဥ္စာတိ သာမဏေရပဗ္ဗဇ္ဇံ။ သာမဏေ ရဥ္စ- သာမဏေသည်လည်း၊ ဟောတိ- ဖြစ်၏၊ တံ- ထိုသာမဏေ ဟူသည်၊ ပဗ္ဗဇ္ဇဥ္စ- ရဟန်းသည်လည်း၊ ဟောတိ- ဖြစ်၏၊ ဣတိ တသ္မာ- ထိုသို့နှစ်ပါးသော သတ္တိကြောင့်၊ သာမဏေရပဗ္ဗဇ္ဇံ- သာမဏေရ ပဗ္ဗဇ္ဇမည်၏၊

သာမဏေရပဗ္ဗဇ္ဇဥ္စ တံမင်္ဂလာစာတိ သာမဏေရပဗ္ဗဇ္ဇ မင်္ဂလာ (ကမ္မဓါရည်းသမာသ်တွဲ) သာမဏေရပဗ္ဗဇ္ဇဥ္စ-သာမဏေ ရဟန်းပြုခြင်းသည်လည်း၊ ဟောတိ-ဖြစ်၏၊ တံ-ထိုရှင်သာမဏေ ရဟန်းပြုခြင်းဟူသည်၊ မင်္ဂလာစ-မင်္ဂလာသည်လည်း၊ ဟောတိ- ဖြစ်၏၊ ဣတိတသ္မာ-ထိုသို့နှစ်ပါးသော သတ္တိကြောင့်၊ သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာ-သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာမည်၏။

## ပဗ္ဗဇ္ဇသုံးမျိုး

၁- ဥပသမ္ပဒ ပဗ္ဗဇ္ဇ၊ ၂ - သာမဏေရပဗ္ဗဇ္ဇ၊ ၃- တာပ သ ပဗ္ဗဇ္ဇ ဟူ၍ သုံးမျိုးတည်း။

၁။ ပဥ္စဂ်ဟု ဆိုအပ်သော အင်္ဂါငါးပါးနှင့်အညီ သိမ်တွင်း၌ ကမ္မဝါဖြင့်၍ ရဟန်းပြုခြင်းသည်၊ ဥပသမ္ပဒ-ပဗ္ဗဇ္ဇမည်၏။

၂။ ရဟန်းသံဃာတော်တို့ထံ သက်န်းတောင်း၍ ရှင်သာမဏေပြုခြင်းသည် သာမဏေရပဗ္ဗဇ္ဇာ မည်၏။

၃။ ရှစ်ပါးသီလ, ဆယ်ပါးသီလ စသည်တို့ကို ထိန်းသိမ်းစောင့်ရှောက်လျက် ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်ဆင်ပြီးလျှင် ကမ္မဋ္ဌာန်းတရား အားထုတ်သော ပုဂ္ဂိုလ်တို့သည် တာပသ ပဗ္ဗဇ္ဇာ မည်၏။

ထို့ကြောင့် ဥပသမ္ပဒရဟန်း၊ သာမဏေရဟန်း၊ ရသေ့ရဟန်း ဟူ၍ သုံးပါး ရှိရာတွင် သာမဏေရဟန်း အဖြစ်သို့ ရောက်အောင် ဆောင်ရွက် ချီးမြှောက်ခြင်းကို မင်္ဂလာ ၁၂-ပါးတွင် သာမဏေရ ပဗ္ဗဇ္ဇာမင်္ဂလာဟူ၍ ခေါ်ဆိုရလေသည်။

## သီရိဓမ္မာသောကမင်းကြီး၏
## သားတော်မဟိန္ဒ-သမီးတော် သင်္ဃမိတ္တာတို့
## ရှင်ပြုမင်္ဂလာ အစီအရင်

သီရိဓမ္မာ သောကမင်းကြီး၏ သားတော်မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့ကို ရှင်ပြုသော မင်္ဂလာ အခမ်းအနားတွင် တတိယ သင်္ဂါယနာတင် အရှင် မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်သည် ဤမည်သော ဓမ္မာသောက မင်းစောအား ဟောကြားတော်မူအပ်သော ရှင်ပြုခြင်း၏ ပုဗ္ဗာရဏ၊ ပုဗ္ဗကိစ္စ အစီအရင်တို့ကို ပြပေအံ့။

၁။ ထိုအစီအရင်တို့သည်ကား—သတ္တာလေးပါးကို သိရခြင်း၏ ပုဗ္ဗနိမိတ်ကိုအကြောင်းပြု၍ ပရိတ်ချည် ပရိတ်ပန်းလေးခိုင်။

၂။ အလုံးစုံသော ကံတို့၏ ကုန်ခြင်းကို ပြုတတ်သော မဂ် လေးပါးကိုရခြင်း၏ ပုဗ္ဗနိမိတ်ကို အကြောင်းပြု၍ ကံဆောင် အိုးလေးလုံး။

၃။ တဆယ့်တပါးသော မီးတို့၏ ငြိမ်းခြင်းတည်း ဟူသော ပုဗ္ဗနိမိတ်ကို အကြောင်းပြု၍ ရေချမ်းအိုး ဆယ့်တလုံး။

၄။ ၃၇-ပါးသော၊ ဗောဓိပက္ခိယတရား ဘဏ္ဍာတိုက်ကြီးကို ဖွင့်လှစ်ရခြင်း၏ ပုဗ္ဗနိမိတ်ကို အကြောင်းပြု၍ ရွှေတန်းခွန်, ငွေတန်းခွန်- ရွှေကုက္ကား ငွေကုက္ကား ၃၇-ခု။

၅။ ၃၁-ဘုံတည်းဟူသော နှောင်အိမ်သံချိုင့်တွင်းမှ ထွက် မြောက်ရခြင်း၏ ပုဗ္ဗနိမိတ်ကို အကြောင်းပြု၍ မင်းကိုယ်ချည် ၃၁-မျှင်။

၆။ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ရှင်းလင်းသုတ်သင်ခြင်း တည်းဟူသော ပုဗ္ဗနိမိတ်ကို အကြောင်းပြု၍ ရွှေဖယောင်းတိုင် ငွေဖယောင်းတိုင် ၆၂-တိုင်။

၇။ ဖိုလ်လေးပါး တည်းဟူသော ထီးဖြူကိုဆောင်းရခြင်း၏ ပုဗ္ဗနိမိတ်ကို အကြောင်းပြု၍ ထီးဖြူတော် လေးစင်း။

၈။ သာသနာတော်၏ အထူးသဖြင့် တောက်ပထွန်းလင်း စည်ပင်ပြန့်ပွား များခြင်းတည်းဟူသော ပုဗ္ဗနိမိတ်ကို အကြောင်း ပြု၍ ရွှေပန်း, ငွေပန်း, ကြည်းပန်း, ရေပန်းက ငါးထောင်။

၉။ ကိလေသာမာရ်ကို ပယ်လှန်ချိုးဖျက်ရခြင်း၏ ပုဗ္ဗနိမိတ် ကို အကြောင်းပြု၍ စစ်အင်္ဂါလေးပါးဖြင့် ကျင်းပခြင်း။

၁၀။ •လူအပေါင်းတို့အား အထူးထူးသော အဝတ်တန်းဆာတို့ဖြင့် ဝတ်ဆင်စေ၍ သရဏဂုဏ်သီလ ဆောက်တည်စေခြင်း၊ အထူးထူးသော ကခြင်း သီခြင်း တီးမှုတ်ခြင်းမျိုးတို့ဖြင့် တီးမှုတ်စေလျက်—

သားတော် သမီးတော်တို့ကို သံဃာတော်တို့၏ အထံတော်သို့ ဆောင်ယူ၍ ရှေးဦးအစ ပဌမ လက်ျာ ခြေလှမ်းဖြင့် ခုနစ်ဖဝါးတိုင် လှမ်းစေပြီးလျှင် ကည့်တည့်မတ်မတ် ရပ်စေ၍ "အဟံ ဘန္တေသံဃမဇ္ဈေပဝေသနံအာပုစ္ဆာမိ" ဟူသော သုံးခွန်းသော စကားတို့ဖြင့် ပန်လျှောက်ထားစေပြီးမှ သံဃအလယ် မင်းကိုယ်ချည်ကွင်းသို့သွင်း၍ ရှိခိုးလျက်နေစေ၏။

ထိုအခါ ကုဋေရှစ်ဆယ် အဓရအတွက်ရှိသော အာသောကာရာမ ကျောင်းတိုက်ကြီးနှိုက် သီလန္တ- နိဝါတဝုဘိ- ပရိယတ္တိဝိသာရဒ-သိက္ခာကာမ-လဇ္ဇီပေသလ-ဂန္ထဓုရဗဟုသုတ-ပါမောက္ခပုဂ္ဂိုလ်- မဂ်ဖိုလ်ရှာဆွတ် အာစွတ်မုံသောက် ဉာဏ်ဂုဏ်မောက်သော စွယ်ရှေကြက်ညီညာ ဆရာမထေရ်ပေါက်သားကြီး ဖြစ်တော်မူသော ပိဋကတ်သုံးပုံ အလုံးစုံကို အာဂုံရွရွ နှုတ်တက်ရသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်သည် ဤမည်သော တရားအမြိုက်ကို တိုက်ကျွေးတော်မူသည်မှာ—

ယောဟိကောစိ •မဟာရာဇ အဒ္ဓေါဝါ
အလိဒ္ဓေါဝါ ရာဇာဝါ ရာဇမဟာ မတ္တံဝါ
အတ္တနော ဩရသံ ပုတ္တံဝါ ဓီတရံဝါ
ပဗ္ဗာဇေတိ အယံဝုစ္စတိ မဟာရာဇာ
ဒါယာဒေါ သာသနဿာနိ တဿပန

အာနိသံသ ပရိစ္ဆေဒဂဏနာ န သင်္ကေတိစ
ဂဏနာတုံ- သမဏနာပိ ဗြဟ္မဏနာပိ
ဒေဝေနပိ မာရေနပိ ဗြဟ္မုနာပိ ကေ
နစိပိ လောကသ္မိံ ဝါတိ တသ္မာကရေယျ
ပဏ္ဍိတော ပေါသောသမ္ပယံ အတ္တနော
မတ္တနော- ဟူသော ဒေသနာဖြင့် ဓမ္မာသောက
မင်းစောအား ဟောကြားတော် မူလေသည်။

**အနက်ကား**—မဟာရာဇာ- ဣန္ဒြာတန္နန်း တေဇာဘုန်းဖြင့် ကျွန်းလုံးဒီပါ မြေလကျာတွင် အာဏာပြင်းရှိန် ဝင်းဝင်းထိန်လျက် ဝရဇိန်အလား ကြီးမားမြင့်မြတ် ထက်ရပ်အောက်မူ တယူဇနာ မြေလွှာဖေါက်ထွင်းပိုင်စိုးနိုင်သော မင်းမင်းကရာ မြတ်ရာဇာ၊ ယောဟိကောစိ- အမှတ်မရှိ များဘိဉဿုံ တစုံတယောက်သော၊ အဒ္ဓေါဝါ- လောက်ကုံလုံ ပြည့်စုံကြွယ်ဝ၊ ဂဟပထယာ- ဝံသာနွယ်ရိုး သူဌေးမျိုးတို့သည်လည်းကောင်း၊ ဒလိဒ္ဓေါဝါ- လယ်လုပ်ကုန်သွယ် ရောင်းဝယ်ကြံစည် ကူလီငှားရမ်း ပင်ပမ်းနွမ်းညှိုး ဆင်းရဲသားအမျိုးတို့သည်လည်းကောင်း၊ ရာဇာဝါ- လူတို့သခင် ဘုရင်ကရာ မြတ်ရာဇာတို့သည်လည်းကောင်း၊ ရာဇမဟာမတ္တောဝါ- မင်းငါးထံပါး ခစားမပြတ် အမတ်ကဝိ ပညာရှိတို့သည်လည်းကောင်း၊ အတ္တနော- မိမိ၏၊ ဩရသံ- ရင်၌ဖြစ်သော၊ ပုတ္တံဝါ- ယုယပိုက်ထွေး သားနှင့် မြေးတို့ကိုလည်းကောင်း၊ ဓီတရံဝါ- ရှုမညီးဘွယ် ငယ်ရွယ်အခါ နှစ်ဖြာမိဘ ယုယအုပ်ထိန်း သိမ်းပိုက်စောင့်မ ချစ်မဝသော သတို့သမီးတို့ကိုလည်းကောင်း၊ ပဗ္ဗာဇေတိ- ဖန်ဝါနီမြန်း ကြာသက်န်းနှင့် ရှင်ရဟန်း ပြုလုပ်စေ၏၊ မဟာရာ

ဇာ- မင်းမင်းကေရာ မြတ်ရာဇာ၊ အယံ-ဤသို့နှစ်ခြိုက် ရှင်ပြုလိုက်သောသူကို၊ သာသနဿ- နေလအရောင် တန်ဆောင်ပမာ ဂုဏ်ဝါထင်ပေါ် သာသနာတော်၏၊ ဒါယာဒေါတိ- မသွေစိုးစံ အမွေခံဟူ၍၊ ဝုစ္စတိ- ဝစီနှုတ်ချီ ဖွင့်လှစ်၍ ဆိုအပ်၏၊ တဿ- ထိုသို့နှစ်ခြိုက် ရှင်ပြုလိုက်သောသူ၏၊ အာနိသံသ ပရိဗ္ဗောဇကနာယ-ကုသလဝိပါက် အကျိုးဆက်၏ ပြက်ပြက်ထွင်ထင် အာနိသင်ကို ဤလျှင်ဤမျှ ဂဏန်းချ၍ နှုတ်လျှာသွက်သွက် ရေတွက်ခြင်းငှာ၊ သမဏေနဝါ-တဏှာငြိမ်းချမ်း ရှင်ရဟန်းတို့သည်လည်းကောင်း၊ ဗြဟ္မာဏေနဝါ-မကောင်းပယ်ရှ ါ သမ္မာစိတ်ထား မင်းပုဏ္ဏားတို့သည်လည်းကောင်း၊ ဒေဝေနဝါ-နတ်ပြည်ခြောက်ထပ် ထက်ရပ်ပျော်နေဖြစ်လေဥပပါတ် တာဝတိံသာ ယာမာစသော နတ်တို့သည်လည်းကောင်း၊ မာရေနဝါ-လက်ရုံးတထောင်ဖန်ဆင်းဆောင်လျက် ဂုဏ်ရောင်မညှိုး တန်ခိုးထန်ပြင်း ဝသဝတ္တီ မာရ်နတ်မင်းသည်လည်းကောင်း၊ ဗြဟ္မုနာဝါ- ဗြဟ္မာမင်းကြီးတို့သည်လည်းကောင်း၊ လောကသမ္မိ-လောကသုံးခွင် ဘုံအပြင်၌၊ ကေနစိဝါ-ကြီးငယ်မဟူ တစုံဘယောက်သော သူတို့သည်လည်းကောင်း၊ ဂဏေတုံ- ကုသလဝိပါက် အကျိုးဆက်ကို ပြက်ပြက်ထင်ထင် သိစွမ်းမြင်အောင် ရာထောင်သိန်းသန်း ချင့်မှန်းမပျက် ဂဏန်းဖြင့် ရေတွက်ခြင်းငှာ၊ နသက္ကာတိစ-မဘတ်နိုင်ကုန်၊ တသ္မာ-ထိုသို့ ကုသလဝိပါက် အကျိုးဆက်ကို ပြက်ပြက်ထင်ထင် သိစွမ်းမြင်အောင် ရာထောင်သိန်းသန်း ချင့်မှန်းမပျက် ဂဏန်းဖြင့် ရေတွက်ခြင်းငှာ မစွမ်းနိုင်ပါသောကြောင့်၊ အတ္တနော- မိမိ၏၊ အတ္တံ-ပစ္စုပ္ပန်သံသရာ ကျိုးနှစ်ဖြာကို၊ သမ္ပဿံ, သမ္ပဿန္တော-သတိသမ္ပဇာဉ်-ရှုမျှော်မြင်သော၊ ပဏ္ဍိတော-ပညာရှိအပေါင်းသူ

တော်ကောင်းတို့သည်၊ကရေယျ-မိမိရင်သွေးသားမြေးတို့ကို အားပေး၍မြှောက် ရှင်ရဟန်းအဖြစ်သို့ ရောက်အောင် ထောက်ပံ့ခြီးမြှောက်ခြင်းကိုပြုကုန်ရာ၏ ဟူ၍ ဟောကြားတော်မူပါသည်။

အဓိပ္ပါယ်မှာ—မြတ်သော မင်းကြီး၊ အကြင် ပုဏ္ဏားသူဌေးသူကြွယ် ကုန်သွယ်လယ်လုပ်ခြင်းတို့၌ အားထုတ်ကုန်သော ချစ်သား ချစ်သမီးအစုတို့သည် ရတနာသုံးပါးဂုဏ်၌ ယုံကြည်သောစိတ်ဖြင့် မလိုမ်မလည်း တည်ကြည်စွာ သဒ္ဓါတရားကို ရှေ့ထားလျက် ရှစ်ပါးသော ပရိက္ခရာနှင့်တကွ ရဟန်း, ပဉ္စင်း, ရှင်သာမဏေအဖြစ်သို့ ရောက်အောင် ခြီးမြှောက်ထောက်ပံ့ကုန်သော သူတို့အား သာသနာတော်၏ အမွေခံ သာသနာ့ဒါယကာခံထိုက်ပေ၏၊ ထိုသာသနဒါယဇ- သာသနအမွေခံ သာသနဒါယကာ ဖြစ်ကုန်သော အမျိုးကောင်း အမျိုးကောင်းသမီးတို့၏ ခံစား-သုံးဆောင်ရသော မဟာပွဲသအာနိသင်ကို တစုံတယောက်သော နတ်လူပြဟ္မာ သတ္တဝါအပေါင်းတို့သည် မည်ရွေ့မည်မျှခံစားသုံးဆောင်ရ၏ဟု ပိုင်းခြားရေတွက်ခြင်းငှာ မတတ်နိုင်သည်သာလျှင်တည်း။

ထို့ကြောင့် မိမိအကျိုးစီးပွားကို ပိုင်းခြားထင်ထင် မြှော်မြင်နိုင်သော ပညာရှိအပေါင်း သူတော်ကောင်းတို့သည် မိမိရင်၌ဖြစ်သော သားသမီးတို့ကိုရင်း၊ သူတပါးရင်၌ဖြစ်သော သားသမီးတို့ကိုရင်း ရဟန်း, ပဉ္စင်း,ရှင်သာမဏေအဖြစ်သို့ရောက်အောင် ခြီးမြှောက်ထောက်ပံ့ခြင်းကို ပြုကုန်ရာ၏ဟု အရှင်မဟာ့မောဂ္ဂလိပုတ္တတိဿမထေရ်မြတ် ဟောကြားတော်မူပါသည်။

ဤသို့ ဟောကြားတော်မူအပ်သော ဒေသနာ၏ လာရှိသော အဓိပ္ပါယ်မှာ သာသနာ မဆိတ်ကွယ်ရအောင် သပိတ်

လှူယ်ကာ ရှင်ရဟန်းအဖြစ် ဆင်မြန်းသည့်စံနစ်ကို ရှင်လန်းသည့် တခေတ်က ပမာပြောရလျှင် ဓမ္မာသောက မင်းကြီး၏ ရင်းနှီး သော သာသနာတွင် ဒါယကာ အခြေခံ၍ အမွေခံ ဖြစ်လို ကြောင်းနှင့် ခွင့်ပန်၍ လျှောက်တောင်းတော့ ကောင်းပေ၏၊ သို့တပြီးကား ကိုယ့်သမီးသားနှင့်တကွ စိတ်အရှိမခြားဘဲ ကိတ္တိမ သား ပုတ္တ ရတနာတို့ကို ဗုဒ္ဓသာသနာတွင် ဝန်ထမ်းသည့်အမှုဖြင့် ရှင်ရဟန်းပြုမှသာ ယခုသာသနာတွင် ဒါယကာအမှန် ဖြစ်ပါ လိမ့်မည်ဟု ဖွင့်လှစ်၍မိန့်ကြားတော့ သားတော်မောင် မဟိန္ဒ နှင့် သမီးတော် သင်္ဃမိတ္တာတို့ကို သပိတ် ပရိက္ခရာအစုံနှင့် ရွှေဘုံ ကျောင်းတော်သို့ ဆောင်ကြ၍ မောင်နှမ နှစ်ဖြာကို နောင်တဘာဝ မကွာ သာသနာအမွေမြတ် အစစ်ကိုရကြပြီး သာမဏေရပဗ္ဗဇ္ဇ မင်္ဂလာကို ဆင်ယင်ကာ ကျင်းပကြဘိသကဲ့သို့ အသွင်ပမာမယွင်း တရားအမြင့်ရှုပြီး သားရှင်ပြု သမီးနားထွင်း အလှူတော် မင်္ဂလာ တွင် ဇမ္ဗူပေါ် တခွင်မှာ သာသနာအမွေ သသဒ္ဓမ္မ အစဉ်အလာ ဖြင့် သာမဏေရပဗ္ဗဇ္ဇ မင်္ဂလာကို ဆင်ယင်ကာ ကျင်းပပါသည်၊ အဆင်းဝဏ္ဏမာအညီ ရှင်မဟာကစ္စည်း တို့လို တမင်္ဂလာ အပြီး သွင်ပမာယူ၍ ရှင်ဗာကူ ရောဂါကင်းသကဲ့သို့ ဘောဂမယွင်း သူဌေးကြီးတသွယ် မနေ့းအပြီးတကယ် ဘုန်းတန်းတက်၍မို့ မဆုံးတန်းတသက် မပျက်တကမ္ဘာမျှော်ပြီး အသက်တံရာနှစ်ဆယ် ရှည်စေသောဝ်–

တူရိယာမပါလျှင် ဤတွင်ဖြတ်၊ တူရိယာပါလျှင် ဆိုင်း ဆင့်ဆက်–

ဆိုင်းဆင့်–အောင်ငံအောင်မြေ အမရာမယာ ပဝေထုံးကလဲ မယွင်းကဲ့ပါဘူး ဆောင်ဆောင်ရဝေ ဓမ္မရာဇာ နေတန္ထုန်း

လင်းတဲ့အောင် မှောင်မှောင်ရွှေမြရတနာ အသရေမဆုံးတဲ့ သီချင်းရယ်နဲ့-ကဲ....ဆရာ့ ဆရာများရယ် ထောင်ရောင်နေကသာ ရွှေဘုန်းဝင်းတော်မူဗျာ:-

ရှင်ပြုမင်္ဂလာခံယူသော သတို့သားကလေးသည် ရဟန်း သံဃာတော်တို့ထံ၌ ရှင်သာမဏေမပြုရမီ အဝါရောင်ပုဝါတထည် ကို သင်္ကန်းကို လက်ကန်တော့ ရုံဘိသကဲ့သို့ ရုံစေ၍ ဘိသိက် ဆရာက ခရုသင်း၊ သပြေမန်း၊ တို့ဖြင့် မင်္ဂလာရှင် သတို့သား၊ သတို့သမီးကလေး နှစ်ဦးအား အဘိသိက် သွန်းလောင်းရမည်။

## အဘိသိက်သွန်းရန် မန္တာန်ကား

အောင်မင်္ဂလာ အောင်မြင်ရာသည် အခါရက်မြတ် စက္ခု ပါဒ်နှင့် နက္ခတ်အကျမ်း ရက်မြတ်စန်းတွင် နတ်ပန်းမြေဇာ သပြေ ညာနှင့် ရေပြာခရု ဇေယျတုဟု သွန်းဆုပတ္တနာ တိတ်နိမိတ် ကောင်း ဘိသိက်တော် လောင်းလိုက်ပါတော့မည်။

ဩောင်းဇေယျတု- ' သဗ္ဗမင်္ဂလံ- ခပ်သိမ်းရန် ပယ်လှန် ရိတ်ဖြတ် ဖျက်ဆီးတတ်သော ကောင်းမြတ်မင်္ဂလာ မြတ်အင်္ဂါ သည်၊တိဋ္ဌန္တု-ယခုနကစ၍ တည်ပါစေသတည်း၊ ၃-ခေါက်ရွတ်၊

ဩောင်း ဗုဒ္ဓသရဏံ ဂစ္ဆိတံဟြိဟြိ ဂစ္ဆာမိ-ငင်မယ့် ပဋ္ဌကျာ-ခမ္မံ သရဏံ ခိပ္ပမေဝ ပဋ္ဌဟောယာသမဋ္ဌန္တု- သံဃေရေဝ ဂုရုဂုရု ပဋ္ဌကျာယနုယန္တု သင်္ကပ္ပေါ ဩောင်းဟြိဟြိ-၃ခေါက်၊

ဇိနေဒေဇယံ ကရုံခမ္မံ သဥယန္တေ ဇယာကရေ ဇိတ္တွာ မာရံ ဇိနာပေသိ သောမေဒေတု ဇယံဇိနော-၃-ခေါက်၊

## ဥဏ္ဏာလုံမွေရှင်တော်မန္တာန်-အထဲဂါထာ

ဩြောင်း ဇံဟေဟေ တိသျှတ္တ,တိသျှတ္တ ဗန္ဓတ္ထ, ဗန္ဓတ္ထ ခေါရေယျ,ခေါရေယျ နိဝါရေယျ,နိဝါရေယျ နိရုန္ဓေယျ,နိရုန္ဓေယျ ဗြဟ္မဒတ္ထ, ဗြဟ္မဒတ္ထ ဒေဝဒတ္ထ,ဒေဝဒတ္ထ ဥဏ္ဏာလောမာမုနိ သွာဟုံဟုံ။

အနက်။ ။ ဟေ-သုံးဆယ့်ဘဝေထွ ဘုံနေမကျန် သတ္တဝါ အမှန်တို့ကို၊ ဟေ-စိတ်ထားမသွေ လိုလားပေကြ ထင်ရှားသော အမှုဟူသမျှတို့၌၊ ဩြောင်း- စိတ်ကိုနှစ်ပါး ဟိတ်ဖိုလ်ထား၍ လိုလားမပြောင်း ပြည့်စုံရှောင်းသဖြင့် ကောင်းကောင်း ရွက် ဆောင်နိုင်ကြပါစေသတည်း၊ တိသျှတ္တ-သုံးဘဝ၌ ဆုံးစမမြင် တကွယှဉ်၍ လိုလိုပင်ဖြစ် သတ္တဝါမြစ် တဈောညစ်တို့ကို၊တိသျှတ္တ- ထင်ရှားတာဝ ရှိဘိမှန်စွာ သိက္ခာဖြူလွင် သမာယှဉ်စွာ ဉာဏ်ယဉ် တမဟုတ် ပယ်ခွာနုတ်ခြင်း၌၊ ဩြောင်း- ပြည့်ညှောင်းပါရမီ စေ့ကြောင်းမှီသဖြင့် ကောင်းညီအောင် ရွက်ဆောင်နိုင်ကြပါစေ ကုန်သတည်း၊ ဗန္ဓတ္ထ-ငါးရာသာ့မျှောင် ဘထောင်နွဲယှဉ် သံယော ဇဉ်မျိုး နှောင်ဖွဲ့ကြိုးမှ ဗန္ဓတ္ထသီလ ဒါနာဘာဝနာတို့ သဒ္ဓါ နိုးဆောင် ကောင်းကျိုးနှောင်လျှင်း ရှောင်ထွက်ခြင်း၌၊ ဩြေစင်း- ကောင်းခြင်းမကွာ ကြောင်းရင်းပါ၍ ပေါင်းသင်းကာ ပြည့်စုံ ကြပါစေသတည်း၊ ● ခေါရေယျ- လေးဝအပါယ် မြစ်ပင်လယ်၌ မှိတ္တယ်ကပ်ဆောင် အကုသိုလ်ဘောင်မှ၊ ခေါရေယျ-သီလအောင် မြေ သဒ္ဓါချေ၍ ဉာဏ်ရွေ့မှားဖြင့် ပယ်ရှားလွှင့်ခွါ ပြည်ခမာသို့ သွေမကွာပို့ဆောင်ခြင်းကိုလည်း၊ ဩြောင်း-ဆယ်ချောင်းပါရမီ ကြွယ်ပေါင်းချီသဖြင့် ကောင်းညီအောင် ပြည့်စုံကြပါစေ

သဘာည်း၊ နိဝါရေယျ-တားဖြစ်သင့်လျော် မတော်မလျော-အကုသိုလ်အဖြာဖြာမှုလည်း၊ နိဝါရေယျ-ပညာသံလျက် သဒ္ဓါလက်ဖြင့် ခုပ်ဖျက်တားမြစ်ခြင်းကို၊ သြောင်း-မငြိုမငြင် လိုအင်ပြည့်ညောင်း သမ္ဘာလှောင်း၍ ကောင်းကောင်းကြီး ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း၊ နိရုန္ဓေယျ-ငြိမ်းချမ်းရာ နိဗ္ဗာန်ကို ပိတ်ခါကာတတ် အဝိဇ္ဇာရောင် ပိတ်ခါနှောင် မှောင်ဒြပ်မှုလည်း နိရုန္ဓေယျ- ရှေးပညာဆောင် သမ္ဘာမျှောင် တန်ဆောင်ဆီမီးဖြင့် ဖိတ်ညီးကာဝင်း ထွန်းလင်းခြင်းကို၊ သြောင်း-အပေါင်းတပိုက် ဘောင်းမြိုက်ယှဉ်ကာ ဆင်သမ္ဘာနှင့် အောင်မြင်လင်း၍ မယွင်း အောင်ကြပါစေကုန်သတည်း၊ ဖြပ္ပဒတ္တ-အမြတ်ယူရာ နိဗ္ဗူတာနှင့် ဖြပ္ပာနန်းထီး အကျိုးတသီးကိုလည်း၊ ဖြပ္ပဒတ္တ-အမြတ်တကာ မစပ်ရာသာ 'ဘာဝနာန္တိုး ဆောင်အကျိုးသည်၊ ဟုံ-မကြာစုံလင် ဂုဏ်အင်မခြား ဆောလျဝ်စွာ၊ ဟုံ-ထင်ရှားစုံလစ် ဂုဏ်မှုသစ်၍ ဖြစ်ပါစေသတည်း၊ ဒေဝဒတ္တ-သမုတိနတ် ဥပပါတ်နှင့် နတ်ဝိသုဒ္ဓိ သုံးပါးညီရာ ဘုန်းတေဇာန္တိုး ဆော်အကျိုးသည်၊ ဒေဝဒတ္တ-သုံးပါးနတ်ကှင် အမြတ်ဝင်ရာ ဝိသုဒ္ဓိနတ် ရာဇ၏ သကတ်လျှင်န္တိုး ဒြပ်ဖြာအကျိုးကိုလည်း၊ သွာ-ကောင်းသော့တရား မမှားဘစိ အားတော်ရှိသော၊ မုနိ-မောနေယျ ဂုဏ် လုံးစုံပြည့်လျှင်း ရဟန်းမင်း၏၊ ဥဏ္ဏာလောမာ-အထက်သို့ ကြော့ ကော့ရလျော့ထောင် မျက်မှောင်နှစ်သွယ် ဘော့ချက်လယ်တွင် တင့်တယ်ရောင်စုံ ဥဏ္ဏာလုံမွေ့ရှင် တေဇာဖြိုးသည့် တန်ခိုးအင်ကြောင့်၊ ဟုံဟုံ-မကြာမတင်ဆောကာလျှင်၊ သြောင်း-အောင်မြင်ပြီးမြောက် ကောင်းခြင်း ရောက်ဖြောင် ဖာထ မြောက်၍ ထွန်းတောက်ကြပါစေကုန် သတည်း။

## ဥဏှာလုံမွေ့ရှင်တော်မန္တာန် အပုံးဂါထာ

ဩင်း ဟတ္ထိ အဿ သီဟ ဗျဂ္ဃဒီပိ
သံသုမာရော ဣတ္ထိပူရိသ ဓနုခဂ္ဂ အဿနိ
သဗ္ဗနာဂါစ ယက္ခဇော်ဂနီ ဩင်းဂုရု
တေ ဂုရုတေ ဆိန္ဒန္တု ဆိန္ဒန္တု ဘိန္ဒန္တု
ဘိန္ဒန္တုဝိဓံသေန္တုဝိဓံသေန္တု အဘ္ဘင်္ဂမိံ
သု အတ္တင်္ဂမိံသု ပြဟ္မဒတ္တံ ပြဟ္မဒတ္တံ
ဒေဝဒတ္တံ ဒေဝဒတ္တံ ဥဏှာလောမာမုနိ
သဗ္ဗေအနန္တရာယော ဝိနာသန္တု အသေသတော။

အနက်—ဩင်း - မကောင်းပေါင်းသင်း ရန်ခပင်းကို ရှုတ်ခြင်းပြီးစေနိုင်ထသော ဝါ-တွင်းပနှစ်တန် ရန်မာန်အန္တရာယ် အသွယ်သွယ်ကို မဘန်ဆွယ်လျက် ဥာဏ်ဝယ်သက်၍ ရှုတ်တရက်ခြင်းပြီးစေ၊ ဟတ္ထိအဿ သီဟဗျဂ္ဃဒီပိ သံသုမာရောစ- ဆင်မြင်း ခြင်္သေ့ ကျားတွေ့သစ်လှောင်း ရေမိကျောင်းသည်ငှင်း၊ ယက္ခဇော်ဂနီ-ယက္ခဒေဝါ ဗျဂ္ဃနာဂါစ- လေးဝဇော်ဂနီ ဖေးမညီ၍ မအိမသာ မချမ်းသာအောင်ဖမ်းကာပြုဆောင်တတ်ကုန်ထသော၊ ဣတ္ထိပူရိသ ဓနုခဂ္ဂအဿနိ သဗ္ဗနာဂါစ- မိန်းမယောက်ျား လေးမြှားသံလျက် မိုးကြိုးစက်နှင့် တကွက်မခြား အလုံးစုံသော မြေနဂါးတို့သည်ငှင်း၊ ဂုရုတေ ဂုရုဟော-နေ့ညမသွေ့ မေတ္တာရေကို သွန်းဖြန်းပေတတ် ဆရာမြတ်တို့၏ လေးမြတ်ပူရာ မေတ္တာထုဂုဏ်တေဇာကြောင့် ဝါ-လောကုတ်လောကီ နှစ်လီမသွေ့ မြတ်ဆရာ အထွေထွေတို့၏ မေတ္တာရေ ဂုဏ်တေဇာကြောင့်၊ ဩင်း-

မကောင်းဇာတာ ကံကြမ္မာလိုက် မကြုံကြိုက်သဖြင့် အပြီးသို့ ဆိုက် ရပါစေကုန်သား၊ ဆိန္နတ္တ ဆိန္နန္တ-တွင်းပန့်ဖြာ ရန်တကာကို ဖြတ်ခါပြု၍ အထူးရှုအပ် ကုသိုလ်မြတ်နှင့် တည်ဖြတ်နိုင်ပါစေ ကုန်သား၊ ဘိန္နတ္တ ဘိန္နန္တ-မအပ်မရာ ရန်တကာတို့ နှစ်ဖြာ နှစ်ထွေ မငပ်စေဘဲ ဖြတ်ချေခွဲ၍ ထူးကဲအောင် တည်ပါစေသား၊ ဝိဓံသေန္တု ဝိဓံသေန္တု-ရန်စွယ်ပိုမို ပေါင်းထိုဆိုကို မလိုဖက်မှိုး ပယ် ဖျက်ဆီး၍ တက်စီးအုံးလျှင် ပြီးဆုံးတိုင်သဖြင့် ထူးခြားအောင် ဖျက်ဆီးနိုင်ပါစေသား၊ အတ္တဂ်မိ်သု အတ္တဂ်မိ်သု- မတန်မဖွယ် အန္တရာယ်ကို လှန်ပယ်တမဟုတ် ရန်အသွယ်သွယ်ကို နှံဖယ်နှုတ် ၍ပြီးထုတ်အောင် ချုပ်နိုင်ပါစေကုန်သား၊ ဗြဟ္မဒတ္တ ဗြဟ္မဒတ္တ-ဗြဟ္မာနှစ်ဆယ် ရောက်ဖွယ်မကွာ ဘာဝနာမှိုး ကောင်းမြတ်သော အကျိုးပြီးသည် ဖြစ်၍ လည်းကောင်း၊ ဒေဝဒတ္တ ဒေဝဒတ္တ-သုဂတိမှန် ခုနှစ်တန်တွင် ကောင်းရန်မဆု နတ်ထံဝသို့ ရောက်ရ အမြန် ကျိုးအတ္တသည် သွေ့လှန်မညှိုး ကေန့်တိုးသည် ဖြစ်၍ လည်းကောင်း၊ မုနိ-မုနိငါ့ဖြာ ရာဇာဖြစ်ဘိ ပာရမီနှင့် တရား မင်း၏၊ ဥဏ္ဏာလောမာ-မျက်မှောင်နှစ်ထွေ ချက်လယ်ဘော့တွင် ရောင်ရှင်ခြောက်စုံ ဥဏ္ဏလုံမွေ့ တေဇာပြိုးသည့် တန်ခိုးအသရေ တော်ကြောင့် ၊သဗ္ဗ-ခပ်သိမ်းဖြစ်ဟန် ကြွင်းကျန်မသုံ လုံ စုံကုန် သော၊ အန္တရာယော-ကြီးငယ်ပေါကြွယ် ပိတွယ်ကပ်ရာ အန္တရာယ် အဖြာဖြာတို့ကို၊ အသေသတော-အကြွင်းမဲ့မချန် ခွင်းပယ်လှန် ၍၊ ဝိနာသန္တု-မရောက်ပျောက်ပျက် ကောင်းမြောက်ထွက် သဖြင့် ဖြောက်ဖျက်နိုင်ကြပါစေ ကုန်သာသည်။

ယခုအခါ သားရှင်ပြု သို့းနားတွင်းမင်္ဂလာသဘင် ဆင် ယင်ကျင်းပလျက် ရှိကြကုန်သော သတို့သားနှင့် သတို့သမီးကလေး

တို့သည် အောင်ချိန်ကြုံ၍ အောင်ဂုဏ်ကို ရရှိကြပြီးသောအတိုင်း ဤယနေ့ ယခုအချိန်မှ အစပြုပြီးလျှင် အနုမြူလွှာ တဆံညှာမျှ ရောဂါရန်စွယ် အန္တရာယ်တို့သည် ညိတွယ်ခြင်း ကင်းပလျက် အဝမင်္ဂလပါပအလုံးစုံ အနိဋ္ဌာရုံ အသွယ်သွယ်တို့မှ စင်ကြယ် ကင်းဝေးကြသည် ဖြစ်စေသောဝ်။

မြူမှောင်ညစ်မှေး ကင်းဝေးစင်ကြယ် ကောင်းကင်လယ်တွင် ရောင်နွယ်ပဝင်း ငွေလမင်းသည် ရွှင်းပြင်များစွာ ကြယ်တာရာတို့ဖြင့် ဝဲယာခြံရံ ဗိုလ်ရူခံလျက် မိုးယံနဘော ကောင်းကင်ဘော့မှာ ကြက်သရေရှိရှိထွန်းလေဘိသကဲ့သို့ သုခိတာဂုဏ်ချမ်းသာမျိုး အဖုံဖုံတို့ဖြင့် စုံလင်ပွား တိုးလျက် ရွှေမိုးငွေမိုး ရတနာပတ္တမြားတို့သည် ဖြိုးဖြိုးဝှန်ဝှန် ရွာသွန်းပြန့်ပြောလျက် အံ့ဩဘွယ်အခြေ ပန်းကဲ့သို့ တဝေဝေနှင့် ကြက်သရေ တိုးပွားကြသည် ဖြစ်စေသောဝ်၊ (တူရိယာမပါလျှင်ဤတွင်ဖြတ်၊ တူရိယာပါလျှင် ရှေ့ဆက်)

မြန်မာ့ကြွင်း ထိန်းနန်းစဉ်ဆက် ဆောင်ရွက်ပြုမူလေ့ရှိကြသောအတိုင်း ဟိတကာရီ ဗျဉ္ဇီသွာမ ရာဇမတ္တန် ကျမ်းဂန်အမြွက် အဋ္ဌလက်ဂြိုဟ် နဂိုရ်သန့်ရှင်း တြင်းနဝင်း ကောင်းခြင်းမင်္ဂလာ အခါဇုတ်ယုဂ် နတ်နှုတ်တဲပေါင် အောင်အံ့သောအချိန်အခါတွင် စိန်ရတနာ ပတ္တမြားမြတို့ဖြင့် နားသသောမင်္ဂလာ ပြုလုပ်သည် ဖြစ်ပါ၍ "သိရိမင်္ဂလာ ဇေယျမင်္ဂလာ ဝရမင်္ဂလာ သိဒ္ဓိမင်္ဂလာ ထုတိမင်္ဂလာ သြဘာမင်္ဂလာ ထောမနာမင်္ဂလာ ပတ္တနာမင်္ဂလာ သိဘမင်္ဂလာ သုခမင်္ဂလာ" သြဘာအောင်ကြောင်း ဆုမွန်ကောင်းများ တောင်းဆို မြွက်ကြားကြဘို့ အချိန်ကာလ ကြီးအားလျော်စွာ—

အောင်နိမိတ်နှင့် အောင်အတိတ် အောင်စာ ခဝပြီး အောင်ဘာလေဆိုဒါ အောင်သပြေ ညောင့်ရေလောင်းလို့မို့ အောင်စေကြောင်း အောင်တံဆိပ်ကယ်နှင့် အောင်ဘိသိက် ချိန်အခါညီပြီး ကဲ ဆရာ့ဆရာများက စိန္တာမဏိဂါထာ ဖွင့်ဗျား။

## ဒေဝပူဇနိယအခန်း

ခပ်သိမ်းသော ပညာရှိသူတော်ကောင်းတို့သည် ကောင်းမှု ကုသိုလ်တည်းဟူသော အလှူဒါနတို့ကို ပြုလုပ်ကြသောအခါ ရုက္ခဗိုး ဘုမ္မဗိုး စတုမဟာရာဇ် တာဝတိံသာ စသော သမာဒေဝ နတ်ကောင်းနတ်မြတ် တို့အား ပူဇော်ပသကြကုန်ရာ၏၊ ထိုသို့ ပူဇော်သဖြင့်လည်း ထိုနတ်ကောင်းနတ်မြတ်တို့က မိမိတို့၏ တန်ခိုးအလျောက် မစ စောင့်ရှောက်သဖြင့် ချမ်းသာ စီးပွားများပြားကုန်ရာ၏၊ ထိုသို့ပူဇော်ပသအပ်သောအကြောင်းကိုလည်း မြတ်စွာဘုရား ဤသို့ဟောကြားတော်မူလေသည်။

သုံးလူ့သေဌ်နင်း တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် တပါးသောအခါ၌ တကောင့်ငါးကျိပ်သော ရဟန်းအပေါင်းနှင့် တကွ ရာဇဂြိုဟ်ပြည်မှထွက်၍ ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ပါဋလိရွာသို့ ရောက်တော်မူ၏၊ ထိုအခါ သုနိဓအမတ် ဝဿကာရအမတ် ဤအမတ်ကြီးနှစ်ယောက်တို့ကို အဇာတသတ်မင်းက စေလွှတ်၍ ပါဋလိပုတ်ပြည်ကြီးကို တည်စေသောကြောင့် ထိုအရပ်တွင် မြို့တည်လျက် နေကြကုန်၏၊ ထိုအမတ်ကြီး နှစ်ယောက်တို့သည် ဘုရားရောက်တော်မူကြောင်းကို ကြားသိလေလျှင် သံဃာတော်နှင့်တကွ မြတ်စွာဘုရားကိုပင့်၍

ဆွမ်းခဲဘွယ်ဘောဇဉ်ချိုချဉ်အရသာတို့ဖြင့် လုပ်ကျွေးလှူဒါန်းကြကုန်၏၊ မြတ်စွာဘုရားလည်း ဆွမ်းဘုန်းပေးတော်မူပြီးသည်၏အဆုံး၌ ထိုအမတ်ကြီး နှစ်ယောက်အား အနုမောဒနာ ပြုတော်မူလို၍-

ယသ္မိံ ပဒေသေ ကပ္ပေတိ ဝါသံ ပဏ္ဍိတ
ဇာတိယော သီလဝန္တေတ္ထ ဘောဇေတွာ
သညတေ ဗြဟ္မစာရိနော။
ယာတတ္ထ ဒေဝတာအာသုံ တာသံ ဒက္ခိဏ
မာဒိသေ တာ ပူဇိတာ ပူဇယန္တိ မာနိတာ
မာနယန္တိနံ။ ။တတောနံ အနုကမ္ပန္တိ
မာတာပုတ္တံဝ ဩရသံ ဒေဝတာနုကမ္ပိတော
ပေါသောသဒါ ဘဒြြနိပဿတိ။ ။

ဟူသော သုံးဂါထာကို ဟောတော်မူသည်။

အနက်။ ။သုနိဓဝဿကာရာ-သုနိဓအမတ် ဝဿကာရအမတ်ကြီးတို့၊ ယသ္မိံပဒေသေ- အကြင်အရပ်၌၊ ပဏ္ဍိတဇာတိယော- ပညာရှိ၏ သဘောလက္ခဏာနှင့် ပြည့်စုံသောသူသည်၊ ဝါသံ-မြို့ပြုပြည်ရွာ အိမ်ယာဌာန တည်ထောင်ပြုစု၍ နေရာ၌၊သညတေ-ကိုယ်နှုတ်နှလုံးကို စောင့်ကုန်သော၊ ဗြဟ္မစရိနော- အကျင့်မြတ်ကို ကျင့်လေ့ရှိကုန်သော၊ သီလဝန္တေ- သီလရှိကုန်သောရဟန်း သူတော်ကောင်းတို့ကို၊ ဘောဇေတွာ-လုပ်ကျွေးလှူဒါန်း ပူဇော်ပြီး၍၊ တတ္ထ-ထိုအရပ်၌၊ ယာဒေဝတာ- အကြင်နတ်တို့သည်၊ ဒသာသုံ-ရှိကုန်၏၊တာသံ- ထိုနတ်တို့အား၊ ဒက္ခိဏံ-အလှူကို၊ အာဒိသေ- ပေးရာ၏၊ ပူဇိတာ- ပူဇော်ရာ၏၊ တာ- ထို

နတ်တို့သည်၊ နံ- ထိုပူဇော်သောသူကို၊ ပူဇယန္တိ- အတုံ့ပူဇော်ကုန်၏၊ မာနိတာ- ပူဇော်သဖြင့် မြတ်နိုးအပ်ကုန်သော နတ်တို့သည်၊ မနယန္တိ-အတုံ့မြတ်နိုးကုန်၏။ ၊တတော- ထိုသို့ ပူဇော်ပသသောကြောင့်၊ မာတာ-အမိသည်၊ဩရသံ-ရင်နှိုက်ဖြစ်သော၊ ပုတ္တံ-သားကို အနုကမ္ပတိဣဝ- အစဉ်သနားစုံမက်သကဲ့သို့၊ နံ- ထိုပူဇော်ပသသောသူကို၊ အနုကမ္ပတိ- အစဉ်သနားစုံမက်၏၊ဒေဝတာနုကမ္ပိတော- နတ်တို့သနားစုံမက်အပ်သော၊ ပေါသော- လူသည်၊ သဒါ- အခါခပ်သိမ်း၊ ဘဒြာနိ- ကောင်းမြတ်သော အကျိုးစီးပွားတို့ကို၊ ပဿတိ-မြင်ရ၏။

အဓိပ္ပါယ်—သုနိဓအမတ်၊ ဝဿကာရအမတ်ကြီးတို့- ပညာရှိသောသူသည် တစုံတခုသော အရပ်အကွက်၌ မြို့သစ် ရွာသစ် အိမ်သစ်တို့ကို တည်ထောင်ပြုစုဆောက်လုပ်၍ နေသည်ရှိသော် ထိုအရပ်၌ သီလသမာဓိဂုဏ်အင် ကျေးဇူးထူးမြတ်သော ရသေ့ ရဟန်း သူတော်ကောင်းတို့ကို လုပ်ကျွေး လှူဒါန်းပူဇော်၍ နတ်တို့အားလည်း လှူဒါန်းပူဇော်ရာ၏၊ ယင်းသို့ လှူဒါန်းပူဇော်သည်ရှိသော် ထိုနတ်တို့သည် ဤသူကား ငါတို့ကို လှူဒါန်းပူဇော်ပေသည်၊ မြတ်နိုးခြင်းကို ပြုပေသည်။ငါတို့ကလည်း အတုံ့အလျော် ပြုကောင်းပေသည်ဟု အောက်မေ့၍ ထိုလှူဒါန်းပူဇော်သူကို မစခြင်းမြှောက်ထောက်ပံ့ခြင်း မြတ်နိုးခြင်းကို ပြုကြကုန်၏၊ အမိသည် ရင်၌ဖြစ်သောသားကို သနားစုံမက်သကဲ့သို့ သနားစုံမက်ခြင်းလည်း ရှိကြကုန်၏၊ ဤသို့ဆိုခဲ့တိုင်း နတ်တို့က သနားစုံမက်သဖြင့် ငြိုးမြှင့်မစထောက်ပံ့ကြသောကြောင့် ထိုပူဇော်ပသသောသူအား ကောင်းကျိုးချမ်းသာအပေါင်းတို့သည် အခါခပ်သိမ်း တိုးပွားများမြတ်သည်သာ ဖြစ်ကုန်၏ဟူ၍ ဘုရားအလို

တော် အဓိပ္ပါယ်လာသည်၊ ဤစကားရပ်ကား သုတ်မဟာဝါကျမ်း ပရိနိဗ္ဗာနသုတ်ပါဠိတော်နှင့် ဝိနည်းမဟာဝါကျမ်း ဘေသဇ္ဇခန္ဓက ပါဠိတော်တို့၌လာသည်၊ ဤပါဠိတော်တို့၌ မြို့သစ်ရွာသစ် တည်ထောင်ဆဲဖြစ်၍ အကြောင်းနှင့် လျော်စွာ ဟောတော်မူခြင်းဖြစ်သည်၊ သခဘာအားဖြင့်ကား အမှတ်မရှိသောကာလ၌ပင် အလှူပေး၍ နတ်တို့ကို ပူဇော်သည်ရှိသော် ထိုနတ်တို့က မစစောင့်ရှောက်သဖြင့် ကောင်းကျိုးချမ်းသာ ပွားများပြည့်စုံကုန်ရာသည်၊ ရင်းပြင်လည်း"တိရောကုဋ္ဋ"သုတ်၌ မြတ်စွာဘုရားဟောကြားတော်မူသည်မှာ—

ယံကိဉ္စာ ရမ္မဏံ ကတွာ ဒဇ္ဇာဒါနမစ္ဆရိ
ပုဗ္ဗေတေအာရက္ခ အဆဝါဝတ္ထုဒေဝတာ
စတ္တာရော မဟာရာဇေ လောကပါလေယ
သဿိနော ကုဝေရဉ္စ ဓတ္တရဋ္ဌဉ္စ ဝိရူပက္ခံ
ဝိရူဠှကံ တေဇေဝပူဇိသာဟောန္တိ
ဒါယကာစသနိပ္ဖလာ။

**အနက်။** ။ယံကိဉ္စာ- အကြင်အမှတ်မရှိ တပါးပါးသော ကောင်းမှုမင်္ဂလာစသည်တို့ကို၊ အာရမ္မဏံကတွာ-, အာရုံပြု၍၊ ပုဗ္ဗေ-ရှေး၌ဖြစ်ကုန်သော၊ ပေတေစ-သေလွန်သော မိဘတို့ကိုမူလည်း၊ အာရက္ခ-အာရုံပြု၍၊ ဝတ္ထုဒေဝတာအထဝါ- အိမ်ယာစသည်တို့၌ စောင့်ကုန်သော နတ်တို့ကိုရင်း၊ ကုဝေရဉ္စ- ကုဝေရနတ်မင်းကိုရင်း၊ ဓတ္တရဋ္ဌဉ္စ- ဓတ္တရဋ္ဌနတ်မင်းကိုရင်း၊ ဝိရူပက္ခဉ္စ- ဝိရူပက္ခနတ်မင်းကိုရင်း၊ ဝိရူဠှကဉ္စ-ဝိရူဠှကနတ်မင်းကိုရင်း၊ ဣတိ-

ဤသို့၊ စတ္တာရော-လေးပါးကုန်သော၊ လောကပါလေ-လောကကို စောင့်ကုန်သော၊ ယသဿိနော- များသော အခြံအရံရှိကုန်သော၊ မဟာရာဇေ-နတ်မင်းကြီးတို့ကိုရင်း၊အာရက္ခ-အာရုံပြု၍၊ အမစ္စရိ-ဝန်တိုခြင်းကင်းကုန်သည်ဖြစ်၍၊ ဒါနံ-အလှူကို၊ ဒဇ္ဇာ-လှူကုန်ရာ၏၊ တေဇော-ထိုလောကပါလ စသော နတ်တို့ကိုလည်း၊ ပူဇိတာ-ပူဇော်အပ်ကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ဒါယကာစ- လှူဒါန်းပူဇော်အပ်ကုန်သော သူတို့သည်၊ သနိပ္ဖလာ-ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းကို ရကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ ၎င်းပြင် အင်္ဂုတ္တိုရ်ပါဠိတော်၌လည်း—

တမေနံဗလိပဋိဂ္ဂ ဟိတာဒေဝတာ သက္ကတာ
ဂရုကာတာ မာနိတာ ပူဇိတာ ကလျာဏေန
မနသာ အနုကမ္ပန္တိ စိရံ ဒီဃမာယုံ ပါလေ
ဟိတိ ဒေဝတာ နုကမ္ပိတဿ မဟာနာမ
ကုလပုတ္တဿ ဝုဍ္ဎိယော ပါဋိကင်္ခါ နောပရိ
ဟာနိ။

အဲနက်။ ။တမေနံကုလပုတ္တံ-ထိုနတ်တို့အား မြတ်နိုးကော်ရော် ပူဇော်ပသသော အမျိုးသားကို၊ ဗလိပဋိဂ္ဂဟိတာ-ဗလိနတ်စာတင်မြှောက်သခြင်းကို ခံယူကုန်သော၊ သက္ကတာ- ရိုသေအပ်သော၊ ဂရုကတာ- အလေးပြုအပ်ကုန်သော၊ မာနိတာ-မြတ်နိုးအင်ကုန်သော၊ ပူဇိတာ-ပူဇော်အပ်ကုန်သော၊ ဒေဝတာ-နတ်တို့သည်၊ စိရံ- ကြာမြင့်စွာ၊ ·ဇိဝ-အသက်ရှည်ပါစေခလော၊ အာယုံ- အသက်ကို၊ ဒီဃံ- ရှည်မြင့်အောင်၊ ပါလေဟိ-စောင့်ရှောက်နိုင်ပါစေလော၊ဣတိ-ဤသို့၊ကလျာဏေန-ကောင်းသော၊

မနသာ- စိတ်ဖြင့်၊ အနုကမ္ပန္တိ- အစဉ်သနားကုန်၏၊ မဟာနာမ- မဟာနာမ်မင်း ဒေဝတာနုကမ္ပိတဿ-နတ်တို့သည် အစဉ်သနား အပ်သော၊ ကုလပုတ္တ- အမျိုးသားအား၊ ဝုဍ္ဎိယော- ကြီးပွား ခြင်းကိုသာလျှင်၊ ပါဋိကင်္ခါ-အလိုရှိအပ်သည်၊ ဟောတိ-ဖြစ်၏၊ နောပရိဟာနိ-ဆုတ်ယုတ်ခြင်းမည်သည်၊ နတ္ထိ-မရှိ။

ငင်းပြင် ဒီဃနိကာယ် အဋ္ဌကထာ၌လည်း

ယတ္ထ ကိရဘဂဝါ ပဋိဝသတိ တတ္ထမဟေ
သက္ခာ ဒေဝတာ အာရက္ခံဂဏှန္တိ တာ
နိဿာယမနုဿာနံ ဥပ္ပဒ္ဒဝေါ န ဟောတိ
ပံသုပိသာစဒယော ဝေဟိမနုဿေ ဝိဟေ
ဌေန္တိ တေသံအာနုဘာဝေန ဒူရံအပက္က
မန္တိ။

အနက်။ ။ ယတ္ထ-အကြင်အရပ်၌၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ ကိရ-စင်စစ်၊ ပဋိဝသတိ- သီတင်းသုံးတော်မူ၏၊ တတ္ထ-ထိုအရပ်၌၊ မဟေသက္ခာ-တန်ခိုးကြီးကုန်သော၊ ဒေဝတာ-နတ်တို့သည်၊ အာရက္ခံ- အစောင့်အရှောက်ကို၊ ဂဏှန္တိ- ယူကုန်၏၊ တာ-ထိုတန်ခိုးကြီးသော နတ်တို့ကို၊ နိဿာယ-မှီ၍ ဝါ အမှီပြု၍သောကြောင့်၊ မနုဿာနံ-လူတို့အား၊ ဥပ္ပဒ္ဒဝေါ-၁၆-ပါးသော ဥပ္ပဒ္ဒဝေါသည်၊ နဟောတိ-မဖြစ်၊ ဟိသစ္စံ-မှန်၏၊ ပံသုပိသာစဒယော-မြေဖုတ်ဘီလူး အစရှိသည်တို့သည်သာလျှင်၊ မနုဿေ-လူတို့ကို၊ ဝိဟေဌေန္တိ-ညှင်းဆဲကုန်၏၊ တေ-ထိုမြေဖုတ်ဘီလူး စသည်တို့သည်၊ တာသံ-ထိုတန်ခိုးကြီးသော နတ်တို့၏၊ အာနုဘာဝေန- အာနုဘော်တော်ကြောင့်၊ ဒူရံ-အဝေးသို့၊ အပက္ကမန္တိ-ရှောင်ရှား

ဖဲခွါရကုန်၏၊ ဤသို့ထုတ်ပြအပ်သော သာဓကပါဠိအဋ္ဌကထာ စကားတို့ဖြင့် နတ်တို့အား ပင့်ဖိတ်တင်မြှောက် ပူဇော်ပသ ကျွေးမွေးရခြင်းသည် အကျိုးထူးရှိ၏ဟူ၍ အမြဲမှတ်သား နှလုံး သွင်းရာသည်။

သို့ဖြစ်၍ ဤ "သားရှင်ပြု သမီးနားထွင်း" အလှူတော် မင်္ဂလာပွဲကြီးမှာ ၎င်းတို့နှင့်ဆိုင်ရာ ကဏ္ဏဝိဇ္ဈနမင်္ဂလာ ခေါ်သော နားထွင်း မင်္ဂလာ နှင့် သာမဏေရပဗ္ဗဇ္ဇ မင်္ဂလာ ခေါ်သော သာမဏေပြုခြင်း မင်္ဂလာနှင့်တကွ ဆိုင်ရာမင်္ဂလာ ၆-ပါးကို တပါတည်း ပြီးမြောက်၍ ပြီးပါပြီ၊ ဒါကြောင့် ရုက္ခစိုး ဘုမ္မစိုး အာကာသစိုး စတုမဟာရာဇ် ဟာဝတိံသာစသော သမာဒေဝ နတ်ကောင်းနတ်မြတ်တို့ကို ပူဇော်ပသ တင်မြှောက်လိုက်ကြဒုံးစို့ ရဲဗျား။

## သိကြားမင်းနှင့် စတုမဟာရာဇ် နတ်မင်းကြီး လေးပါး ဘိတ်ကြားရန်

ကုက္ကိုပင်ဒ ထိန်သပြေဟု တိန့်သွေ့မဖိ ကြိမ်ပေညီသည် မပါဝေ လေးဒီပတွင် အမတစိတ်သံ ရည်ဒိဋ္ဌာန်လျက် နိဗ္ဗာန် ဂူးဆိပ် အထူးငြိပ်၍ နိမိတ်သြဘာ ဟောဝတာဖြင့် ပြောရာ သေဋ္ဌိ မြသပြေထွန်း လှရည်ရှုန်းတဲ့ ကျွန်းဘူမိတွင် အတိဒုလ္လဘ ဘုံဘဝတွင် မနုဿစစ် မုက္ချဖြစ်၍ မလစ်ပေါ ခေတ်သာသနာနှင့် ချိန်ခါတမူ ကြိမ်လာတူသည် ဗိုလ်လူတသင်း အိုအချင်းတို့—

ရှင်ရင်းမုနိံ မာရဇိံဟု သံကိန်အနွတ် တမွတ်ထင်ရှား ထွဋ်ရှတင်ထားသည် ကိုးပါးဂုဏ်ကျော် သုံးလူ့ဘော်တို့ အဟော်

ခ်ပြု သွေ့မလင့်ရာ ရွှေဂင်္ဂါမှာ ငွေဝါလုထက် နိုင်းတုမက ပွင့်ကုန်ကြလျက် ညြိုသနက်ခြောင် ဂယက်ခမောင်မှ မဂ်ဖေါင်ကူးတို့ သိံအမတာ ပြည်မွန်စွာကို ရည်ညွှန်ကာပို့ဒေသ်လည်း ကြွင်းငါတို့မပါ ဇာတိမခန်း ဗျာဓိဖမ်းလျက် ပင်ပမ်းကြွာ များစွာနစ်မျော လှလေပြီ- ခုဤသမယ ခေတ်ကာလနှင့် ကြုံရတပြီး ပြုဖို့အမှန် ကုသိုလ်ကံလျှင် ဆော်ဖန်တီး၍ ထိန်ညီးသျှံပြောင် သာသနာဘောင်တွင် မြဲနောင်ငါတို့ ဖြစ်သမို့လျှင် နောင်ဖို့တရေး မှန်စွာမလွန် ခန္ဓာဝန်ကို သံသာညွန့်ထွေးပြီးလျှင် လှူပေးခြင်းနိယာမ ကပ်မှိဘဖန် တတ်ညီကြံသဖြင့် မြတ်သီလံဒာဂနှင့် သဟာယဆွေသူတော် ဤရှုပ်နာမ် ဇောအမိုက်ကြောင့် တည်ချုပ်ရန် မြောမဆိုက်ဘဲ မှောင်တိုက်မှာ ချော်သော်လည်း ကြည့်တွေးမျှော်စင်မလင့် မိတေးကျော်အရှင်ပွင့်က ဂေါ်ပလ္လင့်ဒွေစက်စုံမှာ ညွှတ်တွားကာခိုလှုံ၍ ဆယ့်တာဘုံမိုး ရောင်အနိဋ္ဌာနှောင်ချိတ်ခါဖြင့် မှောင်ပိတ်ခါ လမ်းခရီးမှာ ပမ်း..ကြီးလျင်တဆော ကြာကမုဒ်ထံ ဖြာထုတ်ပြန့်တဲ့ သမုက္က ဥဒြာကို မြွက်ဟောစဉ်အခိုက် ဖိုလ်မဂ်စုံရထားဆိုက်က စီးလိုက်ဖို့နမူနာ ယခုက ပြုသဒ္ဒါနှင့် ဘူတာ၏ပမာန ကွက်မလပ်ဘုံ- တွ့ာ်ရပ်တွင် ဆုံရအောင် လက်မှတ်ပုံဒါနနှင့် ခါသမယအခရောက် လာကြွ၍ ဓမြောက်ကပြီ မြောက်ခါတ်ထောက် ထုတ်ပြောအမှန် ဥဒြသံကို နာခံ၍ဆော်သည့်နှယ် အဓိဖြောင့်ပညာ အမြင်သာလျက် မင်္ဂလာဒုလ္လဘ် တရားသံကို နာခံမသွေ့ အားသန်စေဟု နတ်လူအပေါင်း မှတ်ယူညောင်းသည် ညွှတ်ပြောင်းနာကြပါကုန်လော။

## အရှေ့အရပ် ဓတ္တရဋ္ဌနတ်မင်းကြီးအား ဘိတ်ကြားရန်

ဣန္ဒရာဇာ ဂိဝိန္ဒာထက် ဒေဝါအပေါင်း ရုံသောင်းစိုးရ အယုဇ္ဈပူရ သုဒဿန အမရာဝတီ ဌာနီကြငှန်း ဘုံနန်းကြီးအရှင် ပဥ္စသိခ ဂန္ဓဗ္ဗ ဇဝနဝိသကြုံ ဝန်းခြုံရံပတ် နတ်အတွင်းဝန်တို့နှင့် တကွ လောကပါလ, မည်ရကျော်သီး နတ်မင်းကြီးလေးပါးကို ထံပါးမျက်မှောက် ရောက်ဝင်ငြိမ်သက် စက်တော်စုံကို ခိုလှုံစေသည်နှင့်အညီ တွင်မည် ဓတ္တရဋ္ဌ နတ်မင်းမြတ်သည် အရှေ့လောကဓါတ် ရပ်မျက်နှာအဖြင်၌ ကျင့်အပ်စာရိတ် ဝါရိတ်တရား စည်ကားတိုးပွားအောင် စောင့်မထိန်းသိမ်းရာ အာဏာခေတ်တွင် ခပင်းများစွာ သုမ္ဘာရက္ခ စသည်ကျော်သောင်း အိုနတ်ပေါင်းတို့- ကောင်းမှုကြိုးကုတ် အားထုတ်ကြရာ ငါတို့ပက္ခ တူမျှကြည်ဖြူလျက် ပေးလှူဒါန မင်္ဂလာပွဲအချက်၌ သက်ဝင်ခိုလှုံ၍ ရန်မှုကိလေ မစွေရစိတ် မိတ္တာဝန်တို ငြိုငြင်ရမ်းကား မတရားအမှု မသူတော်ကြိုက် လိုက်ဇာတ်မမှုကြဘဲ ခပ်များစွာ မဟာဥက္ကဋ္ဌ ဇောမြတ်စင်စစ် ဖြစ်စေရမည်။

## တောင်အရပ်—ဝိရူဋ္ဌကနတ်မင်းကြီးအား ဘိတ်ကြားရန်

ဂိဝိ မဟာ သိဝိန္ဒာထက် ဒေဝါဘိုး နတ်အမျိုးကို စိုးရကွပ်နှိမ် ဣန္ဒာသက္က သာတဿဉာဏ် ဂုမ္ဘာဏ်ထင်ရှား နတ်သိကြားသည် မဟိကြက်သရေ ရွှေသပြေရိပ် ဗျာဒိတ်မော်ကွန်း ကျွန်းလက်ျာတောင် တောင်ဇမ္ဗူအချက်ဝယ် ဆက်စဉ်ပြန့်ပွား

နတ်လူများကို ဒါနသီလ သမထတရား တိုးပွားကြစေရမည်၊ လောကပါလ နာမထင်ရှား ဟိရိဩတ္တပ္ပ ဓမ္မနှစ်ပါး ဤတရားကိုလည်း ပွားများကြစေရမည်၊ ဝိရူဠှက မည်ရထင်ရှား နတ်မင်းကြီးအားလျှင် မိန့်ထားတော်မူအပ်သည်နှင့် အညီ ဣန္ဒနီရောင်လက် ပြိုးပြက်သွန်းဖိတ်ရာ ဤဇမ္ဗူဒီပါတံလွှား၌ နဂါးဂဠုန် ဂုမ္ဘာဏ် ရက္ခိုက် ဘုတ်ပြိတ္တာစ္ဆေ မြေသဘက်မှင်စာအပေါင်းတို့ ငါတို့အတူ အယူဖေါက်လွဲ မရှိဘဲလျှင် အောင်ပွဲကြီးသခင် ဓမ္မဒ္ဓရ သုံးလောကမကိုဋ် သုံးတိုက်လုံးတန်ဆောင် ယခေါင် ရှည်လျား ရှေးဘုရားတို့ ဟောကြားတံထွာ ဓမ္မတာမူ မင်္ဂလာ ၃၈-ဖွင့်လှစ်တဲ့ယှဉ် ပွဲသဘင်• ဆင်ယင်ကြဆဲအခါ ဆအာသာ ဓာရဏ စတုဝေသာရဇ္ဇ ဒသဗလ ညာဏဆယ်အင် ဆင်ဇာနည် ကိန်း ကုဋေသိန်းမျှ ကာယဗလ နှုန်းဆမကုန် ထုံတော်မူအား မြတ်ဘုရားကို မျက်မှောက်ထား၍ အများငါတို့ မချို့ဂုဏ်အင် ပွဲသဘင် ယင်တော်မူကြရမည်။

အနောက်အရပ် ဝိရူပက္ခနတ်မင်းကြီးအား
ဘိတ်ကြားရန်

မြဖလ်ရွှေခွေ လေးသွေ့ရောင်ရှိန် အာလိန်ငါးထပ် ရံပတ်ရစ်ဆိုင် ခရိုင်ဗဟို မြင်းမို ပဗ္ဗတာ ဥကင်သဝယ် ဝါသဝ ပူရိန္ဒ နာမထင်ရှား နတ်သိကြားသည် ဝိရူပက္ခ မည်ရနတ်မြတ် မဟာမတ်အား-အနောက်လောကခါတ် ရပ်မျက်နှာအလုံး ပိုက်ကျုံး စေငါ် ဌာနန္တရရာထူး ချီးကျူးမြတ်လေး အာဏာစက် ပေးတော်မူအပ်သည်နှင့်အညီ နောက်မှလောကပါတ် ရပ်မျက်နှာအတွင်း ခပင်းများစွာ နတ်တကာတို့ အဇတာတိန်စွန် ရောင်ဝှန်တက်ရှန်း

ငွေလဝန်းသို့ ထွန်းလင်းသာသနာ ရောင်ဝါအော်လဲ ကြိုက်လာဆဲအခါ ငါတို့ကြိုးပမ်း မင်္ဂလာခမ်း၌ စိတ်ဝင်းစလေ့ ချမ်းမြေ့စုံညီလျက် ကျူးချီသာခု ဂရုဂါရဝ သက္ကစ္စဇော မနော ရွှင်ပြုံးခါ နှစ်လုံးနှစ်မျို့ ငါတို့တုဖက် နှစ်သက်မေတ္တာ ဒယာခန္တီ သုံးလီတန်ဆာ ဒွါဒယာဆင်သလျက် တရားတော်သံကို နာခံတော်မူကြရမည်။

## ပြောက်အရပ် ကုဝေရနတ်မင်းကြီးအား ဘိတ်ကြားရန်

မဟိမဏ္ဍလ အပပြင်စွန်း ပေါ်ထွန်းသမုတ် ပတ်ချုပ်ဝန်းကာလျက် သီတာသတ္တရဘန် ခုနစ်တန်ရံပတ် အသပ်ထပ်နှင့် ဝိဝဋ္ဋဌာယိ ကပ်လုံးတည်နေ၍ လေးမည်ကျွန်းလုံး နှုန်းမသိုက်ပေ ကြက်သရေနှင့် ထွေလာရင့်ကြူး တိဦးမဏ္ဍလာဝတိသာနန်းမဝယ် ဥကင်သဘင် ပျော်ရွှင်စံတင့် ပွင့်တော်မူသော နက်မာဃသူရိန္ဒသည် ဥတ္တရဒါတ် ရပ်မျက်နှာအလုံးကို သိမ်းရုံးကြည့်ကြပ် စိုးကွပ် စေအပ်သော ကုဝေရ နတ်မင်း၏ ခေတ်တွင်းအာဏာ ဝင်လာမြဲနှောင် အိုနတ်မောင်တို့-ရောင်စုံ မားမား တန်ခိုးအားကြောင့် ဘုရားဘုရားဟု ထင်ရှားဖြစ်လာဗုဒ္ဓုပ္ပါဒ နဝမအခါ ငါတို့အပင်း သက်ဝင်နှင်း၍ ရှင်ရင်းမြတ်စွာ မင်္ဂလာပွဲ ဆင်ကြဆဲအခါ ပညာသဘိ ဝိရိယ အမိုမောက္ခ ကုသိုလ်ဆန္ဒ တူမျှစေကြောင်း ကောင်းစွာမမှုကို ကြားနာကြရမည်။

## သိကြားမင်းကြီးအား ဘိတ်ကြားရန်

ရှစ်သောင်းလေးထောင် အမြင့်ဆောင်သည့် ရုံဘောင်သတ္တ သမုဒ် ၇-ခထွ ရစ်ခါခြံသည့် ဘေ့ခရော္ဘ ကုဋ္ဌေတြိ အထွဋ္ဌသုံးမြွာ ခနောက်မှာလျှင် အသာထိလျက် အတိသေလာ မြဖလ်ငွေသွေး ရွှေရောင်ပြေးသည့် လေးမျက်နှာဖြင့် ရောင်ဖြာစတု လေးကျွန်းဗဟို ရောင်ရွှန်းစိုသည့် ထိုမေရု၏ အထုလုံးဝန်းလျှားစောက်တူစွာ ယူဇနာဖြင့် မြူတည္သာမစွန်းအောင် တည်ထွန်းခါစဉ်မလင့် တောင်တို့သနင်း မှောင်ချို့ကင်း၍ သတင်းတင့်သည့် ငါးဆင့်အာလိန် မာန်မူဘရိုး ရန်သူမျိုးကို ချိုးဘာနှိမ်သည့် ဂုဏ်သိန်မပျက် ချွေသမုန္ဒောင် မေရုတောင်ဟု ခေါင်အထက်တွင် ပေါင်းတွက်အမှတ် တာယူဇနာ တသောင်းကွာသည့် သင်္ချာရပ်၌ စိမ်းဖတ်ဖတ်လှ မြမြည်လွင် ရွှေထန်းပင်ကိုသပြေပင်ရုံကြလျက် စိုင်းအုံခရစ်ဆိုင် ယူဇနာခွဲ ကွာအထဲ၌ မြဲမရိုင် ကျောက်စာတိုင်မြို့ကျုံ့ ခိုင်ခံ့ကြီးမား ကုသိုလ်များသည့် ကျိုးအားဘုန်းကြောင့် ရှုဆုံးမကုန် တာဝတိံမြို့ သာဖချို့တဲ့ နတ်တို့ဘုံတွင် စံလှုံပျော်မြန်း ကဘာပညံ ကုသိုလ်ဖန်သည်ကံအစွမ်းကြောင့် စိတ်မှန်းလိုတ ဣဒ္ဓိဇဟုံ တန်ခိုးထုံသို့ စုပုံရသည့် ဒိဗ္ဗစက္ခု လောကဓါတ်ရွာ သတ္တဝါကို မှတ်ခါရှုသောနတ်ဗိုလ်ဘုရင် ဝေဇယန်ထက်ဖျား ပျော်စံစားသော မယ်လေးပါးအရှင် ရောဝဏ်နတ် ဦးကင်းရပ်၌ များပြားသာဒ်သခင်ဘုရင်မာဃဝ တန်ခိုးမတိန် ညှိုးမမှိန်သည့် မိုဃ်းဝတိ ပိုင်သသောနတ်သဏ္ဍမည်နှင့် သိကြားမင်း—

ရှင်ရင်းမြတ်စွာ စိန္တေယျာသည် ဝါလေးဆယ့်ငါး မာရ်နတ်တောင်းပန် အကြောင်းခံသည် မှာစကားကြောင့် ဘုရားတံထွာ နိဗ္ဗုတာလမ်း ချမ်းသာနန်းသို့ မြန်းမည်ခါတွင် ကုသိနာပြည် အင်ကြင်းပင်စုံ သင်းပျံ့ထုံသည် ရဂုံဘွေဌ် သီသေဥတ္တရ ရတနာရောင်မောင်း ရွှေညောင်စောင်းမှာ လျောင်းကာလတွင် နာဂတ့မျှော် ငွေကြာဂမုဒ် ရွှေအာလုပ်မှ ညွှန်းထုတ်ဖေါ်သည် မိန့်တော်ကျူးငြိမ့် သာသနာငါထား ကြည့်ရစ်ငြားဟု ထားဗျာဒိတ်ကို ဦးထိပ်ထက်ပန်ဆင် နာခံရသည်နှင့်အညီ ထွန်းတည်သာသနာ တန်ဆောင်ဖြာသဖြင့် ရောင်ဝါမလပ် နွဲ့အပ်ပြုပြင်ပွဲသဘင်ကို ယင်ကြဆဲခဏ္ဍ မာဃိန္ဒရာဇာ တဃိမ်မလစ် ဝတီခေတ်ဟု ကသစ်ရွာတွင် ကြိမ်လာမခြား ညဥ့်အချုပ် ယခုလင်းတဲ့အောင် ဝိဇရုပ်ခရသင်းဖြင့် နငါခပင်းအများကို ဘိတ်ကြားပါမလပ် ခြိမ့်ကျော်အလျှံ ကိုမ့်ဆော်ဖန်သဖြင့် မိန့်တော်သံလွှာအပ်လျက် လူ့ရပ်သို့လျှင်ခဏ ခြွေရံတသင်း ဘွဲ့စံခင်းကဒေဝါမင်း မြန်းကြွ၍ ဒါနကုသိုလ် စေတနာထား ကြည်စွာပွားသဖြင့် သားအတူတို့က ပြုလိုတကြောင်း သောင်းသောင်းဗိုလ်ထု ဤပွဲသဘင် ယင်ဘဲတွင်၌ ဖဲစေချင်အပူမှာ ဘေးစုရန်ပေါင်း ဖုတ်ပြိတ္တာဌ္ဌေ မိစ္ဆာစရိုက် စိတ်မှာကြိုက်သည် အမိုက်တွေကို သာခွေညောင်းအောင် မျက်စောင်းဖြင့်ရှု အမိန့်တော်သံလိုမ့်ဆော်ဖန် ပယ်လှန်ပြု၍ ဂရုဂါရဝ အစဉ်မကွာ လှူမကြာမင်္ဂလာမှုကို အမျိုးကြိုးပမ်း တရားပန်ဆင် တူနာချင် စိတ်တွင်တမ်း၍ ရည်မှန်းရှုမျှော် များစွာအပေါင်း သူတော်ကောင်းတို့ကနောင်ကြောင်းမျှော် နိူးဆော်ဘိတ်ကြားအပ်ပါသည်၊ တာဝတိံ

ဘုံရပ်တွင် သမ္ဘာရှိန်ထုံအမြွတ်ကြောင့် ပရိသာတ် ခြွေရွေအများ နှင့် ဂုဏ်သကပ်ထွင်ရှားသော ဣန္ဒိပါဒ်သခင် အရှင်သိကြားမင်း။

## စာဆိုတော် ပညာရှိအမတ်ကြီး မင်းရာဇာ ရေးသား!သော ဟိတကာရိကျမ်းမှ ကောက်နုတ်ချက် ကမ္ဘာစောင့် နတ်မင်းကြီး ၇-ပါးအား ပူဇော်ပသခြင်း

ဘုမ္မရက္ခာ အာကာစိုးမှတ် အိုရှင်နတ်တို့ သက်မြတ်ဋ္ဌိတိ ဣန္ဒိဗလ တော်ဇကျော်ထင် ကောင်းအင်မချို နတ်မြတ်တို့ဝယ် နှစ်မျိုးမင်္ဂလာ ပြည့်စုံစွာရှင့် ဆောမနာစကား ဤသို့အားဖြင့် မခြားနှေညာ ခါနီစွဥ် လုံ့လရာရာ ဆောင်ခါခါသည် ကောင်းစွာ လျှင်ဆော အောင်စေသော။

### ၁ သူရဿတိနတ်သို့အား ပူဇော်ပသရန်

ဟသ်ာဖြူစင် ယာဥ်ပေါ်တွင်၌ ဆင်းအင်ဖြူဆွင် ကိုယ် ရောင်မွတ်လျက် ကြီးမြတ်ညာဏ ဘုန်းတေဇဖြင့် လက်လှ ဘယ်ညာ နှင်းဖက်မှာလျှင် ပဒုမ္မာဖြူ စိန်ရောင်တူကို စွဲယူအံ့ဘွယ် လှန်တန့်ဘယ်သည် မိုးယံသူရသ် သတီနတ် ကောင်းမြတ်လှစွာ လူ့ဘာဝါကို ပညာကြီးကြောင်း ဆောင်ပေးတောင်းရှင့် ထပ် လေဘ်ိးစီးပွား ကျွန်ုပ်အားလည်း စကားသာချို တခွန်းဆိုက အဟိုလူနတ် စိတ္တုပ္ပါဒ်ဖြင့် ညွှတ်အောင်မယ်စေ ဆောင်စေ သော။

## ၂ ပရမေသွာရ နတ်ပင်းကြီးအား ပသရန်

လက်ဝဲလက်မှာ တန်းခွန်လှာဖြင့် လက်ယာမည်ထ လက်၌ မှကား လုံမသုံးမြှာ စွဲစကာနှင့် ရတနာဥသဘာ ယာဥ်မြတ်လှထက် တေဇကြက်သရေ ရှိန်းရှိန်းဝေသည် ပရမေသွာရ မြတ်ဒေဝ- ဓမ္မမကင်း သိမြင်ခြင်းနှင့် ခပင်းဗိုလ်လူ ကိုးရာမူရှင့် ဆုယူမြွက်ဖေါ် ကျွန်ုပ်သော်ကား သူတော်ဘကာ သုံးဆောင်ရာသား သစ္စာစကား လွှန်ဖြောင့်သား၍ တရားတန်းခွန်, ထောင်စေသော။

## ၃ မဟာဗိန္ဒ နတ်မင်းကြီးအား ပသရန်

ထက်လက်, လက်ယာ ချွန်းကိုင်ကာတည့် အောက်မှာ မကွဲ ခက်ရင်းစွဲလျက် လက်ဝဲသက်လက် ကိုင်ရွှေစက်ဖြင့် အောက် လက်လှမ်းအုပ် နှာမောင်းဆုပ်သည် ရွှေရုပ်ပမာ ကြွက်ယာဥ် သာထက် မဟာဗိန္ဒ နတ်ဘုန်းကဲ စောင့်ပြုမချွတ် ကမ္ဘာနတ်ဟု ထိမ်းမှတ်သောအား လှူထင်ရှားရှင့် သနားကြည်ညို ကျွန်ုပ် ကိုလည်း လိုလိုသမျှ နတ်ရှင်မ၍ ယသဘောဂ ရတနာသည် များစွာအိမ်လုံး ပြောင်စေသော။

## ၄ ဗိဿနိုး နတ်မင်းကြီးအား ပသရန်

ထက်လက်ရွှေကြာ ပဒုမ္မာတည့် အောက်မှာစွဲထ မြတ်သခ် ဖြင့် ဘယ်မှအထက် စွဲရွှေစက်နှင့် အောက်လက်တပြိုင် တင်းပုတ် ကိုင်လျက် ကြီးခိုင်ပြင်းဟုန် တေဇဂုဏ်ဖြင့် ဂဠုန်ယာဥ်ကြီး ငွေ့ ရောင်စီးသည် နတ်ကြီးဗိဿနိုး ကမ္ဘာစိုး တန်ခိုးလွှမ်းဖုံး တိုင်း အလုံးဝယ် ပတ်ကုံးညာကြေ စောင်မပေရှင့် မြဲနေညွတ်ကြည်

ကျွန်ုပ်သည်လည်း ကြံစည်ရာရာ ရပညာဖြင့် မိစ္ဆာရှောင်ကြီး ရှောင်စေသော။

## ၅ မဟာပရမာ နတ်မင်းကြီးအား ပသရန်

ထက်လက်ညာဆိုင် ကျော့ကွင်းကိုင်၍ တပြိုင်အောက် လက် ဖြန့်စလျက်တည့် ထက်လက်, လက်ဝဲ ရွှေစက်စွဲလျက် မကွဲ အောက်စွန် ထားစဟန်နှင့် သဏ္ဌာန့်ရောင်မောင်း ကြော့လှ တောင်းသား ဥဒေါင်းငှက်ရွှေ ယာဉ်ထက်နေသည် မဟာပရမာ နတ်မြတ်စွာ အခါတပါး လူတို့အားကို စီးပွားတန်တန် နတ်ရှင် ဖန်ရှင့် ဆုသန်ပြည့်ကြောင်း ကျွန်ုပ်တောင်းသား ကံဟောင်းကပါ ဝါသနာဖြင့် မိစ္ဆာရန်မိုက် ရှောင်စေသော။

## ၆ ပရမေသီရိနတ်သမီးအား ပသရန်

သုံးခုမျက်နှာ လက်ခြောက်မြွာတွင် ဘက်ညာနှစ်ဖက် ထက်ဆုံးလက်ကား ထွားညက်ပွပွ သမြတ်လှကို ယုယလက်ဝါး တင်ကာထားမှ တခြားလက်ယာ လက်နှစ်ဖြာတွင် လယ်မှာ ပတ္တမြား အောက်ကားသန်လျက် ရောင်ချင်းယှက်မျှ ဘယ်လက် တစုံ လယ်အောက်တုံလည်း ကြာငုံလက်ခစ့ စွဲခဲလေ့ဖြင့် ခြံသေ့ ယာဉ်ရွှေ စီးထိုက်ပေသည် ပရမေသီရီ မြတ်ဒေဝီ စုံစိသိပ္ပ တတ်မြောက်လှသား ရှင်မ မခြား ကျွန်ုပ်အားလည်း သနားချစ် ခင် ကြွင်းမဲ့သင်၍ နတ်ပင်ထင်ကြ ရောင်စေသော။

## ၇ စဏ္ဍီနတ်သမီးအား ပသရန်

လက်ယာကဝယ် လက်ငါးသွယ်တွင် "ဓားလွယ်သန် လျက် ပြိုးပြက်လှံဘန် လှံချွန်း ဓားမြှောင်"ငါးပါးဆောင်လျက်

ဘင့်ခေါင်ငါးလက် လက်ဝဲဖက်ကား "ဒိုင်းရှက် မြှားလေး ပုတီး သေးနှင့် ဖွေးဖွေးရောင်ဝင်း ခရုသင်းဖြင့်" ငါးကွင်းလက်စေ့ စွဲကိုင်၍လျှင် ခြသေ့ယာဉ်မြတ် စီးစပုတ်သည့် မိနတ်သိရီ မယ် စလှိ ပီပီလာလာ လူတကာကို ချမ်းသာမြင့်ကြောင်း မပေတောင်း ရှင့် ကျိုးကောင်းပေးလို ကျွန်ုပ်ကိုလည်း ကြည်ညိုသဖြင့် စီးပွား ဆင့်၍ သားရင်းအစစ် ရင်၌ဖြစ်သို့ ချစ်ကြည်မှတ်ရည်စောင့်စေ သော။

နတ်ပင့်-ဘဝတုသဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ။သဗ္ဗ- စည်းစိမ်ချမ်းသာ ပူရတ္တိမေနဒက္ခိဏာ ဇေတေမဟာရာဇာ လောက ပါလမည်နာမနှင့် တေဇဂုဏ်မောက် ထိုနတ်မင်းကြီး ၄-ယောက် တို့သည်၊ တေ- ထိုသာမဏေရပဗ္ဗဇ္ဇ မင်္ဂလာကို ခံယူသော သတို့ သားကလေးနှင့် ဇဏ္ဍဝိဇ္ဇနမင်္ဂလာကို ခံယူသော သတို့သမီးက လေးတို့အား၊ အရောဂံ- ဇြာ-ဖြာ ××× သုခံ- ကိုယ်စိတ်နှစ်ဖြာ ××× အဝေရိက္ကံ- မင်းရေမီးခိုးသူ ××× ရက္ခန္တု- ရင်းသာ ပမာ ×××။

ရွှေဂုဏ်မြို့ နာဂရံ ရပ်ဌာနံက၊ အဟံ- ကျွန်ုပ်သည် သုံး လူ့ထွဋ်ခေါင် မိတေးနောင် မာရ်အောင်ထွတ်ဘုန်း စည်သည်နှင့် မှောင်မှုနည် ကင်းဝေးကွာ သုအာချာတော ကောင်းစွာဟော သည့် မွေ့မြတ်ဆယ်ဖြာက အဝိဇ္ဇာနှုတ်ဆေးလျှော် သီဟာ ပြန့်ရှောင်း လွှန်ကျော်သောင်းသည့် ရုံးပေါင်းသံဃာငပေါ်ဟု ဤသုံးပေါ်မြတ်ဆုံးကို စေတနာဇော သဒ္ဓါပြောသည့် မနော ညွတ်ကြည်ညို၍ ပီတိယိုသည့် ကုသိုလ်ဥက္ကဋ္ဌ ရှိခိုးအင်္ဂါငါးခုပါ သည့် သုံးမြွာအတန်ပြ၍ သီရေနဦးဖြင့်သာ ရွှေငှက်ပြောခိုင်

ညွတ်၍ ...ိုင်သည် လှိုင်လှိုင်ရှိခိုးပါ၏၊ ဥပဒ်ထိုထိုဘေးကိုဖြိုသည် ဒဏ်ကို ဖျက်ဆီးရှိခိုးပြီး၍—

မင်္ဂလာဦး လွန်ကြူးကောင်းမြတ် စုတ်လာဘ်လာဘ အမြိတ္တနှင့် ရေသိဒ္ဓိ လောကီရန်နှိမ် ပြက္ခဒိန်မှာ အောင်ချိန်စဉ်းလင် အောင်မည့်ရက်ကို အောင်ခက်သည့်ရန် တွေ့ကြုံသည်မှန် သော်လည်း စက်သံကွန့်မှုန်း ထောင်လက်ရုံနှင့် မိုးလုံးဖြန့်ရစ် မာရ်မင်းစစ်ကို ဥပေက္ခာ သစ္စာ မေတ္တာ ခန္တီပါရမီဆယ်ပါး ပုညအားဖြင့် ဘုရားလူ့ဘ အောင်ဆုရသည့်နှယ် မာနပြိုင်တု သူရန်ပြုက မတုနိုင်ပြား ရှင်နတ်များတို့ ချီးဘားအံ့ချီး ဘုန်းတန်းကြီး၍ အပြီးနေလ မှတ်ထင်ရသည် မြတ်နှစ်ပါးဘုန်း ရွှေလက်ရုံးတွင် ရန်ထုံးကဲ့သို့ ကြေစေသတည်း။

ဘဝတ်ုသဗ္ဗမင်္ဂလံ ရက္ခန္တုသဗ္ဗဒေဝတာ မြတ်မွေ့ဒေသ နာက သတပတ်ရွှေကြာဝယ် သေအချာဟောကာပြ ဒါကြောင့် မေမွာသအောရာမှာ လောကသံသရာ နှစ်ဖြာအကျိုးတက်ပြီး ဒါန မျိုးဆက် ...ဗ္ဗမင်္ဂလာ တည်လို့ ...နတ်ဗြဟ္မာအလီလီ ကူညီ ညာဝိုင်းပြီး လူ့ပြည်ရွာတိုင်းနိုးဆော်ကာမနားဘဲ ဘိုးတော်သိ ကြား ၃၇-ဖော်တို့ပါ ရုံးဖွဲ့၍ ပူဇော်ကာ ယူမျှော်ရာ အမြတ် မဆုံးနိုင်တဲ့အော... သူတော်စွာ နတ်ဘုန်းခေါင်တို့သည် သုံး ဆောင်မှီဝဲတော်မူကြပ္ပါကုန်လော။

(တူရိယာမပါလျှင် ဤတွင်ဖြတ်၊ တူရိယာပါလျှင် ရှေ့ဆက်)

ပြောဟောသမျှ မြတ်မေ့ခအလာမှာ အကောင်းဆုံး အခြေခံပြီး ပေါင်းရုံး၍ နေပမာသဏ္ဌာန် လောကသံသရာအတွက်

ပရတ်ိုတွင် ၎င်းတထုံးဖြေကာ အမြန် သဘောဘာကျစရာထပ်မံ၍ ပြရလျှင် ကျောင်းသုံးရွှေ စာအမှန် ဓမ္မောသဓေါတ်ခံမပျက်ရအောင် ကဲ.... ဆရာ့ဆရာများရယ် သောင်းလုံးမြေလျှံ ဆိုတဲ့ လောကနတ်သံဆက်တော်မူဗျား။

## ပစ္စည်းလက်ဖွဲ့ခ‌ေ‌ား

ထိမ်းမြားမင်္ဂလာ - ကင်ပွန်းတပ်မင်္ဂလာ- နားထွင်းမင်္ဂလာတိုတွင် အမိအဘ ညာဘကာ မိတ်ဆွေသင်္ဂဟတို့၏ ဝတ္တရားမှာ မင်္ဂလာခံ ကာယကံရှင်တို့အား မိမိတို့၏အင်အားအလျောက် လက်ဖွဲ့များအားဖြင့် ချီးမြှင့်ထောက်ပံ့ရမြဲ ဖြစ်သည့် အတိုင်း ထောက်ပံ့ကြရမည်။

ပစ္စည်းလက်ဖွဲ့ခြင်းကို ပဌမတွဲတွင် ပါရှိပြီးအတိုင်းဆောင်ရွက်လေ။

## အလှူတော်မင်္ဂလာ-ဩဘာစာ ဘတ်ကြားရန် အခန်း

၁၂၉၁-ခုနှစ်တွင် ရေးသားသော ဩဘာစာကို နည်းယူ နမူနာထည့်သွင်းလိုက်ပါသည်

သာယာဝတီခရိုင် ဇီးကုန်းမြို့ သစ်ဆင်ရွာဌာန
အလှူ့ဒါယကာ ဦးသာဆိုင်-ဒေါ်ငွေလှိုင်တို့၏
သားရှင်ပြု-သမီးနားထွင်း
အလှူတော် မင်္ဂလာပွဲကြီးတွင် တင်သွင်းဘတ်ကြားအပ်သော

### သုတိကထာ မင်္ဂလာ

### ဩဘာစာ

၁၂၉၁-ခုနှစ် တပို့တွဲလပြည့်ကျော် ၃-ရက်
ရေးသားသူ-ဆရာဇွဲနန္ဒာဝဇိရ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ဝဆုတုဇိနသာသနံ

ဇိနသာသနံ- ငါးမာရ်ပယ်ခုတ် ကြွင်းမဲ့နုတ်သား ဝိသုဒ္ဓိ နတ် စောဉတ္တမ်ဂြိ၏ ထွန်းမြတ်ဘာသာ သာသနာသည်၊ ဝဆုတု-မြယုဂန်ညွန့် ချာန်ယဉ်ကွန့်သား လေးကျွန်းမျက်နှစ် ဗြဟ္မာ ရှာဇ်လျှင် ဆန်းသစ်တိတိ စက်နာရီဝယ် ခရီခြွေ့ပြီး ရွှေ့ရွှေ့ တိုးသို့ ဆန်းခိုးပြည့်လျှမ်း၊ မယုတ်နွမ်းဘည့် နှစ်တန်ငါးထောင် စေ့ကုန်အောင်လျှင် မိုက်မှောင်ပယ်ရှင်း ဒိဋ္ဌိကင်း၍ ထွန်းလင်း စည်ပင်ပါစေသတည်း။ •

ရှေးခေတ်ကာလ သာကီယ သုံးပြည်ထောင် မဏ္ဍိုမတိုက် ဘောင်မှ တောင်မောရက် ဌာနကူးပြောင်း တခေတ်ကိုးအာဒိ

သိရိခေတ္တရာမံ ပုဂံ မြင်စိုင်း စစ်ကိုင်း ပင်းယ တြင်းရလျက် အင်းဝ မည်သာ ရတနာပုရပြည်မှစ၍ မြန်မာ့ဌာနီ သာယာဝတီဟု သာ ကီယမျိုး သတိုးနော်ရထာ မင်းမြန်မာတို့ မြို့ရွာတည်မှု နန်းပြိုင် ပြုကြ ဝိသုဒ္ဓိနတ် စေဒီဂ္ဂါဋ္ဌ်၏ ဓါတ်အဘိုဘုဏ် မြေကောင်း ကြန်တွင် မြသိန်းတန်ဘုရား ရှင်ဘော်စားကို တည်ထားခဲ့ပေ များဝေနေတို့ အောင်မြေနိဗ္ဗာန် ကျွန်းသောင်ရံသို့ ဖောင်ပျံကတို့ မချိုစေရာ ဖြစ်စိမ့်ငှာဖြင့် သုံးဖြာတိုက်လုံး မြို့ဦးကုန်းဟု ချိမ့်အုံး ကြေညာ လွန်စွာကျော်ဇောခဲ့ပါကြောင်း။

ငင်းမြို့ကြီး၏ ပြုဗ္ဗာဒိသာ ရှေ့မျက်နှာဘွင် သာယာဝ တီတွင် ညီမင်းခေါင် ကျား၊မြီးခေါင်တို့ ရန်ထောင်အန်တု မျက် မာန်ခု၍ ဗဒုမပြုဟာ "စစ်ဆင်" ရာကို နာမာသမုတ်၊ ပညတ် ထုတ်၍ မယုတ်ထင်စွာ "သစ်ဆင်" ရွာတွင် ဆယ်ဖြာပါရမီ ပုညာဘာရီဟုဏ် ပြည့်လောက်လုံ၍ သစ်ကုန်သည်ကြီး ပွဲစားကြီး ဟု ခိုင်ဖြိုးမကျိုင်"ဦးသာဆိုင်"နှင့် တူပြိုင်သံသရာ ကမ္ဘာအဆက် ဆက် ရေစက်သွန်းလောင်း ဆုတောင်းဆုယူ အတူမကွာ ပတ္တနာ ထိုဆို ကုသိုလ်မြိုင်မြိုင် "ဒေါ်ငွေပွိုင်"တို့ တိုင်ပင်ညှိရုံး အားလုံး ညီညာ သဒ္ဓါတရား ဖွံ့ထွားရင့်မာ ပညာဝမ်းတွင်း နှလုံးသွင်း အသင့် ထောက်ချင့်တိုင်းစာ တရားသံဝေဂ ရကြီးရကြသည်ဖြစ် ၍ အနှစ်သာရရှိသော တရားကိုရှာလျှင် သုမေဓပဏ္ဍိ အကိတ္တိ ဘုရားလောင်း သူတော်ကောင်းရသေ့ကို ဟလေ့ကျင့်ဘမ်းကို မှိုငြမ်းဘကဲပြုသဖြင့် ဝတ္ထုရွှေငွေ ထွေထွေများပြား အပါးပါး တို့သည် မြင့်လျှားရှည်ကြာ တည်ရာမဖြစ် အနှစ်မဟုတ်ချေ၊ သေကွာရင်ကင်း ပျက်ယွင်းဝိပရိတ် အနိစ္စဝတ္ထု ဒုက္ခဝတ္ထု အနတ္တ ၊ သမုဒယလောဘ အာရုံသာဖြစ်ချေသည်။

မဖနုပဋ္ဌိသန် ဖောက်ပြန်အိုမင်း နာခြင်းဗျာဓိ မရှိ မရဏာ အမတာရိပ်ပျံ့ ကောင်းမြတ်မှန်သော နိဗ္ဗာန်တရားသည်သာလျှင် ဘည်ရာစင်စစ် အမှန်ဖြစ်ပေသည်ဟု ယုံကြည်မြဲမြန် ကောင်းစွာကြံ၍ နိဗ္ဗာန်ကံကြွေး ချပေးလိုသော ထိုသဘောဖြင့် "ယောဟိ ကောစိမဟာရာဇာ အဗ္ဘောဝါ ဒလိဒ္ဒေါဝါ" ဟူသော ပါဠိကို ဘတိယသင်္ဂါယနာတင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ဤမည်သော ဓမ္မာသောကမင်းတော်အား ဟောကြားလေဘူးသောထုံးကို နှလုံး၌ဆင်ခြင်၍ ရင်သွေးမျက်ရှင် မောင်မောင်ဘင်နှင့် သောင်ခွင်ရှည်ညွန်း မောင်မောင်ထွန်းပါ မကွာ စိတ်ရှိ ကိတ္တိမသား မြေးပါတူပါ သချ်ာညွှန်ကြား ၁၇-ပါးကို ဘုရားဗုဒ္ဓ နှရုတ္တမ၏ ပုတ္တ အသရေ သာသနာအမွေကို ခံစေသည်လည်းတ၀-

ထိုမှတပါး မခြားတသီး သမီးနှင့်မြေး ရင်သွေးမျက်ရှင် မြင့်မြင့်ခင်နှင့် ထိုးပြင် ခင်အေး ခင်ခင်ထွေးတို့ ကလေးများ အလျောက် ထိုသုံးယောက်ကို နောက်နောက်ကာလ မြန်မာ့ကြွငွန်း ဆီးနန်းစဉ်ဆက် ဆောင်ရွက်ပြုမူလေ့ရှိကြသောအတိုင်း ဟိတ္တကာရိ ဗဟိုသာမ ရာဇမတ္တံ ကျမ်းဂန်အမြွက် အဌလက်ဂိုဟ် နဂိုသန့်ရှင်း ကြင်းနဝင်ကောင်းခြင်းမင်္ဂလာ အခါဇာတ်ယုဂ် နတ်နတ်ဘပေါင် အောင်အံ့သောအချိန်အခါတွင် စိန်ရဘနာ ပတ္တမြားမြတ်တို့ဖြင့် နားသသောမင်္ဂလာကို ဆင်ယင်ပါသည်လည်း တကြောင်း။

ရင်းပြင်တဖြာ သံဃာတော်အရှင်မြတ်တို့အား တတ်အားသမျှ ဒါနဝတ္တု အစုစုနှင့် လှူမှုတမ်းဖွယ် အသွယ်သွယ်ကို ပြုခြင်း

ကျယ်ရိပ်သာ နေဝါမလျပ် မဏ္ဍပ်ကြီးအတွင်း၀ယ် ခင်းကျင်းစီမံ ပူဇော်ရန်ဖြင့် ဝိဟာရစံ့ရှင် သစ်ဆင်ရွှာ ကျောင်းတိုက်ကြီးအတွင်း၌ ကျယ်ဝန်းသေသပ် ဆောက်လုပ်အပ်သော အယုဇ္ဈယပူရိ ခန္ဓ, သိမ်ကိုလည်း ကြိမ်ကြိမ်ပြောရာ တဩဘာဖြင့် မင်္ဂလာသာဓု ခါခါပြုဖို့ သမုတိဂုဏဝန် ထေရ်မှန် သံဃာတော်တို့အား မြူလွှာမစက် လက်ျာလက်၌ ဒက္ခိဏော ဒက သွန်းချချေမ်း ရေစက်ဖြန်းလျက် လှုဒါန်းစာဂီ ပါရမီဆယ်တန် ပြည့်ကြောင်းဖန်လျက် နိဗ္ဗာန်သုခမ္မာပြုအပ်ပါသတည်း။

ဤတို့ကြည်ဖြူ ပေးလှုသည့်နှစ် သက္ကရာဇ်ဂေါဇာသာသနာနှစ်ပါးကို မှတ်သားတွက်ဆသော် ဘုရားဘိုးတော်မဟာသုဓမ္မဒ္ဓမင်း ကိန်းရင်းနဂို ဖျက်ဖြိုခဲ့သည်က စ၍ တိုင်းမဂဓခေတ္တာသရေ အောင်မြေပုံ စောရဟန် မင်းဆက်တိုင် ခရိုင်ပြည်ခြား မင်းလေးပါးတွင် မင်းဖြားစောရဟန် ပေါက္ကမြို့ သာသနာကို ပဓာနပြု၍ ယခုနှစ်သို့ ဆိုက်ရောက်အောင် ကောဋ္ဌ ယောဂီ ပောဇ်သာသနာ ၂၄၇၁-ခု လူမှုတွက်စစ် သက္ကရာဇ်ဒီယ လောကဂေါဇာ သချာဖြောင့်ဖြောင့် တထောင့်နှစ်ရာ ကိုးဆယ်သာ၍ စွန်းလာဘာခု ဥတု ဟမန် ငွေနှင်းထန် လေပြန်ဆော်နွဲ တပို့တွဲ ဝေါဟာ ဖလ်စကြာရဟတ်နှင့် သောမနည်ဇုန္န ကမ္ဘာဂြိုဟ်နှစ်ခုတို့ တောင်မေရုခပန်းတွင် သမသတ်ပြိုင်သန်း၍ စက်လုမ်းပယ်ခွါငါးဖြာသောတိတိ၀ယ် ပြည့်ညီသော ပုဏ္ဏမိန် ဂုဏ်ရှိန်နှုန်းယှက်ကျော် ၃-ရက် အခါသမယ်တွင် မဟာဒါနပွဲကြီးသဘင်ကို ဝှဲချီးဆင်[illegible]ပါသတည်း။

# အလှူတော် မင်္ဂလာ ဩဘာစာ

## ရတုပိုဒ်စုံ

ဇင်ပန်းရွှေဖိ ခိုင်ဖူးစီသား ရာသီဟေမ ကုန်မာသ၏ ပြည့်ထစန်းစက် ကျော်သုံးရက်ဝယ် အနဂ္ဃရတနာ မှူးထားကာလျှင် ဓမ္မာသောက သဒိသဖြင့် သီလမယွင်း ကောင်းသတင်းနှင့် သောင်းတွင်းကြေညာ မြေမြန်မာဝယ် နေဇာညွန့်ခိုင် "ဦးသာဆိုင်"နှင့် တူပြိုင်အပြီး ပန်ဆုမျိုးသား ဇနီးကျင်ဖော် ဝိုချီးကျော်သည့် မဟောသက်လျှာ အမရာသို့ နှစ်ဖြာမြိုင်မြိုင် "ဒေါ်ငွေလှိုင်"တို့ ရွှက်ပြိုင်ဖွင့်ကာ ပြည်ခေမာသို့ နာဝါမဂ္ဂင် ထွက်လိုချင်၍ မျက်ရှင်ပတ္တမြား ရှင်ဝယ်ဖွားသည့် သားဆံထိုးသွင် "မောင်မောင်တင်" နှင့် သောင်ခွင်ရည်ညွန်း "မောင်မောင်ထွန်း" တို့ အောင်ခွန်းညွန်ကြား ၁၇-ပါးကို ဘုရားဒါယကာ-သွတ်သွင်းနှံလျက် ဓမ္မခွံပြ ဒုလ္လဘကို ကြုံရခဲတိ ခါကောင်းမိ၍ ဇိနမြတ်စွာ သာသနာလည်း ရောင်ဝါတင့်ရှန်း တိန်ထိန်တွန်းသည်။ ။ထောင်ဝန်းနေလ တင့်ထူးသော်။

ဆင်မြန်းဒေဝီ မဟေသီသို့ ရွှေညီဝန်းပတ် ဘုံကြိုးပြတ်သည့် မိုဃ်းနတ်သွင်နှိုင်း လူကသိဏ်းတို့ ဝန်းဝိုင်းရံကာ ခြိမ့်ခြိမ့်ငြာလျက် ဖြဟ္မာအောင်ခွန်း အောင်သံညွန်းသို့ ကွန့်ရှန်းသစ်လွင် အောင်စစ်ဆင်သည် "သစ်ဆင်" ဂါမဟိ ဇမ္ဗူဒီဝယ် စုံညီမင်းပေါင်း သိမ့်သိမ့်သြောင်းမျှ သောင်းသောင်းလျှံသှ စံမျှတည့် ကုဏ္ဍဝိဇ္ဇန္ဓာ ပွဲမဟာဘား မာလာတော်ဝင် ဂေါသဇင်ဟု အင်ဂမုံးခိုင် ပင်လုံးကြိုင်မျှ လှိုင်လှိုင်ပွင့်ကြ ထိုမာသ၏ ဇုဏှပက္ခမိ သုံးရက်ညီတွင် နာရဏီအပ် စိန်ဖူးတပ်၍ [illegible]

လင်း၊ အောင်နဝင်းဖြင့် နားထွင်းမင်္ဂလာ ကောင်းကြီးပြာလျက် သြဘာတင့်ထွန်း အောင်စည်ရွှမ်းသည်။ ။ အောင်ခွန်းဇေယျ ရင့်ကျူးသောဝ်-

ရှင်လန်းရွှေညီ နန်းကေသီတို့ စိန်ရတီဆင့် သိင်္ဂီမင့်ထက် ကောင်းကင်နန်းဘွေ့ ယုန်စန်းငွေ့ဝယ် ကုဋေကြယ်ပျံ့ ရွှေဝန်း ရံသို့ နှိုင်းစံညီတူ ဤအလှူတွင် ဝဇီရာစိန်အပ်သွားဖြင့် နားသ မင်္ဂလာ သဘင်ခါ၊ဘား သညာယဉ်ကျေး "ခင်ခင်အေး" နှင့် "ခင်ထွေး" မည်တွင် "မြင့်မြင့်ခင်" တို့ သဘင်ပွဲကြီး အောင် ပြီးစီး၍ ဘုန်းကြီးသက်ရှည် ကောင်းမျိုးစည်လျက် ကောင်းတည် စုရာ ကောင်းခြေငှါလျှင် ဥပက်ာရှန်းနှဲ နန်းရတုဖြင့် ဆန်းမှု ယဉ်ယဉ် ကြည်ပွဲဆင်လျက် ရွှေရှင်ညွှင်းချို ဘွင်းဆိုပြီး ယင်း ထိုသြဘာမင်္ဂလာနှင့် ဇေယျာအောင်ခွန်းအောင်သံမွှန်းသည်။ ။ ပြောင်ရှန်းတေဇ ပွင့်ဖူးသောဝ်-

သြဘာစာဖတ်ကြားပြီးနောက် အောက်ပါနိဂုံးချုပ်
ဆုပေးနှင့် ချီးမြှင့်ရမည်

---

## မင်္ဂလာ အာ ခမ်း အနား ပွဲ သိမ်း ဆု ပေး

ဤယခု သားရှင်ပြု သမီးနားထွင်း အလှူတော်မင်္ဂလာ တွင် ဇမ္ဗူပေါ်တခွင်မှာ အကြွင်မဲ့မြတ်သော ရတနာတို့ဖြင့် ဆင် ယင်အပ်သော မင်္ဂလာတို့ကို ယခင်အတွေ့အလာ ဗုဒ္ဓတာဆူက နတ်ဝရနကြူးဒါကို ထုတ်ခါယူရလျှင် "မုတ္တာစူဠ ' မကုဋ္ဌ နှင့် ဘဏ္ဍာ ကေသပဗ္ဗဇ" တို့ကို မြတ်ခမ္မစမ်အရ အကောက်အထား နှင့်တကွ ခြောက်ပါးသော မင်္ဂလာကို တင်ဆင်ကာ တပါတည်း

ပြီးပါပြီ၊ ဆရာနည်း အနှစ်အသားနှင့်တကွ ဝါတနည်း အသစ်ထားပြီး မြန်မာနည်းအဖြစ် မမှားရအောင် (၁) ချစ်သား ချစ်သမီး ပုတ္တမေတ္တာတရားတို့ကို ဒုက္ခမသိစေရ အမှန်တင်ကာပြုရလျှင် မုတ္တသီရာဆိုဒါ ရန်အမြင် မတည်တန့်ရအောင် ဆံပင်ဖြေဖြန့်သော မင်္ဂလာကိုပြုခြင်း၊ (၂) သူငါအစ အကြင်အခါ၌ စူဠာကရဏ မင်္ဂလာဆိုဒါ ပြင်ဆင်ကာ စမုတ်ဆောင်အဆုံးတွင် ဥသျှောင်ထုံးသော မင်္ဂလာကို ပြုခြင်း၊ (၃) လူ့ဘဝ စံကြစဉ်အခါမှာ သုခအနန္တ အစဉ်မကွာတဲ့အောင် မကုဋ္ဌဗန္ဓဏမင်္ဂလာဆိုဒါ ယခင်အခါ တိုက်တသောင်းက အရှင်ဘဂဝါ အမြိုက်လောင်းပြီး မကိုဋ်ဆောင်သော မင်္ဂလာကိုပြုခြင်း၊ (၄) ပရံပရအတိတ်က ထင်မြင်ပါသဖြင့် ဖန်သတဲ့ဤဥ္ဆအစဉ် မကွာတဲ့အောင် ကဏ္ဏဝိဇ္ဈန မင်္ဂလာဆိုဒါ အသွင်ပမာ ပတ္တမြားအဆင်းကလေးအား ဝါသဝ သိကြားမင်း၏ နားထွင်းသော မင်္ဂလာကိုပြုခြင်း၊ (၅)ကမ္ဘဋ္ဌာန်းတရား အဆက်ဆက် ရဟန်းတရား မပျက်မကွက်ဘဲ သားပန်းခက်တပါးကာရမက်ကလေးအား ပန်းရထားအထက် မြတ်ဓမ္မအသရေနှင့် အရဟတ္တဇဘဂဝါပရမေ၏ ပဗ္ဗဇ္ဇရှင်သာမဏေပြုရန် ဆံပင်ကိုပယ်၍မို့ ဥဏ်အမြင်ကျယ်ကာ အဝါရဖန်သပြီး သာသနာအမွေခံကြ ဆံချတဲ့မင်္ဂလာကိုတော့ တအင်္ဂါအခြေအမြစ်နှင့်တကွ တင်ဆင်ကာ ဖေလျှစ်၍ပြုလိုက်တော့ ဤအခါမှာ ကေသဆ္ဆေဒန မင်္ဂလာလို့ ခေါ်ရပါတယ်၊ (၆) ဘဂဝါပရမေ၏ အရဟတ္တဇဆင်ယင်ကာဖြင့် သာသနာအမွေသ သဒ္ဓမ္မအစဉ်အလာကို သာမဏေရပဗ္ဗဇ္ဇမင်္ဂလာဆိုဒါ တပါးအရှင်သမုဏ် ဘုသွားအသရေ မညစ်နွမ်းရအောင် အများတမင်ရှု၍ ဘဝါဘဝေ မချတ်

ယှဉ်းစေဘို့ သားရှင်ပြုပြီး သာမဏေဝတ်ခြင်းတည်း ဟူသော မင်္ဂလာကိုပြုခြင်း-

ဟူ၍ ဤမင်္ဂလာခြောက်ပါးကို မြှောက်စားကာ တပါ တည်း ပြီးဒါကြောင့် ဤယခုသားရှင်ပြု သွီးနားထွင်း အလှူ တော် မင်္ဂလာတွင် ပူဇော်စရာ အဆန်းအပြားတို့နှင့် တကွ ခမ်းနားစွာ ပြင်ဆင်ကာဖြင့် ဆင်ယင်ကာ ဒါနအတူပါကြဘို့ ကြွလာတော်မူကြပေကုန်သော ပရိသတ်အများတို့သည် ဟိတ် ဒြပ်ကြွားကာ ပြုမူကြပြန်ပေ့ဒါမို့ စိတ်ဓါတ်တရားမှာ ဉဇ္ဇုသမ္ပန္န ဂတံဒေသနာရှုပြီး "မ·စူ·မ·ကဏ်·ကေ·သာ" ဆိုတဲ့ မင်္ဂလာ ခြောက်ပါးနှင့် တင်ဆင်ကာမြှောက်စား၍ ပြီးပါပြီ၊ ခြောက်ပါး တနည်း ကိုးဆယ်ဝေဒနာတို့သည် ညှိုးကွယ်စေရာ ထုံးဖွဲ့ရစ်လို့မို့ ၃၂-ကံကြမ္မာ၊ ဘေးဘယာ ၂၅၊ ၁၆-ပါးသော ဥပဒ္ဒဝေါ၊ ဆယ်ပါးငသာဒဏ်၊ရှစ်တန်အပြစ်၊ ဆိုးညစ်ငါးပါး ရန်သူများနှင့် လေးပါးဝိပ္ပတ္တိ စရိုထပ်ပွား ကပ်သုံးပါ.တို့ အမြတ်ဆုံး ဘုရား တရား သံဃာကြောင့် တပါးမကျန် မလာမကပ်ဘဲ ဘယာ အရပ်ရပ် မြူအလွှာပယ်ကာရှားဘဲ့အောင် ဒါတဗ္ဗ လှူဘွယ် အများတို့နှင့်တကွ ရှစ်ပါးသော ပရိက္ခရာအစုံ လုံးစုံထပ်ပွား မြတ်ဘုရား ခြီးမွမ်းတော်မူသောနည်းဖြင့် နိဗ္ဗာန်၏ပစ္စည်းဖြစ်စေ သတည်းဟု အားသီးကန့်ခြား ဝိဝဋ္ဋသဘောထား၍ ဘုရားရှေဗျာ မဟာပုည ဒါနဥဂ္ဂါင်၌ ကုသိုလ်မြတ်ကို လူနတ်ဉာသုံ ဖြဟ္မာဘုံနှင့် လုံးစုံများစွာ ဝမ်းသာရှင်မြူး ကောင်းကြီးကျူးလျက် ကြည်နူး နုမော် သာဓုခေါ်စေရန်အတွက် ဒက္ခိဏောဒက သွန်းချချမ်း ရေစက်ဖြန်း၍ လှူဒါန်းရန်အချိန်ကျပြမို့ တသိမ်မင်္ဂလာ လူကဝိ အပေါင်းတို့က တူရိယာရွှေစောင်း သောတာရုံ မညောင်းခင်

သူရိယနေဒေါင်း ဂေါ်ရာပြောင်းပါပေါ့ ကျောင်းတော်မြတ် အသရေမှန်တဲ့ ဇေတဝန် ဝိဟာရကာ ဇိနာဘာဂဝ သိဝံအမတာ မျှော်သံ့ညွှ ထေရ်မှန်သင်္ဃာတော် ရှစ်ကျိပ်ကျော်တို့နှင့်ပရိတ်တော် ဓမ္မခံ ဟောကြားရန် ဈာန်ယာဉ်စီးပြီး ကြွလာတော်မူရန် အချိန်နီးပါပေါ့ တထိန်ထိန်ညီးကာ ရောင်ခြည်တော် အဖေပါဝယ် ဝတိန်ခရီးက မှောင်အလီလီကိုကျော်လျက် အကြိမ်ကြိမ်မည် ဟီး၍ အခေါင်တည်ကာမျှော်ပြီး ဝိနည်းသိတဲ့နောင် ညီနှစ်ဖော် တို့က ကဲ....အောင်စည်တော်ရွှမ်း-

ဤတွင် ဘိသိက်ဆရာ ပြုလုပ်သူတို့

သားရှင်ပြု သမီးနားထွင်းမင်္ဂလာ ခြိမ့်ရန်

မင်္ဂလာပြု အခမ်းအနားတွင်း စာကိုယ်ပြီး၏

ပု-ဒိ-အာ-မေသမိဋ္ဌတု

## အလှူတော် မင်္ဂလာ ဩဘာစာရေးနည်း
## သင်္ခန်း : ၈၁

ကျွန်ုပ်တို့ ကိုယ်တိုင် ရေးသားခဲ့သော ဩဘာစာနှင့် ထင်ရှားကျော်စောသော ကဝိအကျော် စာဆိုတော်တို့ ရေးသားသော အလှူတော် မင်္ဂလာ ဩဘာစာ တို့ကို နောင်လာနောက်သားတို့ နည်းမှီးစေရန် ထည့်သွင်းဖော်ပြလိုက်ပါအံ့။

စီးကုန်းမြို့ သူဌေးမင်း ဦးသာညို-ဒေါ်နှင်းသက် တို့၏
မဟာဇောတိကာရုံ ကျောင်းတော်ကြီး ရေစက်ချ
ရှင်ပြု ပဥ္စင်းခံ အလှူတော် မင်္ဂလာပွဲကြီးတွင်
တင်သွင်းဖတ်ကြားအပ်သော

### သုကိကထာ-မင်္ဂလာဩဘာစာ

၁၂၉၈-ခုနှစ် နယုန်လပြည့်ကျော် ၈-ရက်

**ရေးသားသူ-ဇမ္ဗူဝဇီရ**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဇိနော ဇယံ ကရုံ ဓမ္မံ သဥ္ဇယန္တော ဇယာကရေ
ဇိတွာမာရံ ဇိနာပေသိ သောမေဒေတု ဇယံ
ဇိနော။

ဇိနော-မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားသည်၊ ဇယံကရုံ-အောင်ခြင်းကို ပြုတတ်သော၊ ဓမ္မံ-တရားကို၊ သဥ္ဇယန္တော- ဆည်းပူးတော်မူသည်ဖြစ်၍၊ ဇယာကရေ-အောင်မြင်တော်မူရာ ရွှေပလ္လင်၌၊ မာရံ- ဒေဝပုတ္တစသော မာရ်

ငါးပါးကို၊ ဇိတ္တာ-အောင်မြင်တော်မူ၍၊ ဇိနာပေသိ- သူတပါး ကိုလည်း အောင်စေတော်မူပြီ၊ သောဇိနော- ထိုမြတ်စွာဘုရား သည်၊ မေ-အကျွန်ုပ်အား၊ ဇယံ-ရန်မာန်ခပင်း အောင်မြင်ခြင်း ကို၊ ဒေတု-ပေးတော်မူစေသတည်း။

ဇေယျာဘိဇေယျ-ဇယသာဝ မူးပိုင် ဦးကိုင်မှန်ကင်း သနင်း ဓမ္မရာဇ် သုံးနယ်ခေတ်မှာ သင်းကျစ်စိုက်ဆောက် မင်းဆုံးမြောက် ၍ ထွန်းတောက်ထိန်လျှံ ဘုန်းအောင်လံကို ခြောက်တန်လွှားမြင့် ရှစ်ထီးဖွင့်သည် ဦးကင့်မဂ္ဂင် မြိုက်ပ်လ္လင်ဝယ် မာရဥယ အောင်ပွဲ ရပြီး ဓမ္မပဝတ် စကြာလွှတ်၍ ကျွတ်ချိန်ရင့်မာ ပွင့်နိုးကြာကို နေဝါရှိန်မြှေး ဓါတ်ငွေ့ပေးလျက် ရှေးသဗ္ဗညု- ထုံးစံတူဖြင့် ဗိုလ်လူများထွေ သချော်ချေအား လေးထွေသစ္စာ ပန်းငှာခါဖြင့် ချမ်းသာဓိပတိ အောင်ဘူမိသို့ သစ္စိုဏ်ရဏာ ထင်လင်းပြသည့် တိလောကအချုပ် ဒွိပဒုတ္တမထွဋ်ဖြား သမ္ဗုဒ္ဓ မြတ်ဘုရား၏ သုံးပါးသောသာသနာသည် ဒွေမေဘိက္ခဝ အနုဂ္ဂဟာ မိန့်ရွှေ ဗျာဖြင့် ပစ္စယာဓမ္မ ခြိုးမြောက်ခြင်းနှစ်ခုကြောင့် ကာလခွန့်ရှည် ခုဥ္စ်နောင်လာ ငါးထောင်ကြာအောင် ကောင်းစွာတည်ထွန်း နိုင်ပါစေသတည်း။

ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူရာဥ်အခါ သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလ မဂဓရာဇာ ဗိမ္ဗိသာနှင့် အနာ ထပိဏ်ကြ စသည်များစွာ ဝိသာခါတို့ သာသနာရောင် ထွန်းလင်း ပြောင်အောင် များမြောင်ပစ္စည်း စွန့်လွှတ်ပြီးလျှင် ချီးမြှောက် လှူဒါန်းကြသည် တကွန် ပရိနိဗ္ဗာန် ပျော်စံကိန်းရှင် မြိုက်နန်း ဝင်တော်မူပြီးသောအခါ သီရိဓမ္မာသောကာ စသည်တုဂေး မင်း သူဌေးတို့နှင့်တကွ များလှသော သာသနာဝင်အပေါင်း သူတော်

ကောင်းတို့သည် သိန်းသောင်းကုဋေ မရေတွက်အား ပစ္စည်းဥစ္စာ အများတို့ကို ဘုရားရှင် သာသနာ၀ယ် လှဲသွန်လှူဒါန်း ကြီးပမ်း ထောက်ပင့် ချီးမြှင့်ပြုစုကြပေသည့် အတွက်ကြောင့် ယခုထက် တိုင်အောင်ပင် သာသနာ ရောင်ထိန်လင်း၍ စည်ပင်တည်တန့် ခြင်းသို့ ရောက်ကြရသည် ဖြစ်ပါကြောင်း။

ယခုအခါ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည် မြန်မာ နိုင်ငံတော်အပြန့်၀ယ် အလွှံထွန်းကားလျက် မပျက်မပြား တည်ရှိ သည့်အရာမှာလည်း သဒ္ဓါပသန္နနှင့်တကွ ပြည့်စုံကြပေကုန်သော ပုဂ္ဂိုလ်အများတို့၏ စွမ်းအားထက်သန်စွာဖြင့် နှစ်ဖြာနုဂ္ဂဟ ချီးမြှင့် ခြင်းကိစ္စကြောင့် ကာလမြင့်ရှည်စွာ စည်ပင်ပွင့်လင်းလျက် ရှိနေ သည်ဖြစ်ပါကြောင်း။

ဒါန်နာမသပ္ပုရိသေဟိပညတ္တံ, ဟူသည်နှင့် အညီ အလှူ ဒါနဆိုသော အရာသည် ကမ္ဘာတည်ဦး ပကတူးမဆွ လက်မွန် ကပင်လျှင် ဒိဋ္ဌမြင်သိ ဉာဏ်ပညာ ရှိတော်မူကြ ပေကုန်သော သူတော်ကောင်း အမွန်တို့က ထူးချွန်ကောင်းမြတ်၍ မဟာပွလာ နိသင် မဂ္ဂင်လမ်းပေါက် မြိုက်နန်းသို့ရောက်အောင် မြင့်မြတ်စွာ အကျိုးပေးနိုင်သတည်းဟု ချီးမွမ်းထောမနာ ဩဘာမိန့်ခွန်း ညွှန်းခဲ့သည်နှင့်လျော်စွာ ပါရမီဆယ်ဖြာတွင်လည်း ဒါနကိုပင်လျှင် ခံမှ ဗောဓိဉာဏ်သုံးဆင့်ကို ဖူးရင့်မှုံအာစေနိုင်သည် ဖြစ်ရကား ဘုရားညွှန်ခက် ဗောဓိလောင်း အဆက်ဆက်တို့ သည်မှာ ဘက် သောင်ဦး ကူ တို့မူ ပြုလုပ်ရန် မူလမှာ ဒါနပါရမီပင် အမှန် ဖြစ်ပါကြောင်း။

ဤသို့များစွာ ကျမ်းဂန်လာသည့်ပြင် အလောင်းအလျာ တို့ကျင့်ထုံး သူတော်ကောင်းတကာတို့၏ လက်သုံးကို နှလုံးပိုက်

သွင်းပြီးခါ သာသနာတော် တည်းဟူသော နေမင်းကို ထွန်းလင်းတောက်ပစေရာ၌ နှစ်တန်သော ခြိုးခြံခြောက်ချက်တို့ဖြင့် အားဘက်သရော ကုသိုလ်ဇာစေတနာ ကောင်းစွာထောက်ပင့်စေလိုသော သမာဆန္ဒ ကုသလသမ္ဘာရ ပုညကာရိဂုဏ် ပြည့်လောက်လုံပေသော ပိဋကတ်အစုံ ရတနာစီသည့် သာယာဝတီ မဏ္ဍလ၌ ခြိုးမဆုံးနိုင်သည့်ပြင် 'ဇီးကုန်းမြို့' တွင် ကဒဏ်ထီး ကြွင်းကဲ့သို့ ကန်ကြီးတန်း ရပ်ဌာနဘွင် မပြတ်ထာဝရ နေထိုင်လျက် ရှိပါသော ကွယ်လွန်သူ အလှူဒါယကာ စက်သူဌေးမင်း အထက်ရှေးအရင်းကုသလာအလိုတွင် 'ဦးသာညို' နတ်ထံကြွသူနှင့် မြတ်ဓမ္မခံအရနှစ်ဖေါ်အချင်းချင်း ဆက်သွယ်မို့ 'ဒေါ်နှင်းသက်' ဇနီးခင်ပွန်းတို့သည် ပစ္စည်းကိုမရည်ညွှန်းဘဲ ကျန်းနိဗ္ဗာန်အစုံကြွလို၍ ဒုလ္လဘငါးပြဖွာတွင် သဒ္ဓါတရားမှာ သူဌေးမင်းဖြစ်ကြကုန်သော မြေရင်းအစစ်မောင်ဇေမောင် မောင်ဘကြည် မောင်ကျော်စိ ထိုသုံးယောက်တို့နှင့် မဟော်အညီ ပုံနှုန်းယောက်မျှမို့ မုံးလောက်သည့်ငွေဘဝမှ လွှဘ်ကြရန်ပြိုင်ယှဉ်၍ တိုင်ပင်ညှိရုံး အားလုံးညီညာ သဒ္ဓါတရားဖွံ့ထွားရင့်မာ ပညာဝမ်းတွင်း နှလုံးသွင်းအသင့် ထောက်ချင့်တိုင်းစာ တရားသံဝေဂ ရကြီးရကြသည်ဖြစ်၍ အနှစ်သာရရှိသော တရားကိုရှာလျှင် သုခမဝေါပဏ္ဏ အကိတ္တိဘုရားလောင်း သူတော်ကောင်းရသေ တို့အလှူကျင့်တန်းကို မှီငြမ်းထကဲပြုသဖြင့် ဝတ္ထုရွှေငွေ အထွေထွေများပြား အပါးပါးတို့သည် မြင့်ဖျားရှည်ကြာတည်ရာမဖြစ် အနှစ်မဟုတ်ချေ၊ သေကွာရှင်ကင်း ပျက်ယွင်းဝိပရိတ် အနိစ္စဝတ္ထု ဒုက္ခဝတ္ထု အနတ္တဝတ္ထု သမုဒယ လောဘအာရုံသာ ဖြစ်ချေသည်။

မနေ့သင်္ဂြိုဟ်ပြီး ဖေါက်ပြန်အိုမင်း နာခြင်းဗျာဓိ မရှိမရဏ အမတရိပ်ပျံ့ ကောင်းဟိတ်မှန်သော နိဗ္ဗာန်တရားသည်သာလျှင် တည်ရာစင်စစ် အမှန်ဖြစ်ပေသည်ဟု ယုံကြည်မြဲမြန် ကောင်းစွာ ကြံ၍ နိဗ္ဗာန်ကံကြွေး ချပေးလိုသော ထိုသဘောဖြင့် –

ယောဟိကောစိ မဟာရာဇာ အဒ္ဓေါဝါ
ဒလိဒ္ဒေါဝါ ရာဇာဝါ ရာဇမဟာမတ္တံဝါ
အတ္တနောသြရသံ ပုတ္တံဒါ ဓိတရံဝါ ပဗ္ဗာ
ဇေတိ အယံဝုစ္စတိ မဟာရာဇာ ဒါယာ
ဒေါ သာသနဿာနိ တဿပန အာနိသံသ
ပရိစ္ဆေဒဂဏာနာ နသက္ကာတိ စဂဏေတုံ
သမဏောနဝါ ဗြဟ္မဏောနဝါ ဒေဝေနဝါ
မာရေနဝါ ဗြဟ္မုနာဝါ ကေနစိဝါ လောက
သ္မိံဝါတိ တ သ္မာ က ရေ ယျ ပဏ္ဍိတော
ပေါသော သမ္ပဿံ ဟိတ္တနော မတ္တနော။

ဟူသော ပါဠိကို တတိယသင်္ဂါယနာတင် အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်သည် ဤမည်သော ဓမ္မာသောက မင်းစော်အား ဟောကြားလေ့ဘူးသောထုံးကို နှလုံး၌ဆင်ခြင်၍ သွင်အပြင်စိတ်ရှိမျှပေသည့် ကိတ္တိမသား ၁၀-ဖြာကို သာသနာ မွေ့တော်နှစ် သာမဏေရှင်အဖြစ်သို့ ပဗ္ဗဇ္ဇမင်္ဂလာ ဇေယျတု ချိမ့်ပြ၍ မြတ်စွာဗုဒ္ဓ နရုတ္တမ၏ ပုတ္တအာသရေ သာသနာအမေ့ကို ခံစေသည်လည်းတစ။ မြတ်ဗုဒ္ဓအစိန္တေ၏ သာမဏေအကျော် 'ရှင်ဥတ္တမ-မျှင်သောဏ' အမည်ရှိသော ရဟန်းလောင်း နှစ်ပေါ် ကိုလည်း ဥပဇ္ဈာယ်ကာရက အနုသာသနပုဂ္ဂိုလ် ထိုထို သံဃာ

တော်တို့နှင့်တကွ ဥပသမ္ပဒကံဆောင် ဂုံမင်းမြောင်ကျောင်းတွင် ဆန္ဒသိမ် သပြေစိန်ရွာတွင် နှင်တပ်ကျောင်း နှစ်သောင်းကျော် ကုန်သည့် မဟာဇေတဝနာရုံ ကျောင်းတော်ကြီး၊ ၎င်းအပေါ် ထီး အသရေဇုံပေသည့် ရွှေတိဂုဏ် ဓါတ်သယမ္ဘူတွင် ကပ်လှူရန် ရွှေသက်န်းနှင့် ရေစင်ဖြန်းဒါက အဘိုးငွေနှစ်သောင်း၊ တန်ခိုး အသရေ ပြောင်အောင် အထူးကြံစည်သည့် ဦးခန္တီ၏ ပိဋကတ် ကျောက်စာအစုံ တလျှောက် ကမ္ဘာတိုင်အောင် သဒ္ဓါအဟုံ မြေ အတွင်းတခါလှန်လိုက်တော့ ရေတွင်းရေကန် တရာကျော် ငွေ စာရင်းသဒ္ဓါမျှော်၍ ပေါင်းလိုက်တော့ လေးသောင်းကျော်တိတိ ကို သမုတိသံဃာတော် ခြောက်ကျိပ် ခြောက်ပါး တို့နှင့် ဝှမ်းမြောက်ဝမ်းသာ လှူဒါန်းသောအရာဝယ် များမြောင်စုံပြည့် ခင်းကျင်းစီမံလိုက်ရှိပေသော ဓမ္မိယလဒ္ဓ ဒါတဗ္ဗ အစားစား လှူဘွယ်ဝတ္ထု အများအပြားတို့ကို မြတ်ဘုရား ခြီးမွမ်းတော်မူ သောနည်းဖြင့် နိဗ္ဗာန်၏ပစ္စည်း ဖြစ်စေသတည်းဟု အားသီး ကန့်ခြား ဝိငေ္ခသဘော ထားပြီးလျှင် ကရားရေသွန် ဝေဟင် စွန်မှ ဖြိုးသွန်ရွာစွေသော မေဃဝန်မိုဃ်းကြီးတမျှ အနယေကွိတ သဒ္ဓါ ပရိစ္စာဂစေတနာဖြင့် မဟာပုည ဒါနဥဂ္ဂါင်၌ ကုသိုလ် မြတ်ကို လူနတ်ဥဿုံ ပြဟ္မာတုံနှင့် လုံးစုံများစွာ ဝမ်းသာရှင်မြူး ကောင်းကြီးကျူးလျက် ကြည်နူးနုမော် သာခုခေါ်စေရန်အတွက် ရေစက်သွန်ချ ကမ်းလှမ်းလျက် အနုဂ္ဂဟနှစ်ဖြာ ပဗ္ဗဇ္ဇမင်္ဂလာ ဖြင့် မဟာဒါနပွဲကြီးသဘင်ကို ဝှဲချီးဆင်ယင် ပါသတည်း။

ဤသို့ကြည်ဖြူ ပေးလှူသည့်နှစ် ပါက္ကရာဇ်ဂေါဇာ သာ သနာ နှစ်ပါးကို မှတ်သားတွက်ဆသော် ဘုရား ဘိုးတော် မဟာ သုပ္ပဗုဒ္ဓမင်း ကိန်းရင်းနဂိ ဖျက်ဖြိုခဲ့သည်ကစ၍ တိုင်းမဂဓခေတ္တ

သရေ အောင်မြေပုဂံ စောရဟန်မင်းဆက်တိုင် ခရိုင်ပြည်ခြား မင်းလေးပါးတွင် မင်းဖြားစောရဟန် ပေါက္ကံမြို့သာသနာကိုပစော နပြု၍ ယခုနှစ်သို့ ဆိုက်ရောက်အောင် မကိုဋ်ယောဂ် ပေါဓိသာ သနာ "၂၄၀၀" လူဝယ်တွက်စစ် သက္ကရာဇ်ဒိဿ လောကကော ဇာ သင်္ချာဖြောင့်ဖြောင့် တထောင့်နှစ်ရာ ကိုးဆယ်သာ၍ စွန်းလာ ရှစ်ခု ရတုဂိမ္မ မေထုနရာသီ ပန်းသရဖီနှင့် လျှမ်းကြည်ဝတ်မှု လနယုံတွင် ဇူဏှပက္ခ ရှစ်ရက်ကျသည့် သမယအကူး ဆင်နံတော် ဗုဒ္ဓဟူး၌ နှစ်ဦးသော ဒါနရှင်တို့၏ အလှူတော်ပွဲသဘင် ဆင်ယင် ကျင်းပရာဖြစ်သော ဤအခမ်းအနားသို့ ကြွရောက်လာသမျှ ဟဒ ယညွတ်ပြောင်း ပရိသတ် အပေါင်းတို့က ကောင်းမြတ်သော စေတနာဖြင့် မင်္ဂလာအလှူတော်ပွဲကို ဆင်နွှဲကျင်းပလျက် ရှိကြ ကုန်သော ကလျာဏကာရီ ပါရမီခင်မင် သူတော်စင် အလှူ ဒါယကာတို့အား လူ့ကုံနတ်ရွာ ထက်ဖြဟ္မာတိုင် ကြေငြာထင် ပေါ် နှံ့သိကျော်လျက် အဟော်ဝတ ကာလအစဉ် ဥဒါန်းတွင် ပြီးလျှင် ကုသိုလ်ရှင်ပြိုပြို ဂမ္ဘာလုံးတည်ရစ်စိမ့်သောငှာ ပတ္တနု မောဒနာ တရားလက်ကိုင်ထား၍ပြီးလျှင် မင်္ဂလာစကား မြွက်ကြား ဟင်ကြွေးလျက် အောင်သြဘာ ပေးကြစေကုန်သတည်း။

## မင်္ဂလာသြဘာစာရတုဖတ်ကြားချန် ဆိုင်းဆင်

ဇေယျာဘိဇေယျ ဝရသိဒ္ဓိ အောင်ကိန်းမိသဖြင့် ထုတိ သဒ္ဒ သောသောညံလျက် အော်သံဟစ်ကြွေး အောင်ခွန်းပေး၍ လေးရေလးမြတ်မြတ် အောင်မောင်းခတ်လျက် အောင်စာတ်တြင်း အောင်နဝင်းနှင့် အောင်ခြင်းသံသာ တူရိယာတို့ ထံတျာညွှင်း

ညွှင်း သို့စုံကျင်း၍ အောင်ခြင်းသံဝါ အောင်ဩဘာဖြင့် အောင်သံ ရင့်ကျူးလိုက်ကြ စေကုန်သတည်း။

ဇီးကုန်းမြို့ စက်သူဌေးကတော် ဒေါ်နှင်းသက် ဆောက်လုပ်လှူဒါန်းသော မဟာဇောတိကာရုံ
ကျောင်းတော်ကြီးအား
ရေစက်သွန်းချသည့် အလှူတော်မင်္ဂလာပွဲကြီးတွင် ဖတ်ကြားသော

## ဩဘာစာ-ကေပိုဒ်ရတု

(ဆန္ဒာနုရက္ခ—နဂိုဏ်း)

**စီကုံးရေးသားသူ—ဆရာဇာနန္ဒာဝဇိရ**

မြတ်လှရတနာ ဂုဏ်သုံးဖြာကို သဒ္ဓါစိတ္တ ပသန္နဖြင့် ဒသတုပ်ရှု ဦးနှိမ်ချ၍ ဇေယျမင်္ဂလ ဤအခါတွင် ဩဘာ အောင်ခြင်း ဆက်ခါသွင်းအံ့- ပြန့်သင်းစပယ် မြတ်လေးနွယ်တို့ တင့်တယ်ရှုဂုံ သာမျိုးစုံသည့် မေထုန်ဇေဋ္ဌ အဖြာကြွယ်, ပါဒ်သုံးသွယ်နှင့် ဓနဆွယ်ရထား ယှဉ်ပြိုင်သွားသို့ လကာ်းနယုံ ခါအကြုံတွင် ပုဏ္ဏာဝန်းတက် ဆန်းရှစ်ရက်ဝယ် နဂ္ဂရတနာ မူ့ထာ့းခါလျှင် ဓမ္မာသောက သဒိသဖြင့် ညီမျှနှစ်လုံး မြို့ရှေ့ကုန်းတွင် ဇရှုးဖုန်းဖန်ဆန်း ကါကြီးဘန်း၌ ရှင်လန်းသဘာဝ ထာဝရဖြင့် ဒါနသီလာ ဘာဝနာကို မကွာနေ့ည ဆောက်တည်မျှ၍ ဘဝခန္ဓာ မရဏာဟူ နတ်ရွာပြောင်းခို့ ဦးသာညိုနှင့် ကုသိုလ်မကွာ နိဗ္ဗာနကို သစ္စာပဋ္ဌက် ဒေါ်နှင်းသက်တို့ ဘယက်သည်းချာ မြေးရတနာကားကြီးစွာရှေ့ဆောင် မောင်ပေ်ားမောင်နှင့် ထွိုနောင်အညီ မောင်ဘကြည်တို့ မောင်စီသညာ မြေးသုံးဖြာနှင့် ဝဠ်မှာထွက်လို တိုင်

ပင်ဆို၍ အဟိုကုသလ ဒါတဗ္ဗနှင့် သာသန ဒါယကာ မဟာပုည ဒုလ္လဘကို ကြုံရခဲဘိ ခါကောင်းမိ၍ ဇိနမြတ်စွာ သာသနာကို ရောင်ဝါတင့်ရှန်း ထိန်ထိန်ထွန်း၍ ဖလ်ဝန်းနေသွင် ရွှေပြည်တွင်ဝယ် သဘင်ပွဲကြီး အောင်ပြီးစီး၍ ကောင်းကြီးညီမှု ဤအလှူတွင် ထောက်ကူမှုဖြ လုပ်ကိုင်ကြသည့် လူများအားလုံး ပါတ်ကုံးတရားနာ ရောက်လာခပင်း မြို့တွင်းနေသူ ဤလူအပေါင်း ထိန်းကျောင်းမပြတ် ကိုယ်ဂုစောင့်နတ်နှင့် အိမ်နတ် ရွာနတ် မြို့နတ် ပြည်ထောင် စောင့်ဆောင်သာသနာ ဘုမ္မာရုက္ခ အာကာသကို စိုးရပိုင်နင်း နတ်မင်းဝတြဘူ မိုဃ်းသူဗြဟ္မာ ဤသို့ဖြာသား များစွာထူပြော အခေါ်ယာပ ဈာနပါယ်ရှာ လေးဖြာစိုးလစ် ယမရာဇ်မင်းဖျား အာဏာသားတို့ ခန့်ထားလက်အောက် ကံအလျောက်ဖြင့် ဖြတ်တောက်စင်းခုတ် ကြော်ချက်ပြုတ်လျှက် ငင်နုတ်ခေါ်တင် ဒဏ်စီရင်၍ ကြောက်ငြင်လန့်ဖျတ် ငရဲကြပ်တို့ ပြုအပ်သရွေ့ ကုသိုလ်ငွေကို စုံစေ့ရစေ အမျှဝေ၏၊ အောက်မြေတည်ရှိ အဝီစိက မိုဃ်းထိဘဝဂ် အောက်နှင့်ထက်ဝယ် ပြည့်နှက်များစွာ သတ္တဝါအား မဟာဝုသုန္ဒြီ ရေနဒီဇာတ် မြေစောင့်နတ်ကို အမှတ်ဖွေရည် သက်သေတည်၍ ရေကြည်မြေ သွန်းလောင်းချ၏၊ ကျွန်မကျွန်တော် မေ့တုံသော်လည်း နတ်ကျော်တန်ခိုး ဝသုန်စိုးလျှင် ဆော်နှိုးဆွေးနွေး သက်သေပေ၍ ဟိုးရှေးထုပ္ပတ် ဝေသန်ဇာတ်သို့ လှုပ်လတ်မြေကြီး ပဲတင်ဟီး၍ ကောင်းကြီးသက်သေ မသွေတန့်စား ခံစေသားဟု တရားအဖို့ လှူကျိုးပို့၏၊ ဤသို့များစွာ သတ္တဝါကို မကျွာတကွ အမျှအတူ ရစေဟူ၍ ကြည်ဖြူစိတ်သန့် မျှဝေဖန့်၏၊ အနန္တလူ ခပ်သိမ်းသူတို့ ခွန်းကြူပန်ဆု ပတ္တနာပြု၍ သာဓု-သာဓု-သာဓု ခေါ်စေသော်။

မအူပင်ဒိစတြိတ်-ညောင်တုံးမြို့
ကျောင်းဒါယကာ
သူဌေးမင်း ဦးကျော်လူ-ဒေါ်အေးမှင်တို့၏
ပဒ္ဒင်းခံ ရှင်ပြုနားသမင်္ဂလာပွဲကြီးတွင်
တင်သွင်းဖတ်ကြားအပ်သော

**သုတိကထာ-မင်္ဂလာသြဘာစာ**

၁၂၉၇-ခုနှစ် တန်ကူးလပြည့်ကျော် ၂-ရက်

**ရေးသားသူ-ပထမကျော် လယ်တီဦးကောဝိဒ**

ဇေယျတို့- တိလောကဂ္ဂ ဘက်မမျှသား သကျပုဂ်ဝေါ ံသုံးလူ့ဘောင်ကို ဝိရော်မိရန် တွန်းမယ်လှန်လျက် ငါးတန်မာရ်ယုတ် ရန်ခုလုတ်ကို ပယ်ဖြုတ်တျင်းတျင်း အောင်ပွဲခင်းတော်မူပြီးလျှင် ခြောက်စင်းဥဘာ ဆဋ္ဌအာသာခါရဏ အရဟံတာဒိဂုဏ်ပေါင်းညှိလျက် တိခေတ္တာသုံး ဘက်မဲ့ကျုံး၍ မြေအဆုံး ရေအဆုံး ပတ်ကုံးရပ်ဒီပဲ့တင်သံဟိစေပြီးသော အင်္ဂီရသ ဗုဒ္ဓစင်စစ် မြတ်မုနိအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသခင်သည် သုံးခွင်ဘုံသူ နတ်နှင့်လူတို့အား သုံးဆူခမ္မက္ခန် ရှစ်ပြန်အသောင်းလေးထောင်ပေါင်းကို ညှိမ့်ညောင်းအုပ်အော် ကောင်းချီးခေါ်လျက် ဟောတော်မူခဲ့သည် ဖြစ်ပါကြောင်း။

ယင်းသို့ ဟောတော်မူရာ ဒေသနာအရောင် နေမာထောင်တို့သည် လူ့ဘောင်ဇမ္ဗူ မြေအငူတွင် ဝေဘူကျောက်ခဲ ကြောင်မျက်ရွဲပတ္တမြား မှောက်သွန်ထားသို့ ထင်ရှားရဲရဲ ထွန်းလင်းဆဲအခါတွင် 'မံသီရိ' လောတိဂဏ္ဍာတိတိမင်္ဂလံ' ပုံစံနှိုင်းရှိ ဂုဏ်ရည်

ပြည့်သည့် ဝင်းမှည့်စံရွှေ ဇမ္ဗူရာဇ်ကြက်သရေကဲ့သို့ လက်လက် ဝေတန်ခိုး ညစ်မျိုးမတင် အပြစ်ပေါင်းကင်းစင်သည့် အာနိသင် ဂုဏ်စက် တသန့်ရိုးရိုး အကန့်ထိုး၍ ဖြန့်မိုးကြက်သကဲ့သို့ တိုးတက် ကြီးမား စည်ကားစေနိုင်သော ဂုဏ်ဟိတ်အစုကို မင်္ဂလာမှုဟူ၍ ခေါ်ဆိုရသည် ဖြစ်ပါကြောင်း။

အထက်အဆိုပါ မင်္ဂလာမှု လုပ်ငန်းစုတို့ကို စေ့ငုပိုင်းခြား သရုပ်ကြားခဲ့သော် အများအပြားရှိခဲ့ရာ ယခုအခါ ကလျာနှယ်ဝင် မိတ်အပေါင်းတို့ စိတ်ကောင်းခိုင်ကြန့် ပန်းလွှာအင်္ဂုဆန်းကြာရုံတွင် ဂန္ဓာရုံယန့်ဖြင့် ဆင်းပြန့်မွှေးကြိုင် မေတ္တာမိုး စွေဖြိုးဖြိုင်လျက် ပွဲထိုင်ပွဲနေ ကြွရောက်ချီးမြှောက်တော်မူကြပေသည့် ကြက်သရေအထပ်ထပ် ဤမင်္ဂလာမဏ္ဍပ်ကြီး အတွင်း၌ ခင်းကျင်းအုပ်သော မင်္ဂလာအမှုတို့မှာ "ပဥ္စင်းခံမင်္ဂလာ၊ သားရှင်ပြုမင်္ဂလာ၊ သို့မဟုတ် နားထွင်းမင်္ဂလာ" ဤသုံးရပ်သောမင်္ဂလာတို့ ဖြစ်ပါကြောင်း။

ယင်းသည့်သုံးခု မင်္ဂလာမှုတို့ကို ဗဟုစာဂ ကုသလဉာဏ်သိ စုံပြည့်ညီသဖြင့် အစီအရီ မြသလွဲတောင် ပုလဲကြောင်ကို ဆွဲဆောင်၍သိသကဲ့သို့ နာရီရက်ချိန် ပြက္ခဒိန်သံရုပ် အကြောင်းအလုံး အကောင်းဆုံးချုပ်သဖြင့် ပြုလုပ်ဆင်ယင် ကုသိုလ်ပွဲဝင်ကြသော သူတော်စဉ်ပုဂ္ဂိုလ်တို့မှာကား နတ်မန္တာကိုမြစ်နဒီပုံ ဧယျာဘုံဟု ခေ့ရုံဝိုက်ကာ သမိုက်ဖြာသား ဇရာဝတီကမ်းဆိပ် အရှေ့ထိပ်တွင် တံဆိပ်ဧတ်ညွှန် နတ်ပြည်မွှန်နှင့် ထူးချွန်မချို့ ညောင်တုံးမြို့ကြီးဝယ်-

သင်္ဂြိုဟ်ကာရ- ကဿပမြတ်စွာ ဘုရားဒါယကာ အိုးထိန်းသည် ဆရာကြီးတို့နည်းတူ ပေးလှူမဝ ရက်ရောနိုင်ကြပေသော သဒ္ဓါပသန္န ဂုဏ်ထူးတတန်-

ရတနာသုံး အမြတ်ဆုံးကို နှလုံးအိမ်အတွင်း၌ သွတ်သွင်းဆင်ယင်ပြီးလျှင် ဖြူစင်စွာဝတ်တွား၍ ခစားဆည်းကပ်လေ့ရှိသော ရတနတ္တယ ဥပဋ္ဌာနဂုဏ်ထူးတတန်-

ဘုန်းတန်းသိက္ခာ ဂုဏ်ဝါကြီးမား သူတော်ကောင်းအများနှင့်သာ ပေါင်းသင်း ဆက်ဆံလေ့ ရှိသော သပ္ပုရိသူပနိဿယ ဂုဏ်ထူးတတန်-

သုံးဖြာသော သာသနာတို့၏ အခါသြောင်းကွန့် အစွန့်ရှည်စွာ ကြီးပွားရာအချက်ကို ဉာဏ်မျက်စိပွင့်လင်းမျှော်မြင်ခြင်း ရှိပေသော ဉာဏသာသနာဝုဍ္ဎိ မာမကဂုဏ်ထူးတတန်-

စည်းစိမ်ဥစ္စာ ရတနာရွှေငွေတို့ကို တရားသောဥပဒေတို့ဖြင့် ရှာဖွေစုဆောင်းလေ့ရှိပေသော သမ္မာဇီဝ ဂုဏ်ထူးတတန်-

ပရိသတ်ရံရွေ မိတ်ဆွေသင်္ဂဟ ဟူသမျှတို့အား အခါကာလ အားလျော်စွာ ချီးမြှောက်စွန့်ကြဲလေ့ရှိသော သင်္ဂဟကာရက ဂုဏ်ထူးတတန်-

ဘာနာစိန်ကျောက် ထိန်တောက်လျှံဝေ ခြွေရွှေသင်းပင်းပေါမျှားခြင်းဟူသော ဘောဂဗလ ဂုဏ်ထူးတဘန်-

ဤသို့ပေါင်းစု ဂုဏ်အထူတို့နှင့် စေ့ငုလောက်လုံ ပြည့်စုံကြပေကုန်သော သြောင်ကုံးမြို့ ပိဋကတ်တိုက်ကျောင်းနှင့် တန်ဆောင်းကြီးဒါယကာ 'ဦးရွှေအိုး-ဒေါ်သင်းလှိုင်' - 'ဦးရွှေကြိုး-

ဒေါ်ခင်တို့၏ သား သမီး ညောင်တုံးမြို့ သိမ်ဘိုက်ကြီးဒါယကာ မုံရွာမြို့ လယ်တီကျောက်စာပြတိုက်ကြီး ဒါယကာ သူဌေးမင်း ဦးကျော်လူ-ဒေါ်အေးမှင်တို့ပင် ဖြစ်ပါကြောင်း။

အဆိုပါ ကျောင်းဒါယကာကြီး ဦးကျော်လူ-ကျောင်းအမကြီး ဒေါ်အေးမှင်တို့သည် သက်လျာသည်းနု ရွှေကိုဥသဖြင့် ယုယပိုက်ထွေး ချစ်သွေးစင်စင် ရင်ဝယ်ပေါက်ဖွား တယောက်သားဟု ယောကျ်ားကောင်းပြီပြီ ပါရမီ ကံအရင်း တထိန်ထိန် လင်းပေသော သားအရင်း မောင်ကံညွန့်-

ယင်းအဆိုပါ သည်းချာမျက်ဆွေ သားသက်ဝေ မောင်ကန်ညွန့်နှင့်အတူ တူဖြစ်သူ မောင်လှထွန်း၊ မြေးဖြစ်သူ ခင်မောင်လတ် မောင်မောင်မြင့် မောင်မောင်ကြည်တို့ ပဗ္ဗဇ္ဇသင်္ကန်း ရှင်ပြုမင်္ဂလာ တဖြာ၊ သာမဏေရှင်မဟိန္ဒကို ပဉ္စင်းခံခြင်း ဥပသမ္ပဒမင်္ဂလာတဖြာ၊ သမုတိသံဃာတော် ၃၀-ကျော်တို့အား ခြင်ထောင် ခေါင်းအုံး ကော်ဇော သေတ္တာ ဘိနပ်စသော လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းခြင်း ဒါနမင်္ဂလာတဖြာ၊ မြေးဖြစ်သူ ခင်သန်းဆင့်နှင့် ခင် တို့ကို ဆင်ယင်ဝတ်စား စိန်အပ်သွားဖြင့် နားထွင်းမင်္ဂလာတဖြာ—

ဤမင်္ဂလာ အရပ်ရပ်တို့ကို တထောင့်နှစ်ရာ ကိုးဆယ်သာ၍ ဂေါ်ဇာဦးခေါင်း အသစ်ပြောင်း၍ နှစ်ဟောင်းလွန်မြောက် ခုနစ်ခုနှစ်သို့ အရောက်ဝယ် ပိတောက်ရွှေဝါ ရန့်ဖြာသည့် အတာသစ်ကူး တန်ကူးလဆုတ် ရွှေနှုတ်ထွက်ရွှေ နှစ်ရက်နေ့တွင် ချမ်းမြေ့ငြိမ့်ငြောင်း မိတ်အပေါင်းတို့နှင့်အတူ ကြည်ဖြူဝမ်းမြောက်စွာ ဆင်ယင်ကျင်းပကြပါကြောင်း။

"ယင်းသို့ ဆိုသမျှ မင်္ဂလမင်္ဂလာ အဖြာဖြာတို့ကို ယနေ့ကြွ ရောက်တော်မူလာကြသော မိတ်ဆွေအပေါင်း၊ ဟူသမျှတို့က သောမနဿစိတ်ထား ပီတိဟုံပွားပြီးလျှင် အားရနှစ်သက် သာခု သံသုံးကြိမ်မြွက်၍ လေးနက်ကြည်ညိုစွာ အနုမောဒနာ ပြုကြ သည့် ဖြစ်ပါကြောင်း။

ပန်းကုန္ဒနီ စိန်ဝဇီနှင့် သိင်္ဂီရွှေပွင့် အရုံအရုံ လွှမ်းမိုးခြုံ သည် အစုံပွင့်လျက် နတ်မင်းဝိသုကံ ဖန်ဆင်းလေသလား စိတ်ထင်မှား လောက်အောင် ယိုးဒယားပန်းမာလ် ချူးပန်းချူးနွယ် တင့်တယ် စီရိ မန္တလီဇွဲကာနုတ် သွန်းခတ်ဖလ်ရောင် စိန်ကြောင်ထိန်ဟပ် ဤမင်္ဂလာ မဏ္ဍပ်ကြီးတွင် အရပ်တိုင်းမှ ကြွရောက်တော်မူလာ ကြပေါ်နသော မိတ်သင်္ဂဟအပေါင်း သူတော်ကောင်းတို့နှင့် တကွ ထော သောင်းသချာ စက္ကဝါလောကဓာတ် စောင့်ကြပ်ပုံ သေ သမ္မာဒေဝ လောကပါလိန် ဒေဝိန်ဒေဝါ များလှစွာသော နတ်ခင်းအပေါင်းတို့ကသည်း ထောင်သောင်းပုံစု အလှူပြုသဖြင့် ယနေ့အလှူကြီးရှင် ကျောင်းဒါယကာကြီး ဦးကျော်လှ-နှကျောင်း အမကြီး ဒေါ်အေးမှင်တို့အား သားသမီးများစွာ ညာတကာ ဖော်ရွေ မိတ်ဆွေသင်္ဂဟတို့နှင့်တကွ စည်းစိမ်တန်ခိုး အမျိုးမျိုးတို့ ဖွံ့ဖြိုးတိုးတက်ကြပါစေ၊ ကြက်သရေမင်္ဂလာ ဂုဏ်သိက္ခာတို့ တရာ သက်တိုင် မြဲခိုင်ကြပါစေ၊ သုံးထွေရတနာ ဆရာမိဘာ ဟူသမျှ တို့အား စေားဆည်းကပ်နိုင်ကြပါစေ၊ အသက်ရာကျော် ရှည်ပြီး သော်လျှင် ကြွေးကျော်အောင်း ဂုဏ်ရောင်လင်းကြပါစေ၊ရန်မျိုး သတ္တရု အစုစုတို့ကို တခုမကျန် တွန်းလှန်အောင်မြင်ကြပါစေ၊ စိတ်စေတနာထက်သန်စွာလျှင် မေတ္တာကသိုဏ်း ဝိုက်သိုင်းလွှမ်းခြုံ

ရန့်ထုံလျက် အာရုံယူကာ ဆုပန်ထွာကြပါသည် မင်္ဂလာအမျိုးမျိုးတို့နှင့် ပြည့်စုံကြပါစေကုန်သတည်း။

အလှူတော်မင်္ဂလာသြဘာ ၁၀၁

ရတုပိုဒ်စုံ

(သတ်စေ့နှက် သုံးချက်ညီ ''၄၉'' ပဒစီ အညီ)

၁။ မွန်းမျှော်အာရုံ နိဗ္ဗာန်ဘုံသို့ ခိုလှုံတော့မည် စိတ်ကြံရည်သား မြန်ပြည်တိုင်းမ ရာမညဟု ဒေသအမွန် ဂုဏ်ထူးညွန်သည် ထူးချွန်မချို ညောင်တုံးမြို့ဝယ် အောင်မျိုးမင်္ဂလာ ဘုန်းသမ္ဘာနှင့် ရှေးပါရမီ အကြောင်းညီသား သိင်္ဂီရွှေပွင့် ကုံး၍ဆင့်သို့ ငွေနှင့်ဘော်ငွေ ပုလဲရွှေတည့် ခြွေရွှေသင်းပင်း . ဂုဏ်သတင်းလည်း ကြိုင်သင်းပျံ့ကြူ ဦးကျော်လူနှင့် သက်တူချစ်ကြင် ဒေါ်အေးမှင်တို့ ဂုဏ်အင်လျှံဖြာ ပညာဝါဟု အင်္ဂါဥပမိ သမ္ပတ္တိနှင့် သီရိမှူတေ ကွန့်ကွန့်ဝေသား ပုဗ္ဗေကတ ကုသလဟု ပုညစက္ကိန် လက်လက်ထိန်သည့် စန်းဂူနွံမင်း ပုံဆောင်ခင်းရ ပဝင်းလျှံကွန့် မောင်ကံညွန့်ဟု မြူးလွန့်မေတ္တာ သားသည်းချာကို ရှစ်ဖြာပရိတ် ခရာလိပ်ဖြင့် ခတ်နိုပ်ဆင်ယင်ပွဲသဘင်ဟု ရှင်ပြုမင်္ဂလာ ဆုကြီးသာလျက် လကျာကျွန်းမြေ စာညွှန်းချေသည် ခွန်းရွှေနှုတ်ထွက်သာတယ်ကို။

၂။ ပန်းနော်ဇာငုံ ပမာပုံသို့ သင်းထုံပျံ့မွှေး ရနံ့သွေးသား သူဌေးဦးကျော်လူ ကြင်ဖက်ဟူသည် ဒါယ်ရွှေစင် ဒေါ်အေးမှင်တို့ ဆင်ယင်ဖန်တီး အလှူကြီးအား ခြိမ့်ညီးသံဝါ တူရိယာနှင့်

ငါးဖြာပဥ္စင် သံချိုလွင်တို့ လျောင်ရိုက်ချုပ် အကုန်လုပ်အောင် ရွေရုပ်နယား စိန်မြသားနှင့် ချူးသွားချူးအုံ ဝိသကြုံတို့ လူ့ဘုံ ဆင်းသက် ရတ်တရက်လျှင် ပန်းခက်ပေါက်စေ အညွှာက်ဝေ လျက် ဆောက်လေသလား ထင်မှတ်မှားအောင် ယိုးဒယားပန်း ချုပ် အထပ်ထင်ဟု မဏ္ဍပ်မင်္ဂလာ ဤနေရာတွင် ရွှေဒါပရိတ် နှုတ်သံညိတ်လျက် ကိတ္တိမသား မြောက်အများဟု ယောကျ်ား သူငယ် ရှင်သုံးဆယ်နှင့် စင်ကြယ်ဂုဏ်အင် ဖွေးဖွေးလင်သည့် ရှင်ဟေိန္ဒ အမည်ရသား ဘုရားနွယ်ဆွေ သာမဏေကို ကြက်သ ရေဝန်းရံ ပဥ္စင်းခံရှင့် ညိုးညံသိမ့်သိမ့် တခြိမ့်ခြိမ့်လျှင် ညိမ့်ညိမ့် ဆူဝေ ကောင်းကျိုးချွေသည် ကျွန်းမြေရတ်ရက် ညာတယ်ကို။

၃။ စန်းသော်တာဘုံ ရောင်မျိုးခြုံသား ဝိဇ္ဇုမာလိ စီအရီ တည့်သုံးလီသာသနာ ထွန်းလင်းရာတွင် ဂုဏ်ဝါမြင့်မြတ် ခင် မောင်လပ်ဟု ချစ်ခတ်သွေးပွင့် မောင်မောင်မြင့်နှင့် ရွေးနှင့် နှိုင်းတည် မောင်မောင်ကြည်ဟု ချစ်ရည်ဆပ္ပား မြေးငယ်များနှင့် တူသားဆိုညွှန်း မောင်လှထွန်းကို ဖြူဝန်းပရိက္ခရာ ဆင်ယင်ကာ ဖြင့် ရွှေဝါအသွင် ဆင်းကြန်အင်တည့် ခင်ရတနာနှင့် ခင်သန်း ဆင့်ဟု ရွှေနှင့်ရွှေပြား မြေးငယ်များကို စိန်သွားထိန်လျပ် စိန် စွယ်အပ်ဖြင့် သေသပ်ခွဲခြား နှစ်ဖက်နားဝယ် ပတ္တမြားစါနီ ကြိုးဖွဲ့သိ၍ ညီညီမျှမျှ အပ်သွားချလျက် နားသဆင်ရာ မင်္ဂလာ ဟု သဒ္ဒါထက်လှ မြတ်ပုညဏ် ဂုဏာတေဇ ကောင်းမှုရှိန်ကြောင့် ဒေဝိန်ဒေဝါ နတ်များစွာတို့ ရှည်ကြာသက်ဇိုး စောင့်ရှောက် တိုး၍ ရွှေမိုးရွာသွန်း ဂုဏ်ရည်ထွန်းလျက် တောင်ကျွန်းဘုံ၌ စည်းစိမ်သိုက်တို့ အမြိုက်မြူတေ တိုးတက်စေသည် ညွှန်းရွှေထုံတိတ် လျက် မှာတယ်ကို။

## မြန်မာအစ တကောင်းက သကျနွယ်စဉ် ပဟာဝင် လိုအင်ထုတ်နုတ် အကျဉ်းချုပ်

(နောင်လာနောက်သားတို့ ဗဟုသုတအကျိုးငှာ ထည့်သွင်းလိုက်ပါသည်)

ဤဘဒ္ဒကမ္ဘာတွင် မဟာကပ်ကြီးလေးကပ် ရှိလေသည်၊ ထိုလေးကပ်ကား၊ သံဝဋ္ဋကပ် သံဝဋ္ဋဋ္ဌာယီကပ်၊ ဝိဝဋ္ဋကပ်၊ ဝိဝဋ္ဋဋ္ဌာယီကပ် ဟူ၍ လေးပါးတည်း၊ ၁- ကမ္ဘာမီးလောင်သည်မှ ကမ္ဘာမီးငြိမ်းသည်အထိ သံဝဋ္ဋကပ်၊ ၂ ကမ္ဘာမီးငြိမ်းသည်မှ ကမ္ဘာပြု မိုယ်းရွာသည်အထိ သံဝဋ္ဋဋ္ဌာယီကပ်၊ ၃- ကမ္ဘာပြု မိုယ်းရွာသည်မှ နေလနက္ခတ် ပေါ်သည်အထိ ဝိဝဋ္ဋကပ်၊ ၄ နေလနက္ခတ် ပေါ်သည်မှ ကမ္ဘာမီးလောင်သည်အထိ ဝိဝဋ္ဋဋ္ဌာယီကပ်၊ ဤသို့မဟာကပ်ကြီး လေးကပ်ရှိသည့်အနက် ဝိဝဋ္ဋဋ္ဌာယီကပ် တခုတည်းသာလျှင် လူနေသတ္တဝါ ရှိလေသည်၊ ကျန်သုံးကပ်၌ လူနေသတ္တဝါမရှိ။

မဟာကပ်တကပ်လျှင် အန္တရကပ် ၆၄-ကပ် ရှိလေသည်၊ အန္တရကပ်၏ အပိုင်းအခြား အတိုင်းအရှည် ပမာဏကို ထင်ရှားသော ဝိဝဋ္ဋဋ္ဌာယီကပ်နှင့် နှိုင်းယှဉ်၍ပြမှသာ ဗဟုသုတ ဆည်းပူးသော ပုဂ္ဂိုလ်တို့ အသိလွယ်ပေမည်၊ အန္တရကပ် ဟူသည်ကား- လူတို့အသက် ဆယ်နှစ်တန်းမှသည် အသင်္ချေယျ ၀၂န်းအထိ တက်ကပ်၊အာသင်္ချေယျတန်းမှသည် ဆယ်နှစ်တန်းအထိ ဆုတ်ကပ်၊ ထိုဆုတ်တက်နှစ်ပါးသည် အန္တရကပ်တကပ် မည်၏၊ အန္တရကပ် ၆၄-ကပ်သည် မဟာကပ်တကပ် မည်၏၊ မဟာကပ်လေးကပ်လျှင် တကမ္ဘာမည်၏၊ မဟာကပ်လေးကပ်တို့၏ အတိုင်းအရှည်

သည် ထိုဝိဝဋ္ဋဋ္ဌာယီကပ်နှင့် အတိုင်းအရှည် တူမျှလေသည်၊ အန္တရကပ် တကပ်လျှင် မဟာသမ္မတမင်းတပါး ဖြစ်ထွန်းပေါ်ပေါက်ရစမြဲဖြစ်လေသည်၊ အန္တရကပ် ၆၄-ကပ်လျှင် မဟာသမ္မတမင်း ၆၄-ပါး ရှိလေသည်။

ဤယခု ကျွန်ုပ်တို့နေသော ဝိဝဋ္ဋဋ္ဌာယီကပ်တွင် ၁-အန္တရကပ်- ကိုးကပ် သက်တန်းလေးသောင်း၌ ကကုသန်ဘုရား ပွင့်တော်မူသည်၊ ၂-အန္တရကပ် ဆယ်ကပ် သက်တန်း ကိုးသောင်း၌ ဂေါဏဂုံဘုရား ပွင့်တော်မူသည်၊ ၃- အန္တရကပ် ဆယ့်တကပ်-သက်တန်းနှစ်သောင်း၌ ကဿပဘုရား ပွင့်တော်မူသည်၊ ၄-အန္တရကပ် ဆယ့်နှစ်ကပ်- သက်တန်း တရာတွင် ဂေါတမဘုရား ပွင့်တော်မူသည်။

ဤသို့လျှင် ငါတို့ဘုရားအလောင်းတော်သည် အန္တရကပ် ဆယ့်နှစ်ကပ်အစ မဟာသမ္မတဟူသော အမည်ကိုခံယူလျက်မင်းပြုတော်မူသည်မှစ၍ သားတော်မြေးတော် အစဉ်အားဖြင့်ဥက္ကာရာဇ်မင်းတိုင်အောင် မဟာသမ္မတ မင်းဆက်တို့သည် '၂၅၂၅၅၆' ယောက် ဖြစ်ကုန်၏၊ ထို့ကြောင့် ''ယင်းသို့မှတ်ထိန်း ဂဏန်းကိန်းဖြင့် နှစ်သိန်းငါးသောင်း နှစ်ထောင့်ငါးရာ ငါးဆယ်သာမှ စွန်းပါခြောက်ပါး နွယ်တော်များကို ခြားနားသီးသီး လျှောက်ခဲ့ပြီ၍'' ဟု စပ်ဆိုတော်မူကြကုန်သည်။

ဥက္ကာရာဇ်မင်း၏ သားတော် ဥက္ကာမုက္ခမင်းမှစ၍ မင်းဆက်ပေါင်း '၈၂၀၀၀' တွင် ဘုရားသခင် ဘေးတော် ဇေယျသေနမင်း မင်းပြု၏၊ ထိုဇေယျသေနမင်းမှစ၍ သိဒ္ဓတ္ထမင်းသားတိုင် မင်းဆက်တို့သည်ကား သီဟနုမင်း သုဒ္ဓေါဒနမင်း သိဒ္ဓတ္ထမင်းဟူ၍ သုံးဆက်တည်း၊ သို့ဖြစ်၍ သာကီဝင်မင်းဆက် တို့သည်

'၈၂၀၀၃' ယောက် ဖြစ်လေသည်၊ မဟာသမ္မတ မင်းဆက်နှင့် သာကီဝင်မင်းဆက် အစဉ်နှစ်ပါးကိုပေါင်းရျင် '၃၃၄၅၅၉' ယောက် ဖြစ်ကုန်၏။

ထို့ကြောင့် ရှေးနားတော်သွင်း လက်ာ၌ "လုံးစုံမှတ်ထိန်း ဂဏန်းကိန်းဖြင့် သုံးသိန်းသုံးသောင်း လေးထောင်ငါးရာ စွန်းပါ ငါးဆယ် မင်းကိုးသွယ်သည် မြတ်နွယ်တည့်ရှည်ဝေး လွန်လေ ရှေး" ဟူ၍ စပ်ဆိုတော်မူကြလေသည်။

ငါတို့ဂေါတမ ဘုရားအလောင်းတော်သည် ကပ်ဦးအခါ မဟာသမ္မတမင်းအစ သိဒ္ဓတ္ထမင်းအဆုံး ရှိသည်ကိုရည်၍ "သိဒ္ဓတ် သမ္မတ ဆုံးစပိုင်းခြား နှစ်ပါးပွင့်လျှာ ကြိုက်တော်စွာဖြင့် ကမ္ဘာ ကပ်ဦး တို့စေလူးကို မင်းဦးသမ္မတ သမိုက်ကြသား" ဟူ၍ ရှေးပညာရှိတို့ စပ်ဆိုတော် မူကြလေသည်။

ကပိလဝတ်ပြည်ကို အစတည်ထောင်သော ဥက္ကာမုက္ခမင်း မှစ၍ မင်းပြုသောမင်းတို့၏ အစဉ်ကား ဥက္ကာကရာဇ်မင်း၏ သားတော် ဥက္ကာမုက္ခမင်းတည်း၊ ၎င်း၏ သားတော် နိပူရမင်း တည်း၊ ၎င်း၏သားတော် စန္ဒိမမင်းတည်း၊ ၎င်း၏သားတော် စန္ဒမုခမင်းတည်း၊ ၎င်း၏သားတော် သိဝရာဇ်မင်းတည်း၊ ၎င်း၏ သားတော် သိဉ္စိယမင်းတည်း၊ ၎င်း၏သားတော် ဝေဿန္တရာ မင်းတည်း၊ ၎င်း၏သားတော် ဇာလိမင်းတည်း၊ ၎င်း၏သားတော် သီဟဝါဟနမင်းတည်း၊ ၎င်း၏သားတော် သီဟဿရမင်းတည်း။

ဤသို့အားဖြင့် သားစဉ်မြေးဆက် အစဉ်မပျက်၊ မင်းပြု ကြရာ ဘုရားသခင်ဘိုးတော် ဇေယျသေနမင်းကြီး တိုင်အောင် မင်းဆက်ပေါင်း '၈၂၀၀၀' ဖြစ်ကြောင်း ဒီပဝင် ဂါထာ၌ လာရှိပါသည်၊ ထို့ကြောင့် ရှေးနားတော်သွင်းလက်ာ၌ ကပိလဟု

မည်ရဘုန်းဟော့ ရှင်ရသေ့လျှင် ပြရှိတည်ပြည်ဌာနီကို ကပ္ပိလဝတ် မော်ကွန်းမှတ်၍ သက်ပြတ်လုမျှ မောင်နှမတို့ တူကွစုံပေါင်း စံကြကြောင်းကို ဆင့်လောင်းသခင် ကြားလေချင်သော် ကျွမ်းကျင်လေဖြစ် ငါ့သားချစ်တို့ မင်းစစ်ပြိုလှ စွမ်းနိုင်စွဟု မြွက်ဟသွန်းသွန်း မိန့်ရွှေခွန်းကြောင့် ပြန့်မွန်းသောင်းခွင် သာကီဝင်ဟု လွန်ထင်ကျော်ဟိုး မြတ်နွယ်မျိုးတွင် နန်းရိုးမှန်စွာ အစဖြာသည် ဥက္ကာမုက္ခ နိပူရတည်း မျှော့ဘုန်းဝှန် သားစဉ်မာ နေလနှုန်းရန် စန္ဒမုခ နန္ဒမျှထင်ရှား သားသီဝရာဇ် ရန်မြစ်ဖြတ်လှည်း သားသိဉ္စည်းက ကျော်သည်းတန်ခွန် သားဝေသန်နှင့် သားမွန်ဇာလိ နိုင်းမြီဘက်ကွာ သီဟဝါက သည်းချာတမွတ် သီဟသရ ယင်းကဆယ်မှန် သောင်းရှစ်ပြန်တွင် ကဲလွန်နှစ်ထောင် နော်ဆိုးဆောင်သား မင်းခေါင်နေယှိန် ဇေယျသိန်သည် ဘုန်းရှိန်ပြောဦ့ပြန့်မွေး စံငြိမ်းလေး-ဟူ၍ ရှေးပညာရှိတို့ စပ်ဆိုတော်မူသည်နှင့် အညီ—

ငါတို့ ဂေါတမ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် ဒေဝဒဟ ကောလိယနှင့် ကပ္ပိလမည် ဤသုံးပြည်ကို ခွန်ယူပိုင်သ အစိုးရသည့် ကောလိယ အမည်ရှိသော သကျသာကီဝင်မင်းသည် ထီးဖြူအုပ်ချုပ် မင်းလုပ်တော်မူသောအခါ 'ပဉ္စာလရာဇ်တိုင်း နှင့် ကောသလတိုင်း' နှစ်တိုင်းကို အစိုးရသော ကောသလမင်းက သကျသာကီဝင်ဖြစ်သော ကောလိယမင်းထံ အမျိုးချက်အံ့သောငှာ အမတ်တို့ကို စေ၍ သမီးတောင်းရာ ကောလိယမင်းသည် ဇာတိမာန်ဖြင့် မချမငံသော စကားကို ဆိုလိုက်၍ မင်းနှစ်ပါးတို့ စစ်ဖြစ်ကြရာ ကောသလမင်းကနိုင်၍ သာကီဝင်မင်းတို့ စစ်ရှုံးကြလေရာတွင်—

အဘိရာဇာ အမည်ရှိသော သကျသာကီဝင် မင်းသည် ဗိုလ်ခြေအလုံးအရင်းနှင့်တကွ မဇ္ဈိမဒေသမှဖဲခွဲ၍ 'သံဃဿရဋ္ဌ' မည်သော 'တကောင်း'ပြည်ကြီးကို တည်ထောင် စံနေတော်မူလေသည်၊ ထိုအဘိရာဇာမင်း၏ ညီတော် 'သမိတရာဇာ' မင်းသားမှကား တရားသံဝေဂဖြစ်သဖြင့် မင်းဖြစ်ခြင်း လူအဖြစ်ဖြင့် နေရခြင်းတို့ကား အဘယ်အကျိုးရှိအံ့နည်းဟု တရားနှစ်လုံး စွဲယူသုံး၍ မိမိနှင့် သဘောတူညီရာ သကျသာကီဝင်မင်းသား သုံးကျိပ်နှစ်ယောက်တို့နှင့်တကွ နောင်တော်ဖြစ်သော 'အဘိရာဇာ'မင်းထံမှဖဲခွဲ၍ မုံသီးဆိုးသော အဝတ်ကို ဝတ်ရုံကြပြီးလျှင် ရသေ့ရဟန်း ပြုလုပ်ခါ နေကြလေသည်၊ ဤသို့ မုံသီးဆိုးသော အဝတ်ကို ဝတ်ဆင်ကာ သကျသာကီဝင်ရသေ့တို့ နေရာဖြစ်သောကြောင့် 'တမုံဆိုး'အရပ်ဟူ၍ ခေါ်ဆိုသမုတ်ကြလေသည်။

ရှင်းဆိုခဲ့သော 'အဘိရာဇာ' မင်းကြီး တည်ထောင်တော်မူခဲ့သော 'သံဃဿရဋ္ဌ' မည်သော 'တကောင်း' ပြည်ကြီး၌ မင်းဆက်ပေါင်း သုံးကျိပ် သုံးယောက်တို့၏ အဆုံး ဖြစ်သော 'ဘိန္နကရာဇာ' မင်းကြီးလက်ထက် 'ဂန္ဓာလရာဇ်တိုင်း' ဗိမ့်ပြည်သား တရုပ်တို့ နှောင့်ယှက် ဖျက်ဆီးလာသည်ဖြစ်၍ 'သံဃဿရဋ္ဌတကောင်း' ပြည်ကြီး ပျက်စီး တိမ်းယိမ်းလေလျှင် 'ဘိန္နကရာဇာ' မင်းသည် ဗိုလ်ခြေအလုံးအရင်းနှင့် 'မာန်လည်' ချောင်အရပ်သို့ ဝင်တော်မူလေသည်၊ ထိုအရပ်တွင်ပင် ဘဝနတ်ထံ စံတော်မူသည်ရှိသော် ဗိုလ်ပါအလုံးတို့သည် သုံးစုကွဲကြ၍ ၁-တစုကား အရှေ့မျက်နှာ ရှမ်းတဆဲ့ကိုးခရိုင် တည်ထောင်၍ နေကြလေသည်၊ ၎င်း ရှမ်းတဆဲ့ကိုးခရိုင်တို့သည် 'ဘိန္နကရာဇာ' မင်းမျိုးဟု တွင်လေသည်၊ ၂-တစုကား သုနာပရန္တတိုင်း ပြူ-

ကမ်းယံ့-သက်တို့ အရပ်တွင် 'မုဒ္ဒုစိတ္တာ' သာကီဝင်မင်းမျိုးဟု တွင်လေသည်၊ ၃-တစုကား မိဖုရားကြီး နာဂဆိန်နှင့် နေမြဲ မာန်လည်အရပ်တွင် နေကြရာ ဆွေတော်မျိုးတော်အပေါင်းတို့ အကြံဖြစ်သည်မှာ ငါတို့သည် မာန်လည်အရပ်တွင်နေခြင်းကား ဘေးရန်မကင်း လုပ်ခင်းပယ်တာလယ်ယာကန်ချောင်း နည်းပါး သော ကုန်းမြေအရပ် ဖြစ်ခြေသည်၊ နေခြင်းငှါမသင့်၊ သကျ သာကီဝင်စစ် ငါတို့အမျိုးဖြစ်ကြကုန်သော အရှင်တို့ ရသေ့ ပြုလုပ်၍ စံတော်မူကြရာဖြစ်သော 'တမုံဆိုး' အရပ်တွင် မြို့ရွာ တည်ထောင်၍နေကြမှ သင့်လျော် တော်လောက်မည်ပင်သာဟု စည်းဝေး တိုင်ပင်ကြပြီးလျှင် 'တမုံဆိုး' အရပ်ဟူ၍ သမုတ်တည် ထောင်ကာ နေလာကြလေသည်၊ ထို့နောက် ကာလရွေ့လျော ၍ 'မုတ်ဆိုးခြုံရွာ' ထို့နောက် 'မုတ်ဆိုးဘိုရွာ' ဟု တွင်လေ သည်၊ ထို့နောက် မုတ်ဆိုးဘိုရွာသား 'ဦးအောင်ဇေယျ' သည် 'အလောင်းမင်းတရားကြီး' ဟူသော ဘွဲ့နာမံခံယူ၍ ကေရာဇ်ဘုရင် တဆူ ဖြစ်တော်မူသောအခါ 'ရတနာသိင်္ခ၊ ကုန်းပေါင်၊ ရန်ကြီး အောင်၊ မုတ်ဆိုးဘို၊ ရွှေဘို' ဟူ၍ ငါးမည်ရ ငါးဘွဲ့ခံ ယခုထက် တိုင် ထင်ရှားကျော်စောလျက် ရှိလေသည်။

ထို့ကြောင့် မင်းဆက်လက်ာတွင် ရတနာဗဟိုမြင်းစိုင်ရ လကျာ ဇမ္ဗူချာဝယ် တေဇာကန့်လိုင်း မြန်တို့တိုင်း၌ သမိုင်း မော်ကွန်း တည်ပြင်ဆွန်သား ထီးနန်းကနက် ညောင်ရွက်ရွှေချူ ဖြန့်ဝန်းကူသည် ရိပ်ဖူကာဆောင်း မြို့တကောင်းဝယ် ဖင်းပေါင်း ဆဲ့ခုနှစ်၊ သရေခေတ္တရာ သတ္တာဗိသံ ရိမဒ္ဒဝယ် ငါးဆယ်နှင့်ရှစ် ဆက်လစ်နွယ်မြောက် ပင်းယခြောက်တည်း၊ မြစ်နောက်ဘက်ရှိင်း မြို့စကိုင်းမူ ခုနစ်ဟူ၏၊ တောင်ငူတွင်မည် ကေတုပြည်ကား ဆက်

ရှည်မဝေး သုံးကျိပ်လေးတည်း၊ တိုင်းလုံးထွင့်ချာ ရတနာပူရ ပြည် အင်း ဝ ဝယ် မင်း သုံး ဆယ် တည့်၊ ဆက် နွယ် ရိုး ပေါင်း တကောင်းရိပ်ဖြူ စိုးစံယူသည် ဇမ္ဗူဒိပ မင်းခေမှ စ၍ရေတွက် မင်းဝံချက်၌ ကနက်ဖြန့်ကာ ဟံသာပါရောက် ရွှေမှောက်တိုင်လစ် '၂၀၈' တွင် တက်သစ်နေရောင် ဘုန်းတော်ပြောင်လျက် ကုန်း ပေါင်မြန်တိုက် နန်းရိုးစိုက်ရှင့်၊ မကိုဋ်ညွှန့်ပွား လောင်းဘုရားမှ စဉ်လျှားမပျက် မန်းကနက်ရောက်ဆဲ တစ်မြောက်သည် ရွှေနောက် နွယ်စဉ် ပွင့်လန်းတည်း-ဟူ၍ စပ်ဆိုတော် မူလေသည်။

၁။ ထို့ကြောင့် ငါတို့ဂေါတမမြတ်စွာဘုရား ပွင့်တော် မူသော ဤယခု ဒွါဒသမမြောက် အန္တရကပ်တွင် ကပ်ဦးအစ မဟာသမ္မတမင်းမှသည် ဥက္ကာကရာဇ်မင်းတိုင် မင်းဆက်ပေါင်း ၂၅၂၅၅၆-ယောက် ဖြစ်၏။

၂။ ကပ္ပိလဝတ်ပြည်ကို အစတည်ထောင်သော ဥက္ကာ ကရာဇ်မင်း၏ သားတော် ဥက္ကာမုခမင်းမှသည် သိဒ္ဓတ္ထမင်းသား တိုင် သာကီဝင်မင်းဆက်ပေါင်း ၈၂၀၀၃-ယောက်ဖြစ်၏။

၃။ တကောင်း အဘိရာဇာ မင်းမှသည် အင်းဝပြည် ဟံသာဝတီရောက် မင်းတရားကြီးတိုင် တကောင်းမင်းရိုး သတိုး မင်းဆက်ပေါင်း ၂၀၈-ယောက် ဖြစ်၏။

၄။ ရွှေဘိုမြို့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ မှသည် ရတနာပုံနေပြည်တော် သီပေါမင်းတိုင် မုတ်ဆိုးဆက်မင်း ၁၁-ဆက် ဖြစ်၏။

ထို ၁၁-ဆက်ကား ဤသို့သိအပ်၏၊ ၁-အလောင်းမင်း တရားကြီး၊ ၂-သားတော် နောင်တော်ကြီး၊ ၃-ညီတော်ဆင်ဖြူ ရှင်၊ ၄-သားတော် စဉ့်ကူမင်း၊ ၅-နောင် တော် ကြီး သား

ဘောင်းကားစား၊ ၆-အမရပူရမြို့တည် ဘိုးတော်မင်းတရား၊ ၇-မြေးတော် နှောင့်ဘော်ကြီး၊ ၈-ရွှေဘိုမင်း ကုန်းပေါင်မင်း လည်းဟူ၊ ၉-သားတော် ပုဂံမင်း၊ ၁၀-ညီခတော်မင်းတုန်းမင်း၊ ၁၁-သားတော် သီဘောမင်းဟူ၍ ၁၁-ဆက် ဖြစ်သတည်း။

ထိုအထက်ပါလေးရပ်ကို ပေါင်းသည်ရှိသော် ဤယခု ဒွါဒသမ အန္တရကပ်တွင် မဟာသမ္မတမင်းဆက်နှင့် သာကီဝင် မင်းဆက် နှစ်ရပ်ပေါင်း ၃၃၄၅၇၈-ယောက်တွင် မင်းဆက် ပြတ်လေသည်။

ထို့ကြောင့် အလင်္ကာကဗျာတွင် သဒ္ဒါ ပညာ ဝိရိယာ နှင့် အဓိကာဘုရား ရှင်တော်များမှာ တရာတသိန်း တွက်ကိန်း မှန်လှ တန်းထိုမျှတွင် ပွင့်ကြခြင်းသာ ဖြစ်သင့်ပါရှင့် သိန်းတန်း အံကြိုး ရှည်လျက်သက်မှာ တည်နေခါ၌ လူ့ရွာလူတို့ နှစ်မျို့ သာယာ ဇမ္ဗူရာရစ်မှူး ချမ်းသာကြူး၍ အထူးတရား ဘုရား ကိုယ်တိုင် ဟောနိုင်ပါလည်း မပိုင်သစ္စာ ဒုက္ခာမသိ ကပ်ငြိသမု ဒယာ ဖြစ်တတ်စွာရှင့်၊ ရာသက်ထိုမ်နောက် ကျရောက်တန်းငယ် ရာဂကြွယ်၍ ဟောပယ်တရား ပြူတတ်ငြားကြောင့် ဒို့ဘဘုရား မပွင့်အားရှင့်၊ ဘဒ္ဒကမ္ဘာ ထိုအခါတွင် စဥ်လာမယွင်း သက်ဆင်း ဆုတ်ကပ် ကိုးကပ်အန္တရ သက်မျှလေးသောင်း တည်နေကြောင်း တွင် ဘုရားကကုသန် ပွင့်ခဲ့မှန်ဖြင့်၊ ကိုးသောင်းလူ့သက် တက် ကပ်အန္တရာ ဆယ်ခုခါတွင် ဗြဟ္မာလူနတ် ဖူးအပ်တွေ့ဆုံ တို့သုံးဘုံ တွင် ဂေါ်ဏာဂုံဘုရား ပွင့်ခဲ့ငြား၍ ကပ်ကားဆယ့်တစ် သက်ဖြင့် နှစ်သောင်း ထိုခါကောင်းတွင် ပွင့်ကြောင်းမှန်လှ ကဿပရှင့်၊ နာဂတ်နောက် သက်ရောက်တန်းငယ် တရာဝယ်ချင်း အတွင်း အန္တရ ကပ္ပတဆယ် နှစ်ခုကြွယ်တွင် ဆရာဘုရား မည်ကားဂေါ

တမ ပွင့်ပါရှင့်၊ ဆယ်နှစ်တန်းမှ တက်ကအသခ်ျေ ဆုတ်ပေပြန်လာ ကပ်မှာအန္တရ ဆယ့်သုံးမျှတွင် လူတွင်အသက် သိန်းတန်းတက်၍ ဟောမြွက်အရိမေတ္တာယျ ပွင့်ချိန်ကြွလ်မ့် ထိုမှနောက်ဝယ် ငါးဆယ်တစ်သာ ကြွင်းပါအန္တရ ကုန်ပြန်ကလျှင် မီးလျှင်ကမ္ဘာလောင်မှာများဘုံ ပျက်ကုန်ပဋ္ဌမစျာန် ဗြဟ္မာထံနှင့် မကျန်လူနတ် အပယ်ရပ်ပင် ကုန်အစင်ပ ပျက်ပြားကြလည်း သတ္တဝါကံ ပြုစီမံ၍ ဖြစ်ပြန်ကမ္ဘာ ထိုအချိန်ခါမှာ သူညာသူဉာ ထိုးပြဂဏန်း စိတ်မှန်းရည်ကာ မဖြစ်ရာကြောင့် လောကာဘုရား မပွင့်အားစောင့်စားငါတို့ နစ်မည်အမှန်တည်း-ဟူ၍ ရှေးပညာရှိ ပုဂ္ဂိုလ်ကျော်တို့ စပ်ဆိုတော်မူလေသည်။

ဤတွင် မြန်မာအစ တကောင်းကဟူသော ရာဇဝင်
အကျဉ်းချုပ်မှတ်ရန် အပြီးတည်း

မှတ်ရန်အလောင်းဆယ်ပါး ရင့်မာတကျိပ်
သံပေါက်ကို ပြပေအံ့

ဘုရားဆုပန် ရင့်မာသန် ကေန်မှတ်ကွဲ့ တကျိပ်တဲ့

၁။ ရှေးဦးအစ မိတေးယျ မှတ်ကြလေကွဲ့ အလောင်းတဲ့၊

၂။ ရာမမင်းကောင်း ဆုယူတောင်း တကြောင်းမှတ်ကွဲ့ အလောင်းတဲ့၊

၃။ ကောသလမင်း ကျော် သံ ပြင်း မ ယွင်း ဘူး ကွဲ့ အလောင်းတဲ့၊

၄။ အဘိဘူနတ် ခေါ်ပညာ် သိတတ်စေကွဲ့ အလောင်းတဲ့၊

၅။ အသူရိန်နတ် ကျော် ထင် မှတ် သိ တတ် စေ ကွဲ့ အလောင်းတဲ့၊
၆။ ဒီဃကျော်နီ ပုဏ္ဏားမည် အညီမှတ်ကွဲ့ အလောင်း တဲ့၊
၇။ ဝင်္ဂီကဆို ပုဏ္ဏားပျို အိုအောင်မှတ်ကွဲ့ အလောင်း တဲ့၊
၈။ ဒေါ်ဒေယျခေါ် ပုဏ္ဏားကျော် ပျော်ပျော်မှတ်ကွဲ့ အလောင်းတဲ့၊
၉။ နာဠာဂီရိ ဆင်ဟတ္ထိ သိတတ်စေကွဲ့ အလောင်းတဲ့၊
၁၀။ ပုလဲဆင် အမည်တွင် ယဉ်ယဉ်မှတ်ကွဲ့ အလောင်း တဲ့၊

အလောင်းဆယ်ပါး သိသာခြား မှတ်သားပါကုန်တဲ့
ထိုတကျိပ်တွင် မိဿတးရှင် ကြာခင်ဘူးကွဲ့ ပွင့်မည်တဲ့
ကေတုဝတီ ဒေါ်တွင်ညီ မှန်လှပြီကွဲ့ ပြည်တော်တဲ့
အာယုခေါ်ကိန်း နှစ်တသိန်း မတိမ်းဘူးကွဲ့ ပွင့်မည်တဲ့
သဗြဟ္မခေါ် ပုဏ္ဏားကျော် ခမည်းတော်တဲ့ မှတ်လေကွဲ့
ဗြဟ္မဒေဝီ မဟေသီ မှန်လှပြီကွဲ့ မယ်တော်တဲ့
အဇိတခေါ် ငယ်မည်တော် ပျော်ပျော်မှတ်ကွဲ့ နာမတဲ့
ကုဋေဆဲ့ရှစ် တက်ကိန်းစစ် မလစ်ဘူးကွဲ့ သွားဖက်တဲ့
ဗြဟ္မဒေဝီ ခေါ်တွင်ညီ မှန်လှပြီကွဲ့ ခင်ပွန်းတဲ့
ဗြဟ္မဒေဝ ဘွဲ့တော်ရ မှတ်ကြပါလေကွဲ့ သားတော်တဲ့
လေးဆောင်ဘုံလယ် ပျော်စမွှာယ် ကြွယ်ကြွယ် မှတ် ကွဲ့ တသောင်းတဲ့

တသောင်းလှုန်မှ တောထွက်ကြ မှတ်ကြလေကွဲ့ ဘုံပျံတဲ့
ပြုနိုင်ခဲလှ ကျင့်ဒုက္ခ စရိယာတဲ့ကွဲ့ ခြောက်ရက်တဲ့
နှာမခေါ်တွင် ဂန္ဓဂေါပင် ပလ္လင်မှတ်ကွဲ့ ပွင့်မည်တဲ့
အာဘောဂတွင်မည် လက်ျာထေရ် နှားလည်စေကွဲ့ ဘွဲ့တော်
တဲ့
ဗြဟ္မဒေဝ ဘွဲ့တော်ရ မှတ်ကြလေကွဲ့ လက်ဝဲတဲ့
လုပ်ကျွေးအမှန် ဘွဲ့တော်ခံ သန်သန်မှတ်ကွဲ့ သိဟိုဠ်တဲ့
မိုက်မှောင်ကင်းပျောက် ထွန်းလင်းတောက် ရောင်ခြောက်
သွယ်တဲ့ မှတ်လေကွဲ့
ဇာတိခေတ်မြတ် ရောင်လျှံခပ် မလပ်ဘူးကွဲ့ ပွင့်မည်တဲ့
ရွှေစက်ချီကြွ ထိုကာလ သုံးရမည်ကွဲ့ ကြာပွင့်တဲ့
ဓမ္မစကြာ ဟောသောခါ ကျွတ်ပါမည်ကွဲ့ တသိန်းတဲ့
သီဟာရဇာ မင်းစကြာ ကျောင်းတကာတဲ့ မှတ်လေကွဲ့
ရှစ်ဆယ်သံတော် အမြင့်ဆောင် အိုအောင်မှတ်ကွဲ့ အရပ်တဲ့
အနှစ်ရှစ်သောင်း နိဗ္ဗာန်ပြောင်း ကောင်း ကောင်း မှတ်ကွဲ့
သက်တော်တဲ့
မှတ်သားကြပါ တို့သူငါ သဒ္ဓါတဲ့ကွဲ့ ရှိမှတဲ့
သဒ္ဓါရှိမှ ကြိုးစားကြ ချမ်းသာတဲ့ကွဲ့ ရမည်တဲ့
ချမ်းသာရမှ မြတ်မနေ ပုညတဲ့ကွဲ့ ဖြစ်မည်တဲ့
ပုညဖြစ်မှ မိတေးယျ ဖူးရမည်ကွဲ့ နောင်ခါတဲ့
မဖူးရပါ ဖန်တရာ ကမ္ဘာမီးကွဲ့ တွေ့မည်တဲ့
ကမ္ဘာမီးမှ တွေ့ကြုံက ခံရမည်ကွဲ့ မှတ်လေတဲ့

ရင့်မာတကျိပ်သံပေါက်ပြီး၏။

သာယာဝတီတွင် ပညာရှိတဆူ ဂုဏ်ယူလောက်သော
''ခုနှစ်ရွာ''ဇာတိ ပဋ္ဌာန်မန္တလေးမြို့ လက်ဝါးတံဆိပ်
မြန်မာပညာရှိ သမားတော် ဦးကျော်ရန်
ရေးသားပြုစုတော်မူသော

## မှတ်ကြီးတရာ့ရှစ်လုံး ဆုံးမစာသံပေါက်

ပညာရှိပုဂ္ဂိုလ်ကြီး၏ အမွေအနှစ်ကို မတိမ်ကောမပျောက်ပျက်စေရန် နောင်လာနောက်သားတို့အကျိုးငှာ ထည့်သွင်းလိုက်ပါသည်။

နမောတဿ ဘ၈၀ ညွှတ်ခရှိဦးတင်
မှတ်ဖွယ်ဆိုထုံး ရာရှစ်လုံး ပေါင်းရုံးမြဲစွာဆင်
မှတ်ကြီးအကျိုး ဂုဏ်ဘက်တိုး ပြည့်ဖြိုးဆန်းလှသွင်

၁။ သတိပညာ ဝီရိယာ ဥစ္စာရှိကြောင်းမှတ်
၂။ ဂဏန်းမသင် လာဘ်မမြင် ကူးလျှင်ရှုံးမည်မှတ်
၃။ ရောင်းဝယ်ပညာ တတ်မှသာ ကူးကာမြတ်မည်မှတ်
၄။ ကုန်သည်ပွဲစား လုပ်ဆောင်ငြား စီးပွားဖြစ်ကြောင်းမှတ်
၅။ ကုမ္ပဏီလီမစ်တက် ပေါင်းဖွဲ့ယှက် ကုန်ဖက်နည်းကောင်းမှတ်
၆။ အချိန်နှင့်သာ လုပ်ဆောင်ရှာ ဥစ္စာတည်ကြောင်းမှတ်
၇။ အချိန်ကာလ ကုန်မောသ နေယုတ်ကြောင်းမှတ်
၈။ ငွေထွက်ငွေဝင် စာရင်းတင် ကုန်စင်သိအောင်မှတ်
၉။ အိမ်သူမိမ္မ တတ်သိပွ ခနတိုးကြောင်းမှတ်
၁၀။ မြေနိုက်မြှုပ်ထား ငွေဒင်္ဂါး တိုးပွားမရမှတ်
၁၁။ ဥစ္စာများက ဘဏ်တိုးချ အရမှန်သည်မှတ်

၁၂။ အတိုးကြီးပေး ငွေကိုချေး ကြွေးမပြေနိုင်မှတ်
၁၃။ တိုးညွန့်ပွားကြီး ငွေနှင့်နီး အထီးကျန်ကြောင်းမှတ်
၁၄။ အဝင်ကားနည်း အထွက်သည်း ပစ္စည်းမတင်မှတ်
၁၅။ ရရစားစား ဥစ္စာပါး နာဖျားခက်မည်မှတ်
၁၆။ အိမ်ယာထောင်ထား အပျင်းပွား ဝမ်းခါးမလုံမှတ်
၁၇။ ငယ်နှောင်းမယား ယူသူများ စီးပွားပျက်ကြောင်းမှတ်
၁၈။ သောက်ကြူးမေ့လောင်းစား ပွဲရှုများ စီးပွားယုတ်ကြောင်းမှတ်
၁၉။ သနားအားနာ ငဲ့ညှာတာ ဥစ္စာကုန်ကြောင်းမှတ်
၂၀။ မင်းပစ္စည်းမှန် ယူသုံးပြန် ပြစ်ဒဏ်ရောက်မည်မှတ်
၂၁။ ဥစ္စာပျက်ယွင်း မိတ်ဖက်ကင်း ဆွေရင်းစွန့်မည်မှတ်
၂၂။ ငယ်ကပညာ မသင်ရှာ ကြီးခါခက်မည်မှတ်
၂၃။ ဘာသာမျိုးခြား စာစကား သင်ကြားသင့်မည်မှတ်
၂၄။ သိပ္ပံဝိဇ္ဇာ မတတ်ရှာ မဟာဒုက္ခမှတ်
၂၅။ ပညာမရ အိမ်ထောင်ကျ ဒုက္ခရောက်မည်မှတ်
၂၆။ ပညာမဲ့ငြား သမီးသား တပါးရန်သူမှတ်
၂၇။ နေ့စဉ်သတင်းစာ ဖတ်သူမှာ ပညာတိုးကြောင်းမှတ်
၂၈။ ပညာရှိလျက် အမျက်ထွက် ဂုဏ်ပျက်ယွင်းကြောင်းမှတ်
၂၉။ ပညာရှိမှန် ဆင်းရဲပြန် တော်လှန်မကျင့်မှတ်
၃၀။ ကိုယ့်ကိုကိုယ်ပင် လိမ္မာထင် ငိုယ်ပင်မိုက်တုံးမှတ်
၃၁။ လျှို့ဝှက်ကိုယ်ပြစ် ဖေါ်သူဖြစ် စင်စစ်လူယုတ်မှတ်
၃၂။ ကြွေးမြီယူထား ငြင်းကွယ်ငြား တပါးလူယုတ်မှတ်
၃၃။ သူမိုက်မှန်ငြား ခိုက်ရန်ပွား ကွဲပြားမစေ့မှတ်
၃၄။ လူဆိုးနှင့်မူ ပေါင်းဖက်သူ ထပ်တူသဘောမှတ်

၃၅။ မီး-ခြေ-သူမိုက် ရှောင်ကွင်းထိုက် ထိခိုက်မသင့်မှတ်
၃၆။ မခေါ်သူ့ အိမ် ရောက်ကြမ်ကြမ် ဂုဏ်သိမ်ယုတ်မည်မှတ်
၃၇။ ကျိုးပြစ်မသိ မိုက်ခေါင်ထိ ချစ်မိအမှားမှတ်
၃၈။ သူမိုက်နိုင်လို ဖြားယောင်းဆို အလိုပြည့်မည်မှတ်
၃၉။ ကျိုးရှိဟုတ်ရာ နာ မနာ ဆိုရာစကားမှတ်
၄၀။ ချစ်ဖွယ်စကား ဆိုတုံငြား အများညွတ်ကြောင်းမှတ်
၄၁။ တူ ညီ အစ်ကို ခေါ်နှုတ်ချို ကြည်ညိုလိမ့်မည်မှတ်
၄၂။ စကားပျက်ချော် လျောင်သရော် ထိုသော်အပြစ်မှတ်
၄၃။ ကြမ်းကြုတ်စကား သည်းခံငြား ဘုရားအကြိုက်မှတ်
၄၄။ တိုင်းထွာပြောကြား နှုတ်စကား အများမကြိုက်မှတ်
၄၅။ ရာထူးဂုဏ်နှင့် ခေါ်သီးရင့် မသင့်လူရိုင်းမှတ်
၄၆။ အတ္တဂုဏ ပလွှားပြ ဟိန္နအစစ်မှတ်
၄၇။ အပြစ်မရှု ချီးမွမ်းမှု ပြုသော်ကိုယ်ကျိုးမှတ်
၄၈။ ညဥ့်မေး နေ့ရှု ပြောဆိုပြု အမှုနည်းကြောင်းမှတ်
၄၉။ အရေးရှိကာ ကူညီလာ့ ကလျာမိတ်ကောင်းမှတ်
၅၀။ ဆိုဆုံးမချက် စိတ်မကွက် ပေါင်းဖက်သင့်မည်မှတ်
၅၁။ စီးပွားမဆောင် ခင်ပွန်းယောင် ရှောင်ဖို့အမြဲမှတ်
၅၂။ မျက်ကွယ်ပြစ်လွှမ်း ရှေ့ချီးမွမ်း မိတ်ကျွမ်းရန်သူမှတ်
၅၃။ မတော်သူနှင့် စာနေလင့် ကိုယ်ကျင့်ပျက်ကြောင်းမှတ်
၅၄။ အကျင့်ကောင်းလျက် အပေါင်းဖျက် အပျက်များသည်
မှတ်
၅၅။ ချေးငှားပတ်သက် မိတ်ဆွေပျက် အမျက်ဖြစ်ကြောင်း
မှတ်

၅၆။ မဆက်ဆန်လွန်း ဆက်ဆန်လွန်း ခင်ပွန်းပျက်ကြောင်းမှတ်
၅၇။ ကျေးဇူးရှိလျက် တုံ့ချေဖျက် ပေါင်းဖက်မသင့်မှတ်
၅၈။ အကြိုက်ဆိုမြွက် ခင်ပွန်းပျက် ပေါင်းဖက်အမှားမှတ်
၅၉။ မင်းခံယောကျ်ား လခစား ဝမ်းခါ လှုရုံမှတ်
၆၀။ ထုံးစံယှဉ်းချွတ် မကိုင်းညွတ် မလွတ်မင်းဒဏ်မှတ်
၆၁။ တံစိုးစားတတ် မင်းမူးမှတ် လူနတ်မုန်းမြဲမှတ်
၆၂။ ကတိလိုက်စား ပြုမိုက်မှား တရားမဖြောင့်မှတ်
၆၃။ တံစိုးပဏ္ဏာ လက်နှိုက်ပါ မသမာလူဆိုးမှတ်
၆၄။ ယစ်သောက်ပျော်မြူး ကမ်းကြူး ရာထူးကျကြောင်းမှတ်
၆၅။ အမှိုရှိငြား ကျေးဇူးများ ကြီးပွားလွယ်သည်မှတ်
၆၆။ ဆိုပ်ကွယ်လင်သား ပုံးလျှိုးစား မယားယုတ်မာမှတ်
၆၇။ သက်ရှယ်မမျှ ပေါ်မိမှ ပေါင်းရခက်မည်မှတ်
၆၈။ သယောက်မြောက်မထား ကျင့်ဖောက်ပြား ဓါးဘေးသင့်မည်မှတ်
၆၉။ အနာရောက်စ မကုသ ရင့်ကခက်မည်မှတ်
၇၀။ မရောက်မီက ဆီးတားမှ ဘယကင်းမည်မှတ်
၇၁။ ကြွေလွယ်အစာ ချိန်မှန်စွာ စားရန်နေ့စဉ်မှတ်
၇၂။ ဆေးကုဆရာ မလိမ္မာ ခန္ဓာပျက်ကြောင်းမှတ်
၇၃။ ချမ်းပူနှစ်ပါး သတိထား နာဖျားကင်းကြောင်းမှတ်
၇၄။ လူကြီးမှန်က သည်းခံမှ ဆန္ဒပြည့်မည်မှတ်
၇၅။ ကိုယ်ထက်သာက မာန်နှိမ်ချ ဆန္ဒပြည့်ကြောင်းမှတ်
၇၆။ အင်အားတူမျှ ပြုလုပ်လှ ကိုယ်ကအောင်ကြောင်းမှတ်

၇၇။ မုဒ္ဒ တိက္ခ ဉာဏ်နှင့်ဆ ကြည့်ရမည်သာမှတ်
၇၈။ စည်းကမ်း ဖြောင့်မတ် များ ညီ ညွတ် မချွတ်အောင်ကြောင်းမှတ်
၇၉။ စည်းကမ်းမထား သြဇာများ ပျက်ပြားတတ်သည်မှတ်
၈၀။ ကြီးမှူးကောင်းလျက် လုပ်ဆောင်ချက် ပျက်မည်မုက္ခမှတ်
၈၁။ ဘေးရန်လွတ်မှု ကြောင်းလေးခု အားပြုစရာမှတ်
၈၂။ ရန်သူငါးပါး မဆီးတား ကြီးဖွားခက်မည်မှတ်
၈၃။ သူ့ကိုဖျက်ခြား ကိုယ်ပျက်ပြား တရားအတိုင်းမှတ်
၈၄။ နှလုံးတော်ဖြောင့် တရားစောင့် ကြောင်းကြကင်းမည်မှတ်
၈၅။ အမျက်ဖျောက်ပယ် စိုးရိမ်ဖွယ် ရန်စွယ်ကင်းကြောင်းမှတ်
၈၆။ စုံစမ်းကြည့်ရှု သိမှုပြု အမှုအောင်ကြောင်းမှတ်
၈၇။ ဆောလျင်ပြုကျင့် မှုမသင့် ပူခွင့်ရောက်မည်မှတ်
၈၈။ အရွယ်ရောက်ငြား သမီးသား ထိမ်းမြားရမည်မှတ်
၈၉။ ဘာသာမတူ ထိမ်းမြားယူ အယူပျက်ကြောင်းမှတ်
၉၀။ အယူမိစ္ဆာ မှီခိုရာ စိတ်ခွါကိုယ်ပေါင်းမှတ်
၉၁။ တြိမင်္ဂလ ကြံတွေးဆ ပယ်ရမည်သာမှတ်
၉၂။ အကျိုးမဲ့ကြောင်း ထုံးစံဟောင်း လဲပြောင်းရမည်မှတ်
၉၃။ မျက်မြင်ကွယ်ရာ ကျင့်ပါပါ ပယ်ခွါရမည်မှတ်
၉၄။ ဆိပ်ကွယ်ဌာန အစမ္မ ရှောင်ရမည်သာမှတ်
၉၅။ သူ့ဒါရမယား လွန်ကြူးငြား ဓားဘေးသင့်မည်မှတ်
၉၆။ ချိန်မဲ့ညဉ့်ခါ သွားသူမှာ ဘယာဖြစ်ကြောင်းမှတ်
၉၇။ ဝေးရပ်သွားလာ ဖော်မပါ ဘယာဖြစ်မည်မှတ်

၉၈။ စိန်ကျောက်ပတ္တမြား ဆင်ဝတ်သွားခိုးသားတွေ့မည့်မှတ်
၉၉။ ခရီးဦးကြို ခေါ်နှုတ်ချို ကြည်ညိုချစ်မြဲမှတ်
၁၀၀။ အဝတ်ဟောင်းနွမ်း ဝင်ပွဲလမ်း မိတ်ကျွမ်းမလုပ်မှတ်
၁၀၁။ မင်းသူဌေးသွင် ငါးဝတ်ဆင် မြင်သူမနေ့မှတ်
၁၀၂။ မင်းသူဌေးတို့ ယှဉ်ပြိုင်ပြို့ အမှုတွေ့မည်မှတ်
၁၀၃။ ဥာဏ်နှင့်ယှဉ်ပြု ပေးကမ်းမှု အနုချစ်ဆေးမှတ်
၁၀၄။ ပေးကမ်းနိုင်ငြား ချွေရုံများ တပါးချစ်ဆေးမှတ်
၁၀၅။ စေခံယောကျ်ား လွန်မြောက်စား မှောက်မှားတတ်သည်မှတ်
၁၀၆။ နှစ်ပါးမိဘ လုပ်ကျွေးမှ သုခတည်မည်မှတ်
၁၀၇။ မုန်းချစ်, ပေါင်းကွဲ ကြုံရန်ငြဲ မလွဲဒုက္ခမှတ်
၁၀၈။ အမှားကိုပယ် မှန်လျှင်လိုက်နာ ,အရာရာ ချမ်းသာကြီးကြောင်းမှတ်

---

ဥပ္ပါတသန္တိကျမ်းမှ ထုတ်နုတ်အပ်သော
အ န္တ ရာယ် ကင်း ဂါထာ

ရတနာပူရ အင်းဝဘုရင် ဆင်ဖြူရှင်လက်ထက်
ဆုံထားဆရာတော်ဘုရားကြီး
အနက်မြန်မာ ပြန်ဆိုထားတော်မူခဲ့သည်

၁။ မာရသေနဝိဃာတသာ ဇိနဿသုခဇ္ဈာယိနော ဇေတဗောဓိ ဗလေန မဟာတာ သဒါမင်္ဂလတ္ထုမေ
၂။ နာနာဂုဏဝိစိတ္တဿ ရူပကာယဿ သတ္ထုနော သဗ္ဗဒေဝမနုဿာနံ မာဓုဗန္ဓဝိမောစိနော မေတ္တာဗလေန မဟာတာ သဒါမင်္ဂလတ္ထုမေ။

၃။ သဗ္ဗညုတာဒိ ကာယဿ ဓမ္မကာယဿသတ္ထုနော ဗုဒ္ဓဿ ဂေါစရဿာပိ ဂေါစရဿေဝဘူရိယာ တေဇောဗလေနမဟတာ သဒါသဗ္ဗ မင်္ဂလတ္ထုမေ။

၄။ ရူပကာယသဒိသဿ နိမ္မိတဿမဟေသိနော သိက္ခိတွာ မာနုသကေဒေဝေ မောစယိတွာန သဒေဝကေ။

၅။ သခ်ါရေ ပဇဟန္တဿ နိဗ္ဗုတဿ မဟေသိနော မဟတာ အာနုဘာဝေန သဗ္ဗမင်္ဂလတ္ထုမေ။

၆။ စတုရာသီတိသဟဿ ဓမ္မခန္ဓဿတေဇသာ နဝင်္ဂသာသန ဿာပိ နဝလောကုတ္တရဿစ သဗ္ဗပါပ ပဝါဟေန သဒါမင်္ဂလတ္ထုမေ။

၇။ မဟာတေဇရိယသံဃဿ ပုညခေတ္တဿ တာဒိနော ပဟီန သဗ္ဗပါပဿ သီလက္ခန္ဓာဒိဓာရိနော မဟာတေဇာ နုဘာဝေန သဒါမင်္ဂလတ္ထုမေ။

၈။ ပဗ္ဗာဇေန တလောကာသေ ဒေဝါယက္ခာ ပိသာစကာ ဝိဇ္ဇာဓရာစဂန္ဓဗ္ဗာ နာဂါကုမ္ဘဏ္ဍ ရက္ခသာ သဗ္ဗေသံအာနုဘာဝေန သဒါမင်္ဂလတ္ထုမေ။

၉။ ဣစ္စေဝံ ဥပ္ပါဘာသန္တိ ဝဒေယော သုဏောယျဝါ ဓါရေ ယျဝါ ဝိဇေယျ သဗ္ဗပါပါနိ သတိကာမောလဘေ သတိ။

၁၀။ သုခကာမောသုခံလဘေ အာယုကာမောလဘေ ယျာယုံ ပုတ္တကာမောလဘေသုတေ တဿရောဂါနံ ဗာဇေန္တိ။

၁၁။ ဝါတာ ပိတ္တာဒိ သမ္ဘဝါ အကာလ မရဏံ နတ္ထိနဒေဝေါဝ် သမောသရေ နဇော ပ္ပဒါဒါယံပိဿ။

၁၂။ နောစပတ္တဘယံတထာ နဿန္တိဒုန္နိမိတ္တာနိ ပါပကာမ္မဉ္စတာ နိစ ဒီဃမာယု ဟိသောတ္ထိစ။

၁၃။ အာရောဂျဥ္ဇ သဒါဘဝေ ယောသုတ္တာပိ မဟာသန္တိံ သင်္ဂါမေပဝီသေနရော ဝိဇယေဝရိနော သဗ္ဗေ။
၁၄။ နသတ္တေဟျာတိ ဘုယျတော ဝိပ္ပတ္တိနာနဂါဟတိ နရော ဝေနာ ဘိဘုယျတော သဝတ္တုပ္ပာ ဝိဝစတော။
၁၅။ ယတြဒေသေ ပကောပကာ ဗလကာ ရက္ခသာဒယော ဥပ္ပါတသန္တိယောသေန သဗ္ဗေတတ္ထသမေန္တိမေ။
၁၆။ ယံဥဒ္ဒိသာဝဒေသန္တံ သဇီဝိတံ ပျဇီဝိတံ သောမုစ္စတေ မဟာဒုက္ခာ လဘာတေတုဂတိံ သဒါ။

ဂါထာပါဠိ ပြီး၏။

---

## အနက်ပြန်ဆိုချက်

၁။ မာရသေနဝိဃာတဘဿ-မာရ်မင်း၏ စစ်သည်အပေါင်းကို ဖျက်ဆီးနှိမ်နင်းတော်မူပြီးထသော၊ သုခမျာဃိနော-ချမ်းသာစွာ ဈာန်သမာပတ် တရားကို ဝင်စား တော် မူလေ့ ရှိထသော၊ ဇိနဿ- ငါးမာရ်အောင်မြင် မြတ်ချစ်ရှင်၏၊ မဟာတာ- များလှစွာသော၊ တေဇေဗလေန-တန်ခိုးအစွမ်းတော်ဖြင့်၊ မေ-အကျွန်ုပ်အား၊ သဒါ- အခါခပ်သိမ်းသောကာလ၌၊ မင်္ဂလံ- မြတ်သော မင်္ဂလာသည်၊ အတ္ထု-ဖြစ်စေသတည်း။ ။

၂။ နာနာဂုဏဝိစိတ္တဿရူပကာယဿ- အထူးထူးသော လောကီလောကုတ္တရာဂုဏ်တို့ဖြင့် ဆန်းကြယ်သော ရူပကာယနှင့် ပြည့်စုံသော၊ သဗ္ဗဒေဝမနုဿာနံ-အလုံးစုံသောလူနတ်တို့ကို၊ မာရဗန္ဓဝိမောစိနော-မာရ်ဟူသော အနှောင်အဖွဲ့ကို ချွတ်တော်မူပြီးထသော၊ သတ္ထုနော-မြတ်စွာဘုရား၏၊ မဟာတာမေတ္တာဗလေန-

ကြီးမြတ်သောမေတ္တာတော်၏အာနုဘော်ကြောင့်၊ မေ-အကျွန်ုပ်အား၊ သဒါ-အခါခပ်သိမ်း၊ မင်္ဂလံ-မင်္ဂလာသည်၊ အတ္ထု-ဖြစ်စေသတည်း။ ။

၃။ ဗုဒ္ဓသာ-သစ္စာလေးပါးတို့ကို အလိုလိုသိတော်မူပြီးထသော၊ သတ္တုနော-လူသုံးပါးတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏၊ သဗ္ဗညုတာဒိကာယဿ-သဗ္ဗညုတဉာဏ်တော်စသော အစိတ်စိတ်သော ဉာဏ်တော်တို့၏ အပေါင်းဖြစ်သော၊ ဓမ္မကာယဿပိ-ဓမ္မကာယ၏ငှင်း၊ ဂေါစရဿပိ-အာရုံဓမ္မ၏ငှင်း ဂေါစရဿ၀-အဆုံးမရှိသောအာရုံသို့၊ ဘူရိယာပိ-မြေကြီးအထုနှင့်တူသော ပညာတော်၏ငှင်း၊ မဟာတာတေဇော ဗလေန-ကြီးမြတ်သော တန်ခိုး အာနုဘော်ကြောင့်၊ မေ- ကျွန်ုပ်အား၊ သဒါ-အခါခပ်သိမ်း၊ သဗ္ဗ-အလုံးစုံသော မင်္ဂလံ-မင်္ဂလာသည်၊ အတ္ထု-ဖြစ်စေသတည်း။

၄။ မဟေသိနော-သီလက္ခန်စသောကျေးဇူးတို့ကို ရှာမှီးတော်မူပြီးသော မြတ်စွာဘုရား၏၊ ရူပကာယသာဒိသဿ-ရူပကာယနှင့် တူစွာထသော၊ နိမ္မိတဿ-နိမ္မိတဘုရား၏ငှင်း၊ သဒေဝက-နတ်နှင့်တကွသော လောကဥ္၊ မာနုသေ-လူတို့ကိုငှင်း၊ ဒေဝေ-နတ်တို့ကိုငှင်း၊ သိက္ခိတွာ- သွန်သင်ဆုံးမပြီး၍၊ မောစယိတွာနချွတ်တော်မူပြီး၍—

၅။ သင်္ခါရေ-သင်္ခါရတရားတို့ကို၊ ပဇဟန္တဿ-စွန့်တော်မူပြီးထံသော၊ နိဗ္ဗုတဿ-ခန္ဓပရိနိဗ္ဗာန်သို့ ရောက်တော်မူပြီးထသော၊ မဟေသိနော-ပကတိသော မြတ်စွာဘုရား၏ငှင်း၊ မဟာတာအာနုဘာဝေန-ကြီးမြတ်သော တန်ခိုး အာနုဘော်ကြောင့်၊

မေ-အကျွန်ုပ်အား၊ သဗ္ဗံ-အလုံးစုံသော မင်္ဂလံ-မင်္ဂလာသည်၊ အတ္ထု-ဖြစ်စေသတည်း။

၆။ စတုရာသီတိသဟဿဓမ္မက္ခန္ဓသ - ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိသော၊ နဝင်္ဂသာသနဿ-ပိ- အင်္ဂါအားဖြင့် ကိုးပါးရှိသော၊ ပရိယတ္တိသာသနာတော်၏ရင်း၊ နဝလောကုတ္တရဓမ္မဿာပိ-ကိုးပါးသော လောကုတ္တရာ တရားတည်းဟူသော ပဋိဝေဓသာသနာတော်၏ရင်း၊ သဗ္ဗပါပ ပဝါဟေန-အလုံးစုံသောမကောင်းမှုကို ဆေးကြောသုတ်သင် စင်အောင်မျှောတတ်သော၊ တေဇသာ-တန်ခိုးအစွမ်းကြောင့်၊ မေ-အကျွန်ုပ်အား၊ သဗ္ဗံ-အလုံးစုံသော၊ မင်္ဂလံ-မင်္ဂလာသည်၊ အတ္ထု-ဖြစ်စေသတည်း။

၇။ ပုညခေတ္တဿ-ကောင်းမှုတည်းဟူသော မျိုးစေ့၏စိုက်ပျိုးရာ လယ်မြေကောင်းသဘွယ် ဖြစ်တော်မူထသော၊ တာဒိနော-လောကဓံတရားအပေါင်း၌ သည်းခံပယ်မူလေ့ရှိထသော၊ ပဟိနသဗ္ဗပါပဿ-ပယ်အပ်ပြီးသော အလုံးစုံသော မကောင်းမှုရှိသော၊ သီလခန္ဓာဒိစာရိနော-သီလက္ခန္ဓစသောဓမ္မက္ခန္ဓာအပေါင်း၏ တည်ရာဖြစ်တော်မူထသော၊ မဟာတောရိယသံဃဿ-မြတ်လှစွာသော အရိယာ သံဃာတော် အပေါင်း၏၊ မဟာတေဇာနုဘာဝေန- ကြီးမြတ်သော တန်ခိုးအာနုဘော်တော်ကြောင့်၊ မေ-အကျွန်ုပ်အား၊ သဒါ-အခါ ခပ်သိမ်း၊ မင်္ဂလံ-မင်္ဂလာသည်၊ အတ္ထု-ဖြစ်စေသတည်း။

၈။ ပဗ္ဗာလေန တလောကာသေ-ကောင်းကင် အပြင် တောင်ခေါင်းဥမင်အပြင်ဖြစ်သောအရပ်၌၊ ဝသန္တော-နေသော ဒေဝါ-နတ်တို့သည်လည်းကောင်း၊ ယက္ခာ-ဘီလူးတို့သည်လည်း

ကောင်း၊ ပိသာစ-မြေဘုတ်ဘီလူးတို့သည်လည်းကောင်း၊ ဝိဇ္ဇာဓရာ-ဝိဇ္ဇာဓိုရ်တို့သည်လည်းကောင်း၊ ဂန္ဓဗ္ဗာ-ဂန္ဓဗ္ဗနတ်တို့သည်လည်းကောင်း၊ နာဂါ-နဂါးတို့သည်လည်းကောင်း၊ကုမ္ဘဏ္ဍာ-ကုမ္ဘာဏ်တို့ သည် လည်း ကောင်း၊ ရက္ခသာ- ရက္ခိုက်တို့သည်လည်းကောင်း၊ ဉာတိ-ဉာတိ၊ သဗ္ဗေသံ-ခပ်သိမ်းကုန်သော နတ်, နဂါး, ဘီလူးကုမ္ဘာဏ်, ရက္ခိုက် စသည်တို့၏ အာနုဘာဝေန-အာနုဘော်ကြောင့်၊ မေ-အကျွန်ုပ်အား သဗ္ဗံ-အလုံးစုံသော၊ မင်္ဂလံ-မင်္ဂလာသည်၊ အတ္ထု-ဖြစ်စေသတည်း။

၉။ ဉာတိစေတံ-ဉာတိဝေဝုတ္တနယေန-အကြင် အကြင် ဆိုအပ်ပြီးသောနည်းဖြင့်၊ ယော-အကြင်သူသည်၊ ဥပ္ပါတသန္တိံ-ဥပ္ပါတသန္တိမည်သော ဂါထာအပေါင်းကို၊ ဝဒေဝဒေယျ- ဟောမူလည်းဟောရာ၏၊ သုဏေယျဝါ- နာမူလည်း နာရာ၏၊ ဓရေယျဝါ-နှုတ်ကျက်မူလည်း ဆောင်ရာ၏၊ သော-ထိုသူသည်၊ သဗ္ဗပါပါနိ- အလုံးစုံသော မကောင်းခြင်းတို့ကို၊ ဝိဇေယျ- အထူးသဖြင့် အောင်ရာ၏၊ သတိကာမော-သတိကို အလိုရှိသောသူသည် သတိံ-သတိကို၊ လဘေ-ရနိုင်၏။

၁၀။ ၁၁။ သုခကာမော- ကိုယ်စိတ်တို့၏ ချမ်းသာခြင်းကို အလိုရှိသောသူသည်၊ သုခံ-ကိုယ်စိတ်၏ ချမ်းသာခြင်းကို၊လဘေ-ရ၏၊ အာယုကာမော-အသက်ရှည်ခြင်းကို အလိုရှိသောသူသည်၊ အာယုံ-အသက်ရှည်ခြင်းကို၊ လဘေယျ-ရရာ၏၊ ပုတ္တကာမော-သားကိုအလိုရှိသောသူသည်၊ သုတေ- သားတို့ကို ယာတေ-ရ၏၊ တံသ-ထိုဥပ္ပါတသန္တိဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်သောသူအား၊ ဝါတာပိတ္တာဒိသမ္ဘဝါ-လေ, သည်းခြေ,သလိပ်, သွေးအစရှိသည်တို့ကြောင့် ဖြစ်ကုန်သော ရောဂါအနာမျိုးတို့သည်၊

နဗာဓေန္တိ- မနှိပ်စက်နိုင်ကုန်၊ အကာလမရဏံ- ဥပစ္ဆေဒကကံကြောင့် သေရခြင်းသည်၊ နတ္ထိ-မရှိ၊ ဒေဝါစ-မိုဃ်းသည်လည်း၊ ဝိသမံ-မညီမညွတ်၊ နဩသရေ-မရွာ၊ အဿ-ထို ဥပ္ပါတသန္တိဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်သော သူအား၊ ဘယံပိ- ကြောက်ခြင်းသည်လည်း၊ နစောပ္ပဒါ- နစဥပ္ပဇ္ဇတိ- မဖြစ်။

၁၂။ ပတ္တာဘယံ- ရောက်လတ္တံ့သော ဘေးအပေါင်း သည်လည်း၊ နောဥပ္ပဇ္ဇိဿတိ-မဖြစ်လတ္တံ့၊ တထာ-ထိုမှတပါး၊ ပါပကမ္မဋ္ဌိတာနိ-ရှေးရှေးသော ဘဝတို့၌ ပြုခဲ့ဘူးသော မကောင်းမှုကံကြောင့် တည်လာထင်ရှားကုန်သော၊ ဒုန္နိမိတ္တာနိ- မကောင်းသောနိမိတ် ဩဘာတို့သည်လည်း၊ နဿန္တိ- ပျောက်ကုန်၏၊ သောတ္ထိ-ချမ်းသာစွာ၊ ဒီဃမာယုဟိ-ဒီဃမာယုဝေ-အသက်ရှည်သည်သာလျှင်၊ ဟောတိ-ဖြစ်၏။

၁၃။ သဒါ- အခါခပ်သိမ်း၊ အာရောဂျ- အနာမရှိသော အဖြစ်သာလျှင်၊ ဘဝေ-ဖြစ်၏၊ ယောနရော- အကြင်အမှုထမ်း ယောကျ်ားစစ်တပ်သားသည်၊ မဟာသန္တိ-မြတ်သောငြိမ်းခြင်းကို- ဖြစ်စေတတ်သော ဥပ္ပါတသန္တိဂါထာကို၊ သုတွာပိ- နာ၍လည်း၊ သင်္ဂါမေ-နှစ်ဖက်ပြိုင်ယှဉ် စစ်မြေပြင်သို့၊ ပဝိသေ-ဝင်အံ့၊ သောနရော-ထိုဥပ္ပါတသန္တိဂါထာကိုနာ၍ စစ်မြေပြင်သို့ဝင်သော အမှုထမ်းသည်၊ သဗ္ဗေ- အလုံးစုံသော၊ ဝေရိနော- ရန်သူတို့ကို၊ ဝိဇယေ-ငအောင်ရာ၏။

၁၄။ သတ္တေဟိ- ရန်သူတို့သည်၊ ဂါ- ဓါးလက်နက်တို့သည်၊ နဘိဘုယျတေ-မနှိပ်စက်နိုင်၊ ဝိပ္ပတ္တဲနာ-ပျက်စီးခြင်းသည်၊ နဂါဟတိ-နဗာဓိယတိ-မနှိပ်စက်၊ ရောဂေန- အနာရောဂါအပေါင်း

သည်၊ နဘိဘုယျတော-မနှိပ်စက်နိုင်၊ သဝတ္ထုတိ-မိမိဝတ္ထုစည်းစိမ် ဥစ္စာ ရတနာတို့ဖြင့်လည်း၊ ဝဍ္ဎတေ-ပွားများ၏။

၁၅။ ယတြဒေသေ-အကြင်အရပ်၌၊ ပကောပကာစ-တခွ ဥပကယ် ဥပကကြီးတို့သည် လည်းကောင်း၊ ဗလကာရက္ခသာဒ ယော- ဘုတ်ပြိတ်ရက္ခိုက် အစရှိသော မကောင်းသော အာရုံတို့ သည်လည်းကောင်း၊ စေဘဝေယျံ-အကျယ်၍ရှိကုန်ငြားအံ့၊တတ္ထ ပဒေသေ- ထို တခွေ ဘုတ်ပြိတ် ရက္ခိုက် ဥပကရှိသောအရပ်၌၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ တေ-ထို တခွေ ဘုတ် ပြိတ် ရက္ခိုက် ဥပက အပေါင်းတို့သည်၊ ဥပ္ပါတသန္တိယောသေန- ဥပ္ပါတသန္တိ ဂါထာကို ရွတ်ဖတ်သောအသံဖြင့်၊ သာမန္တိဥပသမေန္တိ-ငြိမ်းကုန် ၏။

၁၆။ ဇီဝိတမ္ပိ-အသက်ရှည်သည်လည်းဖြစ်သော၊ အ ဇီဝိတမ္ပိ-အသက်မရှည် သေအံ့သည်လည်း ဖြစ်သော၊ ယံ- အကြင်သူကို၊ ဥဒ္ဒိဿ-ရည်မှတ်၍၊သန္တိ-ဥပ္ပါတသန္တိဂါထာကို၊ ဝဒေ-ရွတ်ငြား အံ့၊ သော-ထိုရည်မှတ်အပ်သောသူသည်၊ မဟာဒုက္ခာ- ကြီးစွာ သောဆင်းရဲမှ၊ မုစ္စတေ-လွတ်၏၊ သဒါ-အခါခပ်သိမ်း၊ သုဂတိ သုဂတိဘဝကို၊ လဘတေ-ရ၏။

ဥပ္ပါတသန္တိဂါထာ-ပါဠိအနက် ပြီး၏

## သီဟဗာဟုမင်းမြတ် အမြဲရွတ်ဖတ် သရဇ္ဈာယ်တော်မူသော

## ဝသန္တတိလက ဂါထာတော်ကြီး

၁-ဗုဒ္ဓေါတိလောက- ဘဝအန္တကရော ဥဒေန္တိ- နာဂံ သသေန အတိကက္ခဋ္ဌမာရဒေဝံ ထာမာသယာတိ တဝသေန ဇိနော့ဇယန္တော ဓော်နအတ္ထု ဇယမင်္ဂလမဂ္ဂမေကံ ၂-မဂ္ဂံ နာဝနရဒေဝ ဟိတာဝဟန္တော မေဟာဿသဇ္ဇိတ သဟာဿ ဒိယန္ဓ တဈာ ဥပတ္တိမံသနဝသေန ဇိနော့ဇယန္တော ဓောနအတ္ထု ဇယ မင်္ဂလမဂ္ဂမေကံ ၃- သကျာဒိဝံသပဝရော ဂဂမော ပမပညော သေဋ္ဌောတိ စူဠမကုဋ္ဌော တိလောကနာထော သခ်ါရတေဇ ဝိဓမေန ဇိနော့ဇယန္တော ဓောနအတ္ထု ဇယမင်္ဂလမဂ္ဂမေကံ ၄-သဗ္ဗဏ္ဏုဓိသိပဝရော-ဝရထာမကာယော နန္ဒိဝဏ္ဏာဝိရဇံ သုဘာခန္ဓ မာရံ သက္ကာယဟေတုပဇဟေန ဇိနော့ဇယန္တော ဓောနအတ္ထု ဇယမင်္ဂလမဂ္ဂမေကံ ၅-ဗတ္တိံသလက္ခဏဓရော အတုပေဘာသုညော ဗာဠ်မဟာန္တဗလဝံ အဟိပစ္စမာရံ တိဿောပဋိညာကရဏေန ဇိနော့ဇယန္တော ဓောနအတ္ထု ဇယမင်္ဂလမဂ္ဂမေကံ။ ပဉ္စဝိဇေယျ၅-ဂါထာပါဌ်(၁၄)လုံးဘွဲ့ ဝသန္တတိလကဂါထာ။

အနက်ကား။ ။ ၁။ ဗုဒ္ဓေါ- သစ္စာလေးပါး တရားကို သိတော်မူပြီးသော၊တိလောက ဘဝအန္တကရော-လောကသုံးပါ၌ ဘဝ၏အဆုံးကို ပြုတော်မူတတ်သော၊ ဇိနော-မြတ်စွာဘုရားသည်၊ နာဂံ- ဂိရိမေဂလာဆင်ထက်သို့၊ ဥဒေန္တိ- တက်စီးလျက်သော၊ သသေနံ- စစ်သည်နှင့်တကွသော၊ အတိကက္ခဋ္ဌမာရဒေဝံ- အလွန်ကြမ်းတမ်းသော မာရ်မင်းကို၊ ထာမာသယာတိတဝသေန-

အစွမ်းအံ့ရာကို လွန်သောသတ္တိဖြင့်၊ ဇယန္တော- အောင်တော်မူလေပြီ၊ တေန-ဤသစ္စာစကားဖြင့် ဤမာရ်နတ်မင်းကို အောင်မြင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇော-အတုမရှိသော၊ အဂ္ဂ-မြတ်သော၊ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်၊ အတ္ထု- ဖြစ်စေသတည်း။ ၂။ မဂ္ဂင် နာဝနုရဒေဝ ဟိတာဝဟန္တော-မဂ္ဂင်တည်းဟူသော သဃော်လှေဖြင့် လူနတ်တို့၏အစီးအပွားဖြစ်သောနိဗ္ဗာန်သို့ဆောင်တော်မူဘတ်ဆဲသော၊ဇိနော-မြတ်စွာဘုရားသည်၊ မောဟဿ,သဇ္ဇိတ,သဟဿ ဒိယစုတကျ-မောဟသည်စီရင်အပ်သော တထောင့်ငါးရာ ကိလေသာတည်းဟူသောမာရ်ကို၊ ဥပ္ပတ္တိမံသနဝသေန- ဖြစ်ခြင်းကို ဖျက်ဆီးတတ်သော သတ္တိဖြင့်၊ ဇယန္တော- အောင်တော်မူလေပြီ၊ တေန-ဤသစ္စာစကားဖြင့်ဤကိလေသမာရ်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား၏တန်ခိုးတော်ကြောင့်၊ မေ-ငါ့အား၊ဇော-အတုမရှိသော၊ အဂ္ဂ-မြတ်သော၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ အတ္ထု- ဖြစ်စေသတည်း။ ၃။ သကျာဒိဝံသပဝရော-သာကီဝင်စသော အနွယ်ဖြင့် မြတ်တော်မူသော၊ ဂဂနေသူပမ ပညော-ကောင်းကင်ပြင်ကဲ့သို့ ကျယ်ဝန်းသော ပညာရှိတော်မူသော၊ သေဋ္ဌာဓိဂုဏ္ဍမကုဒ္ဓော- မြတ်သောသူတို့ထက်၊ လွန်မြတ်သောဦးစွန်းမကိုဋ်သဘွယ် ဖြစ်တော်မူသော၊တိလောကနာထော-လောကသုံးပါး၏ ကိုးကွယ်ရာ ဖြစ်တော်မူသော၊ဇိနော-မြတ်စွာဘုရားသည်၊ တေဇဝိမနေ-အရှိန်အစော်ကို ဖျက်ဆီးသောသတ္တိဖြင့်၊ သင်္ခါရံ-သင်္ခါရမာရ်ကို၊ဇယန္တော-အောင်မြင်တော်မူလေပြီ၊ တေန- ဤသစ္စာစကားဖြင့်၊ သင်္ခါရမာရ်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့်၊မေ-အကျွန်ုပ်အား၊

ကေံ- အတုမရှိသော၊ အဂ္ဂံ-မြတ်သော၊ ဇယမင်္ဂလံ- အောင်ခြင်း မင်္ဂလာသည်၊ အတ္ထု-ဖြစ်စေသတည်း။ ၄။ ဒါဗ္ဗဏ္ဏာရုံသိပဝေ့ရော- ရောင်ခြည် ခြောက်သွယ်ဖြင့် မြတ်တော်မူသော၊ ဝရထာမကာယော-မြတ်သောအား မြတ်သောကိုယ် ရှိတော်မူသော၊ ဇိနော- မြတ်စွာဘုရားသည်၊နန္ဒံ-နှစ်သက်ဖွယ်သော၊ နိဝဏ္ဏာဝိရဇံ-မှုကြေး ကင်းသော မြဲသော အဆင်းရှိသော၊ သုဘာခန္ဓမာရံ- တင့်တယ်သော ခန္ဓမာရ်ကို၊ သက္ကာယဟေတု ပဇဟေန- သက္ကာယဒိဋ္ဌိ တည်းဟူသော အကြောင်းကို ပယ်သောသတ္တိဖြင့်၊ ဇယန္တော- အောင်မြင်တော်မူလေပြီ၊ တေနေ- ထိုသစ္စာစကားဖြင့် ထိုခန္ဓ မာရ်ကို အောင်တော်မူသော မြတ်စွာဘုရားတန်ခိုးတော်ကြောင့်၊ မေ-အကျွန်ုပ်အား၊ ကေံ-အတုမရှိသော၊ အဂ္ဂံ-မြတ်သော၊ ဇယ မင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ အတ္ထု-ဖြစ်စေသတည်း။ ၅။ ဗာတ္တိံသလက္ခဏဓရော-လက္ခဏာတော်ကြီး ၃၂-ပါးကို ဆောင် တော်မူတတ်သော၊ အတုပေတပုညော-အလွန်သော ဘုန်းတော် နှင့်ပြည့်စုံတော်မူတတ်သော၊ ဇိနော-မြတ်စွာဘုရားသည်၊ ဗာဠံ- ပြင်းထန်စွာသော၊ မဟာဗ္ဗလံ- များသောအားရှိသော၊ အတိ မစ္စုမာရံ- အလွန်သော မစ္စုမာရ်ကို၊ တိသေတ ပဋိညာကာရ ကေန-ပဋိညာဉ်သုံးပါးကို ပြုသောသတ္တိဖြင့်၊ ဇယန္တော- အောင် တော်မူလေပြီ၊ တေန- ထိုသစ္စာစကားဖြင့် ထိုမစ္စုမာရ်ကို အောင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့်-မေ- အကျွန်ုပ်အား၊ ကေံ- အတုမရှိသော၊ အဂ္ဂံ- မြတ်သော၊ ဇယ မင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်၊ အတ္ထု-ဖြစ်စေသတည်း။

ပဉ္စဝိဇေယျဂါထာ ပါဠ်အနက်ပြီး၏။

## အဋ္ဌာရသ ဆုတောင်းဂါထာပါဠိ

၁-ဗုဒ္ဓါဒိရတနတ္တယံ ဝန္ဒိတွာနစသာဒရံ သီလာနိပရိပူရေ ဘွာ စတုအက္ခရယောဂတော၊ ၂-အဆဇ္ဇာဘဇ္ဇကာယောမှိ သဗ္ဗာ ဝုခ ပရိတ္တကော ကြုမိနာညံ ပရေနာပိ သမဘွောကရိတုံကြုမံ၊၃- သဗ္ဗဗန္ဓနဆိန္နောမှိ အခန္တောဗဟိဗဟန္တဝါ အနန္တဗလဝါ ဟောပိ နသမတ္တောဂဏှိတုံသဒါ၊ ၄- ဆံာယုသျှတ္တမှိနာဒိင္ဆော နာသု ဏောသဒ္ဒမတ္တကံ ခုဒ္ဒကံပဟန္တံဝါပိ မဟန္တံ အပ္ပကံကရေ၊ ၅- ဥဒကာ ကာယ စာရိကော မဟိန္ဒိမုစ္စကော ဘဝေ သုဝဏ္ဏရ ဇတာဒိနိ ယထိစ္ဆိတကရောသဒါ၊ ၆- ကောဋ္ဌာဃရ ကာရာဒိကံ ပုမိတ္တိပိယသံယုတ္တံ သဟာယာယုစိန္တညာဏော ဒူရမှိသမီပဘဝေ၊ ၇- ဝိဇ္ဇန္တရာတဒါသဗ္ဗေ ပယန္တေ သုတမတ္တကေ ပကာသေတွာ အတ္တာသိပ္ပံမမံကုန္တုရော်သဒါ၊ ၈- ပရိဝါရေတွာနိသိန္နေ မမတ္တံ ဂရုံကရေန္တော ဝဟန္တုတေအမိပေါဟံ သဗ္ဗဝိဇ္ဇာပယုတ္တာနံ၊ ၉-ယထာဝုတ္တာနိ ဖလာနိ သမိဇ္ဈတုယထိစ္ဆိတံ စတုဓာတုပသိဒ္ဓေန မဟန္တအတ္တဒဿိနာ၊ ၁၀- ကရုဏာမံရာ တမ်ခမောဟ် ပဗောမေသိဇ နမ္မုဇ္ဇ ခမေ့တွာ မမ္မရံသီဟိဝရံသော ဒေတုမေဖလံ၊ ၁၁-ယံမိ တဗ္ဗယမောဒနေ့ာ ဂမိတဗ္ဗဂမာဒိကော ဗလံမာရဃယောဇိနော ဝရံသော ဒေတု မေ ဇယံ—

အနက်ကား။ ။အပ်-သည်၊ သာဒရံ- ရိုသေခြင်းနှင့်တကွ ဗုဒ္ဓါဒိရတနတ္တယံ-ဘုရားအစရှိသော ရတနာသုံးပါး အပေါင်းကို၊ ဝန္ဒိတွာ-ရှိခိုးဦး၍၊သီလာနိ-ငါးပါးသောသီလရှစ်ပါးသောသီလ တို့ကိုလည်း၊ပရိပူရေတွာ-ပြည့်စုံစေ၍၊ စတုအက္ခရယောဂတော- လေးလုံးဖေါ်ပြ စမအက္ခရာ မကွာယှဉ်လျက် ဆောင်ရွက်သော

ကြောင့်၊ အဆင္ဃာဘင္ဃကာယော-မပေါက်မပြ ရှုနမရှိ ပကာဟိကြန့်ခိုင်သော ကိုယ် ရှိသည်လည်းကောင်း၊ သုဗ္ဗာဝုဓပေရိတ္တကော-မီးပေါက်လေးမြွား ဓါးလုံသေနတ် သန်လျက် သစ်ချွန်စသော ခပ်သိမ်းသောလက်နက်မျိုးတို့ကိုတားမြစ်နိုင်သည်လည်းကောင်း၊ ဣမိနာ-ဤငါ၏ကိုယ်ဖြင့်၊ အညံ-သူတပါး၏ကိုယ်က၊ ပရေနာပိ-သူတပါး၏ကိုယ်ဖြင့်လည်း၊ ဣမံ-ဤငါ့ကိုယ်ကို၊ ကရိတုံ-ဖေါက်လဲတဖန် ပြန်လှန်ပြုခြင်းငှါ၊ သမတ္ထော-စွမ်း နိုင် သည်၊ အမို-ဖြစ်ရပါလို၏၊ သဗ္ဗဗန္ဓနဆိန္နော-ခပ်သိမ်းသော အနှောင်အဖွဲ့မျိုးကို ထွင်းဖေါက်နိုင်သည်လည်းကောင်း၊ အန္တောဗဟိ-ဗဟန္တဝါ-အတွင်းမှသည် အပသို့ အပမှသည် အဖွင်းသို့ ရောက်စေနိုင်သည်လည်းကောင်း၊ အနန္တဗလဝါဟောပိ-အတိုင်းမသိသော ဗိုလ်ပါအလယ်၌လည်း၊ သဒါ-အခါခပ်သိမ်း၊ ဂဏိုတုံ-ဖမ်းယူခြင်းငှာ၊ နသက္ကော-မတတ်နိုင်သည့်၊ အမှို-ဖြစ်ရပါလို၏၊ ဆာယာမတ္တမ္ပိ-အရိပ်ကိုမှလည်း၊ နာဒိဌာ-အလိုမရှိကမမြင်ရသည်လည်းကောင်း၊ သဒ္ဒမတ္တကံ-အသံကိုမျှလည်း၊ နာသုဏော-အလိုမရှိက မကြားရသည်လည်းကောင်း၊ ဟုတွာ-ဖြစ်၍၊ ခုဒ္ဒက-အငယ်ဖြစ်လျက်၊မဟန္တံ-ကြီးသည်ကို၊မဟန္တံဝါ-အကြီးဖြစ်လျက်လည်း၊ အပ္ပကံ-ငယ်သည်ကို၊ကရေ-ပြုနိုင်ရာ၏၊ဉဒကာကာသစာရိကော-ရေပြင်ကောင်းကင်သို့သွားနိုင်သည်လည်းကောင်းမဟိနိမုဇ္ဇကော-မြေကိုငုတ်လျှိုးနိုင်သည်လည်းကောင်း၊အထော-ဖြစ်ရလို၏၊သုဝဏ္ဏရဇတာဒီနိ-ရွှေ,ငွေ,ကြေး,သံ,ပြဒါးစသည်တို့ကို၊ သဒါ-အခါခပ်သိမ်း၊ ယထိစ္ဆိတကာရော-အကြင်အလိုရှိကပြုစွမ်းနိုင်သည်လည်းကောင်း၊ အထော-ဖြစ်ရလို၏၊ ကောဋ္ဌာဃရကာရာဒိကံ-ကျီကြဘဏ္ဍာ အိမ်ရာစသည်တို့ကို ဖြစ်စေနိုင်သည်လည်းကောင်း၊

ပုမိတ္တိပိယသံယုတ္တံ-ယောကျ်ားမိန်းမဖြစ်သော လူအပေါင်း တို့ချစ်မြတ်နိုးသည်လည်းကောင်း၊ သဟာယာယ-အသက်တထောင်ရှည်ခြင်းသည်လည်းကောင်း၊ စိန္တညာဏော-သူတပါးတို့၏အကြံအစီကို သိနိုင်သည် လည်းကောင်း၊ ဒူရမ္ပိ-ဝေးသောအရပ်ပင်ဖြစ်သော်လည်း၊ သမီပံ-နီးစေခြင်းငှါ စွမ်းနိုင်သည်လည်းကောင်း၊ ဘဝေ-ဖြစ်ရလို၏၊ တဒါ-ထိုသို့လိုရာအမှုကိုဆောင်ရွက်သောအခါ၌၊သဗ္ဗေ-ခပ်သိမ်းကုန်သော၊ ဝိဇ္ဇုန္တရာ-ဝိဇ္ဇာဓိုရ်တို့သည်၊မံ-ငါ့ကို၊ ပဿန္တေ-မြင်ကာမျှ လည်းကောင်း၊ သုတမတ္တကော-ကြားကာမျှလည်းကောင်း၊အတ္တသိပ္ပံ-မိမိတို့၏အတတ်မျိုးကို၊ ပကာသေတွာ-ထင်ရှားပြ၍၊တေ-ထိုတပသီဇော်ဂျီတို့သည်၊ သဒါ-အခါခပ်သိမ်း၊ မမံ-ငါ့ကို၊ ဒက္ခန္တု-ထင်ရှား ပြစေကုန်သတည်း၊ တေ-ထိုတပသီဇော်ဂျီတို့သည်၊ ပရိဝါရေတွာ-ခြံရံ၍၊ နိသိန္နေ-နေသောအခါ၌၊ မမတ္တံ-ငါလိုအပ်သောအကျိုးစီးပွားကို၊ ကရိုကာရေန္တော-အလေးအမြတ်ပြုသည် ဖြစ်၍၊ ဝဟန္တု-ရွက်ဆောင်စေသတည်း၊ အဟံ-ငါသည်၊ သဗ္ဗဝိဇ္ဇာ ပယုတ္တာနံ-အလုံးစုံသောဝိဇ္ဇာအတတ်မျိုးတို့ကို လုံ့လပြုကုန်သော ဇာပသီဇော်ဂျီတို့ကို၊ အဓိပေါ-အုပ်စိုးနိုင်နင်း အစိုးရခြင်းသည်လည်း၊ ဘဝမိ-ဖြစ် ရ ပါ လို ၏၊ ယထာဝုတ္တာနိဖလာနိ-အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောအကျိုးတို့သည်၊ စတုဓာတုပသိဒ္ဓေန-ဓာတ်လေးပါးဖြင့် ပြီးသော၊ မဟန္တတ္ထဒဿနာ-များစွာမြတ်သောအကျိုးကို ပြတတ်သော လေးလုံးသောဒို့ဓ္ဓရာတို့ကြောင့်၊ ယထိစ္ဆိတံ-အကြင်အလိုရှိသောအတိုင်း၊ သမိဇ္ဈတု-ပြည့်စုံစေ သတည်း၊ ကရံ-အတိုင်းမသိ များစွာသော ဒါနပါရမီစသော ပါရမီဆယ်ခု၊ ငါးခုသောစွန့်ခြင်းကြီးတို့ကို လွန်မင်းကဲမိုး ကြိုးပမ်းဆောင်တော်မူသည်၏ အ ဖြစ် ကြောင့်၊

ကရော-လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ကောင်း မြတ်သော မင်္ဂလာ နတ်ရွာနိဗ္ဗာန်ပြုနိုင်တော်မူသော မြတ်စွာဘုရားသည်၊ အမ္ဗုဇံ-ကြာနှင့်တူသော၊ ဇနံ-ကျွတ်ထိုက်သောသတ္တဝါကို၊ တမံမောဟံ-အဝိဇ္ဇန္ဓ-မောဟပိတ်ဆီး မိုက်မှောင်ကြီးကို၊ မမ္မရံသီဟိ-ဆယ်ပါးသော တရားတော်တည်းဟူသော ရောင်ခြည်ဝှန်းထက် ရွှေသန့်လျှက်ဖြင့်၊ ဓမ္မေတွာ-ချိုးဖဲ့ ဖျက်ဆီးတော်မူလျက်၊ ပဗောဓေသိ-ညှက်ထည်းလှစွာသော တဏှာညွန့်ဝဲမြောက်နဲ့စေးမှ လွန်ကဲထွက်တော်မူစေပြီးသော ထိုသို့ဆိုအပ်ခဲ့ပြီးသော ကျေးဇူးဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ မေ-ငါ့အား၊ ဝရံ-တောင့်တအပ်သော၊ ဖလံ-ကောင်းကျိုးကို၊ ဒေတု-ပေးစေသတည်း၊ ယောဇိနော-အကြင် မြတ်စွာဘုရားသည်၊ ယမိတဗ္ဗော-နှစ်လိုအပ်သော ပါရမီကို၊ ယမောဒန္တော-နှစ်သက်ယဉ်ကျေးတော်မူသည် ဖြစ်၍၊ ၆မိတ္တမ္ဘဗ္ဗာ-ရောက်အပ်သောအဖြစ်သို့၊ ဂမာဒိကော-ရောက်ဦးအစကာလ၌၊ ဗလံ-ပြိုင်သူ ပြီးတတ် စည်းကြပ်ပြီးသော၊ မာရဿ-မာရ်နတ်မင်းကြီး ဟူသော ရန်သူအား၊ ဇိနော-မကျန်မကြွင်း အောင်တော်မူသော၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ မေ-ငါ့အား၊ ဝရံ-မြတ်သော၊ ဇယံ-အောင်ခြင်းကို၊ ဒေတု-ပေးစေသတည်း၊ (တနည်းလည်း) သောကရာကရော-အကြင်ရောင်ခြည်တော်ခြောက်ပါး၏ တည်ရာဖြစ်သော ဘုရားတည်းဟူသော နေမင်းသည်၊' တမံမောဟံ-သစ္စာလေးပါးကို ဆီးတားပိတ်ကွယ်ဖုံးလွှမ်းတတ်သော အဝိဇ္ဇာဟူသော မှောင်အမိုက်ကို၊ ဓမ္မရံသီဟိ-တရားတည်းဟူသော ရောင်ခြည်တို့ဖြင့်၊ ဓမ္မေတွာ-ချိုးဖဲ့ဖျက်ဆီးတော် မူ၍၊ ဇနမ္ဗုဇံ-ကျွတ်ထိုက်သော သတ္တဝါကို၊ ပဗောဓေသိ-သစ္စာလေးပါးတရားကို သိခြင်း

သို့ရောက်စေသောအားဖြင့် ပွင့်တော်မူပြီးသော၊ သောကရောက ရော-ထိုခြောက်သွယ်သော ရောင်ခြည်တော်၏ တည်ရာဖြစ်သော ဘုရားတည်းဟူသောနေမင်းသည်၊ မေ-ငါ့အား၊ ဝရံ-မြတ်သော၊ ဖလံ-ကောင်းကျိုးအလို၏ပြီးပြည့်စုံခြင်းကို၊ဒေတု-ပေးစေသတည်း ယပိတဗ္ဗယမော-စောင့်ရှောက်အပ်သော ဣန္ဒြေကို စောင့်ရှောက်တော်မူသည်ဖြစ်၍၊ဒန္တော-ယဉ်ကျေးတော်မူသော၊ဂမိတဗ္ဗဂမော-ရောက်အပ်သိအပ်သောတရားကိုသိတော်မူသည်ဖြစ်၍၊အဓိကော-လူနတ်ဗြဟ္မာ သတ္တဝါတို့ထက် လွန်ကဲထူးမြတ်တော် မူသော၊ ယောဇိနော-အကြင်မြတ်စွာဘုရားသည်၊ မာရသာ-မာရ်နတ်မင်း ၏၊ ဗလံ-ရှေ့ခုနစ်ယူဇနာ လက်ဝဲလက်ျာ တဆယ့်နှစ်ယူဇနာ နောက်စကြာဝဠာထိအောင် များပြောင်စွာသော စစ်သည်ကို၊ ဇိတော-အောင်တော်မူလေပြီ၊ သောဇိနော-ထိုမြတ်စွာဘုရား သည်၊ မေ-ငါ့အား၊ ဝရံ-မြတ်သော၊ ဇယံ-အောင်ခြင်းကို၊ ဒေတု-ပေးစေသတည်း။

## • ရှင်သီဝလိစီရင်ကိုးကွယ်ရသော အကျိုးလက်ာ

ဘားမဲ့မထေရ် ထားခဲ့သည် အရှည်စဉ်ဆက် ကပ္ပမဟာ မင်္ဂလာ ကမ္ဘာ့ပျက်တော့ အာဏာစက်ရေးတသဝေထုတ် အံ့ခြေ ဟုတ်သောကြောင့် မြုပ်မမေ့ဘူး ပေးအပ်အလှူ မမှေးစေတီရဲ့ အမှိုတဲ့တဲ့ တပည့်ငယ်ကို အကယ်မှန်ပေ နွယ်အနွေ့မို့ ဆယ်ပြန် ရှေ့သ ပုရပိုက်မှု အကြိုက်ယူရှေ့သို့ အဆူဆူပါးရာဝယ် များမိ ပတိ ကြည်းရိုက်စတော့ နည်းရိုက်ပေါင်း တသောင်းခန့် ရှိသော်လည်း မိလောက်သည့်အကျိုး သိဒ္ဓိကုန်တံမျက်လှည်းသလို တချက်တည်းတိုးစေဘို့ ကိုးကွယ်ရန်မယွင်း ရှင်သီဝလိစီရင်လမ်း

ဆေးဒါန်းနှင့်ကွင်းခဲ၍၊ ကပ်ချင်းဝင်ရောက် မကြာမတင် ခမြာ ပင် ဆရာတွင်လျှောက်ရာဝယ် လျှောက်ပတ်သည့်တပည့် တသီး တခြမ်း ဤနည်းကိုမှန်းသည်မှာချီးမွမ်း၏ဟု တည့်တည့်မိန့်ကြား ငါဆရာညှိုးငယ်ပမလား ကိုးကွယ်၍ထားသည်ကို သင် ကား စိစိ အကြောင်းခြင်းရာ ဟောင်းမြင်းစွာ ခေါင်းရင်းမှာကြည့်ပေ တော့ဟု သတိလည်းပေး ဓမ္မစေတီစီရင်၍၊ ဤ တွင် ကအစ ပဲခူးမြို့ပြည်ကြီးဝယ် စည်ကြီးပိုင် နန်းရတောင် ချမ်းမြလို့သေပ ဘေးမရှိပညာ အတွင်းလောက်မှတ် ဝင်ရောက်အပ်တဲ့ လာဘ်ပ ကာမှာ ထပ်ရာတဆင့် ခေါင်စောက်မလွဲ နှောင်မောက်ကဲလို့ မို့ တောင်လောက်ဘဲမြင်လိမ့်မည်၊ အခွင့်လည်းရ မင်းခလျှင် သဒ္ဒါ သွားလာလျှင် ကြည်ညို ကိုယ်ကိုချစ်ကြည် ပြစ်ချည်မငြိ ကျွန်းအောက်ဇမ္ဗူ ညွှန်းထောက်ယူ လွမ်းလောက်သူ မရှိသဖြင့် မိပတိပညာမြတ်ကို အင်္ဂါမြတ်တဆိတ်မျှမယွင်းအောင် နိုသျှမှန် မှီယှဉ်၍ စီရင် ကိုးကွယ်တော်မူကြစေကုန်သတည်း။

မင်း မှူးမတ် သူဌေးသူကြွယ် ကုန်သည် လယ်လုပ် စသော သူခပ်သိမ်းအပေါင်းတို့ ကိုးကွယ်ဆီးကပ်ရာ မဟာလာဘ ပြည့်ဝ တိုးရကြောင်း ကောင်းသောစီရင်ထုံး စီရင်နည်းဖြစ်သောရှင်သီဝလိ ထုလုပ်ကိုးကွယ်နည်းကို ပြပေအံ့။

မူလသက္ကရာဇ်ကိုတည် ၇-ခုစား၊ မ ဟာ ဘုတ် တို့ အဓိပတိသစ်သားဖြစ်စေ၊ မှေ့နံ့သစ်သားဖြစ်စေ၊ မိဿကနံ့ပေါ် သစ်သားဖြစ်စေ၊ ၁။ တနင်္ဂနွေ-မအူ၊ ၂။ တနင်းလာ-ရင်ကပ် ၃။ အင်္ဂါ-သစ်ဆိမ့်၊ ၄။ ဗုဒ္ဓဟူး-ကြောင်လျှာလဲလူ၊ ၅။ ကြာ သပတေး-ပျဉ်းမ သပြေ သဖန်း၊ ၆။ သောကြာ-ဆပ်သွား

မရသိန် ပျဉ်းတော်သိန် ဒဟတ်၊ ၇။ စနေ-ခနွာ လက်ထုပ် အုံးနှဲ့၊ ၈။ ရာမှု-ထောက်ရှာ။

အထက်ဖေါ်ပြပါ သစ်သားများမှတပါး အခြားနေ့နံ သင့်သစ်သားကိုလည်း ထုလုပ်နိုင်သည်။

မိဿက နံပေါ်သစ်သားကို စေတီပစ္စယာ ၃-ဆင့်၊ သပိတ်မှောက်ဖောင်းရစ်- အဆုံး ကြာ ချယားသီး ထီး ၃-ဆင့်- မုတ်လိုဏ်နှင့်တကွ ထုလုပ်ရမည်၊ ထီး ၃-ဆင့်မှာ နံသင့်သစ်သား ကိုလုပ်၊ ဘောင်းရစ်မှာ မွေးနံဂြိုဟ်သက်အတိုင်းထည့်၊ သစ္စေး သားရိုးကိုင်ပြီးလျှင် ရွှေချ၍ စေတီတော်ကို စုတ်ရမည့် ဂါထာ ကား—

၁။ ဘဂဝါတုမှာကံ အတ္တဘာဝံ ကာယဗုဒ္ဓေါ ဗုဒ္ဓဿ မမွော မမွဿ သံဃောသံဃဿ ဣဒ္ဓိဗုဒ္ဓဿနိမ္မိတံ၊ ၂-ဘဂဝါတုမှာကံ အတ္တဘာဝံ စန္ဒိမှာန ဗုဒ္ဓေါ ဗုဒ္ဓဿ မမွောမမွဿ သံဃောသံဃဿ ဣဒ္ဓိဗုဒ္ဓဿနိမ္မိတံ၊ ၃-ဘဂဝါတုမှာကံ စိတ္တဗုဒ္ဓေါ ဗုဒ္ဓဿ မမွော မမွဿ သံဃောသံဃဿ ဣဒ္ဓိဗုဒ္ဓဿနိမ္မိတံ၊ ၄-ဘဂဝါတုမှာကံ ဓါတုဗုဒ္ဓေါ ဗုဒ္ဓဿ မမွောမမွဿ သံဃောသံဃဿ ဣဒ္ဓိဗုဒ္ဓဿ နိမ္မိတံ။ ။

၎င်းဂါထာနှင့် စေတီတော်ကို သက်စေ စုတ်လေ။

နံသင့် သစ်သားကို ရှင်သီဝလိ မဘ်ဘတ်ရပ်ဟန် ပရိက္ခရာ နှင့်ဒါး လွယ်ဟန် ထုလုပ်ပြီးလျှင် ခတ်တော်စစ်ကို စအိုက တပိုင်း ဖင် တပိုင်းထွက်ဌာပနာ၍ စုတ်ရမည့်ဂါထာကား—

ဉုံသီဝလိ မဟာထေရံ- ဣံသတ္တကေဇာနေ- ဂစ္ဆန္တိ-သဗ္ဗ လာဘဘာ၊ ၁၀၀၀-စုတ်လေ။ လိုဏ်သွင်းပြီးကာလမှ စုတ်ရ မည်။

ဂါထာကား- ဣဓမေဓါဘဂဝါ ဣဒ္ဓိဝတ္ထူနသုဂတော ဘာသိတဥ္စဘိက္ခဝေ အနုမောဒေန ဒိဋ္ဌလာ မဇ္ဈိလာ ရောဂိလာ သရလာ ဘရလာ ကရလာ ခရလာ သဗ္ဗသတ္တရုလာ စရလာ ဥပ္ပလာ တေနသစ္စေန သောတ္ထိတေ ဟောတု သေယျထိဒံ ပေတကပေ္ပါ သတ္တဝေါ ဝါ ဣတ္ထိယော ဝါ ပုရိသော ဝါ သဗ္ဗေ ဒေဝါ မနုဿာနံ မံသတံ ဟောတံပိယံမမ- ၁၀၀၀-စုတ်။

လိုက်မသွင်းမီ မေတ္တတီတော်နှင့် ရှင်သီဝလိကို ရွှေ ၃-ထပ်ချ၊ ရွှေကိုစုတ်ရမည့်ဂါထာကား— သီဝလိစမဟာထေရော ဒေဝတာနံ ဉာတိနံ သုခံဝဟော ဘဝိဿတိ ဓမ္မေနတေသံ လာဘံလဗ္ဘတိ ပရံဇေယျတု အာယုဝဿသတံဒီဃံ သဗ္ဗဒီဃံ သဗ္ဗဒိသာရော ဝရ်ဗုဒ္ဓံ သရဏ်ပောဓိတိ သံ အနာဂတံ ရာဝတံ စီရသံ သေဝိတံဇာပေဟိ ဇယာဇယာ ရာဇာရာဇာတိပေဇာတံ သေဝိရဇီယံဝရာ၊ ၃၉-အုပ်စုတ်၍ ရွှေချပြီးမှ လိုက်သွင်းလေ၊ ဥဏှာလုံမွေရှင်တော်ဂါထာ၊ ဂုဏ်တော်ကိုးပါး၊ စိန္တာမဏိဂါထာ များကိုလည်း (၁၀၀၀) စီ စုတ်လေ၊ ပရိဝါရအရပ်၊ တောင အရပ်များကထား၍ ကိုးကွယ်ရမည်။

## နေ့စဉ်ညနံနက်ပူဇော်အံ့သော ဂါထာကား

၁။ ဘန္တေသီဝလိနာမာတိ တိသု လောကေသု ပါကဋော ဒေဝတာပူဇိတောယေစ ဣန္ဒာဒေဝါဟိပူဇိတော- ၃၂-လုံးဘွဲ့၊

၂။ အဟံဘန္တေ ဣဓနေဂ အနာဂတော ကမ္မနေ့ ဣင ဒေဟိမေ သုခဇိဝန္တော သဗ္ဗနက္ခပမုဥ္စယေ- ၃၂-လုံးဘွဲ့၊

၃။ ယေဣတ္ထိဝါ ဒုဇရဝသတ္တိ ဒေဝတာ ဒေဝယဿာ နုဘာဝေန သဒ္ဒါဟောန္တုပိယံမမ-၃၂ လုံးဘွဲ့၊

၎င်းဂါထာနှင့် ဆွမ်း ရေချမ်း ပန်း ဆီမီး ထီး တံခွန် ပူဇော်သောအခါ သရဏဂုံ ဆောက်တည်ကြ၍ လိုရာဆုကိုတောင်း၍ ကိုးကွယ် ရမည်၊ အကျိုးမှာ ဓမ္မစေတီ ဓမ္မပါလတို့ ရာဇဝင်မှာကြည့်လေ၊ ဘေးကင်း၍ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံကုန်ရာသည်။

## ရှင်ဥပဂုတ် ထုလုပ်ကိုးကွယ်နည်း

ပါဠိလိပ်ပုတ်ပြည်ကြီးကို အုပ်စိုးတော်မူသော သီရိဓမ္မာ သောကမင်းကြီးသည် ၇-လ ၇-ရက် ပတ်လုံး စေတီတော်ပူဇော် ပွဲ ပြုလုပ်ရာ မာရ်နတ်၏ရန်ကို ပယ်လှန်တော်မူနိုင်သော အရှင် ဥပဂုတ်ရဟန္တာ အရှင်မြတ်ကို အလွန်ကြည်ညိုသော စိတ်ဖြင့် သဏ္ဌာန်တော်အတိုင်း ထုလုပ်ကိုးကွယ်၍ အန္တရာယ်ခပ်သိမ်း ကင်း ငြိမ်းရှိသည်မှ အစဉ်အဆက် ဆင်းသက်ကိုးကွယ်အပ်သော အရှင် ဥပဂုတ် စီရင်နည်းကို ပြပေအံ့။

မူလသက္ကရာဇ်ကိုတည်၊ ၇-ခုစား၊ မဟာဘုတ်တိုင်သူ၊ အထွန်းနံသင့် သစ်သားကို ရှင်ဥပဂုတ်ကိုယ်တော် သပိတ်ပိုက်၍ ဆွမ်းစားလျက် နေကိုမျှော်ဟန် သပ္ပါယ်ချောမွေ့စွာ ထုလုပ်ပြီး လျှင် ရွှေသုံးထပ်ချ၊ ကိုယ်တော်မှာ ကျောတွင် ဌာပနာတိုက် ပြု၍—

ဌာပနာရန်မှာ ရွှေပြား ငွေပြား တခုခုတွင် ရေးရမည့် ဂါထာကား- ဥပဂုတ္တောမဟာထေရော သမုဒ္ဒေနှ ဝိရောစက တော မာရဉ္စမာရဗလဉ္စ ဓမ္မဥသဘိအနာဂတေ—၎င်းကို နက္ခတ် ကပါတ် ကောင်းမြတ်သောအခါ ရွှေချယ်ရေးသားပြီးလျှင် ဌာပနာသွင်းရမည်၊ ၎င်းနောက် ဆွမ်းသင်ပုတ် ရေချမ်း ပန်းမလ် ဆီမီးတင်၍ ပူဇော်သောအခါ ရွတ်ရမည့်ဂါထာကား—

မမသိသေပတိဋ္ဌိတော-မာရေနဿုန္နိတကတွာ- အန္တရာယ ဝိနာသန္တု-အဟံဘန္တေ ဣမနေဝ-ဥပဂုတ္တံ မဟိဒ္ဓိကံ-ရာဇတောဝါ-ဥပဒ္ဒဝံ ပိစ သောက ရောဂါ ဝိရောဓာယ ပရတ္တံ ဒေဝမင်္ဂလံ၊ ဥပဂုတ္တောမဟာထေရော သပတ္တာန ဝိညာတကော မာရဉ္စမာရ ဗလဉ္စ ဓမ္မေဿတိအနာဂတော၊ တာဒိသော ထေရောမာရေနဇိတံ သဗ္ဗအန္တရာသမံသကံ ယံယံဥပဒ္ဒဝံ ဝိဓံသန္တု အသေသတော။ ။

ငှင်းဂါထာကို သရဇ္ဈာယ်လေ။ ။မိုးလေမလင်း မိုးရွာခြင်း ပြင်းထန်သောအခါ ကိုယ်တော်ကို လင်ပန်းတွင် ထည့်၍ ရှေ့တော်၌ ဆီမီးနှစ်တိုင် စိုက်ထောင်ထွန်းညှိလျက် ကံတော့ပွဲ အစုံခင်းပြီးလျှင် လည်ပင်းတော်အထိ ရေကို သပ္ပါယ်သွန်း လောင်း၍ ဆုတောင်းရမည့်မန္တာန်ကား—

ကြကာသ ကြကာသ ကြကာသ အဆိုင်းန္တိယျ သုံးလူ့ ဘ၏ ဓမ္မရင်နို့ သောက်စို့သဖြင့် လေးဆင့်မဂ္ဂ ဖလလေးဖြာ အရိယာသာဝက သဘာဝကြောင့် ဓမ္မသာမိ နှိုင်းညှိစရာ ပမာ မမြင် မြတ်ချစ်ရှင်၏ ရှေ့ရင်တော်နှစ် သားတော်စစ်အဖြစ်သို့ ရောက်တော်မူကာ ငါးရာ တထောင် ရန်မှောင်ညစ်ကြေး ကိလေ မွေးကို ကင်းဝေးကုန်စင် သုတ်သင် ရှင်လင်းပျောက် လူခပင်း တို့၏ ကောင်းမှုအလေ့ မျိုးစေ့စိုက်ပျိုးရာ လယ်မြေကောင်း သမ္မ...ကင့်တယ်မြတ်ထွင့်သောဂုဏ် အလုံးစုံအားဖြင့် ချီးကျူး၍ မကုန်နိုင်သော အဟောအစ္ဆိရ မိမိအသက်ငဲ့ကွက်လေးစား သနား မရှိ ပကတိပြည့်စုံတော်မူသော ပါရမီမောက္ခသံဝရလည်း ဖြူစင် သန့်ရှင်းစွာ ကိုယ်နှိုက်မကွာ အမြဲဆင်မြန်းတော်မူခြင်း ရှိသော ဥပဂုတ္တ အရှင်ဘုရား၊

အရှင်ဘုရားသည်ကား- သီရိမှောရာဇာတုမရှိ သမ္မုတိမင်းမြတ်၏ လက်ထက် ဘဝင်ရိုက်ချုန်း တိုက်လုံးကြေညာ ရွှေမြေလှုပ်ချောက် ဝှံမှောက်ဘနန်း လှုဒါန်းပြုလုပ်တော်မူစဉ်အခါ မိစ္ဆာစွဲကပ် နတ်တို့ဘဂေး မာရ်မင်းဘေးကို ကင်းဝေးကုန်အောင် ရှက်ဆောင်ဖဲကြဉ်တော်မူပါဘုရား။ ။အဇ္ဈာကာသဝလာမှုသည် ကျလာထစ်ကြိုး သွန်းသော မိုးယံးတွင် အမျိုးမျိုးအ ကြိမ် ကြိမ် ပုဆိမ် ဓါးမ လှံက မလစ် ကျောက်စရစ် ပြာပူဘဘူညွန့်ဖြော်ပြောင်း သောင်းသောင်းရိုက်ကြည်း ပဲ့တင်ဟီးအောင်အနည်းနည်း ရွာစေငြားလည်း ဟန့်တားပိတ်ပင် အရှင်၏ဘုန်းမြတ်လက်ရုံးကြောင့် ပြိုင်နှုန်းမချဉ်း မာရ်နတ်မင်းလည်း အလျင်ထွက်ပြေး ခွေးပုပ်လည်ဆွဲ အခဲအငြိုး ခံလိုမှု ဆုံးမပြုသဖြင့် ယခုထင်လင်း ငကြောက်ပြန့်ခြင်းလည်း သည်းတွင်းမဆန့် ထိုလှုပ်တန့်လျက် ခန့်ရှိစုံးရှိပူပါသည်၊ ထိုသည်သတင်း ကျော်ဇောခြင်းကြောင့် ရှင်ရင်းဘုရား မြတ်ထံပါးကို ကိုးစား၍သာ မိုးယံးဒေဝါ၏ ရွာသည့်ကြိမ်ဖန် ချိန်တရေ့ကို မထန်စေဘဲ ကင်းစင်လွဲအောင် အမြဲမကွာ ဆည်းကပ်ပါသည် အာဏာတော်ဂုဏ် မိုးယံးပစ္စုန်သည် အမှန်တလျှောက် တပေါက်မလျော သွေ့စေသော မြတ်ရှင်စော ဩကာသ ဩကာသ။ ။

နှင်းရုပ်ပုံနှင့်တကွ ထုလုပ်ကိုးကွယ်ရသော အကျိုးမှာ လောကသံသရာ နှစ်ဖြာဆောချမ်းသာ အနန္တအတိုင်းမသိ။

## နိဂုံးဂါထာ

သွာဟမေတေန ပုညေန သံသရန္တော တဟိံ တဟိံ ဝိမုတ္တိ တွာ အပါယေဟိ မဟာသာလောစ သောဘိတော ကုလာစာ ရေန ဇာတောမှိ နိဒုက္ခောစေဝ ပညဝါ အနာဂတေတဏှာဆိန္နံ သိဝံပပ္ပေါမိအစ္စုတံ—

သွာဟံသောအဟံ-ဤနွာ၀ဇီရဘွဲ့နာမနှင့် ပြည်မျှားဆရာ ထိုအကြင်ငါသည်၊ ဧတေနပုညေန- ဤသို့ယခု သမုတိထင်စွာ မင်္ဂလာဝယ် လျင်စွာခန လိုတိုင်းရ၍ တောင့်တလွယ်ကူ များဗိုလ် လူတို့ ဆွတ်ယူမယွင်း၊ ထိမ်းမြားခြင်းနှင့် ကင်ပွန်းဇာပ်တဖြာ နား သခြင်းမင်္ဂလာတို့တွင် လွယ်စွာကောက်ယူ သုံးစိမ့်ဟူ၍ ဇမ္ဗူဒွေစာ ကျ "ဘိသိက်မင်္ဂလာကျမ်းမဟာ" ကို ဝမ်းသာသမှု ရှင်လန်းစွာ ပြုစုရသော ကောင်းမှုကြောင့် တဟိံ တဟိံ-ထိုထိုဘဝတို့၌၊ သံသရန္တော- ကျင်လည်ရသည်ရှိသော်၊ အပါယေဟိ- အပါယ် အစရှိသော ဘေးအပေါင်းတို့မှ၊ ဝိမုတ္တိတွာ-အထူးသဖြင့် ကင်း လွတ်သည်ဖြစ်၍ ကုလစာရေန-အမျိုးကောင်းသားတို့၏ အကျင့် ဖြင့်၊ သောဘိတော-တင့်တယ်သော၊ မဟာသာလောစ- ဗြဟ္မဏ နှင့်၊ ဂဟပတိ- ခတ္တိယသညာ ကြွယ်ဝစွာသော မဟာသာလ အမျိုးသည်လည်းကောင်း၊ နိဒုက္ခောစေဝ-ရန်သူငါးရပ် သုံးပါး ကပ်နှင့် ရပ်ပြစ်ရှစ်တန် ဒဏ်လည်းဆယ်မျက် ပိပွတ်စက်နှင့် [illegible]က် မတွဲ မနွဲ့ယှဉ်ကြောင်း ဝဋ်ဆင်းရဲအပေါင်းမှ ကင်းလွတ်ရခြင်း သည်လည်းကောင်း၊ ပညဝါစ- သန္ဓေကိုဟိတ် ဥက္ကဋ္ဌစိတ်ဖြင့် မှောင်ရိပ်ပယ်တွန်း နေသို့ထွန်းသား ထက်ဝန်းမြင်သိ ပညာရှိ သောသူ၏ အဖြစ်သည်လည်းကောင်း၊ ဇာတော-ဖြစ်သည်၊ အမှိ-

ဖြစ်ရပါလို၏၊ အနာဂတေ-နောင်သောခါ၌၊ တဏှာဆိန္န-ဝါန ဟုဆိုအပ်သော တဏှာ၏ပြတ်ရာဖြစ်သော၊ အစွတ်-ဥပါဒ်ဋီဘင်နှင့် ကင်းသဖြင့် ရွှေလျောခြင်းမရှိသော၊ သီဝ-ဝဝ-ပါးသော မီးအပေါင်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့၊ ပပ္ပေါမိ- ပု- ဒွိ- အာ-မှန် ဆယ်ပါးသော ပညာဓိက ဉာဏ်တော်ဖြင့် လျင်မြန်စွာ ရောက်ရပါလို၏။

---

## တတိယတွဲ

### နိဂုံးချုပ်ဆုတောင်း

ငါးတန်ဘိညာဉ် တိုမ်အယဉ်၌ အစဉ်မဝေလ့ ဈာန်ပျော်မွေ့လျက် ရသေ့ဝိဇ္ဇာ မြတ်ဆရာတို့ ဝေဟာအပြန့် ကောင်းကင်နှံ့မျှ မတန့်ဘုန်းရောင် နေနှုန်းပြောင်၍ တန်ဆောင်လျှံဝါ ဉာဏ်ပညာသည် ဝိတ္တာနယ ဉာပကမို့ သာမယဇ္ဈ ဗူဿျအားတပ် လေးရပ်ဗေဒင် ကျမ်းရိုးထွင်၍ သိမြင်နိုင်ရာ သတ္တဝါကို မဟာကာရ ရှေ့သွား ရှုလျက် ကိန်းပြုခန်းရံ မူမပြန်အောင် ယူဘန်နိုင်းဆ ဇနပဝတ္တိ အသီတိနှင့် ဇောတိဘတ္ထ ရာဇမတ္တံ သရိကံဖြို့ ဟာဇ် အရပ်ရပ်ကျမ်း အငြိမ်းငြိမ်းကို ရွဲလန်းဉာဏ်ဆင့် ဂုဏ်ကျယ်ဝင့်၍ တင့်ကြက်သရေ ကျမ်းအတွေတွေဖြင့် သေသေချာချာ ရွှေပေလွှာတွင် ရေးနေး တံဆိပ် ခတ်၍နိုပ်သို့ ထွင့်ထိပ်မံကူ နည်းမတူသည့် ဇမ္ဗူသိင်္ဂီနာရနီမှ ဝဇီရာမှန် တင်ထားဟန်သို့ ဖလးတန်သိပ်သည်း မလိပ်လည်းအောင် ပြီးပြီးကုန်စင် တတ်သိမြင်၍ ဝန်းကျင်ဗိလာ ဒီပါတံခိုက်

ဝှန်းဆူလိုက်၍ သိုက်ကိန်းတပေါင် ဝိုက်သိမ်းဆောင်လျက် အောင်ဘူမဟိ မြန်မာပြည်တွင် သာယာဝတီသမိုက် ဌာနီတိုက်၌ ပျော်ပိုက်ရှင်မွေ့ သွင်ဓလေ့ဖြင့် ချမ်းမြေ့သာယာ ကဝိန္ဒာဟု "ဣန္ဒာဝဇီရ" နာမမွေးကြူ မြန်ဇမ္ဗူတွင် မတူပြိုင်နှုန်း သူတော်ထုံးကို နှလုံးစွဲချင့် အမြဲကျင့်သည် ရဲရင့်ပညာ ထက်ကြွပ်ပါလျက် ၈၀ နာပဋိဘာန် ထုံခဲ့ဟန်ကြောင့် လျင်မြန်မကြာ စိကဗျာဖြင့် လင်္ကာရုံးချီ ပန်းကုံးသီသို့ လောင်္ကီပုံဆိပ် ခတ်၍နှိပ်သည် "ဘိသိက်မင်္ဂလာ ကျမ်းမဟာ" ကို ကမ္ဘာတလွှား လူအများတို့ မှတ်သားလွယ်မည် ရှိစိမ့်ရည်၍ ကြံစည်လုလ္လ ဥဿာဟဖြင့် ထုတ်ပြစီရင် ပြီးအောင်မြင်သည် မည်တွင်သဣာ နှစ်ကောဇာကား ဒွါဇက်ကြွိကေရှိတွင် တိတိဇေယျ ဖဂ္ဂုန ဘရဂုဏ္ဏီ ပန်းသရဖီတို့ ရာသီမိန္ဒ တပေါင်းလ၏ ဇူဏှပက္ခ ၁၀ ရက်ကျတွင် နေ့ကားတနင်္ဂနွေ ရောက်တုံပေမူ ရွှေပဟိုရ်ကြီး နှစ်ချက်ဝင်း၌ ပြီးစီးသချာ အောင်မြင်ပါသည် ဤစာရေးရ ကုသလကြောင့် ဘဝ်နောင်ခါ၊ သံသရာဝယ် ပညာအရာ ဇနေတိက္ခ ဂမ္ဘီရနှင့် ဟာသရှင်စွာ ဥစ္စာကုဋေ မျိုးမြတ်စေ၍ ဆယ့်ထွေရာပြည့် ထောင်မှန်သောင်းဆင့် ဖြင့်ယက်မြင့်၍ စွင့်စွင့်မောက်မွန် သူထက်လွန်လျက် ထူးချွန်ဣစ္ဆာဝိဇ္ဇာဓိုရ ဖြစ်တိုင်းရ၍ ဆုံးစွန်ကာလ ပစ္ဆိမတွင် မောဟာအဝိဇ္ဇာ လွှမ်းပတ်ကာသည် သံသရာဇေ ပင်လယ်ဝဲမှ ပြေးထွေမျောပါ သတ္တဝါကို လွယ်ကာခဏ ထုတ်ဆောင်မ၍ အမတပြည်သာ မိုးဆိုးပါ၏၊ ပညာဓိက သမ္မာသမ္ဗောဓိ ဆုကြီးမိ၍ လာမည့်ဇိနေ်မတ္တေယျော်လျှင် နောင်သော်ငါသို့ ဖြစ်မည့်ကိုယ်ဟု မချို့ဖြောင့်တန်း ဗျာဒိတ်မှန်း၏၊ တခဏ်းထုံမြို့ လူဗိုလ်တို့လည်း ဆောင်ဘို့မှန်စွာ ဤကျမ်းစာကို ချမ်းသာဝမ်းမြောက် အာဂုံဆောက်၍

ထွန်းပေါက်စေ ထွေ့အမျှဝေ၏၊ လိုလေသမျှ နည်းကုန်လျက် ရကြစေငှါ စီရင်ပါသည်။ ။ကမ္ဘာရှည်မြင့် တည်ထွန်းတည်း။

သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အပါအဝင် သစ်ဆင်ရွာလျှင် ဖွားရာဇာတိရှိသော ဂျွန်နိုပ် ဆရာကုန္ဒာဝဇီရသည် ကျေးဇူးရှင် "သခင်ကိုယ်တော်မှိုင်းကြီး" ၏ ညွှန်နည်းနိုသျှကို အမှီသဟဲတကဲမှီငြမ်းပြု၍ စီရင်ရေးသားအပ်သော ဤ "ဆရာဖြစ်သင် ဘိသိက်မင်္ဂလာ ကျမ်းမဟာ" တတိယတွဲသည် သာသနာသက္ကရာဇ်-၂၄၉၄-ခု၊ ဂေါဇာသက္ကရာဇ် ၁၃၁၂-ခုနှစ် တပေါင်းလပြည့်ကျော် ၁၀-ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၂-နာရီအချိန်ဟွင် ရေးသားအောင်မြင်ပြီးစီးသည်။

ပု-ဒိ-အာ နှင့် ပြည့်စုံရပါလို၏။

ဤသည်လျှင် "ဆရာဖြစ်သင်ဘိသိက်မင်္ဂလာကျမ်းမဟာ"

တတိယတွဲအပြီးတည်း။

မဗဒင်ဆရာတိုင်း လက်စွဲပြုနေကြသော

# ၃၂ နှစ်တွက်ဂြိုဟ်သွား

ရှေ့ပြေးပြက္ခဒိန်ကောက်နည်း

၁၃၃၂-မှ ၁၃၆၃-ထိ။ ခရစ် ၁၉၇၀ မှ ၂၀၀၁ ထိ။

ADVANCED EPHEMERIS FOR 32 YEARS
FROM 1970 TO 2001 A.D.

ယူရေးနပ်၊ နက်ပကျွန်း၊ ပလူးတိုးဂြိုဟ်များပါရှိသည်။

ဝဏ္ဏကျော်ထင် ပျဉ်းမနား ဆရာ ဦးသန်းမောင်
ပြုစုသည်။

ရာဖိုးလ်၏ နေ့စဉ်ဂြိုဟ်၊ ကြန္တိပြက္ခဒိန်မှသည် လာဟီးရီး နှစ်တရာ ဂြိုဟ်သွား ပြက္ခဒိန်များထိအကြောင်း၊အိန္ဒိယဂြိုဟ်သွား ပြက္ခဒိန်၊ အနောက်နိုင်ငံ သာယနဂြိုဟ်ခွင်နှင့် နိရာယန ဂြိုဟ်ခွင်များ၊ ဖုဒ္ဓနှင့်ကြန္တိများအကြောင်း၊ မြန်မာသင်္ကြာရာဇ်နှင့်ရှေ့ပြေး ဂြိုဟ်သွားပြက္ခဒိန် ဂြိုဟ်ဖမ်းနည်းများ ပါရှိသည်။

ကိုယ်စားလှယ်များ မှာပါ။ ထုံးစံအတိုင်း ကော်မရှင်ပေးပါသည်။ တအုပ်ချင်း ဖတ်လိုသူများ (V. P. P) ပို့ပါသည်။ (တအုပ်-တဆယ်)

ပညာအလင်းပြ စာအုပ်ဆိုင်
၁၃၀၊ ဗိုလ်ချုပ်လမ်း၊ ရေကျော်၊ ၄၇-လမ်းထိပ်၊ ရန်ကုန်
စာတိုက်သေတ္တာ ၂၅၂၊ (ဖုံး-၁၃၄၁၄)

ပျဉ်းမနားဆရာ ဦးသန်းမောင် ပြုစုသော

# ဂေါစရဖလဝိနိစ္ဆယကျမ်း

ကောဇာဂြိုဟ်စီး-ဂြိုဟ်မြင် ဟောနည်း၏ အခြေအမြစ်

ရှေးဟောင်း ဘိန္ဒယပေဒင်နှင့်

အနောက်တိုင်းပေဒင်များကို ဝေဘန် နှိုင်းယှဉ်ထားသည်

သိပ္ပံနည်းကျ ဟောနည်းကို ညွှန်းထားသည်

ဝရဟာမိဟိရ ဆရာရသေ့ကြီး၏ နည်းနာနိသျအတိုင်း

ဗြို့ဟဇ် သံဟိတဂေါစရာဓျာယ် အခန်း

ဇာတကာဒေသမဂ္ဂမှ ဂေါစရ အဟောဆိုင်ရာများနှင့်

ဖလဒီပိကာမှ ဂေါစရ အဟော

ရပ်ဖီးလ်၏ ဂေါစရအဟောများကို ပြန်ဆိုထားသည်

(လက်တွေ့ ဇာတာများ ပါသည်)

မျှော်ပါ မျှော်ပါ

ပညာအလင်းပြ စာအုပ်ဆိုင်

၁၃၀၊ ဗိုလ်ချုပ်လမ်း၊ ၄၈-လမ်းထိပ်၊ ဈေးကျော်၊ ရန်ကုန်မြို့။

စာတိုက်သေတ္တာ ၂၅၂၊ (ဖုံး-၁၃၄၁၄)

ပျဉ်းမနားဆရာ ဦးသန်းမောင်၏ သီးသန့်လက်ရာ

အင်္ဂလိပ်—မြန်မာ

# နက္ခတ္တဗေဒ အဘိဓါန်

အေ မှ ဇက် အထိ

English - Burmese

DICTIONARY OF ASTRONOMY

From A to Z

နက္ခတ် ၂၇-လုံးအကြောင်းကို

မြန်မာနိုင်ငံနှင့် အရှေ့တိုင်းဒေသမှ အယူအဆများ

အနောက်တိုင်း အယူအဆနှင့် တွက်ကိန်းများ

ကမ္ဘာ့စံချိန်မှီ

ရှင်းလင်းပြတ်သားစွာ စွယ်စုံတင်ပြထားသည်။

မျှော်ပါ မျှော်ပါ

ပညာအလင်းပြ စာအုပ်ဆိုင်

၁၃၀၊ ဗိုလ်ချုပ်လမ်း၊ ရေကျော်၊ ၄၈-လမ်းထိပ်၊ ရန်ကုန်။

စာတိုက်သေတ္တာ ၂၅၂။ (ဖုန်း-၁၃၄၁၄)

ပျဉ်းမနား ဆရာ ဦး သိန်းမောင်၏ အထူးလက်ရာ

# နာမ နက္ခတ် ဟောနည်း

အာဒိယာမလ·ဇော်တိသတ္တ·သရောဒယ နက္ခတ်ကျမ်းလာ
သတပဒ ခေါ် နာမနက္ခတ်စက်
ဟောနည်းများကို မြန်မာပြန်ပြင်ဆင်ရေးသားထားသည်

လူနာမည်ကို ကြားရုံ သိရုံမျှနှင့်
ထိုသူ၏ ဘဝပြဿနာအစုံကို ဘာဝ ၁၂-ပါးနှင့်တကွ
တခမ်းတနား ဟောဆိုနိုင်သည်

သရောဒယ တတိယတွဲမှ (သတပဒစက်) သရဒွေးဗေဒင်ကျမ်းမှ
(သတပဒစက်) ဟိတဇာတကသံဂြဟမှ (သတပဒစက်)
မဟာသုဇာတကမှ (သတပဒစက်) ဆိုင်ရာ အဟောများကို
ဘာသာပြန်ဆိုထားသည်၊ စာရေးသူ၏ ဉာဏ်ပညာဖြင့်
အကျယ်ဟောခဲ့သော လက်တွေ့ ဇာတာများ ပါရှိသည်။

ဗေဒသုတေသီများနှင့် ဘွဲ့ရလူငယ်များအကြိုက်
မြန်မာပြည်တွင် တကြိမ်မျှ မထွက်ဘူးသေးသောကျမ်း

မျှော်ပါ မျှော်ပါ

## ပညာအလင်းပြ စာအုပ်ဆိုင်

၁၃၀၊ ဗိုလ်ချုပ်လမ်း၊ ရေကျော်၊ ၄၈-လမ်းထိပ်၊ ရန်ကုန်။
ဖုံး-၁၃၄၁၄။ စာတိုက်သေတ္တာ ၂၅၂။